www.burmeseclassic.com

# မှောင်မိုက်မှာငို

မြသန်းတင့်

# FOMA GORDEYEV

by

## MAXIM GORKT

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၀၀/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၅၁/၂၀၀၃ (၈)

❖

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၃၊ စက်တင်ဘာလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ညီသစ်

ကွန်ပျူတာစာစီ - *Quality*

အတွင်းဖလင် - *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၂၀၀ ကျပ်

(၁)

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်လောက်က ဖော်လဂါမြစ် တစ်ရိုးတွင် နေ့ချင်းညချင်း သူဌေးဖြစ်သွားသူတွေ ရှိခဲ့ကြဖူးသည်။ ထို စဉ်က ဇာယက်ဆိုသူ ကုန်သည်ကြီးတစ်ဦးပိုင် သမ္ဗန်ကြီးတစ်စင်းပေါ် တွင် ဂေါ်ဒီယက် အမည်ရှိ လှေထိုးသားတစ်ဦး အလုပ်လုပ်ခဲ့ဖူးသည်။

ဂေါ်ဒီယက်က ကိုယ်ခန္ဓာကြံ့ခိုင်သည်။ ဥပဓိရုပ် ကောင်း သည်။ ဉာဏ်ကောင်းသည်။ လောက၌ ကံ၊ ဉာဏ်၊ ဝီရိယ စသည်တို့ ကြောင့် ကြီးပွားချမ်းသာကြသည်ဟု ဆိုရိုးရှိသည်။ သို့ရာတွင် ကံကြောင့် လည်း မဟုတ်၊ ဉာဏ်ကြောင့်လည်း မဟုတ်၊ ဝီရိယကြောင့်လည်း မဟုတ်ဘဲ လုပ်ရဲကိုင်ရဲသည့် အစွမ်းသတ္တိကြောင့် ကြီးပွားသွားကြသူတွေ လည်း တစ်ပုံကြီး ရှိသေးသည်။ ထိုလူစားမျိုး၌ လုပ်ရဲကိုင်ရဲသတ္တိကို တမင် မွေးစရာမလို။ မွေးလည်း မမွေးတတ်။ အရေးကြုံလာသည်နှင့် ထိုအစွမ်းသတ္တိသည် ဘွားခနဲ ပေါ်လာကာ လုပ်စရာရှိသည်ကို ပြတ် ပြတ်သားသား လုပ်သွားတတ်သည်။ သူတို့အဖို့ ကိုယ့်ကိစ္စ အောင်မြင် ရေးသည် အဓိကဖြစ်သည်။ မည်သည့်အရာကိုမျှ ငဲ့ကွက်ခြင်းမရှိ။ မည် သည့် တရားဥပဒေကိုမျှလည်း အသိအမှတ်မပြု။ တစ်ခါတစ်ရံ၌ ထို လူစားမျိုးသည် သူတို့ ဒုစရိုက်များအတွက် နောင်တရကြသည်။ သံဝေဂ ရကြသည်။ သို့ရာတွင် စိတ်ဓာတ်ပျော့ညံ့သူများသာလျှင် နောင်တတရား ကို အရှုံးပေးကြလိမ့်မည်။ စိတ်ဓာတ်ကြံ့ခိုင်လျှင်မူ ထိုနောင်တသံဝေဂကို

www.burmeseclassic.com



အလွယ်တကူ အနိုင်ယူကာ ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို အရောက် သွားလိမ့်မည်။ နောင်တတရားနှင့် ညပေါင်းများစွာ နပမ်းလုံးလိမ့်မည်။ နောင်တတရားက အနိုင်ရသွားသည့်အခါများလည်း ရှိကောင်း ရှိလိမ့်ဦး မည်။ သို့ရာတွင် နောင်တ တရားက အနိုင်ရသည့်တိုင် ထိုလူစားသည် စိတ်ဓာတ်မကျ။ ခါတိုင်းကဲ့သို့ပင် ဇက်ရဲလက်ရဲ လုပ်ကိုင်မြဲသာ ဖြစ် သည်။

ဂေါ်ဒီယက်က ထိုလူစားမျိုး ဖြစ်သည်။

အသက်လေးဆယ်အရောက်တွင် ဂေါ်ဒီယက်သည် မီးသင်္ဘော သုံးစင်းနှင့် သမ္ဗန်အစင်း တစ်ကျိပ်ခန့် ပိုင်နေပြီ။ ကြံရည် ဖန်ရည်ရှိသူ၊ ပစ္စည်းရှိသူတစ်ဦးအဖြစ် သူ့ကို ရိုသေလေးစားကြသည်။ သို့ရာတွင် ဂေါ်ဒီယက်၏ဘဝသည် အခြားသော ကုန်သည်များ၏ ဘဝကဲ့သို့ ချော မွေ့ဖြောင့်ဖြူးခြင်းမရှိ။ အပြောင်းအလဲ အကွေ့အကောက်တွေ များသည်။ တစ်ခါတစ်ရံတွင် ပစ္စည်းဥစ္စာ ရှာဖွေခြင်းမပြုဘဲ ထင်ရာစိုင်းတတ်သည်။ ထို့ကြောင့် သူ့ကို 'လူထူးလူဆန်း' အဖြစ် သဘောထားကြသည်။ ဂေါ်ဒီ ယက်၏ ခန္ဓာကိုယ်ထဲ၌ လူသုံးယောက်၊ စိတ်သုံးမျိုး ကိန်းဝပ်နေသည် ဟု ထင်ရသည်။ တစ်ယောက်က ပစ္စည်းများကို ရမ္မက်ကြီးစွာ ရှာဖွေ သော ဂေါ်ဒီယက် ဖြစ်သည်။ ထိုရမ္မက်ကြီးစိုး လွှမ်းမိုးသောအခါ၌ ဂေါ်ဒီ ယက်၏ခန္ဓာကိုယ်သည် ဖုတ်သဘက်ဝင်သလို ဖြစ်နေသည်။

ထိုရမ္မက်ဇောသည် ဂေါ်ဒီယက်၏ ခန္ဓာကိုယ်တွင်း၌ နေ့ရော ညပါ လောင်ကျွမ်းသည်။ ငွေစက္ကူများ၏ တဖျတ်ဖျတ် မြည်သံနှင့် ဒင်္ဂါးတို့၏ ချွင်ချွင်မြည်သံတို့ကို နားထောင်၍ မဝနိုင်သည့်နှယ် ငွေဒင်္ဂါး ရာထောင်များစွာကို လုယက်သည်။ ဖော်လဂါမြစ်ကြေ မြစ်ညာအနှံ့ လူး လာ ဆန်ခတ်သွားကာ ပိုက်ကွန်များကို ဖြန့်၍ ရွှေစတို့ကို သဲ့ယူသည်။ ကျေးရွာများမှ ပြောင်းဆန်စပါးတို့ကို သိမ်း၍ ဝယ်ယူပြီးနောက် သူ့ သမ္ဗန်ကြီးများဖြင့် မြို့သို့ သယ်သည်။ တစ်ခါတစ်ရံ မသိမသာ၊ တစ်ခါ တစ်ရံ သိသိသာသာ လိမ်လည်ခြင်း ပြုသည်။ အလိမ်ခံရသူများ၏ ရှေ့ မှောက်တွင် အားရပါးရ ရယ်မောသည်။ လောဘဇော အထွတ်အထိပ်သို့ ရောက်သည်။ ရှိသမျှ စွမ်းအားဖြင့် ပစ္စည်းဥစ္စာကို အငမ်းမရ ရှာဖွေသည်။ သို့ရာတွင် သူ့ကို လောဘကြီးသည်ဟူ၍လည်း မဆိုသာ။ တစ်ခါတစ်ရံ ၌ ဂေါ်ဒီယက်သည် စည်းစိမ်ဥစ္စာကို လုံးဝ ဂရုမစိုက်သည့်အခါမျိုး လည်း ရှိတတ်သေးသည်။

www.burmeseclassic.com



ဖော်လဂါ မြစ်ထဲတွင် ရေခဲတို့ အရည်ပျော်စ ပြုသော တစ်နေ့၌ ဂေါ်ဒီယက်သည် ကမ်းနဖူးတွင်ရပ်ရင်း အလျားပေ ၂၅၀ ရှိ သမ္ဗာန်ကြီး တစ်စင်း ကမ်းပါးစောက်နှင့် တိုက်၍ ကွဲအက် နစ်မြုပ်သွားပုံကို ငေးကြည့်နေသည်။

"ဟုတ်ပြီကွ၊ နောက်တစ်ချီ ဆောင့်ဆွဲလိုက်ဦး၊ နောက်တစ်ချီ ရိုက်ခွဲလိုက်ဦးကွ၊ နောက်တစ်ချီ နောက်တစ်ချီ"

ဂေါ်ဒီယက်က သွားစေ့ကာ ဂါထာရွတ်သလို တတွတ်တွတ် ရွတ်သည်။

"ဗျို့ ဂေါ်ဒီယက်၊ ရေခဲတုံးကြီးတွေက ခင်ဗျား အိတ်ကပ်ထဲက ငွေတစ်သိန်းလောက်တော့ အသာကလေး နိုက်ယူသွားတဲ့ အတိုင်းပဲဗျို့"

ဂေါ်ဒီယက်၏ အရင်းနှီးဆုံး မိတ်ဆွေနှင့် သူ့ကလေးများ၏ မွေးစားအဖေ ဖြစ်သူ မာယာခင်က ပြောသည်။

"ယူပလေ့စေဗျာ။ ကျုပ်ကလဲ နောက်ထပ် ငွေတစ်သိန်း လောက် ထပ်ရှာရုံပေါ့။ အလို ... ကြည့်စမ်းဗျို့၊ ဖော်လဂါမြစ်ကြီး ရေစီးသန်ပုံကတော့ ကြောက်စရာပဲ။ ကမ္ဘာမြေကြီးကိုတောင် မှောက်လှန်ပြီး ယောက်မနဲ့ ထမင်းအိုးမွှေသလို မွှေပစ်တော့မယ့်ပုံပဲ။ ဟော ... ဟော ကြည့်စမ်းဗျို့ 'ဘိုယာရီနာ' ကြီး၊ ကျုပ်သမ္ဗန်ကြီး စုံးစုံး မြုပ်သွားပြီဗျ။ ဒီသမ္ဗန်ကြီးကို တစ်မိုးတွင်းပဲ သုံးရသေးတယ်။ ကဲ ... လာဗျာ။ အရက်ကလေး ဘာလေး ချလိုက်ဦးစို့ရဲ့၊ ကျုပ်သမ္ဗန်ကြီး နစ်တဲ့ အထိမ်းအမှတ်ပေါ့ မကောင်းဘူးလား"

သမ္ဗန်ကြီး ကွဲအက်နစ်မြုပ်သွားသည်။ ဂေါ်ဒီယက်နှင့် သူ့မိတ်ဆွေသည် ကမ်းနဖူးရှိ ဘုံဆိုင်တစ်ဆိုင် ပြတင်းဝတွင် ထိုင်လျက် အရက်သောက်ရင်း 'ဘိုယာရီနာ' ၏အပိုင်းအစများ၊ ရေခဲတုံးများ မျောပါသွားသည်ကို ကြည့်နေကြသည်။

"သမ္ဗန်ကြီး မြုပ်သွားတာ မနှမြောဘူးလားဗျ"

မာယာခင်က မေးသည်။

"အိုး ... နှမြောလို့ ဘာထူးမှာလဲဗျ။ ကျုပ်ကို ဖော်လဂါမြစ်ကြီးက ပေးတယ်။ ခု ဖော်လဂါမြစ်ကြီးက ပြန်ယူသွားပြီ၊ ကျုပ် လက်ကို ဖြတ်ယူမသွားရင် ပြီးတာပဲ"

"သမ္ဗန်ကြီးတစ်စင်းလုံး နစ်တာတောင်"

"အေးလေ ... တစ်စင်းလုံးနစ်ကော ဘာဖြစ်သလဲ။ ကျုပ် မျက်စိရှေ့တွင် နစ်သွားတာကိုမြင်ရတာပဲ တော်လှပြီ။ ရှေ့အတွက်

သင်ခန်းစာပေါ့၊ ကျုပ်ရဲ့ 'ဗိုလဂါ' ကြီး မီးလောင်ပြီး နစ်သွားတာကို မမြင်လိုက်ရတာကတော့ နာသဗျာ။ ဒီကောင်ကြီး မီးလောင်နေတာ မြင်ရရင် ဘယ်လောက်များ ကြည့်ကောင်းမလဲ မသိဘူး။ ညသန်းခေါင် မြစ်လယ်ကောင်မှာ မီးပုံပွဲ ကစားဖို့ မီးထွန်းထားသလို နေမှာပဲ။ အဲဒီ သမ္ဘန်ကြီးက ခုကောင်ထက် ကြီးတယ်ဗျ"

"အဲဒီ သမ္ဘန်ကြီး မီးလောင်တုန်းကလည်း ခင်ဗျား နှမြောမှာ မဟုတ်ပါဘူး"

"အဲဒီကောင်ကြီးက မီးသင်္ဘောကြီးဗျ။ မနှမြောဘူးရယ်လို့ တော့ မဟုတ်ပါဘူး။ ဒီကောင်ကြီး မီးလောင်တုန်းကတော့ ကျုပ် တကယ်စိတ်မကောင်းဘူးဗျ။ ဒါပေမဲ့ စိတ်မကောင်း ဖြစ်နေလို့ကော ဘာထူးဦးမှာလဲ။ အလကားပဲ မဟုတ်လား။ နှမြောလို့ ငိုကြီးချက်မ လုပ်နေတော့ကော မျက်ရည်တွေနဲ့ မီးကို ငြိမ်းလို့ရမှာတဲ့လား။ လောင်ပလေ့ စေလေဗျာ။ တတ်နိုင်လို့ ကျုပ် ရှိတဲ့သမ္ဘန်တွေ အကုန်လောင်သွားလည်း ကျုပ် ဂရုမစိုက်ပါဘူး။ ကျုပ်ရင်ထဲက ဆန္ဒဆိုတဲ့ မီးကြီး ဆက်တောက် နေသေးရင် နောက်ထပ် သမ္ဘန်တွေ ရနိုင်သေးတာပဲ။ အရေးကြီးတာက ကျုပ်ရင်ထဲမှာ လိုချင်တဲ့ တောင့်တတဲ့ ဆန္ဒဆိုတဲ့ မီးတောက်ကြီး ဆက် တောက်နေဖို့ပဲ"

"အင်း ... ခင်ဗျားလို သဘောထားနိုင်ရင်တော့ အဝတ် တစ်ထည် ကိုယ်တစ်ခု ကျန်တောင်မှ မဆင်းရဲသေးပါဘူး။ လူချမ်းသာပဲ ဖြစ်နေဦးမှာပါ" မာယာခင်က တစ်ချက်ရယ်၍ ပြောလိုက်သည်။

ဂေါ်ဒီယက်သည် ငွေဒင်္ဂါး ထောင်ပေါင်းများစွာ ဆုံးရှုံးခြင်းကို တရားဖြင့်ဖြေသည်။ သို့တိုင်အောင် ကြေးပြားတစ်ပြားတိုင်း တစ်ပြား တိုင်းသည် မည်မျှတန်ဖိုးရှိကြောင်းကို ကောင်းကောင်း နားလည်သည်။ ဂေါ်ဒီယက်သည် သူတောင်းစားများကို ပေးကမ်းစွန့်ကြဲလေ့မရှိ။ စွန့်ကြဲ သည်ဆိုလျှင် လုံးဝအလုပ် မလုပ်နိုင်လောက်အောင် ကိုယ်လက်အင်္ဂါ ချို့တဲ့နေသူများကိုသာလျှင် စွန့်ကြဲလေ့ရှိသည်။ ကိုယ်လက်အင်္ဂါချို့တဲ့ ခြင်းမရှိဘဲ တောင်းစားနေသူများကို မြင်လျှင်–

"ဟေ့ကောင် ထွက်သွား၊ မင်း အလုပ်မလုပ်နိုင်ဘူးလား။ သွား ... ငါ့ခြံထဲမှာ အမှိုက်ကူရှင်းပေးချည်၊ မင်းကို နစ်ပြားပေးမယ်" ဟု မျက်နှာထားကြီးဖြင့် ပြောလေ့ရှိသည်။

အလုပ်ဇောကပ်လာပြီဆိုလျှင် ဂေါ်ဒီယက်သည် မည်သူ့ကိုမျှ ညှာတာသနားခြင်း မရှိတော့။ ကိုယ်တိုင်လည်း ညှာတာထောက်ထား

ခြင်း မရှိတော့။ ငွေနောက်သို့ ကောက်ကောက်ပါအောင် လိုက်တော့သည်။ ထိုအခါမျိုး၌ ဂေါ်ဒီယက်သည် အလုပ်၏အရှင်သခင် မဟုတ်တော့ဘဲ အလုပ်၏ကျေးကျွန်ဖြစ်နေပြီ။ (အထူးသဖြင့် နွေဦးရောက်၍ လောကဓာတ်ကြီးတစ်ခုလုံး လှုပနှစ်လိုဖွယ်တို့ဖြင့် ပြည့်လျှမ်းလျက်ရှိ ချိန်၊ ကောင်းကင်တစ်ခုလုံး ကြည်စင်ဝင်းပလျက်ရှိချိန်မျိုး၌ ဂေါ်ဒီယက် တွင် ထိုစိတ်ဓာတ်မျိုး ပေါ်ပေါက်တတ်သည်။) ထိုအခါမျိုး၌ ဂေါ်ဒီယက် သည် ထူထဲသော မျက်ခုံးအောက်မှ မျက်လုံးများဖြင့် အဝေးသို့ လှမ်းမျှော် ကြည့်ရင်း တွေးနေတတ်သည်။ သူကိုယ်တိုင် ထုတ်ဖော်ပြောဆိုခြင်း မပြုရဲသော အရာတစ်ခုကို ပြုလုပ်ရန် ကိုယ့်ကိုယ်ကို အတင်းအဓမ္မ စေခိုင်းနေသလောဟုပင် ထင်ရသည်။ ထိုအခါမျိုး၌ စိတ်တစ်မျိုးသည် ၎င်း၏ ကိုယ်တွင်း၌ ပေါ်ပေါက်လာခဲ့သည်။ ထိုစိတ်မှာ ဆာလောင်မွတ်သိပ် လျက်ရှိသော တိရစ္ဆာန်တစ်ကောင်၏ ရက်စက်ကြမ်းကြုတ်၍ လောဘ ရမ္မက် ပြင်းထန်သော စိတ်ဖြစ်သည်။ ထိုအခါမျိုး၌ ဂေါ်ဒီယက်သည် လူများအား ရိုင်းပျစွာ ဆက်ဆံသည်။ ညစ်ညမ်းစွာ ဆဲရေးသည်။ အရက် သောက်သည်။ အခြားသူများအား သူနှင့်အတူ အရက်သောက်စေသည်။ ကာမဂုဏ်တွင် အလွန်အကျူး ယစ်မူးရခြင်းကို ရွှင်လန်းအားရသည်။ ထိုအခါမျိုး၌ ၎င်းကိုယ်တွင်းမှ မီးတောင်တစ်ခုသည် အညစ်အကြေးတို့ ကို ပေါက်ကွဲအန်ထုတ်လျက်ရှိသကဲ့သို့ပင် ထင်ရသည်။ မိမိကိုယ်ကိုမိမိ ရစ်ပတ်ဖွဲ့နှောင်လျက်ရှိသည့် သံကြိုးကွင်းတို့ကို အကြောက်အကန် ချိုးဖဲ့ ဖျက်ဆီးလျက်ရှိသကဲ့သို့ ထင်ရသည်။ သူကိုယ်က ညစ်ပတ်လျက်၊ ဖရိုဖရဲဖြစ်လျက်၊ မျက်နှာက အရက်ကြောင့် လည်းကောင်း၊ အိပ်ပျက်ခြင်း ကြောင့် လည်းကောင်း ဖောသွပ်ယောင်အမ်းလျက်၊ မျက်လုံးများက ပြူး ထွက်လျက်၊ အသံက ကွဲအက်ကျယ်လောင်လျက်။

ဂေါ်ဒီယက်သည် ငွေကို ရေလိုဖြုန်းကာ ပြည့်တန်ဆာအိမ်တစ် အိမ်မှ တစ်အိမ်သို့ကူးသည်။ လွမ်းဆွတ်ဖွယ်သီချင်းတို့ကို ကြားလျှင် ငေးငိုင်သည်။ က သည်။ တွေ့ရာလူနှင့် ရန်ဖြစ်သည်။ သတ်ပုတ်သည်။ ဤသို့စိတ်ကို ဇက်ကုန် လွှတ်ပေးလိုက်သော်လည်း ဂေါ်ဒီယက်၏စိတ် သည် အာသာပြေ၍ မသွား။

မြို့သူမြို့သားများက ဂေါ်ဒီယက် သောက်စားမူးယစ်ပုံကို အုတ် အော်သောင်းတင်း ပြောကြသည်။ ကဲ့ရဲ့ကြသည်။ သို့တိုင်အောင် ဂေါ်ဒီ ယက်က သူနှင့်အတူ မူးယစ်သောက်စားရန် ဖိတ်ခေါ်သည့်အခါ၌ မည် သူမျှ မငြင်းကြ။ ဤသို့ဖြင့် ဂေါ်ဒီယက် သောင်းကျန်းသည်မှာ တစ်ခါ

တစ်ရံ ရက်သတ္တတစ်ပတ်မျှကြာသည်။ အရက်မူးခြင်း၊ ပြည့်တန်ဆာ အိမ်များသို့ သွားခြင်းဖြင့် ရက်သတ္တပတ် ကုန်ဆုံးသည့်အခါ၌ ဂေါ်ဒီ ယက်သည် အိမ်သို့ပြန်လာသည်။ သူ့ကိုယ်ခန္ဓာသည် အရက်နံ့ဖြင့် တထောင်းထောင်းထလျက်ရှိသည်။ သို့ရာတွင် ရွှင်လန်းချမ်းမြေ့စွာ ပြန် လာခြင်းမဟုတ်၊ မောပန်းနွမ်းနယ်ကာ စိတ်ပျက်ညှိုးငယ်စွာဖြင့် ပြန် ရောက်လာခြင်းသာ ဖြစ်သည်။ စကားတစ်ခွန်းမျှ မပြောတော့။ သူ့မျက် လုံးက သူကျူးလွန်ခဲ့သည့် ဒုစရိုက်များအတွက် ရက်ကြောက်ဟန်ဖြင့် မျက်လွှာကို ချထားသည်။ အိမ်က မိန်းမ၏ မြည်တွန်တောက်တီးမှုကို ခေါင်းငုံ့ခံသည်။ သားသတ်ရုံသို့ အပို့ခံရသော သိုးငယ်လို နူးညံ့နေ သည်။ ထို့နောက် ဂေါ်ဒီယက်သည် သူ့အခန်းထဲသို့ ဝင်ကာ သော့ခတ် ပြီးနောက် အခန်းအောင်းသည်။ ဦးခေါင်းငုံ့လျက်၊ လက်များကို ဖြေ လျော့ချထားလျက်၊ ပခုံးကို ညွတ်လျက် ဘုရားစင်ရှေ့တွင် နာရီပေါင်း များစွာ ထိုင်သည်။ သို့ရာတွင် ဆုတောင်းခြင်းမပြုရဲသည့်နှယ် စကား တစ်ခွန်းမျှ ပြောဆိုခြင်းမပြု။ သူ့ဇနီးသည် ခြေဖျားထောက်၍ တံခါးအနီး သို့ ကပ်လာကာ သော့ပေါက်မှ ချောင်း၍ နားထောင်တတ်သည်။ သက် ပြင်းချသံသည် ပင်ပန်းနွမ်းနယ်၍ နာမကျန်းဖြစ်နေသည့် မြင်းနာကြီး တစ်ကောင်၏ အသက်ရှူသံနှင့်တူသည်။

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါဘုရား"

ဂေါ်ဒီယက်သည် ဘုရားရှေ့တွင် လက်အုပ်ချီ၍ ရှိခိုးသည်။

ဂေါ်ဒီယက်သည် ကိုယ်ကို ဒဏ်ခတ်သည့်နှယ် ကာလအတန် ကြာမျှ ရေနှင့်ပေါင်မုန့်ကိုသာ မှီဝဲသည်။ ဇနီးက နံနက်တိုင်း ရေပုလင်း ကြီးတစ်လုံး၊ ပေါင်မုန့်တစ်ပေါင်ခွဲခန့်နှင့် ဆားအနည်းငယ်ကို အခန်း ပေါက်ဝသို့ လာပို့သည်။ ဂေါ်ဒီယက်က အခန်းတံခါးကိုသာ ဖွင့်ကာ သူတော်သူမြတ်တို့သာ မှီဝဲခြင်းပြုသော ထိုအစားအစာကို ထွက်ယူပြီး နောက် တံခါးကို သော့ပိတ်၍ အခန်းအောင်းပြန်သည်။ ထိုအခါမျိုး၌ သူ့ကို မည်သူကမျှ လာရောက်နှောက်ယှက်ခြင်း မပြုကြတော့။

ဤသို့ဖြင့် ရက်အတန်ကြာ ဧကစာကျင့်ပြီးနောက် ဂေါ်ဒီယက် သည် ခါတိုင်းကဲ့သို့ပင် ရယ်မောလျက်၊ နောက်ပြောင်လျက် ရောင်းရေး ဝယ်တာ ကိစ္စများကို ဆောင်ရွက်ပြန်သည်။ သီးနှံတို့ကို ပင်ထောင်ပေး ရန် စာချုပ်စာတမ်းများ ချုပ်ဆိုသည်။ သားရဲငှက်တစ်ကောင်ကဲ့သို့ စူးရှ သော မျက်လုံး၊ အရောင်းအဝယ်ကိစ္စများကို ထက်သန်လျင်မြန်စွာ ဆုံး ဖြတ်နိုင်သော ဉာဏ်တို့ဖြင့် ပြုမြဲအမှုတို့ကို ဆောင်ရွက်မြဲ ဆောင်ရွက်ပြန်

သည်။ သို့ရာတွင် ဂေါ်ဒီယက်၏ခန္ဓာကိုယ်၌ စိတ်သုံးမျိုးရှိသည့်အနက် မည်သည့်စိတ်မျိုး ဝင်စားသည်ဖြစ်စေ၊ ဆန္ဒကြီးတစ်ခုက သူ့ကို အမြဲ လွှမ်းမိုးထားသည်။ ထိုဆန္ဒမှာ သားယောကျ်ားတစ်ယောက်ရလိုသော ဆန္ဒဖြစ်သည်။ အသက် ကြီးလာသည်နှင့်အမျှ ထိုဆန္ဒသည် ပို၍ပြင်းပြ လာသည်။ ဂေါ်ဒီယက်က ထိုအကြောင်းကို ၎င်း၏ဇနီးအား ဖွင့်ပြောပြ သည်။ နံနက်စာ စားချိန်၌သော်လည်းကောင်း၊ နေ့လယ်စာ စားချိန်၌ သော်လည်းကောင်း ဂေါ်ဒီယက်သည် အလွန်အမင်း ဆူဖြိုးဝအစ်၍ ပါး တွင် နှင်းဆီရောင် သန်းလျက်ရှိသည့် သူ့ဇနီး အာကူလီနာကို မျက် မှောင်ကြုတ်ကြည့်ရင်း –

"ဘယ့်နှယ်လဲ၊ ဘာမှ မထူးသေးဘူးလား" ဟု မေးတတ် သည်။

အာကူလီနာက သူဆိုလိုသော အဓိပ္ပာယ်ကို ကောင်းစွာ နား လည်သည့်တိုင် နားမလည်ဟန်ဖြင့် –

"ဘာထူးရမှာလဲတော့်၊ တော့် လက်သီးကြီး တစ်လုံးတစ်လုံးက ခွက်တစ်ဆယ်လောက် ရှိနေတာ" ဟု ပြောတတ်သည်။

"ဩော် ... ဒီကန်းမနယ် ခက်ပါဘိ၊ နင့်ဗိုက်ထဲမှာ ကလေးမရှိ သေးဘူးလားလို့ မေးတာဟ၊ သိပလား"

"ကလေးရှိပါ့မလား တော့်၊ ဒီလောက် ရိုက်နေတာ"

"အိုး ... ရိုက်တာနဲ့ မဆိုင်ပါဘူး။ နင့်ကိုက အစားကြီးလို့ပါ။ အစားတွေ ဒီလောက်စားထားတာ ဗိုက်ထဲမှာ ကလေးနေဖို့ ဘယ်မှာ နေရာ ရှိတော့မလဲ"

"ဘာပြောတယ်။ ကျုပ် မွေးပေးခဲ့တာ ကလေးတွေ မဟုတ်လို့ ဘာတွေလဲ"

"မိန်းကလေးတွေချည်းပဲ၊ ထွီ – ဘာလုပ်ဖို့လဲ" ဂေါ်ဒီယက်က စက်ဆုပ်ဟန်ဖြင့် ပြောသည်။

"ငါ လိုချင်တာက သားယောကျ်ားလေးဟ၊ သားယောကျ်ား လေး သိရဲ့လား၊ ငါ့ အမွေတွေကို ဆက်ခံဖို့ သားယောကျ်ားလေး လို ချင်တာ၊ ငါသေသွားရင် ငါ့ပစ္စည်းတွေ ဘယ်သူ ဆက်ခံမလဲ၊ ငါသေ သွားရင် ငါ့အတွက် ဘယ်သူ ဆုတောင်းပေးမှာလဲ။ ဘာလဲ ဘုန်းကြီး ကျောင်းကို လှူခဲ့ရမှာလား၊ တော်ပြီ၊ ငါအများကြီး လှူခဲ့ပြီးပြီ၊ နောက်ထပ် မလှူနိုင်တော့ဘူး။ နင့်ကိုလည်း အကုန်မပေးနိုင်ဘူး။ နောက်ယောကျ်ား ယူပြီး ငါ့ပစ္စည်းတွေကို ဖိမ်နဲ့ ထိုင်သုံးနေမှာ၊ နင့်လို မိန်းမမျိုးဟာ ဘုရား

ရှိခိုးတဲ့နေရာမှာတောင် အကုသိုလ်စိတ်ကို ဖျောက်နိုင်မယ့် မိန်းမမျိုး မဟုတ်ဘူး။ ငါသေရင် နောက်ယောက်ျားယူ၊ အဲဒီအခါမှာ ငါ့ပစ္စည်းတွေ ကြမ်းပိုး သူခိုး လက်ထဲရောက်၊ နင်ယူမယ့် နောက်ယောက်ျားအတွက် ငါက ပစ္စည်းတွေ စုပေးခဲ့ရမယ်ပေါ့ ဟုတ်လား”

သားယောက်ျား မရှိသောဘဝသည် အဓိပ္ပာယ်မရှိသော ဘဝ ဟု ဂေါ်ဒီယက် ယူဆသည်။ ထိုအခါ၌ ဂေါ်ဒီယက်သည် သုန်မှုန်ကာ ဇနီးကို အပြစ်ရှာလေ့ရှိသည်။

သူတို့အိမ်ထောင်သက် ကိုးနှစ်အတွင်း၌ သမီးလေးယောက် မွေးခဲ့သည်။ သို့ရာတွင် သူတို့အားလုံး အဖတ်မတင်ခဲ့ကြ။ ဂေါ်ဒီယက်သည် ၎င်း၏မိန်းမ မီးဖွားချိန်တိုင်းကို စိတ်အားထက်သန်စွာဖြင့် မျှော်လင့်စောင့်စားလေ့ရှိတတ်သော်လည်း သမီးကလေးများ ပျက်စီးသွားသည့်အခါ၌ကား ပူဆွေးလေ့မရှိ။ သမီးမိန်းကလေး မလိုချင်။ အိမ်ထောင်ကျပြီး၍ နောက်တစ်နှစ်အကြာတွင် ဂေါ်ဒီယက်သည် သူ့မိန်းမကို ရိုက်နှက်စပြုလာသည်။ အစတွင် အရက်မူးလာသည့်အခါကျမှ ရိုက်နှက်ခြင်းဖြစ်သည်။ တစ်စုံတစ်ရာ ရန်ငြိုးကြောင့် ရိုက်နှက်ခြင်းမျိုးမဟုတ်။

“မိန်းမကို အသက်လို ချစ်ရသတဲ့ကွ၊ ဒါပေမဲ့ သစ်တော်ပင်ကို ကိုင်လှုပ်သလို လှုပ်ရသတဲ့” ဟု ပါးစပ်မှ ပြောပြောဆိုဆိုဖြင့် ရိုက်လေ့ရှိသည်။ သို့ရာတွင် သူ့မိန်းမက ကလေးတစ်ယောက် မွေးတိုင်း မျှော်လင့်ချက်နှင့် တခြားစီ ဖြစ်သောအခါ၌ကား ဂေါ်ဒီယက်သည် သူ့မိန်းမကို မုန်းစပြုလာပြီ။ သားယောက်ျားလေး မမွေးရကောင်းလောဟု ဆိုကာ မိန်းမကို အငြိုးတကြီးနှင့် ရိုက်နှက်စ ပြုလာပြီ။

တစ်ခါက ဆာမာရာ ဒေသတွင် အရောင်းအဝယ် ကိစ္စတစ်ခုဖြင့် ရောက်နေခိုက် သူ့ဇနီး ကွယ်လွန်သည့်သတင်းကို ဂေါ်ဒီယက် ကြားရသည်။ ဂေါ်ဒီယက်သည် ဘုရားရှိခိုးသည်။ ထို့နောက် အတန်ကြာမျှ စဉ်းစားကာ “ကျုပ်ဇနီးကို သင်္ဂြိုဟ်လိုက်ပါ။ ပစ္စည်းများကိုမူ ဂရုစိုက်စောင့်ရှောက်ထားပါ” ဟု သူ့မိတ်ဆွေ မာယာခင်ထံ စာရေးလိုက်သည်။

ဂေါ်ဒီယက်သည် သုဓမ္မာဇရပ်သို့သွားကာ အသုဘတရားနာသည်။ သူ့မိန်းမ ကောင်းရာသုဂတိသို့ လားရန် ဆုတောင်းသည်။ နောက်ထပ် မြန်နိုင်သမျှ မြန်မြန် အိမ်ထောင်သစ်ထူရန် ဆုံးဖြတ်သည်။

ထိုအချိန်က ဂေါ်ဒီယက် အသက်လေးဆယ့်သုံးနှစ် ရှိပြီ။ အရပ်ထောင်ထောင်မောင်းမောင်း၊ ပခုံးကျယ်ကျယ်၊ အသံခပ်ဩဩနှင့် ဖြစ်သည်။ နက်မှောင်ထူထဲသော မျက်ခုံးမွေးများအောက်မှာ မျက်လုံးများက

တောက်ပနေကြဆဲ ဖြစ်သည်။ ခန္ဓာကိုယ်က ကြွံခိုင်တောင့်တင်းဆဲ ဖြစ်သည်။ နှုတ်ခမ်းမွေးများက နက်မှောင်ထူထပ်နေသည်။ မျက်နှာက နေလောင်၍ ညိုနေသည်။ သူ့သွင်ပြင်သည် ရှရှားလူမျိုး၏ ကြွံခိုင်သန်မာသော အလှကို ဆောင်နေသည်။ ပေါ့ပါး သွက်လက်သော လမ်းလျှောက်ဟန်၊ အချိုးအဆက်ကျသော လှုပ်ရှားမှု စသည်တို့က ခွန်အားသတ္တိအပြည့်ရှိကြောင်း ဖော်ပြလျက်ရှိသည်။ မိန်းမများက ဂေါ်ဒီယက်ကို စိတ်ဝင်စားကြ၍ ဂေါ်ဒီယက်ကလည်း မိန်းမများနှင့် ရောနှောလေ့ရှိသည်။

သူ့မိန်းမ ကွယ်လွန်ပြီး ခြောက်လမပြည့်မီ ဂေါ်ဒီယက်သည် ယူရဲတွင်နေသည် ကော့ဆက်လူမျိုး ကုန်သည်တစ်ဦး၏သမီးနှင့် စေ့စပ်ကြောင်းလမ်းသည်။ ဂေါ်ဒီယက်တစ်ယောက် 'လူ့ခွစာ' ဖြစ်သည်ဟူ သောသတင်းသည် ယူရဲဒေသတွင် ဟိုးဟိုးကျော်လျက်ရှိသည့်တိုင် ကော့ဆက်ကုန်သည်က သူ့သမီးကို ဂေါ်ဒီယက်နှင့် ပေးစားရန် သဘောတူလိုက်သည်။ မိန်းကလေး၏အမည်မှာ နာတာလျာဖြစ်သည်။ နာတာလျာက အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်၊ ကြီးမားပြုးကျယ်သော မျက်လုံးပြာကြီးများရှိသည်။ သူ့ဆံပင်က ရှည်လျားကော့ပျံကာ ငွေရောင်တောက် နေသည်။ ခံ့ညားသော ဂေါ်ဒီယက်နှင့် ရှေ့သွားနောက်လိုက်ညီသည်။ ဂေါ်ဒီယက်က သူ့ဇနီးသစ်လေးအတွက် ဂုဏ်ယူသည်။ ကျန်းမာသန်စွမ်းသော ယောကျာ်းတစ်ယောက်၏ အချစ်မျိုးဖြင့် သူ့ဇနီးသစ်ကို ချစ်သည်။

သူ့ဇနီးသည်၏ ချစ်စဖွယ်မျက်နှာ သွယ်သွယ်ကလေးပေါ်တွင် အပြုံးဟူ၍မရှိ။ နာတာလျာသည် အမြဲတမ်း ငေးမောနေတတ်သည်။ တစ်ခါတစ်ရံ အေးဆေးတည်ငြိမ်သော သူ့မျက်လုံးများသည် ညို့မှိုင်းဝေရီလျက် ရှိတတ်သည်။ အိမ်ထောင်မှုကိစ္စတို့ အားလပ်သည့်အခါများ၌ နာတာလျာသည် အကြီးဆုံး အခန်းကြီးထဲသို့ ဝင်ကာ နှစ်နာရီ သုံးနာရီကြာမျှ ပြတင်းဝတွင် မလှုပ်မယှက်ထိုင်နေတတ်သည်။ နာတာလျာ သည် လမ်းမကို ငေးမောကြည့်ရှုလျက် ရှိသော်လည်း သူ့မျက်လုံးများ သည် ပြတင်းပေါက်အပြင်ဘက်မှ အရာဝတ္ထုများကို မြင်ဟန်မတူ။ သူ လမ်းလျှောက်ပုံကလည်း ထူးခြားသည်။ အိမ်ကြီးရှိ ကျယ်ပြန့်လှသော အခန်းကြီးများထဲတွင် လျှောက်သွားသည့်အခါ၌ နာတာလျာသည် သက်သက်သာသာ လျှောက်ခြင်းမပြုဘဲ တစ်စုံတစ်ခုကို မတိုက်မိရန် သတိထားသည့်နှယ် သတိကြီးစွာဖြင့် ဖြည်းညင်းနှေးကွေးစွာ လျှောက်သည်။ အိမ်ကြီးတစ်အိမ်လုံးတွင် ပရိဘောဂ အစုံအလင် ခမ်းနားဆန်း

ပြားစွာ ဆင်ယင်ထားသည်။ တောက်ပပြိုးပြက်သော ပရိဘောဂတို့က ပိုင်ရှင်၏ ဥစ္စာခနေကို အော်ဟစ်ပြောဆိုနေသကဲ့သို့ ရှိသည်။ သို့ရာတွင် ကော့ဆက်မျိုးနွယ် နာတာလျာသည် အဖိုးတန် ပရိဘောဂများနှင့် ငွေထည်တို့ ပြည့်သိပ်လျက်ရှိသော ဗီရိုကြီးများက ၎င်းအား ဖမ်းဆွဲ၍ခြေမွပစ်မည်ကို စိုးရိမ်သည့်နှယ် ထိုပစ္စည်းများကို အဝေးမှ ရှောင်ကွင်းသွားသည်။ အရောင်းအဝယ်တို့ဖြင့် အုတ်အုတ်ကျက်ကျက် စည်ကားလှသော မြို့ကြီး၌ နေထိုင်ရခြင်းကို နာတာလျာမပျော်။ ယောက်ျားနှင့်အတူ မြို့ထဲသို့ မြင်းရထားစီး၍ ခရီးထွက်သောအခါ၌လည်း ပတ်ဝန်းကျင်ကို နာတာလျာ မကြည့်။ ရထားသမား၏ ကျောပြင်ကိုသာ စိုက်ကြည့်လာတတ်သည်။ ယောက်ျားက အလည်သွားရန် ခေါ်သောအခါ၌ နာတာလျာ မငြင်းမပယ် လိုက်ပါလာသော်လည်း အိမ်မှာကဲ့သို့ပင် စကားတစ်လုံးမျှ မပြော။ တိတ်ဆိတ်စွာ လိုက်ပါလာတတ်သည်။ အိမ်သို့ ဧည့်သည်များ လာရောက်လည်ပတ်လျှင်လည်း နာတာလျာသည် သူတို့ပြောသော စကားများကို စိတ်ပါဝင်စားခြင်းမရှိ။ သူတို့အား ခွဲခြားဆက်ဆံခြင်း လည်း မပြုဘဲ စားဖွယ်သောက်ဖွယ်တို့ကိုသာ တွင်တွင်ကြီး တည်ခင်း ကျွေးမွေးတတ်သည်။ နာတာလျာ၏ မျက်နှာပေါ်တွင် အပြုံးရိပ်သန်းအောင် လုပ်နိုင်သူမှာ မာယာခင် တစ်ယောက် ရှိသည်။ မာယာခင်က ပါးနပ်သည်။ စကားပြောကောင်းသည်။

"ခင်ဗျား မိန်းမဟာ မိန်းမ မဟုတ်ဘူးဗျ။ ငှက်ပျောတုံးကြီး" မာယာခင်က ပြောတတ်သည်။ "ဒါပေမဲ့ သိပ်တော့ စိတ်မပျက်ပါနဲ့၊ လူ့ဘဝဆိုတာ မီးပုံနဲ့တူတယ်။ ခဏကြာရင် ခင်ဗျားမယ်သီလရှင်လေး ဟာ မီးရောင်ထွက်လာလိမ့်မယ်။ အချိန်တော့ စောင့်ရမှာပေါ့။ အဲဒီအခါကျရင် ဘယ်လိုအသီးအပွင့်မျိုးကို သူထုတ်ပေးမလဲ၊ စောင့်ကြည့်ရဦးမှာပေါ့"

"ကဲ မျက်နှာရှည်မ" ဂေါ်ဒီယက်က သူ့ဇနီးသည်ကို ခပ်နောက်နောက်ခေါ်သည်။ "ဘာတွေ စဉ်းစားနေသလဲ။ ရွာကို လွမ်းနေသလား၊ လာပါ ပျော်ပျော်ပါးပါး နေစမ်းပါ"

"ငါ့မိန်းမလည်း ဘုရားတရားနဲ့ အချိန်ကုန်နေတာကိုးကွ၊ ဒီအသက် ဒီအရွယ်မှာ ဒီလောက် ဘုရားတရား ကိုင်းရှိုင်းမနေပါနဲ့ကွာ၊ ရှေ့မှာ ကောင်းမှုကုသိုလ်တွေလုပ်ဖို့ အချိန်အများကြီး ရှိပါသေးတယ်။ ဒီတော့ ပထမ အကုသိုလ်ကို အရင်လုပ်ရမယ်။ အကုသိုလ်ကို မလုပ်မိရင် နောက်ကျတော့ တရားသံဝေဂ ယူစရာရှိမှာ မဟုတ်ဘူး။ တရားသံဝေဂ ယူစရာ မရှိရင် သံသရာက မလွတ်ဘူး။ ကဲ … လာ မိန်းမ၊ ငယ်တုန်း

ရွယ်တုန်း အကုသိုလ်လေး ဘာလေး လုပ်ထားရတယ်။ လာ ... မြို့ထဲ ရထား လျှောက်စီးကြမယ်"

"ဟင့်အင်း ... ကျွန်မ မလိုက်ချင်ဘူး"

ဂေါ်ဒီယက်က နာတာလျာ၏အနီးတွင် ဝင်ထိုင်ကာ ခါးကို ဖက်လိုက်သည်။ သို့ရာတွင် နာတာလျာကား အေးတိအေးစက်။

"ဘာဖြစ်လို့ ငိုင်တိုင်တိုင်ကြီး ဖြစ်နေတာလဲ။ ဘာလဲ ငါ့ကို မချစ်ဘူးလား"

ဂေါ်ဒီယက်က နာတာလျာကို ငုံ့ကြည့်၍ ပြောလိုက်သည်။

"မဟုတ်ပါဘူး"

နာတာလျာက အသံပြတ်ဖြင့် ဖြေသည်။

"ကဲ ... ဒါဖြင့် ဘာဖြစ်လို့လဲ၊ အဖေအမေကို လွမ်းလို့လား"

"ဒီလောက်လဲ မလွမ်းပါဘူး"

"ဒါဖြင့် ဘာတွေ စဉ်းစားနေရလို့လဲ"

"ဘာမှ မစဉ်းစားပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"ဘာကြောင့်မှ မဟုတ်ပါဘူး"

တစ်နေ့တွင်မူ နာတာလျာထံမှ စကားအချို့ ပွင့်အန်ထွက်လာ သည်။

"ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒီမှာနေရတာလဲ တစ်မျိုး ကြီးပဲ၊ ကျွန်မ ဒီအိမ်မှာ ရောက်နေတာ၊ ဒါတွေအားလုံးဟာ တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက် မက်နေသလိုလို ဘာလိုလိုနဲ့ တစ်မျိုးဖြစ်နေ တယ်"

နာတာလျာက နံရံများ၊ အိမ်ထောင်ပရိဘောဂများနှင့်တကွ ပတ်ဝန်းကျင်ကို လက်ဖြင့် ဝှေ့ယမ်းပြလိုက်သည်။ ဂေါ်ဒီယက်က ရယ် သည်။ ထိုစကားများကို ထွေထွေထူးထူး မစဉ်းစား။

"ဘယ်ကလာပြီး အိပ်မက်ဟုတ်ရမှာလဲ မိန်းမရယ်၊ ဒါတွေဟာ တကယ်ပေါ့၊ အမျိုးကောင်းတွေ၊ အဖိုးတန်တွေ၊ အစစ်အမှန်တွေ၊ ဘာလဲ ဒီပစ္စည်းတွေကို မင်းသဘောမကျဘူးလား၊ မင်းမကြိုက်ရင် မီးရှို့ပစ် လိုက်မယ်လေ၊ ရောင်းပစ်လိုက်မယ်လေ၊ ဒါမှမဟုတ်လည်း သူများပေး ပစ်လိုက်ပြီး တို့များ အသစ်ဝယ်မယ်။ ဘယ်နှယ့်လဲ"

"ဘာလုပ်ဖို့လဲ"

နာတာလျာက မတုန်မလှုပ်ဖြင့် ပြောသည်။

နာတာလျာကဲ့သို့ ငယ်ရွယ်နုနယ်၍ ကျန်းမာသန်စွမ်းသော မိန်းမတစ်ယောက်သည် မည်သည့်အရာကိုမျှ တောင့်တခြင်းမရှိ။ သုဓမ္မာဇရပ်မှအပ အခြားမည်သည့်နေရာကိုမျှ သွားခြင်းလည်း မရှိ။ မည်သူနှင့်မျှ ပေါင်းသင်းဆက်ဆံခြင်းလည်း မပြုဘဲ အထီးကျန်နေထိုင်ခြင်း ပြုသည်။ ဂေါ်ဒီယက်သည် အကြောင်းရင်းကို တွေးသည်။

"ငါ့ကို သားလေးတစ်ယောက် မွေးပေးပြီးရင် တို့များရဲ့ဘဝဟာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပါ" ဂေါ်ဒီယက်က ဖျောင်းဖျသည်။

"သားလေးရလာရင် မင်းလည်း ပျင်းစရာ စိတ်ညစ်စရာ ရှိတော့မှာ မဟုတ်တော့ဘူး။ သားလေး အလုပ်နဲ့ အချိန်ကုန်နေမှာပဲ။ ဘယ်နှယ့်လဲ၊ ငါ့ကို သားလေးတစ်ယောက် မွေးပေးမယ် မဟုတ်လား"

"ဒါကတော့ ဘုရားအလိုတော်အတိုင်းပေါ့ရှင်ရယ်" နာတာလျာက မျက်လွှာကိုချ၍ ပြောသည်။

ထို့နောက်တွင်မူ နာတာလျာ ငိုင်တိငိုင်တိုင် ဖြစ်နေသည်ကို ဂေါ်ဒီယက် စိတ်မရှည်နိုင်တော့။

"ဟေ့ ... သီလရှင်မ ဘာဖြစ်နေရတာလဲ၊ ကြမ်းပြင်ပေါ်ကို လျှောက်တာ မှန်ပေါ်လျှောက်သလို မနင်းရဲနင်းရဲနဲ့၊ ရုပ်ကိုက ကျက်သရေမရှိ ဘာမရှိ၊ လူသတ်လာတာ ကျနေတာပဲ။ လူသာ အချိန်စီးပြီး နည်းနည်းမှ သတ္တိမရှိဘူး။ အလကားကောင်မ"

တစ်နေ့သော် ဂေါ်ဒီယက်သည် အရက်ကလေး ခပ်ထွေထွေဖြင့် အိမ်သို့ ပြန်လာသည်။ နာတာလျာကို ချစ်ရန် အစပျိုးသည်။ နာတာလျာက ရှန်းကန်သည့်အခါတွင် ဂေါ်ဒီယက်သည် စိတ်ဆိုးလာသည်။

"ဘယ်လိုလဲကွ" ဂေါ်ဒီယက်က အော်သည်။

နာတာလျာက သူ့မျက်နှာကို တည့်တည့်ကြီးကြည့်ကာ ဂရုမထားဟန်ဖြင့် –

"ရှင့်အလိုမလိုက်တော့ ရှင်က ဘာလုပ်ချင်လို့လဲ"

နာတာလျာ၏ စကားများကြောင့် လည်းကောင်း၊ ၎င်း၏ မထီမဲ့မြင် ပြုသောအကြည့်ကြောင့် လည်းကောင်း ဂေါ်ဒီယက်မှာ ဒေါပွလာပြီ။

"ဘာပြောတယ်"

ဂေါ်ဒီယက်က ပြောပြောဆိုဆိုဖြင့် နာတာလျာကို လှမ်းဆွဲသည်။

"ဘာလဲ၊ ရှင်က ကျွန်မကို ရိုက်မလို့လား" နာတာလျာက နောက်သို့လည်းမဆုတ်၊ မျက်တောင်ခတ်ခြင်းလည်း မပြု။

မိမိ၏ အမျက်ဒေါသရှေ့တွင် လူတကာ ကြောက်ဒူးတုန်ရ သည့် အဖြစ်မျိုးကို ဂေါ်ဒီယက် ကြုံတွေ့ဖူးပြီ။ ယခု နာတာလျာက ဣန္ဒြေမပျက်ရှိနေသောအခါ၌ကား ဂေါ်ဒီယက်၏ ဒေါသသည် ပေါက်ကွဲထွက်လာသည်။

"ကဲ ... သိကြရောပေါ့ကွာ" ဂေါ်ဒီယက်သည် လက်ဖြင့် တအားလွှဲရိုက်လိုက်သည်။ သို့ရာတွင် နာတာလျာက အချိန်မီ ဣန္ဒြေရရဖြင့် ဘေးသို့ ရှောင်ပေးလိုက်ပြီးနောက် သူ့လက်ကို လှမ်းဖမ်းကာ ဘေးသို့ ပုတ်ချလိုက်သည်။

"ရှင် ကျွန်မကို ထိရဲထိကြည့်စမ်း၊ ကျွန်မအနားကို ဘယ်တော့မှ မလာနဲ့"

နာတာလျာက နဂိုသံဖြင့် ခပ်အေးအေးပြောသည်။

နာတာလျာ၏ ကြီးမားပြူးကျယ်သော မျက်လုံးကြီးများသည် မှေးသွားကြသည်။ နာတာလျာ၏ ဝင်းလက်စူးရှသော အကြည့်က ဂေါ်ဒီယက်အား သတိတရားရစေသည်။ မိမိသည်လည်း သန်စွမ်းသော သတ္တဝါတစ်ဦးဖြစ်ကြောင်း၊ မိမိအား သေအောင်ရိုက်စေကာမူ လွယ်လွယ်နှင့် အရှုံးပေးလိမ့်မည်မဟုတ်ကြောင်းကို နာတာလျာ၏မျက်နှာက ပြောပြနေသည်။

"ထွီ၊ မျက်နှာရှည်မ"

ဂေါ်ဒီယက် လှည့်ထွက်လာသည်။

ဤတစ်ကြိမ် ဂေါ်ဒီယက်သည် နာတာလျာကို အရှုံးပေးခဲ့ရပြီ။ သို့ရာတွင် နောက်တစ်ကြိမ် ဤသို့အဖြစ်မခံနိုင်။ မိန်းမတစ်ယောက်၊ မိမိ၏ ဇနီးသည်ဖြစ်သော မိန်းမတစ်ယောက်က မိမိအား ဒူးထောက်အရှုံးမပေးဟု အပြောခံရခြင်းလောက် ရှက်စရာကောင်းသည့်အရာမရှိ။ နာတာလျာသည် ဤနေရာတွင်မျှမက နေရာတကာတွင် မိမိကို အာခံတော့ မည်။ မိမိတို့နှစ်ဦး အကြိတ်အနယ် တိုက်ခိုက်ကြရတော့မည်။

"အေး၊ နောက်ဆုံးမှာ ဘယ်သူက အရှုံးပေးရမလဲဆိုတာ ကြည့်ရဦးမှာပေါ့"

နောက်တစ်နေ့ရောက်၍ နာတာလျာ၏ လှုပ်ရှားဟန်ကို သုန်မှုန်စွာ စူးစိုက်ကြည့်ရင်း ဂေါ်ဒီယက်စိတ်ထဲမှာ ရွတ်ဆိုမိသည်။ သူ့ရင်တွင်းက ဇလောင်ဆူကာ မုန်တိုင်းကြီးတိုက်နေပြီ။ မိမိတို့နှစ်ယောက်

မြန်မြန်စာရင်းရှင်းလေ မိမိက စောစောစီးစီး အောင်ပွဲရလေလေ မဟုတ်လော။

သို့ရာတွင် နောက် လေးရက်ကြာသောအခါ၌ မိမိတွင် ပဋိသန္ဓေရှိနေပြီဖြစ်ကြောင်းဖြင့် နာတာလျာက ပြောသည်။ ဂေါ်ဒီယက် ဝမ်းသာပုံကား ဆိုဖွယ်မရှိတော့။ ဂေါ်ဒီယက်သည် ဇနီးသည် နာတာလျာကို သိမ်းကြုံးပွေ့ဖက်ကာ ဝမ်းသာလှိုက်လှဲသံကြီးဖြင့်–

"နာတာလျာ၊ ယောကျ်ားလေး မဟုတ်လားဟင်၊ ယောကျ်ား လေးမွေးပေးရင်လေ ငါ့မိန်းမကို ရွှေချထားမယ်ကွ သိရဲ့လား။ အို ... ရွှေချတာလောက်ကို ပြောမနေနဲ့၊ ငါ့မိန်းမဆီကို တစ်သက်လုံး ကျွန်ခံမယ်ကွ သိရဲ့လား။ အဟုတ်ပြောတာ၊ ဘုရားအဆူဆူ စူးရစေရဲ့၊ ငါ့မိန်းမခြေနင်းဖို့ ငါ့ကိုယ်ကို တံတားခင်းပေးမယ် သိရဲ့လား"

"ယောကျ်ားလေးလား၊ မိန်းမလေးလားဆိုတာ ကျွန်မတို့ဘယ်ဆုံးဖြတ်လို့ရပါ့မလဲ ဂေါ်ဒီယက်ရယ်၊ ဘုရားကသာ ဆုံးဖြတ်မှာပေါ့"

"အေး ... ဟုတ်တယ်၊ ဘုရားက ဆုံးဖြတ်မှာ ဟုတ်တယ်၊ ငါ့မိန်းမပြောတာ သိပ်မှန်တယ်"

ဂေါ်ဒီယက်က ခေါင်းကြီးငိုက်စိုက်ချ၍ အားရပါးရကြီး ပြောသည်။ ထိုအချိန်မှစ၍ ဂေါ်ဒီယက်သည် သူ့ဇနီးသည်ကို ကလေးငယ်တစ်ဦးသဖွယ် ဂရုတစိုက် ပြုစုစောင့်ရှောက်သည်။

"အို ... ဘာဖြစ်လို့ ပြတင်းဝမှာ ထိုင်နေရတာလဲ၊ တော်တော်ကြာ အအေးမိပြီး ဖျားနာနေပါ့မယ်ကွယ်" ဂေါ်ဒီယက်က ကြင်နာယုယသော သတိပေးသံဖြင့် ပြောတတ်သည်။ "ဘာဖြစ်လို့ အပေါ်ထပ်နဲ့ အောက်ထပ် ဆင်းချည်တက်ချည် လုပ်နေရပြန်တာလဲ၊ တော်တော်ကြာမောနေပါ့မယ်၊ ရော့ ဒါလေးစားလိုက်ဦး၊ နှစ်ယောက်စာ စားလိုက်နော်၊ ဒါမှ သားလေးလည်း သူ့ဝေစုရမှာပေါ့ မဟုတ်ဘူးလား"

နာတာလျာသည် ကိုယ်ဝန်ဆောင်နေရစဉ်ကာလ၌ ခါတိုင်းထက်ပင် စကားနည်းလာကာ ခါတိုင်းထက် မှိုင်ငေးလျက် ရှိတတ်သည်။ နာတာလျာသည် သူ့အကြောင်းကို စဉ်းစားသည်။ သူ့ဖာသာ ကြိတ်၍ တည်ဆောက်လျက်ရှိသော ဘဝသစ်အကြောင်းကို တွေးသည်။ သို့ရာ တွင် နာတာလျာ၏ နှုတ်ခမ်းများပေါ်မှ အပြုံးမှာ ပိုမိုထင်ရှားလာခဲ့သည်။ တစ်ခါတစ်ရံ၌ သူ့မျက်လုံးများသည် ပြူထွက်စ အရုဏ်ဦး၏ရောင်ခြည်

လို မေးမိုန်သော တောက်ပခြင်း အသစ်တစ်မျိုးဖြင့် လက်ခနဲ တောက်ပ လာလျက် ရှိတတ်သည်။

ဆောင်းဦးပေါက် တစ်နေ့ နံနက်စောစောတွင် နာတာလျာ ဗိုက်နာစပြုလာသည်။ နာကျင်စွာ အော်ဟစ် ညည်းညူလိုက်သော ဇနီး သည်အသံကို ကြားသောအခါ၌ ဂေါ်ဒီယက်၏ မျက်နှာသည် ဖြူရော် သွားသည်။ မယားကို အားပေးနှစ်သိမ့်စကားပြောရန် ကြိုးစားသည်။ သို့ရာတွင် စကားလုံး ရှာမရ။ စိတ်ပျက်လက်ပျက်ဖြင့် လက်ကိုဝှေ့ယမ်း ကာ မိခင်၏ဘုရားခန်းဖြစ်ခဲ့သော အိမ်အောက်ထပ် အခန်းကလေးတစ်ခု ထဲသို့ ဆင်းလာခဲ့သည်။ အစေခံတစ်ယောက်ကို အရက်ယူခိုင်းလိုက်ပြီး နောက် စိတ်ပျက်လက်ပျက်ထိုင်ချကာ အိမ်ထဲမှ လူးလာလှုပ်ရှားသံများ ကို နားထောင်ရင်း အရက်သောက်သည်။ မည်းမှောင်၍ ဥပေက္ခာသဘော ကို ဆောင်သော မျက်နှာများသည် အခန်းထောင့်ထဲတွင် မှုန်ဝါးလျက် ရှိသည်။ အိမ်ပေါ်ထပ်မှ ခြေသံများ တရှပ်ရှပ်မြည်သံ၊ တစ်စုံတစ်ရာကို ကြမ်းပြင်ပေါ်တွင် တရွတ်တိုက်ဆွဲလာသံ၊ အင်တုံများ၊ ရေအိုးများ နှုတ် ခမ်းချင်း တိုက်မိသံများကို ဂေါ်ဒီယက် ကြားနေရသည်။ အလျင်အမြန် လုပ်လျက်ရှိကြသော်လည်း မိမိအဖို့ ကြာလွန်းစွဟု ဂေါ်ဒီယက် ထင်မိ သည်။

“မမွေးနိုင်ဘူး ထင်တယ်တော်” စိတ်ပျက်လက်ပျက် ပြောသံ တစ်သံကို ကြားလိုက်ရသည်။ “သုဓမ္မာဇရပ်ခေါ်သွားပြီး ဘုရားရှေ့မှာ အမွေးခိုင်းရရင် ဘယ့်နှယ်နေမလဲ”

သူ့အိမ်တွင် ဘာသာတရားကိုင်းရှိုင်းသည့် အဖွားကြီး တစ်ဦး ရှိသည်။ အဖွားကြီးသည် ဂေါ်ဒီယက် ထိုင်လျက်ရှိရာ အခန်းနှင့် ကပ် လျက်ရှိသော အခန်းတစ်ခုထဲသို့ဝင်လာကာ အသံကျယ်ကျယ်ဖြင့် ဘုရား ရှိခိုးလျက်ရှိသည်။

“ကောင်းကင်ဘုံမှ ဆင်းသက်၍ မယ်တော်မာရီ၏ ဝမ်းကြာ တိုက်၌ သန္ဓေစွဲယူသန့်စင်တော်မူခဲ့သော ဘုရားသခင် ကယ်တင်ရှင် ကိုယ်တော်မြတ်ကြီးဘုရား၊ သတ္တဝါတို့၏ ခိုကိုးရာမဲ့အဖြစ်ကို သိတော်မူ သည့်အလျောက် ဘုရားသခင်၏ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော် မူပါဘုရား”

တစ်ချီတစ်ချီ၌ ရင်ကွဲထွက်လုမတတ် ဖြစ်ညှစ်၍ အော်လိုက် သော အသံတစ်ခုသည် အခြားသောအသံများကို ဖုံးလွှမ်းသွားသည်။ တစ်ခါတစ်ခါ၌လည်း ဆွဲဆွဲငင်ငင် ညည်းညူလိုက်သော တစ်သံတစ်ခု

သည် အိမ်ထဲရှိ အခန်းများတစ်လျှောက်တွင် မျောပါကာ ဆည်းဆာ၏ အရိပ်များ ယှက်သန်းသဖြင့် မှောင်ရီတစ်ပိုင်း ထိုးစပြုနေသော အခန်းထောင့်များထဲတွင် တိမ်ဝင်ပျောက်ကွယ်သွားတတ်သည်။ ဂေါ်ဒီယက်သည် မကြာခဏ သက်ပြင်းချမိသည်။ ဤတစ်ချီတွင်လည်း မိန်းကလေးပင် မွေးဦးမည်လော မပြောတတ်။

ဂေါ်ဒီယက် ဂနာမငြိမ်။ တစ်ခါတစ်ရံ၌ ထိုင်ရာမှထကာ လက်ယှက်၍ ဆုတောင်းသည်။ ထို့နောက် စားပွဲတွင် ပြန်ထိုင်ကာ အရက်သောက်သည်။ (ဤတစ်ကြိမ်၌ အရက်ကလည်း မူးအောင်တတ်နိုင်ဟန်မတူတော့။) ထို့နောက် ငိုက်မျဉ်းသွားပြန်သည်။ ဤနည်းဖြင့် ဂေါ်ဒီယက်သည် ညနေ၊ ညနှင့် နောက်တစ်နေ့နံနက်ကို ကုန်ဆုံးလွန်မြောက်စေခဲ့သည်။

မွန်းတည့်ချိန်၌ ဝမ်းဆွဲသည်သည် လှေကားတစ်လျှောက်မှ ပြေးဆင်းလာရင်း ရွှင်ပျလျက်ရှိသော အသံသေးသေးကလေးဖြင့် အော်ပြော၏။

"ဘဘကြီးရေ၊ ယောက်ျားကလေးတော့၊ ကံကောင်းတာပဲ ယောက်ျားကလေး"

"တကယ်၊ တကယ်ပြောတာလားဗျ"

"အို၊ အရေးထဲ လိမ်ပြောနေရဦးမှာလားတော်"

ဂေါ်ဒီယက်သည် ပြန့်ကားကျယ်ပြန့်သော ရင်ဘတ်ကြီးတစ်ခုလုံး ပြည့်သွားအောင် အားပါးတရ အသက်ရှူလိုက်ပြီးနောက် ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ပူဇော်ကန်တော့ပါ၏ ဘုရား"

ဂေါ်ဒီယက်က လက်ကိုယှက်၍ ရင်ခွင်တွင် ဖိရင်း တုန်ရီသော အသံဖြင့် ဆိုသည်။

"ဘုရားတပည့်တော်၏ အဆက်အနွယ်တို့ ပပျောက်တိမ်ကောစေခြင်းငှာ မသင့်ဟူသော ကိုယ်တော်မြတ်ကြီး၏ အလိုတော်သည် ထင်ရှားပါပြီ ဘုရား၊ ဘုရားတပည့်တော်၏ မျိုးနွယ်များသည် တပည့်တော်ပြုခဲ့မိသော အကုသိုလ်ဒုစရိုက်တို့ကို ဆေးကြော ရှင်းလင်းပါလိမ့်မည် ဘုရား"

နောက်တစ်ခဏ၌ ဂေါ်ဒီယက်သည် မတ်တတ်ရပ်ကာ အစေခံများကို အော်ဟစ်၍ အမိန့်များပေးလျက်ရှိသည်။

"ဟော့၊ သျှင်နီကိုလေရဲ့ သုဓမ္မာဇရပ်ကိုသွားပြီး ဘုန်းကြီးပင့် ချည်စမ်းဟော့၊ ငါက ပင့်ခိုင်းလိုက်တယ်လို့ လျှောက်ခဲ့၊ မီးဖွားတုန်း တရားစာရွတ်ဖို့လို့ လျှောက်ခဲ့"

အစေခံ မိန်းမတစ်ယောက် ဝင်လာကာ စိုးရိမ်ပူပန်သော အသံဖြင့်–

"ဆရာကြီးကို မမလေးက အခေါ်ခိုင်းလိုက်ပါတယ်။ သိပ်ပြီး နေမကောင်းဘူးလို့ ပြောပါတယ်"

"ဘာရယ်၊ နေမကောင်းဘူး ဟုတ်လား၊ ကောင်းသွားမှာပေါ့" ဂေါ်ဒီယက်က အော်ပြောလိုက်သည်။ သူ့မျက်လုံးများသည် ရွှင်ပျထက်သန်မှုဖြင့် တောက်ပလျက်ရှိကြသည်။ "ငါ ခုပဲ လာခဲ့မယ်လို့ ပြောလိုက်၊ သိပ်ဝမ်းသာနေတယ်လို့လည်း ပြောလိုက်၊ လက်ဆောင် ကောင်းကောင်း တစ်ခုလည်း ယူလာခဲ့မယ်လို့လည်း ပြောလိုက်၊ သြော် ... ဟော့ ... နေဦး၊ ဘုန်းတော်ကြီးကို ကပ်ဖို့ ဆွမ်းပြင်ပြီးပလား၊ ပြီးတော့ ကလေးရဲ့ ခေါင်းကိုင်အဖေလုပ်ဖို့ မာယာခင်ကိုလည်း အခေါ်လွှတ်လိုက်ဦး"

ရွှင်ပျမြူးထူးခြင်းကြောင့် ဂေါ်ဒီယက်၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် ပို၍ကြီးမားလာသည် ထင်ရသည်။ သူသည် လက်နှစ်ဖက်ကို ပွတ်ရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်သည်။ ဘုရားရုပ်တုများကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်သည်။ လက်ယှက်၍ ဝတ်ပြုသည်။ ထို့နောက်မှ ဇနီးသည်ရှိရာ မီးနေခန်းသို့ လာခဲ့သည်။

ပထမဆုံး သူ သတိပြုလိုက်မိသောအရာမှာ ဝမ်းဆွဲသည်က အင်တုံတစ်လုံးထဲတွင် သန့်စင်ဆေးကြောပေးလျက်ရှိသော နီနီထွေး ထွေးသေးငယ်သည့် ခန္ဓာကိုယ်ကလေးတစ်ခု ဖြစ်သည်။ ထိုအရာဝတ္ထုကလေးကို မြင်လိုက်သည်၌ ဂေါ်ဒီယက်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ ခြေဖျားထောက်၍ ရှေ့သို့ တိုးလာသည်။ နှုတ်ခမ်းများကိုလည်း လျှာဖြင့် မကြာခဏ လျက်သည်။ ထိုအရာဝတ္ထုကလေးသည် ရေထဲတွင် တွန့်လိမ်ကာ အသံသေးသေးကလေးဖြင့် မြည်လျက်ရှိ၏။ အဝတ်မပါဗလာကိုယ်တီးဖြင့် ခိုကိုးရာမဲ့သည့်နှယ် သနားစဖွယ်။

"အသာအယာလည်း ကိုင်ကြပါဗျနော်၊ ကလေးလေးက အရိုးတောင် မရှိသေးဘူး"

ဂေါ်ဒီယက်က ဝမ်းဆွဲသည်ကို တောင်းပန်တိုးလျှိုးသံဖြင့် ပြောသည်။

ဝမ်းဆွဲသည်က သွားဟောင်းလောင်း ဖြစ်နေသော ပါးစပ်ကို ဖြဲရယ်ကာ ကလေးငယ်ကို ပေါ့ပါးစွာ မြှောက်၍ တစ်လက်မှ တစ် လက်သို့ ပြောင်းလိုက်သည်။

"တော့မိန်းမဆီ သွားချည်ဦးလေ"

ဂေါ်ဒီယက်က ကျိုးနွံစွာ လှည့်လာသည်။

"နာတာလျာ" ဂေါ်ဒီယက်က အနီးသို့ လျှောက်လာရင်း ခေါ်သည်။

ခုတင်အနီးသို့ အရောက် ကန့်လန့်ကာကို ဘေးသို့ ဆွဲလိုက်သည်။

"ကျွန်မတော့ ဒီတောင်က မကျော်နိုင်တော့ဘူး ထင်တယ်" နာတာလျာက အသံယဲ့ယဲ့ကလေးဖြင့် ပြောသည်။

ဂေါ်ဒီယက်က သူ့ဇနီး၏ မျက်နှာကို စူးစိုက်ကြည့်သည်။ နာတာလျာ၏ ခေါင်းသည် ခေါင်းအုံးထဲတွင် မြုပ်လျက်ရှိသည်။ နက်မှောင်သော ဆံပင်လိပ်များသည် အထွေးလိုက် အထွေးလိုက် ဖြစ်နေသော မြွေသေကောင်များနှင့် တူနေသည်။ ကြီးမားပြူးကျယ်သော မျက်လုံးကြီးများတစ်ဝိုက်တွင် ညိုမည်းလျက် ရှိသော မျက်ကွင်းများ ထင်လျက်ရှိသည်။ ဖျော့တော့၍ အသက်ကင်းမဲ့လျက်ရှိသော ဇနီးသည်၏ မျက်နှာကို မှတ်မိရန် မနည်းကြိုးစားရသည်။ နံရံတစ်နေရာကို မလှုပ်မရှား စူးစိုက်ကြည့်လျက်ရှိသော ဇနီးသည်၏ ကြောက်ဖွယ် မျက်လုံးကြီးများကိုလည်း ဂေါ်ဒီယက် ကောင်းစွာ မမှတ်မိတော့။ အသုဘနိမိတ်သည် ရွှင်လန်းအားရစွာ ခုန်နေသော သူ့နှလုံးသားကို တန့်ရပ်စေသည်။

"အို … ဘာဖြစ်လို့ မကျော်နိုင်ရမှာလဲ၊ ကလေးမွေးရင် ဒီလိုပါပဲ" ဂေါ်ဒီယက်က ဇနီးသည်ကို ငုံ့၍ နမ်းရင်း ပြောသည်။ သို့ရာ တွင် နာတာလျာက သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်ရင်း ယခင်စကားကိုပင် ထပ်၍ ပြောပြန်သည်။

"မဟုတ်ဘူး။ ကျွန်မ သိတယ်။ ဒီတောင်က ကျော်နိုင်တော့မှာ မဟုတ်ဘူး"

သူ့နှုတ်ခမ်းများသည် ဖြူဖျော့အေးစက်နေကြသည်။ နှုတ်ခမ်းချင်း ထိလိုက်သည်နှင့် တစ်ပြိုင်နက် သေခြင်းတရားသည် နာတာလျာ၏ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်စပြုနေပြီကို ဂေါ်ဒီယက် သိလိုက်သည်။

"အို … မဟုတ်တာ" ဂေါ်ဒီယက်က ပြောသည်။ ထိတ်လန့်တုန်လှုပ်ခြင်းသည် သူ့နှလုံးသားကို ဆုပ်ကိုင်ဖျစ်ညှစ်ထားသည်။ သူ့

အသက်ရှုသံသည် ရပ်သွားသည်။ "ဘာမှ မဖြစ်ပါဘူးကွာ၊ မင်း သား လေးနဲ့ဆိုရင် မင်းရှိမှ ဖြစ်မှာပေါ့၊ ဘာတွေ လျှောက်တွေးနေတာလဲ"

ဂေါ်ဒီယက်က ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။ ဝမ်း ဆွဲသည်သည် လက်တွင် ကလေးငယ်ကို ပွေ့ချီကာ ကလေးငယ်နှင့် တတွတ်တွတ် စကားပြောရင်း အနီးတွင် ကခုန်လျက်ရှိသည်။ သို့ရာတွင် ဂေါ်ဒီယက် ဘာကိုမျှ မကြားနိုင်။ ဇနီးသည်၏ ကြောက်ဖွယ် မျက်နှာကိုသာ စူးစိုက်ကြည့်လျက် ရှိသည်။ ဇနီးသည်၏ နှုတ်ခမ်းများသည် တရွရွ လှုပ်နေကြသည်။ တစ်ခါတစ်ရံ စကားလုံးများကို မသဲမကွဲ ကြားရ သည်။ သို့ရာတွင် သူ့စကားများကို ဂေါ်ဒီယက် နားမလည်။ ဂေါ်ဒီယက် သည် ခုတင်စွန်းတွင် ထိုင်ကာ ကွဲအက်လျက်ရှိသော ရင် ခေါင်းသံကြီး ဖြင့် စကားပြောသည်။

"မင်း မရှိရင် ဘယ်ဖြစ်ပါ့မလဲ၊ သားလေးဟာ ခုမှ မွေးလာတာ မဟုတ်လား၊ မင်း သားလေးကို ကိုင်ကြည့်စမ်းပါဦး၊ ဒါတွေ တွေးမနေ စမ်းပါနဲ့ကွာ၊ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ။ ခေါင်းထဲ ထား မနေပါနဲ့"

ပြောမည့်သာ ပြောရသည်။ သူ့စကားများ အချည်းနှီး အကျိုးမဲ့ သာ ဖြစ်ကြောင်းကို ဂေါ်ဒီယက် သိပြီ။ သူ့မျက်လုံးများထဲတွင် မျက်ရည် တွေ ဝဲစပြုလာပြီ။ သူ့ရင်ထဲ၌ ကျောက်ခဲကြီး ဆွဲထားသည့်ပမာ လေး လာပြီ။ ရေခဲတုံးကြီးထည့်ထားသည့်ပမာ အေးစက်လာပြီ။

"ကျွန်မ သွားတော့မယ်နော်၊ သားလေးကို ဂရုစိုက်ပါနော်၊ အရက်သိပ်မသောက်ပါနဲ့နော်" နာတာလျာက ပါးစပ်လှုပ်၍ ပြောသည်။ အသံ မထွက်တော့ပြီ။

ဘုန်းတော်ကြီး ရောက်လာကာ နာတာလျာ၏ မျက်နှာကို အဝတ်ဖြင့် ဖုံးလိုက်သည်။ ဘုန်းတော်ကြီးသည် အကြိမ်ကြိမ် သက်ပြင်း ချပြီးနောက် တရားစာများကို ရွတ်လျက်ရှိသည်။

"စကြဝဠာကြီး၏အရှင်သခင် ဘုရား၊ ကိုယ်တော်သည် အနာ ရောဂါတို့ကို ကုသပေးတော်မူသည် ဖြစ်ပါ၏။ ကိုယ်တော်၏ တပည့် တော်မ နာတာလျာသည် သန္ဓေသားကို မွေးဖွားပြီးသည့်အလျောက် ၎င်း၏အနာရောဂါကို ကုသပေးတော်မူပါ ဘုရား၊ ၎င်း၏ခေါင်းကို လဲ လျောင်းရာမှ ထူမပေးတော်မူပါဘုရား၊ 'တရားကို မစောင့်သူတို့သည် ကိုယ်တော်၏ မျက်စိရှေ့မှောက်၌ ဆိုးသွမ်းယုတ် ညံ့သူများသာ ဖြစ်ကုန်

၏’ ဟူသော ပရောဟိတ်ဒေဝိ၏ တရားကို နှလုံးသွင်းပေးတော်မူပါဘုရား”

ဘုန်းတော်ကြီး၏အသံက တဖြည်းဖြည်း တိမ်သွားသည်။ ရှည်လျားချောင်ကျလျက်ရှိသော မျက်နှာသည် တင်းမာလျက်ရှိသည်။

“ငင်းမွေးဖွားပေးခဲ့သော ကလေးငယ်ကို ဒုစရိုက်အပေါင်းမှ ကယ်မတော်မူပါဘုရား၊ ကြမ်းကြုတ်ရက်စက်မှုအပေါင်းမှ ကယ်မပေးတော်မူပါဘုရား၊ ဒုက္ခဝဲသြဃ မုန်တိုင်းတို့မှ ကယ်မပေးတော်မူပါဘုရား၊ ညဥ့်လည်းကောင်း၊ နေ့ဥ့်လည်းကောင်း ပျံသန်းမြူးထူးကြကုန်သော မိစ္ဆာစုန်းအပေါင်းမှ ကယ်မပေးတော်မူပါဘုရား”

ဂေါ်ဒီယက်သည် တိတ်ဆိတ်စွာ ငိုသည်။ ပူနွေးကြီးမားသော မျက်ရည်ပေါက်ကြီးများသည် နာတာလျာ၏ ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော လက်မောင်းပေါ်သို့ ကျလာကြသည်။ သို့ရာတွင် ထိုမျက်ရည်ပေါက်ကြီးများ ကျလာသည်ကို နာတာလျာ မသိတော့။ နာတာလျာ၏ လက်မောင်းသည် လှုပ်ရှားခြင်းလည်း မရှိ။ မျက်ရည်ပေါက်များ ကျသည့်အခါ၌ လှုပ်ရှားခြင်းလည်း မရှိ။ ဘုန်းတော်ကြီး၏ ရွတ်ဖတ်သရဇ္ဈာယ်မှုကိစ္စပြီးသည့်နောက်၌ နာတာလျာသည် သတိလစ်သွားကာ နောက်နှစ်ရက်အကြာ၌ အသက်ရှင် နေထိုင်ခဲ့စဉ်က ကဲ့သို့ပင် စကားတစ်ခွန်းမျှ မပြောဘဲ လောကကြီးကို တိတ်ဆိတ်စွာ စွန့်ခွာသွားသည်။ ဂေါ်ဒီယက်က သူ့ဇနီးသည်ကို ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်သည်။သားကို ဖိုးမာဂေါ်ဒီယက်ဟု အမည်ပေးသည်။ ထို့နောက် စိတ်လေးလေး ဖြင့်ပင် သူ့သားကို ခေါင်းကိုင်အဖဖြစ်သူ မာယာခင်၏ အိမ်သို့ သွားရောက်အပ်နှံသည်။ ထိုအချိန်က မာယာခင်၏ ဇနီးမှာလည်း ကလေးတစ်ယောက် မွေးဖွားပြီးစ ဖြစ်သည်။ ဇနီးသေဆုံးပြီးသည့်နောက်၌ ဂေါ်ဒီယက်၏ နက်မှောင်သော မုတ်ဆိတ်မွေးများသည် ဖြူစပြုလာကြပြီ။ သို့ရာတွင် တောက်ပသော သူ့မျက်လုံးများ၌ကား အသစ်ဖြစ်၍ နူးညံ့သိမ်မွေ့သော အရာတစ်ခု ဝင်ရောက်လာခဲ့လေပြီ။

***

(၂)

မာယာခင်၏အိမ်က နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ အိမ်ပတ်လည်ကြီးမားသော ဥယျာဉ်ကြီးထဲ၌ လှပသော သံပရာပင်အိုများ ပေါက်နေကြသည်။ မည်းနက်သော ဇာမြိတ်ဇာကွက်တို့ ဖော်ပေးသည့်နှယ် အရွက်ဖားဖားဝေသော သံပရာကိုင်းများက ပြတင်းပေါက်များပေါ်သို့ အရိပ်ထိုးကျလျက်ရှိသည်။ နေခြည်သည် သံပရာရွက် ကန့်လန့်ကာကြားမှ ထိုးဖောက်ကာ သေတ္တာမျိုးစုံ ပရိဘောဂမျိုးစုံဖြင့် ပြည့်လျက်ရှိသော မည်းမှောင်သည့် အခန်းကျဉ်းကလေးများထဲသို့ ဝင်ရောက်ဖြာကျလာလေ့ရှိသဖြင့် အခန်းများသည် ဆည်းဆာလို အမြဲတမ်း မှောင်ရီလျက်ရှိတတ်သည်။ မာယာခင်၏မိသားစုက ဘုရားတရား ကိုင်းရှိုင်းကြသည်။ နောင်တသံဝေဂရစ္စာဖြင့် သက်ပြင်းချသံ၊ ဘုရားရှိခိုးသံတို့သည် လေထဲတွင် ဝဲပျံနေသကဲ့သို့ ထင်ရသည်။ ဖယောင်းနံ့၊ အမွှေးတိုင်များမှ အနံ့၊ ဆီမီးနံ့တို့သည် တစ်အိမ်လုံးကို ဖုံးအုပ်နေသည်။ ထိုအိမ်ရှိလူများသည် သူတို့၏ ပိုလျှံသော ခွန်အားဟူသမျှကို ဘာသာတရား ကိုင်းရှိုင်းမှုကိစ္စတွင်သာ အသုံးပြုကြသည့်အလျောက် ထိုအိမ်၌ ဘာသာရေး ထုံးတမ်းစဉ်လာများကို ဝမ်းမြောက်ဝမ်းသာ တိတိကျကျ လိုက်နာကြသည်။ ဝတ်ရုံနက်ဝတ်၍ နူးညံ့ပျော့ပျောင်းသော ညှပ်ဖိနပ်များကို စီးကာတည်ကြည်လေးနက်သည့် မျက်နှာထားကို ဆောင်ထားသည့် မိန်းမသဏ္ဌာန်များ သည် မှောင်ရီ၍ မွန်းကြပ်လျက်ရှိသော အခန်းများ၌ လူးလာခတ် သွားလာနေသည်ကို မြင်ရသည်။

မာယာခင်၏ မိသားစု၌ မာယာခင်အပြင် သူ့ဇနီးနှင့် သမီး အပြင် ဆွေမျိုးငါးဦးတို့ရှိသည်။ အငယ်ဆုံးသားက အသက် သုံးဆယ် လေးနှစ်ရှိပြီ။ ဆွေမျိုးသားချင်း ငါးယောက်ထဲတွင် ထက်ထက်မြက်မြက် ဟူ၍ တစ်ယောက်မျှမရှိကြ။ ဘုရားတရားဖြင့်သာ အချိန်ကုန်ကြသည်။ သူတို့အားလုံး မာယာခင်၏ ဇနီး အင်တိုနီနာအိုင်ဗင်နိုဗနာ၏ သြဇာကို နာခံကြရသည်။ အိုင်ဗင်နိုဗနာက အသားမည်းမည်း၊ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်သည်။ ခက်ထန်ပြာလဲ့သော သူ့မျက်လုံးများက အကင်း ပါးခြင်း၊ သူတစ်ထူးကို သြဇာပေးလိုခြင်း စသည့် အရိပ်အယောင်တို့ဖြင့် တောက်ပလျက်ရှိသည်။ မာယာခင်၌ တာရာဆိုသော သားတစ်ယောက် ရှိသည်။ သို့ရာတွင် သူ့အကြောင်းကို မည်သည့်အိမ်သားကမျှ ပြောဆို ခြင်း မပြုကြ။ အသက် ၁၉ နှစ်သာ ရှိသေးသော တာရာသည် မော်စကို သို့ စာသင်သွားသော်လည်း သုံးနှစ်အကြာတွင် ဖခင်၏အလိုနှင့် ဆန့် ကျင်ကာ မိန်းမယူလာခဲ့သည်။ ထို့ကြောင့် မာယာခင်က သူ့သားကို အမွေပြတ်ကြေညာခဲ့သည်။ ဤအကြောင်းကို တစ်မြို့လုံးသိနေကြပြီ။ ထို့ထက် တာရာ၏အကြောင်းကို မည်သူမျှ ပိုမသိကြ။ သို့ရာတွင် တာရာ သည် ပြစ်မှုတစ်ခုကြောင့် မဲဇာအကျဉ်းစခန်းတစ်ခုသို့ အပို့ခံရသည် ဟူ၍ကား ကောလာဟလ ဖြစ်လျက်ရှိသည်။

မာယာခင်က မုတ်ဆိတ်ကျင်စွယ်နီနီနှင့် ပုပုသေးသေး၊ လူဗလံ ကလေးတစ်ယောက်မျှသာ ဖြစ်သည်။ သူ့မျက်လုံးစိမ်းများက "ကိုယ့်လူ တို့ ကျုပ်ကိုတော့ လိမ့်မယ်၊ ညာမယ် မကြံကြနဲ့နော်၊ ဒီလိုလုပ်လို့က တော့ ဘယ်တော့မှမရဘူး" ဟု မြင်မြင်သမျှ လူများကို ပြောဆိုနေ သယောင် ထင်ရသည်။

သူ့ခေါင်းက ကြက်ဥလို ရှည်မျောမျော ဖြစ်၍ ခန္ဓာကိုယ်နှင့် မလိုက်အောင် ကြီးနေသည်။ အရေတွန့်များ နက်ရှိုင်းစွာ ထင်လျက်ရှိ သော သူ့နဖူးပြောင်ကြီးက ခေါင်းပြောင်ကြီးနှင့် တစ်သားတည်း ရော သွားသည်။ ထို့ကြောင့် ရုတ်တရက် ကြည့်လျှင် မာယာခင်၌ မျက်နှာ နှစ်ခုရှိသည်ဟု ထင်ရသည်။ မျက်နှာတစ်ခုမှာ ရှည်လျားပွယောင်းသော နှာခေါင်းကြီး အထင်းသား ပေါ်လျက်ရှိကာ တင်းမာခက်ထန်၍ လူ တစ်ဖက်သား၏ စိတ်ကို ဖောက်ထွင်းကြည့်နေသယောင် ထင်ရသော မျက်နှာဖြစ်သည်။ ထိုမျက်နှာကို လူတိုင်းမြင်နိုင်သည်။ အခြားမျက်နှာ တစ်ခုကား အရေတွန့်များဖြင့် ဖုံးအုပ်လျက်ရှိ၍ မျက်လုံးမပါသော မျက် နှာဖြစ်သည်။ မာယာခင်သည် ထိုမျက်နှာပေါ်မှ နှုတ်ခမ်းများနှင့် မျက်လုံး

များကို အရေတွန့်များ အောက်တွင် ဝှက်ထားကာ အချိန်အခါရောက် သည့်အခါကျမှ ထိုမျက်လုံးများဖြင့် ကမ္ဘာလောကကြီးကို ကြည့်မြင်၍ နှုတ်ခမ်းများဖြင့် အပြုံးတစ်မျိုးကို ပြုံးလေသလောဟုပင် ထင်ရသည်။

မာယာခင်သည် ကြိုးစက်ပိုင်ရှင်တစ်ဦးဖြစ်၍ သဘော်ဆိပ် တွင်လည်း ဆိုင်တစ်ဆိုင်ရှိသည်။ ကြိုးခွေများ၊ ဂုန်လျှော်စများက ဆိုင် မျက်နှာကျက်ထိအောင် စုပုံနေသည်။ ထိုဈေးဆိုင်နောက်မှ အခန်းတံခါး က ပတ္တာတို့ တကျွီကျွီမြည်လျက်ရှိသည်။ မာယာခင်သည် ထိုရုံးခန်း ကလေးတွင် အလုပ်လုပ်လေ့ရှိသည်။ ရုံးခန်းထဲ၌ ဟောင်းနွမ်း၍ ရုပ်ပျက် ဆင်းပျက် ဖြစ်နေသော စားပွဲခုံကြီးတစ်လုံး၊ ထိုစားပွဲရှေ့တွင် နောက်မှီ ခပ်မြင့်မြင့် လက်တင်ကုလားထိုင်တစ်လုံးတို့ရှိသည်။ မာယာခင်သည် ထိုစားပွဲတွင် ထိုင်ကာ လက်ဖက်ရည်သောက်လိုက်၊ 'မော်စကို၊ ဗီဒို၊ ဟိုစတီ' သတင်းစာကို ဖတ်လိုက်ဖြင့် တစ်နေ့တာကို ကုန်ဆုံးစေသည်။ မာယာခင်ကို ကုန်သည်များက လေးစားကြ၍ 'ဦးနှောက်ကောင်းသည်' ဟု ဆိုကြသည်။ မာယာခင်သည် သူ့မျိုးရိုးစဉ်ဆက် အကြောင်းကိုလည်း မကြာခဏ ထုတ်ဖော်ကြွားဝါလေ့ရှိသည်။

"ကျုပ်တို့ အမျိုးက ကက်သရင်းဘုရင်မကြီးရဲ့ ရွှေလက်ထက် တော်ကတည်းက ကုန်သည်မျိုးရိုးတွေဗျ" မာယာခင်က ခပ်ညှက်ညှက် အသံကလေးဖြင့် ပြောတတ်သည်။ "တစ်နည်း ပြောရရင်တော့ မျိုးရိုး သန့်တယ်လို့ ဆိုရမှာပေါ့ဗျာ"

ဂေါ်ဒီယက်၏သား ဖိုးမာသည် မာယာခင်၏ မိသားစုနှင့်အတူ ခြောက်နှစ်နေထိုင်ခဲ့ရသည်။ ဖိုးမာ၏ခေါင်းက ခပ်လုံးလုံး၊ ကြည့်၍ ကောင်းသည်။ ပခုံးက ကျယ်ပြန့်တောင့်တင်းသည်။ အလုံးအဖန် ထွား ခြင်းကြောင့်တစ်ကြောင်း၊ လုံးဝန်းသွယ်လျား၍ နက်မှောင်သော မျက်လုံး များတွင် လေးနက်တည်ငြိမ်သည့်အသွင်ကို ဆောင်ထားသည့် အတွက် ကြောင့် တစ်ကြောင်း အသက်ခြောက်နှစ်မျှသာ ရှိသေးသော်လည်း ဖိုးမာ သည် ထို့ထက်မက ကြီးနိုင်သည် ထင်ရသည်။

ဖိုးမာက စကားနည်းသော်လည်း တစ်ခုခုကို လုပ်မိလျှင် တစ် ဇွတ်ထိုး လုပ်တတ်သည်။ ဖိုးမာနှင့် မာယာခင်၏သမီးဖြစ်သူ လျူဘာ တို့သည် သူတို့ ကစားစရာများနှင့် တစ်နေ့လုံး ကစားကြသည်။ သူတို့ ကစားသည်ကို မာယာခင်၏ ဆွေမျိုးတစ်ဦးက အမြဲ စောင့်ကြည့်လေ့ရှိ သည်။ ထိုမိန်းမကြီးမှာ ခပ်ဝဝ၊ ကျောက်ပေါက်မာ သက်သက်နှင့်ဖြစ်၍ သူ့ကို 'ဘူဇယာ' ဟု နောက်ပြောင် ခေါ်လေ့ရှိကြသည်။ ဘာကြောင့်

ဤသို့ ခေါ်မှန်းကို ဖိုးမာ မသိ။ ဘူဇယာသည် တိတ်ဆိတ်စွာ တစ်ယောက်တည်း နေတတ်သည်။ ကလေးများနှင့် စကားပြောလျှင်ပင် ဘူဇယာသည် တစ်လုံးချင်းမျှသာ ပြောလေ့ရှိသည်။ ပြောပြန်လျှင်လည်း လေသံကလေးဖြင့် ပြောသည်။ ဘူဇယာသည် ဘုရားရှိခိုးမျိုးစုံကို နှုတ်တိုက်ရသည်။ သို့ရာတွင် ပုံတိုပတ်စ မပြောတတ်။ ဘူဇယာ ပြောသော ပုံပြင်ဆို၍ တစ်ခုမျှ ဖိုးမာ မကြားစဖူး။

ဖိုးမာက လျူဘာနှင့် တည့်သည်။ သို့ရာတွင် လျူဘာက နောက်ပြောင် ကျီစယ်သည့်အခါ၊ စိတ်ဆိုးအောင် လုပ်သည့်အခါများ၌ ဖိုးမာ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ မျက်လုံးများသည် တစ်ဖက်သား စချင်စရာ ချာချာလည်စပြုလာသည်။ နှာခေါင်းပေါက်များသည် ပွစိပွစိ ဖြစ်လာကြသည်။ ထို့နောက်၌ကား ဖိုးမာသည် လျူဘာကို စိတ်ရှိလက်ရှိ ထုရိုက်ပစ်တတ်သည်။ လျူဘာတာ ငိုကာ သူ့အမေကို သွားတိုင်တတ်သည်။ သို့ရာတွင် လျူဘာ၏မိခင် အင်တိုနီဗနာက ဖိုးမာကို ချစ်သည်။ ထို့ကြောင့် လျူဘာ တိုင်တန်းသည်ကို ဂရုမစိုက်။ ဤသို့ဖြင့် သူတို့နှစ်ဦး၏ ရင်းနှီးခင်မင်မှုသည် ခိုင်မြဲလာခဲ့ကြသည်။ ဖိုးမာ၏ တစ်နေ့တာ ဘဝသည် တစ်ခုထက်တစ်ခု ထူးမခြားနားသာ ဖြစ်သည်။ နံနက်အိပ်ရာမှ ထလျှင် ဖိုးမာ မျက်နှာသစ်သည်။ ဘုရားစင်ရှေ့တွင် ထိုင်ကာ ဘူဇယာ၏ စေခိုင်းချက်အရ မဆုံးနိုင်သော ဘုရားရှိခိုးအမျိုးမျိုးကို ရွတ်ဆိုသည်။ ထို့နောက် နံနက်စာ စားကြသည်။ နံနက်စာမှာ လက်ဖက်ရည်၊ ဘိန်းမုန့်၊ ကိတ်မုန့်နှင့် သကြားလုံး စသည်တို့ဖြစ်သည်။ နွေရာသီဆိုလျှင် နံနက်စာ စားပြီးသည်နှင့် ကလေးများသည် သစ်ပင်ရိပ်တို့ ဝေဆာသော ခြံထဲသို့ ထွက်ကြသည်။ ခြံတစ်ဖက်စွန်းတွင် လှိုဏ်တစ်ခုရှိသည်။ အငွေ့များနှင့် ကြောက်စရာကောင်းသည့် အရာအချို့ လှိုဏ်ထဲမှ ထွက်ပေါ်လာလေ့ရှိကြသည်။ ကလေးများကို ဤအနီးသို့ သွားခွင့်မပေးဘဲ ထားသဖြင့် ကလေးများသည် လှိုဏ်ကို ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ဆောင်းတွင်း၌ ရာသီဥတု အလွန်အေးလျှင် ညစာစားချိန်အထိ အိမ်ထဲတွင် ကစားရသည်။ နေသာလျှင် မတ်စောက်စောက်ကုန်းတစ်ခုပေါ်မှ လျှောစီးတမ်းကစားလေ့ရှိကြသည်။

မွန်းတည့်ချိန်ကျလျှင် ညစာစားသည်။ ထိုညစာကို 'ရှေးရိုးထုံးစံ' ညစာဟု မာယာခင်က ခေါ်တတ်သည်။ အသားမထည့်ဘဲ ဂျုံကို အတောင့်လုပ်၍ လှော်ထားသော ဂျုံတောင့်လှော်နှင့် အဆီများ ပေါလောမျောနေသော ဂေါ်ဖီရွက်ပြုတ် ပန်းကန်ကြီး ပထမရောက်လာသည်။

ထို့နောက် ထိုငေါ်ဖီရွက်ပြုတ်ရည်ကိုပင် အသားပါးပါးလှီးထည့်၍ ပြုတ်ထားသော ပန်းကန်ရောက်လာသည်။ ထို့နောက် ဝက်သားကင်၊ ငန်းသားကင်၊ သိုးကလေးသားကင်၊ သို့မဟုတ် ဂျုံစေ့ပြုတ် အစာသွတ်ထားသည့် အမဲလုံးကင် စသည့် အကင်တစ်ခုခု ရောက်လာတတ်သည်။ ထို့နောက် ဝမ်းတွင်းသားပြုတ်၊ သို့မဟုတ် ခေါက်ဆွဲပြုတ် ပန်းကန် ရောက်လာပြန်သည်။ နောက်ဆုံးတွင် ခပ်ဆိမ့်ဆိမ့် ခပ်ချိုချို စားစရာတစ်ခုဖြင့် အပြီးသတ်သည်။ သူတို့အိမ်တွင် အမြဲသောက်လေ့ရှိသော ယမကာမှာ ဂျင်၊ သို့မဟုတ် စတော်ဘယ်ရီသီး၊ သို့မဟုတ် ပေါင်မုန့်ကို စိမ်ရေတည်၍ အချဉ်ဖောက်ထားသော ယမကာဖြစ်သည်။ အင်တိုနီဗနာသည် အိမ်တွင် ယမကာ အမျိုးမျိုး စိမ်တတ်သည်။ သူတို့ ထမင်းဝိုင်းက တိတ်ဆိတ်သည်။ စားသောက်ရသည့် ဒုက္ခအတွက် မောပန်းနွမ်းနယ်စွာ သက်ပြင်းချကြသည်။ ကလေးနှစ်ယောက်ကို ဟင်းချိုပန်းကန်တစ်လုံးစီဖြင့် သပ်သပ်ကျွေးသည်။ လူကြီးများကမူ ဟင်းချိုပန်းကန် တစ်ခုတည်းမှပင် ခပ်သောက်ကြသည်။ ဤသို့ စားသောက်ပြီးနောက်၌ တခြားဘာမျှ လုပ်စရာမရှိ။ အိပ်ရုံသာရှိတော့သည်။ သို့ဖြင့် နှစ်နာရီ သုံးနာရီကြာမျှ မာယာခင်၏ အိမ်ကြီးတွင် ဟောက်သံ၊ အိပ်ချင်မူးတူးဖြင့် သက်ပြင်းချသံတို့သာ ကြားရသည်။ အခြား ဘာသံကိုမျှ မကြားရတော့။

အိပ်ရာမှ နိုးလျှင် လက်ဖက်ရည် သောက်ကြပြန်သည်။ ဂိုဏ်းအုပ် ဘုန်းတော်ကြီးအကြောင်း၊ ဓမ္မသီချင်း ဆိုသူများအကြောင်း၊ အသိမိတ်ဆွေများ မင်္ဂလာဆောင်သည့် အကြောင်း၊ မိတ်ဆွေ ကုန်သည်တချို့၏ ဝိသမ လောဘဇောဖ တိုက်သည့်အကြောင်း စသည့် အတင်းအဖျင်းများကို ပြောကြသည်။

လက်ဖက်ရည်ဝိုင်းပြီးလျှင် မာယာခင်က ဇနီးဘက်က လှည့်လျက်– "ကဲ အမေကြီးရေ၊ သမ္မာကျမ်းစာ ယူချည်" ဟု ဆိုသည်။

မာယာခင်က သမ္မာကျမ်းစာကို အနှစ်သက်ဆုံးဖြစ်သည်။ မာယာခင်သည် သိမ်းငှက်၏ နှာခေါင်းလို ကောက်ချိတ်လျက်ရှိသော နှာခေါင်းပေါ်တွင် ငွေကိုင်းတပ် မျက်မှန်ကို ကောက်တပ်လိုက်ပြီးနောက် အိမ်ရှိလူကုန် လာမလာကို လှမ်းကြည့်သည်။ အိမ်ရှိ လူကုန်ကိုယ့်နေရာကိုယ်ရောက်ကြပြီ။ သူတို့မျက်နှာများက အေးတိအေးစက်။ စိတ်ပါပုံမရ။

"အုဇ မည်သော တိုင်းပြည်၌ လူတစ်ယောက်ရှိ၏"

မာယာခင်က အသံညှက်ညှက်ကလေးဖြင့် သမ္မာကျမ်းစာကို စ၍ဖတ်သည်။ ဤနေရာသို့ ရောက်သည်နှင့် သူ့မွေးစားအဖေ မာယာ

ခင်သည် စာဖတ်ရာမှ ရပ်ကာ ခေါင်းပြောင်ကြီးအား လက်ဖြင့် ပွတ်တတ်သည်။ အခန်းထောင့်ခုံရှည်တစ်ခုတွင် လျူဘာနှင့်အတူ ထိုင်လျက်ရှိသော ဖိုးမာက သူ့မွေးစားအဖေ၏အကျင့်ကို သိနေပြီ။ ဖိုးမာသည် သမ္မာကျမ်းစာ ဖတ်သံကို နားထောင်ရင်း အုဇ်တိုင်းပြည်မှ ထိုလူ၏ ပုံသဏ္ဌာန်ကို မှန်းဆ၍ ကြည့်မိသည်။ ထိုလူက အရပ်မြင့်သည်။ ဗလာကိုယ်ထီးဖြစ်သည်။ မျက်လုံးများက နီကရူနိုနီဘုရားစင်ပေါ်မှ ရုပ်တု၏ မျက်လုံးများကဲ့သို့ ကြီးမားပြူးကျယ်သည်။ အသံက စစ်ခရာတုတ်သံနှင့် တူ သည်။ မိနစ်နှင့်အမျှ ထိုလူသည် ဖိုးမာ၏ မျက်လုံးတွင် ကြီးထွားလာ သည်။ ထိုလူသည် ကောင်းကင်ထိလုနီး မြင့်လာသည်။ ထိုသို့ မည်း သော လက်များနှင့် တိမ်တိုက်များကို ဘေးသို့ ဆွဲဖယ်ကာ “မိမိကိုယ်ကို ဖုံးကွယ်ခြင်းပြုသော လူသားအား အဘယ့်ကြောင့် အလင်းရောင်ကို ပေးရသနည်း” ဟု ကြောက်မက်ဖွယ်သော အသံဖြင့် အော်ဟစ်သည်။

ဖိုးမာသည် ကြောက်လန့်ကာ တဆတ်ဆတ် တုန်လျက်ရှိ သည်။ သူ့မွေးစားအဖေက မုတ်ဆိတ်မွေးကို ပွတ်သပ်ကာ “ဘယ်နှယ့်လဲ ဟေ့၊ သဘောမကျဘူးလား” ဟု နောက်ပြောင်ကျီစယ်ခြင်းပြုသည့်အခါ ၌ ဖိုးမာတွင် အိပ်ချင်စိတ် အကြွင်းအကျန်တို့သည် ပျောက်ကွယ်သွား သည်။

သူ့မွေးစားအဖေက မိမိအား အုဇ်တိုင်းပြည်မှ ထိုလူနှင့် နှိုင်းယှဉ်ပြောဆိုလျက်ရှိခြင်းကို ဖိုးမာသိသည်။ သူ့မွေးစားအဖေ၏ အပြုံးသည် ဖိုးမာကို အားတက်စေသည်။ ထိုလူသည် ကောင်းကင်ပြင်ကြီးကို သူ၏ ညိုမှောင်သော လက်များဖြင့် အောက်သို့လည်း ဆွဲချခြင်းမပြု၊ ကောင်းကင်ပြင်ကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပစ်ခြင်းလည်း မပြု။ ဖိုးမာသည် ထိုလူ၏ရုပ်ပုံကို နောက်တစ်ကြိမ် မှန်းဆကြည့်ပြန်သည်။ ယခု တစ်ကြိမ်၌မူ ထိုလူသည် မြေကြီးပေါ်၌ ထိုင်လျက်ရှိသည်။ သူ့ခန္ဓာကိုယ်သည် ‘ပိုးကောင်များ၊ ဖုံမှုန့်များဖြင့်’ ဖုံးအုပ်လျက်ရှိသည်။ သူ့အသားအရေသည် ကွဲအက်ကာ စက်ဆုပ်စဖွယ်ဖြစ်သည်။ ထိုလူသည် အားနည်းဖျော့တော့ကာ သုခမ္မာဇရပ်တစ်ဆောင်ရှေ့တွင် ရပ်လျက်ရှိ သော သူတောင်းစားတစ်ဦးသဖွယ် ရှေ့တူရူသို့ ငေးကြည့်လျက်ရှိသည်။

“မသန့်ရှင်းသော အရာတစ်ခုထဲမှ သန့်ရှင်းသော အရာတစ်ခုကို ရအောင် မည်သူပြုနိုင်သနည်း” ဟု ထိုလူက မေးသည်။

“ဒါ ဘုရားသခင်ကို မေးလျှောက်နေတာ သိရဲ့လား” ဟု မာယာခင်က ပြောသည်။ “သူမေးတဲ့အဓိပ္ပာယ်က မိန်းမဝမ်းတွင်းက ပေါက်

ဖွားလာတဲ့လူဟာ ကောင်းရာမွန်ရာကို လုပ်နိုင်ပါ့မလားလို့ မေးနေတာ၊ ဘုရားသခင်ဆီကို မေးလျှောက်တဲ့မေးခွန်း”

မာယာခင်သည် မိန်းမတစ်သိုက်ကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သူ့မျက်လုံးတွင် အနိုင်ယူသော သဘောသည် ဝင်းလက်လျက်ရှိသည်။

“မေးထိုက်တဲ့ မေးခွန်းကို မေးတာပဲနော်” ဟု ဆိုကာ မိန်းမတစ်သိုက်က သက်ပြင်းချကြသည်။

မာယာခင်က လှောင်ရယ် ရယ်လိုက်သည်။

“အလကား ကောင်မတွေ၊ သွား … ကလေးတွေကို သိပ်ချည်တော့”

*

အိညက်–ဂေါ်ဒီယက်သည် မာယာခင်၏အိမ်သို့ နေ့တိုင်းရောက်သည်။ သူ့သားအတွက် ကစားစရာများကို ဝယ်ယူလာသည်။ သားငယ်ကို မြှောက်ချီကာ ချစ်ခင်ယုယစွာ ပွေ့ဖက်ဖျစ်ညှစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ မကျေနပ်ဟန်ဖြင့်–

“သားကြီးရေ … ဘာဖြစ်လို့ ငိုင်တိုင်တိုင်ကြီး ဖြစ်နေရတာ လဲကွ” ဟု စိုးရိမ်ပူပန်စိတ်ကို အနိုင်နိုင်ဖုံး၍ မေးတတ်သည်။ “ကဲ … ရယ်စမ်းပါဦး”

တစ်ခါသော် သူ့မိတ်ဆွေ မာယာခင်ကို ဤသို့ပြောသည်။

“ဒီကောင်ဟာ သူ့အမေလိုများ ဖြစ်နေမလား မသိဘူး။ မျက်လုံးတွေကလဲ မှုန်မှိုင်းမှိုင်းနဲ့”

“ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ဗျာ၊ ကလေးက ငယ်ပါသေးတယ်”

မာယာခင်က ရယ်၍ပြောသည်။

မာယာခင်သည် သူ့မွေးစားသားကို ချစ်သည်။ သူ့သားကို အိမ်သို့ ပြန်ခေါ်တော့မည်ဟု အိညက်ဂေါ်ဒီယက်က ပြောသောအခါ၌ မာယာခင် တကယ်ပင် စိတ်ထိခိုက်သွားသည်။

“နေပါစေဦးလားဗျာ” မာယာခင်က ပြောသည်။ “ကျုပ်တို့နဲ့ တော်တော်လေး နေသားကျနေပြီ။ ကြည့်စမ်း … မလိုက်ချင်လို့ ငိုနေတယ်”

“အို … ခဏနေတော့ တိတ်သွားမှာပေါ့ဗျ။ သားတစ်ယောက်ကို မွေးထားရတာ ခင်ဗျားပေးဖို့ မွေးထားရတဲ့အတိုင်းပဲ။ ပြီးတော့ ခင်ဗျား

အိမ်က ဘုန်းကြီးကျောင်းလို ပျင်းစရာကောင်းပါဘိသနဲ့၊ ကလေးတွေ နေလို့ မတော်ပါဘူး။ ကျုပ်ကလည်း ကျုပ်သားမရှိရင် မနေတတ်ဘူးဗျ။ အိမ်ပြန်ရောက်လို့မှ ကိုယ့်ကို ရွှင်လန်းသွားအောင် လုပ်ပေးမယ့်သူမရှိ ဘာမရှိနဲ့ ဟာလာဟင်းလင်းကြီး၊ ကျုပ်ကလည်း သူနဲ့အတူ ခင်ဗျားတို့ အိမ်ကို လာနေလို့မဖြစ်၊ သူ့အတွက် ကျုပ်လူဖြစ်လာရတာ မဟုတ်ဘူးဗျ။ ကျုပ်အတွက် သူလူဖြစ်လာရတာ၊ မဟုတ်ဘူးလား၊ ကျုပ်နှမ အင်ဖီဇာ လည်း ကျုပ်တို့နဲ့အတူ လာနေပြီး သူ့ကို ထိန်းပေးလိမ့်မယ်လေ"

သို့ဖြင့် ဖိုးမာသည် သူ့အဖေအိမ်သို့ ပြန်ရောက်လာခဲ့သည်။

အိမ်တံခါးဝတွင် သိမ်းငှက်ကဲ့သို့ ကောက်ချိတ်သော နှာခေါင်း၊ သွားမရှိတော့သော ပါးစပ်ပြဲကြီးနှင့် ရယ်စရာမိန်းမအိုကြီးတစ်ယောက်က ဖိုးမာကို ဆီးကြိုသည်။ ထိုမိန်းမကြီးမှာ အရပ်ရှည်ရှည်၊ ပခုံးဝိုင်းဝိုင်းနှင့် ဆံပင်တို့ဖွေးဖွေးဖြူနေပြီ။ ပြာမွဲမွဲဝတ်စုံကို ဝတ်ထားပြီး ဖြူဖွေးလျက်ရှိသော ခေါင်းပေါ်တွင် အနက်ရောင် ပိုးဦးထုပ်ကလေးကို ဆောင်းထားသည်။ ပထမသော် ဖိုးမာသည် ထိုအဖွားကြီးကို နှစ်မြို့ခြင်းမရှိလှ။ ကြောက်ရွံ့ခြင်းပင် ဖြစ်မိသေးသည်။ သို့ရာတွင် ပါးရေတွန့်လိပ်လျက်ရှိသော မျက်နှာပေါ်မှ နက်မှောင်သော မျက်လုံးများက မိမိအား ကြင်နာစွာ စိုက်ကြည့်လျက်ရှိခြင်းကို မြင်လိုက်ရသည့်အခါ၌ကား ဖိုးမာသည် မျက်နှာကို အဘွားကြီး၏ ဝတ်စုံကြားတွင် ချက်ချင်း ဝှက်ထားလိုက်မိသည်။

"အင်း ... မိတဆိုးကလေး၊ မိတဆိုးကလေး" ဟု ဖိုးမာ၏ ခေါင်းကို ပွတ်သပ်ပေးရင်း နူးညံ့သောအသံဖြင့် ခပ်တုန်တုန် ရွတ်ဆိုလျက်ရှိ၏။ "ကြည့်စမ်း၊ အရီးမှန်း သိတတ်သားပဲ၊ ဟင် လူလေး"

အရီးက ဖိုးမာကို ချစ်ခင်မြတ်နိုးပုံမှာ တစ်မျိုးတစ်ဖုံ ဆန်းသစ်လျက်ရှိသည်။ ထိုချစ်ခင်ယုယပုံမျိုးကို ဖိုးမာ တစ်ခါမျှမတွေ့ခဲ့ဖူးသေး။ ဖိုးမာသည် စူးစမ်းခြင်း၊ မျှော်လင့်ခြင်းတို့ ပြည့်လျှမ်းလျက်ရှိသော အကြည့်ဖြင့် ထိုအဘွားကြီး၏ ပြာလဲ့သော မျက်လုံးများကို စူးစိုက်ကြည့်မိသည်။ ထိုအဘွားကြီးသည် ဖိုးမာ မသိသော ကမ္ဘာလောကသစ်ကြီး တစ်ခုထဲသို့ ရောက်အောင် ဖိုးမာကို ပို့ဆောင်ပေးခဲ့သည်။ ရောက်သည့်နေ့က ဖိုးမာကို အိပ်ရာတွင် သိပ်သောအခါ၌ ထိုအဘွားကြီးသည် ဖိုးမာ အနီးတွင် ထိုင်ကာ သူ့ကို ငုံ့ကြည့်နေသည်။

"အရီး ပုံပြောပြမယ်၊ နားထောင်မလား ကလေး"

ထို့နောက်မှစ၍ ဖိုးမာသည် ပုံပြင်များကို ပြောပြလျက်ရှိသော အဘွားကြီး၏ နူးညံ့ချိုသာသည့်အသံကို နားထောင်ရင်း အိပ်ပျော်သွား

တတ်သည်။ ဖိုးမာသည် လှပသော ဒဏ္ဍာရီပုံပြင်များကို စိတ်အားထက်သန်စွာ နားထောင်သည်။ အဘွားကြီးသည် ၎င်း၏စိတ်ကူးထဲမှ ကုန်ခန်းနိုင်ဖွယ်မရှိသော ရတနာများကို ဆွဲထုတ်ယူပြနေသကဲ့သို့ ထင်မှတ်ရသည်။ တစ်ခါတစ်ရံ ပုံပြင်နားထောင်ရင်း ငိုက်မျဉ်းစပြုလာသောအခါ၌ အဘွားကြီးသည် ပုံပြင်ထဲမှ သနားကြင်နာတတ်သော 'ဘာဘာယာဃေ' လေလောဟု ဖိုးမာ ထင်မိသည်။ တစ်ခါတစ်ရံ၌ လှပ၍ ပညာရှိသော ဗာစီလီဇာလောဟု ထင်မိသည်။ ဘုရားစင်မှ မှုန်ရီဖြာကျလျက်ရှိသော မီးရောင်ထဲ၌ ငေ့ယမ်းလှုပ်ရှားနေကြသော အရိပ်များကို မျက်လုံးအပြူးသားဖြင့် ငေးကြည့်ရင်း ပုံပြင်ထဲမှ ရှုခင်းများသည် ဖိုးမာ၏ မျက်လုံးများထဲတွင် အထင်းသား ပေါ်လာတတ်ကြသည်။ စကားမပြောသော်လည်း အသက်ရှင်လျက်ရှိသော အရိပ်များသည် နံရံများ၊ ကြမ်းပြင်များပေါ်တွင် လှုပ်ရှားလျက်ရှိသည်။ ဖိုးမာသည် ထိုအရိပ်များကို ကြောက်သလိုရှိသော်လည်း ထိုအရိပ်များအား စောင့်ကြည့်ရခြင်းကို နှစ်ခြိုက်သည်။ ထိုအရိပ်များကို မိမိဘာသာ ပုံသဏ္ဌာန်ဖော်၍ မိမိဘာသာ အရောင်အသွေးများ ခြယ်မှုန်းပြီးနောက် မျက်စိတမှိတ်ကလေးအတွင်း ပျောက်ကွယ်သွားအောင် ဖန်တီးရခြင်းကို ကြည်နူးသည်။ ထိုအခါ၌ သူ့မျက်လုံးများသည် မှုန်မှိုင်းရီဝေခြင်း မရှိကြတော့။ အသွင်တစ်မျိုးကို ဆောင်လာကြသည်။ ထိုသို့ အပြစ်ကင်းသော အသွင်၊ သန့်ရှင်းသော အသွင်ကို ဆောင်လာကြသည်။ အမှောင်ထုနှင့် တစ်ယောက်ထီးတည်း နေရခြင်းသည် ဖိုးမာ၏ ရင်တွင်း၌ ပြင်းပြထက်သန်သော မျှော်လင့်ချက်တစ်မျိုးကို ဖြစ်ပေါ်စေသည်။ စူးစမ်းလိုစိတ်ကို ရှင်သန်လာစေသည်။ နောက်ကွယ်တွင် မည်သည့်အရာများ ပုန်းအောင်းနေသနည်းဟု ရှာဖွေရန်အတွက် မှောင်မည်းသော အခန်းထောင့်မှ အမှောင်ထုကို ရင်ဆိုင်လိုစိတ်ကို နှိုးဆွပေးသည်။ အမှောင်ထုထဲ၌ မည်သည့်အရာကိုမျှ မတွေ့ရသော်လည်း တစ်နေ့တွင် တွေ့ရလိမ့်မည်ဟူ၍ ဖိုးမာ မျှော်လင့်ထားသည်။

ဖိုးမာသည် သူ့အဖေကို ကြောက်သော်လည်း ချစ်သည်။ အဖေ၏ ကြီးမားတောင့်တင်းသော အလုံးအဖန်၊ ပဲ့တင်ရိုက်လျက် ခပ်မြမြဖြစ်နေသော အသံ၊ မုတ်ဆိတ်မွေးတို့ဖြင့် ဖုံးအုပ်ထားသော မျက်နှာ၊ ထူထပ်၍ ဖြူဖွေးစပြုနေပြီဖြစ်သော ဆံပင်၊ ရှည်လျားသန်မာသော လက်မောင်းများ၊ တစ်လက်လက်တောက်ပလျက်ရှိသော မျက်လုံးများ ထိုအရာများ အားလုံးကြောင့် သူ့အဖေသည် ပုံပြင်များထဲမှ ဓားပြကြီးတစ်ယောက်နှင့် တူသည်ဟု ဖိုးမာ ထင်သည်။

တစ်နေ့ ဖိုးမာ အသက်ခုနစ်နှစ်ထဲသို့ အရောက်တွင် ခရီးသွားရာမှ ပြန်ရောက်လာသော အဖေ့အားမည်သည့်ဒေသမှ ပြန်လာသနည်းဟု ဖိုးမာက မေးလိုက်သည်။

"ဇော်လဂါ မြစ်တရိုးက စုန်လာတာပေါ့ကွ လူလေးရ"

အဖေက ဖြေသည်။

"ဓားပြတိုက် ပြန်လာတာလား" ဖိုးမာက လေသံကလေးဖြင့် မေးသည်။

"ဘာ"

ဂေါ်ဒီယက်က မျက်ခုံးကြီးပင့်ကာ တအံ့တဩ မေးလိုက် သည်။

"အဖေက ဓားပြကြီး မဟုတ်လား၊ ကျွန်တော် သိပါတယ် အဖေရယ်"

ဖိုးမာက သူ့မျက်လုံးများကို မှေး၍ပြောသည်။ အဖေ၏ လျှို့ဝှက်ချက်ကို အလွယ်တကူ သိသည်ဟု ယူဆသည့်အတွက်လည်း ပီတိဖြစ်လျက်ရှိသည်။

"အဖေက ကုန်သည်ပါကွ" ဂေါ်ဒီယက်က ရှုတည်တည်ဖြင့် ပြောလိုက်သည်။ သို့ရာတွင် ချက်ချင်း သတိရကာ ပြုံးလိုက်ပြီးနောက်–

"ငါ့သားက သိပ် အ,တာကိုးကွ၊ အဖေက ဆန်ကုန်သည်လေကွာ။ မီးသင်္ဘောတွေ၊ သမ္ဗန်တွေလည်း ပိုင်တယ်။ လူလေး 'ယာမတ်'ကို မမြင်ဖူးသေးဘူးလား၊ အဖေ့ရဲ့ သမ္ဗန်ကြီးလေ၊ လူလေးလည်း ပိုင်တာပေါ့"

"အဖေ့သမ္ဗန်ကြီးက အကြီးကြီး၊ ဘာလုပ်ဖို့လဲ" ဖိုးမာက သက်ပြင်းချ၍ ပြောသည်။

"အေး ... ဟုတ်တယ်၊ ငါ့သားကစားဖို့ သမ္ဗန်ငယ်ငယ်ကလေး တစ်စင်း ဝယ်ပေးရဦးမယ်၊ ယူမလား"

"ယူမှာပေါ့ဗျ" ဖိုးမာက ပြောသည်။ သို့ရာတွင် အတန်ကြာ စဉ်းစားပြီးနောက် ခပ်လေးလေးဖြင့် "ကျွန်တော့်ကို မညာပါနဲ့ဗျာ၊ အဖေက ဓားပြကြီးပါ၊ မဟုတ်ဖူးလား"

"ဘယ်က ဟုတ်ရမှာလဲ၊ ကုန်သည်ပါလို့ဆိုနေ"

ဂေါ်ဒီယက်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။ စိတ်ပျက်လက်ပျက်ဖြစ်လျက်ရှိသော သူ့သားကို စိတ်မချမ်းမသာဖြင့် ကြည့်လိုက်သည်။

"ဒါဖြင့် ပေါင်မုန့်ရောင်းတဲ့ ဘဘကြီး ဖြိုဒါလိုပေါ့ ဟုတ်လား"
ဖိုးမာက ခေတ္တတွေ၍ နေပြီးနောက် မေးလိုက်သည်။

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ အဖေက ပိုပြီး ချမ်းသာတယ်။ အဖေက ဖြိုဒါထက် ပိုပြီး ပိုက်ဆံရှိတယ်"

"အများကြီးပေါ့"

"ဒါပေါ့၊ ဒါပေမယ့် အဖေ့ထက် ချမ်းသာတဲ့ လူတွေလည်း ရှိဦးမှာပေါ့"

"သေတ္တာဘယ်နှစ်လုံး ရှိသလဲ"

"ဘာသေတ္တာလဲ"

"ပိုက်ဆံသေတ္တာလေ"

"ဩော် ... ငါ့သားနယ် အ, ပါဘိတော့၊ ပိုက်ဆံကို ရေတွက်တာ သေတ္တာနဲ့ မရေတွက်ရဘူးကွ"

"အံမယ် သေတ္တာနဲ့ ရေနေကြတာပဲဟာ" ဖိုးမာက စိတ်အားထက်သန်စွာပြောသည်။ သူ့အဖေကိုကြည့်ရင်း စကားဆက်လိုက်သည်။ "တစ်ခါတုန်းက မက္ကဇင်းဆိုတဲ့ ဓားပြကြီးဟာ သူဌေးကြီးတစ်ယောက်ဆီက ငွေတွေနဲ့ ပိုက်ဆံသေတ္တာဆယ့်နှစ်လုံး ခိုးလာသတဲ့၊ ပြီးတော့ သုဓမ္မာဇရပ်ကို ဝင်လုတော့ လူတစ်ယောက်က ခေါင်းလောင်းတီးပြီး အချက်ပေးလို့ အဲဒီလူ လည်ပင်းကို ဓားနဲ့ခုတ်ပြီး ခေါင်းလောင်းစင်ပေါ်က ပစ်ချလိုက်သတဲ့"

"ဘာလဲ၊ မင်းအရီးလေးက ဒါတွေပြောပြသလား" ဂေါ်ဒီယက်က ဖိုးမာ၏စိတ်ထက်သန်မှုကို အားရကျေနပ်လျက် မေးသည်။

"ဟုတ်တယ်၊ အရီးက ပြောတယ်။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွ" ဂေါ်ဒီယက်က ရယ်လိုက်သည်။

"လက်စသတ်တော့ ဒါကြောင့် ငါ့သားက ကိုယ့်အဖေကို ဓားပြကြီး ထင်နေတာကိုး"

"ဒါဖြင့် ဖေဖေ တစ်ခါတုန်းကတော့ ဓားပြကြီး ဖြစ်ခဲ့ဖူးမှာပေါ့" ဖိုးမာက မျှော်လင့်ချက်ကြီးစွာဖြင့် မေးသည်။

"ကျားသားမိုးကြိုးကွာ၊ ဘယ်က ဓားပြဖြစ်ခဲ့ဖူးရမှာလဲ၊ ဒါတွေ တွေးမနေနဲ့"

"တစ်ခါမှ မဖြစ်ဖူးဘူးလား"

"မဖြစ်ခဲ့ပါဘူးကွာ၊ အဖေပြောတာ မယုံချင်ဘူးလား၊ မင်းတော်တော် အ, သေးတဲ့ ကောင်ပဲ၊ ဓားပြဆိုတာ သူများဥစ္စာလုပြီး

မကောင်းတဲ့အလုပ်ကို လုပ်နေတဲ့လူတွေကို ပြောတာ၊ ဘုရားတရား လည်း မရှိဘူး။ သုခမ္မာဇရပ်ကိုလဲ ဝင်လုတာပဲ၊ ဒါကြောင့် သူတို့သေရင် ငရဲကို ရောက်တယ်။ ကဲ ... လူလေး၊ မင်းဒီလိုနေလို့ မဖြစ်ဘူး။ စာသင်ရ မယ်။ စာသင်ဖို့အချိန် ရောက်ပြီ၊ ဒီနှစ်တစ်ဆောင်းလုံး စာသင်၊ စာသင်ပြီး နွေပေါက်လို့ ငါးဖမ်းချိန်ရောက်ရင် ငါ့သားကို ဗော်လဂါမြစ်ရိုးတစ် လျှောက် ခေါ်သွားရမယ်”

“ကျွန်တော် ကျောင်းနေရတော့မှာပေါ့” ဖိုးမာက မဝံ့မရဲဖြင့် မေးသည်။

“ခု ... မနေရသေးဘူး၊ အိမ်မှာတင် အရီးက သင်ပေးလိမ့်မယ်”

သို့ဖြင့် ဖိုးမာသည် နံနက်တိုင်း စာကြည့်စားပွဲတွင် ထိုင်ကာ အရီးပို့ချသော ‘ကကြီး ခခွေး’ ကို စ၍ သင်ရသည်။

ဋသန်လျင်းချိက်၊ ဋ ဝမ်းဘဲ စသည့် ဗျည်းများသို့ ရောက် သောအခါ ရယ်စရာကောင်းသည့် အသံထွက်များကြောင့် ဖိုးမာ တခိခိ ရယ်သည်။ ဖိုးမာသည် သင်ခန်းစာများကို လျင်မြန်စွာ မှတ်မိသွားကာ မကြာမီအတွင်း ဆာလံကျမ်းကို ဖတ်တတ်သွားသည်။

“အေး ... ငါ့တူက တော်တော်ဟုတ်နေပြီကွယ့်”

အရီးက ဖိုးမာ စာတတ်လာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြင့် အားပေးသည်။

“အေး ... ငါ့သားက ဟုတ်တယ်ဟေ့” ဟု သား၏အခြေအနေ ကို ကြားရသည့်အခါ၌ ဂေါ်ဒီယက်က ဆိုသည်။ “နွေပေါက်ရင် အဖေ တို့ သားအဖနှစ်ယောက် အက်စထရာခန်ကို သမ္ဗန်နဲ့ စုန်ကြမယ်ကွ၊ ဆောင်းဦးပေါက်ကျရင် သားကို ကျောင်းအပ်ရမယ်”

တောင်ထိပ်မှ လိမ့်ကျလာသော ဘောလုံးတစ်လုံးကဲ့သို့ ဖိုးမာ ၏ ဘဝသည် အဖုအထစ်မရှိဘဲ ဖြောင့်ဖြူးလျက်ရှိသည်။ အရီးက ဖိုးမာ ၏ဆရာလည်းဖြစ်၍ ကစားဖော်လည်း ဖြစ်သည်။ တစ်ခါတစ်ရံ၌ သူတို့ ထံသို့ လျူဘာရောက်လာတတ်ရာ ထိုအခါတွင် အရီးကိုယ်တိုင်သည် လည်း ကလေးငယ်တစ်ယောက် ဖြစ်သွားသည်။ သူတို့သည် တူတူပုန်း တမ်း ကစားကြသည်။ ညောင်ပင်တစ္ဆေ လုပ်တမ်းကစားကြသည်။ မျက်နှာတွင် အဝတ်စည်းကာ လက်နှစ်ဖက်ဖြင့် စမ်း၍ အခန်းအလယ် တွင် ဒယီးဒယိုင် လျှောက်ရင်း သတိကြီးစွာထားသည့်ကြားက ကုလား ထိုင်များ၊ စားပွဲများကို တိုက်မိသောအခါ၌လည်းကောင်း၊ “ကလေးတွေ ဘယ်များ သွားပုန်းနေကြပါလိမ့်” ဟု ပါးစပ်မှ တဖွဖွရွတ်ရင်း မဟုတ်

သည့်နေရာတွင် လိုက်ရာသော အရီးကို မြင်ရသည့်အခါ၌ လည်းကောင်း ဖိုးမာနှင့် လျူဘာတို့သည် အားရရွှင်မြူးစွာ ရယ်မောတတ်ကြသည်။

နေခြည်သည် ပျိုမျစ်နုနယ်သော နှလုံးသား ကိန်းဝပ်ရာ အရီး၏ အိုမင်းချိနဲ့သော ခန္ဓာကိုယ်ပေါ်သို့ နူးညံ့ညင်သာစွာ ဖြာကျလာသည်။ အိုမင်းပြီဖြစ်သော အရီး၏ ခန္ဓာကိုယ်သည် ကလေးတို့၏ဘဝကို တောက်ပရွှင်မြူးလာစေရန် အကြွင်းအကျန်မျှသော ခွန်အားတို့ကို ဖြန့်ဝေပေးသကဲ့သို့ ရှိသည်။

ဂေါ်ဒီယက်က နံနက်စောစော ဈေးဆိုင်သို့ ထွက်သွားတတ်သည်။ တစ်နေကုန် ဈေးဆိုင်တွင် အချိန်ကုန်သည်။ ညနေပိုင်းတွင် မိတ်ဆွေများထံသို့လည်းကောင်း၊ မြို့မိမြို့ဖများ အသင်းတိုက်သို့လည်း ကောင်း သွားလေ့ရှိသည်။ တစ်ခါတစ်ရံတွင် အရက်မူး၍ အိမ်သို့ ပြန်လာတတ်သည်။ အစပထမသော် ဖိုးမာသည် သူ့အဖေ အရက်မူးလာလျှင် ထွက်ပြေးကာ တစ်နေရာတွင် ပုန်းနေတတ်သော်လည်း နောင်တွင်အသား ကျသွားကာ အရက်မူးလာသည်ကိုပင် ခပ်ကြိုက်ကြိုက်ဖြစ်လာသည်။ အဖေ အရက်မူးလာလျှင် ပို၍ ကြင်နာယုယတတ်ကာ ပို၍ သဘောကောင်းလာသည်။ ပို၍ ခပ်လွတ်လွတ် ဖြစ်လာတတ်သည်။ ညမိုးချုပ်မှ ပြန်လာသည့်အခါများ၌ အဖေ၏ခပ်ဩဩအသံကြီးကြောင့် ဖိုးမာသည် အိပ်ရာမှ နိုးလာတတ်သည်။

"အစ်မရေ၊ ဗျို့ အစ်မ၊ ကျွန်တော့်သားလေး မတွေ့ရတော့ဘူးလားဗျ၊ ကျွန်တော့်အမွေကို ဆက်ခံမယ့် သားလေးလေဗျာ၊ လုပ်ပါဗျ အစ်မရ၊ ကျွန်တော့်သားလေးဆီ ကျွန်တော် ဝင်လာခဲ့မယ်နော်၊ အစ်မ ကလဲဗျာ လိမ္မာသားနဲ့"

"ဟဲ့ … ဂေါ်ဒီယက်၊ သွားအိပ်ချည်တော့၊ တကတည်း အရက်တွေ မူးမူးလာပြီး" အရီးက ပြစ်တင်မောင်းမဲသည်။ "အေး၊ အဲဒီတံခါးဝမှာ ရပ်ပြီး မင်းဖာသာမင်း တစ်ယောက်တည်း စကားပြောနေ၊ ဆံပင်ဖြူတဲ့အထိ ရပ်နေ၊ ဖွင့်မပေးဘူး"

"အစ်မကလဲဗျာ၊ ကျွန်တော့်သားလေး ကျွန်တော် မကြည့်ရတော့ဘူးလားဗျ။ ခဏကလေးရယ်ဗျာ၊ ခဏလေး"

"ခဏကလေးဖြစ်ဖြစ်၊ မခဏလေး ဖြစ်ဖြစ် မဝင်ရဘူး၊ သွား"

အရီးက အဖေ့ကို ဝင်ခွင့်ပြုမည် မဟုတ်ကြောင်း ဖိုးမာ သိ သည်။ ထို့ကြောင့် ဖိုးမာသည် အဖေနှင့် အရီးတို့ အချီအချ ပြောနေ သည်ကို ဆက်၍ နားထောင်ခြင်း မပြုတော့။ ပြန်၍ အိပ်သည်။

အရက်မူး၍ ခပ်စောစော ပြန်လာသည့် နေ့များ၌ အဖေသည် သူ့သားကို လက်ချောင်းကြီးများဖြင့် ဖမ်းယူပွေ့ချီကာ တဟားဟားရယ်ရင်း သားကို ထမ်း၍ အခန်းစေ့ လျှောက်သွားတတ်သည်။

“ကဲ … ဆိုစမ်း၊ အဖေ့သားကြီး ဘာလိုချင်သလဲ၊ သကြားလုံးလား၊ ကစားစရာလား ပြောလေကွာ၊ သား လိုချင်တာ ပြောစမ်းကွာ၊ အဖေဝယ်ပေးမယ်။ အဖေ့မှာ ပိုက်ဆံတွေ သန်းချီပြီး ရှိပါတယ်ကွ။ အဖေ့ ရှိတဲ့ပစ္စည်းတွေဟာ ငါ့သားဖို့ချည်းပဲ”

သို့ရာတွင် ဖယောင်းတိုင်မီးသည် လေတိုက်သည့်အခါ၌ ဟုတ်ခနဲ ငြိမ်းသွားသကဲ့သို့ ဂေါ်ဒီယက်၏ ရွှင်လန်းပေါ့ပါးခြင်း ဟူသမျှသည် ရုတ်တရက် ပျောက်သွားခဲ့ပြီ။ သူပါးဖောင်းဖောင်းကြီးများသည် တုန်လာကြသည်။ နီရဲလျက်ရှိသော မျက်လုံးများတွင် မျက်ရည်တွေ ရစ်ဝဲလာကြသည်။ နှုတ်ခမ်းများသည် ကြောက်မယ်ဖွယ်ရာ မဲ့လာကြသည်။

“အစ်မရေ၊ ဖွ, မပြောကောင်း ပြောကောင်း ကျွန်တော့်သားလေးများ သေသွားရင် ဒုက္ခပဲနော်၊ ကျွန်တော် ဘယ်လိုလုပ်နေရမယ် မသိဘူး”

ထိုအတွေး ဝင်လာသည်နှင့် ဂေါ်ဒီယက်သည် အရူးတစ်ပိုင်းဖြစ်လာသည်။

“အကုန် မီးရှို့ပစ်မယ်။ ရှိတဲ့ပစ္စည်းတွေ အကုန်မီးတိုက်ပစ်မယ်” ဂေါ်ဒီယက်သည် မှောင်ရီလျက်ရှိသော အခန်းထောင့် တစ်နေရာသို့ မျက်လုံးကြီး အပြူးသားဖြင့် ကြည့်ရင်း အော်သည်။ “အကုန်လုံး မီးရှို့ပစ်မယ်။ အကုန်လုံး ပြာကျအောင် လုပ်မယ်”

“တော်စမ်းပါဟယ်၊ အရူးမဟုတ် အကောင်းမဟုတ်၊ အလကားကလေးကြောက်အောင် ပြောနေတယ်။ တော်တော်ကြာ နေထိုင်မကောင်းဖြစ်နေမှဖြင့်”

အရီးက မာန်သည်။ ထိုအခါ၌ ဂေါ်ဒီယက်သည် ငြိမ်ကျသွားကာ –

“အေးပါဗျာ အစ်မကလည်း ကဲ … တော်ပါပြီ မပြောတော့ပါဘူး။ ကျွန်တော် သွားတော့မယ်။ သိပ်ဆူမနေပါနဲ့၊ ကလေးကိုလည်း သိပ်ခြောက် မနေပါနဲ့”

ဖိုးမာ မကျန်းမာသည့်အခါများ၌ အဖေသည် သူ့အရောင်းအဝယ် လုပ်ငန်းဟူသမျှကို ရပ်ထားလိုက်သည်။ အိမ်ပြင်သို့ မထွက် တော့။

ထိတ်လန့်တုန်လှုပ်သော မျက်လုံးများဖြင့် တဗျစ်တောက် တောက် ညည်းတွားလျက် တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်သွား တတ်သည်။ သားနှင့် အစ်မကို အဓိပ္ပာယ်မရှိသော မေးခွန်းများဖြင့် တကျည်ကျည် နားပူနားဆာ လုပ်တတ်သည်။

"အေးအေး၊ တကျည်ကျည် လုပ်နေ၊ နင့်ဒဏ်နဲ့ နင်ခံရမှာ၊ နင် ဗျစ်တောက် ဗျစ်တောက်လုပ်နေတာကို ဘုရားသခင်က မကြားဘူး များ အောက်မေ့နေသလား၊ ဘုရားသခင်က နင့်ကို ဒဏ်ခတ်တာကို နင် ဒီလို ပြန်ပြောနေတာနဲ့ နင်ကံကြီးထိုက်ဦးမှာ၊ သိရဲ့လား"

"အစ်မကလဲဗျာ၊ ကျွန်တော့်သား တစ်စုံတစ်ခု ဖြစ်သွားရင် ကျွန်တော် ပျက်စီးသွားမှာဗျ၊ ကျွန်တော့် သားလေး မရှိရင် ကျွန်တော့်မှာ ဘာကျန်ဦးမှာလဲ၊ အစ်မလည်း သိသားနဲ့"

အစ ပထမသော် ဖိုးမာသည် အဖေနှင့် အရီးတို့ အချီအချ ပြော နေကြသည်ကို ကြောက်သလိုလို ဖြစ်မိသည်။ အဖေ ရုတ်တရက် စိတ်ထိ ခိုက်သွားသည့်အတွက် စိုးရိမ်သည်။ သို့ရာတွင် နောင်သောအခါ၌ အထူး အဆန်း မဟုတ်တော့။ ပြတင်းမှအပြင်သို့ ကြည့်လိုက်ရာ စွပ်ဖားပေါ်မှ ဒယီးဒယိုင် ဆင်းလာသော အဖေကိုမြင်လိုက်သည်နှင့် "အရီးရေ၊ အဖေ တော့ အရက်တွေ မူးလာပြန်ပြီဗျို့" ဟု မည်သို့မျှ မထူးခြားသည့်ဟန်ဖြင့် လှမ်းပြောတတ်သည်။

နွေဦးသို့ရောက်ပြီ။ အဖေက သူ့ကတိအတိုင်း ဖိုးမာကို ခေါ်ကာ သမ္ဗန်တစ်စင်းဖြင့် ခရီးထွက်သည်။ ထူးခြားဆန်းကြယ်၍ သစ်လွင် သော ကမ္ဘာကြီးကို ဖိုးမာ မြင်ရသည်။

ကုန်သည်ကြီး အီညက်–ဂေါ်ဒီယက်ပိုင် လှပခံ့ညားသော သမ္ဗန်ကြီးသည် ရေစုန်တွင် တငြိမ့်ငြိမ့် မျောလျက်ရှိသည်။ ဗော်လဂါ မြစ်တစ်ဖက်တစ်ချက်မှ ကမ်းပါးများသည် သမ္ဗန်ကြီးနှင့်အတူ စုန်ဆင်း လိုက်ပါလာကြသည်။ နေရောင်ဖြင့် ရွှန်းစိုနေသော ထူထဲသည့် ကော် ဇောစိမ်းကြီး ဖြန့်ခင်းထားသည့် လက်ဝဲဘက်ကမ်းသည် မိုးကုပ်စက်ဝိုင်း အထိ မျှော်မဆုံးအောင် ရှိနေသည်။ လက်ဝဲဘက် ကမ်းပါးစောက်များ သည် စိမ်းစိုသော သစ်ပင်များကို မိုးထိမြင့်အောင် ချီးမြှောက်ထားသကဲ့ သို့ရှိသည်။ သစ်ပင်ထိပ်ဖျားများသည် ကြောက်မက်ဖွယ် ငြိမ်သက်လျက် ရှိသော မိုးကောင်းကင်ထဲသို့ ရောက်သွားကြသည်။ ကမ်းပါးနှစ်ခုကြား၌ ဗော်လဂါမြစ်ပြင်ကျယ်ကြီးသည် ခံ့ညားစွာ စီးဆင်းလျက်ရှိသည်။ ဗော် လဂါမြစ်ကြီးသည် လက်ယာဘက် ကမ်းပါးစောက်များပေါ်မှ သစ်တော

များ၊ လက်ဝဲဘက်ကမ်းပါးမှ ရွှေကတ္တီပါရောင် ကိုင်းတောများ၊ သဲကမ်းပါးများ စသည်တို့၏ အရိပ်များဖြင့် တန်ဆာဆင်ထားသည်။ ရေအလျဉ်တို့ တိတ်ဆိတ်စွာ ငြိမ်သက်စွာ ဖြည်းညင်းစွာ စီးဆင်းနေသည်။ တစ်ခါတစ်ရံ၌ ကိုင်းတောများအကြားမှ ရွာများကို လည်းကောင်း၊ ကမ်းပါးစောက်များပေါ်မှ ရွာများကိုလည်းကောင်း မြင်ရသည်။ နေရောင်သည် တဲငယ်များ၏ မှန်ပြတင်းပေါက်များပေါ်တွင် တလက်လက် တောက်လျက်ရှိသည်။ ရွှေချည်ရက်ထားသည့်နှယ်ရှိသော သက်ငယ်မိုးများပေါ်တွင် တလျှပ်လျှပ် ပြေးလျက်ရှိသည်။ သစ်ပင်ထိပ်ဖျားများကြားမှ ပြူး၍ထိုး၍ ပေါ်နေသော သုဓမ္မာဇရပ်များ၏ ရွှေရောင်လက်ဝါးကပ်တိုင်များပေါ်တွင် တဝင်းဝင်း လက်လျက်ရှိသည်။ လေရဟတ်များ၏ မွဲပြာသောလက်တံကြီးများသည် လေပြည်ထဲတွင် ဖြည်းညင်းစွာ လည်ပတ်လျက်ရှိကြသည်။ စက်ရုံခေါင်းတိုင်များသည် မိုးခိုးမျှင်များဖြင့် ကောင်းကင်ကိုရက်ကန်းရှယ်ထားကြသည်။ တိတ်ဆိတ်လျက်ရှိသော မြစ်ပြင်သည် အဖြူ၊ အနီ၊ အပြာ စသည့် အင်္ကျီများကို ဝတ်ဆင်ကာ သမ္ဗန်ကြီး စုန်ဆင်းသွားသည်ကို စောင့်ကြည့်နေသည့် ကလေးငယ်များ ခြေထောက်ကိုလာရောက် ပုတ်ခတ်သည့် လှိုင်းကြက်ခွပ် ကလေးများကို စောင့်ဆိုင်းလျက်ရှိသည့် ကလေးငယ်များ၏ အော်သံများဖြင့် ဆူညံသွားတတ် သည်။ ကလေးတစ်သိုက်သည် လှေငယ် တစ်စင်းပေါ်သို့ ခုန်တက်ကာ သမ္ဗန်ပဲ့ပိုင်းတွင် ကျန်ရစ်ခဲ့သော လှိုင်းလုံးများကို စီးရန်အတွက် လှေကို သမ္ဗန်ဆီသို့ တရကြမ်းလှော်ခတ်လာကြသည်။ ရေကြီးချိန်ဖြစ်၍ တစ်ပိုင်းတစ်စ ရေမြုပ်ကာ မြစ်လယ်တွင် ကျွန်းကလေးများသဖွယ် ဖြစ်နေကြသည့် သစ်ပင်ထိပ်ဖျားများသည် ရေထဲမှ ဘွားခနဲ ပေါ်လာတတ်ကြသည်။ ကမ်းပါးပေါ်မှ "ဟေလား ယောကျ်ား မောင်တို့လေလှေ့" ဟူ သောအလုပ်သမားများ၏ ငြာသံသည် ငြီးငွေ့စဖွယ် မှန်မှန်ကြီး ထွက်ပေါ်လာသည်။

သမ္ဗန်ကြီးသည် သစ်ဖောင်များကို ကျော်တက်လာသည်။ ဖောင်များသည် လှိုင်းလုံးများကြားတွင် ကျန်ရစ်ခဲ့ကြသည်။ သစ်ဖောင်များသည် လှိုင်းလုံးများပေါ်တွင် ယိမ်းထိုးလျက်ရှိကြရာ အင်္ကျီပြာဝတ်ထားသည့် ဖောင်သမားများသည် လဲသူလဲ၊ ကျသူကျဖြင့် ရယ်မောအော်ဟစ်၍ ကျန်ရစ်ခဲ့ကြသည်။ သေးငယ်လှပသည့် ကုန်တင်မီးသင်္ဘောကလေး တစ်စင်းသည် ဆန်တက်လာသည်။ မီးသင်္ဘောဖြင့် တင်ဆောင်လာသော ကျောက်စရစ်ခဲဝါဝါကလေးများသည် နေခြည်တွင် ရွှေရောင်

တောက်ကာ နောက်ကျိုလျက်ရှိသော ရေယာဉ်တွင် မှုန်မွှားမွှား အရိပ်ထင်နေကြသည်။ သမ္ဗန်ကြီးကို တွေ့သောအခါ၌ ခရီးသည်တင် မီးသင်္ဘောတစ်စင်းက စူးရှစွာ ဥသြဆွဲလိုက်သည်။ မြည်ဟိန်းသော ပဲ့တင်သံသည် သစ်တောများ၊ တောင်ကြားများထဲသို့ ပုန်းကွယ်ခိုအောင်းရန် ထွက်ပြေးသွားသည်။ သင်္ဘောနှစ်စင်းမှ ဖြာထွက်သွားသော လှိုင်းလုံးများသည် မြစ်လယ်တွင် သွား၍ တိုက်မိကြပြီးနောက် ပြန်ဆုတ်လာကာ သင်္ဘောနှစ်စင်းကို လှုပ်ယမ်းစေသည်။ လက်ယာဘက် ကမ်းပါးစောင်း၌ စိမ်းစိုသော ဆောင်းဂျုံစပါးနှံများနှင့် ဝါကျင့်သော မြေရိုင်းကွက်များ၊ နွေဦးပေါက် သီးနှံစိုက်ရန် ထွန်ထားသဖြင့် မည်းနက်နေသော မြေကွက်များသည် နေရောင်တွင် ဝင်းလက်လျက်ရှိကြသည်။ ကွင်းပြင်များပေါ်၌ ပျံဝဲလျက်ရှိသော ငှက်အုပ်များသည် မြစ်ထဲ၌ကြည့်လျှင် မည်းမည်းအစက်ကလေးများသာ ဖြစ်နေကြသည်။ သို့ရာတွင် ကျယ်ပြန့်သော ကောင်းကင်ပြာကြီးကို နောက်ခံပြုထားသည့်အတွက် သဲသဲကွဲကွဲ မြင်နေရသည်။ အဝေးစားကျက်များထဲမှ အစာစားနေကြသော ကျွဲနွားများသည် ကစားစရာအရုပ်ကလေးများနှင့် တူနေကြသည်။ အရုပ်ကလေးနှင့် တူသော နွားကျောင်းသားသည် တံပြာကို ထောက်၍ မြစ်ပြင်ကျယ်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လျက်ရှိသည်။

လှမ်း၍ကြည့်လိုက်တိုင်း ဟင်းလင်းပြင်၊ လွတ်လပ်မှု၊ တောက်ပခြင်း၊ စိမ်းစိုသော မြင်ခင်းပြင်၊ တလွင်လွင် ပြာနေသော ကောင်းကင်ကြီးတို့ကို မြင်ရသည်။ တည်ငြိမ်စွာ စီးဆင်းလျက်ရှိသော ရေအလျဉ်၌ ဖိသိပ်၍ထားရသော စွမ်းအားတစ်မျိုး ကိန်းဝပ်လျက်ရှိသည်။ မေလ၏ ကျဲကျဲတောက်ပူသော နေမင်းသည် ကောင်းကင်ပြင်တွင် တောက်ပထွန်းလင်းလျက်ရှိသည်။ လေသည် သစ်ရည်တက်စ ရွက်နုများ၏ ရနံ့ဖြင့် မွှေးထုံလျက်ရှိသည်။ သမ္ဗန်ကြီးနှင့်အတူ လိုက်ပါလာသော ကမ်းပါးများသည် ၎င်းတို့၏အလှဖြင့် ပသာဒနှင့် ဟဒယကို ရွှင်လန်းစေသည်။ ရှုခင်းများကို တစ်ခုပြီးတစ်ခု လှစ်ပြလျက်ရှိသည်။

မြင်သမျှ အရာတိုင်းသည် ဖြည်းညင်းစွာ လှုပ်ရှားလျက်ရှိကြသည်။ သြကာသ လောကကြီးနှင့် သတ္တလောကကြီးသည် ပျင်းတွဲလေးကန်စွာ တည်ရှိနေကြသည်။ သို့ရာတွင် ဤလေးကန်ပျင်းတွဲမှု၏ နောက်ကွယ်၌ ကြီးမားသော စွမ်းအားစုကြီးတစ်ခု၊ တားဆီး၍ မရစကောင်းသော စွမ်းအားစုကြီးတစ်ခု၊ မိမိ၏ တန်ခိုးသတ္တိကို မသိသေးသည့်အတွက် ရှင်းလင်းပြတ်သားသော ရည်မှန်းချက်များကို မထားတတ်

သေးသည့် စွမ်းအားစုကြီးတစ်ခုသည် ပုန်းကွယ်ခိုအောင်းလျက် ရှိသည်။ မိမိ၏တန်ခိုးသတ္တိကို သိမြင်ခြင်း မရှိဟူသော အမိုက်တိုက်ကြီးသည် ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော လောကဓာတ်ကြီးပေါ်သို့ ဝမ်းနည်းဖွယ် အရိပ်ထိုးလျက်ရှိသည်။ လေနှင့်အတူ ပျံသန်းလျက်ရှိသော ဥသြငှက်တို့၏ မြည်ကျူးသံထဲ၌ပင်လျှင် ဘဝသစ်ပြူထွက်လာမည်ကို စိတ်ရှည်စွာ စောင့်ဆိုင်းလျက်ရှိသည့် အငွေ့အသက်၊ နှိမ့်ချအရှုံးပေးသည့် အငွေ့အသက်ကို တွေ့နိုင်သည်။ ၎င်းတို့၏ သနားစဖွယ် မြည်ကျူးသံသည် အကူအညီ တောင်းခံနေသကဲ့သို့ ထင်ရသည်။ တစ်ခါတစ်ရံ၌လည်း ထို မြည်ကျူးသံများထဲ၌ စိတ်ပျက်အားငယ်သောသဘောကို တွေ့နိုင်သည်။ မြစ်ပြင်ကျယ်ကြီးသည် ထိုအသံများကို နားထောင်ပြီးနောက် သက်ပြင်းချသည်။ သစ်ပင်များသည် ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းကာ ခေါင်းငုံ့ထားကြသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းသာလျှင် ကြီးစိုးနေသည်။

ဖိုးမာသည် တစ်ချိန်လုံး လှေသူကြီး၏ပဲ့စင်အနီးတွင် အဖေနှင့်အတူရှိသည်။ မျက်လုံးအပြူးသားဖြင့် တစ်ဝန်းတလျားကြီးရှိသော မြစ်ကမ်းပါးများကို တိတ်ဆိတ်စွာကြည့်၍လိုက်ပါလာသည်။ သူ့စိတ်၌ မိမိသည် ပျံ့ပျူးသော ငွေသားလမ်းမကြီးတစ်လျှောက်မှ ပုံပြင်များထဲက သူရဲကောင်းများ၊ မှော်ဆရာများ နေထိုင်ရာ ဆန်းကြယ်သော ဘုံဗိမာန်များဆီသို့ သွားရောက်လျက်ရှိသည်ဟု ထင်မိသည်။ တစ်ခါတစ်ရံ၌ ဖိုးမာသည် မြင်သမျှအရာတို့အကြောင်းကို အဖေ့ထံ မေးမြန်းသည်။ အဖေက သူ့မေးခွန်းများကို လိုလိုချင်ချင် ဖြေသည်။သို့ရာတွင် အဖေ၏ အဖြေများကို ဖိုးမာ ဘဝင်မကျ။ အဖေ၏ အဖြေများက တိုတောင်းသည်။ အဖြေများကို ဖိုးမာ နားမလည်။ အဖေ၏ စကားများသည် မိမိကြားလိုသော အဖြေကို မပေး။

"အရီးကမှ အဖေ့ထက် ပိုသိသေးတယ်" ဟု ဖိုးမာက ပြောမိသည်။

"မင်း အရီးက ဘာသိလို့လဲကွ" အဖေက ရယ်သည်။

"အကုန်သိတယ်" ဖိုးမာက ရဲရဲကြီး ဖြေလိုက်သည်။

ဖိုးမာတို့သားအဖသည် ဆန်းကြယ်သော ဘုံဗိမာန်များဆီသို့ မရောက်။ သို့ရာတွင် ဖိုးမာတို့ မြို့နှင့်ဆင်သော မြို့များသို့ကား ရောက်သည်။ အချို့မြို့များသည် ဖိုးမာတို့မြို့ထက် ကြီး၍ အချို့ကား ငယ်သည်။ သို့ရာတွင် လူများ၊ အိမ်များ၊ သုဓမ္မာဇရပ်များကား ဖိုးမာ မြင်ဖူးပြီးသားများကဲ့သို့ အတူတူသာ ဖြစ်သည်။ ဖိုးမာသည် အဖေနှင့်အတူ ကမ်းသို့

တက်ကာ လျှောက်ကြည့်သည်။ သို့ရာတွင် ၎င်းတို့ကို ဖိုးမာ မကြိုက်၊ ပင်ပန်းခြင်း၊ စိတ်ပျက်ခြင်းသာ အဖတ်တင်သည်။ ဤနည်းဖြင့် သမ္ဘန်သို့ ပြန်ဆင်းလာခဲ့ကြသည်။

"မနက်ဖြန်ဆိုရင် အက်စထရာခန်ကို ရောက်တော့မယ်ကွ" တစ်နေ့တွင် အဖေက ပြောသည်။

"အက်စထရာခန်က ဒီပြင်မြို့တွေလိုပဲပေါ့နော် အဖေ"

"ဒါပေါ့ကွ၊ ဘာထူးမှာလဲ"

"အက်စထရာခန် ပြီးတော့ကော"

"ပင်လယ်ကို ရောက်တယ်။ ကက်စပီယန် ပင်လယ်လို့ ခေါ်တယ်"

"အဲဒီ ပင်လယ်ထဲမှာ ဘာတွေရှိသလဲ"

"အိုကွာ ငါးတွေ ရှိတာပေါ့၊ ရေထဲမှာ ငါးတွေပဲ နေလို့ရတာပေါ့"

"ကိတက်မြို့က ရေတွေထဲမှာနော် အဖေ"

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ကိတက်မြို့က အနုညာတမြို့ မဟုတ်ဘူး၊ သူတော်ကောင်းတွေ နေတဲ့မြို့"

"ပင်လယ်ထဲမှာကော သူတော်ကောင်းတွေ နေတဲ့ မြို့တွေ မရှိဘူးလား"

"ဟင့်အင်း၊ မရှိဘူးကွ" ဟုဆိုကာ ဂေါ်ဒီယက်သည် အတန်ကြာမျှ စဉ်းစားနေသည်။ "ပင်လယ်ရေက သိပ်ငန်တယ်၊ သောက်လို့မရဘူး"

"ပင်လယ်ရဲ့ ဟိုဘက်မှာကော တိုင်းပြည်တွေ ရှိသေးသလား"

"ရှိတာပေါ့ လူလေးရဲ့၊ တစ်နေရာကျတော့ ပင်လယ်ကြီးလည်း ဆုံးသွားတာပေါ့၊ ပင်လယ်ကြီးက အင်တုံကြီးလိုပေါ့"

"မြို့တွေလည်း ရှိဦးမှာပေါ့နော်"

"ရှိတာပေါ့၊ ဒါပေမဲ့ ရုရှားမြို့တွေ မဟုတ်တော့ဘူး လူလေးရဲ့၊ ပါရှားမြို့တွေ၊ ဈေးမှာ သစ်သီးရောင်းတဲ့ ပါရှားကြီးတွေကို လူလေး မြင်ဖူးတယ် မဟုတ်လား၊ 'မက်မုံသီး ရမယ်၊ ဆီးသီးရမယ်၊ သစ်တော်သီး ရမယ်' လို့ အော်နေတဲ့ ပါရှားကြီးတွေလေ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော် မြင်ဖူးတယ်" ဖိုးမာက စဉ်းစား၍ ပြောလိုက်သည်။

တစ်နေ့တွင် ဖိုးမာက သူ့အဖေကို ပြောသည်။

"ဒီပြင်တိုင်းပြည်တွေ ရှိသေးသလား အဖေ"

"ရှိတာပေါ့ လူလေးရ၊ အများကြီးပဲ"

"အတူတူပဲလား"

"ဘာကို မေးတာလဲ သားရ"

"ဟို မြို့တွေ ဘာတွေက အတူတူပဲလား"

"ဒါပေါ့ကွ၊ အတူတူပဲပေါ့"

ဤသို့ မေးမြန်းပြီးသည့်နောက်၌ကား ဖိုးမာ၏ နက်မှောင် သော မျက်လုံးများသည် အဝေးသို့ မျှော်ငေးခြင်း မရှိကြတော့။

သမ္ဗန်သမားများကလည်း ဖိုးမာကို ချစ်ကြသည်။ မိမိအား ရယ်ရယ်မောမောဖြင့် စကားပြောလေ့ရှိကြသော၊ ပခုံးတွင် ကြိုးစလွယ်သိုင်းထား၍ နေပူမိုးရွာမရှောင် အကြမ်းအတမ်း ခံနိုင်သော သူတို့တစ်သိုက်ကို ဖိုးမာကလည်း ချစ်သည်။ သူတို့က သစ်ဖြူကိုင်းများကို ခုတ်ကာ ဖိုးမာအတွက် ငါးမျှားတံများ၊ လှေကလေးများ လုပ်ပေးကြသည်။ ဖိုးမာနှင့် အတူ ကစားကြသည်။ အဖေ အလုပ်ကိစ္စဖြင့် ကမ်းပေါ်သို့ တက်သွားသည့်အခါ၌ ဖိုးမာကို လှေစီးခေါ်သွားလေ့ရှိကြသည်။ အဖေနှင့် ပတ်သက်၍ သူတို့ ညည်းညူပြောဆိုနေသံများကို ဖိုးမာ မကြာခဏ ကြားရသည်။ သို့ရာတွင် ဖိုးမာသည် ထိုစကားများကို သတိလည်း မထား။ အဖေ့ကိုလည်း ပြန်ပြောခြင်းမပြု။ တစ်ခါသော် အက်စထရာခန်တွင် သူတို့၏သမ္ဗန်ဆိုက်၍ ထင်းတင်နေစဉ် စက်ပြင်ဆရာ ပီထရိုဗစ်၏ စကားများကို ဖိုးမာ ကြားရသည်။

"တောက် ဒီငနဲကြီး၊ ထင်းတွေ အတင်ခိုင်းနေပြန်ပြီ၊ ဝန်ချိန်တွေ ပြည့်နေရင် 'ဟော့ကောင်တွေ အင်ဂျင်မပျက်ပျက်အောင် လုပ်နေတာလား၊ ရေနံမကုန်ကုန်အောင် လုပ်နေတာလား' လို့ တို့ကို အပြစ်တင်ဦးမယ်"

"တင်မှာပေါ့ကွ၊ ငနဲကြီးက သူ့လောဘလောက်ပဲ သူကြည့်တာကိုး" ဆံပင်ဖြူဖြူ ခပ်အေးအေးနေတတ်သည့် ပဲ့ကိုင်ကပြောသည်။ "ဒီလောက် လောဘကြီးတဲ့ ငနဲကြီးမျိုးတော့ ကြုံပဲ ကြုံဖူးပေါင်"

"အိုး ... လောဘကြီးတာတော့ ပြောမနေနဲ့တော့"

မကြာခဏ ကြားရဖန်များသည့်အခါ၌ ထိုစကားများသည် ဖိုးမာ၏အသည်းတွင် စွဲနေသည်။ ထိုနေ့ညနေ အဖေနှင့်အတူ ထမင်းစားကြသောအခါ ဖိုးမာသည် အဖေ့ကို ရုတ်တရက် လှမ်းခေါ်လိုက်သည်။

"အဖေ"

"ဆိုစမ်း"

“အဖေက လောဘကြီးသလား ဟင်”

အဖေက မေးသောအခါ၌ ဖိုးမာသည် စက်ဆရာနှင့် ပွဲကိုင်တို့ စကားများကိုပြောပြသည်။ အဖေ၏မျက်နှာသည် ညိုပုပ်သွားကာ မျက်လုံးများသည် ဒေါသကြောင့် တဝင်းဝင်းတောက်လာကြသည်။

“ဒီလိုပြောသလား”

အဖေက ခေါင်းယမ်း၍ မေးသည်။

“နောက် သူတို့ပြောတာတွေ နားထောင်မနေနဲ့၊ ဒီကောင်တွေက အဖက်လုပ်စရာ မဟုတ်ဘူး။ သူတို့နဲ့ အရောမဝင်နဲ့။ လူလေးဟာ သခင်၊ ဒီကောင်တွေဟာ အစေခံဆိုတာ မြဲမြဲမှတ်ထား။ အဖေတို့ စိတ်တိုင်းမကျရင် ဒီကောင်တွေကို သမ္ဗန်ပေါ်က ကန်ချပစ်နိုင်တယ်။ ဒီကောင်တွေဟာ ကြမ်းပိုး သူခိုးတွေ၊ ခွေးလေ ခွေးလွင့်တွေ၊ ဒီလိုကောင်မျိုးတွေကို ရိုက်သတ်လို့တောင် မကုန်ဘူး၊ နားလည်လား။ အဖေက သူတို့သခင်ဆိုတော့ အဖေ့အကြောင်း သူတို့ ဘယ်အကောင်းပြောမှာလဲ၊ အဖေက ပစ္စည်းရှိတယ်၊ အရောင်းအဝယ် ကောင်းတယ်၊ လူဆိုတာ ကိုယ့်ထက်ချမ်းသာရင် မနာလိုကြတာချည်းပဲ။ ကံကောင်းတဲ့ လူမှာ ရန်သူချည်းပဲ၊ မိတ်ဆွေ မရှိဘူး”

နှစ်ရက်ကြာသော် သမ္ဗန်ပေါ်၌ စက်ဆရာ အသစ်နှင့် ပွဲကိုင်အသစ် ရောက်နေပြီ။

“ပွဲကိုင် ယာကွတ် ဘယ်ရောက်သွားသလဲ အဖေ” ဖိုးမာက မေးသည်။

“ဒီကောင် မရှိတော့ဘူးလေကွာ၊ အဖေအလုပ်က ထုတ်ပစ်လိုက်ပြီ”

“ဘာဖြစ်လို့လဲ အဖေ”

“အဖေ့အကြောင်း မကောင်းပြောလို့”

“စက်ဆရာကော”

“သူ့ကိုလည်း ထုတ်ပစ်လိုက်ပြီ”

လူနှစ်ယောက်ကို အဖေက လွယ်လွယ်ကလေးဖြင့် အလုပ်ထုတ်ပစ်လိုက်နိုင်သည့်အတွက် ဖိုးမာသည် အဖေ့ကို သဘောကျသွားသည်။ ဖိုးမာသည် အဖေ့ကို ပြုံးကြည့်လိုက်ပြီးနောက် သမ္ဗန် ကုန်းပတ်ပေါ်သို့ တက်လာသည်။ သမ္ဗန်သမားတစ်ယောက်သည် တံမြက်စည်းလုပ်ရန်အတွက် ကြမ်းပြင်တွင် ထိုင်ကာ အုန်းဆံကြိုးခွေတစ်ခွေကို ဖြေလျက်ရှိသည်။

"ကျွန်တော်တို့ သမ္ဗန်ပဲ့ကိုင်က လူသစ်ဗျ" ဖိုးမာက ပြော သည်။

"အေး ... ဟုတ်တယ်ကွ၊ ဘယ်နှယ့်လဲဟေ့ ဖိုးမာ၊ နေကောင်း ရဲ့လား၊ ညက အိပ်ပျော်ရဲ့လား"

"စက်ဆရာကလည်း လူသစ်ဗျ"

"အေး ... ဟုတ်တယ်၊ စက်ဆရာကြီး သနားပါတယ်ကွာ၊ မသနားဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲကွ၊ သဘောလည်း ကောင်း၊ မင်းကိုလည်း ချစ် သားပဲ"

"သူက အဖေ့အကြောင်း မဟုတ်တရုတ်တွေ လျှောက်ပြောနေ တာကိုးဗျ"

"ဟုတ်လား၊ ပြောသလား"

"ပြောတာပေါ့၊ ကျွန်တော်ကိုယ်တိုင် ကြားတာ"

"သြော် ... မင်းအဖေကော ကြားသလား"

"ဟင့်အင်း၊ ကျွန်တော်က အဖေ့ကို ပြန်ပြောတာပေါ့"

"သြ ... မင်းက ပြန်ပြောပြသလား" သမ္ဗန်သမားသည် ခပ် လေးလေးပြောကာ တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုတော့ဘဲ အလုပ်ကို ဆက်လုပ်လျက်ရှိသည်။

"အဖေက ပြောတယ်လေ၊ ဒီမှာ ကျွန်တော်ကသခင်တဲ့၊ ကျွန် တော် သဘောမကျရင် ဘယ်သူ့ကိုဖြစ်ဖြစ် အလုပ်က ထုတ်ပစ်နိုင်တယ် တဲ့"

"ဟုတ်လား၊ ဒီလိုပြောသလား" မိမိမည်မျှ အာဏာရှိကြောင်း ကြွားဝါလျက်ရှိသည့် ဖိုးမာကို သမ္ဗန်သမားကြီးက ငေးကြည့်နေသည်။

ထို့နောက်မှစ၍ သမ္ဗန်သမားများသည် မိမိအား တစ်မျိုးတစ်ဖုံ ဆက်ဆံလာကြခြင်းကို ဖိုးမာ သတိပြုမိသည်။ အချို့က မိမိကို ပို၍ ပ စားပေးကာ ပို၍ ခယဝယလုပ်လာကြသည်။ အချို့က မိမိကို ပို၍မြှောက် စားလာကြသည်။ အချို့က ခပ်ဖယ်ဖယ် လုပ်လာကြသည်။ သူတို့တစ် သိုက် ကြမ်းတိုက်နေကြသည်ကို မြင်လျှင် ဖိုးမာ သဘောကျသည်။ သူတို့သည် လက်တွင် ကြမ်းတိုက်အုန်းဆံဖတ်ကို ကိုင်ကာ ဖျတ်လတ် စွာ ကူးသန်းလျက်၊ ဘောင်းဘီကို ဒူးဆစ်ထိ လိပ်တင်လျက်၊ ကုန်းပတ် ကို ရေဆေးလျက်၊ တစ်ယောက်ကို တစ်ယောက်ရေပက်လျက်၊ ရယ်မော

လျက်၊ အော်ဟစ်လျက်၊ လုံးထွေးလျက် ရှိကြသည်။ ထိုအခါ၌ သမ္ဗန် ကုန်းပတ်သည် ရေဖြင့် စိုရွှဲလျက် ရှိတတ်သည်။ တဗွမ်းဗွမ်း ရေလောင်း သံများသည် အော်သံဟစ်သံများနောက်မှ ရွှင်မြူးဖွယ်နောက်ခံ တေးဂီတ ကို ဖန်တီးပေးသည်။ သက်သာ၍ ပျော်စရာကောင်းသည့် ထိုအလုပ်မျိုး လုပ်ချိန်ရောက်လျှင် သူတို့သည် ဖိုးမာအား အတားအဆီး အနှောင့် အယှက်ဟူ၍လည်း သဘောမထားကြတော့။ ဖိုးမာကလည်း ထိုအထဲ တွင် ဝင်ရောသည်။ ဖိုးမာသည် သူတို့ကို ရေဖြင့်လောင်းသည်။ သူတို့က ပြန်လောင်းမည်ပြုသောအခါ ဖိုးမာ အော်ဟစ်၍ ထွက်ပြေးတတ်သည်။

သို့ရာတွင် ပွဲကိုင်နှင့် စက်ဆရာတို့ အလုပ်ထုတ်ခံရပြီးနောက်၌ ကား သူတို့က ဖိုးမာကို ဟက်ဟက်ပက်ပက် ဆက်ဆံခြင်း မပြုကြ တော့။ မိမိသည် သူတို့အတွက် အနှောင့်အယှက် ဖြစ်လျက်ရှိလေပြီ။ မည် သူမျှ မိမိနှင့် မကစားလိုတော့ပြီဟု ဖိုးမာ သတိပြုမိသည်။ ဖိုးမာသည် ရှုပ်ပွေနောက်ကျိသောစိတ်ဖြင့် ကုန်းပတ်ပေါ်မှ ပွဲစင်သို့တက်လာကာ ပြာမှိုင်းသော မြစ်ကမ်းပါးများနှင့် မညီမညွတ်ဖြစ်နေသော သစ်ပင်ထိပ် ဖျားကို သုန်မှုန်စွာ ငေးကြည့်နေသည်။ ကုန်းပတ်ပေါ်တွင် သမ္ဗန်သမား များသည် ရေတဗွမ်းဗွမ်းပက်ကာ ရွှင်မြူးစွာ အော်ဟစ်ရယ်မောလျက် ရှိကြသည်။ ဖိုးမာ သူတို့ထံသို့ သွားလိုသည်။ သူတို့နှင့် ရောနှောလို သည်။ သို့ရာတွင် တစ်စုံတစ်ရာက သူ့ကို တားဆီးထားသည်ဟု ဖိုးမာ ခံစားရသည်။

"ဒီကောင်တွေနဲ့ အရောမဝင်နဲ့၊ လူလေးက သခင်" ဖိုးမာသည် အဖေ၏စကားများကို ကြားယောင်သည်။

ဖိုးမာသည် အဖေလုပ်သကဲ့သို့ သူတို့ကို ပါဝါအာဏာတွေ ထုတ်၍ အမိန့်ပေးလိုသည်။ မည်သည့်နေရာမျိုးတွင် မည်သို့ အမိန့်ပေးရ မည်နည်းဟု စဉ်းစားသည်။ သို့ရာတွင် အကွက်မတွေ့။ ဤသို့ဖြင့် နှစ် ရက် သုံးရက် ကုန်လွန်သွားသည်။ နောက်ဆုံး၌ သမ္ဗန်သမားများသည် မိမိကို နှစ်ခြိုက်လိုလားခြင်း မရှိကြောင်း ဖိုးမာ သဘောပေါက်လာပြီ။ သမ္ဗန်ပေါ်တွင် နေထိုင်ရခြင်းကို ဖိုးမာ ငြီးငွေ့စပြုလာပြီ။ ရှုခင်းမြင်ခင်း သစ်များ ကြားထဲမှ ပြုံး၍ပေါ်ထွက်လာသော ကြင်နာသော အရီး၏ မျက်နှာ။ အပြုံးများ၊ ပုံဝတ္ထုများ၊ နူးညံ့ချိုသာသော ရယ်သံများဖြင့် မိမိ၏ နှလုံးသားကို နွေးထွေးစေရန် စိတ်ကြည်နူးမှုကို ဖြစ်စေသော အရီး၏ မျက်နှာ။ ထို အရီး၏မျက်နှာကို ဖိုးမာ မကြာခဏ မြင်ယောင်မိသည်။ ဖိုးမာသည် စိတ်ကူးပုံပြင်များထဲတွင် နစ်မျောလျက်ပင်ရှိသေးသည်။ သို့

ရာတွင် တကယ့်ဘဝ၏ ကြမ်းတမ်းမာကြောသော လက်ကြီးသည် ပတ်ဝန်းကျင်ကို ကြည့်ရာ၌ ဖုံးကွယ်ထားသော ဖိုးမာ၏ စိတ်ကူးပင့်ကူအိမ်ကြီးကို ဆွဲဖယ်ပစ်လိုက်သည်။ စက်ဆရာနှင့် ပွဲကိုင်တို့၏ကိစ္စသည် ဖိုးမာအား ပတ်ဝန်းကျင်ကို ကြည့်ရှုတတ်အောင် တွန်းထိုးပေးလိုက်သည်။ ဖိုးမာ၏ မျက်လုံးများသည် ပိုမိုထက်မြက်လာကြသည်။ စူးစမ်းသောအကြည့်ဖြင့် ကြည့်တတ်စေသည်။ မည်သည့် ဘီးများသည် မည်သည့် မောင်းတံများက မောင်းနှင်သဖြင့် လူများသည် ယခုကဲ့သို့ ပြုမူလှုပ်ရှားနေကြသနည်းဟု ဖိုးမာ သိလိုသည်။ ဤသိလိုစိတ်ကြောင့် အဖေကို စစ်စစ်ပေါက်ပေါက် မေးခွန်းများ မေးခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် အောက်ပါအဖြစ်အပျက်ကို ဖိုးမာ ကြုံတွေ့ရသည်။

သမ္ဗန်သမားများသည် သစ်တုံးများကို သမ္ဗန်ပေါ်သို့ ထမ်းတင်လျက်ရှိကြသည်။ သမ္ဗန်သမားများအနက် ဆံပင်ကောက်ကောက်နှင့် ခပ်ပျော်ပျော်နေတတ်သူ ယီဖင်က ကုန်းပတ်ပေါ်သို့ တက်လာရင်း –

“ဒီလောက်တောင် ခိုင်းတာတော့ လွန်လွန်းပြီ ထင်တယ်ကွ၊ ငါတစ်ယောက်တည်းသာဆိုရင် ဘယ်တော့မှ ဒီသစ်တုံးတွေကို ထမ်း တင်မပေးဘူး။ သမ္ဗန်သမားက သမ္ဗန်သမားပဲကွ။ ဒီအလုပ်က တို့နဲ့ ဘာဆိုင်လို့လဲ။ တော်ပြီမောင် ငါတော့ မထမ်းတော့ဘူး။ ဒါတို့ကို သက်သက် အရေခွာနေတာ၊ ငါတော့ မလုပ်တော့ဘူး။ ဒီငနဲကြီးက ကိုယ်ချင်းစာစိတ် နည်းနည်းမှရှိတာ မဟုတ်ဘူး။ လူတစ်ယောက်ကို ခန်းခြောက်သွားအောင် ဒီနည်းနဲ့ သွေးစုပ်နေတာ”

ထိုစကားများကို ဖိုးမာကြားသည်။ ထိုစကားများသည် အဖေ့ကို ရည်ရွယ်ပြောဆိုနေကြောင်း ဖိုးမာသိသည်။ ယီဖင်သည် ပါးစပ်မှသာ ဤသို့ပြောသော်လည်း သူ့သစ်လုံးပုံက အခြားသစ်လုံးပုံများထက် ပိုကြီးနေကာ ပို၍ မြန်မြန်ဆန်ဆန် ပြီးနေသည်ကို ဖိုးမာ တွေ့ရသည်။ အခြားသူများက ယီဖင်၏ စကားများကို ဂရုမစိုက်ကြ။ တစ်ယောက်ကမူ ယီဖင်၏ သစ်လုံးပုံက ပိုကြီးနေသည့်အတွက်ပင် ညည်းလိုက်သေးသည်။

“ဟေ့ကောင် တော်တော့လေကွာ၊ မင်း သစ်လုံးပုံကြီးက ကြီးလှပြီ၊ သမ္ဗန်ကို မြင်းများ အောက်မေ့နေသလား” ထိုလူက ဟန့်လိုက် သည်။

“ဟေ့ကောင် တိတ်၊ မင်းပါးစပ်ထဲမှာ ဇက်ခွံ့ပြီးပြီ၊ ညစ်ကျယ်ကျယ် လုပ်မနေနဲ့၊ ဆွဲမှာဆွဲ၊ မင်းသွေးတွေကို စုပ်ယူနေရင်လဲ စကားများမနေနဲ့၊ ဘာမှ မတတ်နိုင်ဘူး။ ဒီလိုပဲ နေရမှာပဲ”

ထိုအခိုက် အဖေသည် ဖြုန်းစားကြီး ရောက်လာကာ ယီဖင်ထံ တန်းတန်းကြီး လျှောက်လာသည်။

"ဟော့ကောင် ဘာပြောတာလဲကွ" အဖေက ခပ်ထန်ထန် မေးသည်။

"ကျွန်တော် ကျွန်တော်" ယီဖင်သည် ထစ်နေသည်။ "လူငှားစာချုပ်ထဲမှာ စကားမပြောရဘူးလို့ မပါဘူးလို့၊ မပါဘူးလို့ ပြောနေတာပါ"

"လူတွေကို သွေးစုပ်နေတယ်လို့ ဆိုတာကော ဘယ်သူ့ကို ပြောတာလဲကွ ဟင်" အဖေက မုတ်ဆိတ်မွေးများကို ပွတ်ရင်း မေးသည်။

ငြင်း၍မရတော့ကြောင်းကို ယီဖင် သဘောပေါက်သွားသည်။ ပခုံးပေါ်တွင် ထမ်းထားသော သစ်တုံးကြီးကို ပစ်ချလိုက်သည်။ ထို့နောက် အဖေ့ကို စိန်းစိန်းကြီးကြည့်လျက် –

"ဟုတ်တယ်။ ကျုပ်ပြောတာ အမှန်ကိုပြောတာ၊ ကျုပ်တို့ကို သွေးစုပ်နေတာ ခင်ဗျားပဲ၊ မဟုတ်ဘူးလား"

"ငါက သွေးစုပ်နေတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့သွေးတွေကို ခင်ဗျား စုပ်ယူနေတာ"

အဖေ၏လက်တစ်ဖက် မြောက်တက်သွားသည်ကို ဖိုးမာ မြင်လိုက်ရသည်။ ဖြန်း ဟူသော ရိုက်သံနှင့်အတူ သစ်တုံးပေါ်သို့ လဲကျသွားသံကို ကြားလိုက်ရသည်။ ယီဖင်သည် ရုတ်ခနဲ ထကာ စကားတစ်ခွန်းမျှ မပြောတော့ဘဲ အလုပ်ကို ဆက်လုပ်နေသည်။ မျက်နှာစုတ်သွားကာ သွေးများသည် ဖြူဖွေးသော သစ်တုံးပေါ်သို့ ကျလာသည်။ ယီဖင်သည် မျက်နှာကို အင်္ကျီလက်ဖြင့် သုတ်လိုက်ပြီးနောက် အင်္ကျီလက်မှ သွေး များကို ကြည့်သည်။ သက်ပြင်းတစ်ချက်ကိုလည်း ချသည်။ သို့ရာတွင် မည်သို့မျှ ပြန်မပြော။ သူ့သစ်ပုံနားမှ ဖိုးမာ ဖြတ်သွားသောအခါ၌ ယီဖင် ၏ မျက်လုံးများတွင် မျက်ရည်များ ဝဲနေသည်ကို ဖိုးမာ မြင်ရသည်။

ထိုနေ့ညစာ ထမင်းစားကြသောအခါ၌ ဖိုးမာသည် စကားတစ်ခွန်းမျှ မဆိုဘဲ အဖေ့မျက်နှာရိပ် မျက်နှာကဲကိုသာ ကြည့်နေသည်။

"လူလေး ငြိမ်ချက်သားကောင်းလှချည်လား၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး အဖေ"

"နေမှ ကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့လဲ၊ အဖေ့ကို ပြောစမ်း"

"အဖေက တော်တော် ဗလကောင်းတယ်နော်" ဖိုးမာ၏ ပါးစပ်မှ အမှတ်မထင် ထွက်သွားသည်။

"ဒါပေါ့ကွ၊ အဖေက ဗလကောင်းတာပေါ့၊ အဖေ့ကို မွေးကတည်းက ဗလကောင်းအောင် ဘုရားက ဖန်ဆင်းပေးလိုက်တာ"

"အဖေ ရိုက်လိုက်တာလေ ဟိုလူကြီးကို လဲကျသွားတာပဲဗျာ" ဖိုးမာက ခေါင်းငုံ့၍ ပြောသည်။

ဖိုးမာ၏စကားကြောင့် အဖေသည် ငါးဥညှပ်ပေါင်မုန့်ကို ပါးစပ်ထဲသို့ သွင်းမည့်ဆဲဆဲ ခုလတ်တွင် ရပ်ကာ ခေါင်းငုံ့နေသည့် ဖိုးမာကို စိုက်ကြည့်သည်။

"ဘယ်သူလဲ ယီဖင်လား"

"ဟုတ်တယ်၊ သွေးတွေ ထွက်လိုက်တာလည်း အများကြီးပဲ၊ ထသွားတော့ ငိုလို့" ဖိုးမာက လေသံကလေးဖြင့်ပြောသည်။

"ဟေ" အဖေက ငါးဥညှပ်မုန့်ကို ဝါးရင်းဆိုသည်။ "ဘာဖြစ်လို့လဲ၊ လူလေးက သနားလို့လား"

"သနားပါတယ် အဖေရယ်" ဖိုးမာက မျက်ရည်ဝဲကာ အသံတုန်တုန်ဖြင့် ပြောသည်။

"ဩ ... လက်စသတ်တော့ ငါ့သားက ဒီလိုကိုး" အဖေက ဆိုသည်။

အဖေသည် စကားတစ်ခွန်းမျှ မပြောတော့။ အရက်တစ်ခွက်ငှဲ့ကာ တစ်ကျိုက်တည်း မော့ချလိုက်သည်။ ထို့နောက် တစ်လုံးချင်း ပြောသည်။

"ဒီကောင့်ကို ဘာသနားစရာ ရှိသလဲကွ၊ ဒီလို ပြောလာရင် ဒီလိုလုပ်ပေးရမယ်။ ဒီကောင့်အကြောင်းကို အဖေသိတယ်။ လူကောင်းတော့ လူကောင်းပါပဲ၊ ဗလကောင်းတယ်၊ အလုပ်ကြိုးစားတယ်၊ ဉာဏ်ရှိတယ်၊ ဒါပေမယ့် သူက အဖေ့ကို ဒီလို ပြောစရာလား၊ အဖေဟာ အလုပ်ရှင်ဖြစ်တယ်။ ဒါကြောင့် အဖေရိုက်ချင်ရင် ရိုက်ပိုင်ခွင့်ရှိတယ်။ ဒီလောက်ကလေး ရိုက်တာများအရေးလုပ်လို့၊ နောင် မပြောရဲတော့ဘူးပေါ့။ အင်း ... ငါ့သားက ကလေးပဲရှိသေးတာကိုးကွ၊ ဘာမှ နားမလည်သေးဘဲကိုး၊ လောကကြီးအကြောင်း ငါ့သားကို သင်ပေးရဦးမယ်။ အေးလေ ... အဖေလည်း လောကကြီးမှာ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး"

အဖေသည် ခေတ္တမျှ တွေသွားပြီးနောက် နောက်ထပ် အရက်တစ်ခွက်ကို သောက်လိုက်သည်။

“လူတွေကို သနားတယ်ဆိုတာ ကောင်းပါတယ်။ ငါ့သားက ဒီလို သနားတတ်တဲ့အတွက် အဖေဝမ်းသာတယ်။ ဒါပေမဲ့ ဘယ်အချိန် မှာ သနားသင့်သလဲဆိုတာကိုတော့ ငါ့သား သိထားရလိမ့်မယ်။ လူတစ်ယောက်ကိုတွေ့ရင် ဒီလူဟာ ဘာနဲ့တူသလဲ၊ ဘယ်လောက် အသုံးကျသလဲဆိုတာ ကြည့်တတ်ရမယ်။ ဗလကောင်းရင် လုပ်ရည်ကိုင်ရည်ရှိရင် ဒီလူကို သနားရမယ်။ ကူညီရမယ်။ လူပျော့ဖြစ်ရင်၊ ညံ့ဖျင်းတဲ့ အလုပ်သမားဖြစ်ရင် ဒီလူကို တံတွေးနဲ့ ထွေးပစ်ရမယ်။ မောင်းထုတ်ရမယ်။ ငါ့သား မှတ်ထားဖို့က လူတစ်ယောက်ဟာ အမြဲတမ်း ညည်းညူနေရင် ဒီလူဟာ ဆားတစ်ပွင့်လောက်မှ တန်ဖိုးမရှိတော့ဘူး။ ဒီလိုလူမျိုးကို သနားတာဟာ ဘာမှအဓိပ္ပာယ်မရှိဘူး။ သူ့သွားကူညီနေလို့ ဘာမှလည်း အကျိုးထူးမှာ မဟုတ်ဘူး။ ကိုယ်က သနားလိုက်တဲ့အတွက် ဒီလူဟာ ပိုပြီး ပျော့ညံ့သွားပြီး သူ့ကိုဖျက်ဆီးသလို တောင်ဖြစ်နေလိမ့်ဦးမယ်။ ဒီ့ပြင်မကြည့်နဲ့လေ မင်းမွေးစားအဖေ မာယာခင်ကိုပဲကြည့်။ သူ့အိမ်မှာ အရိုးမရှိတဲ့ ပက်ကျိတွေ ဘယ်လောက်တင်ကျွေးထားရသလဲ၊ ဘုရားတရားလောက်ပဲသိတဲ့ အဘွားအိုရှုတ်တွကြီးတွေ၊ သူတောင်းစားတွေ၊ ကပ်ပါးတွေပြည့်လို့ မဟုတ်လား။ ဒီလိုဟာတွေကို သွားပြီး အားကျမနေနဲ့။ အဲဒါတွေက လူတွေမဟုတ်ဘူး။ အဆန်မပါတဲ့ ဘူးတောင်းတွေ၊ ဘာအတွက်မှ အသုံးမဝင်ဘူး။ ကြမ်းပိုးတွေ၊ သန်းတွေအလေးအမွှားတွေလို တွယ်ကပ်ပြီး အသက်ရှင်နေကြရတာ။ တကယ်ကျတော့ သူတို့လည်း ဘုရားကို တကယ်ကိုးကွယ်တာ မဟုတ်ဘူး။ သူတို့မှာ ဘုရားလည်း မရှိဘူး။ သူတို့ကို လူတွေက သနားလာအောင် သူတို့ စားကောင်းသောက်ကောင်းဖြစ်အောင် ဘုရားကို အလွဲသုံးစား လုပ်နေကြတာ။ သူတို့ဟာ ဘုရားကို ကိုးကွယ်တာ မဟုတ်ဘူး၊ သူတို့ ဝမ်းဗိုက်ကိုပဲ သူတို့ကို ကိုးကွယ်တယ်။ သူတို့ စားဖို့၊ သောက်ဖို့၊ အိပ်ဖို့ ညည်းညူဖို့ကလွဲရင် တခြား ဘာကိုမှ မလုပ်တတ်ဘူး။ သစ်တော့သီးပုပ်တစ်လုံးဟာ တောင်းထဲမှာရှိနေတဲ့ သစ်တော့သီးတွေကို ပုပ်အောင် လိုက်စားသလို၊ သူတို့ဟာလည်း မင်းနဲ့အတူလာနေရင် မင်းကို ပုပ်သိုးသွားအောင် လိုက်စားသွားမှာပဲ။ အေးလေ ငါ့သားက ငယ်သေးတော့ အဖေ ပြောတာတွေ အားလုံးကို နားလည်ဦးမှာ မဟုတ်သေးဘူး။ ယောက်ျား ပီပီသသ၊ ကိုယ့်ဒုက္ခကိုယ် ခါးစည်းခံရဲတဲ့ လူမျိုးကိုမှ ကူညီရမယ်။ ဒီလိုလူမျိုးကျတော့ သူက

လည်း အကူအညီမတောင်းဘူး။ ဒါပေမဲ့ ဒီလို လူမျိုးကိုတွေ့ရင် သူက အကူအညီ မတောင်းတောင် ကိုယ်က ပေးရမယ်။ တချို့လူကျတော့ အကူအညီပေးတိုင်း ယူကြတာ မဟုတ်ဘူး။ အကူအညီပေးတာကို စော်ကားတယ်လို့ ထင်တတ်ကြတယ်။ မာနကြီးတယ်၊ ဒီလိုမာနကြီးတဲ့လူမျိုး တွေ့ရင် အကူအညီ ပေးမှန်းမသိအောင် မသိမသာ ကူညီရတယ်။ ဒီလို လုပ်မှရတယ်။ ဥပမာ ဟောဒီပျဉ်နှစ်ချပ်ဟာ ရွှံ့ထဲကျသွားတယ်ဆိုပါစို့၊ ပျဉ်တစ်ချပ်က ဆွေးနေပြီ၊ ပျဉ်တစ်ချပ်ကတော့ အကောင်းကြီးရှိသေးတယ်။ လူလေး ဘာလုပ်မလဲ၊ ပျဉ်ဆွေးဟာ ဘာမှ သုံးမရတော့ဘူး။ ဒီပျဉ်ကိုသွားကောက်နေလို့ အလကားပဲ။ ရွှံ့ထဲ ပစ်ထားလိုက်ရုံပဲ၊ အလွန်ဆုံး အသုံးကျရင် ရွှံ့ထဲ ဖြတ်လျှောက်တဲ့အခါ ခြေထောက်ကို ရွှံ့မပေအောင် နင်းလျှောက်ဖို့ပဲ ကောင်းမှာပေါ့။ ဒါပေမဲ့ ပျဉ်ကောင်းကိုတော့ ကောက်ရမယ်။ ခြောက်အောင် နေလှန်းရမယ်။ တစ်နေ့ သူက အသုံးဝင်လာလိမ့်မယ်။ အဲဒါ လူလေး မှတ်ထား၊ အဖေ ပြောတာတွေကို သေသေချာချာ နားထောင်ပြီး ခေါင်းထဲစွဲထား၊ ယီဖင်ကို သနားနေလို့ ဘာမှ အဓိပ္ပာယ်မရှိဘူး။ သူ့အကြောင်း သူသိတယ်။ ဒီလောက် အရိုက်ခံရလို့လည်း ဒီကောင်က ဘာမှ ဖြုံမယ့်ကောင်စားမျိုး မဟုတ်ဘူး။ သူ့မှာ လုပ်ရည်ကိုင်ရည် ရှိတယ်။ အဖေ ခု သူ့ကို တစ်ပတ်နှစ်ပတ်လောက် စောင့်ကြည့်မယ်။ ပြီးတော့ ပွဲစင်ကို တင်ပေးမယ်။ ဒီကောင် ကြိုးစားပုံမျိုးနဲ့ဆိုရင် မကြာခင် ပွဲနင်းဖြစ်မှာပဲ။ လှေသူကြီးခန့်ရင်လည်း ဒီကောင် ကောင်းကောင်းဖြစ်မှာပဲ၊ လူဆိုတာ ဒီလိုပဲ တဖြည်းဖြည်း အောက်ခြေက တက်လာရမယ်။ အဖေလည်း ဒီလိုပဲ အောက်သက်ကျေအောင်လုပ်ပြီး တက်လာခဲ့ရတာပဲ။ သူ့အရွယ်တုန်းကများ အရိုက်ခံလိုက်ရတာ သူ့လောက်တောင်မကဘူး။ ဒီတော့ ငါ့သား မှတ်ထား၊ ဘဝဆိုတာ ကိုယ့်ကို အလိုလိုက်တဲ့ အမေ မဟုတ်ဘူး။ ခက်ထန်တဲ့ အလုပ်သင်ဆရာနဲ့ တူတယ်”

အဖေသည် ငယ်ငယ်ဘဝက သူ ဆင်းရဲဒုက္ခရောက်ခဲ့ရသည့်အဖြစ်၊ လူ့သဘာဝနှင့်တကွ အားကောင်းချက်ထဲ၌ အားနည်းချက် ရှိတတ်ပုံ၊ အချို့လူများသည် ကံမကောင်းအကြောင်းမလှယောင်ဆောင် ကာ ညာဝါးဖြန်းသန်း စားသောက်ကြပုံကို နှစ်နာရီကြာအောင် ဖိုးမာကို ပြောပြသည်။ အဖေသည် သူ့အကြောင်းကို ဆက်ပြန်သည်။ လက်လုပ်လက်စားဘဝမှ ယခုကဲ့သို့ လူချမ်းသာကြီးတစ်ဦးအဖြစ် မည်သို့ရောက်လာပုံကို ပြောပြသည်။

ဖိုးမာက အဖေ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်လျက်ရှိရာက အဖေ့စကားလုံးတိုင်းကို မှတ်သားသည်။ သို့နားထောင်ရင်း ဖိုးမာသည် အဖေ့သွေးနှင့် ပို၍နီးစပ်လာသည်။ အဖေပြောသောစကားများထဲ၌ အရီး၏ ပုံပြင်များကဲ့သို့ အဆန်းတကြယ်စိတ်ကူးများ မပါသော်လည်း အဖေ့စကားများသည် သူ့အဖို့ အသစ်အဆန်း ဖြစ်လျက်ရှိသည်။ စိတ်ဝင်စားဖွယ်ကောင်းခြင်းအရာ၌ ပုံပြင်များထက်မသာသည့် တိုင် ပုံပြင်များထက် ပို၍ ကြည်လင်ပြတ်သားသည်။ နားလည်သဘောပေါက်လွယ်သည်။ ဖိုးမာသည် ရင်တထိတ်ထိတ် ခုန်လာရာက အဖေ့အနီးသို့ တိုးလာသည်။ အဖေသည် ဖိုးမာ၏သဘောကို သိသည့်နှယ် ဆတ်ခနဲ ထလိုက်ပြီးနောက် ဖိုးမာကို ပွေ့ချီဖျစ်ညှစ်ကာ ရင်ခွင်တွင် အပ်ထားသည်။ ဖိုးမာကလည်း အဖေ၏လည်ကို ရစ်သိုင်းကာ စကားတစ်လုံးမျှ မပြောမိဘဲ အဖေနှင့် ပါးချင်းအပ်ထားလိုက်မိသည်။

"လူလေး"အဖေက ကွဲအက်သော အသံဖြင့် ဖိုးမာကို ခေါ် သည်။ "အဖေရှိတုန်းက ဒါတွေကို သိအောင် လုပ်ထားနော်၊ လူ့ဘဝမှာ အသက်ရှင်နေဖို့ဆိုတာ သိပ်လွယ်တဲ့ ကိစ္စမဟုတ်ဘူး သိလား"

အဖေ၏ တိုးတိတ်ညင်သာသော စကားလုံးများက ဖိုးမာ၏ နှလုံးသားကို နာကျင်စေသည်။ ဖိုးမာ အံကို ကြိတ်သည်။ သူ့မျက်လုံးများတွင် ပူနွေးသောမျက်ရည်တို့ လျှံလာကြသည်။

သမ္ဗန်ကြီးသည် ဇော်လဂါမြစ်ကို ဆန်တက်လျက်ရှိသည်။ ထိုညမှာ ပူအိုက်သော ဇူလိုင်လ ညတစ်ညဖြစ်သည်။ တိမ်ညိုတို့သည် ကောင်းကင်ကို အုပ်ဆိုင်းလျက်ရှိ၍ ကြောက်ဖွယ်ဆိတ်ငြိမ်ခြင်းသည် မြစ်ပြင်ကို ရစ်ပတ်လွှမ်းခြုံလျက် ရှိသည်။ သူတို့သည် ကာဇန်သို့ရောက်၍ လှေဆိပ်တွင် စီတန်းဆိုက်ထားသော လှေတန်းကြီးအဆုံး၌ သမ္ဗန်ကို ကျောက်ချရပ်နားကြသည်။ ကျောက်ဆူးကြိုးချသံ၊ လှေထိုးသားများ၏ အော်ဟစ်သံများကြောင့် ဖိုးမာသည် အိပ်ရာမှ လန့်နိုးလာသည်။ ဖိုးမာသည် သမ္ဗန်ပြတင်းဝမှနေ၍ အပြင်သို့ ကြည့်သည်။ အဝေးတွင်မြင်သော မီးရောင် လက်လက်ကလေးများနှင့် ဆီလိုချွဲပျစ်၍ နောက်ကျိကျို ဖြစ်လျက်ရှိသော ရေပြင်မှအပ အခြားဘာကိုမျှ မမြင်ရ။ ဖိုးမာသည် ရင်တထိတ်ထိတ်ဖြင့် တိတ်ဆိတ်ခြင်းကို နားစွင့်ထောင်သည်။

လွမ်းဆွတ်ကြေကွဲဖွယ် သီချင်းသံတစ်ခုသည် အဝေးမှ ပျံ့လွင့်လာသည်။ လှေပေါ်မှ လူများက တစ်ယောက်ကို တစ်ယောက် လှမ်း၍ စကားပြောနေကြသည်။ အချို့စက်လှေများပေါ်မှ ရေနွေးငွေ့ထုတ်သည့်

တရှဲရှဲမြည်သံကို ကြားရသည်။ နက်မှောင်သော ရေပြင်သည် လှေဝမ်းများကို ဖြည်းညင်းလေးကွေးစွာ တဖျပ်ဖျပ် ရိုက်လျက်ရှိသည်။ အမှောင်ထဲသို့ အတန်ကြာ စူးစိုက်ကြည့်ခြင်းကြောင့် ဖိုးမာ မျက်လုံး ညောင်းစပြုလာသည်။ မီးရောင်လက်လက်ဖြင့် မည်းမည်းသဏ္ဌာန်များကို သဲကွဲစွာမြင်လာရသည်။ ၎င်းတို့မှာ သစ်ဖောင်များဖြစ်သည်။ သို့ရာတွင် ဖိုးမာစိတ်ချလက်ချ မယုံရဲသေး။ သူ့နှလုံးသည် တဒိတ်ဒိတ် ခုန်လာကာ သစ်ဖောင်များကို ကြောက်စရာ သဏ္ဌာန်ကြီးများဟု ထင်နေသည်။

"အဝေး" ခပ်ဝေးဝေးမှ သံရှည်ဆွဲ၍ ခေါ်သံတစ်ခုကို ကြားရသည်။ ထိုအော်သံသည် ရှိုက်သံတစ်သံလို မြစ်ပြင်တွင် ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့သည်။ ကုန်းပတ်ပေါ်မှ လူတစ်ယောက် လမ်းလျှောက်သွားသံကို ကြားရသည်။

"အဝေး" ဟူသော အသံသည် ပေါ်လာပြန်သည်။ သို့ရာတွင် ယခုတစ်ကြိမ်၌မူ အော်သံက နီးလာသည်။

"ဟေ့ ယီဖင်" ကုန်းပတ်ပေါ်မှ ခပ်အုပ်အုပ် ခေါ်သံကို ကြားနေရသည်။ "ဟေ့ကောင် ထလေကွာ၊ ထိုးဝါးယူခဲ့"

"အဝေး" ဤတစ်ကြိမ်၌ အော်သံသည် အနားမှ ထွက်ပေါ်လာသည်။ ဖိုးမာသည် လန့်ဖျပ်ကာ ပြတင်းဝမှ နောက်သို့ခုန်၍ ဆုတ်လိုက်သည်။

ထူးဆန်းသော အော်သံသည် တဖြည်းဖြည်း နီးလာသည်။ အော်သံသည် တစ်ခါတစ်ရံ ဆွဲဆွဲငင်ငင်ရှိ၍ တစ်ချက်တစ်ချက်တွင် လည်းပျောက်သွားသည်။ အလန့်တကြား တီးတိုးပြောသံတစ်ခုကို ကုန်းပတ်ပေါ်မှ ကြားရသည်။

"ဟေ့ ယီဖင်၊ ထစမ်း၊ ဧည့်သည်တစ်ယောက်တော့ စုန်သွားပြန်ပြီ ထင်တယ်"

"ဘယ်မလဲ" အလောတကြီး ပြန်မေးသည်။

ကုန်းပတ်ပေါ်မှ ဖိနပ်မပါဘဲ ဖြတ်ပြေးသံများကို ကြားရသည်။ ဖိုးမာ ရပ်နေသော ပြတင်းပေါက်အနီးမှ ထိုးဝါးနှစ်ချောင်းသည် အသံမမြည်ဘဲ ရေထဲသို့ လျှောကျသွားကြသည်။

"ဧည့်သည်တစ်ယောက်ဟေ့" အနားမှ အသံတစ်သံကို ကြားလိုက်ရပြီးနောက် ရေထဲသို့ စွက်ခနဲ ကျသွားသံကို ကြားလိုက်ရသည်။

ဆွဲဆွဲငင်ငင် အော်နေသော အသံသည် ဖိုးမာကို ထိတ်လန့်တုန်လှုပ်စေသည်။ သို့ရာတွင် ဖိုးမာသည် ပြတင်းပေါင်ကို ကိုင်ထား သော

လက်ကိုလည်း မရပ်မိ။ မျက်လုံးများကိုလည်း မြစ်ပြင်မှ တခြားသို့ မလွှဲမိ။

"မှန်အိမ်ယူခဲ့စမ်း မှန်အိမ်၊ ဘာမှ မမြင်ရဘူး"

အသံနှင့်အတူ မှေးမှိန်သော အလင်းစက်ဝန်း တစ်ခုသည် ရေပြင်ပေါ်သို့ ထိုးကျလာသည်။ ရေပြင်သည် ကြွတက်လျက်ရှိသည်ကို ဖိုးမာ မြင်ရသည်။ မြစ်ပြင်သည် နာကျင်ခြင်းကြောင့် တုန်လျက် ရှိသကဲ့သို့ လှိုင်းကြက်ခွပ်ကလေးများ ထလျက်ရှိသည်။

"ဟာ ကြည့်စမ်း ကြည့်စမ်း"

ခပ်အုပ်အုပ် အသံတစ်ခုကို ကြားရသည်။

မှန်အိမ်၏ မှေးမှိန်သော အလင်းစက်ဝန်းထဲ၌ ကြောက်စရာကောင်းသော မျက်နှာကြီးတစ်ခု မျောလျက်ရှိသည်။ ထိုမျက်နှာတွင် ဖြူဖွေးကြီးမားသော သွားကြီးများ အဖြီးသား ပေါ်နေသည်။ ထိုမျက်နှာကြီးသည် ရေပေါ်တွင် တစ်ချက်မျှ လှုပ်ရမ်းလိုက်သည်။ ဖြူဖွေး၍ ဖြီးဖြီးကြီးဖြစ်နေသော သွားများကို ဖိုးမာ အတိုင်းသားမြင်နေရသည်။

"ဟေ့ … ကောင်လေး၊ ရေထဲက သိပ်အေးတာပဲ" ဟု ထိုသွားဖြီးကြီးများက ပြောပြနေသယောင် ထင်ရ၏။

ထိုးဝါးများသည် ရေစီးကြောင့် လှုပ်နေကြသည်။ အပေါ်သို့ တက်လာကာ ရေထဲသို့ ပြန်ရောက်သွားကြပြန်၏။

"ထိုးဝါးနဲ့တွန်း၊ ထိုးဝါးနဲ့ တွန်းပစ်လိုက်၊ ဟေ့ကောင်တွေ ခုတ်စက်ထဲလဲ ညှပ်နေဦးမယ်နော်"

ထိုးဝါးများသည် အံသွားကြိတ်သကဲ့သို့ သမ္ဘန်စောင်းနှင့် ထိကာ တကျည်ကျည် မြည်နေကြသည်။ တဖြည်းဖြည်းနှင့် ခြေသံများ သည် ပွဲပိုင်းသို့ ရောက်သွားကြသည်။ ညည်းသံသည် ပွဲပိုင်းမှ ပေါ်လာပြန်သည်။

"အဖေ၊ အဖေ"

ဖိုးမာက အလန့်တကြား အော်သည်။

အဖေသည် အိပ်ရာမှ ခုန်ထလာကာ ဖိုးမာထံသို့ ပြေးလာ သည်။

"ဘာကြီးလဲဟင်၊ ဘာလုပ်နေကြတာလဲ" ဖိုးမာက အထိတ်တလန့် မေး၏။

အဖေသည် ဝုန်းခနဲထကာ အခန်းပြင်သို့ သုံးလှမ်းမျှဖြင့် ခုန်ထွက်သွားသည်။ ဖိုးမာသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် အဖေ့အိပ်ရာ

ဆီသို့ ဒယီးဒယိုင် လျှောက်လာသည်။ အိပ်ရာသို့ မရောက်မီ အဖေသည် ချက်ချင်းပြန်ဝင်လာသည်။

"ကြောက်သလားကွ လူလေးရ၊ ဘာမှ မဟုတ်ပါဘူး" အဖေသည် ဖိုးမာကို ဖက်လိုက်သည်။ "လာ လာ အဖေနဲ့ လာအိပ်လှည့်"

"ဘာဖြစ်တာလဲ အဖေ"

ဖိုးမာက လေသံဖြင့် မေးသည်။

"ဘာမှ မဟုတ်ပါဘူးကွ၊ ရေနစ်လို့ အလောင်းကြီး ပေါလောမျောနေတာပါ။ ကဲ ... မကြောက်ပါနဲ့၊ မျောသွားပါပြီ"

"ဘာဖြစ်လို့ ထိုးဝါးတွေနဲ့ ထိုးလွှတ်တာလဲ ဟင်" ဖိုးမာသည် ကြောက်ကြောက်ဖြင့် မျက်စိကို စုံမှိတ်ရင်း အဖေ့အနီးသို့ တိုးကပ်ထားသည်။

"ထိုးဝါးနဲ့ မထိုးရင် ခုတ်စက်ထဲ ဝင်သွားတတ်တယ်ကွ၊ ခုတ်စက်ထဲဝင်သွားရင် ပြဿနာသိပ်ရှုပ်တယ်။ မနက်လင်းလို့ ပုလိပ်ကတွေ့ရင် စစ်လား ဆေးလား လုပ်ပြီး ဖမ်းချုပ်တတ်တယ်။ ဒါကြောင့်မို့ ထိုးဝါးနဲ့တွန်းပြီး ဖယ်ထုတ်တာ၊ အလောင်းကောင်ကြီးကို တွန်းထုတ်တာပေါ့ကွာ။ အလောင်းကြီးကို ထိုးဝါးနဲ့ထိုးတာ နာတယ်၊ ကျင်တယ်၊ မရှိတော့ဘူးပေါ့။ ဒီလို ထိုးမထုတ်ရင် ပြဿနာတွေ ရှုပ်ကုန်မှာပေါ့၊ ကဲ ငါ့သားလည်း အိပ်တော့"

"ဒီလိုဆို အဲဒီအလောင်းကောင်ကြီးက အမြဲ မျောနေမှာပေါ့"

"ဒါပေါ့၊ တစ်ယောက်ယောက်ကတွေ့လို့ ဆယ်ပြီး မမြှုပ်ရင် ဒီအတိုင်းပဲ မျောနေဦးမှာပေါ့"

"ငါးတွေက မကိုက်ဘူးလား"

"ငါးက လူသေကောင်ကို မစားပါဘူးကွ၊ ပုစွန်ကသာ စား တာ"

ဖိုးမာ အနည်းငယ် အကြောက်ပြေသွားသည်။ သို့ရာတွင် ရေပေါ်တွင် သွားဖြီးကြီးနှင့် ပေါလောမျောနေသော မျက်နှာကြီးကား မျက်လုံးထဲမှ မထွက်တော့။

"သူ့နာမည်ကော"

"ဘယ်သိမလဲသားရဲ့၊ အေး ... ကောင်းရာမွန်ရာ ရောက်ပါစေကွာ"

"ဘုရားသိကြား မ လို့ ကောင်းရာမွန်ရာ ရောက်ပါစေဗျား" ဖိုးမာ ခပ်တိုးတိုး ဆုတောင်းသည်။

“ကဲ … အိပ်တော့ ငါ့သား၊ ဘာမှ ကြောက်မနေနဲ့၊ ခုလောက်ဆို အဝေးကြီး ရောက်သွားပြီ၊ သမ္ဘန်လက်ရန်းနားသွားရင် သတိထားသွားနော်၊ တော်တော်ကြာ ရေထဲကျနေဦးမယ်”

“သူကကော လိမ့်ကျတာပေါ့”

“ဒါပေါ့၊ အရက်တွေမူးပြီး လိမ့်ကျတာပဲ ဖြစ်မှာပေါ့။ ဒါမှမဟုတ်ရင်လည်း ရေထဲဆင်းသေတာ ဖြစ်မှာပေါ့၊ တချို့လူတွေဟာ ရေထဲ ဆင်းသေကြတယ်။ ကမ်းနားကနေပြီး ရေထဲခုန်ချတော့ ရေနစ်သေတာပေါ့၊ လောကကြီးမှာ အမျိုးမျိုးပေါ့လေ၊ တချို့ကျတော့လည်း သေသွားတဲ့အတွက် သူ့အဖို့ ဒုက္ခငြိမ်းသွားတာရှိတယ်။ တစ်ခါတလေကျတော့လည်း လူတစ်ယောက် သေသွားတဲ့အတွက် အများကောင်းသွားတာလည်း ရှိတယ်”

“အဖေ”

“ကဲ … ငါ့သားကြီး၊ အိပ်တော့၊ အိပ်တော့”

***

## (၃)

ကျောင်း စ တက်သည့်နေ့၌ နောက်ပြောင် ကစားလျက်ရှိ သော ကျောင်းသားများ၏ ဆူဆူညံညံ အသံများကြောင့် ဖိုးမာ စိတ်ရှုပ်ရ သည်။ ကျောင်းသားသိုက်ထဲ၌ အခြားသူများထက် စိတ်ဝင်စားဖွယ် ကောင်းသည့် ကျောင်းသားနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်မှာ သူ့ရှေ့တွင်ထိုင်သည့် ကျောင်းသားဖြစ်သည်။ ထိုကျောင်းသား၏ ကျော ပြင်က ကျယ်သည်။ ခပ်အစ်အစ်ကုပ်ပိုးတွင် ယင်ကြီးဥများ အပြောက် အပြောက်ထင်လျက် ရှိသည်။ နားရွက်များက ပြန့်ကား ကြီးမားသည်။ ဆံပင်တွေက နီကျင်နေသည်။

အတန်းပိုင်ဆရာက ခေါင်းပြောင်ပြောင်၊ နှုတ်ခမ်းတွဲတွဲ ဖြစ် သည်။ အတန်းပိုင်ဆရာက "အာဖရိကန်– စမိုလင်" ဟု ခေါ်သည့်အခါ၌ ဆံပင်နီနီနှင့် ထိုကျောင်းသားသည် အတန်းရှေ့သို့ နေးကွေးစွာ ထွက် လာသည်။ သချ်ာပုစ္ဆာများကို ဆရာက ဖတ်ပြလျက်ရှိသည်။ ထိုကျောင်း သားသည် ဆရာ၏ မျက်နှာကို တည်ငြိမ်စွာ စူးစိုက်ကြည့်လျက်ရှိသည်။ ထို့နောက် မြေဖြူခဲကို ကောက်ကာ သင်ပုန်းပေါ်တွင် ဝိုင်းစက်သော ဂဏန်းများကို သပ်ရပ်စွာ ရေးချလိုက်သည်။

"အေး၊ ဟုတ်ပြီ" ဆရာက ပြော၏။ "ဟော့ ... ယာဇော့၊ ဆက် တွက်စမ်း"

ထိုအခါ၌ ဖိုးမာနှင့် တစ်ခုံတည်းထိုင်လျက်ရှိသော ကျောင်းသားသည် ခုံတန်းများကြားမှ ဖြတ်ကာ ကုပ်ကို တဆတ်ဆတ် လှည့်ချိုး၍ ထွက်လာသည်။ သူ့မျက်လုံးများက ကြွက်ဝမ်းဖြူမျက်လုံးလို နက်မှောင် စူးရှသည်။ ပျာယီးပျာယာ နိုင်သည်။ သင်ပုန်းရှေ့သို့ ရောက်လျှင် မြေဖြူကို ဆတ်ခနဲ ကောက်ယူကာ ခြေဖျားထောက်၍ ဂဏန်းများ၊ လက်ရေးသေးသေးကလေးများဖြင့် မှုန်တိမှုန်မွှား ရေးချသည်။ တအား ဖိရေးသဖြင့် မြေဖြူသည် သင်ပုန်းပေါ်တွင် တကျည်ကျည် မြည်ကာ ဆတ်ခနဲ ကျိုးသွားသည်။

"ဖြည်းဖြည်း ရေးပါကွ" ဆရာက ဝါထိန်လျက်ရှိသော မျက်နှာကို ရှုံ့၍ပြောသည်။

"အဖြေ၊ ပထမ သမ္မန်သမားသည် ၁၇ ပြား မြတ်၏"

ယာဇော့က ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

"ဟုတ်ပြီ၊ ဒုတိယ သမ္မန်သမားဟာ အမြတ်ဘယ်လောက်ရ မလဲ၊ ဖိုးမာ … လာ တွက်စမ်း"

ဖိုးမာက ထူးခြားသော ထိုကျောင်းသား နှစ်ယောက်ကို အာရုံစိုက်လျက်ရှိသဖြင့် ဆရာ၏အမေးကို မဖြေနိုင်။

"မသိဘူးလား၊ စမိုလင် ပြောပြလိုက်စမ်း"

စမိုလင်က လက်ပေါ်မှ မြေဖြူမှုန့်များကို အဝတ်ဖြင့် ဂရုတစိုက် သုတ်နေသည်။ ဖိုးမာကို မကြည့်ဘဲ အဝတ်စုတ်ကို ချလိုက်ပြီးနောက် ပုစ္ဆာကို တွက်ပြသည်။ ထို့နောက် လက်ကို အဝတ်ဖြင့် ပြန်သုတ်သည်။ ယာဇော့က ပြုံးလျက် သူ့ခုံတန်းဘက်သို့ ပြန်လာသည်။

"ဟေ့ ဘာကြောင့်တာလဲ" ယာဇော့က ဖိုးမာအနီးတွင် ဝင်ထိုင်လိုက်ရင်း ဖိုးမာ၏ နံဘေးကို တတောင်ဖြင့် တွက်လိုက်သည်။ "ဒါလေးမှ မဖြေနိုင်ဘူးလား၊ စုစုပေါင်း ဘယ်နှစ်ပြား အမြတ်ရမလဲ၊ သုံးဆယ့်လေးပြား၊ သမ္မန်သမားက နှစ်ယောက်၊ တစ်ယောက်က ၁၇ ပြား ရတော့ နောက်တစ်ယောက်က ဘယ်လောက်ရမလဲ"

"သိပါတယ်ကွ" ဖိုးမာက ခုံတန်းသို့ ခပ်ကြွားကြွား ပြန်လာ သော စမိုလင်ကို ကြည့်ရင်း ခပ်ပြတ်ပြတ် ဖြေသည်။ စမိုလင်မျက်နှာကို ဖိုးမာ မကြိုက်။ သူ့မျက်နှာက ပုဝိုင်းဝိုင်း၊ ယင်ကြီးဥများ ပြည့်နေသည်။ ခပ်ပြာပြာ မျက်လုံးများက အသားထဲတွင် မြုပ်နေသည် ထင်ရသည်။ ယာဇော့က ဖိုးမာ၏ ညိုသကျည်းကို တစ်ချက်ပိတ်ကန်လိုက်ရင်း –

"ဟေ့ကောင် မင်းအဖေ နာမည် ဘယ်သူလဲ၊ သူဌေးလား"

“အင်း”

“ဟေ့ကောင် နားထောင်၊ ငါ မင်းကို အဖြေတွေ ပြောပေးရမလား”

“အင်း”

“ဘာပေးမလဲ”

ဖိုးမာက အတန်ကြာ စဉ်းစားသည်။

“မင်းကော အဖြေတွေ အကုန်လုံး သိသလား”

“သိတာပေါ့ကွ၊ ငါက အတန်းထဲမှာ ထိပ်”

“ဟေ့ ဟေ့ စကားမပြောကြနဲ့၊ ယာဇော့ စကားပြောပြန်ပလား”

ယာဇော့က မတ်တတ်ရပ်သည်။

“ကျွန်တော် ပြောတာ မဟုတ်ဘူး ဆရာ၊ ဖိုးမာရယ်” ၎င်းက သွက်သွက် ပြောသည်။

“နှစ်ယောက်လုံး ဆရာ”

စမိုလင်က ဝင်ပြောသည်။

ဆရာက မျက်နှာရှုံ့လိုက်ပြီး နှုတ်ခမ်းများကို တပျတ်ပျတ်မြည်အောင်လျှက်ရင်း သုံးယောက်စလုံးကို မာန်သည်။

ယာဇော့က ခပ်တိုးတိုးဖြင့်–

“ဟေ့ကောင် စမိုလင် မင်းတော့ သိကြရော့ပေါ့ကွ၊ ဂန်း’

“ဘာလဲကွ၊ မင်းက ဘာဖြစ်လို့ လူသစ်အပေါ်လွှဲချရတာလဲ” စမိုလင်က လှည့်မကြည့်ဘဲ ပြောသည်။

“အေးပါ၊ သိကြရောပေါ့၊ တွေ့သေးတာပေါ့” ယာဇော့က ခပ်အုပ်အုပ် ပြောသည်။

ဖိုးမာက မည်သို့မျှ မပြော။ သူ့ဘေးမှ ယာဇော့ကိုသာ မျက်လုံးထောင့်ကပ်၍ ကြည့်နေသည်။ ယာဇော့လို ကောင်မျိုးနှင့် ခပ်ကင်းကင်းဆက်ဆံမှ တော်မည်ဟု သူထင်သည်။ အားလပ်ချိန်မှ စမိုလင်မှာ ဖိုးမာကဲ့သို့ သူဌေးသားတစ်ဦးဖြစ်ကြောင်း၊ သူ့အဖေမှာ သားရေရုံပိုင်ရှင်တစ်ဦး ဖြစ်ကြောင်း၊ မိမိမှာ ဆင်းရဲကြောင်း၊ မိမိ၏အဖေမှာ ဘဏ်တိုက်တစ်ခုတွင် ဒရဝမ် လုပ်ရကြောင်းဖြင့် ယာဇော့က ပြောပြသည်။ ယာဇော့ ဆင်းရဲသည်ဆိုခြင်းမှာ ဟုတ်လောက်သည်။ သူ့အဝတ်အစားက အပေါ်စားအစကို ချုပ်ထားပြီး ဒူးနှင့် တတောင်ဆစ်တို့တွင် ဖာရာတွေ ဗရပွကြဲလျက်ရှိသည်။ သူ့ခန္ဓာကိုယ်သည် အရိုးပေါ် အရေတင်လျက်ရှိသည်။ အသံက မာကြောကြော၊ စကားပြောလျှင် လက်ရောခြေရော မျက်နှာ

ထားရော အကုန်ပါသည်။ သူတစ်ဦးတည်းသာ နားလည်သော စကားလုံးများကိုလည်း ပြောတတ်သည်။

"ဟော့ကောင်၊ မင်းနဲ့ငါနဲ့ သူငယ်ချင်းနော်" ယာဇော့က ပြောသည်။

"ဒါဖြင့် ဘာဖြစ်လို့ ငါ့ကို မဟုတ်တရုတ် တိုင်ရတာလဲ"ဖိုးမာက သူ့ကို မယုံတယုံ ဖြစ်နေသည်။

"အို ... ဒါကတော့ ဘာကိစ္စရှိသလဲကွ၊ မင်းက လူသစ်၊ သူဌေးသား၊ ဆရာက သူဌေးသားဆိုရင် သိပ်မျက်နှာသာပေးတာ၊ ငါက ဆင်းရဲသား သား၊ ငါက အတန်းထဲမှာ ဆူလည်းဆူ၊ ဆရာကိုလည်း လက်ဆောင်တွေ ဘာတွေ မပေးနိုင်တော့ ဆရာက ငါ့ကို မကျေနပ်ဘူးပေါ့။ အတန်းထဲမှာ စာတော်လို့ ဒီလောက်ခံသာနေတာ၊ စာသာမတော်ရင် ငါ့ကို ကန်ထုတ်ပစ်ပြီးပြီ။ ငါက ကျောင်းက အောင်ရင် အလယ်တန်းကျောင်းသွားမှာကွ။ အဲဒီကျောင်းက ကျောင်းသားတစ်ယောက်ဆီမှာ စာလိုက်နေတယ်။ အဲဒီကျောင်းရောက်ရင် ဒီထက်ပိုပြီး ကြိုးစားရမှာကွ သိလား။ မင်းတို့အိမ်မှာ မြင်းဘယ်နှစ်ကောင်ရှိသလဲဟင်"

"သုံးကောင်၊ ဘာဖြစ်လို့ ဒီလောက် စာကြိုးစားတာလဲဟင်" ဖိုးမာက မေးသည်။

"တို့က ဆင်းရဲလို့ပေါ့ဟ။ ဆင်းရဲတဲ့ ကျောင်းသားဆိုတာ စာကြိုးစားရတယ်။ စာကြိုးစားတော့ ချမ်းသာလာတာပေါ့။ ဆရာဝန်ကြီးတွေ၊ မြို့အုပ်ကြီးတွေ၊ ဝန်ထောက်ကြီးတွေ ဖြစ်တာပေါ့။ ငါကတော့ မြင်းတပ်ဗိုလ် သိပ်ဖြစ်ချင်တာပဲ။ ဓားလွယ်ကြီးချိတ်ပြီး ဖိနပ်ရှည်ကြီး စီးလို့ ဖိမ်ပဲ၊ မင်းကော ဘာဖြစ်ချင်သလဲ"

"ဟင့်အင်း" ဖိုးမာက သူ့ရဲဘော်ကိုကြည့်၍ စဉ်းစားနေသည်။

"မင်း ဘာမှ မဖြစ်ချင်ဘူးပေါ့၊ မင်း ခိုလေးတွေကို မချစ်ဘူးလား ဟင်"

"အင်း"

"အိုး ... ဒီကောင်က ငတုံးပဲ၊ မေးလိုက်ရင် အင်းရယ်၊ ဟင့်အင်းရယ် ဒါပဲ ပြောတတ်တယ်" ယာဇော့က ဖိုးမာဖြေပုံကို အတုလုပ်၍ ပြောလိုက်သည်။ "မင်းမှာ ခိုဘယ်နှစ်ကောင် ရှိသလဲ"

"တစ်ကောင်မှ မရှိဘူး"

"တုံးလှချည်လားကွ၊ ခုလောက် ချမ်းသာတာတောင် ခိုကလေးတစ်ကောင်မှ မရှိဘူးလား၊ ငါ့မှာတောင် သုံးကောင်ရှိသေးတယ်။ တစ်

ကောင်က ခိုပြောက်၊ တစ်ကောင်က မြီးကော့၊ တစ်ကောင်က ခိုပြာ။ ငါ့အဖေသာ ပိုက်ဆံရှိရင် ငါတော့ အကောင်တစ်ရာလောက်ဝယ်ပြီး တစ်နေကုန် ခိုလွှတ်တမ်းကစားနေမှာပဲ။ စမိုလင်မှာလဲ ခိုတွေရှိတယ်။ ဆယ့်လေးကောင်တောင်မှ။ ခိုပြာကလေးက သူကပေးတာပေါ့။ ဒါပေမဲ့ကွာ စမိုလင်က ကပ်စေးနဲ့ပါ။ လူချမ်းသာဆိုရင် ကပ်စေးနဲ့ချည်းပဲ မင်းကော"

"ဟင့်အင်း၊ ငါ မသိဘူး"

ဖိုးမာက ပြောသည်။

"တစ်ခါလောက် စမိုလင်တို့အိမ် လာခဲ့ပါလား။ ခိုဖမ်းတမ်းကစားရအောင်"

"အဖေ့ကို ပြောလို့ရရင် လာခဲ့မယ်လေ"

"ဟင် မင်းအဖေက မင်းကို မချစ်ဖူးလား"

"ချစ်သားပဲ"

"ဒါဖြင့် သွားခွင့်ပြုမှာပေါ့။ ဒါပေမဲ့ ငါနဲ့ သွားကစားတယ်လို့တော့ မပြောနဲ့နော်၊ သိသွားရင် ခွင့်ပြုချင်မှ ခွင့်ပြုမှာ။ စမိုလင်အိမ် သွားမယ်လို့ ပြောပေါ့၊ စမိုလင့်အိမ်နော်"

စမိုလင် ရောက်လာသဖြင့် ယာဇော့က ကုပ်ကို ဆတ်ခနဲ ချိုး၍ နှုတ်ဆက်လိုက်သည်။

"ဟော့ကောင်မွှေးနီ၊ မင်းလိုကောင်မှာ အပေါင်းအသင်း ရှိရဲ့လားဟင်"

"ဘာတွေ တွတ်ထိုးနေတာလဲကွ" စမိုလင်က အရေးမစိုက်သည့်ဟန်ဖြင့် မေးပြီးနောက် ဖိုးမာကို စိုက်ကြည့်နေသည်။

"တွတ်ထိုးနေတာ မဟုတ်ဘူးကွ၊ အကောင်းပြောနေတာ" ယာဇော့က တစ်ကိုယ်လုံးလှုပ်၍ ပြောလိုက်သည်။ "ဟော့ကောင် ဒီမှာ တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းတက်ပြီးရင် ငါရယ်၊ ဖိုးမာရယ် မင်းဆီကို လာခဲ့မယ်။ မင်း ကပ်စေးနဲ့ရင်လည်း လာမှာပဲ"

"လာခဲ့လေ"

စမိုလင်က ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ကျောင်းတက်ခေါင်းလောင်း ထိုးတော့မယ်၊ ငါ ဒီခိုတစ်ကောင်သွားရောင်းချည်ဦးမယ်" ယာဇော့က လွယ်အိတ်ထဲမှ စက္ကူအိတ်တစ်အိတ်ကို ထုတ်လိုက်သည်။ စက္ကူအိတ်ထဲမှ တဖျတ်ဖျတ်တောင်ပံခတ်သံကို ကြားရ၏။ ခဏကြာလျှင် ယာဇော့သည် ပြဒါးလိုလှစ်ခနဲ ပျောက်သွားသည်။

"ဟာ" ဖိုးမာက ယာဇော့၏ လျှင်မြန်ဖျတ်လတ်မှုကို တအံ့ တသြ ဖြစ်လျက်ရှိသည်။

"တော်တော် လျင်တဲ့ကောင်" စမိုလင်က ဖိုးမာ အံ့သြပုံကို ကြည့်၍ ပြောသည်။

"ပျော်လည်း ပျော်တတ်တယ်နော်"

ဖိုးမာက ဖြည့်စွက်၏။

စမိုလင်က ထောက်ခံသည်။ သူတို့သည် စကားမပြောကြဘဲ အတန်ကြာမျှ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

"မင်း ယာဇော့နဲ့ လာခဲ့မလား"

စမိုလင်က မေးသည်။

"အင်း"

"အေး ... ဒါဖြင့် လာခဲ့၊ တို့နေရာက သိပ်ကောင်းတယ်"

ဖိုးမာက မည်သို့မျှ မပြော။

"မင်းမှာ သူငယ်ချင်းတွေ ရှိသလား" စမိုလင်က မေးသည်။

"ဟင့်အင်း မရှိဘူး"

"ငါ့မှာလည်း မရှိဘူး၊ ကျောင်းရောက်မှတွေ့တာ၊ ညီအစ်ကို ဝမ်းကွဲတွေပဲ ရှိတယ်။ ခုတော့ မင်းမှာ သူငယ်ချင်းနှစ်ယောက်ရှိပြီပေါ့"

"ဒါပေါ့" ဖိုးမာက ပြောသည်။

"သူငယ်ချင်း အများကြီးရှိတာ သိပ်ကောင်းတာပဲ၊ စာကျက်လို့ လည်း ကောင်းတယ်။ အဖြေမသိရင် သူငယ်ချင်းတွေက ပြောတာပဲ"

"မင်းကော စာတော်သလား"

"ငါလား၊ ငါက အဖက်ဖက်က တော်တာပေါ့" စမိုလင်က ကျေနပ်ရောင့်ရဲစွာဖြင့် ပြောသည်။

ခေါင်းလောင်းသံသည် အထိတ်တလန့် ထွက်ပြေးသော တိရစ္ဆာန်တစ်ကောင်လို ရုတ်တရက် မြည်လိုက်သည်။

ဖိုးမာသည် စာသင်ခန်းထဲတွင် နေရခြင်းကို ပိုမိုသက်သောင့် သက်သာ ရှိသည်။ သူငယ်ချင်းနှစ်ယောက်ကို အခြားသူများနှင့် ယှဉ်၍ အကဲခတ်ကြည့်မိသည်။ သူ့သူငယ်ချင်း နှစ်ဦးသည် တစ်ကျောင်းလုံး တွင် အကောင်းဆုံးဖြစ်ကြောင်း၊ အခြားသူများနှင့် ယှဉ်လျှင် သင်ပုန်းကြီး ပေါ်တွင် ရေးထားသော ၅ နှင့် ၉ လို တခြားစီဖြစ်ကြောင်း ဖိုးမာ ဆုံးဖြတ် လိုက်သည်။ တစ်ကျောင်းလုံးတွင် အတော်ဆုံး ကျောင်းသားနှစ်ဦးနှင့် သူငယ်ချင်းဖြစ်ရသည့်အတွက်လည်း ဖိုးမာ ကျေနပ်သည်။

ကျောင်းအဆင်း၌ သူတို့သုံးဦး အတူတူ ပြန်ခဲ့ကြသည်။လမ်းကြားကလေးတစ်ခုအရောက်တွင် ယာဇော့က လမ်းခွဲသွားသည်။ စမိုလင်နှင့် ဖိုးမာသာလျှင် ဆက်လျှောက် လာခဲ့ကြသည်။

"တို့နှစ်ယောက်က လမ်းလည်း တူသားပဲ" စမိုလင်က ခွဲခွာခါနီးတွင် ပြောသည်။

ဖိုးမာ အိမ်သို့ ပြန်ရောက်သောအခါ အိမ်တွင် အထိမ်းအမှတ်တွေ လုပ်လျက်ရှိသည်။ အရုပ်ရေးထားသည့် ငွေဇွန်းကြီးတစ်ချောင်းကို အဖေက ဖိုးမာကို ပေးသည်။ အရီးက သူကိုယ်တိုင်ထိုးထားသည့် လည်စည်းတစ်ထည်ကို လက်ဆောင်ပေးသည်။ ဖိုးမာ အဝတ်အစား လဲပြီးနောက် ညစာ အတူစားကြသည်။ ထိုနေ့ ညစာတွင်လည်း ဖိုးမာ ကြိုက်သော ဟင်းတွေချည်းဖြစ်သည်။ အဖေနှင့် အရီးက မေးခွန်းတစ်ခုပြီး တစ်ခု မေးကြသည်။

"ဘယ်နှယ့်လဲ၊ ကျောင်းလိုက်ရတာ ပျော်ရဲ့လား" ဖိုးမာ၏ တောက်ပသော မျက်လုံးများနှင့် နီမြန်းသော ပါးများကို အမြတ်တနိုး ကြည့်နေသည်။

"ပျော်ပါတယ် အဖေ"

"ရန်မဖြစ်နဲ့နော်" အရီးက စိုးရိမ်တကြီးပြောသည်။ "ပြီးတော့ တခြားကျောင်းသားတွေ စော်ကားတာကိုလည်း မခံနဲ့၊ မင်းကို လာလုပ်ရင် ဆရာ့ကို တိုင်"

"အို ... နင်ကလည်း မဟုတ်တရုတ်တွေ ပြောမနေစမ်းပါနဲ့" အဖေက ဝင်ပြော၏။ "မင်း အရီး ပြောတာတွေ အဟုတ်ထင်မနေနဲ့၊ ကိုယ့်လာလုပ်ရင် ပြန်သာလုပ်၊ ကိုယ့်ကိုယ်ကို အားကိုး၊ မင်းလက်သီးကို မြည်းစမ်းကြည့်ပစေ၊ အဖော်တွေကကောင်းရဲ့လား"

"ကောင်းပါတယ်" ဖိုးမာက ယာဇော့ကို အမှတ်ရသဖြင့် ပြုံးလိုက်သည်။ "တစ်ယောက်ကတော့ သိပ်သွက်တာပဲ"

"ဘယ်သူ့သားလဲ"

"ဒရဝမ်သား"

"သွက်တယ်၊ ဟုတ်လား"

"သိပ်သွက်တာပဲ"

"နောက်ကော"

"နောက်တစ်ယောက်က စမိုလင်တဲ့၊ ဆံပင်နီနီနဲ့"

"သြော် … အိုင်ဗင်နိုဗစ်ရဲ့သား ထင်တယ်။ အေး … အေး ကောင်းတယ်။ သူနဲ့ပေါင်း ကြားရဲ့လား။ သူနဲ့ဆိုရင် အဆင့်အတန်းချင်း တူတယ်။ သူ့အဖေကတော့ တော်တော် ဦးနှောက်ကောင်းတာပဲ။ အဖေ တူရင် သားလည်း တော်မှာပေါ့။ ဒါပေမဲ့ ဟိုတစ်ယောက်ကတော့၊ အေး လေ၊ ဒီလိုလုပ် ငါ့သား။ တနင်္ဂနွေနေ့ကျရင် သူတို့နှစ်ယောက်စလုံးကို အိမ်ခေါ်ခဲ့၊ သူတို့ကို ကျွေးဖို့ မွေးဖို့ အဖေ စီစဉ်ထားမယ်။ မင်း အဖော် တွေကို အကဲခတ်ရတာပေါ့"

"တနင်္ဂနွေကျရင် စမိုလင်က သူ့အိမ်လာခဲ့ဖို့ ခေါ်ထားတယ် အဖေ"

ဖိုးမာက သူ့အဖေကို မရွံ့မရဲ ကြည့်၍ ပြောသည်။

"သြ … သူက ခေါ်ထားသလား၊ ဒါဖြင့်လည်း သွားလေ။ လောကကြီးမှာ ဘယ်လိုလူတွေရှိတယ်ဆိုတာ သိရတာပေါ့။ လူဆိုတာ တစ်ယောက်တည်း နေလို့မရဘူးကွ၊ အပေါင်းအသင်း ရှိရတယ်။ အဖေ့ ကို ကြည့်၊ အဖေနဲ့ မာယာခင် မိတ်ဆွေဖြစ်လာတာ အနှစ်နှစ်ဆယ်ကျော် ပြီ။ မာယာခင်နဲ့ ပေါင်းတဲ့အတွက် အဖေ့မှာ အကြံကောင်း ဉာဏ်ကောင်း တွေ အများကြီးရခဲ့တယ်။ သားလည်း အဖေ့နမူနာယူပေါ့၊ ကိုယ့်ထက် တော်တဲ့ လူ၊ ကိုယ့်ထက် အမြော်အမြင်ရှိတဲ့လူကို ရွေးပေါင်းရတယ်။ လူတော်တစ်ယောက်နဲ့ လက်ပွန်းတတီး နေရတယ်။ ကြေးပြားကို ငွေ ပြားနဲ့ ပွတ်ရင် ကြာတော့ ကြေးပြားမှာ ငွေရောင် တက်လာသလိုပေါ့"

အဖေက သူ့ဥပမာကို သဘောကျကာ ရယ်သည်။

"အဖေက ရယ်စရာ ပြောတာပါကွာ၊ ပင်ကိုယ်ဖြစ်အောင် ကြိုး စား၊ ဘယ့်သူ့ကိုမှ အတုမခိုးနဲ့၊ ကိုယ့်ဦးနှောက်ကို အားကိုး၊ ကဲ … ကျောင်းက အိမ်စာပေးလိုက်သေးသလား"

"အများကြီးပဲ အဖေရ" ဖိုးမာက သက်ပြင်းချသည်။ သူ့အရီး ကလည်း သက်ပြင်းချသည်။

"အေး … ကောင်းကောင်းလုပ်၊ သူများနောက် ကျန်မနေရစ် ခဲ့ပစေနဲ့။ အဖေ ပြောမယ်။ ကျောင်းမှာနေရင် မင်း အရေးရယ်၊ အဖတ် ရယ်၊ အတွက်ရယ် ဒီသုံးမျိုးပဲ တတ်အောင် လုပ်ရမယ်။ ဒို့ပြင် မဟုတ် တရုတ်တွေ တက်မလာပေ့စေနဲ့၊ ဒါမျိုး လုပ်လာလို့ကတော့ အဖေ သည်း မခံဘူး။ ဆေးလိပ်လည်း မသောက်ရဘူး သိလား"

"ဘုရားကို ကြောက်၊ ဘုရားကို ကြောက်"

အရီးက ပြောသည်။

"ဘုရားတရားကို မမေ့နဲ့"

"ဟုတ်တယ်၊ ဘုရားနဲ့ အဖေကို ကြောက်ရမယ်။ ဒါပေမဲ့ အဖေ ပြောလိုက်ဦးမယ်။ ကျောင်းစာအုပ်တွေချည်း အဟုတ်ထင်မနေနဲ့၊ ကျောင်းစာအုပ်ဆိုတာ ယာယီပဲ၊ လက်သမားကိုင်တဲ့ တူနဲ့ လွှလိုပဲ။ တန်ဆာပလာအဖြစ် အသုံးချရုံလောက်ပဲ ကောင်းမယ်။ တန်ဆာပလာကို ကိုယ်က အသုံးချတတ်ရမယ်။ တန်ဆာပလာဆိုတာ ကိုယ်က သုံးမှ အသုံးကျတာ၊ တန်ဆာပလာဟာ ကိုယ့်ကို အသုံးချတတ်အောင် သင်ပေးတာ မဟုတ်ဘူး။ နားလည်လား။ အဖေ ရှင်းအောင်ပြောမယ်။ လက်သမားတစ်ယောက်မှာ သစ်ခွဲဖို့ ပုဆိန်တစ်လက်ရှိမယ် ဆိုပါတော့၊ ဒါနဲ့ မပြီးသေးဘူး။ ပုဆိန်မပေါက်တတ်ရင် ဘာလုပ်မလဲ။ မပေါက်တတ်ဘဲ ပေါက်ရင် သစ်တုံးမထိဘဲ ခြေထောက်ထိမှာပေ့ါ။ ဒီအတိုင်းပဲ၊ မင်းလက်ထဲမှာ စာအုပ်ရှိရုံနဲ့ မလုံလောက်ဘူး။ ဒီစာအုပ်ကို ဘယ်လိုအသုံးချရ တယ်ဆိုတာလည်း သိထားရမယ်။ အဲဒီအသိက စာအုပ်ထက်အဖိုးတန် တယ်။ ဒီနည်းက ဘယ်စာအုပ်ထဲမှာမှ ရှာလို့လည်း မရဘူး။ အဲဒီအသိကို ဘဝကမှ ပေးနိုင်တာ၊ စာအုပ်ဆိုတာ သက်မဲ့၊ သေနေတဲ့ အရာ၊ ဆုတ် ချင်ဆုတ်၊ ကိုင်ပေါက်ချင်ပေါက်၊ လွှင့်ပစ်ချင်ပစ်၊ စာအုပ်က ဘာမှ လုပ် မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဘဝက ဒီလိုမဟုတ်ဘူး။ ခြေလှမ်းတစ်ချက်မှား သွားတာနဲ့ မတော်တလျော်ဖြစ်ပြီး မင်းကို ဘေးက ဝိုင်းဆော်ကြလိမ့် မယ်။ ကာရန်မသင့်ရင် မင်းကို အလဲထိုးပစ်ကြလိမ့်မယ် သိလား"

ဖိုးမာသည် စားပွဲတွင် တံတောင်နှစ်ဖက်ထောက်ရင်း အဖေ၏ စကားများကို စူးစိုက်နားထောင်လျက်ရှိသည်။ အဖေ၏ စကားကို နား ထောင်ရင်း သစ်ခွဲနေသော လက်သမားကို မြင်ယောင်သည်။ ကြောက် မက်ဖွယ် သတ္တဝါကြီး တစ်ကောင်ကိုဖမ်းရန် ညွှံထဲတွင် ဝမ်းလျားမှောက် ၍ သွားနေသည်ဟု ထင်မိသည်။

"လူဟာ ကိုယ်လုပ်မယ့် အလုပ်တစ်ခုအတွက် ကိုယ့်ဖာသာ ကိုယ် ဂရုတစိုက် ပြင်ဆင်ထားရမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာကို သေ သေချာချာ သိရမယ်၊ မှတ်ထား။ လူဟာ သမ္ဗန်ပေါ်မှာ လိုက်လာတဲ့ တက်မကိုင်နဲ့ တူတယ်။ ငယ်ငယ်ရွယ်ရွယ် မြစ်ရေလျှံတုန်းတော့ မျက်စိ မှိတ်ပြီး တက်မကိုင်ဦး အရေးမကြီးဘူး။ ဘယ်နေရာသွားသွား ရေချည်း ပဲကိုး၊ ကံကောင်းတုန်းဆိုတော့ ကိစ္စမရှိဘူးပေ့ါ။ ဒါပေမဲ့ နောက်ကျ တော့ ဒီလိုလုပ်လို့ မရတော့ဘူး။ သတိထားရလိမ့်မယ်။ ရေကလည်း စစ်သွားပြီ၊ ကျောက်ဆောင်တွေ စည်းတိမ်တွေ သောင်တွေပေါ်လာပြီ၊

ဒါတွေကို ရှောင်တတ်ရလိမ့်မယ်။ လှေကို ချောချောမောမော ကမ်းကပ်နိုင်အောင် ဂရုတစိုက် ပဲ့ကိုင်တတ်ရလိမ့်မယ်"

"ချောချောမောမော ကပ်နိုင်အောင် လုပ်မှာပေါ့ အဖေရ"

ဖိုးမာက အဖေကို ကြည့်၍ ရဲရဲကြီး ပြောသည်။

"တကယ်လားကွ၊ အာမခံရဲလှချည်လား" အဖေက ရယ်လိုက်သည်။ အရီးကလည်း သဘောကျ၍ ရယ်၏။

အဖေနှင့် လှေတစ်ခါလိုက်ပြီးကတည်းက ဖိုးမာသည် အဖေ့ရှေ့တွင် လည်းကောင်း၊ အရီးရှေ့တွင်လည်းကောင်း၊ မာယာခင့်ရှေ့တွင်လည်းကောင်း အပြောအဆို သွက်လက် ရဲတင်းလာသည်။ သို့ရာတွင် လူစိမ်းများရှေ့တွင်ကား ဖိုးမာသည် စကားနည်းမြဲ။ နှုတ်ဆိတ်မြဲ။ ပတ်ဝန်းကျင်ကို စူးစမ်းသော အကြည့်ဖြင့် ကြည့်နေတတ်သည်။ သူ့ပတ်ဝန်းကျင်ကို မယုံသောသဘော၊ မသင်္ကာသော သဘောဖြင့် အမြဲတစေ အကဲခတ်လျက် ရှိတတ်သည်။

တစ်ခါတစ်ရံ ညတစ်ရေးနိုးသော အခါများ၌ ဖိုးမာသည် တိတ်ဆိတ်သံကို နားစွင့်ကာ မျက်လုံးအပြူးသားဖြင့် အမှောင်ထုကြီးထဲသို့ စူးစိုက်ကြည့်နေတတ်သည်။ ထိုအခါ၌ အဖေ ပြောဖူးသော စကားများသည် ရုပ်လုံးများအဖြစ် သူ့မျက်စိထဲတွင် ပေါ်လာတတ်ကြသည်။ တစ်ခါတစ်ရံ၌လည်း အဖေ့စကားများသည် အဒေါ်ပြောသည့် ဒဏ္ဍာရီ ပုံပြင်ထဲမှ အဖြစ်အပျက်များနှင့် ရောထွေးလျက် ရှိတတ်သည်။ ထိုအခါများ၌ စိတ်ကူးရုပ်ပုံကားချပ်များသည် ဆန်းကြယ်သော စိတ်ကူးထဲက အရောင်လွင်လွင်များနှင့် တကယ့်ဘဝ၏ အရောင်မှိုင်းမှိုင်းတို့ ပေါင်းစပ်ထား သော ရုပ်ပုံကားချပ်များဖြစ်နေတတ်သည်။ သို့ဖြင့် စိတ်ကူးတစ်ဝက် ဘဝတစ်ဝက် ရောထွေးလျက်ရှိသော ဖိုးမာ၏ စိတ်ကူးရုပ်ပုံကားချပ်များသည် မပီမသ ဝိုးဝါးလျက် ရှိတတ်သည်။ ဖိုးမာသည် မျက်လုံးကို စုံမှိတ်ကာ ထိုရုပ်ပုံကားချပ်များကို ဖျောက်ပစ်သည်။ သည်းထိတ်ရင်ဖို ဖြစ်စေသော စိတ်ကူးများကို မောင်းထုတ်ပစ်သည်။ သို့ရာတွင် ပြန်၍အိပ်မပျော်။ တစ်ခန်းလုံး စိတ်ကူးရုပ်ပုံကားချပ်များဖြင့် ပြည့်နေပြီ။

ထိုအခါ၌ ဖိုးမာသည် အရီးကို အသံအုပ်၍ နှိုးသည်။

"အရီး အရီး"

"ဟင်၊ ဘာလဲ ဖိုးမာ"

"အရီးနဲ့ လာအိပ်ရမလား ဟင်"

"ဘာဖြစ်လို့လဲ၊ ကိုယ့်နေရာ ကိုယ်အိပ်ပါလား ဖိုးမာရဲ့"

"ကြောက်တယ် အရီးရဲ့"

"ဘာကြောက်စရာရှိသလဲ၊ ဂုဏ်တော်ကို ရွတ်ပေါ့၊ ကြောက် စိတ်ပြေသွားပါလိမ့်မယ်"

ဖိုးမာသည် မျက်စိကို စုံမှိတ်၍ ဂုဏ်တော်ကို ရွတ်သည်။ ည၏ တိတ်ဆိတ်ခြင်းသည် ငြိမ်သက်မည်းမှောင်လျက်ရှိသော ရေပြင်ကျယ်ကြီးသဖွယ် ထင်သည့်အခါ ထင်ရသည်။ ထိုရေပြင်ကျယ်ကြီးသည် အရာအားလုံးကို လွှမ်းလျက်ရှိသည်။ လှိုင်းတွန့်ကလေးတစ်ခုမှမရှိ။ လှုပ်ရှားမှုဆို၍ ဘာမှမရှိ။ သမုဒ္ဒရာကြီးတမျှ နက်သော်လည်း ရေထဲတွင် ဘာမျှမရှိ။ လှုပ်ရှားခြင်းမရှိ။ မည်းမှောင်လျက်ရှိသော ရေပြင်ကျယ်ကြီး ထဲသို့ တစ်ယောက်တည်း ငုံ့ကြည့်နေရခြင်းသည် လိပ်ပြာလွင့်မတတ် ကြောက်စရာကောင်းသည်။ ထိုအခိုက် ညစောင့်၏ တဒေါက်ဒေါက် ခေါက်သံကို ကြားရသည်။ ရေပြင်ကျယ်ကြီးသည် စတင်လှုပ်ရှားလာ ကာ ရေပြင်တွင် ပလုံစည်ကလေးများ၊ လှိုင်းတွန့်ကလေးများ၊ ကွန့်ယှက်လာသည်ဟု ဖိုးမာ ထင်သည်။ နာရီစင်မှ နာရီသည် တဒင်ဒင် မြည်စပြုလာသည်။ ရေပြင်ကျယ်ကြီးတွင် တရိပ်ရိပ် လှိုင်းထစပြုလာသည်။ နာရီထိုးသံ တိတ်သွားပြီး နောက်၌ ရေပြင်ကျယ်သည် လှိုင်းတံပိုးတို့ဖြင့် လှုပ်ရှား ကျန်ရစ်ခဲ့သည်။ ရေပြင်ပေါ်၌ အလင်းစက်ဝန်းတစ်ခု ကျလာကာ ထိုစက်ဝန်းသည် တဖြည်းဖြည်း ကျယ်လာပြီးနောက် အဝေးတွင် တဖြည်းဖြည်း မှိန်၍ ပျောက်ကွယ်သွားပြန်သည်။ ထို့နောက်၌ မည်းမှောင်သော ရေပြင်ကျယ်ကြီး။ ရေပြင်ကျယ်ကြီး။

"အရီး" ဖိုးမာက လေသံကလေးဖြင့် နှိုးပြန်သည်။

"ဟင်"

"ကျွန်တော် လာခဲ့မယ်"

"ကဲ ... လာ လာ"

အရီး၏ အိပ်ရာထဲသို့ ရောက်လာသည့်အခါ၌ ဖိုးမာသည် အရီးအနားသို့ အတင်းကပ်ကာ –

"ပုံပြောပါလား အရီး"

"ညကြီးသန်းခေါင်ကွယ်၊ အချိန်မဟုတ်" အရီးက အိပ်ချင်မူးတူးဖြင့် ဆိုသည်။

"ပြောပါ အရီးရယ်"

အရီးကို ကြာကြာမတိုက်တွန်းရ၊ အရီးသည် သမ်းဝေလိုက်ပြီးနောက် မျက်လုံးကို မှိတ်ကာ အိပ်ချင်မူးတူးသံဖြင့် ပြောသည်။

"ရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ သိပ်ဆင်းရဲတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့။ သိပ်ဆင်းရဲလွန်းလို့ ထမင်းတောင် နပ်မှန်အောင် မစားနိုင်ကြဘူးတဲ့။ သူတို့လင်မယားဟာ မနက်တိုင်း ခွက်ကလေးတွေကိုင်ပြီး အိမ်ပေါက်စေ့တောင်းရမ်းစားကြရသတဲ့။ သူများကပေးတဲ့ ထမင်းကျန် ဟင်းကျန်ကလေးတွေကို အာဟာရပြုပြီး နေကြရသတဲ့။ ဒီလိုနဲ့ အတန်ကြာတော့ သူတို့မှာ ကလေးလေးတစ်ယောက်မွေးလာသတဲ့။ ကလေး မွေးလာတယ်ဆိုရင် ကလေးကိုလည်း ကင်ပွန်းတပ်ရတာပေါ့။ ဒါပေမဲ့ သိပ်ဆင်းရဲတော့ ကင်ပွန်းတပ်မင်္ဂလာပွဲမှာ ကျွေးဖို့ မွေးဖို့ မရှိကြဘူးပေါ့။ ဒါကြောင့် ကင်ပွန်းတပ်မှာ ခေါင်းကိုင် အဖေလုပ်မယ့်သူတောင် မရှိဘူးတဲ့။ တစ်ယောက်သွားပြောလဲ မလုပ်နိုင်ဘူးဆိုပြီး ငြင်းလွှတ်လိုက်ကြသတဲ့။ နောက်ဆုံး မတတ်သာတော့ ဘုရားသခင်ဆီကို ဆုတောင်းကြသတဲ့"

ဖိုးမာသည် ထိုပုံပြင်ကို ကြိမ်ဖန်များစွာ ကြားခဲ့ဖူးပြီ။ အရီးက စတင်ပြောသည်နှင့် တစ်ပြိုင်နက် ညဥ့်အမှောင်ထုထဲတွင်လည်းကောင်း၊ တောမြိုင် ကန္တာရထဲတွင်လည်းကောင်း၊ မြင်းဖြူကြီးတစ်စီးဖြင့် ခေါင်းကိုင်အမိနှင့် ခေါင်းကိုင်အဖကို လိုက်ရှာလျက်ရှိသော ခရစ်တော်အလောင်းအလျာကို စိတ်ကူးဖြင့် မှန်းဆကြည့်မိသည်။ သွားလေရာ၌ ခရစ်အလောင်းအလျာ ကြားရသော ဆုတောင်းသံ၊ သံဝေဂပွားများသံတို့ကို ကြားယောင်လျက်ရှိသည်။

ဖိုးမာစိတ်၌ မြင်းဖြူကြီးစီး၍ ခရီးသွားလျက် ရှိသူမှာ ခရစ်အလောင်းအလျာ မဟုတ်၊ သူကိုယ်တိုင်ဖြစ်သည်ဟု ထင်လျက်ရှိသည်။ သံဝေဂပွားများသံ၊ ဆုတောင်းသံများသည် ခရစ် အလောင်းအလျာ ရှေ့၌ မဟုတ်ဘဲ သူကိုယ်တိုင်ရှေ့၌ ဖြစ်သည်ဟု ထင်လျက်ရှိ၏။ ဖိုးမာ၏ရင်သည် တင်းကျပ်လာကာ မျက်လုံးတွင် မျက်ရည်တွေ ဝဲလာကြသည်။ ဖိုးမာသည် မျက်လုံးများကို ဖျစ်ညှစ်မှိတ်ထားသည်။ နောက်ထပ် မဖွင့်ရဲတော့၊ စောင်ကို ခပ်တင်းတင်း ခြုံထားလိုက်သည်။

အရီးက ပုံပြောရပ်ကာ သူ့ဘက်ကို လှည့်သည်။

"ကဲ … ငါ့တူအိပ်တော့၊ ဘုရားသိကြားမလို့ ငါ့တူကြီး မြန်မြန်အိပ်ပျော်ပါစေတော်"

နောက်တစ်နေ့နံနက်၌ ဖိုးမာသည် ခါတိုင်းကဲ့သို့ပင် အိပ်ရာမှ ထကာ လျင်မြန်စွာ ကိုယ်လက်သန့်စင်သည်။ လက်ဖက်ရည်သောက်သည်။ ဆာလောင် မွတ်သိပ်လျက်ရှိသော ယာဖျော့အတွက် သကြားလုံး

များကို အိပ်ကပ်အပြည့်ထည့်ကာ ကျောင်းသို့ ခပ်သုတ်သုတ်လာသည်။ ယခုအချိန်၌ ယာဇော့သည် ချမ်းသာ၍ ရက်ရောသော မိတ်ဆွေသစ်၏ ကျေးဇူးကြောင့် မုန့်မုန့်စားသောက်နေရပြီ မဟုတ်လော။

"ဟေ့ကောင်၊ ငါ့တို့မုန့်ပါသေးလား" ယာဇော့က နှာခေါင်းချွန်ချွန်ကို ရှုံ့၍မေးသည်။ "ပါရင် စားရအောင်ကွာ၊ ဒီမနက် ဘာမှ မစားခဲ့ရဘူး။ အိပ်ရာထ နေမြင့်သွားတာနဲ့ ဘာမှမကျန်တော့ဘူး။ မနေ့ညက စာကျက်တာ နာရီပြန်နှစ်ချက်ထိုးရော၊ မင်းကော ဂဏန်းတွေ ပြီးခဲ့ရဲ့လား"

"ဟင့်အင်း"

"ဟာ ... တော်တော်တုံးတဲ့ကောင်ပဲ၊ လာ ... လာ၊ ငါတွက်ပေးမယ်"

ယာဇော့သည် ချွန်ထွက်သော သွားများဖြင့် ပေါင်မုန့်ကို စားလျက်ရှိ၏။ ထို့နောက် ဂဏန်းတွက်ရင်း လက်ဝဲခြေထောက်ဖြင့် ကြမ်းပြင်ကို တဒေါက်ဒေါက် မြည်အောင် ခေါက်နေသည်။

"တွေ့လား၊ တစ်နာရီကို ပုံး ၈ ပုံးလျော့တယ်။ ဘယ်နှစ်နာရီကြာသလဲ၊ ခြောက်နာရီ၊ ဟေ့ကောင် မင်းတို့အိမ်က မုန့်တွေက တယ်စားလို့ ကောင်းပါလားကွ၊ ဒီတော့ ၈× ၆ ပေါ့၊ ပေါင်မုန့် ကြက်သွန်စိမ်းညှပ်တာကို ကြိုက်သလား၊ ငါတော့ သိပ်ကြိုက်တာပဲ၊ ဒါကြောင့် ပထမပုဒ်ဟာ ၆ နာရီအတွင်း ပုံး ၄၈ ပုံးလျော့တယ်။ ရေကန်ထဲမှာ မူလရှိတာက ၉၈ ပုံးရှိတယ်။ ဒီတော့ ဘယ်လိုလုပ်မလဲ"

ဖိုးမာသည် စမိုလင်ထက်ပို၍ ယာဇော့ကို သဘောကျသည်။ သို့ရာတွင် စမိုလင်နှင့် ပို၍အတွဲများသည်။ ယာဇော့ ဉာဏ်ကောင်းပုံ၊ သွက်လက်ပုံတို့ကို ကြည့်၍ လန့်သည်။ မိမိထက်တော်သော ယာဇော့ကို ကြည့်၍ မနာလို တိုရှည် ဖြစ်သည်။ ဝဝစားရသူက မဝတဝ စားရသူတို့ကို သနားနည်းမျိုးဖြင့် သနားသည်။ ခေါင်းမွေးနီနီဖြင့် ဉာဏ်ထိုင်းသော စမိုလင်နှင့် ပို၍ တွဲမိသည်မှာ ထို့ကြောင့်လည်း ဖြစ်နိုင်သည်။ ယာဇော့သည် ထမင်းဝဝ စားရသော အပေါင်းအသင်းများကို မကြာခဏ ပြောလေ့ရှိသည်။

"ပေါင်မုန့်တောင်းတွေ လာပြီဟေ့" ယာဇော့က ဆိုလေ့ရှိသည်။

ဖိုးမာက ထိုသို့ ခေါ်ပုံမျိုးကို မကြိုက်။

"ဟော့ကောင် သူတောင်းစား၊ ဖွတ်ကျား' တစ်ခါတွင် ဖိုးမာက စိတ်ဆိုးဆိုးဖြင့် ပြန်ပက်သည်။

ယာဇော့၏ ဝါထိန်နေသော မျက်နှာသည် နီရဲလာသည်။

"ကောင်းပါပြီဗျာ" ယာဇော့က ခပ်လေးလေး ပြော၏။ "နောက်တော့သာ လာပြီး ဂဏန်း အတွက်မခိုင်းပါနဲ့၊ အဲဒီတော့မှ အတန်းထဲ အရှက်ကွဲမှာ"

သူတို့နှစ်ယောက် သုံးရက်လောက် စကားမပြောကြ။ ထိုအခါ၌ အတန်းထဲတွင် ဖိုးမာ ဂဏန်းမရ။ ဂဏန်း မရသည့်အခါ၌ ဆရာမှာလည်း သူဌေးသားကို ဆူရပူရသောကြောင့် စိတ်ပျက်လျက်ရှိသည်။

ယာဇော့က အစစအရာရာ သိသည်။ အစိုးရရှေ့နေ၏အိမ်မှ အိမ်ဖော်မကလေး အစိုးရရှေ့နေနှင့် ကလေးရကြောင်း၊ အစိုးရရှေ့နေ၏ ဇနီးက သူ့ယောက်ျားကို ကော်ဖီပူတွေဖြင့် ပက်ကြောင်းကအစ မည်သည့်အချိန်တွင် ငါးမျှားကောင်းကြောင်း၊ မည်သည့်နေရာက ငါးမျှား၍ အကောင်းဆုံးဖြစ်ကြောင်း၊ ကျော့ကွင်းတွင် မည်ကဲ့သို့ ငှက်ထောင်ရကြောင်း၊ ငှက်လှောင်အိမ်ကို မည်သို့လုပ်ရကြောင်း၊ မည်သည့် စစ်တန်းလျားက စစ်သားမည်သူသည် အဘယ်ကြောင့် ကြိုးဆွဲချ သေသွားကြောင်း၊ မည်သည့် ကျောင်းသားမိဘက ဆရာကိုမည်သည့် လက်ဆောင်ပေးကြောင်း စသဖြင့် စုံနေသည်။

စမိုလင်ကမူ ကုန်သည် လောကအကြောင်းကို အတော်အတန် သိသည်။ မည်သည့် ကုန်သည်က ပိုချမ်းသာကြောင်း၊ သူတို့အိမ်များနှင့် သမွန်များက မည်ရွေ့မည်မျှ တန်ကြောင်း စသည်တို့ကို အားရပါးရ ပြောလေ့ရှိသည်။

ယာဇော့အပေါ်၌ကား ဖိုးမာက ဆက်ဆံသကဲ့သို့ပင် အပေါ်စီးဖြင့် ဆက်ဆံတတ်သည်။ သို့ရာတွင် သူတို့နှစ်ဦး၏ဆက်ဆံရေးမှာ ပို၍ရင်းနှီးပြီး ပို၍ခိုင်မြဲသည်။ ဖိုးမာနှင့် ယာဇော့တို့ ရန်ဖြစ်တိုင်း သူက ဝင်၍ ဖျန်တတ်သည်။

"ဘာဖြစ်လို့ ယာဇော့နဲ့ ခဏခဏ ရန်ဖြစ်တာလဲ" တစ်ခါတွင် နှစ်ယောက်သား ကျောင်းမှ ပြန်လာရင်း စမိုလင်က မေးသည်။

"အလကားပါကွာ၊ သူ့ကိုယ်သူ စာတော်တယ်ဆိုပြီး သိပ်ဘဝမြင့်တာ"

"ဒါပေမဲ့ကွာ၊ မင်း စာမလိုက်နိုင်ရင် သူကူပြီး တွက်ပေးသားပဲ၊ ဒီကောင်က စာတော့ တော်ပါတယ်။ ဆင်းရဲတာကတော့ ဘယ်တတ်

နိုင်မလဲ၊ ဆင်းရဲချင်လို့ ဆင်းရဲတာမှ မဟုတ်ဘဲ၊ နောင်တစ်နေ့ စာတွေ ဘာတွေ တတ်လာတော့ သူလည်း လူချမ်းသာ ဖြစ်လာမှာပေါ့”

“ဒီကောင်က ခြင်ပဲကွ” ဖိုးမာက ခပ်လှောင်လှောင် ပြောသည်။ “နားနားကပ်ပြီး တဝီဝီမြည်နေတာပဲ၊ တစ်ချီတစ်ချီကျရင် ဝင်ကိုက် တယ်”

မည်သို့ပြောပြော သူတို့သုံးဦးကို ချည်နှောင်ထားသည့် နှောင်ကြိုးတစ်ခု၊ သူတို့သုံးဦး၏ အတန်းအစား ကွဲပြားမှု၊ စရိုက်ကွဲပြားမှုတို့ကို ပျောက်ကွယ်သွားစေသော အရာတစ်ခုတော့ ရှိသည်။ ယင်းမှာ အခြား မဟုတ်၊ သူတို့သုံးဦးစလုံး ခိုမွေးဝါသနာပါကြခြင်း ဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း သူတို့သုံးဦး စမိုလင့် အိမ်တွင် လူစုကြပြီးနောက် အိမ်ခေါင်မိုး အစွန်းသို့တက်ကာ ခိုလွှတ်လေ့ရှိကြသည်။

လှပချောမွေ့သော ခိုများသည် အတောင် တဖျပ်ဖျပ် ခတ်ကာ တစ်ကောင်ပြီးတစ်ကောင် ပျံထွက်လာကြပြီး ခေါင်းမိုးပေါ်တွင် စီတန်း၍ နားနေတတ်ကြသည်။ သူတို့သုံးဦးသား တကူကူ ညည်းကာ နေရောင်၌ နေစာလှုံလျက်ရှိကြသော ခိုငှက်များကို ကြည့်ကာ ပီတိဖြစ်နေတတ်ကြသည်။

“ချောက်ထုတ်ရအောင်ကွာ” ယာဇော့က ရှုံ့ရှုံ့မဲ့မဲ့ ပြော၏။

စမိုလင်က အဖျားတွင် အဝတ်စုတ်တစ်ခု ချည်ထားသော တုတ်တစ်ချောင်းကို ယမ်းလိုက်ပြီးနောက် လက်ခေါက် မှုတ်လိုက်သည်။

ခိုတွေက လန့်ကာ အတောင် တဖျပ်ဖျပ်ခတ်၍ ပျံတက်သွားကြသည်။ ဝေ့ကာ ဝဲကာဖြင့် ကောင်းကင်ပြာထဲသို့ မြင့်၍ မြင့်၍ တက်သွားကြသည်။ တောင်ပံများသည် နေခြည်ထဲတွင် တလက်လက်ဖြင့် ငွေရောင်တောက်နေကြသည်။ တချို့ ခိုများကား တောင်ပံကိုဖြန့်၍ ကောင်းကင်ထဲတွင် ပျံဝဲပျောက်ကွယ်သွားကြ၍ တချို့က လေဟုန်စီးကာ ကျွမ်းပစ်ကစားကြသည်။ နှင်းခဲလုံးများကဲ့သို့ ကျလာကြပြီးနောက် မြားများကဲ့သို့ ပျံတက်သွားကြပြန်သည်။ နောက်ဆုံး၌ ခိုအုပ်သည် အပြောကျယ်လှသော ကောင်းကင်ကြီးထဲတွင် နစ်မြုပ်သွားသကဲ့သို့ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ သူတို့သုံးဦး စကားတစ်လုံးမျှ မပြောမိကြဘဲ ပီတိဖြင့် မော်ကြည့်နေကြသည်။ မြေကြီးနှင့် ဝေးရာအရပ်သို့ သက်သောင့်သက်သာ ပျံသန်းကာ သန့်စင်သော၊ တိတ်ဆိတ်သော၊ နေရောင်ရွှန်းစိုသော ဟင်းလင်းပြင်ထဲသို့ ပျံသန်းသွားသော ငှက်ငယ်တို့ကို အားကျသော အရိပ်အယောင်သည် သူတို့မျက်လုံးများထဲတွင် တဖျပ်ဖျပ်

တောက်နေသည်။ ပြာစင်သော ကောင်းကင်ပြင်ကြီးထဲတွင် အစက် အပြောက်ကလေးများသဖွယ် မြင်ရသော ငှက်များကို ကြည့်၍ သူတို့ စိတ်ကူးညဏ်များသည် ထက်သန်ကွန့်မြူးလာကြသည်။ ယာဇော့က သူတို့အားလုံး၏ အတွေးများကို ကိုယ်စားပြုသည့်ပမာ ခပ်တိုးတိုး ပြော သည်။

"သူတို့လိုသာ ပျံနိုင်ရင် သိပ်ကောင်းမှာပဲနော်"

သူတို့သည် စကားမပြောမိကြ။ နက်ရှိုင်းသော ကောင်းကင်မှ ပျံဆင်းလာကြသော ငှက်များကို ရွှင်လန်းထက်သန်စွာဖြင့် ကြည့်နေမိ ကြသည်။ ငှက်ငယ်များကဲ့သို့ မြေကြီးနှင့် ဝေးရာသို့ ရောက်နေသည့်နှယ် တစ်ယောက်ကို တစ်ယောက် ပူးကပ်နေမိကြသည်။ ထိုအချိန်၌ သူတို့ သည် ကလေးသူငယ်များသဖွယ် ငြူစူခြင်း၊ ဒေါသထွက်ခြင်း စသည့် ခံစားချက်တို့လည်း မရှိကြတော့။ တစ်ဦးကိုတစ်ဦး ပို၍ ရင်းနှီးလာကြ သည်ဟု ထင်ရသည်။ စကားတစ်လုံးမျှ မပြောကြသော်လည်း မျက်လုံး များမှ တလက်လက် ပြက်သော အရောင်ဖြင့် တစ်ဦး၏ခံစားချက်ကို တစ်ဦးနားလည်လာကြသည်။ သို့ဖြင့် သူတို့သည် ကောင်းကင်တွင် ပျံဝဲသော ငှက်ငယ်များကဲ့သို့ ကြည်နူးရွှင်လန်းလျက်ရှိကြသည်။

ခိုများသည် အတောင်ညှောင်းကာ အမိုးပေါ်သို့ ပျံဆင်းလာကြ ၏။ မကြာခင်တွင် ခိုအိမ်ထဲသို့ ပြန်ရောက်ကြချေဦးတော့မည်။

ယာဇော့က ဤစွန့်စားခန်းများတွင် ခေါင်းဆောင်ဖြစ်သည်။ တနင်္ဂနွေနေ့တစ်နေ့၌ ယာဇော့က အဖော်ညှိသည်။

"လာဟေ့၊ တို့ သစ်တော်သီးသွားခူးကြရအောင်"

ယာဇော့၏ စကားများသည် ခိုငှက်ကလေးများ ပျံဝဲသည်ကို ကြည့်၍ ပီတိဖြစ်လျက်ရှိသော သူတို့ကို လှုန့်နှိုးလိုက်သည်။ စကား မဆုံးမီမှာပင် တစ်ဖက်က သစ်သီးခြံထဲသို့ ရောက်သွားကြသည်။ ခြံရှင် ဖမ်းမိမည်ကို မကြောက်။ သစ်သီးခူးရန်ကိုသာ စိတ်စောနေကြသည်။

ခိုးစားသည့် သစ်သီးသည် ပို၍ချိုသည်ဟု ထင်ရ၏။ အခိုးရ ခက်လေလေ သစ်သီးက ပိုချိုလေလေဟုပင် ထင်ရသည်။ သူတို့သုံးဦး သည် ခြံစည်းရိုးကို ကျော်တက်ခဲ့ကြပြီးနောက် တကုန်းကုန်းဖြင့် သစ် တော်ပင်များဆီသို့ ပြေးလာခဲ့ကြသည်။ ပြေးရင်း ဘေးပတ်ဝန်းကျင်ကို လည်း ကြည့်ရသေးသည်။ ချွတ်ချွတ် မြည်သံကြားလျှင် ရင်တထိတ် ထိတ် ဖြစ်ရသည်။ ခြံရှင် ဖမ်းမိမှာစိုးသလို ခြံရှင်က မြင်၍ မှတ်မိမည်ကို လည်း စိုးရိမ်ရသေးသည်။ ခြံရှင်က မှတ်မိသွားသည်ထက် အော်ဟစ်၍

အလိုက်ခံရသည်ကမှ တော်သေးသည်ဟု အောက်မေ့မိသေးသည်။ အော်ဟစ်သံကြားလျှင် ထွက်ပြေးမည်။ ပြန်တွေ့လျှင် အလိုက်ခံရသည့်အကြောင်း၊ သစ်တော်ခြံထဲမှ ထွက်ပြေးရသည့်အကြောင်းကို စမြုံ့ပြန်ကြမည်။ ရယ်ရမည်။

ဖိုးမာက သစ်တော်သီး ဝင်ခိုးရခြင်းကို အခြားသော စွန့်စားခန်းများ၊ ကစားနည်းများထက် ပို၍ စိတ်ပါသည်။ ဖိုးမာ အတင့်ရဲလိုက်ပုံမှာ သူ့ရဲဘော်များကပင် စိတ်ပျက်ရသည်။ အံ့သြရသည်။ သစ်သီးခြံထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဖိုးမာသည် တမင်တကာ လေချွန်တတ်သည်။ အော်ကျယ် အော်ကျယ် စကားပြောတတ်သည်။ သစ်ကိုင်းများကို တဖြောင်းဖြောင်း မြည်အောင် ချိုးတတ်သည်။ ပိုးကိုက်ထားသော သစ်သီးကို ဆွတ်မိလျှင် ခြံရှင်၏ အိမ်ကို သစ်သီးနှင့် လှမ်းပစ်သည်။ ခြံရှင် ဖမ်းမိမည်ကို မစိုးရိမ်။ မြူးလျက်ရှိကာ အံတကြိတ်ကြိတ်ဖြင့် မျက်မှောင်ကုတ်နေတတ်သည်။ သူ့မျက်နှာသည် ဝင့်ကြွားသော အသွင်ကို ဆောင်နေသည်။

“ဖိုးမာတို့ကတော့ ဟန်ချည်းပဲကွာ” တစ်ခါတွင် စမိုလင်က မျက်နှာရှုံ့၍ ပြောသည်။

“ငါက လူကြောက်မှ မဟုတ်ဘဲ”

“လူကြောက် မဟုတ်မှန်း သိပါတယ်ကွ၊ ဒါပေမဲ့ ဟန်ထုတ် စရာမလိုပါဘူး။ အလုပ်တစ်ခုကိုလုပ်တာ ဒီလောက် ဟန်ထုတ်စရာ မလိုပါဘူး”

ယာဇော့၏အမြင်ကမူ တစ်မျိုးဖြစ်၏။

“ဟေ့ အဖမ်းခံရအောင် တမင်လုပ်နေတဲ့ကောင်မျိုးနဲ့တော့ အလုပ်မလုပ်ချင်ဘူးမောင်၊ ဒီလိုလုပ်ချင်ရင် ငါနဲ့လာမတွဲနဲ့၊ မင်းတို့ကောင်တွေ ဖမ်းမိရင် အရေးမကြီးဘူး။ မင်းတို့ကို လက်ဖျားနဲ့မှ မတို့ဘဲ မင်းတို့အိမ် သွားပို့မှာ၊ ဒါပေမဲ့ ငါ့လိုကောင်ကျတော့ အရိုးကျိုးအောင် အရိုက်ခံရမှာ၊ သိရဲ့လား”

“လူကြောက်”

ဟု ဖိုးမာက ဆိုသည်။

တစ်နေ့သော် ဖိုးမာကို ခပ်ပိန်ပိန် အဘိုးကြီးတစ်ယောက်က ဖမ်းမိသွားသည်။ ချူမာအော့ဆိုသူ စစ်သားလူထွက်ကြီး ဖြစ်သည်။ ဖိုးမာက သစ်တော်သီးများကို အိတ်ထဲထည့်နေစဉ် လက်ပူးလက်ကြပ် ဖမ်းမိခြင်းဖြစ်သည်။

"ဟော့ကောင်၊ သူခိုးကလေး မိပြီ" ဟု ဆိုကာ ဖိုးမာ၏ ပခုံးကို ဆွဲထားသည်။

ဖိုးမာ အသက် ဆယ့်ငါးနှစ်ရှိပြီ။ အဘိုးကြီး၏လက်ထဲမှ ရုန်းထွက်မည်ဆိုက အလွယ်တကူ ရုန်းထွက်နိုင်သည်။ သို့ရာတွင် ဖိုးမာ ထွက်မပြေး။

"ခင်ဗျားကြီး၊ ကျွန်တော့်ကို ထိရဲရင်ထိကြည့်စမ်း" ဖိုးမာက လက်သီးနှစ်ဖက်ကို ဆုပ်ကာ မျက်မှောင်ကုတ်လျက် ပြောသည်။

"ထိရဲထိကြည့်စမ်း၊ ဟုတ်လား၊ မထိပါဘူး မောင်ရာ၊ မင်းကို ပုလိပ်လက် အပ်လိုက်ရုံပေါ့၊ မင်းက ဘယ်သူ့သားလဲ"

ဖိုးမာ၏ ဒေါသစိတ်၊ ရဲစိတ်တို့သည် ချက်ချင်း ပျောက်သွားသည်။ အံ့သြနေသည်။ ပုလိပ်လက်သို့ရောက်လျှင် အဖေက သူ့ကို မည်သည့်အခါမျှ ခွင့်လွှတ်တော့မည် မဟုတ်။

"ဂေါ်ဒီယက်"

ဖိုးမာက အထစ်ထစ် အငေါ့ငေါ့ ဖြေသည်။

"အီညက် ဂေါ်ဒီယက်လား"

"ဟုတ်တယ်"

ဤအကြိမ် အံ့အားသင့်သူမှာ စစ်သားလူထွက် အဘိုးကြီးဖြစ်သည်။ အဘိုးကြီးက ကိုယ်ကိုဆန့်၍ ရင်ကိုကော့သည်။ ချောင်းဟန့်၍ လည်ချောင်းကို ရှင်းသည်။

"မရှက်ဘူးလားကွာ၊ မင်းအဖေက မြို့မျက်နှာဖုံး လူကြီးလူကောင်း၊ ဒီလိုလူတစ်ယောက်ရဲ့သားက သူများခြံ ဝင်ခိုးတယ်ဆိုတာ အံ့လို့မဆုံးဘူး။ ကဲ ... ကဲ အိမ်ပြန်တော့၊ နောက်တစ်ခါ တွေ့ရင်တော့ မင်းအဖေကို တိုင်ရလိမ့်မယ်။ ငါက မာကြောင်းသာကြောင်း မေးလိုက်တယ်ဆိုတာလည်း ပြောပြလိုက်"

အဘိုးကြီး၏ မျက်နှာထား အပြောင်းအလဲ လျင်မြန်ပုံကို ထောက်လျှင် အဘိုးကြီးသည် သူ့အဖေကို ကြောက်သည်ဟု ဖိုးမာ ထင်သည်။ အဘိုးကြီးက အိမ်ပြန်ရန် ပြောသော်လည်း ဖိုးမာသည် ဝံပုလွေ ပေါက်ကလေးတစ်ကောင်ပမာ မျက်မှောင်ကုတ်၍ ရပ်လျက်ရှိ၏။ အဘိုးကြီးမှာ ဂနာမငြိမ်ဖြစ်ကာ မုတ်ဆိတ်များကို လိမ်နေသည်။

"ကဲ ... ပြန်တော့လေ" အဖိုးကြီးက ခြံဝသို့ထွက်သော လမ်းကို လက်ညှိုးထိုးပြသည်။

"ပုလိပ်ကို တိုင်ဦးမှာလား" ဖိုးမာက မျက်နှာထားကြီးဖြင့် မေးသည်။ မေးရသော်လည်း ဖိုးမာသည် ထွက်လာမည့်အဖြေကို လန့်နေသည်။

"အလကား စ တာပါကွာ။ မင်းကို သက်သက်ချောက်တာပါ" စစ်သားဟောင်းကြီးက ဆိုသည်။

"ခင်ဗျား အဖေ့ကို ကြောက်တယ် မဟုတ်လား" ဖိုးမာက လှည့်ကာ ခြံထဲသို့ လျှောက်လာခဲ့သည်။

"မေးမှ မေးရက်ပလေကွာ" စစ်သား လူထွက်ကြီးသည် တစ်ယောက်တည်း ပြောကျန်ရစ်ခဲ့သည်။ စစ်သားလူထွက်ကြီးသည် ခံပြင်းလျက် ရှိပုံရ၏။ သူ့အသံကို နားထောင်ရုံဖြင့် သိနိုင်သည်။ ဖိုးမာသည် ရှက်ရှက်ဖြင့် အဖော်များဆီသို့ ပြန်မသွားတော့ဘဲ တစ်နေကုန် တစ်ယောက်တည်း လျှောက်လည်ပစ်လိုက်သည်။ ညနေစောင်း၍ အိမ်သို့ ပြန်ရောက်သောအခါ အဖေ့မျက်နှာက မှုန်နေသည်။

"ဟေ့ကောင် ချူမာကော့ရဲ့ ခြံထဲကိုဝင်ပြီး သစ်တော်သီးခိုးတယ်ဆို"

"ဟုတ်တယ် အဖေ" ဖိုးမာက အဖေ့မျက်လုံးကို တည့်တည့် ကြီးစိုက်ကြည့်ကာ မဆိုင်းမတွ ဖြေသည်။

အဖေက ဖိုးမာထံမှ ဤသို့ တန်းတန်းမတ်မတ် အဖြေထွက်လာလိမ့်မည် ထင်ပုံမရ။

"ဘာဖြစ်လို့ သူများခြံထဲ ဝင်ခိုးရတာလဲ ဟင် ကြမ်းပိုးလေး၊ မင်း သစ်တော်သီး မစားရဘူးလား"

ဖိုးမာက မျက်လွှာကို ချထားသည်။ ဘာမျှမပြော။

"မရှက်ဘူးလား ဟင်၊ ဇကွန္တ ယာဇော့ဆိုတဲ့ ကောင်လေးက မြှောက်ပေးလို့ မဟုတ်လား။ နောင်ကို ဒီကောင်လေးနဲ့ အပေါင်းအသင်းလည်း မလုပ်နဲ့၊ သူ့ဆီလည်း မသွားနဲ့"

"သူ မြှောက်ပေးတာ မဟုတ်ပါဘူး အဖေ။ ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်တာပါ"

ဖိုးမာက ရဲရဲကြီး ပြောသည်။

"ဒါဖြင့် ပိုဆိုးတာပေါ့ကွ၊ ဒါဖြင့် ဘာဖြစ်လို့လုပ်ရတာလဲ"

"လုပ်ချင်လို့"

"လုပ်ချင်လို့ဟုတ်လား၊ လုပ်ချင်တာနဲ့ လုပ်ရရောလားကွ၊ အလုပ်တစ်ခုကို လုပ်ရင် အကြောင်းရှိရတယ်။ လာစမ်း ... ဒီကို"

ဖိုးမာက အဖေ ထိုင်နေရာသို့ လျှောက်လာသည်။ အဖေက ဖိုးမာကို ပေါင်ပေါ်တွင် ထိုင်ခိုင်းသည်။ ပခုံးကို ကိုင်ကာ ဖိုးမာကို စူးစိုက်ကြည့်သည်။

"မရှက်ဘူးလား" အဖေက ရယ်၍မေး၏။

"ရှက်တယ် အဖေ"

"လူဆိုးကလေး၊ ကိုယ့်ကိုယ်ကိုရော အဖေ့ကိုရော နာမည်ပျက်အောင် လုပ်တယ်"

အဖေက ဖိုးမာ၏ ခေါင်းကို ရင်ခွင်တွင်အပ်ထားရင် ဆံပင်များကို ပွတ်သပ်နေသည်။

"ကဲ ... ဆိုစမ်းပါဦး၊ ဘာဖြစ်လို့ သစ်တော်သီး ဝင်ခိုးတာလဲ" အဖေက ထပ်၍မေးသည်။

"မသိဘူး အဖေ၊ နေ့တိုင်း ဒီကစားနည်းတွေချည်း ကစားနေရတော့ ပျင်းလို့၊ ခုဟာကတော့"

"ဘာလဲ ခုလို သူများခြံ ဝင်ခိုးရတာ ပျော်စရာကောင်းတယ်ပေါ့ ဟုတ်လား" အဖေက ရယ်သည်။

"ဟုတ်တယ်၊ ပျော်စရာကောင်းတယ်"

"အေး၊ ပျော်စရာကောင်းပေမယ့် နောက်မလုပ်ရဘူးနော်၊ နောက်ဒီလိုလုပ်ရင် ရိုက်မယ် သိလား"

"နောက် မလုပ်တော့ပါဘူး အဖေ" ဖိုးမာက ကတိပေးသည်။

"အေး၊ ငါ့သား ခုလို ရွှန်ရွှန်စားစား လုပ်တာကိုတော့ အဖေကြိုက်တယ်။ ကြီးရင်တော့ ဘယ်လိုနေမယ် မသိဘူး။ ခုထိတော့ မဆိုးသေးဘူး၊ ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ်။ တချို့ကတော့ ကိုယ့်အပြစ်ကို တခြားလူအပေါ် ပုံချတတ်တယ်။ ငါ့သားကတော့ ကိုယ့်အပြစ်ကို ရဲရဲကြီး ဝန်ခံတယ်။ လိမ်မပြောဘူး၊ လွှဲမချဘူး၊ မှန်မှန် ပြောတယ်၊ ဒါမှပေါ့ကွ။ လုပ်ရဲရင် ခံရဲမှပေါ့။ နေပါဦး အဲဒီခြံက ချူမာကော့ကကော ငါ့သားကို မရိုက်ဘူးလား"

"သူက ရိုက်ရင် ကျွန်တော်ကလဲ ပြန်ရိုက်မှာပေါ့" ဖိုးမာက မဆိုင်းမတွ ဖြေသည်။

"ဟေ"

"သူက အဖေ့ကို ကြောက်တာကိုး၊ ဒါကြောင့် ကျွန်တော့်ကို တိုင်ရုံတိုင်တာပေါ့၊ မရိုက်ပါဘူး"

"မရိုက်ဘူးလား"

"မရိုက်တဲ့အပြင် အဖေ နေကောင်းရဲ့လားလို့တောင် မေးလိုက်သေးတယ်"

"ဟုတ်လား၊ မေးလိုက်သလား"

"မေးလိုက်တယ်"

"အင်း ... လူများ တော်တော် တရားကျဖို့ ကောင်းတာပဲနော်၊ ငါ့သားက သူ့ပစ္စည်းလဲ သွားခိုးသေးတယ်။ သူကပဲ ငါ့သားကို ပြန်ချော့မော့နေရသေးတယ်။ တကယ်ကတော့ ငါ့သားခိုးတဲ့ပစ္စည်းကလဲ တစ်ပဲခြောက်ပြားတန်ပါ။ ဒါပေမဲ့ သူ့အဖို့တော့ ကိုးကျပ်တစ်ဆယ်တန်သပေါ့။ တစ်ပဲခြောက်ပြားပဲ တန်တန်၊ တစ်ဆယ်ကိုးကျပ်ပဲ တန်တန် သူ့ပစ္စည်းကတော့ သူ့ပစ္စည်းပေါ့လေ၊ သူ မပေးဘဲ ယူလို့ဘယ်ဖြစ်မလဲ။ ကဲ ... ဒါတွေ ထားပါတော့ကွာ၊ ငါ့သား ဘယ်တွေကို ရောက်ခဲ့လို့ ဘာတွေကို မြင်ခဲ့သလဲ ဆိုစမ်း"

ဖိုးမာသည် အဖေ့ အနီးတွင် ထိုင်ကာ မြင်တွေ့ခဲ့ရသမျှကို ပြောပြသည်။ အဖေက မျက်မှောင်ကုတ်ကာ ဖိုးမာ၏ ထက်သန်သော မျက်နှာကို ကြည့်နေသည်။

"လျှိုထဲက သစ်ပင်သစ်ခေါင်းထဲကို ဗီးကွက် တက်နိုက်တာ သိပ်ပျော်စရာကောင်းတာပဲ အဖေ။ ဗီးကွက်က လန့်ပြီးထပျံတော့ သစ်ပင်နဲ့ ဝင်ဆောင့်တာပေါ့။ အော်တောင် မအော်နိုင်ဘူး။ တော်တော် နာသွားတယ်ထင်တယ်။ ဒါနဲ့ နောက်တစ်ခါ ချောက်ထုတ်တော့ လန့်ပျံပြီး သစ်ကိုင်းနဲ့ ဝင်ရိုက်ပြန်ရော၊ ဗီးကွက်က ပျံတိုင်း တစ်ခုခုနဲ့ ဝင်တိုက်နေတာပဲနော်၊ အတောင်တွေ အများကြီး ကျွတ်သွားတာပဲ။ နောက်ဆုံး သစ်ခေါင်းတစ်ခေါင်းထဲ ရောက်တော့မှပဲ ကျွန်တော်တို့လဲ မမီလို့ တက်မနိုက်တော့ဘူး၊ ဗီးကွက်ကြီး သစ်ကိုင်းတွေနဲ့ ဝင်ရိုက်မိတာ သနားပါတယ်နော် အဖေ၊ ဗီးကွက်တွေက နေ့လယ်ကျရင် မျက်စိမမြင်ရဘူးဆို ဟုတ်လား"

"ဒါက ဘာဟုတ်သေးလဲကွ၊ လူတွေလည်း ဗီးကွက်လိုပါပဲ၊ လူ့ဘဝမှာ ဟိုဟာနဲ့တိုက်မိ ဒီဟာနဲ့တိုက်မိ၊ ဟိုပျံဒီပျံနဲ့ ချာချာလည်နေတာပဲ၊ ကိုယ့်အတွက် လုံလုံခြုံခြုံ ဖြစ်မယ့် နေရာကလေး လိုက်ရှာကြရတာပေါ့။ ဒီလို လုံခြုံတဲ့နေရာကို ရှာရင်း ဖွေရင်း ဟိုဟာနဲ့ တိုက်၊ ဒီဟာနဲ့ တိုက်ပြီး အတောင်တွေ ကျွတ်လိုကျွတ်၊ ဒဏ်ရာတွေ ရလိုရ၊ နောက်ဆုံး ခြေကုန်လက်ပန်းကျတဲ့အခါကျတော့ ရရာနေရာ ဝင်ခွေကြရ တာပေါ့၊ ဒီလိုလူတွေကျတော့လည်း သိပ်ကံဆိုးတာပေါ့ကွာ"

“ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ ဟင် အဖေ”

“အသေအချာတော့ မပြောနိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ဇီးကွက်များ နေ့လယ်ကျရင် မျက်စိမမြင်လို့ တိုက်မိခိုက်မိသလို လူတွေမှာလည်း လောဘ၊ ဒေါသ၊ မာနတွေကြောင့် မမြင်တော့ဘဲ ဝင်တိုက်ကုန်တော့ တာပေါ့။ တချို့ကျတော့လည်း အသိဉာဏ်မရှိလို့ပေါ့၊ အို … အကြောင်း တွေ အများကြီးပေါ့ကွာ”

*

ဖိုးမာ၏ ဘဝသည် တစ်နေ့ထက်တစ်နေ့ ကုန်လွန်လာခဲ့ သည်။ သူ့ဘဝ၌ အတားအဆီး အနှောင့်အယှက် မရှိ၊ ငြိမ်းချမ်းသာယာ သော ဘဝဖြစ်သည်။ တစ်ခါတစ်ရံတွင် မိမိ၏ငြိမ်းချမ်းသော ဘဝနှင့် မတူ ဆန့်ကျင်ခြားနားသော ဘဝများကို မြင်ရသည့်အတွက် ဖိုးမာ၏ စိတ်တွင် လှုပ်ရှားခဲ့သည့်အခါများ ရှိသည်။ သို့ရာတွင် တစ်ခါတစ်ရံမျှ သာ ဖြစ်၏။ ဖိုးမာ၏ဘဝသည် ကန်ရေပြင်ပမာ ငြိမ်သက်နေသည်။ ဘဝမုန်တိုင်းတို့မှ ကင်းဝေးသော ကန်ရေပြင်သဖွယ် ချမ်းမြေ့သည်။ ကျရောက်လာသော မုန်တိုင်းသည် ကန်စပ်တွင်သာဖြစ်၏။ သို့မဟုတ် လျှင်လည်း အပေါ်ယံမျက်နှာပြင်တွင်သာ ဖြစ်၏။ သို့မဟုတ်လျှင်လည်း ရေအောက်တွင်သာဖြစ်၏။ မုန်တိုင်းသည် တိတ်ဆိတ်သော ကန်ရေပြင် ကို ခေတ္တမျှသာ လှုပ်ရှားစေနိုင်သည်။ ခဏကြာတော့ လှိုင်းဂယက် ကလေးများ ပွတ်ထကာ ပျောက်ကွယ်သွားတတ်သည်။ ကန်ရေပြင် သည် ယခင်ကကဲ့သို့ပင် တိတ်ဆိတ်ငြိမ်သက်မြဲ ငြိမ်သက်သွားသည်။

ဖိုးမာ ကျောင်းသက် ငါးနှစ်ရှိပြီ။ ဖိုးမာသည် လေးတန်းမျှသာ အောင်ခဲ့ပြီးနောက် ကျောင်းမှထွက်ခဲ့သည်။ (ဖိုးမာက စာတော်သူ မဟုတ်) ထိုအချိန်၌ ဖိုးမာသည် ဆံပင်နက်နက်၊ အသားညိုညို၊ မျက်ခုံး ကောင်းကောင်း၊ နှုတ်ခမ်းမွေး ရေးရေးတို့ဖြင့် ယောကျ်ားပီသသော လူပျို ကြီးဖားဖား ဖြစ်လာပြီ။ နက်မှောင်သော မျက်လုံးများသည် မှုန်မှိုင်းရီဝေ လျက် ရှိသည်။ နှုတ်ခမ်းများသည် ကလေးငယ်၏ နှုတ်ခမ်းများကဲ့သို့ နူးညံ့လျက်ရှိသည်။ သို့ရာတွင် စိတ်ဆိုးသည့်အခါ၌ကား သူ့မျက်လုံး များသည် ပြူးကျယ်လာကြသည်။ နှုတ်ခမ်းများသည် တင်းကျပ်စွာ စေ့ လာကြသည်။ မျက်နှာသည် တင်းမာလာသည်။

“ကောင်မလေးတွေကတော့ မင်းကို သဘောကျမှာပဲကွ၊ ဒါပေ မဲ့ ပညာမတတ်သေးတာက ခက်တယ်” ဖိုးမာ၏ မွေးစား အဖေ မာယာ ခင်က ဖိုးမာကို စ တတ်သည်။

အဖေက သက်ပြင်းချသည်။

"ဒီကောင်ကို အလုပ်ကလေး ဘာလေး အလုပ်ခိုင်းဖို့ ကောင်းပြီဗျ"

"ငယ်ပါသေးတယ်ဗျာ"

"ဘယ် ငယ်တော့လို့လဲဗျ၊ သမ္မန်ဦးစီးအဖြစ် နှစ်နှစ်သုံးနှစ်လောက် ထည့်လိုက်ရင် အတော်ပဲ၊ ပြီးတော့ အိမ်ထောင်ချပေးလိုက်၊ ကျုပ်သမီးလျူဘာလည်း အရွယ်ရောက်ပြီ"

လျူဘာက ဘော်ဒါတွင်နေ၍ ပဉ္စမတန်း တက်နေသည်။ လမ်းတွင် ဖိုးမာနှင့်တွေ့တိုင်း ဦးထုပ်ဆောင်းထားသော ခေါင်းကလေးကို ငုံ့၍ လူကြီးသူမဟန်ဖြင့် နှုတ်ဆက်တတ်သည်။ လျူဘာ၏ ပန်းနုသွေးကြွနေသော ပါးပြင်၊ ညိုလွဲ့ရွှင်ကြည်သော မျက်လုံးများနှင့် ပန်းနုရောင်နှုတ်ခမ်းတို့ကို ဖိုးမာ သဘောကျသည်။ သို့ရာတွင် လူကြီးသူမဟန်ဖြင့် ခေါင်းညိတ် နှုတ်ဆက်ခြင်းကိုကား ဖိုးမာ မကျေနပ်။ လျူဘာသည် အထက်တန်းကျောင်းသားများနှင့်သာ ပေါင်းသင်းသည်။ ထိုအထဲတွင် ဖိုးမာ၏ သူငယ်ချင်းဟောင်း ယာဇော့လည်းပါသည်။ သို့ရာတွင် သူတို့နှင့် ဆက်ဆံရခြင်းမှာ ဟက်ဟက်ပက်ပက် မရှိလှသည့်အတွက် ဖိုးမာက မရော။ သူတို့သည် မိမိရှေ့ရောက်လျှင် စာတတ်ကြောင်းကို ပြလေ့ရှိသည်ဟု ဖိုးမာထင်သည်။ မိမိပညာမတတ်သည်ကို အထင်သေးသည် ဟု ထင်သည်။ သူတို့တစ်သိုက်သည် လျူဘာ၏အိမ်တွင် မကြာခဏစုဝေးကာ စာအုပ်များကို ကျယ်လောင် ကျယ်လောင် ဖတ်တတ်ကြသည်။ သူတို့စာဖတ်နေတုန်း သို့မဟုတ် ငြင်းခုံနေကြတုန်း ဖိုးမာရောက်သွား လျှင် ရုတ်တရက် ရပ်ပစ်လိုက်ကြသည်။ ဖိုးမာ ဤအချက်ကို ခံပြင်း သည်။ တစ်နေ့ သူတို့အိမ်သို့ ဖိုးမာ ရောက်သွားသည်။ လျူဘာက ခြံထဲ သို့ ဆင်းလမ်းလျှောက်ရန် ဖိုးမာကို ဖိတ်ခေါ်သည်။ နှစ်ယောက်သား လမ်းလျှောက်ကြသည်။ လျူဘာက မျက်နှာကို မဲ့လိုက်လျက် –

"နင့်ကြည့်ရတာ အပေါင်းအသင်းလည်း မဆံ့ဘူး၊ ကြောင်တောင်တောင်နဲ့၊ စကားလည်း မပြောဘူး"

"ပြောစရာမှ မရှိတာ၊ ဘာပြောရမှာလဲ" ဖိုးမာက ရိုးရိုးကြီး ပြောသည်။

"စာတွေ ဖတ်ပေါ့ဟ"

"ဟင့်အင်း၊ မဖတ်ချင်ဘူး"

"အထက်တန်းကျောင်းက ကျောင်းသားတွေကတော့ စာတွေ သိပ်ဖတ်တာပဲ၊ ဘာအကြောင်းပြောပြော ပြောလို့ရတယ်။ ယာဇော့ဆိုရင် သိပ်ပြောနိုင်တာပဲ"

"ဒီကောင်က အာလူး"

"ဒါကတော့ နင်က သူ့လိုမှ မပြောတတ်ဘဲ၊ ယာဇော့က တကယ်တော်တာ၊ အထက်တန်းအောင်ရင် တက္ကသိုလ်ကို သွားမယ်တဲ့"

"သွားပေါ့"

"နင်ကတော့ ဒီလိုနဲ့ နောက်ပိတ်ခွေး ဖြစ်မှာပဲ"

"နောက်ပိတ်ခွေး ဖြစ်တော့ကော ဘာဖြစ်သလဲ"

"ဟင်း ... တော်လဲ မတော်ဘူး" လျူဘာက လှောင်သလို ပြော၏။

"နင်တို့လို စာတွေမတတ်ဘဲနဲ့လဲ လောကကြီးမှာ နေလို့ရသားပဲ၊ စာတတ်တဲ့ နင့်ကောင်တွေထက်သာအောင် လုပ်ပြမယ်၊ စောင့်ကြည့်ပေါ့"

"နင် တော်တော် တုံးတယ်။ ဒီလောက်တုံးမှန်း အစက ငါ မသိဘူး၊ တော် ... ငါ့ ဒီစကားမျိုး မပြောနဲ့"

လျူဘာသည် အော်ဟစ်၍ ထွက်သွားသည်။

ဖိုးမာသည် မျက်ခုံးကိုပင့်ကာ လျူဘာကို နာကြည်းစွာဖြင့် လှမ်းကြည့်သည်။ ထို့နောက် ခေါင်းငိုက်စိုက်ဖြင့် ထွက်လာခဲ့သည်။

ဖိုးမာက တစ်ယောက်တည်း နေရခြင်းကို နှစ်သက်သည်။ တွေးတော စဉ်းစားခြင်း ဟူသော သကာလူးသည့် အဆိပ်ကို နှစ်သက်သည်။ နွေဆည်းဆာချိန်များသည် အရောင်မျိုးစုံ ယှက်သန်းကာ စိတ်ကူးဉာဏ်ကို ထက်သန်စေသည်။ ထိုအခါများ၌ ဖိုးမာ၏ရင်သည် တစ်ခုခုကို လွမ်းသလိုလို ဟာနေတတ်သည်။ လူသူကင်းရှင်းသော ခြံထောင့်တွင် ထိုင်လျက် သော်လည်းကောင်း၊ အိပ်ရာပေါ်တွင် လှဲလျက် သော်လည်းကောင်း၊ ဒဏ္ဍာရီပုံပြင်များထဲမှ မင်းသမီးများ၏ ပုံသဏ္ဌာန်ကို မှန်းဆကြည့်မိသည်။ ပုံပြင်ထဲမှ မင်းသမီးလေးများသည် လျူဘာ့အသွင်ဖြင့် လည်းကောင်း၊ မိမိ သိသော အခြားမိန်းကလေးများ၏ အသွင်ဖြင့် လည်းကောင်း ပေါ်လာတတ်ကြသည်။ မှုန်ပြာဖျော့တော့သော ဆည်းဆာရောင်တွင် သူတို့သည် တိတ်ဆိတ်စွာ ပေါ်လာကြကာ သူ့ကို ငုံ့၍ ကြည့်သွားကြသည်။ တစ်ခါတစ်ရံတွင် သူတို့ကိုကြည့်ရင်း ဖိုးမာ၏ နှလုံးသွေးများသည် ပွက်ပွက်ဆူလာကာ ခွန်အားတွေ ပြည့်ဖြိုးလာ

သည်ဟု ထင်ရသည်။ ဖိုးမာသည် ရုတ်တရက်ထကာ ရင်ကိုကော့၍ လတ်ဆတ်သန့်ရှင်းသော လေကို တစ်ဝကြီး ရှူမိသည်။ တစ်ခါတစ်ရံတွင်လည်း သူတို့၏ ရုပ်သွင်ကိုကြည့်၍ ဖိုးမာသည် ဝမ်းနည်းလာကာ ငိုချင်သလို ရင်ထဲက လှိုက်လာသည်။ မျက်ရည်တို့ကို ချုပ်တီး သော်လည်း မရ။ တွေတွေ စီးကျလာကြသည်။

ဖိုးမာကို အဖေက တဖြည်းဖြည်း အလုပ်သင်ပေးသည်။ ပွဲရုံသို့ ခေါ်သွားသည်။ ကုန်အမှာစာများ၊ စာချုပ်များ ရေးတတ်အောင် သင်ပေးသည်။ သူ့မိတ်ဆွေ ကုန်သည်များအကြောင်းကို ပြောပြတတ်သည်။ သူတို့ကြီးပွားချမ်းသာလာပုံ၊ 'လူတစ်လုံး သူတစ်လုံး' ဖြစ်လာကြပုံကို ပြောပြတတ်သည်။ ဖိုးမာကလည်း အလုပ်ကို ချက်ချင်း နားလည်လာကာ ကြိုးစားပမ်းစား လုပ်သည်။

"စိုက်တုန်းကတော့ ဘူးသီး၊ ထွက်လာတော့ ဖရုံပင်ဗျ" မာယာခင်က မျက်စိတစ်ဖက်မှိတ်၍ ပြောသည်။

ဖိုးမာသည် တစ်ဆယ့်ကိုးနှစ်အရွယ်သို့ ရောက်သည်အထိ ကလေးဆန်တုန်း၊ ရိုးသားတုန်း ဖြစ်သည်။ ထို့ကြောင့် သူနှင့် ရွယ်တူများကြားတွင် ဖိုးမာသည် တစ်မျိုးထူးခြားနေသည်။ သူတို့က ဖိုးမာကို ဝိုင်းလှောင်တတ်ကြသည်။ လူဖျင်းလူအဟု ထင်ကြသည်။ သို့ဖြင့် ဖိုးမာသည် သူတို့ကို စိတ်နာကာ အပေါင်းအသင်းမလုပ်ဘဲ ခပ်ခွာခွာ နေ သည်။ ဖိုးမာကို အကဲခတ်လျက်ရှိသည့် အဖေနှင့် မာယာခင်သည် ဖိုးမာလူတောမတိုးရဲသည်ကို ကြည့်၍ အားမလို အားမရ ဖြစ်ကြရသည်။

"ကျုပ်တော့ ဒီကောင်ကို ဘယ်လိုကောင်လဲဆိုတာ အကဲခတ်လို့ကို မရဘူး" အဖေက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။ "အရက်လည်း မသောက်ဘူး၊ မိန်းမလည်း ဝါသနာမပါဘူး။ ကျုပ်တို့ပြောတာကို နား ထောင်ပြီး ခပ်ကုပ်ကုပ် နေတာပဲ။ မိန်းမလျာကလေးလို ဖြစ်နေပြီ။ ဒါ ပေမဲ့ သိပ်တော့ ညံ့မယ် မထင်ပါဘူး။ ဘယ်နှယ့် ထင်သလဲ"

"သိပ်အညံ့ကြီးထဲကတော့ မဟုတ်ပါဘူး"

"ဒီကောင်ကို ကြည့်ရတာ တစ်ခုခု လိုနေတဲ့ပုံပဲဗျ။ မတုန်မလှုပ်နဲ့၊ မြင်းများ မျက်စိအုပ်ထားသလိုပဲ၊ သူ့အမေလည်း ဒီလိုပဲ အလုပ်လုပ်ရင် စမ်းစမ်း စမ်းစမ်းနဲ့၊ ဒိုးဒိုးဒေါက်ဒေါက် မရှိဘူး၊ စမိုလင်ဆိုရင် သူ့ထက် နှစ်နှစ်လောက်ပဲကြီးတယ်။ ဒါပေမဲ့ ကြည့်စမ်း ဘယ်လောက်တော်သလဲ၊ အဖေနဲ့ ဒိုးတူပေါင်ဖက် လုပ်နေပြီ၊ တစ်ခါတလေများ ဖအေ့ထက်တောင် ဉာဏ်သွားသေးတယ်။ ပညာ ဆက်သင်ချင်သေးတယ်လို့

ဖအေ့ကို ခဏခဏ ပူဆာ၊ သိသင့်သိထိုက်တာကို သင်မပေးဘူးလို့ ဖအေ့ကို ပြောလိုပြောနဲ့ သူ့ဘဝကို သူ မရောင့်ရဲဘူး။ ကျုပ်သားကတော့ ဒီလို မဟုတ်ဘူး။ ကျုပ်တော့ ဒီကောင်ကို ဘယ်လို နားလည်ရမှန်း မသိအောင် ဖြစ်နေပြီ”

အဖေက သက်ပြင်းကြီးတစ်ချက် ချသည်။

“ဒီလိုရင် လုပ်ကြည့်ဗျာ” မာယာခင်က ပြော၏။ “ဒီကောင်ကို အလုပ်ကြီး အကိုင်ကြီးတစ်ခု ထောင်ပေးပြီး သူ့တစ်ယောက်ထဲ လွှတ်ပေးလိုက်၊ သူ့ဖာသာသူ သဘောရှိ လုပ်စမ်းပစေ။ ကူးနိုင်ရင်လည်း ကူး မကူးနိုင်ရင်လည်း နစ်ပေါ့။ ရွှေစစ် မစစ်ကို မီးတင်ကြည့်သလိုပေါ့ ဗျာ။ သူ့ဦးနှောက်နဲ့သူ ဘာလုပ်မလဲ ကြည့်တာပေါ့။ ဒီတစ်ခေါက် သမ္ဘန်သွားရင် ကမာ မြစ်တရိုးကို သူ့ဦးစီးပြီး ထည့်ကြည့်စမ်း”

“သူ့အရည်အချင်းကို စမ်းတဲ့သဘောပေါ့”

“ဒါပေါ့၊ သူဘာတွေလုပ်လာမလဲ ကြည့်ရအောင်၊ ခင်ဗျား လည်း လက်လွှတ်ရတာပေါ့၊ အနည်းဆုံး သူ့အရည်အချင်းတော့ သိရ တာပေါ့”

“ကောင်းတယ်ဗျာ၊ လွှတ်ကြည့်လိုက်မယ်”

*

ထိုနှစ် နွေဦးပေါက်၌ အဖေသည် ဖိုးမာအား ပြောင်းဆန် သမ္ဘန်ကြီးနှစ်စင်းကို ဦးစီးစေ၍ ကမာမြစ်တရိုးသို့ လွှတ်လိုက်သည်။ လှေသူကြီးမှာ ဖိုးမာအကြောင်းကို သိပြီးဖြစ်သည့် လှေထိုးသား ယီဖင် ဖြစ်သည်။ ယခုအချိန်၌ ယီဖင်မှာ ထောင်ထောင်မောင်းမောင်း အသက် သုံးဆယ်ကျော် လူကြီးတစ်ယောက် ဖြစ်နေပြီ။ (ယခုမူ ဦးယီဖင် ဟု လေးစားသမှု ခေါ်ဝေါ်ကြသည်။) ယီဖင်က စည်းကမ်းကြီးသည်။ အလုပ် ရှိသေသည်။ လှေဦးစီး ကျွမ်းကျင်သည်။

ဖိုးမာတို့ တစ်သိုက်သည် ကမာမြစ်ရိုးတစ်လျှောက် ပျော်ပျော် ရွှင်ရွှင် စုန်ဆင်းလာခဲ့ကြသည်။ ပထမဆုံးအကြိမ် ယုံကြည်စိတ်ချစွာ တာဝန်လွှဲခြင်း ခံရသည့်အတွက်လည်း ဖိုးမာ ဂုဏ်ယူသည်။ ယီဖင်က လည်း ဖိုးမာလို လူငယ်တစ်ယောက်၏ လက်အောက်တွင် အလုပ်လုပ် ရခြင်းကို ကျေနပ်သည်။ ဖိုးမာ၏ လက်အောက်တွင် တစ်စုံတစ်ရာ အမှားအယွင်း ပြုလုပ်မိလျှင်လည်း ကိစ္စမရှိ။ အဆဲအဆို မခံရ။ ဤသို့ဖြင့် ပိုင်ရှင်နှင့် လှေသူကြီးတို့ နှစ်ဦးစလုံး စိတ်ရွှင်လန်းလျက် ရှိခြင်းကြောင့် အောက်လက်ငယ်သားများလည်း စိတ်ချမ်းသာကြသည်။ သူတို့သည်

ဧပြီလကုန်တွင် စုန်ဆင်းလာခဲ့ကြရာ မေလဆန်းတွင် လိုရာခရီးသို့ ရောက်ကြသည်။ သမ္ဗန်များ ကမ်းသို့ဆိုက်လျှင် သမ္ဗန်ဆွဲသည့် မီးသင်္ဘောလည်း ဘေးတွင် ယှဉ်၍ဆိုက်သည်။ ဖိုးမာ၏အစီအစဉ်မှာ ပါလာသော ပြောင်းဆန်များကို မြန်မြန်ချ၍ ငွေရှင်းပြီးနောက် ပန်းမြို့သို့ ထွက်ခွာရန် ဖြစ်သည်။ ပန်းမြို့တွင် သံစိမ်းများတင်ရန် စာချုပ်ချုပ်ထားသည် မဟုတ်လော။

သမ္ဗန်များကို ခင်တန်းအစွန် ရွာကလေးတစ်ရွာ အနီးတွင် ကျောက်ချကြသည်။ သူတို့ဆိုက်ပြီး နောက်တစ်နေ့ နံနက် စောစော၌ ယောကျ်ားအချို့နှင့် မိန်းမအချို့ ဆူဆူညံညံ စကားပြောကာ မြစ်ဆိပ်သို့ ဆင်းလာကြသည်။ အချို့က ခြေကျင်၊ အချို့က မြင်းနှင့်ဖြစ်သည်။ သမ္ဗန်များပေါ်တွင် ခုန်ပေါက်ပြေးလွှားကာ အားတိုက်ခွန်တိုက် အလုပ်လုပ်ကြသည်။ အော်သူက အော်၍ သီချင်းဆိုသူကဆိုကြသည်။ မိန်းမများက သမ္ဗန်ဝမ်းထဲသို့ ဆင်းကာ ပြောင်းဆန်များကို အိတ်သွတ်ပြီး နောက် ယောကျ်ားများက ပခုံးတွင် ထမ်းကာ ကုန်းပေါင်တစ်လျှောက်မှ ကမ်းပေါ်သို့ ဆင်းသွားကြသည်။ ခဏကြာသော် ပြောင်းဆန်အိတ် အပြည့်တင်ထားသော လှည်းများသည် ရွာဆီသို့ မောင်းသွားကြသည်။ မိန်းမများသည် အလုပ်လုပ်ရင်း သီချင်းဆိုကြ၊ ယောကျ်ားများက နောက်ပြောင်၍ ဆဲကြသည်။ လှေထိုးသားများက စည်းကမ်းတကျ ဖြစ်ရန် ထိန်းပေးကြသည်။ သူတို့ ပြောင်းဆန်အိတ်များကို ထမ်းတင်သွားကြသည့်အခါ၌ ကုန်းပေါင်များသည် ရေပေါ်သို့ ညွှတ်ကျနေကြသည်။ မြင်းဟီသံ၊ လှည်းတအီအီမြည်သံ၊ လှည်းဘီးများ ကြိတ်သံတို့ဖြင့် ဆူညံလျက်ရှိသည်။

နေထွက်လာပြီး လေသည် သစ်ရွက်နံ့ဖြင့် သင်းပျံ့လျက်ရှိ သည်။ ခွန်အားကို ဖြစ်စေသည်။ ငြိမ်သက်လျက်ရှိသော ရေပြင်သည် ကောင်းကင်ပြာကြီးကို အရောင်ဟပ်လျက်ရှိသည်။ သမ္ဗန်ဝမ်းကို လှိုင်းရိုက်သံ၊ ကျောက်ကြိုးကို ရေတိုးသံသည် တိုးတိတ်ညင်သာစွာ ထွက်ပေါ်လျက်ရှိသည်။ အလုပ်သမား၏ ရွှင်လန်းစွာ စကားပြောသံ၊ နေရောင်ခြည်ထဲတွင် တောက်ပလျက်ရှိသော နွေဦးပေါက်ရှုခင်း၏အလှ၊ ထိုအရာအားလုံးသည် ဖိုးမာအား ရွှင်လန်းမြူးထူးစေသည်။ ခံစားချက်အသစ် အမျိုးမျိုးကို ဖြစ်ပေါ်စေသည်။ ဖိုးမာသည် သမ္ဗန် ကုန်းပတ်မှ ပေါင်မိုးရိပ်တွင် ထိုင်ကာ လှေသူကြီးယီဖင်နှင့်အတူ လက်ဖက်ရည်သောက်လျက်ရှိသည်။ သူတို့နှင့်အတူ ဆံပင်နီနီ၊ မျက်စိမှုန်သဖြင့် မျက်မှန်တပ်ထားရ

သော ခရိုင်ရုံးစာရေးလည်း ရှိသည်။ ခရိုင်ရုံးစာရေးမှာ ဖိုးမာတို့ တင်လာသော ပြောင်းဆန်အိတ်များကို လာရောက်လက်ခံခြင်း ဖြစ်သည်။ ခရိုင်ရုံးစာရေးက သူတို့နယ်တွင် သရောကြီးခိုင်းပုံကို အသံအက်အက်ဖြင့် ပြောပြလျက်ရှိသည်။ စကားပြောရင်းလည်း ပခုံးများက အကြောဆွဲသဖြင့် ချက်မှန်မှန် တွန့်လျက်ရှိသည်။ သို့ရာတွင် ဖိုးမာက သူ့စကားများကို စိတ်မဝင်စား။ သူ့မျက်လုံးများသည် သမွန်ဝမ်းထဲက အလုပ်သမားများဆီသို့ လည်းကောင်း၊ သစ်ပင်များ ဖုံးလျက်ရှိသည့် မြစ်တစ်ဖက်ကမ်းမှ ကမ်းပါးများဆီသို့လည်းကောင်း ရောက်နေကြသည်။

"အဲဒီဘက် ကူးသွားရရင် အကောင်းသား" ဟု ဖိုးမာ တွေးနေဆဲ ခရိုင်ရုံးစာရေး၏ အက်ကွဲသောအသံကို ကြားရသည်။

"ကျုပ်တို့နယ်မှာ ဖြစ်နေပုံတွေကို ခင်ဗျားတို့ကြားရင် ယုံမှာတောင် မဟုတ်ဘူး။ အိုဆာက လယ်သမားတစ်ယောက်ဆိုရင် သူ့ဆယ့်ခြောက်နှစ် သမီး အပျိုပေါက်ကလေးကို လူချမ်းသာတစ်ယောက်ဆီသွားပြီး ရောင်းရတယ်။ ကလေးမလေးကို ခေါ်ပြီး 'ကျွန်တော့်သမီးကို ခေါ်လာပါတယ်' လို့ပြောတော့ အဲဒီလူချမ်းသာကလဲ 'ဟ … ဘာလုပ်ဖို့လဲ' လို့ မေးသတဲ့၊ 'ခင်ဗျားက လူပျိုဆိုတော့ ယူများ ယူမလားလို့ပါ' လို့ ပြောတော့ လူချမ်းသာလဲ အံ့အားသင့်နေတာပေါ့၊ သူ့သမီးလေးကို အစေခံအဖြစ်ထားဖို့ လိုက်အပ်တာ ကြာပြီတဲ့။ ဘယ်သူကမှ လက်မခံကြဘူးတဲ့။ လူချမ်းသာကလည်း စိတ်ဆိုးပြီး သူ့ကို ဘာထင်လို့လဲ၊ ဘာလဲ ညာလဲ စသဖြင့် ဆူတာပေါ့။ ဒီတော့ အဲဒီလယ်သမားကြီးက 'ခုခေတ် ကြီးမှာ သမီးတစ်ယောက် ကျွေးဖို့ သိပ်တာဝန်ကြီးပါတယ်တဲ့၊ သူ့မှာ သားသုံးယောက်လည်း ရှိသေးတယ်တဲ့၊ သားသုံးယောက်ကတော့ ကြီးလာရင် အလုပ်လုပ်ခိုင်းရမှာမို့ ဖြစ်သလိုပဲ ရှာပြီးကျွေးရတယ်တဲ့၊ ဒီတော့ ဒီသားသုံးယောက်ကို ကျွေးနိုင်အောင် ဒီကလေးမလေးကို ငွေတစ်ဆယ်နဲ့ ယူလိုက်ပါ' တဲ့၊ ကဲ … ဘယ်လောက်ရင်နာဖို့ ကောင်းသလဲဗျာ"

"အင်း … စိတ်မကောင်းစရာကြီးဗျာ" ယီဖင်က သက်ပြင်းချသည်။ "ဒါကြောင့် ကမ္ဘာမီးလောင် သားကောင်းချနင်းလို့ ရှေးလူကြီးတွေ ပြောကြတာကိုး၊ ငတ်လာတော့လည်းပဲ သားသမီးရယ်ဆိုပြီး သံယောဇဉ် မတွယ်နိုင်တော့ဘူးပေါ့လေ"

ဖိုးမာသည် မည်သည့်အတွက်ကြောင့် မသိ၊ ထိုမိန်းကလေးအကြောင်းကို စိတ်ဝင်စားနေသည်။

"ကောင်မလေးကို ယူလိုက်သလား" ဖိုးမာက မေးသည်။

"ဘယ်ယူပါ့မလဲဗျာ" စာရေးက ပြောသည်။

"ဒါဖြင့် ဘယ်ရောက်သွားသလဲ"

"နောက်တော့ မွေးစားတဲ့လူ တွေ့သွားတယ်"

"တောက်၊ အဲလိုအဖေမျိုးကို ရိုက်သတ်ပစ်ဖို့ ကောင်းတယ်" ဖိုးမာက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဒီလိုလည်း မဟုတ်သေးဘူးလေ" စာရေးက မျက်မှန်ကိုဖြုတ်ရင်း ပြော၏။

"ဘယ်နှယ့်ဗျာ၊ လူကို ရောင်းရတယ်လို့ပဲ"

"ရက်စက်ရာတော့ ကျသပေါ့၊ ဒါပေမဲ့"

"အပျိုအရွယ်လေးဗျာ၊ စိတ်မကောင်းစရာကြီး၊ ကောင်းပြီဗျာ၊ သူ့ငွေတစ်ဆယ် ကျုပ်ပြန်ပေးမယ်"

စာရေးက မည်သို့မျှ ပြန်မပြောဘဲ ပခုံးကို တွန့်သည်။ ဖိုးမာက မကျေနပ်။ ဖိုးမာသည် ထ၍ သမ္ဗန်လက်ရန်းနားသို့ လျှောက်လာခဲ့ သည်။ သမ္ဗန်ပေါ်တွင် ထိုမှ ဤမှ သွားနေကြသော အလုပ်သမားများကို မြင်ရသည်။ လှုပ်လှုပ်ရွရွတွေကို ကြည့်၍ ဖိုးမာ တရိပ်ရိပ်မူးလာသည်။ သူ့ရင်တွင် မပီမပြင်ကိန်းအောင်းနေသော ခံစားချက်တစ်ခုသည် ကြည်လင်ပီသလာသည်။ သူကိုယ်တိုင် အလုပ်လုပ်ချင်လာသည်။ ပြောင်းဆန်အိတ် တစ်ရာလောက်ကို တစ်ချီတည်း မ နိုင်အောင် သန်စွမ်းလျှင် ကောင်းလေစွ ဟု  တောင့်တမိသည်။

"ဗျို့ အလုပ်သမားတွေ၊ မြန်မြန်လုပ်ကြ၊ မြန်မြန်လုပ်ကြ" ဖိုးမာက လှမ်းအော်သည်။ အလုပ်သမားများက သူ့ကို မော့ကြည့်ကြသည်။ ထိုမျက်နှာများထဲမှ နက်မှောင်တောက်ပသည့် မျက်လုံးများဖြင့် မိန်းမတစ်ယောက်၏ ပြုံးနေသော မျက်နှာကို ဖိုးမာ မြင်လိုက်ရသည်။ ထိုမိန်းမ၏အပြုံးက ချိုသာသောအပြုံး၊ မြူဆွယ်သောအပြုံး ဖြစ်သည်။ ထိုအပြုံးကို မြင်လိုက်သည့်အခါ၌ ဖိုးမာ၏ ရင်ထဲမှ တစ်စုံတစ်ခုသည် ဟုန်းခနဲ တောက်လာသည်။ သွေးတွေ ပူတက်လာသည်။ ချော်ရည်များကဲ့သို့ သူ့သွေးကြောများထဲတွင် စီးဆင်းသွားကြသည်။ ဖိုးမာသည် သမ္ဗန်လက်ရန်းမှခွာကာ လက်ဖက်ရည်သောက်နေရာသို့ ပြန်လာခဲ့ သည်။ သူ့ပါးများက တရှိန်ရှိန် ပူနေသည်။

"ပြောင်းဆန် သယ်တုန်း ချတုန်းမှာ သိပ်အလေအလွင့် များနေတယ်။ ကိုရင့်အဖေဆီကို ပြောင်းဆန် အလေအလွင့်အတွက် ထပ်တင်ပေးဖို့ ကြေးနန်းရိုက်မှ ဖြစ်မယ်။ ကြည့်ပါဦး၊ ပြောင်းဆန်တွေ ဖိတ်ထား

လိုက်တာ ဖွေးနေတာပဲ။ ရွှေနဲ့စက်ဝယ်ရတာဗျ။ ခက်ပါတယ်ဗျာ မင်းအဖေလုပ်ပုံကတော့ ဟင်း"

စာရေးက မျက်နှာမဲ့သည်။

"ဘာလဲ၊ အလျော့တွက် ဘယ်လောက်ပေးရမလဲ" ဖိုးမာက ရုတ်တရက် မေးလိုက်သည်။ "တင်းတစ်ရာ လိုချင်သလား၊ နှစ်ရာလား"

"ဒီလောက်ပေးရမယ်လို့ ပြောတာ မဟုတ်ပါဘူးကွာ" စာရေးက အံ့အားသင့်လျက်ရှိ၏။ "မင်းတတ်နိုင်ရင်"

"အို ... ကျုပ်ပိုင်ရှင်ပဲဗျ" ဖိုးမာက ခပ်ဆတ်ဆတ်ပြောသည်။ "ပေးပိုင်ခွင့်ရှိတာပေါ့၊ ကျုပ်အဖေနဲ့ ပတ်သက်လို့တော့ ခင်ဗျား ဘာမှ မပြောစေချင်ဘူး။ အလျော့တွက်လိုချင်ရင် အလျော့တွက်ရမယ်။ ဒါပဲ"

"စိတ်မဆိုးပါနဲ့ ငါ့ညီရာ၊ မင်းတို့ပေးနိုင်တယ်ဆိုတာ သိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ငါက နယ်သူနယ်သားတွေအတွက် ပြောတာပါ"

လှေသူကြီး ယီဖင်သည် သူ့ဆရာလက်သစ် ဖိုးမာကို တစ်ချက်လှမ်းကြည့်ပြီး နှုတ်ခမ်းကို တပျတ်ပျတ်မြည်အောင် လျက်သည်။ ဖိုးမာကား စာရေး၏ ကျေးဇူးတင်စကားကိုလည်းကောင်း၊ လက်များ အားဖျစ်ညှစ်ဆုပ်နယ်လျက် ရှိခြင်းကိုလည်းကောင်း သတိမထားမိဘဲ ဂရုမစိုက်သည့် မျက်နှာပေးဖြင့် ရပ်လျက်ရှိသည်။

"တင်းနှစ်ရာဆိုတော့ တကယ့်စေတနာပါပဲကွာ၊ မင်းက လက်ဆောင်ပေးတယ်ဆိုတာ နယ်သူနယ်သားတွေကို ပြောပြပါ့မယ်။ သူတို့ခမျာ ဘယ်လောက်ဝမ်းသာကြမလဲ၊ ဟော့ ... ဟောဒီ သမ္မန်ပိုင်ရှင်က မင်းတို့ကို ပြောင်းဆန် တင်းနှစ်ရာ လက်ဆောင်ပေးမတဲ့ ဟေ့"

စာရေးက အောက်သို့ လှမ်း၍အော်သည်။

"တင်း သုံးရာဗျာ"

ဖိုးမာက ပြောသည်။

"တင်း သုံးရာတဲ့ဟေ့၊ တင်းသုံးရာတဲ့"

အလုပ်သမားများက ဝမ်းပန်းတသာရှိကြလိမ့်မည်ဟု စာရေးမျှော်လင့်သည်။ သို့ရာတွင် သူမျှော်လင့်သကဲ့သို့ မဟုတ်။ အလုပ်သမားများသည် မော့်၍ ကြည့်လိုက်ကြပြီးနောက် မည်သို့မျှ မပြောဘဲ ဆက်၍ အလုပ်လုပ်နေကြသည်။ ဝတ်ကျေတမ်းကျေ ပြောသော စကားသံများကိုကား ကြားရ၏။

"ကျေးဇူးပါပဲဗျာ"

“ကောင်းပါလေ့ဗျာ”

“ကျေးဇူးကြီးပါပေ့ဗျာ”

သို့ရာတွင် အလုပ်သမားတစ်ယောက်ကမူ

“အို ... ဒီပြောင်းဆန်က ဘာလုပ်ဖို့လဲဗျ။ ခုနေ ကျုပ်တို့ကို အရက်တစ်ခွက်စီ တိုက်တာကမှ ရေးတေးတေးရှိဦးမယ်။ ပြောင်းဆန်က ကျုပ်တို့ရမှာမှ မဟုတ်ဘဲ၊ အုပ်ချုပ်ရေးအဖွဲ့အတွက်ပဲ”

“ဒီကောင်ဟာ ဘာမှ နားမလည်ဘူး။ ငါသွားပြီး ရှင်းပြဦးမယ်” စာရေးက ပြောသည်။

စာရေးသည် သမ္မန်ဝမ်းထဲသို့ ဆင်းသွား၏။ သို့ရာတွင် ဖိုးမာ အဖို့မူ သူတို့ ကျေးဇူးတင်သည် မတင်သည်ကို ဂရုမစိုက်။ နက်မှောင်သော မျက်လုံးများနှင့် အပြုံးရှင် မိန်းမကိုသာ မြင်ယောင်နေသည်။ ထို မျက်လုံးများသည် ဖိုးမာကို ကျေးဇူးတင်လျက်၊ ယုယလျက်၊ ဖိတ်ခေါ် လျက်ရှိကြ၏။ ဖိုးမာသည် ထိုမျက်လုံးများကိုသာ မြင်နေဆဲ။ မိန်းမပျို သည် မြို့ကြီးသူများကဲ့သို့ ကိုယ်ကျပ်အကျႌ၊ ဖိနပ်တို့ကို ဝတ်ဆင်ကာ နက်မှောင်သော ဆံပင်များကို ပဝါတစ်ထည်ဖြင့် စုချည်ထား၏။ အရပ် မြင့်သွယ်သည်။ ပြောင်းဆန်အိတ်များပေါ်၌ ထိုင်ရင်း အလုပ်လုပ်လျက်ရှိ သဖြင့် သူ့လက်မောင်းသားများသည် ဝင်းလက်နေကြသည်။ နှုတ်ခမ်း များက ဖိုးမာကို ပြုံးပြနေသည်။

“ဟေ့ ... ဖိုးမာ”

လှေသူကြီး ယီဖင်က ခေါ်သည်။

“မင်းဟာက ဟိတ်ထုတ်တာတွေ များလွန်းနေပြီ၊ အလျော့ တွက် ပေးရင်လဲ တင်း ငါးဆယ်လောက်ဆို တော်ရောပေါ့၊ ခုတော့ နည်းတာ မဟုတ်ဘူး။ ဒီလိုသာ ကြပ်ကြပ်လုပ် မင်းနဲ့ငါ ဒုက္ခရောက်လိမ့် မယ်”

“အို ... ခင်ဗျား အလုပ် မဟုတ်ပါဘူး” ဖိုးမာက ပြန်ပြောလိုက် သည်။

“ဒါတော့ မင်းသဘောပေါ့ မောင်ရာ၊ မပြောနဲ့ဆိုလည်း မပြော ရုံဘဲ။ မင်းက ငယ်သေးလို့ ကြည့်ထိန်းပါဆိုလို့ မင်းအဖေက မှာလိုက် လို့ပါ။ နောက်ဆုံးပိတ်ကျတော့ ငါ့ခေါင်းပေါ်ချည်းပဲ အပြစ်ကျမှာ”

“အဖေ့ကို ကျုပ်ဖာသာကျုပ် ပြောမှာပေါ့ဗျာ”

“အေးလေ၊ ဒီလိုဆိုလည်း ပြီးတော့ပေါ့၊ မင်းတို့ပစ္စည်းပဲ”

“တော်ပါတော့ဗျာ၊ ကျုပ်ဖာသာ ကြည့်ရှင်းပါ့မယ်”

ယီဖင်သည် သက်ပြင်းတစ်ချက်ချကာ ပါးစပ်ပိတ်သွားသည်။ ဖိုးမာသည် သမ္ဘန်ဝမ်းထဲက မိန်းမပျိုကို ကြည့်ရင်း "ဒီလို မိန်းမမျိုးတစ်ယောက်လောက် ငါ့ဆီ လာရောင်းတဲ့လူရှိရင်" ဟု တွေးနေသည်။

ဖိုးမာ၏ ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။ ယခုအချိန်ထိ ရေမရောသည့် လူပျိုစစ်စစ်တစ်ယောက် ဖြစ်သော်လည်း ဖို–မဆက်ဆံရေးကို လူပြောလူပြော ကြားဖူးခဲ့ပြီ။ ထိုစကားများသည် ကြမ်းတမ်းညစ်ညမ်းသည် မှန်သော်လည်း ဖိုးမာ၏ စူးစမ်းစိတ်ကို နှိုးဆွပေးသည်။ ဖိုးမာသည် ဖို–မ ဆက်ဆံရေးကို စိတ်ကူးဖြင့် မှန်းဆကြည့်သော်လည်း ပီပီပြင်ပြင် ထင်မြင်ခြင်း မရှိ။ မိန်းမနှင့်ယောက်ျားတို့၏ ဆက်ဆံရေးသည် သူတို့ပြောသကဲ့သို့ ယုတ်ညံ့သိမ်ဖျင်းခြင်း မရှိဟူ၍ကား ဖိုးမာ အသည်းနှလုံးထဲက ယုံကြည်လျက်ရှိသည်။ မိန်းမနှင့် ယောက်ျားတို့ ဆက်ဆံရေးသည် တဏှာရာဂ ကိစ္စမျှသာဖြစ်ကြောင်း၊ ထိုမှလွဲ၍ ဘာမျှမဖြစ်နိုင်ကြောင်း၊ ထို့ထက်ပို၍ တွေးသူသည် အရူးမျှသာဖြစ်ကြောင်းဖြင့် သူ့ကို ပြောပြကြသောအခါ ဖိုးမာ ခပ်ရှက်ရှက်ပြုံးသည်။ သို့ရာတွင် သူ့ရင်ထဲ၌ကား ဖို–မ ဆက်ဆံရေးသည် သူတို့ပြောသည့် ရှက်စဖွယ် တဏှာရာဂကိစ္စ မဟုတ်ဟု ယုံကြည်မြဲ ယုံကြည်နေသည်။ ဖို–မ ဆက်ဆံရေး ကိစ္စသည် လူ့သဘာဝကို သိမ်ဖျင်းစေခြင်း မရှိသော၊ သန့်စင်မွန်မြတ်သော အရာကိစ္စတစ်ခုဟု ဖိုးမာ ယူဆသည်။

သို့ရာတွင် မျက်လုံးနက်နှင့် မိန်းမပျိုကို မြင်ရသောအခါ၌ကား ဖိုးမာ၏စိတ်၌ သူတို့ပြောသော ယုတ်ညံ့သိမ်ဖျင်းသော စိတ်တစ်မျိုးပေါ်လာပြီ။

"ဟေ့ ဖိုးမာ၊ မင်း ဟိုငနဲမကို သဘောကျနေပြီ မဟုတ်လား။ မင်း ဘယ်လိုပြောပြော ငါကတော့ တားရလိမ့်မယ် မောင်ရ။ သွားမစမ်းနဲ့။ မင်းက မနူးမနပ်ရယ်။ ကောင်မက မင်းကိုကြည့်နေပုံထောက်ရင် ဇကန္တပဲ။ မင်းက တစ်ဇွတ်ထိုး လုပ်ပုံမျိုးနဲ့ဆိုရင် တို့တစ်တွေ ခြေကျင်ပြန်ရလိမ့်မယ်။ ကိုယ်တုံးလုံး မပြန်ရရင် ကံကောင်းပဲ"

ယီဖင်က သတိပေးသည်။

"ဘာလဲဗျ၊ ခင်ဗျားကြီးကလည်း" ဖိုးမာက မျက်နှာ နီရဲသွားရင်း ပြောသည်။

"ဘာမှ မလဲရပါဘူးဗျာ။ မင်းက ဒါမျိုး ကြားချင်နေတာ မဟုတ်လား။ မင်းတို့လို ချာတိတ်တွေ မြှာနဲ့တွေ့ရင် ဘယ်လို ဆက်ဆံရမယ်ဆိုတာ ပြောမလို့ပါ။ နားထောင်၊ လွယ်လွယ်ကလေးရယ်။ အရက်

တစ်ပုလင်းလောက်ထောင်၊ နောက် ဘီယာလေး နည်းနည်းမျှော၊ ပြီးရင် ကောင်မကို ငွေငါးကျပ်လောက် ပေးလိုက်၊ ငါးကျပ်လောက်ရရင် သူ့ရှိတဲ့ အချစ်တွေ ပုံပေးလိမ့်မယ်”

“မဟုတ်တာဗျာ”

“ဟိုဘက်တောင် လွန်သေး။ ငါ ဒီလို ကစားလာတာ အခါ တစ်ရာတောင် မကတော့ဘူး။ ကောင်းပြီ၊ ငါ စီစဉ်ပေးရမလား။ ငါက တော့ ပွဲကြည့်ပရိသတ်ပေါ့ကွာ”

“တကယ်လား” ပြောမည့်သာ ပြောရသည်။ ဖိုးမာမှာ လည်မျိုအညှစ်ခံရသလို အသက်ရှူရကြပ်နေပြီ။

“ညကျရင် ကောင်မကို ငါ ခေါ်လာခဲ့မယ်”

ထိုနေ့တစ်နေ့လုံး ဖိုးမာ ယောင်တိယောင်ကန်း ဖြစ်နေသည်။ အလုပ်သမားများက သူ့ကို တရိုတသေ ဆက်ဆံကြခြင်းကို လည်းကောင်း၊ ခယဝယ လုပ်ကြခြင်းကိုလည်းကောင်း၊ သတိမထားမိ။ ရင်တဒိတ်ဒိတ်သာ ခုန်နေသည်။ တစ်ယောက်ယောက်ကို စော်ကားမိခဲ့သကဲ့သို့ မလုံမလဲ ဖြစ်နေသည်။

ထိုနေ့ညတွင် အလုပ်သမားများက မြစ်ကမ်းတွင် မီးပုံကြီးဖိုကာ ချက်ပြုတ်စားသောက်ကြသည်။ မီးတောက်များသည် မြစ်ပြင်တွင် နီနီ ဝါဝါ အကွက်တွေ လာထင်နေသည်။ ငြိမ်သက်သော မြစ်ရေပြင်တွင် လည်းကောင်း၊ ဖိုးမာအိပ်သည့် သမ္ဗန် ဦးခန်းပြတင်းပေါက်ပေါ်တွင် လည်းကောင်း လာရောက်အရောင်ဟပ်လျက် ရှိသည်။ ဖိုးမာသည် သမ္ဗန်ဦးခန်းက ကုလားထိုင်တစ်လုံးပေါ်တွင် ခွေနေသည်။ ပြတင်းမှ ခန်းဆီးကို ဆွဲချထားသည်။ မီးလည်း မထွန်းမိ။ မီးပုံမှ အလင်းရောင်သည် ခန်းဆီးကိုဖြတ်၍ ဝင်လာကာ နံရံနှင့် စားပွဲပေါ်သို့ မှိန်ဖျော့ဖျော့ ဖြာကျနေသည်။ သမ္ဗန်ဦးခန်းသည် လုံးဝတိတ်ဆိတ်လျက်ရှိ၏။ အသံဗလံဆို၍ ကမ်းပေါ်မှ ပျံ့လွင့်လာသော စကားသံများနှင့် သမ္ဗန်ဦးကို ရိုက်ခတ်လျက်ရှိသော ရေလှိုင်းသံများကိုသာ ကြားရသည်။ တစ်စုံတစ်ယောက်သည် အမှောင်ရိပ်တွင် ပုန်းကွယ်ကာ မိမိကို စောင့်ကြည့်နေသလားဟု ဖိုးမာ မလုံမလဲ ဖြစ်သည်။

ဟော လာပြီ။ ကုန်းပေါင်ပေါ်သို့ တက်လာသော ခြေသံများနှင့် ကုန်းဘောင် ညွှတ်ကျသံကို ကြားရ၏။ ရယ်သံနှင့် တီးတိုးစကားပြောသံသည် သမ္ဗန်ဦးခန်းနားသို့ ရောက်လာသည်။

“ဟင့်အင်း ... ငါ့အနား မလာနဲ့”

ဖိုးမာ၏ ပါးစပ်မှ ရုတ်တရက် ထွက်သွားသည်။ ဖိုးမာ ယောင်ယမ်း၍ ထလိုက်သည်။ သို့ရာတွင် ချက်ချင်းတံခါးပွင့်လာကာ အရပ်မြင့်မြင့်မိန်းမတစ်ယောက် တံခါးဝတွင် ရပ်နေသည်ကို မြင်လိုက်ရသည်။ မိန်းမပျိုသည် တံခါးကို အသံမမြည်အောင် ပိတ်သည်။

"မှောင်လို့၊ ဘာမှလည်း မမြင်ရဘူး၊ အထဲမှာ လူရှိသလား" မိန်းမပျိုက ခပ်တိုးတိုးပြောသည်။

"ရှိတယ်"

ဖိုးမာက ခပ်တိုးတိုးဖြေသည်။

"ဟောတော့၊ လူရှိသကိုး"

မိန်းမပျိုက မှောင်ကြီးထဲတွင် စမ်းတဝါးဝါး လျှောက်လာသည်။

"ကျွန် … ကျွန်တော် မီးထွန်းလိုက်ဦးမယ်"

ဖိုးမာက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ သို့ရာတွင် ကုလားထိုင်ပေါ် ပြန်ထိုင်ကာ ငြိမ်နေသည်။

"ဟင့်အင်း … မထွန်းချင် မထွန်းနဲ့တော့လေ၊ ခဏကြာတော့ ကျင့်သားရသွားမှာပါ၊ ကိစ္စမရှိပါဘူး"

"ထိုင်"

ဖိုးမာက ပြောသည်။

"ဟုတ်ကဲ့"

မိန်းမပျိုက သူ့အနီးတွင် ကပ်ထိုင်သည်။ လက်တစ်ကမ်းလောက်သာ ရှိလိမ့်မည်။ မိန်းမပျို၏ တောက်ပသော မျက်လုံးများနှင့် နှုတ်ခမ်းများပေါ်က အပြုံးကို ဖိုးမာ သတိပြုလိုက်မိသည်။ မိန်းမပျို၏ အပြုံးက မချိတရိအပြုံး။ သနားစရာ အပြုံး။

ဖိုးမာ နည်းနည်းရဲလာသည်။ မျက်လုံးချင်းဆိုင်မိသည့်အခါများတွင် မိန်းမပျိုက မျက်လွှာကိုချထားသည်။ ဖိုးမာ အသက်ရှူချောင်လာသည်။ သို့ရာတွင် စကားတစ်ခွန်းမျှ မပြောရဲ။ ဘာပြောရမည်လည်း မသိ။ သို့ဖြင့် သူတို့နှစ်ဦးသည် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"မောင်လေး တစ်ယောက်တည်းနေရတာ မပျင်းဘူးလား ဟင်"

မိန်းမပျိုက မေးသည်။

"ဟုတ် ဟုတ်ကဲ့"

"အစ်မတို့အရပ်က ပျော်စရာ ကောင်းရဲ့လား"

"သာယာပါတယ်။ တောတွေ တောင်တွေနဲ့"

အတန်ကြာ တိတ်ဆိတ်သွားကြပြန်သည်။

"အစ်မတို့ရွာဘေးက မြစ်က ဖော်လဂါမြစ်ထက်တောင် ရှုခင်းကောင်းတယ်"

ဖိုးမာ စကားကို ဖျစ်ညှစ်ပြောနေရသည်။

"အစ်မလည်း ဖော်လဂါမြစ်ရိုးအတိုင်း သွားဖူးတယ်။ ဆင်း ဘတ်အထိ ရောက်ဖူးတယ်"

"ဆင်းဘတ်အထိ"

ဖိုးမာက ပြောစရာစကား ရှာမတွေ့သဖြင့် မိန်းမပျို၏စကားသံကို သံယောင်လိုက်ဆိုသည်။ မိန်းမပျိုက ဖိုးမာ၏ အရိပ်အကဲကို နားလည်သွားကာ ခပ်မြူးမြူး လေသံကလေးဖြင့် –

"ဆာလိုက်တာ မောင်လေးရယ်၊ အစ်မကို ဘာမှမကျွေးတော့ဘူးလား"

"ဟုတ်သားပဲ" ဖိုးမာက ကိုယ်ကိုလှည့်ရင်း ပြောသည်။ "ကျွန်တော်ကလဲ အလိုက်မသိတတ်လိုက်တာ"

ဖိုးမာသည် သူ့ဘေးက အမှောင်ထဲတွင် စမ်းကာ ပုလင်းများကို လှမ်းယူပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ဖိုးမာသည် သူ့အဖြစ်ကို သူတွေးမိကာ အသံထွက်အောင် ရယ်မိသည်။ မိန်းမပျိုက ထလာကာ ဖိုးမာအနီးတွင် ရပ်လိုက်ရင်း ဖိုးမာကို ပြန်၍ကြည့်၏။ ဖိုးမာ၏ မျက်နှာသည် ရှက်သွေးဖြန်းကာ လက်များက တုန်ရီလျက်ရှိကြသည်။

"ရှက်နေသလား"

မိန်းမပျိုက လေသံကလေးဖြင့် မေးသည်။ သူ့ထွက်သက်ကြောင့် ဖိုးမာ၏ပါးပြင်သည် နွေးသွားသည်။

"ရှက်တယ်ဗျာ" ဖိုးမာကလည်း လေသံကလေးဖြင့် ပြန်ပြောသည်။

မိန်းမပျိုက ဖိုးမာ၏ လက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ ဖိုးမာ မျက်နှာကို ရင်ခွင်တွင် အပ်ထားလိုက်ရင်း လေသံကလေးဖြင့်–

"ဘာရှက်စရာရှိသလဲကွယ်၊ ယောကျ်ားပဲ၊ မောင်လေးက ငယ်လည်း ငယ်တယ်၊ ချောလည်း ချောတယ်၊ အစ်မလေ မောင်လေးကို သိပ်သနားတာပဲ"

မိန်းမပျို၏ စကားများကို နားထောင်ရင်း ဖိုးမာ ငိုချင်လာသည်။ သူ့စိတ်သည် ပျော့ပျောင်းနူးညံ့လာသည်။ ဖိုးမာသည် သူ့မျက်

နှာကို မိန်းမပျို၏ရင်ခွင်တွင် အပ်ထားသည်။ ပါးစပ်မှ တတွတ်တွတ် ရွတ်ကာ မိန်းမပျိုကို တင်းကျပ်စွာ ဖက်သည်။ ပါးစပ်က ဘာတွေ ရွတ်မိသည်ကိုပင် သတိမထားမိ။

"ကဲ ... အစ်မ ပြန်တော့ဗျာ"

ဖိုးမာက သမ္ဗာန်ပေါင်းမိုးနံရံကို မျက်လုံးအပြူးသားဖြင့် ကြည့်ရင်း ပြောသည်။

မိန်းမပျိုက ဖိုးမာပါးကို ရှုပ်ခနဲ တစ်ချက်မျှ နမ်းကာ တံခါးဝသို့ ထွက်သွားသည်။

"ပြန်မယ်နော် မောင်လေး"

ဖိုးမာသည် မိန်းမပျိုတစ်ဦးအနားတွင် အကြီးအကျယ် ရှက်နေသည်။ မိန်းမပျိုထွက်သွားသည့်အခါကျမှ ရုတ်တရက် ထခုန်ကာ ကုလားထိုင်ပေါ်တွင် ပြန်ထိုင်သည်။ သို့ရာတွင် ဖိုးမာ ဣန္ဒြေမရ။ ကြာကြာမထိုင်နိုင်။ ဒယီးဒယိုင်ဖြင့် ထ၍လျှောက်သည်။ ကိုယ့်ဘက်က တစ်စုံတစ်ခု ဆုံးရှုံးလိုက်ရပြီဟု နောင်တရလာသည်။ ထိုတစ်စုံတစ်ခုသည် အဖိုးတန်ရတနာတစ်ခု ဖြစ်သည်ဟု ဖိုးမာ ထင်သည်။ ထိုအဖိုးတန် ပစ္စည်းတစ်စုံတစ်ခုကို သူပိုင်ဆိုင်မှန်း အစတုန်းက ဖိုးမာမသိခဲ့။ ဆုံးရှုံးပြီးခါမှ သိရခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူ့ကိုယ်သူ ဘဝင်မြင့်သည်။ ဂုဏ်ယူသည်။ ဤသို့ ဂုဏ်ယူမိသည့်အခါ၌ ဖိုးမာတွင် ရှက်စိတ်၊ ကြောက်စိတ်တွေ ပျောက်သွားသည်။ သို့ရာတွင် အေးမြသော ညလေ၊ ညအမှောင်ထဲတွင် ပျောက်ကွယ်သွားသည့် မိန်းမပျိုအတွက် စိတ်မကောင်းဖြစ်ရသည်။

ဖိုးမာ သမ္ဗန်ပေါင်းမိုးထဲမှ ကုန်းပတ်ဘက်သို့ ထွက်ခဲ့သည်။

ထိုညက လမသာ၊ ကြယ်ရောင်များသာ လက်နေကြသည်။ ဖိုးမာ၏ တစ်ကိုယ်လုံးသည် စိမ့်ခနဲ ဖြစ်သွားသည်။ ကမ်းနဖူး မီးဖိုများမှ မီးရောင်များသည် တလက်လက် တောက်နေကြသည်။ ဖိုးမာသည် နားကိုစွင့်၏။ တစ်လောကလုံး တိတ်ဆိတ်လျက်ရှိသည်။ ကျောက်ဆူးကို တဖျတ်ဖျတ်ရိုက်နေသည့် လှိုင်းသံများမှအပ အခြား ဘာသံမျှ မကြားရ။ ခြေသံလည်း မကြားရ။ ဖိုးမာသည် မိန်းမပျိုကို လှမ်းခေါ်ချင်သည်။ သို့ရာတွင် မိန်းမပျို၏ နာမည်ကို သူ မမေးလိုက်မိ။ ဖိုးမာသည် ကုန်းပတ်ပေါ်တွင် တမေ့တမောကြီးရပ်ကာ လတ်ဆတ်သော လေကို အားရပါးရ ရှူသည်။ ထိုအခိုက် လှေဦးပေါင်းမိုးတစ်ဖက်မှ ပေါ်ထွက်လာသည့် အသံတစ်သံကို သူကြားလိုက်သည်။ အသံက ရှိုက်သံနှင့်တူသည်။ သူသည်

အသံကြားရာသို့ ခြေကိုဖော့၍ လျှောက်လာခဲ့သည်။ ဧကန္တ မိန်းမပျို၏ ရှိုက်သံဖြစ်ရမည်။

မိန်းမပျိုက ကုန်းပတ်ပေါ်တွင်ရပ်၍ ငိုနေသည်။ ခေါင်းက ကြိုးခွေကြီးပေါ်တွင် မှီထားသည်။ သိမ့်သိမ့်တုန်နေသော သူ့ကျောပြင်ကို ဖိုးမာ မြင်နေရသည်။ သူ့ငိုသံက စိတ်မကောင်းစရာ။ ဖိုးမာကိုယ်တိုင် ရင်ထဲက တလှိုက်လှိုက် ဖြစ်လာသည်။

"ဘာဖြစ်လို့လဲ ဟင်"

ဖိုးမာက ငုံ့၍ကြည့်ကာ မရဲတရဲ မေးသည်။ မိန်းမပျိုက ဘာမျှ မဖြေ။ ခေါင်းယမ်းပြသည်။

"ကျွန်တော့်ကို စိတ်ဆိုးသွားသလား"

"မသိပါဘူး။ သွားပါ"

ဖိုးမာက မိန်းမပျို၏ဆံပင်ကို တယုတယ ပွတ်သပ်လိုက် သည်။

"ဘာဖြစ်လို့လဲဟင် အစ်မ၊ ကျွန်တော့်ကို စိတ်ဆိုးသလား အစ်မ၊ အစ်မက သဘောတူလို့"

"စိတ်မဆိုးပါဘူး။ မောင်လေးကို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ မောင်လေးလို သဘောကောင်းတဲ့ လူတစ်ယောက်ကို အစ်မ စိတ်မဆိုး ရက်ပါဘူး၊ လာထိုင်"

မိန်းမပျိုက ခပ်တိုးတိုးပြောကာ ဖိုးမာလက်ကိုဆွဲ၍ သူ့ဘေး တွင် ထိုင်ခိုင်းသည်။ ကလေးတစ်ယောက်လို ဖိုးမာ၏မျက်နှာကို သူ့ ရင်ခွင်တွင် အပ်ထားသည်။

"ဒါဖြင့် ဘာဖြစ်လို့ ငိုနေရတာလဲ"

ဖိုးမာက မိန်းမပျို၏ပါးကို လက်ဖြင့်ပွတ်ရင်း မေးသည်။

"အစ်မဘဝကို တွေးပြီး ဝမ်းနည်းလို့ပါ။ မောင်လေးက အစ်မ ကို ဘာဖြစ်လို့ နှင်လွှတ်တာလဲ"

"ရှက်လို့"

ဖိုးမာက ခေါင်းကို ငုံ့ထားသည်။

"အစ်မကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ အစ်မကို မောင်လေး သဘောမကျဘူးလား"

မိန်းမပျိုက မေးသည်။ ပူနွေးသော မျက်ရည်ပေါက်များက ဖိုးမာ၏ ရင်ပတ်ပေါ်သို့ ကျလာကြသည်။

"ဘာဖြစ်လို့ သဘောမကျရမှာလဲ"

ဖိုးမာက အလန့်တကြား ပြန်ပြောသည်။ သူ့ရင်တွင်းရှိသမျှကို စီကာပတ်ကုံး ပြောပြသည်။ မိန်းမပျိုကို သူဘယ်လောက် သနားသည့်အကြောင်း၊ သူဘယ်လောက် ရှက်သည့်အကြောင်း သူဘယ်လောက် ချစ်သည့်အကြောင်း။

"မသိပါဘူးကွယ်။ မောင်လေးက နှင်လွှတ်တော့ အစ်မလည်း ထ လာတာပေါ့၊ မောင်လေး စကားတွေ ကြားတော့ အစ်မ ဝမ်းနည်းတယ်။ ဟိုတုန်းကတော့ ယောက်ျားတွေဟာ အစ်မကို စွဲကြတယ်။ အစ်မရဲ့ အပြုံးအတွက် အသက်ကိုတောင် စွန့်ကြတယ်။ ဒါပေမဲ့ ခုတော့ အစ်မက အသက်ကြီးပြီ၊ အရွယ်လည်း မရှိတော့ဘူး။ ရုပ်လည်း မရှိတော့ဘူး။ ခု အစ်မအသက် သုံးဆယ်ရှိပြီ၊ မိန်းမတစ်ယောက်အဖို့ အသက်သုံးဆယ်ကျော်ရင် အချိန်အရွယ် မရှိတော့ဘူး။ ဒါကို တွေးမိလို့ အစ်မ ငိုတာပါ"

မိန်းမပျိုက ယူကျုံးမရသံဖြင့် ပြောသည်။ သူ့အသံသည် သေလွန်သူတစ်ယောက်အကြောင်းကို ပြောပြနေသလို ဝမ်းနည်းသံ ပေါက်နေသည်။

"မောင်လေးက အရွယ်ငယ်သေးတယ်။ အရွယ်ကောင်းတုန်းမှာ အလုပ်လုပ်ရမယ်။ ကမ္ဘာပေါ်မှာ အရွယ်လောက် ဘယ်ဟာမှ အဖိုးမတန်ဘူး။ အရွယ်ဟာ ရတနာတစ်ပါးပဲ၊ အရွယ်ရှိတုန်းမှာ ဘာမဆိုဖြစ်နိုင်တယ်။ အရွယ်ရှိတုန်းမှာ ပျော်ရမယ်။ ဒါမှ ကြီးတဲ့အခါ ငယ်ငယ်တုန်းက ပျော်ခဲ့တာတွေကို ပြန်တွေးပြီး ကြည်နူးရတဲ့ အရသာမျိုးကို ရနိုင်မှာပေါ့။ အစ်မကတော့ ငယ်ငယ်တုန်းက အကြောင်းတွေကို ပြန်တွေးရင် ကြည်နူးတယ်။ ပျော်တယ်။ အသက်ပြန်ငယ်သွားသလို ထင်ရတယ်။ ကဲပါကွယ်၊ ဒါတွေ ထားပါတော့၊ မောင်လေး အစ်မကို သဘောကျတယ်ဆိုရင် အစ်မ မောင်လေးအကြိုက်ကို လိုက်မယ်။ မောင်လေး သဘောကျအောင်နေမယ်။ အစ်မက ပျော်မိရင် အားရပါးရ ပျော်ချင်တယ်။ အစွမ်းကုန် ပျော်ချင်တယ်။ မီးများလိုပဲ၊ လောင်မိရင် ပြာမှုန့်တွေ ဖြစ်သွားအောင် လောင်ပစ်လိုက်ချင်တယ်"

အနီးရှိ သမ္ဗန်တစ်စင်းပေါ်မှ "နိုးနိုးကြားကြား အိပ်ကြဗျို့" ဟူသော အသံတစ်သံပေါ်လာသည်။ ထိုအသံနှင့်အတူ သံချောင်းခေါက်သံသည် တိတ်ဆိတ်ငြိမ်သက်သော ညတွင် ပဲ့တင်ရိုက်ခတ်သွားသည်။

*

ရက်အနည်းငယ်ကြာတော့ ဖိုးမာတို့သမ္ဗန်များမှ ကုန်များကို ချပြီးကြပြီ။ သမ္ဗန်ထွက်ရန် အသင့်ဖြစ်ကြပြီ။

သမ္ဗန်ထွက်ခါနီးတွင် ရေစပ်သို့ မောင်းလာသော လှည်း တစ်စီးကို ကြည့်၍ ပွဲနင်းကြီးယီဖင် အံ့အားသင့်နေသည်။ လှည်းပေါ်တွင် ပါလာသူမှာ အခြားမဟုတ်၊ မျက်လုံးလှလှ မိန်းမပျိုပေလဂေယ ဖြစ် သည်။ သူနှင့်အတူ အထုပ်အပိုးတွေလည်း ပါလာသည်။

"ဘကြီး၊ သမ္ဗန်သမားတစ်ယောက် လွှတ်ပြီး ပစ္စည်းတွေ အသယ်ခိုင်းဗျာ"

ဖိုးမာက လှည်းဆီသို့ မေးငေါ့ပြသည်။

ပွဲနင်းကြီးယီဖင်က သက်ပြင်းကြီးတစ်ချက်ချ၍ ခေါင်းယမ်း ရင်း မကျေမနပ်ဖြင့်အသယ်ခိုင်းသည်။

"နေပါဦးကွ ဖိုးမာရ၊ သူက တို့များနဲ့ လိုက်မလို့လား"

"ဟုတ်တယ်၊ ကျွန်တော်နဲ့ လိုက်မလို့။ ဘာဖြစ်လို့ ဘကြီးက သက်ပြင်းချတာလဲ"

"ဒီတစ်ခါဆိုက်ရင် တို့သမ္ဗန်က မြို့ကြီးကို ဆိုက်မှာကွ။ မြို့မှာ မင်းလို ဟာမတွေ ပေါပါတယ်ကွာ"

"တော်ဗျာ"

ဖိုးမာက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။

"ဒါကတော့ မင်း သဘောပါဗျာ။ နောင်မှသာ မပြောမရှိနဲ့"

ဖိုးမာက မျက်မှောင်ကြီး ကြုတ်ထားသည်။

"ဘကြီးရဲ့ လူတွေကို ပြောထားဗျ။ သူ့အကြောင်း မဟုတ် တရုတ် ပြောရင်တော့ ကျွန်တော် သည်းခံမှာ မဟုတ်ဘူး။ ခေါင်းရိုက်ခွဲ ပစ်မယ်"

ဖိုးမာက တစ်လုံးချင်း လေးလေးကြီး ပြောနေသည်။

ပွဲနင်းကြီး ယီဖင်သည် ဖိုးမာကို ငေးကြည့်နေသည်။ ဖိုးမာ စကားကို သူ မယုံနိုင်။ ဖိုးမာက မျက်လုံးကြီးတွေ ပြူးကာ သွားကြီးတွေ စေ့ထားသဖြင့် ပွဲနင်းကြီးယီဖင် လန့်သွားသည်။ ယောင်၍ နောက်သို့ပင် ခြေတစ်လှမ်းဆုတ်လိုက်မိသေးသည်။

"ဘကြီး လူတွေ စော်ကားရဲရင် စော်ကားကြည့်ကြ။ အသိပဲ"

ပွဲနင်းကြီး ယီဖင် လန့်နေပြီ။ သို့ရာတွင် သူ့ကိုယ်သူ ကြိုးစား၍ ဣန္ဒြေဆည်သည်။ ဟန်ကိုယ့်ဖို့ဟု ဆိုသည် မဟုတ်လော။

"ဒီမှာ ဖိုးမာ၊ မင်းဟာ သူဌေးသား၊ ပိုင်ရှင်ရဲ့သား၊ တို့အလုပ်ရှင် ဆိုလဲ ဟုတ်တယ်။ ဒါပေမဲ့ ဒီလှေပေါ်မှာတော့ ငါဟာ လှေသူကြီးပဲ။ မင်း မတော်တာ လုပ်ရင် တားဖို့ ဝတ္တရား ရှိတယ်"

"ဘာလှေသူကြီးလဲ၊ ခင်ဗျားက လှေသူကြီးဆိုရင် ကျုပ်က ကော ဘာကောင်လဲ"

ဖိုးမာ၏မျက်နှာသည် ရဲတက်လာသည်။ အသံကလည်း မူ မမှန်။

"မင်း ငါ့ကို အော်စရာမလိုပါဘူးကွ။ ဘာမဟုတ်တဲ့ မိန်းမ အတွက် စကားများရတာ ရှက်ဖို့တောင် ကောင်းတယ်"

ဖိုးမာ၏မျက်နှာ ရဲသည်ထက်ရဲလာပြီ။ သူ့ရင်ထဲမှာ ဗလောင် ဆူနေပြီ။ ဖိုးမာသည် လက်ကို အိတ်ထဲသွင်းကာ ကျစ်ကျစ်ပါအောင် လက်သီးဆုပ်လိုက်သည်။

"ဒီမှာ ဦးကြီး၊ ခင်ဗျား ဘာစကားပြောတာလဲ။ သွား ခုသမ္ဗန် ပေါ်က ဆင်းသွား။ ခင်ဗျား မရှိလဲ အရေးမကြီးဘူး။ ဆလင်ရှိရင် သမ္ဗန် ထွက်လို့ရတယ်။ ခင်ဗျား ကျုပ်ကို လာပြီး ဆရာလုပ်ဖို့ မလိုဘူး"

ပဲ့နင်းကြီး ကြက်သေ သေနေသည်။ မျက်လုံး ပေကလပ် ပေ ကလပ်ဖြင့် ဖိုးမာကို ကြည့်နေသည်။ ဘာမျှ ပြန်မပြောနိုင်။ စကားတစ် လုံးမျှ ထွက်မလာ။

"ကျုပ် ပြောတာ နားလည်တယ် မဟုတ်လား"

"နားလည်တယ်။ တိုးတိုးသက်သာ ပြောရင်လဲ ရတယ်။ ဘာမှ မဟုတ်တဲ့ မိန်းမ အတွက်"

"ဘာပြောတယ်ဗျ"

ဖိုးမာ၏ မျက်လုံးများက ပို၍ ပြူးကျယ်လာကြသည်။ မျက်နှာ ထားကြီးက ပို၍ ကြောက်စရာ ကောင်းလာသည်။ ဖိုးမာ အနားတွင် ကြာကြာနေ၍မဖြစ်။ ခပ်ဝေးဝေး ရှောင်ပါမှ တော်ခါကျမည်။

ပဲ့နင်းကြီးသည် ဖိုးမာကို စိတ်ဆိုးသည်။ စော်ကားသည်ဟု လည်း ထင်သည်။ ယီဖင် ပဲ့နင်းလုပ်ခဲ့သည်မှာ ကြာပြီ။ သူ့သက်တမ်း တစ်လျှောက်တွင် အရှင်သခင်၏ဩဇာကို နာခံခဲ့ရသည်ချည်းဖြစ်သည်။ သို့ရာတွင် သူတွေ့ခဲ့သော အရှင်သခင်များသည် ယခု အရှင်သခင်သစ် လောက် အရှိန်ဩဇာမရှိ။ ယခု အရှင်သခင်လောက် အာဏာ မပြင်း။ ယခု အရှင်သခင်သစ်ကမူ အာဏာလည်း ပြင်းသည်။ ဘူးဆိုလျှင် ဖရုံ မသီးသော လူစားမျိုးဖြစ်သည်။ ပဲ့နင်းကြီးလည်း သမ္ဗန်ဦးခန်းသို့ သွား ကာ သူနှင့် ဖိုးမာတို့အကြောင်း ဆလင်ကို ပြောပြသည်။

"သိပ်တော့ ပေါ့သေးသေး မအောက်မေ့နဲ့ မောင်၊ ကိုက်ချင်တဲ့ ခွေး အစွယ်နဲ့ ဖွေးဖွေးတဲ့။ လူကြည့်တော့ ပျော့စိစိ၊ မခုတ်တတ်တဲ့ကြောင်

ကလေးလိုပဲ။ ငါ့များ ဟိန်းလိုက် ဟောက်လိုက်တာ ကလေးလေး ကျနေတာပဲ။ ပြောရမှာကတော့ တို့ဝတ္တရားပဲလေ။ သူ လက်မခံဘူးဆိုရင် လည်း သူ့သဘောပေါ့။ ဒါပေမဲ့ ဒီကောင်လေးနဲ့တော့ သိပ်မလွယ်ဘူး။ ရှေ့လျှောက် တို့ကို ကောင်းကောင်းကြီး အာဏာပြမှာပဲ”

ပွဲနင်းကြီးက သူနှင့် ဖိုးမာတို့ စကားများခဲ့ပုံကို ပြောပြပြီး နိဂုံးချုပ်သည်။

ပွဲနင်းကြီး ထင်သည့်အတိုင်း မှန်သည်။ ထိုနေ့ကစ၍ ဖိုးမာ မူပြောင်းနေသည်။ ဖိုးမာ သူ့ကောင်မကိုသူ အရူးအမူး ဖြစ်နေပြီ။ ယခင်ကလို ထုံထိုင်းထိုင်း၊ မှုန်ကုပ်ကုပ် မဟုတ်တော့။ သွေးကြွလာသည်။ ဘဝင်မြင့်လာသည်။

မိန်းမတစ်ယောက်ကို ချစ်ရခြင်းသည် ယောကျ်ားတစ်ယောက်အတွက် အကျိုးရှိသည်ဟု ထင်သည်။ ဘယ်လိုအချစ်မျိုးဖြစ်ဖြစ်၊ ကိစ္စမရှိ။ အချစ်ကြောင့် အသည်းကွဲရစေတော့။ အရေးမကြီး၊ အသည်းကွဲရခြင်းကြောင့် အကျိုးကျေးဇူး ရှိသည့်အခါမျိုးလည်း ရှိတတ်သည်။ စိတ်ညစ်နေသူတို့အတွက် အချစ်သည် အဆိပ်ဖြစ်ကောင်း ဖြစ်နေမည်။ သို့ရာတွင် ပျော်ရွှင်နေသူများအတွက်မူ အချစ်သည် ဆေးဖြစ်သည်။ သံမဏိသည် မီးကို လိုသကဲ့သို့ လန်းဆန်းသည့် နှလုံးသားသည်လည်း အချစ်ကို လိုသည်။

အသက်သုံးဆယ်ခန့်ရှိ မိန်းမတစ်ယောက်ကို ဖိုးမာ အရူးအမူး ဖြစ်သည်ဟု ဆိုကြသည်မှာ မှန်သည်။ သို့ရာတွင် အချစ်ကြောင့် ဖိုးမာ အလုပ်ပျက်မခံ။ အလုပ်ကြောင့်လည်း ဖိုးမာ အချစ်မပျက်။ အချစ်နှင့် အလုပ် နှစ်ခုအနက် မည်သည့်အရာကိုမျှ ဖိုးမာ ထူး၍ ဦးစားမပေး။ နှစ်ခုစလုံးကို တစ်ပြိုင်တည်း လုပ်သည်။

မိန်းမတစ်ယောက်ကို ချစ်ရခြင်းသည် အရက်ကောင်းကောင်းကို သောက်ရသည်နှင့် တူသည်။ အလုပ် လုပ်နိုင်အောင် ချစ်နိုင်အောင် လန်းဆန်းလာစေသည်။

ဖိုးမာနှင့်တွေ့သည့်အခါ၌ မိန်းမပျိုသည်လည်း သူ့အယုအယတွေ ကြားထဲတွင် ပြန်လည်၍ငယ်သွားသည်။

ပန်းမြို့သို့ အရောက်တွင် ဖိုးမာ၏ မွေးစားအဖေထံမှ စာတစ်စောင် ရောက်နေသည်။ သူ့မွေးစားအဖေ စာ၌ သူ့အဖေ ဂေါ်ဒီယက် သည် အရက်ကို မိုးမလင်းအောင် သောက်နေကြောင်း ဤအသက်အရွယ် တွင်

အရက်ကို ဤမျှသောက်နေလျှင် ဒုက္ခဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ကိစ္စမြန်မြန်ပြီးအောင် လုပ်ကာ အမြန် ပြန်လာစေလိုကြောင်းဖြင့် ပါရှိသည်။ မွေးစားအဖေ့ထံမှ စာကို ရတော့ ဖိုးမာ စိတ်ညစ်သွားသည်။ ပျော်ခဲ့သမျှကလေးတွေ ဘယ်ရောက်ကုန်သည် မသိတော့။ သို့ရာတွင် အလုပ်ကိစ္စနှင့် သူ့ချစ်သူမိန်းမပျို၏ အယုအယတွေကို တွေ့ရပြန်သောအခါ စိတ်ညစ်စရာတွေ ပျောက်သွားပြန်သည်။

အချိန်သည် မြစ်ရေစီးနှင့်အတူ မျောပါသွားသည်။ နေ့တိုင်း အတွေ့အကြုံသစ်တွေ၊ စိတ်ကူးသစ်တွေကို ဖိုးမာ တွေ့နေရသည်။

မိန်းမပျို၏အချစ်က ပြင်းထန်သည်။ ဤသို့ အချစ်မျိုးကို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးများထံမှ ဖိုးမာ မရနိုင်။ လူ့ဘဝ၏ ပျော်ရွှင်မှုဆိုသည့်ခွက်ထဲမှ နောက်ဆုံးရသော ရေစက်ကလေးများကို အငမ်းမရ သောက်နေသည့် အသက်သုံးဆယ်ကျော် မိန်းမများထံမှသာ ရနိုင်သည်။ တစ်ခါတစ်ရံတွင်လည်း မိန်းမပျို၏ အချစ်သည် မိခင်တစ်ယောက်၏ အချစ်မျိုး ဖြစ်သည်။ လူ့ဘဝအကြောင်းကို သင်ပြချင်သည်။ အမှားမတွေ့အောင် ရှောင်စေချင်သည်။

ညဆိုလျှင် သူတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦးဖက်ကာ ကုန်းပတ်ပေါ်တွင် ထိုင်တတ်ကြသည်။

"အစ်မအရင်းတစ်ယောက်လို ပြောမယ်။ အစ်မ စကားကို နားထောင်နော်" မိန်းမပျိုက လေသံတိုးတိုးကလေးဖြင့် ပြောတတ်သည်။ "အစ်မက လောကကြီးမှာ အတွေ့အကြုံတွေ အများကြီးရခဲ့ပြီးပြီ၊ လူတွေ အများကြီး ဆက်ဆံခဲ့ဖူးပြီ။ တချို့လူတွေဟာ ကူးစက်တတ်တဲ့ ရောဂါနဲ့ တူတယ်။ အစတော့ ကောင်းကောင်း မသိရဘူး။ တဖြည်းဖြည်း ရင်းနှီးလာတော့မှ သိရတယ်။ သူတို့အကြောင်းလည်းသိရော ကိုယ့်မှာ ရောဂါကူးစက်နေပြီ။ မိန်းမတွေလည်း အမျိုးမျိုးရှိတယ်။ မိန်းမတွေကို မောင်လေး သတိထားရမယ်။ မောင်လေးက နုနယ်သေးတယ်။ မောင်လေးရဲ့ အသည်းနှလုံးပေါ်မှာ အမာရွတ်မထင်သေးဘူး။ ကျီးပေါင်း မတက်သေးဘူး။ မောင်လေးလို ရုပ်ချောဥစ္စာပေါတဲ့ လူငယ်မျိုးဆိုရင် မိန်းမတွေ ဝိုင်းဝိုင်းလည်နေမှာပဲ။ တချို့ မိန်းမတွေက ကုပ်ကမြင်းတွေ၊ ကြည့်တော့ ခြေတစ်လှမ်းကို ကုဋေတစ်သန်း တန်တယ်ဆိုတဲ့ ဟန်မျိုး၊ ဣန္ဒြေကလေးတွေနဲ့၊ ဒါပေမယ့် အဲဒီမိန်းမမျိုးတွေက ပိုဆိုးတယ်။ အဲဒီမိန်းမတွေဟာ မျှော့နဲ့တူတယ်။ တဖြည်းဖြည်း စုပ်မှန်းမသိစုပ်ယူသွားတတ်တယ်။ အဲဒီမိန်းမမျိုးတွေဟာ ယောက်ျားတွေရဲ့ သွေးကို စုပ်ယူခဲ့ကြပေမယ့် သူတို့ကျ

တော့ ဘာမှ မဖြစ်ဘူး။ ယောက်ျားတွေရဲ့အသည်းကို ခွဲပစ်ခဲ့ပြီး ဘာမှ ပြန်မပေးခဲ့ရဘူး။ အစ်မတို့လို မိန်းမမျိုးကတော့ ရှင်းရှင်းပဲ၊ ဟန်လည်း မလုပ်ဖူး။ ဣန္ဒြေလည်း မဆောင်ဘူး။ ဈေးသည်လို အရှုံးအမြတ်လည်း မတွက်ဘူး။

မှန်သည်။ ပေလဂေယက အရှုံးအမြတ်တွက်သည့် မိန်းမစား မဟုတ်။ ပန်းမြို့သို့ ရောက်သည့်အခါ၌ ဖိုးမာက သူ့ကို အဝတ်အစား တွေ ဝယ်ပေးသည်။ ဖိုးမာက သည်လို ဝယ်ပေးတော့ သူကျေနပ်သည်။ သို့ရာတွင် ဖိုးမာ ဝယ်ပေးသည့် အဝတ်အစားများကို ကြည့်ရင်း–

"ပိုက်ဆံတွေ သိပ်မဖြုန်းပါနဲ့တော့ မောင်လေးရယ်။ တော် တော်ကြာ မောင်လေးအဖေ သိလို့ ဆူနေပါ့မယ်။ ဒီအဝတ်အစားတွေ ဝယ်မပေးလည်း အစ်မ မောင်လေးကို ချစ်နေမှာပါ"

ပေလဂေယတွင် အစ်မတစ်ယောက် ရှိသည်။ သူ့အစ်မက ကာ ဇန်တွင် အိမ်ထောင်ကျနေပြီ။ ပေလဂေယက ကာဇန်ရောက်လျှင် ဆင်း နေရစ်ခဲ့မည်ဟု စကတည်းက ဖိုးမာကို ပြောခဲ့ဖူးသည်။ ဖိုးမာက ထို စကားကို အလေးအနက် မထားခဲ့။ ပေလဂေယသည် သူ့ကို ခွဲခွာသွား လိမ့်မည်ဟု သူ မထင်။ ကာဇန်သို့ သမ္ဘန်မဆိုက်မီ တစ်ညတွင်မှ ပေလ ဂေယက ထိုစကားကို ထပ်ပြောလာပြန်သည်။ ဖိုးမာ စိတ်ဆင်းရဲလိုက် သည်ဖြစ်ခြင်း။ ထို့ကြောင့် သူနှင့်အတူ ဆက်လိုက်ခဲ့ရန် တဖွဖွပူဆာ သည်။

"အချိန်မရောက်ခင် ကြိုတင် ပူပန်မနေစမ်းပါနဲ့ မောင်လေး ရယ်၊ တစ်ညလုံးလုံး ကျန်ပါသေးတယ်။ အစ်မကို တကယ်လွမ်းတယ် ဆိုရင် အစ်မ မရှိတော့မှ ငိုပေါ့"

ပေလဂေယ ပြောလိုက်ပုံက လွယ်လွယ်ကလေး ဖြစ်သည်။ ဖိုးမာ ရင်ထဲမှာ ဗလောင်ဆူနေပြီ။ ဖိုးမာက သူနှင့်အတူ လိုက်ရန်ခေါ် သည်။ လက်ထပ်ကြမည်ဟု ဆိုသည်။

ပေလဂေယက ရယ်သည်။

"လက်စသတ်တော့ ဒီလိုကိုး၊ မောင်လေး စိတ်ချမ်းသာဖို့ အတွက် အစ်မက လင်တစ်ယောက်ကို အရှင်ယူရမယ် ဆိုပါတော့ ဟုတ် လား။ မောင်လေးက တော်တော် စိတ်ကူးယဉ်တာကိုး၊ အစ်မလို မိန်းမ မျိုးကို ဘယ်ငမိုက်သား ယောက်ျားက အတည်တကျ ယူမလဲကွယ်။ မောင်လေးလည်း မိန်းမ မယူပါနဲ့ဦး။ မိန်းမ မယူခင် ရည်စားတွေ မှိုလို ပေါက်အောင် ထားကြည့်ဦး၊ လောကကြီးအကြောင်းကို သိအောင် လေ့

လာကြည့်ဦး၊ လောကအကြောင်းကို သိပြီဆိုတော့မှ မိန်းမယူရတယ်။ အစ်မတို့တစ်တွေ ထမင်းဝိုင်းထိုင်ရင် ထမင်းမစားခင် ဟင်းတွေ မြည်းကြည့်ပြီးမှ ထမင်းစားကြတယ် မဟုတ်လား။ ဒီလိုပဲ မောင်လေးရဲ့ ဟင်းကျွေးဟင်းရံကလေးတွေ မြည်းကြည့်ဦးပေါ့။ အာသီသရှိလာမှ ထမင်းစားပစ်လိုက်ပေါ့။ အာသီသမရှိဘဲ စားရင် ဘယ်မှာ အရသာရှိပါ့မလဲ။ လူစဉ်မီမီ ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတစ်ယောက်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမယူဖို့ မကောင်းဘူး။ မိန်းမတစ်ယောက်ထဲနဲ့ တင်းတိမ်မှာ မဟုတ်ဘူး။ ဒီတော့ မယားကို ဘေးချိတ်ပြီး အလေလိုက်တော့တာပေါ့။ ဒီတော့ မောင်လေး မိန်းမယူတော့မယ်ဆိုရင် မိန်းမတစ်ယောက်တည်းနဲ့ တင်းတိမ်ကျေနပ်နိုင်ပါ့မလားလို့ ကိုယ့်ဖာသာကိုယ် မေးပါ။ တစ်ယောက်တည်းနဲ့ တင်းတိမ်လောက်ပြီလို့ ကိုယ့်ကိုယ်ကို စိတ်ချတော့မှ မိန်းမယူတာ အကောင်းဆုံးပဲ”

ပေလဂေယက တတွတ်တွတ် ပြောသည်။ သူ့အပြောက ပွင့်လင်းသည်။ သည်လိုပြောလေ ဖိုးမာက မခွဲနိုင်မခွာရက်လေ ဖြစ်ရသည်။

“ဒီမှာ မောင်လေး”

ပေလဂေယ တည်ငြိမ်လေးနက်ဟန်ဖြင့် ခေါ်သည်။

“အလင်းရောင် ရှိနေသေးတယ်ဆိုရင် ဘာဖြစ်လို့ လက်ထဲမှာ မီးတုတ်ကြီးတစ်ခု ကိုင်ထားမလဲ။ မီးတုတ်မပါဘဲ မြင်ရသားနဲ့။ မီးတုတ်ကြီးကို ကိုင်ထားရင် အလုပ်ပိုတယ်။ မှိုင်းလည်း တက်တယ်။ ညှော်လဲနံတယ်။ အခန့်မသင့်ရင် လက်ကိုလည်း မီးလောင်ဦးမယ်။ ဒီတော့ ဒီမီးတုတ်ကြီးကို ဘာလို့ကိုင်ထားမလဲ။ ရေထဲ လွှင့်ပစ်လိုက်ပေါ့”

“အစ်မပြောတာ ကျွန်တော် နားမလည်ဘူး”

“နားမလည်သေးရင် နားလည်အောင်ကြိုးစားကြည့်၊ ခု မောင်လေးဟာ အစ်မအပေါ်မှာ ဘာမှ အမှားမလုပ်ခဲ့သေးဘူး။ အစ်မကလည်း မောင်လေးအပေါ်မှာ ဘာမှ အမှားမလုပ်ခဲ့သေးဘူး။ ဒီအချိန်မှာ လမ်းခွဲတာ အကောင်းဆုံးပဲ”

ကိစ္စတစ်ခုသာ မပေါ်ခဲ့လျှင် သူတို့ဇာတ်လမ်းသည် မည်သို့ဆုံးမည် မသိ။ ကာဇန်သို့အရောက်တွင် ဖိုးမာ၏မွေးစားအဖေထံမှ သံကြိုးတစ်စောင် ရောက်နေသည်။ “မီရာ သဘော်ာနှင့် အမြန်ပြန်လာပါ” ဟု သံကြိုးတွင်ပါသည်။ ဖိုးမာ စိတ်ပျက်သွားသည်။ သို့ရာတွင် နာရီအနည်းငယ်ကြာသော် ကမ်းမှခွာစပြုနေသော ခရီးသည်တင် သဘော်ာတစ်စင်း ကုန်းပတ်ပေါ်သို့ ဖိုးမာရောက်နေပြီ။ သူ့မျက်နှာက ဖြူရော်

လျက်ရှိသည်။ မျက်လွှာကို ချထားသည်။ ဖိုးမာ မလှုပ်မရှားရပ်ကာ ငေးမိငေးရာကို ကြည့်နေသည်။ မျက်တောင်ပင် မခတ်မိ။ သင်္ဘောကုန်းပတ် လက်ရန်းကို မြဲမြဲဆုပ်ကာ ကမ်းပါးပေါ်တွင် ရေးရေးမှုန်မှုန်ကျန်ရစ်ခဲ့သည့် ပေလဂေယ မျက်နှာလေးကို ငေးကြည့်မိသည်။ ပေလဂေယက ပြုံး၍ လက်ကိုင်ပဝါကို ယမ်းပြသည်။ သည်အချိန်တွင် ပေလဂေယ ငိုနေလိမ့်မည်ဟု ဖိုးမာ သိသည်။ သူ့အင်္ကျီရင်ပတ်သည် ပေလဂေယ၏ မျက်ရည်များကြောင့် စိုရွှဲနေသည်။ သူ့ရင်ပတ်ပေါ်က ပေလဂေယ၏ မျက်ရည်များသည် ပူဆွေးရသော သူ့နှလုံးသားကို ညှတ်နူးစေသည်။

ကမ်းပေါ်က ပေလဂေယ၏ သဏ္ဌာန်က တဖြည်းဖြည်း သေး၍ သေး၍ သွားပြီ။ ပေလဂေယနှင့် ခွဲခဲ့ရသည့်အတွက် ဖိုးမာ ဆွေးသည်။ အဖေ့အတွက် ဖိုးမာ ပူသည်။ ထိုအပူနှင့် အဆွေးကြားထဲက ခံစားချက်အသစ်တစ်ခု ဖိုးမာ၏ ရင်ထဲတွင် ပေါ်လာသည်။ ထိုခံစားချက်မှာ တစ်စုံတစ်ယောက်ကို နာကြည်းခြင်း ဖြစ်သည်။ မည်သူ့ကို နာကြည်းမှန်း ဖိုးမာ မသိ။

ကမ်းပေါ်က လူများသည် သေးသေးမှုန်မှုန် အပြောက်အစက်ကလေးတစ်ခု ဖြစ်သွားသည်။ ပုံပန်းသဏ္ဌာန်ဟူ၍ မကွဲပြားတော့။ မပီသတော့။ ဖိုးမာသည် ချာခနဲ လှည့်ကာ ကုန်းပတ်ပေါ်တွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေမိသည်။

လက်ဖက်ရည်ဝိုင်းက ခရီးသည်တွေ စကားပြောသံက ဆူညံနေသည်။ လက်ဖက်ရည်ဆိုင်က သူငယ်ကလေးတွေက စားပွဲတွေကို ကပျာကယာ ခင်းနေကြသည်။ ကလေးတစ်ယောက်ရယ်သံ အောက် ထပ် တတိယတန်းမှ ထွက်လာသည်။ လက်ဆွဲဘာဂျာသံ၊ ထမင်းဆိုင် က ပန်းကန်ပြားဆေးသံ၊ စဉ်းတီတုံးပေါ်တင်၍ ခုတ်သံတို့ ရောထွေးနေကြသည်။ သင်္ဘောကြီးက ရေကိုဆန်၍ ခုတ်နေသည်။ ရေစီးကိုဆန်၍ လှိုင်းတွေထဲဖြတ်ခုတ်ရသဖြင့် ယိမ်းထိုးနေသည်။ ပဲ့ပိုင်းတွင် ဝဲထကျန်ရစ်ခဲ့သော ရေပြင်ကို ဖိုးမာ ငုံ့ကြည့်သည်။ ဝဲထနေသော ရေပြင်ကိုကြည့်ရင်း ရေပြင်ကို ခွဲဖြတ်ပစ်ချင်သည်။ သင်္ဘောကြီးလို ရေစုန်ကို ဆန်တက်ချင်သည်။ သူ့ပခုံး၊ ရင်ပတ်တို့ဖြင့် ရေစီးကို တွန်းဖယ်ပစ်ချင်သည်။

အနားက လူတစ်ယောက် "ကံတရားအတိုင်းပေါ့လေ" ဟု သူ့ဖာသာသူ ပြောနေသံကို ဖိုးမာ တစ်စွန်းတစ်စ ကြားလိုက်ရသည်။

ကံတရား ဆိုသည့်စကားကို ဖိုးမာ မကြာခဏ ကြားဖူးပြီ။ သူက မေးတိုင်း အရီးသည် ကံဆိုသည့် စကားလုံးကို မကြာခဏ ပြော

တတ်သည်။ ကံဆိုသည့် စကားတစ်လုံးသည် ဘုရားသခင်လို တန်ခိုးအနန္တနှင့် ပြည့်စုံသည့်အရာဟု သူထင်သည်။

ဖိုးမာက စကားပြောနေသူကို လှမ်းကြည့်သည်။ တစ်ယောက်က အသက်ကြီးပြီ၊ ဆံပင်တွေ ဖွေးဖွေးဖြူနေပြီ။ မျက်နှာက ကြင်နာသနားတတ်ပုံရသည်။ တစ်ယောက်က ခပ်ငယ်ငယ်၊ သူ့မျက်လုံးများက ပင်ပန်းနွမ်းနယ်ဟန်ပေါက်ကာ မုတ်ဆိတ်က ချွန်နေသည်။ နှာခေါင်းပွပွ၊ ပါးချိုင့်ချိုင့်နှင့်ဖြစ်၍ သူ့မွေးစားအဖေ မာယာခင်နှင့် တူသည်ဟု ဖိုးမာထင်သည်။

"ကံတရားဆိုတာ ငါးမျှားချိတ်နဲ့တူတယ်။ ရုတ်တရက် ကြည့်လိုက်ရင်တော့ ချောင်းရိုးပေါ်မှာ ငါးမျှားတံလေး ဝဲတာ ကြည့်လို့လှသလိုပဲ။ ဒါပေမဲ့ ရေအောက်က ချိတ်က ချိတ်ဖို့ အသင့်စောင့်နေမယ်။ ငါးစာကိုမက်ပြီး သွားဟတ်လိုက်တာနဲ့ တစ်ပြိုင်နက် အာခေါင်ကို ငါးမျှားချိတ်စူးတော့တာပဲ။ ခဏကြာတော့ ဒီငါး ကုန်းပေါ်ရောက်နေပြီ။ ပါးစပ် ကလေး ဟပြီး အသက်ကို မဝတဝ ရှူလို့"

ဖိုးမာက နေရောင်စူးသလို မျက်လုံးကို ရုတ်တရက် မှိတ်လိုက်မိသည်။

"ဟုတ်တယ် ဟုတ်တယ်" ဖိုးမာက ဝင်၍ထောက်ခံသည်။

စကားပြောသူ နှစ်ယောက်က သူ့ကို လှည့်ကြည့်ကြသည်။ အဘိုးကြီးက ဖိုးမာစကားကို သဘောကျဟန်ဖြင့် ပြုံးသည်။ လူရွယ်က မနှစ်မြို့ဟန်ဖြင့် ကြည့်သည်။ လူရွယ်၏မျက်နှာထားကြောင့် ဖိုးမာ ခပ်အမ်းအမ်းဖြစ်သွားကာ မျက်နှာရဲရဲဖြင့် လှည့်ထွက်လာသည်။

ကံတရားသည် အပြောင်းအလဲ မြန်သည်။ စောစောက သူ့ကို သနားကြင်နာဟန် ပြခဲ့သည်။ မိန်းမတစ်ယောက်ကို ပေးခဲ့သည်။ သူက ထိုမိန်းမကို အသည်းနှင့်အောင် ချစ်မိသည်။ သို့ရာတွင် ချစ်မဝသေးခင် ကံတရားသည် ထိုမိန်းမကို သူ့လက်မှ ရက်ရက်စက်စက် ယူသွားပြီ။ စောစောက နာကြည်းချက်တစ်ခုကို ခံစားခဲ့စဉ်က မည်သူ့ကို နာကြည်းရမှန်း သူ မသိခဲ့။ ယခု နာကျဉ်းရမည်သူ တွေ့ပြီ။ သူ့ကို ရက်ရက်စက်စက် ကျီစားသွားသည့် ကံတရားကို နာကြည်းရမှန်း ဖိုးမာ သိပြီ။ လူ့ဘဝသည် သူ့ကို အလိုလိုက်ခဲ့သည်။ ဘဝဆိုသည့် ခွက်ထဲက ပထမဆုံး အဆိပ်ရည်ကို သူမြည်းစမ်းကြည့်သည့်အခါတွင်လည်း ဟန့်တားခြင်း မပြု။ အသာတကြည် ကြည့်နေခဲ့သည်။ ယခု ထိုအဆိပ်ရည်ကို သွန်ပစ်လိုက်ရပြီ။ ထို့ကြောင့် ဘဝကို သူနာကြည်းသည်။ ကံတရားကို သူ

နာကြည်းသည်။ နာကြည်းရသဖြင့် စိတ်ဓာတ်ပျော့မသွား။ စိတ်ဓာတ်ပိုမာလာသည်။ ပို၍ဒေါသ ထွက်လာသည်။ လက်စားချေချင်လာသည်။

မြို့သို့ရောက်လျှင် မွေးစားအဖေက လာကြိုသည်။ ဖိုးမာက အလောသုံးဆယ် မေးမိသည်။

"မင်း အဖေတော့ သောင်းကျန်းပြန်ပြီ"

ရထားပေါ်သို့ အတက်တွင် သူ့မွေးစား အဖေက ပြောသည်။

"အရက်တွေ သိပ်သောက်နေပြန်ပလား"

"ဒီထက် ဆိုးတယ်"

"ဘာလဲ ဦးလေး၊ ဘာဖြစ်လို့လဲ"

"ဖြစ်ပုံက ဒီလိုဟ့။ သူ့ကို ပိုင်းမလို့ မြှူနေတဲ့ ကောင်မ တစ်ယောက်ရှိတယ်"

"ဟုတ်ကဲ့"

ဖိုးမာက သူ့ချစ်သူ ပေလဂေယကို အမှတ်ရလာသည်။

"ခု ဒီ ပိုင်းလုံးမက သူ့ကို ဝါးမျိုပြီး သူ့သွေးကို စုပ်နေတာ"

"ဘယ်လို မိန်းမမျိုးလဲ ဦးလေး။ ဣန္ဒြေရရ တည်တည်တံ့တံ့ ထဲကလား"

"တည်တည်တံ့တံ့ထဲကလား ဘာလားတော့ မသိဘူးကွ။ မင်း အဖေတော့ ငွေတစ်သိန်းလောက် ချောပြီ။ ကောင်မ လုပ်လိုက်တာ ငွေ တစ်သိန်း အိတ်ထဲက အသာကလေး ထွက်သွားတာပဲ။ ငှက်မွေးကလေး ထွက်သွားတာက ခက်ချင်ခက်ဦးမယ်"

"ဘယ်သူလဲ ဦးလေး"

"ဆွန်ယာတဲ့၊ ပိသုကာရဲ့ မိန်းမ"

"ဟင် … လင်ကြီး ငုတ်တုတ်နဲ့ပေါ့၊ ဟုတ်လား။ ဒီမိန်းမက ကော လင်ကြီးငုတ်တုတ်ထားပြီး အဖေ့ မယားငယ် လာလုပ်သလား"

ဖိုးမာက တအံ့တသြ မေးသည်။ သူ့မွေးစားအဖေက မျက်လုံးကြီးပြူး၍ လှမ်းကြည့်ရင်း–

"မင်းလည်း မင်းအဖေလို ကောင်၊ တော်တော် ခက်ဦးမယ့် ကောင်ပဲ၊ ဒီလောက်ငွေကို လွယ်လွယ်နဲ့လည်း ရသေးတယ်။ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးရဲ့ မယားငယ်လည်း လုပ်ရသေးတယ် ဆိုတော့ ဘာအပန်းကြီးလို့လဲကွ"

သူ့မွေးစား အဖေက တခစ်ခစ် ရယ်သည်။ မုတ်ဆိတ်မွေးများက ထူးဆန်းစွာ လှုပ်ယမ်းနေကြသည်။ ဖိုးမာသည် သူ့မွေးစားအဖေကို

နားမလည်သလို ငေးကြည့်နေသည်။ သူ့မွေးစားအဖေ၏ အမူအရာက ထူးနေသည်။ ဂနာမငြိမ်။ စကားကလည်း အဆက်အစပ်မရှိ။ စကားပြော ရင်း ကျိန်သည့်အခါ ကျိန်သည်။ တံတွေးကလည်း တပျစ်ပျစ် ထွေး သည်။ သူပြောသည့် စကားများကို ဖိုးမာ ကောင်းကောင်း နားမလည်။

သူတို့မြို့တွင် ဆွန်ယာဆိုသည့် မိန်းမတစ်ယောက် ရှိသည်။ သူ့ယောကျ်ားက ပိသုကာ ဖြစ်သည်။ ချမ်းသာသည်။ အလှူအတန်း ရက် ရောသည်ဟု နာမည်ကြီးသည်။ ဆွန်ယာက လူအိုရုံတစ်ရုံဆောက်ရန်၊ စာကြည့်တိုက်တစ်ခု ဆောက်ရန် သူ့အဖေထံ သွား၍အလှူခံသည်။ ဖိုးမာ အဖေက ငွေတစ်သိန်း ထည့်လိုက်သည်။ သတင်းစာများက ဖိုးမာ့အဖေ ကို ကုသိုလ်ရှင်ကြီးတစ်ဦးအဖြစ် တဖွဲ့တနွဲ့ရေးကြသည်။ သူ့ မွေးစား အဖေသည် ထိုကိစ္စကို ပြောခြင်းဖြစ်သည်ဟု ဖိုးမာ ထင်သည်။

ဖိုးမာ ကိုယ်တိုင်လည်း ဆွန်ယာကို မြင်ဖူးသည်။ ဆွန်ယာက သေးသေးသွယ်သွယ် ဖြစ်သည်။ သူတို့မြို့က မိန်းမချော စာရင်းတွင် ပါသည်။ အချို့ကမူ ဆွန့်ယာ့အကြောင်းကို မကောင်းပြောကြသည်။

"ဦးလေးက ဒါကြောင့် ကျွန်တော့်ကို ကြေးနန်းရိုက် ခေါ်တာ လား၊ ဘာများလဲလို့ ဟိုတွေး ဒီတွေးနဲ့ အထိတ်တလန့် ဖြစ်လိုက်ရတာ ဦးလေးရာ"

မာယာခင်၏ စကားအဆုံးတွင် ဖိုးမာက ပြောသည်။

"မင်းက ဘာတွေများ လျှောက်တွေးနေလို့တုန်း၊ တွေးမနေနဲ့၊ မင်း အဖေသေရင် မင်း ဘာမှရမှာ မဟုတ်ဘူး။ ကုန်းကောက်စရာတောင် ရှိတော့မှာ မဟုတ်ဘူး" မာယာခင်က ငေါက်သည်။

"ဦးလေး ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ"

ဖိုးမာက တအံ့တဩ မေးသည်။

"ဘာဖြစ်ရမလဲကွ။ ငွေတစ်သိန်းဆိုတာ နည်းသလား၊ ပြော စမ်း၊ ငွေတစ်သိန်းဆိုတာ နည်းတဲ့ ပိုက်ဆံလား"

"ငွေတစ်သိန်းဆိုတာ နည်းတဲ့ပိုက်ဆံတော့ မဟုတ်ဘူး ဦးလေး၊ ဒါပေမဲ့ အဖေ့မှာ သိန်းပေါင်းများစွာ ချမ်းသာနေတာပဲ။ ဦးလေးက ဘာဖြစ်လို့ ဒီလောက်"

မာယာခင် ဆတ်ခနဲ တုန်သွားကာ ဖိုးမာကို စက်ဆုပ်စွာ ကြည့် သည်။

"ဒီစကားမျိုးကို မင်းက ပြောသလား"

မာယာခင်က လေသံပျော့ပျော့ဖြင့် မေးသည်။

"ဟုတ်တယ်လေ၊ ကျွန်တော့် ပါးစပ်က ပြောတာ၊ ကျွန်တော် မပြောလို့ ဘယ်သူ ပြောရဦးမှာလဲ"

"မဟုတ်ဘူး။ ဒီစကားဟာ မင်းပါးစပ်က ထွက်လာပေမယ့် မင်းက ပြောတာ မဟုတ်ဘူး။ လူငယ်တွေရဲ့ မိုက်ရူးရဲ စိတ်က ပြောတာ။ လူကြီးဆိုတာ အတွေ့အကြုံ ထောင်ချီပြီး ရှိနေပြီ၊ ဒီတော့ အတွေ့အကြုံ တစ်ထောင်ရှိတဲ့ လူကြီးရဲ့ မိုက်ရူးရဲစိတ်ကလည်း မင်းကို ပြန်ဆုံးမမယ်။ မှတ်ထား၊ မင်းဟာ ခုမှ ခွေးပေါက်ကလေးပဲ ရှိသေးတယ်။ မင်းဟာ ခွေးပေါက်စန ကလေးပဲ ရှိသေးတယ်။ ဒီတော့ သိပ်မဟောင်နဲ့"

ဖိုးမာ၏ မွေးစားအဖေ မာယာခင်က စကားပြောလျှင် စကားလုံး ပြောင်သည်။ (စကားလုံးပြောင်ရုံမက ရိုင်းရိုင်းစိုင်းစိုင်းလည်း ပြောတတ်သည်။ သူ့အဖေ ကြမ်းလှပြီဟု အောက်မေ့သော်လည်း မာယာခင့်ကို မီမည်မထင်။) ဤတစ်ချီတွင်မူ မာယာခင်၏ စကားက ဖိုးမာ၏အရှိုက်ကို ထိသွားသည်။

"ဦးလေး ကျွန်တော့်ကို ဘာကြောင့် ဒီစကားမျိုးတွေ ပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး။ ပြီးတော့ ကျွန်တော်ဟာ သူငယ်နှပ်စားကလေးတစ်ယောက် မဟုတ်တော့ဘူး"

ဖိုးမာက စိတ်ကိုချုပ်ကာ ပြတ်ပြတ်သားသားကြီး ပြောချလိုက်သည်။

"မင်းက ပြောတာ မဟုတ်ပါဘူးကွာ၊ လူငယ်တွေရဲ့ မိုက်ရူးရဲ စိတ်ဓာတ်က ပြောတာပါ"

မာယာခင်က မျက်ခုံးကြီးကိုပင့်၍ လှောင်သံဖြင့် ပြောသည်။ ဖိုးမာ သည်းမခံနိုင်တော့။ ဖိုးမာသည် သူ့မွေးစားအဖေ မာယာခင်၏ မျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း ပီပီသသကြီး ပြောချလိုက်သည်။

"ဟုတ်တယ်၊ ဘယ်သူကမှ ပြောတာ မဟုတ်ဘူး။ ကျွန်တော်က ပြောတာ၊ ကျွန်တော့်ကို ဆုံးမဩဝါဒတွေ ပေးနေဖို့မလိုဘူးလို့ ကျွန်တော် ပြောပြီးပြီ။ နောက်ထပ် ကျွန်တော့်ကို ဒီစကားတွေ မပြောနဲ့တော့"

"ဩော် ... ဒီလိုလား၊ ဒီလိုဆိုလဲ ခွင့်လွှတ်ပါဗျာ၊ ခွင့်လွှတ်တော်မူပါ"

မာယာခင်သည် တိတ်သွားသည်။ မျက်ခုံးကြီးများကို ပင့်ကာ နှုတ်ခမ်းကို လျက်ရင်း အဝေးသို့ ငေးကြည့်နေသည်။ တော်တော်နှင့် စကားမပြောတော့။

မြင်းရထားက လမ်းကြားကလေးတစ်ခုထဲသို့ ချိုးလိုက်သည်။ သူ့အိမ်စွန်းကို လှမ်းမြင်သည့်အခါတွင် ဖိုးမာက ရှေ့သို့မျှော်၍ ကြည့်သည်။

"မင်း ... တော်တော်ကိုက်တတ်နေပြီ ဖိုးမာ၊ မင်းသွားတွေကို ဘယ်သူချွန်ပေးလိုက်သလဲ"

မာယာခင်က ဖိုးမာကို လှမ်း၍မေးလိုက်သည်။ ဤစကားမျိုး သူ့မွေးစားအဖေပါးစပ်က ကြားလိုက်ရသည့်အခါတွင် ဖိုးမာ ကျေနပ်သွားသည်။

"တော်တော် ချွန်သလား ဦးလေး"

"ဟုတ်တယ်။ ပေါက်အောင်ကိုက်တတ်နေပြီ၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမဲ့ တို့(တို့ဆိုတာ မင်းအဖေနဲ့ ငါပေါ့ကွာ) စိုးရိမ်တာ တစ်ခုတော့ရှိတယ်။ ခု မင်း အရက်သောက်တတ်ပြီပေါ့"

"ဟုတ်တယ်၊ သောက်တတ်ပြီ"

"နည်းနည်းတော့ ငယ်သေးတယ်လို့ ငါထင်တယ် ဖိုးမာ၊ တော်တော် များများ သောက်သလား"

"ဘာဖြစ်လို့လဲ"

"ကြိုက်ကော ကြိုက်သလား"

"ကြိုက်လှတယ်လို့တော့ မဟုတ်ပါဘူး"

"အင်း ... ဒီအထိတော့ သိပ်မဆိုးသေးပါဘူး။ တစ်ခုပဲ ရှိတယ်။ မင်းက ပွင့်လင်းလွန်းတယ်။ ဖြောင့်ကျလွန်းတယ်။ ဘာလုပ်ခဲ့လုပ်ခဲ့ ထိမ်ချန်ထားမဲ့ကောင်မျိုး မဟုတ်ဘူး။ မကောင်းမှု လုပ်ခဲ့တာတောင် ဖွင့်ပြောမဲ့ကောင်မျိုး၊ အေးလေ ... မင်းလည်း စဉ်းစားပေါ့၊ လောကကြီးမှာ အရာရာကို ဖြောင့်ပြောလို့ကောင်းတာ မဟုတ်ဘူး။ အရာရာမှာ ဖြောင့်မတ်လို့ မဖြစ်ဘူး။ တစ်ခါတလေကျတော့ ကိုယ်က မကောင်းမှုကို လုပ်ခဲ့မိသည့်တိုင် တိတ်တိတ်ကလေး နေတန်နေရတယ်။ ဒီလိုနေတတ်ရင် ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုကိုလည်း မကြာခင် မေ့ပျောက်သွားနိုင်လိမ့်မယ်။ လူတွေကလည်း အထင်ကြီးလာကြလိမ့်မယ်။ လူ့ရဲ့ပါးစပ်ပေါက်ဆိုတာ ပိတ်နေခဲတယ်။ အပေါက်အစပ်များတယ်၊ ကဲ ... အိမ်ရောက်ပြီ၊ မင်းအဖေက တော့ မင်းကိုမျှော်မှာ မဟုတ်ပါဘူး။ အိမ်မှာရှိရင် ကံကောင်းပဲ"

အဖေ့ကို အိမ်မှာပင် တွေ့ရသည်။ အဖေ၏ ရယ်သံညြညြကို ကြားရသည်။ မြင်းရထားဆိုက်တော့ အဖေက ပြတင်းပေါက်က ထွက်

ကြည့်သည်။ သူ့သားကိုမြင်တော့ "ဟော့ ... ပြန်လာပလားကွ" ဟု ဝမ်းသာအားရ အော်သည်။

ခဏကြာတော့ အဖေသည် ဖိုးမာကို သူ့လက်ကြီးတစ်ဖက်ဖြင့် ဖျစ်ညှစ်ပွေ့ဖက်ကာ အခြားတစ်ဖက်ဖြင့် ခေါင်းနောက်သို့ လှန်ပြီး သားမျက်နှာကို ကြည့်သည်။

"ကြည့်စမ်း၊ အသားတွေတောင် တော်တော် မည်းသွားတယ်။ ခွေးသူတောင်းစားကလေး၊ ဒါ ကိုယ့်သားလေ"

"သားက လူချောပဲ"

ဟု ငွေဆည်းလည်သံတစ်ခုက ဆိုသည်။

ထိုအခါကျမှ ဖိုးမာ သေသေချာချာ ကြည့်မိသည်။ သူ့အဖေ့နောက်ဖက် ခပ်လှမ်းလှမ်းစားပွဲတွင် မိန်းမတစ်ယောက် ထိုင်နေသည်။ အရပ်အမောင်းက သွယ်မြင့်သည်။ မျက်လုံးများက နက်မှောင်သည်။ မျက်ခုံးများကလည်း သေးသွယ်သည်။ ဖြူဝင်းသည်။ မျက်နှာနောက်ခံတွင် နှုတ်ခမ်းများက နူးညံ့ရွှန်းစိုသည်။ သူ့နောက်က ပန်းအိုးထဲမှ ရွက်လှပန်းကိုင်းက သူ့ရွှေရောင်တောက်နေသည့် ခေါင်းကို ဘောင်ခတ်ပေးထားသည်။

မာယာခင်က လက်ဆန့်၍ သူ့ဆီလျှောက်သွားရင်း –

"နေကောင်းတယ်နော် ဆွန်ယာ၊ ဘာလဲ တို့လို သူတောင်းစားတွေဆီ အလှူခံ လာပြန်ပလား"

ဆွန်ယာ မည်သို့ ပြန်ပြောနေသည်ကို ဖိုးမာ မကြားလိုက်ရ။ သူ့အဖေ ဘာတွေ ပြောနေသည်ကိုလည်း ဖိုးမာ သတိမပြုမိ။ မိန်းမရွယ်ကို စကားပြန်မပေးမိဘဲ ခေါင်းညွတ်၍ နှုတ်ဆက်လိုက်သည်။ မိန်းမရွယ်က ပြုံးချိုသော အပြုံးဖြင့် ဖိုးမာကို လှမ်းကြည့်သည်။ အနက်ရောင်ဝတ်ထားသည့် သူ့သဏ္ဌာန်သည် ကုလားထိုင်က သပြေရောင်နောက်ခံနှင့် ရောထွေးသွားသည်။ ရွှေအရောင်ဆံပင်များနှင့် ဖြူဝင်းသော အသားသည် နောက်က အနက်ရောင် နောက်ခံကြောင့် ပို၍ ဝင်းလက်နေသည်။ ပန်းကိုင်းကြားက သူ့ရပ်သွင်သည် ပန်းပွင့်ကြီးတစ်ပွင့်၊ သူယောင်မယ်တစ်ဦး၏ဟန်ပေါ်နေသည်။

"ဟော့ ဆွန်ယာ၊ ကိုယ့်သား မျက်လုံးကတော့ မင်းဆီက မခွာနိုင်တော့ဘူး၊ တကယ့် မြင်းပေါက်ကလေးတစ်ကောင် ကျနေတာပဲ"

ဂေါ်ဒီယက်က လှမ်းပြောသည်။

မိန်းမပျိုက မျက်လွှာချလိုက်သည်။ ပါးပြင်တွင် ရှက်သွေးစို့သွားလေသည်။ ငွေဆည်းလည်းသံကလေးဖြင့် တစ်ချက်ရယ်လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

"ကဲ ... ဆွန်ယာ ပြန်မယ်လေ၊ သားအဖတစ်တွေ စကားပြောကြပါဦး"

သူ့အနားမှ ဖြတ်သွားသောအခါ ရေမွှေးနံ့ ထုံနေသည်။ မျက်ဝန်းပြာပြာ၊ မျက်ခုံးနက်နက်များကို ဖိုးမာ သတိထားလိုက်မိသည်။

"ပိုင်းလုံးမတော့ သွားပြီ" မာယာခင်က ဆွန်ယာကို လှမ်းကြည့်ရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"ကဲ ... မင်းတို့ ခရီးလမ်းပန်းအကြောင်း ပြောစမ်းပါဦး၊ ပိုက်ဆံကော တော်တော်ဖြုန်းခဲ့တယ် မဟုတ်လား"

ဂေါ်ဒီယက်က ဖိုးမာကို ဆွန်ယာထိုင်သွားသည့် ကုလားထိုင်ဆီသို့ ဆွဲခေါ်လာသည်။ ဖိုးမာက ကုလားထိုင်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး တခြားကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

"မချောဘူးလားကွ၊ သူ့ရှေ့မှာ ပါးစပ်ကြီး ဟောင်းလောင်းနဲ့သွားရပ်ကြည့်နေရင် မင်းလိုကောင်မျိုးကို တစ်ချက်တည်း မွှေ့ပစ်လိုက်မှာ သိလား"

ဖိုးမာက တွန့်ခနဲ ဖြစ်သွားသည်။ သို့ရာတွင် ဘာမျှ ပြန်မပြော။ အဖေ့ဘက်သို့လှည့်ပြီး ခရီးလမ်းပန်းအကြောင်းကို ပြောနေသည်။ အဖေက လက်ကာပြလိုက်ကာ ....

"နေဦးကွာ၊ ကော့ညက် အယူခိုင်းလိုက်ဦးမယ်"

"အဖေ အရက်တွေ သိပ်သောက်နေတယ်ဆို"

ဖိုးမာက မကျေနပ်သံဖြင့် မေးသည်။ အဖေက သူ့ကို တအံ့တဩ လှမ်းကြည့်သည်။

"ဘာလဲ၊ မင်းက အဖေကို ဆုံးမဦးမလို့လား"

ဖိုးမာက မျက်လွှာချထားသည်။

"ဟုတ်တယ်။ အဖေ သောက်တယ်"

အဖေက ကော့ညက်အရက်ပုလင်းကို ယူလာရန် လှမ်းအော်သည်။

မာယာခင်က သားအဖနှစ်ယောက်ကို ကြည့်ရင်း သက်ပြင်းချသည်။ ညနေ သူ့အိမ်ကို လက်ဖက်ရည်သောက်လာရန် ပြောပြီးနောက် ပြန်သွားသည်။

"အရီးကော"

သားအဖနှစ်ယောက်ပဲ ကျန်ရစ်သည့်အခါတွင် ဖိုးမာ မနေတတ်။ ထို့ကြောင့် စကားမရှိ စကားရှာမေးသည်။

"သီလရှင်ကျောင်း သွားတယ်ထင်ပ၊ ကဲ ... အဖေ အရက်သောက်နေတုန်း မင်း ခရီးလမ်းပန်းအကြောင်း ပြောပြစမ်းပါဦး"

ဖိုးမာ ခရီးလမ်းပန်းအကြောင်းကို ပြောပြပြီးနောက် နိဂုံးချုပ်လိုက်သည်။

"ကျွန်တော်လည်း ပိုက်ဆံ တော်တော် သုံးပစ်လိုက်တယ် အဖေ"

"ဘယ်လောက်လဲ"

"ခြောက်ရာလောက်"

"ဘာ တစ်ပတ်ကို တစ်ရာလောက်သုံးတယ် ဟုတ်လား၊ မနည်းပါလား။ မင်းဖို့ ကိုယ်စားလှယ်ခကလဲ များလွန်းလှချည်လား၊ ဘာတွေ သုံးခဲ့သလဲ"

"ပြောင်းဆန် တင်းသုံးရာလည်း ပေးပစ်ခဲ့တယ်"

"ဟေ၊ ဘာပြောတယ်၊ ဘာပေးခဲ့တယ်"

ဖိုးမာက ပြောပြသည်။

"ထားပါတော့လေ၊ မရှိတဲ့ လူတွေကို မင်းဝေပေးခဲ့တာ ကောင်းပါတယ်။ အဖေလည်း နယ်မှာနာမည်ကောင်းရ၊ အဖေ့ပွဲရုံလည်း နာမည်ကောင်း ရတာပေါ့၊ အဟောသိကံ မဖြစ်ပါဘူး။ ပွဲရုံ နာမည်ကောင်းရအောင် အရင်းစိုက်ရတယ်ပဲ ထားပါတော့၊ ကုန်သည်ပွဲစားဆိုတာ ကိုယ့်ပွဲရုံ နာမည်ကောင်း ရစေချင် လုပ်တန်လုပ်ရမှာပေါ့၊ ပိုက်ဆံကိုကော ဘာတွေ သုံးခဲ့သလဲ"

"ဒီလိုပဲ လျှောက်သုံးတာပဲ"

"တိတိကျကျ ပြောပါ။ အဖေက ပိုက်ဆံကုန်တာ အရေးမကြီးဘူး၊ ဒီပိုက်ဆံကို မင်း ဘယ်လိုသုံးသလဲဆိုတာ အရေးကြီးတယ်"

အဖေက ဖိုးမာ၏မျက်နှာကို အကဲခတ်နေသည်။

"စားလိုက် သောက်လိုက်ပေါ့ အဖေရာ"

ဖိုးမာက လှီးလွှဲဖြေသည်။

"ဘာသောက်တာလဲ၊ အရက်လား"

"ဟုတ်တယ်၊ အရက်လည်း သောက်တယ်"

"ဒီအရွယ်ဟာ စောသေးတယ် ထင်တယ် လူလေး"

"လွန်အောင် ကျွံအောင်သောက်တာ မဟုတ်ပါဘူး အဖေ၊ မယုံရင် ဘကြီးယီဖင်ကို မေးပါ"

"ယီဖင်ကို မေးစရာ မလိုပါဘူးကွ၊ အဖေက မင့်အဖြေကို ကြားချင်လို့ မင်းကို မေးနေတာ။ သောက်တယ် မဟုတ်လား"

"မသောက်ဘဲလည်း နေနိုင်ပါတယ် အဖေ"

"အေး … အဖေယုံပြီ၊ ရော့ နည်းနည်းသောက်"

ဖိုးမာက အဖေ့ကို ကြည့်ပြီး ပြုံးဖြီးဖြီးလုပ်နေသည်။ အဖေကလည်း ပြန်ပြုံးသည်။

"သောက်ချင်ရင်သောက်၊ ဒါပေမဲ့ စည်းနဲ့ကမ်းနဲ့သောက်၊ သောက်ချင်တာကို မသောက်နဲ့လို့ ချုပ်ချယ်လို့ ဘယ်ရနိုင်ပါ့မလဲ၊ မူးသွားလည်း ကိစ္စမရှိပါဘူး။ မူးတာဟာ အိပ်လိုက်ရင် ပျောက်သွားတာပဲ။ ဒါပေမဲ့ မိုက်တာကတော့ အိပ်ရုံနဲ့ မပျောက်ဘူး။ အဲဒါ မြဲမြဲမှတ်ထား၊ နေစမ်းပါဦး၊ မိန်းမကော လိုက်သေးသလား၊ အဖေ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ မကြောက်ပါနဲ့၊ မင်းကို မရိုက်ပါဘူး"

"သမွန်ပေါ်ကို မိန်းမတစ်ယောက် ခေါ်တင်ခဲ့တယ် အဖေ။ ပန်းမြို့ကနေ ကာဇန်အထိ ပါလာတယ်"

အဖေက မျက်မှောင်ကြီး ကြုတ်၍ သက်ပြင်းကြီး တစ်ချက်ချသည်။

"အင်း … မင်း ငယ်ငယ်ကလေးနဲ့ ပျက်စီးသွားပြီ"

"ကျွန်တော် အသက်နှစ်ဆယ်ရှိပြီ အဖေ၊ အဖေတို့ ခေတ်တုန်းက ဆယ့်ငါးနှစ်ဆိုရင် မိန်းမယူကြတယ်လို့ အဖေပြောဖူးတယ် မဟုတ်လား"

ဖိုးမာက ပြန်ပက်သည်။

"ထားပါကွာ၊ ဒါတွေ ပြောမနေနဲ့တော့၊ ခု မင်း မိန်းမတစ်ယောက်နဲ့ အိပ်ခဲ့ပြီးပြီ မဟုတ်လား၊ မိန်းမဆိုတာ ကျောက်ရောဂါလိုပဲ၊ ဘယ်သူမှ ရှောင်လို့မရဘူး။ အဖေလည်း သူတော်ကောင်းဟန် မဆောင်ချင်ဘူး။ အဖေ မိန်းမနဲ့တွေ့တုန်းကဆိုရင် မင်းလောက်တောင် မရှိတတ်သေးဘူး။ ဒါပေမဲ့ မိန်းမကိုတော့ ကြပ်ကြပ် သတိထားပါ"

အဖေသည် ခေါင်းငိုက်စိုက်ချကာ မလှုပ်မရှား ထိုင်နေသည်။ ဘာမျှလည်း မပြော။ အတန်ကြာမှ လေးနက်သော အသံဖြင့်–

"အဖေ သားကို ပြောချင်တာတစ်ခုရှိတယ်။ အဖေလည်း အသက်ကြီးပြီ၊ နေရလှ လေးငါးနှစ်ပဲ၊ အဖေ မျက်စိနှစ်လုံး မှိတ်သွားရင်

အဖေရဲ့ အရောင်းအဝယ် လုပ်ငန်းတွေ၊ ပွဲရုံလုပ်ငန်းတွေကို ငါ့သားပဲ ဆက်လုပ်ရမှာပဲ။ အလုပ်မကျွမ်းကျင်ခင်မှာ မင်းရဲ့ မွေးစားအဖေက သင်ပေးလိမ့်မယ်။ သူ့စကားကို နားထောင်၊ သူပြောတဲ့အတိုင်း ကောင်းကောင်းမွန်မွန် လုပ်၊ တစ်ခုတော့ မှတ်ထား၊ အရောင်းအဝယ် အလုပ်ဆိုတာ ဖွေဆိုးတဲ့ မြင်းနဲ့တူတယ်။ အကိုင်တတ်ရင် စီးချင်သလို စီးနိုင် တယ်။ လုပ်ချင်သလို လုပ်နိုင်တယ်။ အကိုင်မတတ်ရင်တော့ ကျွမ်းထိုး မှောက်ခုန်ကျမှာပဲ။ ဒီတော့ ငါ့သား ဒီမြင်းကို နိုင်အောင်စီးပါ။ နိုင်အောင်ကိုင်ပါ။ မြင်းပေါ်က လူဆိုတာ သူများထက်ပိုပြီး အမြင်ကျယ်ရမယ်။ သတ္တိရှိရမယ်”

ဖိုးမာသည် အဖေ၏ ရင်အုပ်ကျယ်ကြီးကို ငေးကြည့်သည်။ အဖေ့၏အသံက ဩသည်။ အောင်မြင်သည်။ ဤခန္ဓာကိုယ်၊ ဤကျန်းမာရေးမျိုးဖြင့် သူ့အဖေ တော်တော်နှင့် သေမည်မဟုတ်ဟု သူတွေးသည်။ ဤအတွေးဝင်သည်နှင့် အဖေ့ကို အားကိုးစိတ်၊ မြတ်နိုးစိတ်တို့ ဆူဝေလာသည်။

အဖေက စကားဆက်သည်။

“မင်း မွေးစားအဖေ့ စကားကို နားထောင်ပါ။ မင်း မွေးစားအဖေက ဉာဏ်သွားတယ်။ အရောင်းအဝယ် လာဘ်မြင်တယ်။ ဒါတောင် ဒီလူက သတ္တိ သိပ်မကောင်းလို့၊ သတ္တိကောင်းပြီး သူလိုသာ ဉာဏ်သွားပုံမျိုးနဲ့ဆိုရင် ဒီထက်မကတောင် ကြီးပွားဦးမယ်။ အေးလေ အဖေ ပြောချင်တာ ဒါပဲ၊ အဖေ သိပ်ကြာကြာနေရတော့မှာ မဟုတ်ဘူး။ လောကကြီးမှာ အဖေ လုပ်ချင်တာတွေကို လုပ်ခဲ့ပြီးပြီ။ မင်းဖို့ လုပ်ခဲ့ပြီးပြီ၊ တမလွန်မှာ ကိုယ့်ဖို့ပါအောင် လုပ်ရဦးမယ်၊ ကောင်းမှုကုသိုလ် ပြုရဦးမယ်”

“သူတို့ ဆက်လုပ်မှာပေါ့ အဖေ၊ အဖေ လှူခဲ့ပြီးပြီပဲ”

“ကိုယ်လုပ်မှ ကိုယ်ရမှာပေါ့”

“အဖေ လူအိုရုံဆောက်ဖို့ လှူခဲ့ပြီ မဟုတ်လား”

အဖေက သူ့သားကို ကြည့်၍ ရယ်သည်။

“ဘာလဲ၊ ငွေတစ်သိန်းလှူတဲ့အကြောင်း မင်းကို ပြောပြပြီး ပလား၊ အဖေ့ကို လူမိုက်လို့ မပြောဘူးလား”

“သိပ်မပြောပါဘူး”

ဖိုးမာက ပြုံးသည်။

“အဖေ့ကို အပြစ်ပြောမှာပေါ့၊ အပြစ်မပြောရင် သူ မာယာခင်ဆိုတဲ့ လူတစ်ယောက် ဘယ်ဖြစ်လာမလဲ”

"ဦးလေး ပြောပုံက တစ်မျိုးကြီးပဲ၊ သူ့ပိုက်ဆံနဲ့ပဲ အဖေက အလှူလုပ်တဲ့ အပေါက်မျိုး"

အဖေက ခေါင်းကို နောက်သို့လှန်ကာ ခွက်ထိုးခွက်လန် ရယ်သည်။

"အေး ... ဟုတ်တယ် ဟုတ်တယ်။ သူ့အဖို့ကတော့ အဖေ့ပိုက်ဆံလည်း သူ့ပိုက်ဆံပဲ၊ ဒါကြောင့် ဒီလောက် ဆွေ့ဆွေ့ ခုန်နေတာပေါ့။ အဖေက ငွေတစ်သိန်း လှူလိုက်တော့ သူ့ခေါင်းကို ပျားတုတ်သလို အခံရ ခက်နေတယ်။ ဘာကြောင့်လို့ ထင်သလဲ"

ဖိုးမာက အတန်ကြာ စဉ်းစားနေသည်။

"ဟင့်အင်း၊ ကျွန်တော် မသိဘူး အဖေ"

"သူက အဖေ့ စည်းစိမ်နဲ့ သူ့စည်းစိမ်ကို ပေါင်းပြီး တစ်ခု တည်း လုပ်ချင်နေတာ"

"ဘယ်လိုလဲ အဖေ"

"မင်းဖာမင်း စဉ်းစားလေ"

ဖိုးမာက သူ့အဖေကို ကြည့်၍တွေးနေသည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ညို့လာသည်။ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်း ရှေ့သို့ ယိုင်လာသည်။ ထို့နောက် ပြတ်ပြတ်သားသားကြီး ပြောချလိုက်သည်။

"ဟင့်အင်း ... အဖေ၊ ကျွန်တော် မလိုချင်ဘူး၊ ကျွန်တော် သူ့ကို လက်မထပ်ချင်ဘူး"

"ဘာ လက်မထပ်ချင်ဘူး၊ ဟုတ်လား၊ ဘာလို့ လက်မထပ်ချင်ရတာလဲ၊ ကောင်မလေးက သဘောလည်း ကောင်းတယ်။ ရုပ်လည်း ပြောစရာ မရှိဘူး။ လိမ်လည်း လိမ္မာတယ်။ ဥစ္စာပေါ ရုပ်ချော အလိမ္မာ အိမ်ပါအမေဆိုတဲ့ အစားမျိုး၊ ပြီးတော့ တစ်ဦးတည်းသော သမီး"

"သူ့သား တာရာကိုကော ဘာပြောဦးမလဲ၊ အိမ်က ထွက်သွားတဲ့ တာရာလေ"

"အို ... သူက အိမ်က ထွက်သွားပြီပဲ၊ စာရင်းထဲ သွင်းစရာ မလိုပါဘူး။ သူ့ပစ္စည်းတွေကို သူ့ရဲ့တစ်ဦးသော သမီး လျူဘာကို ပေးမယ်လို့ သေတမ်းစာရေးပြီးပြီ၊ ဒီတော့"

"ဟင့်အင်း အဖေ၊ ကျွန်တော် မယူနိုင်ဘူး"

"ထားပါလေ၊ ဒီကိစ္စက စောပါသေးတယ်။ နေစမ်းပါဦး၊ မင်းဟာ ကောင်မလေးကို ဘာကြောင့် မယူချင်ရတာလဲ"

"သူ့လို မိန်းကလေးမျိုးတွေကို ကျွန်တော် မကြိုက်ဘူး အဖေ"

"မင်းက ဘယ်လိုမိန်းကလေးမျိုးမှ ကြိုက်တာလဲ"

"မိန်းကလေးဆိုရင် ရိုးရိုးပဲကောင်းတယ်။ လျူဘာက ယောကျ်ားလေး အပေါင်းအသင်းကလည်း များတယ်။ ကဗျာတွေ စာပေတွေလည်း ဝါသနာပါတယ်။ သူက ကျွန်တော့်ထက် ပညာလည်း ပိုတတ်တယ်။ ကျွန်တော့်ကို အထင်သေးမှာပေါ့"

ဖိုးမာက စိတ်ထဲရှိသမျှကို ဖွင့်ပြောသည်။

"အေး မင်းပြောတာ မှန်တယ်။ လျူဘာက သွက်တယ်၊ ချက်ချာတယ်၊ ဒါပေမဲ့ ဒါက အရေးမကြီးပါဘူး။ အရောင်ဆီဆိုတာ ပွတ်တိုက်ဖန်များရင် ကွာကျသွားရမှာပဲ။ မင်း မွေးစားအဖေဟာ တော်တော်ညဏ်သွားတယ်။ ဒီလူဟာ တစ်သက်လုံး လက်ကြောတင်းအောင် အလုပ်မလုပ်ခဲ့ဖူးဘူး။ ဖိမ်နဲ့ နေလာခဲ့တဲ့ လူ၊ အလုပ်မလုပ်ဘဲ ဖိမ်နဲ့နေလာခဲ့ရတော့ စဉ်းစားဖို့အချိန်များများရတယ်။ ဦးနှောက်ကောင်းတယ်။ လောကကြီးအကြောင်းကို ကောင်းကောင်းသိတယ်။ ဒါကြောင့် သူ့စကားကို နားထောင်ရင် မမှားဘူး။ ပြီးတော့ မျိုးရိုးကလည်း ကောင်းတယ်။ ရှေးတုန်းက ဘုရင့်မျိုးတွေ၊ ခု သူ့သား တာရာ မရှိတော့ သူ့မျိုးရိုးတိမ်ကောသွားမှာ စိုးလို့ မင်းကို မွေးစားခဲ့တာ၊ အဖေ ပြောတာ သဘောပေါက်တယ် မဟုတ်လား"

"လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကျွန်တော့်ဖာသာ လုပ်နိုင်ပါတယ် အဖေ၊ သူ့အကူအညီ မလိုပါဘူး"

ဖိုးမာက ခေါင်းမာသည်။

"အင်း ... ငါ့သားက မလိမ္မာသေးဘူး"

အဖေက ညည်းသည်။ အရီး ရောက်လာသဖြင့် သားအဖနှစ်ယောက် စကားပြတ်သွားကြသည်။

အရီးက ဖိုးမာကို မြင်လျှင်မြင်ချင်း ဝမ်းနည်းဝမ်းသာဖြင့် ငိုသည်။ ဖိုးမာက သူ့အရီးကို အပြုံးဖြင့် ဆီးကြို နှုတ်ဆက်သည်။

*

ဤသို့ဖြင့် ဖိုးမာ၏ ဘဝသည် ငြီးငွေ့ဖွယ် ကုန်ဆုံးခဲ့သည်။

ဖိုးမာနှင့် စကားပြောလျှင် အဖေ့အသံသည် သရော်သံ ပါနေတတ်သည်။ ရှုကလည်း တင်းသည်။ အသေးအဖွဲ့ကိစ္စကလေးတွေတွင်လည်း လိုက်ဆူတတ်သည်။ သူ့ကို အမြဲတမ်း အလိုလိုက်ခဲ့သည် ဟုလည်း မကြာခဏ ပြောတတ်သည်။

"တချို့ ဖအေတွေဆိုရင် ကြိမ်နဲ့ ရိုက်တယ်။ ဒါပေမယ့် မင်းကို အဖေ လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး"

"ကျွန်တော့်ကို အဖေ ရိုက်စရာလည်း မလိုပါဘူး"

ဖိုးမာ ပြန်ပက်သည်။

ဤတွင် အဖေ ဒေါသထွက်သည်။

"ဘာ၊ အလိုလိုက်လို့ အမိုက်စော်ကားတာပေါ့ ဟုတ်လား၊ ငါ့ကိုတောင် ကလန်ကဆန် ပြန်ပြောနေပြီ၊ သတိကြပ်ကြပ်ထားပါ၊ မင်းကို ငါ မရိုက်ခဲ့ဘူး။ ဒီအပေါက်မျိုး ချိုးရင်တော့ ငါ့လက်ဟာ နုမနေနိုင်ဘူး ကြမ်းလာရလိမ့်မယ်။ မျက်ရည်တောက်တောက် ကျရလိမ့်မယ်။ မင်းကို ငါမွေးခဲ့တာကွ သိရဲ့လား၊ ငါ မွေးခဲ့ကျွေးခဲ့ရတာ၊ မင်း ဖားပြုပ်လို ကြီးလေနံလေ"

တစ်နေ့ သူ့အဖေ စိတ်လက်ကြည်သာ ရှိချိန်တွင် ဖိုးမာက မေးသည်။

"ခုတလောမှာ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် ဆူပူနေတာလဲ အဖေ"

"မင်းက အဖေတစ်ယောက်လုံး ဆုံးမတာကိုတောင် ကလန်ကဆန် လုပ်တာကိုး၊ ပြောလိုက်ရင် ဆင်ခြေဆင်လက်နဲ့ချည်းပဲ"

"အဖေ မတရားဘူး။ အရင်တုန်းကလည်း ကျွန်တော် ဒီလိုနေခဲ့တာပဲ၊ ခုလည်း ဒီလိုနေတာပဲ၊ ကျွန်တော်နဲ့ အရွယ်တူတွေ ဘယ်လိုနေသလဲဆိုတာ ကျွန်တော် သိတယ်"

"မင်းကို အဖေ ခဏခဏ မဆူချင်ဘူး။ ဒါပေမဲ့ အဖေဆူရမှာပဲ။ မတတ်နိုင်ဘူး၊ မင်းမှာ အဖေမကြိုက်တာတွေ အများကြီးရှိတယ်။ ဘာတွေလဲဆိုတာတော့ အဖေလည်း မပြောတတ်ဘူး။ ဒါပေမဲ့ မကြိုက်တာတော့ အမှန်ပဲ။ ပြင်ရင်ပြင် မပြင်ရင် တစ်နေ့မှာ မင်းအတွက် အန္တရာယ်ဖြစ်လိမ့်မယ်"

မည်သည့်အရာတွေနည်း။ အဖေ့စကားများကို ဖိုးမာ နဖူးပေါ်လက်တင် စဉ်းစားသည်။

သူ့တွင် သူနှင့် ရွယ်တူများနှင့် မတူသည့် အချက်တွေ ရှိသည်ကို သူ့ကိုယ်သူလည်း သိသည်။ သို့ရာတွင် မည်သည့်အချက်တွေ ဟု ဖိုးမာ မစဉ်းစားတတ်။ ဖိုးမာသည် သူ့ကိုယ်သူ မသိမသာ အကဲခတ်သည်။

သူ့အဖေပွဲရုံသည် အမြဲတမ်း အုတ်အုတ်ကျက်ကျက် ရှိတတ်သည်။ ငွေထောင်ချီ၍ ရောင်းကြဝယ်ကြသော ကုန်သည်ပွဲစားများ ခြေချင်း လိမ်နေတတ်သည်။ ဖိုးမာက သည်လို အသံဆူဆူညံညံတွေကြားထဲ နေရခြင်းကို ပျော်သည်။ မြို့မျက်နှာဖုံး ကုန်သည်ပွဲစားတွေနှင့် ဆက်ဆံရခြင်းကို နှစ်သက်သည်။ သူ့ကို ကုန်သည်ပွဲစားပေါက်စကလေးများက တရိုတသေ ဆက်ဆံကြသည်ကို တွေ့ရသည့်အခါ သွေး ကြွသည်။ အဖေ့ကိုယ်စား အရောင်းအဝယ်တစ်ခုခုကို လုပ်ခွင့်ရ၍ အမြတ်ရသဖြင့် အဖေက ချီးမွမ်းပြောဆိုသည့်အခါမျိုးတွင် ဖိုးမာ ဘဝင်မြင့်သည်။ ပျော်သည်။ သူ့ကို အရောင်းအဝယ် ကျွမ်းကျင်သော ကုန်သည်ပွဲစားကြီးတစ်ယောက်လို့ အထင်ခံချင်သည်။ ပတ်ဝန်းကျင် သူနှင့်ရွယ်တူ ကုန်သည်ပွဲစားသားတွေ ရှိကြသည်။ သို့ရာတွင် ဖိုးမာ သူတို့နှင့် သိပ်မရောချင်။ မိတ်ဆွေမဖြစ်ချင်။ သူတို့က အရက်ဝိုင်းကလေးထောင်လျှင် ဖိုးမာကို ဖိတ်တတ်သည်။ သို့ရာတွင် ဖိုးမာက ပြောင်ပြောင် ငြင်းတတ်သည်။

"မလုပ်ပါနဲ့ဗျာ အဘိုးကြီးတွေ သိသွားရင် ခင်ဗျားတို့လည်း အရေအဆုတ်ခံရ၊ ကျုပ်လည်း နားရွက် အဆုတ်ခံရပါလိမ့်မယ်"

ဖိုးမာက ရယ်သလို မောသလိုနှင့် ပြန်ပြောတတ်သည်။

သူတို့တစ်တွေက အိမ်က အဖေတွေ မသိအောင် အရက်သောက်ကြသည်။ မူးကြသည်။ အိမ်က ပိုက်ဆံကို ခိုးတတ်သည်။ သို့မဟုတ်လျှင်လည်း ငွေတိုးဖြင့် ချေးသုံးကြသည်။ ဖိုးမာက ဤသို့ တိတ်တိတ်ပုန်းလုပ်ကြသည်ကို မကြိုက်။ ဖိုးမာက တစ်ယောက်တည်း နေတတ်သည်။ ဘဝင်မြင့်သည်။ ထို့ကြောင့် သူတို့ကလည်း ဖိုးမာကို မကြိုက်။

တစ်ခါတလေ ဖိုးမာသည် ပေလဂေယကို အမှတ်ရတတ် သည်။ ပေလဂေယကို လွမ်းသည်။ သို့ရာတွင် ကြာလာသည့်အခါတွင် ပေလဂေယရုပ်သွင်သည် တဖြည်းဖြည်း မှိန်လာပြီ။ သူ့နေရာတွင် မိုးနတ်ဒေဝီလိုလှသော ဆွန်ယာ အစားဝင်လာသည်။ ဆွန်ယာက တနင်္ဂနွေနေ့တိုင်း သူတို့အိမ်သို့ လာတတ်သည်။ လူအိုရုံကိစ္စအတွက် လာခြင်းဖြစ်သည်။

ဆွန်ယာလာလျှင် ဖိုးမာ မနေတတ်တော့။ ဆွန်ယာ့ မျက်လုံးရွှဲကြီးများနှင့် ဆိုင်မိလျှင် သူ့မျက်နှာသည် ရဲတက်လာတတ်သည်။ သူက ပြန်ကြည့်လျှင် ဆွန်ယာ၏ မျက်လုံးများက ပို၍ နက်မှောင်လာကာ နှုတ်ခမ်းကလေး မပဟတပဟ ပွင့်လာပြီး ပုလဲလို ဖြူဖွေးသော သွားကလေး

တွေ ပေါ်လာတတ်သည်။ သည်အလှကို ဖိုးမာ ကြောက်သည်။ အဖေက လည်း ဖိုးမာ ဣန္ဒြေပျက်ပုံကို ရိပ်မိဟန်တူသည်။

"ဆွန်ယာမျက်လုံးတွေကို ကြာကြာ မကြည့်နဲ့နော်၊ သူ့မျက်လုံး တွေက ရှားမီးခဲတွေလိုပဲ၊ အပေါ်ယံတော့ ရွှန်းလို့ လဲ့လို့ပဲ၊ ဒါပေမဲ့ အတွင်းက မီးခဲတွေ၊ လောင်သွားလိမ့်မယ်"

ဆွန်ယာ၏ အလှသည် ဖိုးမာကို တပ်မက်အောင် နှိုးဆွနိုင်ခြင်း တော့မရှိ။ ပေလဂေယလို မဟုတ်။ ဤ ခြားနားချက်ကို မြင်တော့ ဖိုးမာ အံ့သြသည်။ နားမလည်နိုင်အောင် ဖြစ်ရသည်။ လူတွေက ဆွန်ယာ့ အကြောင်းကို မကောင်းပြောကြသည်။ ဖိုးမာက သူတို့စကားကို မယုံ။

တစ်နေ့ ဆွန်ယာ ယောက်ျားတစ်ယောက်နှင့် ရထားစီးသွား သည်ကို ဖိုးမာ မြင်လိုက်ရသည်။ ယောက်ကျားက ဝဝ၊ ဆံပင်ကြီးတွေ ရှည်နေပြီ။ သူ့မျက်နှာက နီနီလုံးလုံးကြီးဖြစ်၍ ကလေးကစားသည့် ဝက်သေးအိမ် ပူဖောင်းကြီးနှင့်တူသည်။ မျက်နှာတွင် မုတ်ဆိတ်မွေးမရှိ၊ ပြောင်ချောနေသည်။ ရုတ်တရက် ကြည့်လျှင် ယောက်ျားအဝတ် ဝတ် ထားသည့် မိန်းမတစ်ယောက်နှင့် တူသည်။ ထိုလူမှာ ဆွန်ယာ၏ ယောက်ျားဟု သိရသည်။

ဖိုးမာသည် ဆွန်ယာကို သည်အခါတွင် သူ ကြားဖူးသည့် ကောလာဟလများကို သွား၍ အမှတ်ရသည်။ သူ့ယောက်ျားကြီးကို မနာလို ဖြစ်မိသည်။ ဝင်ရိုက်ပစ်ချင်သည်။ ထိုယောက်ျားကြီးနှင့် တွဲသည့် အခါတွင် ဆွန်ယာသည်ပင် ယခင်ကလောက် မလှတော့၊ ယခင်က လောက် အလှမ်းဝေးသည် မထင်တော့။

ဖိုးမာသည် ဆွန်ယာ့အတွက် စိတ်မကောင်း။ သို့ရာတွင် ဆွန် ယာက သူ့ကို ဂရုစိုက်မည် မထင်သည့်အခါတွင် သူ့ကိုယ်သူ ဖိုးမာ ဖြေသိမ့်သည်။

တစ်ခါတစ်ရံတွင် ဖိုးမာ၏ရင်တွင် ဟာလာဟင်းလင်းကြီး ခံစားရသည်။ ထိုအခါမျိုးတွင် သူ့ရင်သည် ဘယ်အရာကို စဉ်းစား စဉ်း စား ကြည်နူးခြင်းမရှိတော့။ ပွဲရုံက ကိစ္စ၊ အရောင်းအဝယ် ကိစ္စတို့က လည်း သူ့ရင်ထဲက ဟာကွက်ကို မဖြည့်နိုင်။ ဆွန်ယာလည်း သူ့ရင်ထဲ က ဟာကွက်ကို မဖြည့်နိုင်။ ဤသို့ဖြစ်တိုင်း ဖိုးမာ စိတ်ညစ်ရသည်။ ဟာလာဟင်းလင်း ဖြစ်လျက်ရှိသော သူ့ရင်ထဲက တစ်နေရာတွင် ပေါက်ကွဲစေမည့် အားတစ်ခုသည် ခိုအောင်းကာ အစိုင်အခဲ ဖြစ်စပြုနေ သည်ဟုပင် သူခံစားရသည်။

ယခုတလော အဖေကလည်း အနည်းငယ် မူပြောင်းနေသည်။ ဂနာမငြိမ် ဖြစ်ကာ ညည်းတွားတတ်သည်။ သူ့ကျန်းမာရေးကို မကြာမကြာ ညည်းညူတတ်သည်။

"ခုတလော အိပ်လို့မပျော်ဘူး။ တစ်ညလုံး ဟိုဘက်လိမ့်လိုက် ဒီဘက်လိမ့်လိုက်နဲ့ အချိန်ကုန်တာပဲ။ လင်းအားကြီးကျမှ မှေ့ခနဲ ပျော်သွားတယ်။ ရင်ကလည်း သိပ်ခုန်တယ်။ တစ်ခါတလေလည်း အခုန်ရပ်သွားသလား ထင်ရတယ်။ အင်း ... ဘုရားသခင် သနားတော်မူပါဘုရား"

အဖေက မျက်လုံး ကလယ်ကလယ်နှင့် ညည်းတတ်သည်။ အဖေ့မျက်လုံးများသည် ယခင်ကလို တောက်ပခြင်း မရှိကြတော့။

ညဂုတ်လ တစ်နံနက်ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ဖိုးမာသည် တစ်ယောက်က လှုပ်နှိုးသဖြင့် နိုးလာသည်။

"ထစမ်း၊ ထစမ်း"

အသံညြညြကြီး တစ်သံကို ဖိုးမာ ကြားလိုက်ရသည်။

ဖိုးမာ မျက်လုံး ဖွင့်ကြည့်လိုက်သည့်အခါတွင် ခုတင်ဘေးတွင် ထိုင်နေသည့် အဖေ့ကို တွေ့ရသည်။

"ထစမ်း၊ ဖိုးမာ၊ ထစမ်း"

နေရောင်သည် အဖေ့အင်္ကျီပေါ်သို့ ဖြာကျနေသည်။

"အဖေကလဲဗျာ၊ အစောကြီးရှိသေးတယ်"

ဖိုးမာက ကိုယ်ကို ဆန့်ထုတ်ရင်း ညည်းသည်။

"ထစမ်းပါကွာ၊ အိပ်ရေးမဝရင် ပြီးတော့ ပြန်အိပ်ပေါ့"

"ဘာလုပ်မလို့လဲ အဖေရ"

ဖိုးမာက စောင်ခြုံထဲတွင် ကွေးရင်း မေးသည်။

"ထမှာ ထစမ်းပါ၊ မင်းကို နှိုးစရာရှိလို့ နှိုးတာပေါ့"

ဖိုးမာမှာ အဖေ့မျက်နှာကို ကြည့်သည်။ အဖေ့ မျက်နှာက ဖြူလျော် ချုံးကျနေသည်။

"အဖေ နေမကောင်းဘူးလား၊ ကျွန်တော် ဆရာဝန် သွားခေါ်မယ်လေ"

"ဆရာဝန်ခေါ်ဖို့ မလိုပါဘူးကွာ၊ အဖေ့ရောဂါ အဖေ သိပါ တယ်။ အဖေ ကလေးလေးမှ မဟုတ်ဘဲ"

"ဘာပြောတယ် အဖေ"

"အဖေ သိပါတယ်"

အဖေက အခန်းပတ်လည်ကို ကြည့်ရင်း ထူးထူးဆန်းဆန်း ဖြေသည်။ ဖိုးမာက အိပ်ရာမှထ၍ အဝတ်လဲသည်။

"အဖေ အသက်ရှုရတာ သိပ်ကြပ်တာပဲ၊ အသက်ရှုလိုက်ရင် ရင်ပတ်ကြီး ပွင့်ထွက်တော့မယ့် အတိုင်းပဲ"

အဖေက ခပ်ဖြည်းဖြည်းပြောသည်။ သူ့ခေါင်းက ငိုက်စိုက်ဖြစ်နေသည်။

"ဒီနေ့ ဥပုသ်နေ့နော်၊ ကျောင်းသွားပြီး ဘုန်းကြီးပင့်ချည်စမ်းကွာ"

"အဖေ ဘာတွေ တွေးနေတာလဲ"

ဖိုးမာက ရယ်သည်။ အဖေ ကယောင်ကတမ်းပြောနေသည်ဟု ထင်သည်။

"ဘာမှ မတွေးပါဘူးကွာ၊ အဝတ်အစားလဲပြီး ခြံထဲသွားနှင့်၊ လက်ဖက်ရည်ပွဲယူလာဖို့ အဖေ ပြောထားပြီးပြီ။ ခြံထဲက နေပူစာမှာ အဖေတို့သားအဖ လက်ဖက်ရည် သောက်ကြမယ်၊ လက်ဖက်ရည် ခါးခါးကလေး၊ ပူပူကလေး"

အဖေက ဖြည်းလေးစွာထကာ အခန်းပြင်သို့ ဒယီးဒယိုင် ထွက်သွားသည်။ ဖိုးမာသည် အဖေ့ အမူအရာကိုကြည့်၍ လန့်သွားသည်။ အဝတ်အစားကို ကပျာကယာလဲကာ ခြံထဲသို့ ဆင်းလာခဲ့သည်။

သစ်တော်ပင်ကြီးအောက်က ဝက်သစ်ချသားကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသည့် အဖေကို တွေ့ရသည်။ နေခြည်သည် သစ်ရွက်တွေကြားမှ ဖြာကျကာ အဖေ့ကိုယ်ပေါ်သို့ ပြောက်တိပြောက်ကျား ကျနေသည်။ ခြံထဲတွင် တိတ်ဆိတ်လျက်ရှိသည်။ သူဖြတ်သွားရာ လမ်းတစ်လျှောက် သစ်ရွက်တွေကို ထိသွားတော့ သစ်ရွက်လှုပ်သံများသည် လန့်စရာ ကောင်းလောက်အောင် ကျယ်လောင်နေသည်ဟု ဖိုးမာ ထင်သည်။ ခြံထဲက စားပွဲပေါ်မှ လက်ဖက်ရည် ကရားသည် အစာဝသည့် ကြောင်တစ်ကောင်လို မြည်ကာ ရေအငွေ့တထောင်းထောင်း ထနေသည်။

မနေ့ညက မိုးရွာထားသဖြင့် ခြံထဲတွင် စိမ်းစိုလျက်ရှိသည်။ တိတ်ဆိတ်နေသည့် ခြံထဲတွင် သစ်ရွက်များပေါ်တွင် နေခြည်လျှပ်နေ ပုံ၊ ရေနွေးကရား ပွက်ပွက်ဆူနေပုံတို့သည် တစ်မျိုးထူးဆန်းနေသည်။ အချိန်အခါ မဟုတ်။ နေရာမဟုတ် တစ်မူထူးနေသည်ဟု ဖိုးမာ ထင်သည်။

ဖိုးမာသည် သစ်ရိပ်အောက်တွင် ထိုင်နေသည့် အဖေ့ကို လှမ်းကြည့်ကာ ထိတ်ခနဲ ဖြစ်သွားသည်။

"ထိုင်"

အဖေက ပြောသည်။

"ဆရာဝန်ခေါ်ရရင် ကောင်းမယ် ထင်တယ် အဖေ"

ဖိုးမာ အဖေကို စိုးရိမ်တကြီးကြည့်ရင်း ပြောသည်။

"ကိစ္စ မရှိပါဘူးကွ၊ လေကောင်းလေသန့်ရလို့ သက်သာသွားပါပြီ၊ လက်ဖက်ရည်လေး တစ်ခွက်လောက် သောက်လိုက်ရင် နေသာထိုင်သာ ရှိသွားမှာပါ"

အဖေက လက်ဖက်ရည်တစ်ခွက်ကို ငှဲ့သည်။ လက်ဖက်ရည်ကရား ကိုင်ထားသည့် အဖေ့လက်များသည် တုန်နေကြသည်။

ဖိုးမာက စကားတစ်ခွန်းမှ မပြော။ လက်ဖက်ရည်ခွက်ကို လှမ်းယူကာ အဖေ့ အသက်ရှူသံကို နားထောင်နေသည်။ အဖေ့ အသက်ရှူသံက ပြင်းသည်။ အသက်ရှူမြန်သည်။

ထိုအခိုက် စားပွဲကို တစ်စုံတစ်ခုနှင့် တိုက်သဖြင့် ပန်းကန်ပြားများသည် လှုပ်သွားကြသည်။

ဖိုးမာက အထိတ်အလန့် လှမ်းကြည့်သည်။ ထိတ်လန့်ပြူးကျယ်လျက်ရှိသော အဖေ့မျက်လုံးများကို မြင်ရသည်။

"သစ်တော်သီး ကြွေကျတာ လန့်လိုက်တာကွာ၊ သေနတ်ပစ်လိုက်သလား အောက်မေ့ရတယ်"

"လက်ဖက်ရည်ထဲ ကော့ညက် နည်းနည်းထည့်မလား အဖေ"

"အေး၊ ကောင်းသားပဲ"

တိတ်ဆိတ်နေသည်။ စာကလေးတစ်အုပ်သည် တကျိုကျိုမြည်၍ ပျံသွားကြသည်။ စာကလေးသံများ ပျောက်သွားလျှင် တိတ်ဆိတ်သွားပြန်သည်။ အဖေ့၏မျက်လုံးများက မှုံမှိုန်။ စိုးရိမ်ထိတ်လန့်သည့် အသွင်ကို ဆောင်နေကြသည်။

"ဘုရား ဘုရား အဖေလည်း ကြာကြာနေရတော့မယ် မထင်ဘူး"

"အဖေကလည်း အဓိပ္ပာယ်မရှိ" ဖိုးမာက တိုးတိုးပြောသည်။

"လက်ဖက်ရည်သောက်ပြီးရင် အဖေ့ကို ဘုန်းကြီးပင့်ပေးကွာ၊ ပြီးတော့ မင်း မွေးစားအဖေကိုလည်း ဝင်ခေါ်ခဲ့"

"ခု သွားလိုက်မယ်လေ"

“ခဏကြာရင် ဥပုသ်ဇရပ်မှာ သီလပေးတော့မှာ၊ ဘုန်းကြီးကို တွေ့မှာ မဟုတ်ဘူး။ ဖြည်းဖြည်းပေါ့ကွာ၊ ခဏနေရင် သက်သာသွားမှာပါ”

အဖေက လက်ဖက်ရည်ကို တရှုတ်ရှုတ် သောက်သည်။

“အဖေ နောက်တစ်နှစ် နှစ်နှစ်လောက်တော့ နေချင်သေးတယ်။ ငါ့ သားက ငယ်သေးတယ်။ ငါ့သားအတွက် စိုးရိမ်တယ်။ ငါ့သား ရိုးရိုး ဖြောင့်ဖြောင့် တည်တည်ကြည်ကြည် နေပါ။ သူများ ပစ္စည်းကို လိုချင်မက်မောမရှိပါနဲ့”

အဖေက မောလာသဖြင့် စကားဖြတ်လိုက်ပြီး ရင်ပတ်ကို ဖိထားလိုက်သည်။

“လူတိုင်းကို မယုံနဲ့၊ လူတွေဆီက ဘာမှမျှော်လင့်နဲ့၊ လူတွေ အသက်ရှင်နေကြတယ်ဆိုတာ သူများဆီကယူဖို့ အသက်ရှင်နေကြတာ၊ သူများကို ပေးဖို့ အသက်ရှင်ကြတာ မဟုတ်ဘူး”

အဖေက ဘုရား တ သည်။

တိတ်ဆိတ်သော နံနက်ခင်းတွင် အဝေးမှ ခေါင်းလောင်းသံကို ကြားရသည်။ သားအဖနှစ်ယောက်သည် လက်ယှက်၍ ဆုတောင်းမိကြသည်။ စကားတစ်ခွန်းမျှ မပြောကြ။

ခေါင်းလောင်းသံများသည် ဥပုသ်နေ့နံနက်တွင် ဆူညံလျက်ရှိသည်။ ခေါင်းလောင်းသံ တစ်သံ၊ နောက် ခေါင်းလောင်းသံ တစ်သံ။

“သီလယူဖို့ ခေါင်းလောင်းထိုးနေတာ ခေါင်းလောင်းသံတွေကို ခွဲပြီးသိရဲ့လား”

အဖေ ကျောင်းအသီးသီးမှ ခေါင်းလောင်းသံများကို နားစွင့်ထောင်ရင်း မေးသည်။

“ဟင့်အင်း၊ မသိဘူး အဖေ”

“ဟော ဟောဒီခေါင်းလောင်းသံ နားထောင်စမ်း၊ အသံကြီး ကြီးနဲ့ ခေါင်းလောင်းသံ၊ အဲဒီခေါင်းလောင်းသံက ရှင် နီကိုလေကျောင်း ကို ဖြိုးသာလှူတဲ့ခေါင်းလောင်း၊ ဟောဒီ ခပ်လေးလေးနဲ့ မြည်တဲ့ ခေါင်းလောင်းက ရှင်ပရာစကိုပီယာကျောင်းက ခေါင်းလောင်း”

ခေါင်းလောင်းသံများက လှိုင်းထကာ လေထဲတွင် မျောပါကာ ပြာလဲ့သော အဝေးကောင်းကင်ထဲတွင် ပျောက်ကွယ်သွားကြသည်။ အဖေ့မျက်နှာကို ဖိုးမာကြည့်သည်။ အဖေ့မျက်နှာတွင် စိုးရိမ်ထိတ်လန့်ဟန် မရှိတော့။ သူ့မျက်လုံးများက ရွှန်းလဲ့နေကြသည်။

ဖိုးမာ ကြည့်နေရင်း အဖေ့မျက်နှာသည် ချက်ချင်း ရဲတက်လာသည်။ မျက်လုံးများက ပြူးကျယ်လာကြသည်။ မျက်လုံးအိမ်ထဲက ပြုတ်ထွက်တော့မလို ထင်ရသည်။ ပါးစပ်က ရုတ်တရက် ဟသွားကာ ထူးဆန်းသည့် အသံတစ်သံ ထွက်လာသည်။

ခဏကြာတော့ အဖေ့ခေါင်းသည် တစ်ဖက်သို့ စောင်းကျသွားသည်။ လေးလံသည့် အဖေ့ခန္ဓာကိုယ်ကြီးက ကုလားထိုင်ပေါ်မှ မြေသို့ လျှောသွားသည်။ ဝသုန်မြေနတ်က သူ့ပိုင်ပစ္စည်းဟု ကြွေးကြော်ချင်သည်လော မပြောတတ်။

ဖိုးမာသည် အဖေ့ဖြစ်ပုံကို အလန့်တကြားကြည့်နေသည်။ လှုပ်ရှားခြင်းလည်း မရှိ။ စကားလည်း မပြော။ ခဏကြာမှ သတိရကာ အဖေ့အနီးသို့ ထပြေးပြီး မြေကြီးပေါ်မှထူကာ အဖေ့မျက်နှာကို ငုံ့ကြည့်သည်။

အဖေ့မျက်နှာက ညိုနေပြီ။ တင်းမာနေပြီ။ မျက်လုံးများက မည်သည့်ခံစားချက်ကိုမျှ ဖော်ပြနိုင်စွမ်း မရှိကြတော့။ နာကျင်ခြင်း၊ ကြောက်ခြင်း၊ ပျော်ရွှင်ခြင်း စသည့် ဝေဒနာတို့ ကုန်ခန်းခဲ့ပြီ။

ခြံတစ်ခြံလုံး တိတ်နေသည်။ ခေါင်းလောင်းသံများက လေ တွင် ပျံ့ဝဲနေကြဆဲ။

ဖိုးမာက တုန်ယင်သော လက်များဖြင့် အဖေ့ခေါင်းကို လွှတ်ချလိုက်သည်။ အဖေ့ခေါင်းသည် ဖုတ်ခနဲ မြေပေါ်သို့ ကျသွားသည်။ ပျစ်ချွဲသော သွေးစီးကြောင်း တစ်ကြောင်းသည် ညိုမည်းစပြုနေသည့် အဖေ့ပါးပြင်ပေါ်သို့ စီးကျလာသည်။

ဖိုးမာက ရင်ကိုထု၍ တစ်ချက်မျှ ရှိုက်ငိုလိုက်သည်။ ယခုမှ တစ်ကိုယ်လုံးစိမ့်၍ ကြောက်လာကာ ခြံပတ်ပတ်လည်ကို ကြောက်လန့်တကြား လှမ်းကြည့်သည်။

ခြံထဲတွင် တစ်ယောက်မျှမရှိ။

***

(၄)

အဖေဆုံးတော့ ဖိုးမာ ယောင်လည်လည် ဖြစ်ကျန်ရစ်ခဲ့သည်။

ရင်ထဲတွင် ထူးဆန်းသည့် ခံစားချက်တစ်မျိုးကို ခံစားရသည်။ သူ့ရင်ထဲ၊ သူ့ဝိညာဉ်ထဲတွင် အတိတ်ကြီး တိတ်နေသည်။ သူ့ရင်ထဲက တိတ်ဆိတ်မှုသည် လောကကြီး တစ်ခုလုံး၏ အသံအားလုံးကိုပင် လွှမ်းသွားလိမ့်မည် ထင်ရသည်။

အသိမိတ်ဆွေများက သူ့အနားသို့ လာကြသည်။ စကားပြောကြသည်။ သို့ရာတွင် သူတို့ စကားများသည် သူ့အဖို့ ဘာမျှ အဓိပ္ပာယ်မရှိ။ ဘာတွေပြောသည်ကိုလည်း သူမသိ။ သူတို့ နှစ်သိမ့်ဖွယ် စကားများသည် ရင်ထဲ ဝိညာဉ်ထဲက နက်ရှိုင်းသော တစ်နေရာတွင် နစ်မြုပ်ပျောက်ကွယ်သွားကြသည်။

ဖိုးမာသည် ငိုလည်းမငိုမိ။ ဝမ်းနည်းခြင်းလည်း မဖြစ်မိ။ တွေးတောခြင်းလည်း မပြုမိ။

ဖြူဖျော့သော မျက်နှာတွင် မျက်မှောင်ကုတ်ထားရင်း ရင်ထဲ ဝိညာဉ်ထဲက တိတ်ဆိတ်ခြင်းကို နားစွင့်နေသည်။

အသုဘကိစ္စကို မာယာခင်ကပင် ဦးစီးသည်။ ဆောင်ရွက် သည်။ တစ်ခန်းဝင် တစ်ခန်းထွက် အလုပ်ရှုပ်လျက်ရှိသော မာယာခင်၏ ခြေသံသည် တစ်အိမ်လုံး ဖုံးနေသည်။ အိမ်ရှိ အခိုင်းအစေများကို သူ့အစေခံများသဖွယ် ပိုင်စိုးပိုင်နင်း ခိုင်းသည်။ မွေးစားသား ဖိုးမာကို ကျောပုတ်ကာ အားပေး နှစ်သိမ့်ခြင်းပြုသည်။

"ငါ့တူ မလည်း ကျောက်ရုပ်ကြီးလို ငြိမ်နေတော့တာကိုး။ မင်း အဖေက အသက်ကြီးပြီ မဟုတ်လား။ လူကလည်း သိပ်ဝလွန်းတယ်။ အေးလေ ... အနိစ္စတရားဆိုတာ လူတိုင်း တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ကြရစမြဲပဲ မဟုတ်လား၊ မသေခင် ပျော်ပျော်နေရမယ်။ ကဲ ... ခု ကြည့်၊ မင်းအဖေ မရှိတော့ဘူး။ မင်း ပူဆွေးသောက ရောက်နေတော့ ကော အသက်ပြန်ရှင် လာဦးမှာတဲ့လား၊ မရှင်တော့ဘူး။ မင်း ခုနေ ငိုငို ရယ်ရယ် သူဘာမှ သိမှာလည်း မဟုတ်တော့ဘူး။ အဲဒီတော့ ကျန်တဲ့လူ က စိတ်ချမ်းသာ ကိုယ်ကျန်းမာ အောင်နေဖို့ အရေးကြီးတယ်။ ငိုချင်ရင် အားရအောင် ငိုလိုက်၊ ချုပ်တည်း မထားနဲ့၊ ငိုချင်တုန်း ငိုလိုက်ရတော့ ရင်ပေါ့သွားတာပေါ့"

မွေးစားအဖေက တတွတ်တွတ်ပြောသည်။ သို့သော် သူ့စကား များသည်လည်း အရာမထင်။ ဖိုးမာအဖို့ အဓိပ္ပာယ်မရှိ။

ဖိုးမာ၏စိတ်ဓာတ်သည် ကြေမွသွားပြီ။

အသုဘ ချသည့်နေ့တွင်မှ ဖိုးမာ အသက်ဝင် လှုပ်ရှားလာ သည်။ ကြေမွသွားသော သူ့စိတ်ဓာတ်ကို မွေးစားအဖေက ပြန်၍ ရှန်းထ အောင်လုပ်သည်။ သို့ဖြင့် ဖိုးမာတစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာ ခြင်း ဖြစ်သည်။

ထိုနေ့က တစ်မိုးလုံး အုံ့မှိုင်းနေသည်။ အဖေ၏ အသုဘရထား နောက်က ဖုန်လုံးကြီးထဲတွင် အသုဘပို့သူများ လိုက်လာကြသည်။ ခြေ သံများကို ပရိတ်ရွတ်သံထဲမှ ကြားရသည်။

ဖိုးမာက အသုဘရထားနောက်က လိုက်သည်။

သူ့မျက်စိထဲတွင် အခြား ဘာကိုမျှ မမြင်။ ဖွေးဖွေးဖြူနေသည့် အဖေ့ဆံပင်များကို မြင်နေရသည်။ သူ့နားတွင် အခြား ဘာမျှမကြား။ အသုဘဆိုင်းသံကိုသာ ကြားနေသည်။

မွေးစားအဖေက သူ့ဘေးမှ လိုက်လာသည်။

"အသုဘကတော့ တော်တော်စည်တယ်ကွ။ ခရိုင်ဝန်မင်းရော၊ မြို့အုပ်ရော၊ ဒိစတြိတ်ကောင်စီ အဖွဲ့ဝင်တွေရော စုံလို့ပဲ။ နောက် နားမှာ ဆွန်ယာလည်း မြင်လိုက်တယ်။ ဂေါ်ဒီယက်က လှလှပပ သေရပါ တယ်။ တစ်မြို့လုံးလောက် လိုက်ပို့တာပဲ"

ဖိုးမာက မွေးစားအဖေ၏ စကားများကို မကြားမိ။ သို့သော် ဆွန်ယာ၏အမည်ကို ကြားရသည့်အခါတွင် နောက်သို့ လှမ်းကြည့်မိ လျက်သား ဖြစ်သွားသည်။ ခရိုင်ဝန်မင်းကို မြင်လိုက်ရသည်။ ခရိုင်ဝန်

မင်းက ဆုတံဆိပ်တွေ၊ စလွယ်တွေ ဆင်၍ အဖေ၏ အသုဘခေါင်း နောက်မှ လိုက်လာသည်။ သူ့မျက်နှာက လေးနက်တင်းမာသည့် အသွင် ဆောင်သည်။

"မင်း အဖေကတော့ အနေလှ အသေလှပါပဲ။ အင်း ... ငွေတစ် သိန်းလှူထားတော့လည်း ပို့ကြတာပေါ့လေ၊ မင်းကော ကြားပြီးပလား၊ မင်း အဖေ အသုဘ အရက်လေးဆယ်ပြည့်တဲ့နေ့မှာ ဆွန်ယာက လူအိုရုံ အုတ်မြစ်ချပွဲ လုပ်မလို့တဲ့"

ဖိုးမာ နောက်တစ်ကြိမ် လှည့်ကြည့်သည်။ သည်တစ်ကြိမ်တွင် ဆွန်ယာနှင့် မျက်လုံးချင်း ဆုံမိကြသည်။ ဆွန်ယာက ကြင်နာသည့် အကြည့်ဖြင့် သူ့ကို လှမ်းကြည့်သည်။ ဤအကြည့်ကြောင့် ဖိုးမာ ရင် သည် နွေးသွားသည်။ သူ့ရင်ထဲတွင် အစိုင်အခဲဖြစ်နေသည့် တိတ်ဆိတ် ခြင်းသည် အရည်ပျော်စပြုပြီဟု ထင်ရသည်။

ဖိုးမာ နောက်ထပ်လှည့်မကြည့်တော့။ မသော့ရှင် ဣန္ဒြေပျက် သည်ဟု ဆိုကြလိမ့်မည်။

သုသာန်ရောက်သော် ဖိုးမာ၏ ရင်သည် တင်းကျပ်လာပြန် သည်။ ဘုန်းတော်ကြီး၏ အသံသည် သူ့အသည်းနှလုံးကို ခြေမွနေသကဲ့ သို့ ရှိသည်။

ဖိုးမာ ဘေးသို့ ယိုင်လဲသွားမည်ပြုသဖြင့် မွေးစားအဖေက ဆီး ပွေ့ထားလိုက်သည်။ မွေးစားအဖေက ဖိုးမာကို အသုဘခေါင်းဆီသို့ ခေါ်လာကာ ကန်တော့စေသည်။

အဖေ့နဖူးကို ငုံ့၍နမ်းလိုက်သည့်အခါတွင် ဖိုးမာသည် လန့် ဖျပ်၍ နောက်သို့ ဆုတ်လိုက်မိသည်။

အသုဘခေါင်းထဲက အဖေ့၏မျက်နှာက သူ့အတွက် ပူဆွေး ကြရန် ငိုကြရန် ပြောနေသကဲ့သို့ ရှိသည်။

သို့ရာတွင် ဖိုးမာ မငိုတော့၊ အသားညိုမည်း၍ ဖူးယောင်စပြုနေ သည့် အဖေ့မျက်နှာကိုကြည့်၍ ထိတ်လန့်မိသည်။ သောကတွေ ပရိဒေဝ တွေ ဘယ်ရောက်သည့် မသိတော့။

အသိမိတ်ဆွေတွေ ဝိုင်းအုံလာကာ နှစ်သိမ့်စကား ပြောကြ သည်။ အားပေးကြသည်။

"ဟန်ဆောင် ပန်ဆောင်တွေ ပြောနေကြတာ၊ ဒိန်ခဲနံ့ရတဲ့ ကြွက်လို လာချောင်းနေကြတာ၊ စိတ်ထဲက ပါလို့ ပြောတာ မဟုတ်ဘူး"

မွေးစားအဖေက တိုးတိုးပြောသည်။

အလောင်းကို မြေချတော့ ဖိုးမာတစ်ချီငိုမိပြန်သည်။ မွေးစားအဖေက ဆွဲခေါ်လာကာ

"ငါ့တူက သိပ်စိတ်ပျော့တာကိုး၊ ဦးလေးလည်း စိတ်ထိခိုက်တာပါပဲ၊ မင်းအဖေ့အကြောင်းကို ဦးလေးအသိဆုံး၊ တစ်အူတုံဆင်း ညီအစ်ကိုရင်းလို ခင်ခဲ့ကြတာ၊ ဦးလေးနဲ့ ပေါင်းသင်းလာတာ အနှစ် သုံးဆယ်ရှိပြီ။ စကားလည်း ပြောခဲ့ဖူးပေါင်း များလှပြီ။ ဒုက္ခသုခတွေလည်း အတူတူတွေ့ခဲ့ဖူးပေါင်း များလှပြီ။ ရေ့ရေးကိုလည်း အတူတူ ဆွေးနွေးခဲ့ပေါင်း များလှပြီ၊ မင်းက ခုမှ အညွန့်တက်စ ရှိသေးတယ်။ သောကဆိုတာ ဘာလဲ မင်း သိရဲ့လား၊ ရှေ့လျှောက် လူလုပ်ရဦးမယ် ကြီးပွားဖို့အတွက် အလုပ်လုပ်ရဦးမယ်။ မိတ်ဆွေတွေ တွေ့ရဦးမယ်။ ဦးလေးတို့ကသာ မိတ်သစ်လည်း ရှာချိန်မရတော့ဘူး။ ကြီးပွားလမ်းလည်း ရှာချိန်မရတော့ဘူး။ အိုမင်းမစွမ်း"

မွေးစားအဖေ၏ အသံသည် တိမ်ဝင်သွားသည်။ သူ့မျက်နှာကရှုံ့ကာ နှုတ်ခမ်းများက မဲ့လာကြသည်။ မျက်နှာပေါ်က အရေတွန့်များသည် ပို၍တွန့်သွားကြကာ မျက်လုံးမှ မျက်ရည်တွေ စီးကျလာသည်။

သည်လိုဆိုတော့ မွေးစားအဖေ၏ မျက်နှာသည် သနားစရာကောင်းနေသည်။ ဖိုးမာသည် စိတ်ထိခိုက်သွားကာ မွေးစားအဖေကို လှမ်းဖက်လိုက်သည်။ အားကြီးသူက အားနည်းသူတစ်ယောက်ကို ကြင်နာယုယသည့်ပုံမျိုး။

"မငိုပါနဲ့ ဦးလေးရယ်"

ခဏကြာတော့ သူ့မွေးစား အဖေ အငိုရပ်သွားသည်။ ကျန်းမာသန်စွမ်းသော လူတစ်ယောက်ပုံ ပြန်ဖြစ်သွားသည်။

အိမ်အပြန် ရထားပေါ်တွင် မွေးစားအဖေက ဖိုးမာကို ဆုံးမသည်။

"အော်ကြီးဟစ်ကျယ် မငိုရဘူးကွ။ ခုဆိုရင် မင်းဟာ ကိုယ့်တပ်ကိုယ် ခေါင်းဆောင်ရတော့မယ်။ တပ်ဗိုလ်ဖြစ်ပြီ၊ တပ်ဗိုလ်ဟာ တိုက်ပွဲမှာ ကိုယ့်တပ်သားတွေကို ရဲရဲရင့်ရင့် ခေါင်းဆောင်နိုင်ရမယ်။ အဲ ... မင်းတပ်သားတွေကတော့ တခြားမဟုတ်ဘူး ငွေဒင်္ဂါးတွေပဲ။ ခုဆိုရင် မင်းမှာ ငွေဒင်္ဂါးတပ်ကြီးရှိနေပြီ။ အဲဒီတပ်ကို မင်း ခေါင်းဆောင်ပေတော့"

သူ့မွေးစားအဖေက အပြောင်းအလဲမြန်သည်။ ခု စာလေးကြော်၊ ခု ဆီထမင်းလုပ်တတ်သည်။ ဖိုးမာသည် အပြောင်းအလဲ မြန်သော သူ့မွေးစားအဖေကို ကြည့်၍ အံ့သြနေသည်။ သူ့စကားများသည် သူ့အဖေ

၏ အသုဘခေါင်းကို မြေသို့ချစဉ် ခေါင်းပေါ်သို့ ကျလာသော မြေစိုင် မြေခဲတို့၏ တဒေါက်ဒေါက်မြည်သံလို နာကြည်းဖွယ် ကောင်းသည်။

"ဦးလေးက အရောင်းအဝယ် ကျွမ်းကျင်တယ်။ ဦးလေးစကားကို မင်းနားထောင်ရမယ်။ မင်းအဖေက မှာခဲ့တယ် မဟုတ်လား"

"မှာခဲ့ပါတယ်"

"ဦးလေးမှာ ဦးနှောက်ရှိတယ်။ မင်းမှာ ခွန်အားရှိတယ်။ ဒီဦးနှောက်နဲ့ ခွန်အားကို ပေါင်းလိုက်ရင် ဦးလေးတို့ လုပ်ငန်းရှေ့လျှောက် အောင်မြင်မှာပဲ။ မင်း အဖေက အမြင်ကျဉ်းတယ်။ ဦးလေးစကားကို နားမထောင်ချင်ဘူး။ မင်းအဖေ ကြီးပွားလာတာဟာ ဦးနှောက်ကောင်းလို့ မဟုတ်ဘူး။ စေတနာကလေး ကောင်းနေလို့၊ အေးလေ မင်းကျတော့ ဒီထက်သာရမှာပေါ့။ မင်း ဦးလေးတို့ အိမ်ပြောင်းနေရမယ်။ အိမ်မှာဆို တစ်ယောက်တည်း တိမ်တိမ်းပွေပွေကြီး"

"ကျွန်တော့်အရီး ရှိသေးတယ်"

"ဘယ်က မင်းအရီးလဲ၊ လူမမာ မိန်းမကြီးလား၊ သူလည်း ကြာကြာ မနေရတော့ပါဘူး"

"ဒီလို မပြောပါနဲ့ ဦးလေးရယ်"

ဖိုးမာက လေသံကလေးဖြင့် တောင်းပန်သည်။

"ပြောရမယ်။ မင်းက ဘာဖြစ်လို့ သေတဲ့စကား မကြားရဲ လောက်အောင် ဖြစ်နေရတာလဲ၊ အဘွားအိုကြီးမှ မဟုတ်ဘဲ၊ လောကမှာ ဘာကိုမှ ကြောက်စရာ မလိုဘူး။ ကိုယ်လုပ်စရာရှိတာကိုသာလုပ်၊ လူဆိုတာ လူ့လောကကြီးရဲ့ တာဝန်ကိုထမ်းဖို့ မွေးလာတဲ့ လူချည်းပဲ။ လူဆိုတာ ငွေဒင်္ဂါးနဲ့တူတယ်။ ငွေဒင်္ဂါးဆိုတာ မူး ပဲက ဖြစ်လာတာ၊ ပြားစေ့ကလေးတွေ ပေါင်းလို့ ဖြစ်လာတာ၊ လူဟာလည်း မြေကြီးထဲက မြေမှုန့်တွေ ပေါင်းပြီး ဖြစ်လာတာလို့ ကျမ်းစာမှာ ဆိုတယ် မဟုတ်လား။ ငွေဟာ လှည့်ပတ်သုံးစွဲသလို လူဟာလည်း ကြံဖန် လှုပ်ရှားရုန်းကန်နေရတယ်။ ငွေကို လှည့်ပတ်သုံးစွဲတော့ ကြေးညှော်တွေ ဆီတွေ စွန်းပေသလို လူမှာလည်း မျက်ရည်တွေ ချွေးတွေ ရှိလာရတယ်။ ဦးနှောက်တွေ နှလုံးတွေ ရှိလာရတယ်။ ဒီလိုနဲ့ လူဖြစ်လာပြီး လူဟာ ငါးပြားတန်၊ နောက် ငါးမူးတန်၊ နောက် တစ်ရာတန်၊ နောက် တစ်ထောင်တန် စ သဖြင့် တန်ဖိုးမြင့်လာတယ်။ ငွေလှည့်ပတ်သုံးရင် အလဟဿ မဖြစ်စေ ရဘူး။ ပွားအောင် လုပ်ရမယ်။ လူလည်း ဒီလိုပဲ၊ လူဟာ လောကကြီးထဲ ရောက်လာရင် တန်ဖိုး ဖြစ်လာမယ်။ အရင်းအနှီးတစ်ခု ဖြစ်လာမယ်။

ဒီအရင်းအနှီးကို ပွားအောင် လုပ်ရမယ်။ ဉာဏ်ရှိတဲ့လူဟာ ဘယ်တော့မှ ကိုယ့်ကိုယ်ကို အကျိုးယုတ် အောင်မလုပ်ဘူး ကြားရဲ့လား"

"ကြားပါတယ်"

"နားရော လည်ရဲ့လား"

"နားလည်ပါတယ်"

"ငါ စဉ်းစားကြည့်တယ်"

"ကျွန်တော် ကျွန်တော် စဉ်းစားကြည့်တယ်။ လူတွေဟာ ဘာကြောင့် သေရလဲ မသိဘူးလို့"

သူ့မွေးစား အဖေက သူ့ကို လှည့်ကြည့်သည်။

"စဉ်းစားဉာဏ်ရှိတဲ့လူဟာ ဒီလိုမေးခွန်းမျိုးကို ဘယ်တော့မှ မမေးဘူး။ မြစ်တစ်မြစ် ရှိတယ်ဆိုရင် အဲဒီမြစ်ဟာ တစ်နေရာကိုတော့ စီးရမှာပဲဆိုတာ စဉ်းစားဉာဏ်ရှိသူတိုင်း သိတယ်။ မစီးရင် ညွှန်ဗွက်ကြီး ဖြစ် သွားမှာပေါ့"

သူ့မွေးစားအဖေက နှုတ်ခမ်းများကို လျက်နေသည်။

"ပင်လယ်ကျတော့ ဘယ်လိုပြောမလဲ၊ ဘယ်မှာ စီးလို့လဲ"

"ပင်လယ်ဆိုတာ မြစ်တွေ အားလုံး စီးဝင်တဲ့နေရာကို ခေါ်တာ၊ ပင်လယ်မှာ မုန်တိုင်းတွေရှိတတ်တယ်။ ဦးလေးတို့လူ့ဘဝဟာ ပင်လယ်ကြီးနဲ့တူတယ်။ လောဘ ဒေါသ မောဟ စတဲ့အရာတွေဟာ မုန်တိုင်းတွေပဲ။ ဒီလောဘ မောဟ ဒေါသဆိုတဲ့ တရားတွေကို အနိစ္စတရားက သတ်ပစ်လိုက်တယ်။ ဒီလို လောဘတွေကို သတ်နိုင်တဲ့အခါကျတော့ ဘဝဟာ အသစ်ပြန်ဖြစ်တယ်။ ပုပ်သိုးမနေတော့ဘူး၊ လူတွေ သေခဲ့ကြလှပြီ။ ဒါပေမဲ့ နောက်ထပ် လူတွေ အနန္တမွေးလာခဲ့ကြတာပဲ မဟုတ်ဘူးလား"

"အဖေ သေတာကိုတော့ ကျွန်တော် စိတ်ထိခိုက်တယ်"

"တစ်နေ့တော့ မင်းလည်း သေရမှာပဲ"

"လူတွေ အများကြီး ရှိနေသေးတာပဲ။ ကျွန်တော် သေသွားတော့ကော ဘာထူးမှာလဲ"

ဖိုးမာက နာကြည်းစွာ ရယ်သည်။ သူ့မွေးစား အဖေက သက်ပြင်းချသည်။

"ထူးတော့ မထူးပါဘူး။ ခု မင်းဝတ်ထားတဲ့ အဝတ်လိုပေါ့၊ ကမ္ဘာကြီးမှာ မင်းအဝတ်တစ်ထည် စုတ်သွားတော့လည်း တခြားအဝတ်တွေ ရှိသေးတာပဲ။ စုတ်တော့လဲ လွှင့်ပစ်လိုက်ကြရတာပဲ မဟုတ်လား"

ဖိုးမာက သူ့မွေးစားအဖေကို လှည့်ကြည့်သည်။ သူ့မွေးစား အဖေက ရယ်သည်။

"ဦးလေးကော သေမှာကို မကြောက်ဖူးလား"

"သေမင်းလည်း မကြောက်ပါဘူး။ ဒါပေမဲ့ လောကမှာ ငါ အကြောက်ဆုံး အရာတစ်ခုရှိတယ်။ အဲဒါကတော့ လူမိုက်ပဲ။ လူမိုက်တစ် ယောက်ကပေးတဲ့ ပျားရည်ကို သောက်ရတာထက် လူလိမ္မာတစ်ယောက် က ပေးတဲ့ အဆိပ်ကို သောက်ရတာက အဓိပ္ပာယ်ရှိတယ်။ ဖြူကောင် ဆိုတာ ဆူးထောင်ရဲမှ အဓိပ္ပာယ်ရှိတယ်။ ဆူးမထောင်ရဲတဲ့ ဖြူကောင်ဟာ အလကားပဲ"

သူ့မွေးစားအဖေက ခပ်လျောင်လျောင် ပြောသည်။

"ဦးလေးက အမြဲတမ်း ပဟေဠိတွေကို ပြောနေတာပဲ"

ဖိုးမာ၏ စကားများကြောင့် သူ့မွေးစားအဖေ ဒေါပွသွားသည်။ မျက်လုံးများ အရောင်တောက်လာကြသည်။

"ဒါတော့ လူတိုင်း ကိုယ်နားလည်သလို ပြောကြတာပဲကွ။ ဘာလဲ မင်းက မကြိုက်ဘူးလား"

ဖိုးမာက မဖြေ။

"ဒီမှာ ဖိုးမာ မှတ်ထား၊ မင်းကို ဆုံးမတာဟာ ချစ်လို့ ဆုံးမ တာ၊ မုန်းရင် မင်းကို ဘာမှ ဆုံးမစရာမလိုဘူး။ နောက် သေစကားမပြော ပါနဲ့၊ အသက်ရှင်ပြီး ပျော်ရွှင်နေတဲ့ လူတစ်ယောက်က သေစကားပြောပြီး သေတဲ့အကြောင်းကို တွေးတာလောက် မိုက်တာ မရှိဘူး။ သေနေတဲ့ ခြင်္သေ့ဖြစ်ရတာထက် ရှင်နေတဲ့ ခွေးဖြစ်ရတာက ကောင်းတယ်လို့ ကျမ်း စာမှာ ဆိုတယ် မဟုတ်လား"

အိမ်သို့ ရောက်ကြသည်။ လမ်းထဲတွင် ရထားတွေ ပြည့်နေ သည်။ အိမ်ထဲမှ စကားပြောသံများကို ကြားရသည်။ အိမ်ထဲသို့ ဝင်လိုက် သည်နှင့် တစ်ပြိုင်နက် တစ်ယောက်က ဖိုးမာကို ဆွဲခေါ်သွားကာ စား သောက်ဖွယ်များကို အစားခိုင်းသည်။ အခန်းထဲက ဈေးလို ဆူညံနေ သည်။ လျောင်နေသည်။

ဖိုးမာက စကား တစ်ခွန်းမျှ မပြောဘဲ အရက်တစ်ခွက်ကို တစ် ကျိုက်ကျိုက် သောက်ချလိုက်သည်။ ဒုတိယတစ်ခွက်၊ တတိယ တစ် ခွက် ထပ်သောက်သည်။ သူ့အနီးတွင် လူတွေ စားသောက်နေကြသည်။ ပါးစပ်တွေ လှုပ်နေကြသည်။ အရက်ငှဲ့သံ၊ ဖန်ခွက်ချင်း ထိသံတို့ကို ကြားရသည်။

လူတွေက အသုဘအိမ်က ကျွေးသော ငါးဟင်း ကောင်းကြောင်း ချီးမွမ်းကြသည်။ အသုဘနှင့် ဝတ်အသင်းဝတ်ရွတ်ပုံကို ဝေဖန်ကြသည်။

"ဂေါ်ဒီယက်က ကာလို့ငါးကို ငရုတ်ကောင်းလေး ဖြူးပြီး အရက်ကလေး မြည်းရတာမျိုးကို သိပ်သဘောကျတာ"

တစ်ယောက်က ပြောသည်။

"ကဲ ... ဒါဖြင့် သူ့လို မြည်းလိုက်ကြဦးစို့"

အသံသြသြတစ်သံက ဆိုသည်။

ဖိုးမာက အဆီတဝင်းဝင်း ဖြစ်နေသည့် နှုတ်ခမ်းများနှင့် တလှုပ်လှုပ် ဖြစ်နေသော ပါးစပ်များကို ကြည့်၍ စိတ်တိုလာသည်။ စိတ်ရှိလက်ရှိ အော်ငိုကာ အားလုံးကို မောင်းထုတ်ပစ်လိုက်ချင်သည်။ သို့ရာတွင် သူ မလုပ်ရဲ၊ မလုပ်ဝံ့။

"ဖိုးမာက အလိုက်အထိုက် ဆက်ဆံမှပေါ့ကွ။ စကားလေး ဘာလေးလည်း ပြောဦးမှပေါ့"

အနားသို့ ရောက်လာသည့် သူ့မွေးစားအဖေက ပြောသည်။

"ဘာဖြစ်လို့ ဒါလောက် အားမနာပါးမနာ စားနေကြတာလဲ ဦးလေး၊ စတုဒိသာ ကျွေးနေတယ်များ အောက်မေ့နေသလား မသိဘူး" ဖိုးမာအသံက ကျယ်သွားသည်။ သူ့မွေးစားအဖေက လက်ကုတ်၍ သတိပေးကာ ဘေးပတ်ဝန်းကျင်ကို တောင်းပန်သည့်အပြုံးဖြင့် လှည့်ကြည့်သည်။

သို့ရာတွင် နောက်ကျပြီ။ ဖိုးမာ၏အသံက ကျယ်သည်။ မီးကို ရေနှင့်သတ်လိုက်သလို အားလုံး တိတ်သွားကြသည်။ အချို့က ကြောင်နေကြသည်။ တချို့က စားသောက်နေရာမှ ထသွားကြသည်။ တချို့က မသက်မသာဖြင့် ဖိုးမာကို လှမ်းကြည့်နေကြသည်။

ဖိုးမာက သူတို့ကို မှုန်၍ကြည့်နေသည်။

"သုံးဆောင်ကြပါ သုံးဆောင်ကြပါ၊ နောက်ထပ် မကြာခင် အချိုပွဲတွေ ရောက်လာတော့မှာပါ" သူ့မွေးစားအဖေက ပရိသတ်တွေ ကြားထဲသွားကာ စကားရော ဖွဲရောလုပ်သည်။

ဖိုးမာက ပခုံးကို တစ်ချက်တွန့်ပြီး ထလာသည်။ သူ့နောက်မှ မကြားတကြား ပြောသံတစ်ခုကို ကြားလိုက်ရသည်။ ထို့နောက် မွေးစားအဖေ၏အသံကိုပါ တစ်ဆက်တည်း ကြားရသည်။

"သူငယ်က တော်တော် စိတ်ထိခိုက်နေရှာတယ်။ သူ့အဖို့တော့ ဂေါ်ဒီယက်ဟာ အဖေဆိုလည်း ဟုတ်တာပဲ၊ အမေဆိုလည်း ဟုတ်တာပဲ"

ဖိုးမာသည် ခြံထဲသို့ ဆင်းလာကာ အဖေ အသက်ပျောက်သွားသည့်နေရာ၌ ထိုင်သည်။ သူ့ရင်ထဲတွင် ပူလောင်နေသည်။ လေးနေသည်။ အသက်ရှုကျပ်လွန်းသဖြင့် အင်္ကျီကြယ်သီးများကို ဖြုတ်ပြီး ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖွကာ စားပွဲတွင် ထိုင်သည်။

မိုးဖွားလေးတွေ ကျလာသည်။ မိုးပေါက်များ သစ်တော်ရွက်များပေါ်သို့ ကျသံက တဖြောက်ဖြောက် မြည်နေသည်။ ဖိုးမာသည် မလှုပ်မယှက်ထိုင်ရင်း သစ်ရွက်များပေါ်မှ စားပွဲပေါ်သို့ စီးကျလာသော မိုးစက်များကို ငေးကြည့်မိသည်။

ခေါင်းက မူးနောက်နေသည်။ ရင်ထဲက လူတွေကို မုန်းနေ သည်။ သူ့အတွေးများသည် ဝိုးဝါးထွေးနေကြသည်။ သူ့မွေးစား အဖေ၏ခေါင်းပြောင်ကြီးကို မြင်နေသည်။ ခံစားချက်ကင်းသည့် သွားဟောင်းလောင်း ဖြစ်နေသည့်သူ့အပြုံးက ကောက်ကျစ်သည်။ သူ့မွေးစားအဖေ၏ မျက်နှာထားကို ဖိုးမာ မကြိုက်။ မယုံ။ သို့ဖြစ်တိုင်း ဖိုးမာ အထီးကျန် ဖြစ်ရသည်။

ဆွန်ယာ၏မျက်ဝန်းများက နူးညံ့သည်။ ကိုယ်ဟန်က သေးသွယ် ကြော့ရှင်းသည်။ သူ့မွေးစားအဖေ၏ သမီး လျူဘာက အရပ်မြင့်သွယ်သည်။ သွက်လက်ချက်ချာသည်။ ပါးပြင်က နီရဲ၍ မျက်လုံးများက ရယ်နေကြသည်။

သူတို့နှစ်ယောက်သည် ဖိုးမာ၏ မျက်စိထဲတွင် အမှတ်မထင် ပေါ်လာတတ်သည်။

လေထဲတွင် မျောပါလာသည့် အသံများက ငြီးငွေ့ဖွယ်ကောင်းနေသည်။ ကောင်းကင်ကြီးက ငိုနေသလို ထင်ရသည်။ အေးစက်သော မျက်ရည်ပေါက်ကြီးများသည် သစ်ကိုင်းများပေါ်တွင် လှုပ်နေကြသည်။

ဖိုးမာ၏ ရင်ထဲတွင် မှောင်ကြီးအတိကျကာ အတိတ်ကြီးတိတ်နေသည်။ လောကကြီးအလယ်တွင် သူတစ်ယောက်ထီးတည်း ကျန်ရစ်ခဲ့သည်ဟူသော အသိသည် သူ့ကို ကြီးစိုးနေသည်။ သူ မည်သို့ ရှေ့ဆက်စခန်းသွားရမည်နည်း။

ဖိုးမာတစ်ကိုယ်လုံး ရေတွေစိုရွှဲနေပြီ။ ခိုက်ခိုက်တုန် ချမ်းလာတော့မှ ဖိုးမာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

*

မည်သို့ ရှေ့ဆက်၍ စခန်းသွားရမည်နည်း။

ဖိုးမာ စဉ်းစားချိန်မရ။ လုပ်စရာတွေက ပုံနေသည်။

အဖေဆုံးပြီး အရက်လေးဆယ်မြောက်နေ့တွင် ဖိုးမာသည် လူအိုရုံ အုတ်မြစ်ချပွဲသို့ သွားရသည်။ ဝတ်ကောင်းစားလှတွေ ဝတ်ထား သည်။ စိတ်လက်ပေါ့ပါးနေသည်။ လူအိုရုံဆောက်ရေး ကော်မတီတွင် သူ့ကို အမှုဆောင်တစ်ယောက်အဖြစ် ရွေးကောက်လိုက်ကြောင်း၊ ပရဟိတ အသင်းတွင်လည်း ဂုဏ်ထူးဆောင် အသင်းသားအဖြစ် ရွေးကောက် ကြောင်း မနေ့ညက ဆွန်ယာ့ထံမှ စာတစ်စောင် ရောက်လာသည်။ ဆွန်ယာက ပရဟိတအသင်း ဥက္ကဋ္ဌ ဖြစ်သည်။

ဖိုးမာ ကျေနပ်သွားသည်။ လူအိုရုံ အုတ်မြစ်ချပွဲတွင် အဖေ့ကိုယ်စား အုတ်မြစ်ချရမည်ဆိုသဖြင့် စိတ်လှုပ်ရှား နေသည်။ အုတ်မြစ်ချရမည့် ဟန်ကို တွေးနေသည်။

"ဖိုးမာ ခဏနေဦးဟေ့"

သူ့မွေးစားအဖေ မာယာခင်က လမ်းဘေးက လှမ်းအော်သည်။ လက်ထဲတွင် ထီးကြီးတစ်လက်ကို ကိုင်ထားသည်။ ဦးထုပ်မြင့်မြင့်ကြီး တစ်လုံးကိုလည်း ဆောင်းထားလိုက်သေးသည်။ ဖနောင့်သို့ဝဲနေသော အင်္ကျီရှည်ကြီးကိုလည်း ဝတ်ထားသည်။

"ဦးလေးလည်း မင့်ရထားနဲ့ လိုက်မယ်"

သူ့မွေးစားအဖေက မျောက်တစ်ကောင်လို ပေါ့ပါးစွာ ခုန်တက် လိုက်သည်။ "မင်းကို စောင့်နေတာကွ၊ အတော်ပဲ"

"ဦးလေးလည်း သွားမလို့လား"

"ဒါပေါ့ကွ၊ မင်းအဖေရဲ့ငွေတွေကို မြေကြီးထဲ ဘယ်လိုမြုပ်ပစ် သလဲ ဆိုတာ ကြည့်ရအောင်လေ"

ဖိုးမာက တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ ဘာမျှမပြော။

"ဘာကြည့်တာလဲကွ၊ မင်းလည်း ဘုရားဒကာ ကျောင်းဒကာ ကြီး ဖြစ်တော့မှာ မဟုတ်လား"

"ဘာကို ဆိုလိုတာလဲ ဦးလေး"

"လူအိုရုံ ဆောက်လုပ်ရေး အဖွဲ့ဝင်လူကြီးအဖြစ် မင်းကို ရွေး ကောက်လိုက်တယ်လို့ ဒီနေ့မနက်သတင်းစာထဲမှာ ပါတယ်။ ပရဟိတ အသင်းမှာလည်း ဂုဏ်ထူးဆောင်အသင်းသားတဲ့။ မင်း ဂုဏ်ထူးဆောင် အသင်းသားက မင်းအိတ်ထဲက ငွေတွေကို နှိုက်ယူမယ့် အသင်းသားမျိုး ပေါ့ကွာ"

သူ့မွေးစားအဖေက သက်ပြင်းချသည်။

"ဒါလောက်နဲ့တော့ ကျွန်တော် သူတောင်းစား ဖြစ်မသွားပါ ဘူး ဦးလေး"

"ဒါတော့ ငါမပြောနိုင်ဘူး။ ငါပြောနိုင်တာ တစ်ခုတော့ ရှိ တယ်။ ပရဟိတအလုပ်ဆိုတာ လူမိုက်တွေလုပ်တဲ့ အလုပ်ပဲလို့ ဦးလေး ထင်တယ်။ အလုပ်လို့တောင် မပြောချင်ဘူး။ အချိန်ဖြုန်းတဲ့ နည်းတစ် နည်းလို့ ဦးလေး ပြောချင်တယ်"

"ဒါဖြင့် လူတွေကို ကူညီတာဟာ မကောင်းဘူးလို့ ဆိုချင် သလား" ဖိုးမာက မကျေမနပ်ဖြင့်မေးသည်။

"မင်း တော်တော် ခက်ဦးမယ့် ကောင်ပဲ၊ ဦးလေးဆီကို လာပါ၊ ဦးလေးက မင်းကို မျက်စိဖွင့်ပေးမယ်။ မင်းမှာ ရှေ့ဆောင်လမ်းပြလိုနေ တယ်။ ဘယ့်နှယ်လဲ လာမယ် မဟုတ်လား"

"လာပါ့မယ်"

"ဟုတ်ပြီ၊ ခုလောလောဆယ်တော့ ငါတစ်ခုပြောထားမယ်။ အုတ်မြစ်ချပွဲ အခမ်းအနားကျရင် ခေါင်းမော့ ရင်ကော့ပြီး ခံ့ခံ့ညားညား နေပါ။ သူများနောက်မှာ ကုပ်ကုပ်ကလေး ပုန်းမနေနဲ့။ လူအများမြင် လောက်တဲ့ နေရာမှာနေ"

"ကျွန်တော်က ဘာဖြစ်လို့ ပုန်းနေမှာလဲ"

"မင်းက ခပ်ကုပ်ကုပ် နေချင်တယ် မဟုတ်လား။ ဒီပွဲဟာ မင်းပွဲ ပဲ၊ လူအိုရုံကို မတည်ငွေတစ်သိန်းထည့်ခဲ့တာ မင်းအဖေက ထည့်ခဲ့တာ၊ ဒီတော့ မင်းက အမွေစားအမွေခံပီပီ ဂုဏ်ယူတတ်ဖို့လိုတယ်။ ဂုဏ်ရှိတာ ဟာလဲ ငွေရှိတာနဲ့ အတူတူပဲ၊ ကုန်သည်ပွဲစားတစ်ယောက်ဟာ ဂုဏ် ကလေးရှိထားရင် ဘယ်နေရာ သွားသွား ငွေချေးလို့ရတယ်။ အကြွေးယူ လို့ရတယ်။ သူ့အတွက် လူတိုင်းက တံခါးဖွင့်ထားတယ်။ဒါကြောင့် ဟို ရောက်လို့ ထိုင်ရင် အများမြင်ရတဲ့ ရှေ့ဆုံးနေရာက ထိုင်ရတယ်။ ဒီလို နေရာမျိုး ထိုင်မိရင် ကိုယ်က တစ်ပဲဖိုး လျှူဦး တစ်ကျပ်ဖိုးလောက် ပြန်ပြီး အကျိုးရှိတယ်။ ဘယ်တော့မှ လူတကာ နောက်မှာ သွားမထိုင်နဲ့"

အခမ်းအနားသို့ ဖိုးမာ ရောက်သည့်အခါတွင် မြို့မိမြို့ဖတွေ စုံနေပြီ။ အလုပ်သမားတချို့က အုတ်ခဲများ၊ သစ်များ၊ သဲများကို ပုံနေကြ သည်။ ကျောင်းထိုင် ဆရာတော်၊ ခရိုင်ဝန်၊ ဒိစတြိတ်ကောင်စီဝင်များနှင့် မြို့မိမြို့ဖတွေ လာကြသည်။ ဝတ်ကောင်းစားလှ ဝတ်ထားသည့် အမျိုး သမီးများလည်း လာကြသည်။

ပန်းရံဆရာနှစ်ယောက်က အုတ်မြစ်ချရန် အုတ်နှင့် အင်္ဂတေများကို အဆင်သင့် ပြင်ထားကြသည်။

သူ့မွေးစားအဖေက ဖိုးမာကို ဂုဏ်သရေရှိ မြို့မျက်နှာဖုံး လူသိုက်များဆီသို့ ခေါ်သွားသည်။

"ရှိုးတိုးရှန့်တန့် လုပ်မနေနဲ့၊ ခပ်တည်တည်နေ"

မွေးစားအဖေက လေသံကလေးဖြင့် ပြောသည်။

မွေးစားအဖေ မာယာခင်က ဆရာတော်ကြီးကို ဦးချသည်။ ခရိုင်ဝန်ကို နှုတ်ဆက်သည်။ ပရဟိတ အသင်းဥက္ကဋ္ဌ ဆွန်ယာကို နှုတ်ဆက်သည်။ သူ့အသံ ညှက်ညှက်ကလေးကို ကြားနေသည်။ ဂျင်လေးတစ်လုံးလို ပရိသတ်ထဲတွင် လည်ပတ်နေသည်။ တစ်မိနစ်အတွင်း တရားမတရားသူကြီးမင်း၊ အစိုးရ ရှေ့နေကြီး စသည့် သူ့စိတ်တွင် အရေးတကြီးထင်သော ပုဂ္ဂိုလ်မှန်သမျှကို နှုတ်ဆက်ပြီးနေပြီ။

မြို့မျက်နှာဖုံးဆိုသည့် လူသိုက်က သိပ်များသည်မဟုတ်။ မာယာခင်သည် ထိုလူသိုက်ကို လူစေ့အောင် နှုတ်ဆက်သည်။ ဖိုးမာကို ပရိသတ်အာရုံပြုအောင် ပွဲထုတ်သည်။

ဖိုးမာက သူ့နောက်တွင် ခေါင်းငိုက်စိုက်ဖြင့် လိုက်လာသည်။ သူ့မျက်လုံးများက အရာရှိကြီးများ ဝတ်ဆင်လာသည့် စလွယ်များ၊ တံဆိပ်များ၊ ဝတ်ကောင်းစားလှများကို တိတ်တခိုး ကြည့်သည်။

သူ့မွေးစားအဖေက ဖိုးမာ့လက်ကိုဆွဲကာ–

"ခရိုင်ဝန်မင်း၊ ဒါက ကျွန်တော့်မွေးစားသား ဖိုးမာလေ၊ ကွယ်လွန်သူ ဂေါ်ဒီယက်ရဲ့တစ်ဦးတည်းသော သား"

"အို ... ဟုတ်လား၊ တွေ့ရတာ ဝမ်းသာသကွယ်၊ မင်းအဖေဆုံးတာ စိတ်မကောင်းပါဘူးကွယ်"

ခရိုင်ဝန်မင်းက ဖိုးမာ၏လက်ကို ဆုပ်ထားသည်။ ဖိုးမာ၏စကားပြန်ကို စောင့်သည်။ ဖိုးမာက ဘာမျှပြန်မဖြေ။ ဤတွင် မာယာခင်ဘက်သို့ လှည့်၍ –

"မနေ့က ဒိစတြိတ်ကောင်စီ အစည်းအဝေးမှာ ခင်ဗျား ပြောတဲ့ မိန့်ခွန်းက တော်တော်ကောင်းတယ်။ ခက်တာက လူတွေဟာ တကယ်ဘာလိုနေတယ်ဆိုတာ ဒီပုဂ္ဂိုလ်တွေ မသိဘူး"

"ဒါတွင် ဘယ်ကမလဲ ခရိုင်ဝန်မင်းရဲ့၊ စာကြည့်တိုက်တွေဆောက်ရမယ်၊ ဘာလုပ်ရမယ်လို့သာ ပြောနေကြတာ၊ တကယ်ကျတော့

ဘယ်သူကမှ ပိုက်ဆံထွက်လာတာ မဟုတ်ဘူး။ မြို့သူမြို့သား ဆင်းရဲသားတွေ အိတ်ထဲက စိုက်ရမှာပဲ”

“ဟုတ်တယ်၊ ဟုတ်တယ်”

“သုရာမေရက်ကို ရှောင်နိုင်တာ ကောင်းတဲ့ကိစ္စပဲ၊ အရက်သောက်တယ်ဆိုတာ ဘယ်ကောင်းမလဲ၊ ကျွန်တော်လည်း မသောက် ဘူး။ ဒီပြင်လူ သောက်တာလည်း ကျွန်တော် အားမပေးဘူး။ ခုတော့ အရေးကြီးတာကို မလုပ်ဘူး။ တလွဲဆံပင်ကောင်းနေကြတယ်”

ခရိုင်ဝန်မင်းက တအင်းအင်း လိုက်သည်။

“ကျွန်တော့်သဘောက ဒီငွေတွေကို စာကြည့်တိုက် ဆောက်မယ့်အစား တခြား ဖွံ့ဖြိုးရေး လုပ်ငန်းတစ်ခု လုပ်ပါလား၊ ခပ်သေးသေးဆိုရင် လုံလောက်ပါတယ်။ မလောက်ရင်လည်း အစိုးရဆီ အကူအညီ တောင်းတန်တောင်းပေါ့။ အစိုးရက ပေးမှာပေါ့။ မြို့လည်း ပိုက်ဆံမကုန်ဘူး။ ငွေကုန်ရကျိုးလည်း နပ်တယ်”

“ဟုတ်တာပေါ့၊ မနေ့က အစည်းအဝေးမှာ လူငယ်တွေက ခင်ဗျားကို ဘာကြောင့် ဆူပူအော်ဟစ်နေကြတာလဲ”

“လူငယ်တွေ အလုပ်က ဆူပူဖို့ အော်ဟစ်ဖို့လေ၊ သူတို့မှာ ဒီ အလုပ်ပဲ ရှိတာ”

ဆွန်ယာက ဖိုးမာကို လာနှုတ်ဆက်သည်။

“မောင်လေးအစား မမ စိတ်မကောင်းလိုက်တာကွယ်”

ဆွန်ယာက ပြောသည်။ သူ့အသံက တိုးတိတ်ညင်သာသည်။ သူ့စကားလုံးများသည် ဖိုးမာ့အတွက် အားဆေးသဖွယ် ဖြစ်နေသည်။

“မောင်လေး ငိုသံကြားရတာ မမရင်ထဲ ဘယ်လိုချည်း ဖြစ်သွားမှန်း မသိဘူး။ မောင်လေးကို ဒီလို အားပေးစကား ပြောရဲတာ မမက အဘွားကြီးဖြစ်နေလို့ ပြောရတာနော်”

“ဘယ်ကလာ အဘွားကြီးရမှာလဲ”

ဖိုးမာက တိုးတိုးပြောသည်။

“အဘွားကြီး မဟုတ်လို့ မမက ဘာလဲ”

ဆွန်ယာက ဖိုးမာမျက်နှာ စေ့စေ့ကြည့်နေသည်။ ဖိုးမာက ခေါင်းငုံ့ထားသည်။ စကားတစ်လုံးမျှ ထွက်မလာ။

“မမ ပြောတာ မယုံဘူးလား၊ မမက အဘွားကြီး မဟုတ်လား”

“မမကိုတော့ ယုံပါတယ်။ ဒါပေမယ့် ဟုတ်မှ မဟုတ်တာ”

ဖိုးမာက မရဲတရဲ ပြောသည်။

"ဘာ မဟုတ်တာလဲ၊ မောင်လေး မယုံတာကို ပြောတာလား"

"အို … မ … မဟုတ်ပါဘူး။ မမက အို … ကျွန်တော် မပြောတတ်ဘူး မမ၊ ကျွန်တော်က မမတို့လို ပညာတတ်တွေ မဟုတ်တော့ နားလည်အောင် မပြောတတ်ဘူး"

ဖိုးမာ မျက်နှာ နီရဲနေပြီ။

"ဒါ ရှက်စရာ မဟုတ်ပါဘူးကွယ်၊ မောင်လေးက ငယ်ငယ်ရှိသေးတာပဲ၊ ပညာသင်ပေးမယ်ဆိုရင် သင်နိုင်သေးတာပဲ။ ဒါပေမဲ့ တချို့လူတွေအဖို့တော့ ပညာမလိုပါဘူး။ ပညာသင်လိုက်ရင် လူတောင် ပျက်သွားသေးတယ်။ ပညာ မသင်ခင်တုန်းက နှလုံးသား ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ကလေးလို ချစ်စရာ ကောင်းတယ်။ ဟော … ပညာလည်းတတ်ရော အဲဒါတွေ အကုန် ပျောက်ကုန်တာပဲ။ မောင်လေးက ဒီလိုလူမျိုး မဟုတ်ဘူးလား မမ ပြောတာ"

ဖိုးမာ ဘယ်လိုဖြေရပါ့။

"ကျေးဇူးတင်ပါတယ် မမ"

ဖိုးမာက ဤမျှသာ ဖြေနိုင်သည်။ သူ့စကားများကြောင့် ဆွန်ယာ၏ မျက်လုံးများသည် ရွှင်မြူးတောက်ပလာကြသည်။ ဖိုးမာက သူ့ကိုယ်သူ မကျေနပ်။

"မမ ကျွန်တော့်အကြောင်းကို သိလောက် ရောပေါ့၊ ကျွန်တော်က စိတ်ထဲရှိတာကို စွတ်ပြောတတ်တယ်။ ဟန်မဆောင်တတ်ဘူး။ ရယ်စရာတွေ့ရင် ရယ်ပစ်လိုက်တာပဲ၊ ချုပ်တည်း မထားတတ်ဘူး"

"တော် … မောင်လေး၊ ဒီလိုမပြောပါနဲ့ကွယ်"

ဆွန်ယာက ညည်းသည်။ တွန့်ကြေနေသည့် အဝတ်အစားကို ပြင်ရင်း ဖိုးမာ၏လက်ကို မသိမသာထိသည်။ ဖိုးမာကသူ့လက်ကို သူ ငုံ့ကြည့်၍ ပြုံးသည်။

"အသင်းက ညစာ စားပွဲကို မောင်လေး လာမယ် မဟုတ်လား"

"လာပါ့မယ် မမ"

"မနက်ဖြန် မမအိမ်က အစည်းအဝေးကိုကော"

"လာမှာပေါ့ မမ"

"အထူး အကြောင်းကိစ္စ မရှိပေမယ့်လည်း မမတို့အိမ်ကို လာကောင်းပါတယ်ကွယ့်"

"ဟာ … မမကလည်း လာမှာပေါ့၊ မမက ဒီလို ဖိတ်တဲ့အတွက် ကျေးဇူးတင်လှပါပြီ"

"မောင်လေးက လာမယ်လို့ ကတိပေးတဲ့အတွက် မမက ကျေးဇူးတင်ရမှာပါ"

စကားပြတ်သွားကြသည်။ ဘုန်းတော်ကြီးက ရေစက်ချနေ သည်။

"ဤရိပ်မြုံသည် လေရေမီး စသည့် အန္တရာယ်တို့မှ ကင်းစေသတည်း။ ရိပ်မြုံတွင် မှီတင်းနေသူတို့သည်လည်း ဘေးရန်အပေါင်းမှ ကင်းစေသတည်း"

"မမတို့ ရှရှားလူမျိုးရဲ့ ဆုတောင်းတွေဟာ သိပ်အဓိပ္ပာယ်ရှိတယ်နော်၊ နော် မောင်လေး"

ဆွန်ယာက ပြောသည်။

"ဟုတ်ကဲ့ မမ" ဖိုးမာက ရောယောင် ဖြေသည်။

"ကျွန်တော်တို့ ကုန်သည် ပွဲစားတွေကတော့ ဒါမျိုးကို သိပ်ဝါသနာမပါဘူး ခရိုင်ဝန်မင်းရဲ့" မာယာခင်က အနီးတွင် ရှိသည့် ခရိုင်ဝန်ကို ခပ်တိုးတိုးပြောသည်။ "သူတို့က သတင်းစာတွေထဲ သူတို့နာမည်ပါချင်ကြတယ်။ အပေါ်ယံလောက်သာ ကြည့်ကြတယ်။ နှိုက်နှိုက်ချွတ်ချွတ် မကြည့်ကြဘူး။ တကယ်က သူတို့တစ်တွေဟာ လောက ကောင်းကျိုးကို ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ ပကာသနအတွက် လုပ်နေကြတာပါ။ သူတို့က ဆွီဒင်နိုင်ငံကို အားကျပြီး ကိုယ့်နာမည်ကို သတင်းစာထဲပါအောင်လုပ်နေကြတာ။ မနေ့က ဆွီဒင်ပြည်အကြောင်းပြောသွားတဲ့ ဆရာဝန်ကို ကြည့်ပါလား။ ဆွီဒင်ပြည်မှာ သိပ်တိုးတက်နေတာပဲတဲ့။ လူတွေကလည်း စာတတ်ပေတတ်တွေတဲ့၊ ဆွီဒင်ပြည်မှာ လူတွေ ဘယ်လောက် စာတတ်သလဲ ဆိုတာကိုတော့ ကျွန်တော် မသိဘူး။ မီးခြစ်ကောင်းကောင်းနဲ့ လက်အိတ်ကောင်းကောင်း ထွက်တာပဲ ကျွန်တော်သိတယ်။ ဘာပဲဖြစ်ဖြစ်လေ ဆွီဒင်ကဆွီဒင်၊ ရှရှားက ရှရှားပဲ၊ အမေကျော်ဒွေးတော် လွမ်းစရာ မလိုပါဘူး။ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ လုပ်ရမှာပေါ့၊ သူတို့နည်းကို အတုခိုးစရာ မလိုပါဘူး"

ဘုန်းတော်ကြီးက ရေစက်ချနေသည်။ မပြီးသေး၊ မွေးစားအဖေက ရေစက်ချသည်ကို ဂရုမစိုက်နိုင်။ ဖိုးမာ အနားသို့ တိုးတိုးကပ်မေးသည်။

"မင်း ညစာစားပွဲကို သွားဦးမလား"

ဆွန်ယာ၏ ပျော့ပျောင်း နူးညံ့သည့်လက်က ဖိုးမာ့လက်ကို လာထိပြန်သည်။

ညစာစားပွဲ တက်ရသည်မှာ ဖိုးမာ့အတွက် ပင်ပန်းသည်။ အထက်တန်းလွှာ အသိုင်းအဝိုင်းကို ဖိုးမာ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သည်။ သူများတွေ အားရပါးရစားကြ သောက်ကြသော်လည်း ဖိုးမာ မစားနိုင်။

ဆွန်ယာနှင့် ဖိုးမာက စားပွဲတွင် မျက်နှာချင်းဆိုင် ကျနေသည်။ သူတို့ နှစ်ယောက်ကြားတွင် စားပွဲတစ်လုံးသာ ခြားနေသည်။ သို့ရာတွင် ဖိုးမာက စားပွဲခြားသည်ဟု မထင်။ တောင်ကြီးတစ်လုံးခြားနေသည်ဟု ထင်သည်။ သူ့ဘေးတွင် ပရဟိတအသင်း အတွင်းရေးမှူး ထိုင်သည်။ အတွင်းရေးမှူးက ခပ်ငယ်ငယ်၊ ရုံးတစ်ရုံးတွင် စာရေးလုပ်သည်။ နာမည်က ခပ်ဆန်းဆန်း၊ နာမည် ဆန်းသလောက် အသံကလည်း ခပ်ဆန်းဆန်း။ ညောင်နာနာ အသံမျိုး။ ခေါင်းလောင်းသံလိုလို ခပ်စူးစူး။ အသံကသာ ခေါင်းလောင်းသံနှင့် တူသည် မဟုတ်။ လူပုံကလည်း (ပုပုဝဝ၊ မျက်နှာပြဲပြဲ) ခေါင်းလောင်းတစ်လုံးနှင့် တူသည်။

"ဆွန်ယာလို အမျိုးသမီးတစ်ယောက်က ခု ဥက္ကဋ္ဌအဖြစ် လုပ်တော့ ကျွန်တော်တို့သတင်း ဂုဏ်ရှိတာပေါ့။ ဒီလို ဥက္ကဋ္ဌမျိုးရဲ့ ဂုဏ်သိက္ခာမျိုးနဲ့ လိုက်လျောအောင် ဘယ်လို ဂုဏ်ပြုရမလဲတောင် မသိဘူး။ တကယ်တော့ ကျွန်တော်တို့ အသင်းဟာ အများကောင်းကျိုးကို ဆောင်ရွက်တဲ့ အသင်းတစ်သင်းမျှသာ မကဘူးဗျ။ ကျွန်တော်တို့ရဲ့ ချစ်လှစွာသော ဥက္ကဋ္ဌကြီး ဆွန်ယာကို အလုပ်အကျွေးပြုတဲ့ အသင်းလည်း ဖြစ်တယ်။ မဟုတ်ဘူးလား ခင်ဗျာ"

သည်စကားများကို ဖိုးမာ နားမထောင်ချင်သည့်တိုင် နားထောင်နေရသည်။ ရာဇဝတ်ဝန်ကြီးနှင့် စကားကောင်းနေသည့် ဆွန်ယာ့ကို ငေးကြည့်နေသည်။ ခေါင်းတဆတ်ဆတ် ညိတ်နေရသော်လည်း ဖိုးမာ စိတ်ပျက်လှပြီ။ ညစာစားပွဲ မြန်မြန် ပြီးစေချင်လှပြီ။ လူတောထဲ တွင် အံမကျ ခွင်မကျ ခွကျတတ ဖြစ်နေသည်ဟု သူ့ကိုယ်သူ ထင် သည်။ မျက်လုံးများက သူ့ကို စိုက်ကြည့်နေကြသည်ဟု သူထင်သည်။

မာယာခင်က လက်ဟန်ခြေဟန်ဖြင့် အနားက ခရိုင်ဝန်ကို အာကျယ်အာကျယ် ပြောနေသည်။ မျက်နှာနီနီ၊ ဆံပင်ဖြူဖြူ၊ ကုပ်တိုတိုနှင့် ခရိုင်ဝန်က စားပွဲကို တဒေါက်ဒေါက်ခေါက်ရင်း နားထောင်သည်။ ရယ်သံတွေကြောင့် သူ့မွေးစားအဖေ မာယာခင်၏ စကားများကိုမူ ဖိုးမာ မကြားရ။

အသင်းအတွင်းရေးမှူးကလည်း အသံစူးစူးဖြင့် တတွတ်တွတ် ပြောနေသည်။

"ရေစက်ချပြီးတော့မယ်ဗျ။ ရေစက်ချလို့ပြီးတော့မယ်။ ခဏ နေရင် ခင်ဗျားအဖေအတွက် အမျှအတန်း ဝေတော့မယ်"

"ကျွန်တော် ပြန်လို့ မရသေးဘူးလား"

ဖိုးမာက ခပ်တိုးတိုး ပြောလိုက်သည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ဘုန်းတော်ကြီး၏ အမျှဝေသံ ပေါ်လာသည်။ ပရိသတ်များက တရားစာများကို တစ်လုံးချင်းပီပီသသကြီး ရွတ်နေသည့် ဘုန်းတော်ကြီး ၏ ပါးစပ်ကို ငေးကြည့်နေကြသည်။ ဖိုးမာသည် လူအလစ်တွင် ထပြန် ခဲ့သည်။

ရထားပေါ် ရောက်တော့မှ ဟင်းခနဲ သက်ပြင်းကြီး ချနိုင်တော့ သည်။ ဤအထက်တန်းလွှာ အသိုင်းအဝိုင်းသည် သူကျက်စားရာ ကျက် စားဖို့နေရာ မဟုတ်ကြောင်း ဖိုးမာ သဘောပေါက်ပြီ။ အထက်တန်းလွှာ အသိုင်းအဝိုင်းက လူတွေက ယဉ်ကျေးသိမ်မွေ့လွန်းသည်။ တောက်ပ ထိန်လက် လွန်းသည်။ သူတို့ တောက်ပထိန်လက်ပုံမျိုးကို ဖိုးမာ မကြိုက်။ သူတို့မျက်နှာထား၊ သူတို့အပြုံး၊ သူတို့စကားလုံးများကို ဖိုးမာ သဘောမတွေ့။ သို့ရာတွင် သူတို့က လွတ်လပ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသည်။ မည်သည့်အကြောင်းအရာမျိုးကိုမဆို ပြောနိုင် သည်။ အဝတ်အစားက သပ်ရပ်သန့်ရှင်းသည်။ သည်အရာတွေကိုတော့ ဖိုးမာသဘောကျသည်။ အထင်ကြီးသည်။ သူတို့အထဲသို့ဝင်၍ စကား မပြောနိုင်သဖြင့် ဖိုးမာ ဝမ်းနည်းသည်။ လူရာမဝင်သဖြင့် လျှာဘာက ပြောင်တတ်သည်။

လျှာဘာက သူ့မွေးစားအဖေ မာယာခင်၏သမီး ဖြစ်သည်။ သူ့အဖေ မသေခင်တုန်းက သူ့ကို လျှာဘာနှင့် ပေးစားမည်ဟု ပြောခဲ့ဖူး ကတည်းက ဖိုးမာ လျှာဘာကို ဘဝင်မကျချင်တော့။ ထို့ကြောင့် လျှာဘာ ကို မတွေ့အောင်ရှောင်သည်။ သို့ရာတွင် အဖေသေပြီးကတည်းက မာ ယာခင် နေ့တိုင်း အိမ်သို့ ရောက်နေတတ်သည်။

"နင့်ကြည့်ရတာက ကုန်သည်ပွဲစားရဲ့သားနဲ့ မတူဘူး"

တစ်ခါက လျှာဘာက ပြောဖူးသည်။

"နင်ကကော ကုန်သည်ပွဲစားရဲ့ သမီးနဲ့ တူလို့လား"

ဖိုးမာက ပြန်ငေါ့လိုက်သည်။

"နင် ဒီလိုပြောတော့ ငါ ဝမ်းသာတယ်"

လျှုဘာက လွှတ်ခနဲ ပြောသည်။ သူ့မျက်နှာက ဝင်းထိန်နေသည်။

"ဘာဖြစ်လို့ ဝမ်းသာတာလဲ"

"တို့အဖေတွေနဲ့ မတူလို့ ဝမ်းသာတာပေါ့"

ဖိုးမာက လျှုဘာကို တအံ့တသြ ကြည့်သည်။

"ငါ့ကို မှန်မှန်ပြောစမ်း၊ နင် တို့အဖေကို သိပ်မကြိုက်ဖူး မဟုတ်လား"

လျှုဘာက လေသံဖြင့် မေးသည်။

"ဟုတ်တယ်၊ သိပ်မကြိုက်ဘူး"

"ငါလည်း မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"အကြောင်းတွေ အများကြီးပဲ၊ နောက်တော့ နင်သိလာ လိမ့်မယ်။ ငါ့အဖေ စာရင် နင့်အဖေကမှ တော်သေးတယ်"

"ဟုတ်တယ်၊ ငါ့အဖေက တော်သေးတယ်"

ဖိုးမာက ဂုဏ်ယူသည်။

သည့်နောက်တွင် သူတို့နှစ်ယောက် ပလဲနံပ သင့်သွားကြ သည်။ ရင်းနှီးလာခဲ့ကြသည်။

လျှုဘာက ဖိုးမာနှင့် အသက်မတိမ်းမယိမ်းလောက် ရှိသည်။ သို့ရာတွင် ဖိုးမာကို 'ချာတိတ်' တစ်ယောက်လို ဆက်ဆံတတ်သည်။ စကားပြောလျှင် လူကြီးသူကြီးလေသံဖြင့် ပြောတတ်သည်။ ဖိုးမာ တစ်ခါမျှ မကြားဖူးသော စကားလုံးများကို သုံးတတ်သည်။ သူ့အစ်ကို တာရာ့အကြောင်းကို ပြောလျှင် မောရမှန်းပင် မသိ။

လျှုဘာ့အစ်ကို တာရာ အိမ်မှ ပျောက်သွားသည်မှာ ကြာပြီ။ နောက်ထပ် တစ်ခါမျှ မတွေ့ကြတော့။ လျှုဘာပြောသည့် စကားများကြောင့် တာရာသည် ဖိုးမာ့ မျက်စိထဲတွင် သူရဲကောင်းကြီး ဖြစ်နေသည်။ အရီး၏ ပုံပြင်ထဲက လူစွမ်းကောင်း တောပုန်းကြီးနှင့်တူသည်။

"နင်လည်း တစ်နေ့ကျရင် တို့အဖေလို ဘီလူးကြီး ဖြစ်လာမှာပါ"

သူ့အဖေအကြောင်းကို ပြောရင်း လျှုဘာက ဖိုးမာကို ပြောတတ်သည်။

သည်စကားမျိုး ပြောတိုင်း လျူဘာ၏အသံက စိတ်ပျက်သံ ပေါက်နေသည်။ သို့ရာတွင် တစ်ခါတစ်ရံတွင်မူ လျူဘာက ပွင့်လင်း သည်။ ချစ်စရာစကားတွေကို ပြောတတ်သည်။ ထိုအခါမျိုး၌ ဖိုးမာက လည်း သူ့ရင်ကိုဖွင့်သည်။ ရင်ထဲရှိသမျှကို ထုတ်ပြသည်။ မကြာမကြာ သူတို့နှစ်ယောက် စကားလက်ဆုံကျတတ်ကြသည်။တစ်ယောက်ခံစား ချက်ကို တစ်ယောက် ဖွင့်ပြောတတ်ကြသည်။

စကားပြောလျှင် တော်တော်နှင့် မပြီးနိုင်ကြတော့။ သို့ရာတွင် လျူဘာ၏ စိတ်ကူးများကို ဖိုးမာ လက်မခံနိုင်။ လျူဘာ့စိတ်ကူးများ သည် လျူဘာကို ဒုက္ခဖြစ်စေမည့် စိတ်ကူးများဖြစ်သည်ဟု ဖိုးမာ ထင် သည်။ သူက စကားပြောလျှင် ပြေပြေပြစ်ပြစ်မရှိ။ စီကာပတ်ကုံး မပြော တတ်။ သူပြောသည့် စကားများကို လျူဘာက စိတ်ဝင်စားဟန်မတူ။ စကားပြောပြီးတိုင်း သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မကျေမလည်ဖြစ်ကြရသည်။ သူတို့နှစ်ယောက်ကြားတွင် မမြင်ရသော တံတိုင်းကြီးတစ်ခု ကာဆီးနေသလို ထင်ရသည်။ ထိုတံတိုင်းကြီးကို သူတို့လက်နှင့် မတို့ရဲကြ။ ထိုတံတိုင်းကြီး ရှိသည်ဟုလည်း မသိကြ။ သို့ဖြင့် သူတို့နှစ်ယောက်သည် စကားတွေ ပြောကြသော်လည်း တစ် ယောက်ကို တစ်ယောက် နားမလည်။ သို့ရာတွင် သူတို့နှစ်ယောက်ကို နီးစပ်လာစေသည့် အရာတစ်ခုတော့ ရှိသည်ဟု ဝိုးတိုးဝါးတား သဘော ပေါက်လာကြသည်။ သို့ရာတွင် ဘာမှန်းမသိ။

ဖိုးမာသည် ညစာစားပွဲမှ ထကာ သူ့မွေးစားအဖေ့အိမ်သို့ လာ ခဲ့သည်။ အိမ်တွင် လျူဘာတစ်ယောက်တည်း ရှိသည်။ လျူဘာကို ကြည့်ရသည်မှာ နေကောင်းဟန်မတူ။ မျက်ကွင်းများက ညိုနေသည်။ အဖျားသွေးတက်သလို မျက်လုံးများက တောက်နေကြသည်။

“နင်လာတာ ငါ ဝမ်းသာတယ်ဟယ်။ ငါတစ်ယောက်တည်း ပျင်းနေတာ၊ အပြင်လည်း မသွားချင်ဘူး။ လက်ဖက်ရည် သောက် မလား”

လျူဘာ၏မျက်နှာက ပြုံးနေသည်။ သိုးမွေးဆွယ်တာကို အောက် သို့ ဆွဲဆန့်သည်။

“ဘာဖြစ်လို့လဲ၊ နင် နေမကောင်းဘူးလား”

လျူဘာက သူ့မေးခွန်းကို မဖြေ။

“ထမင်းစားခန်းထဲ သွားနှင့်၊ ငါလက်ဖက်ရည်အိုး အတည်ခိုင်း လိုက်ဦးမယ်”

ထမင်းစားခန်း ပြတင်းပေါက်မှကြည့်လျှင် ခြံထဲကို လှမ်းမြင်ရသည်။ ပြတင်းပေါက်နားတွင် ဘဲဥစားပွဲတစ်လုံး၊ သားရေတပ် ကုလားထိုင်များရှိသည်။ နံရံက တိုင်ကပ်နာရီကြီးက တစ်ချက်ချက် မြည်နေသည်။ အခန်းထောင့်တွင် ငွေထည် ပစ္စည်းတွေ ထည့်ထားသည့် အလှပြဗီရိုတစ်လုံး ကပ်ထားသည်။

"ညစာစားပွဲက ပြန်လာတာလား"

လျူဘာက အခန်းထဲသို့ဝင်လာရင်း မေးသည်။ ဖိုးမာက ခေါင်းညိတ်ပြသည်။

"ဘယ်နှယ့်လဲ၊ တော်တော် ခမ်းနားရဲ့လား"

"သိပ်ခမ်းနားတယ်။ ငါတစ်ယောက်တည်း မနေတတ် မထိုင်တတ်နဲ့ ဥဒေါင်းတို့ အလယ်ရောက်တဲ့ ကျီးကန်းလိုပဲ"

လျူဘာက ဘာမျှမပြော။ လက်ဖက်ရည်ပန်းကန်ကို ချပေးနေသည်။

"နင့်ကြည့်ရတာ မျက်နှာမကောင်းဘူး။ ဘာဖြစ်လို့လဲ"

ဖိုးမာက ခပ်ညှိုးညှိုးဖြစ်နေသည့် လျူဘာကို ကြည့်သည်။

"စာအုပ်တစ်အုပ် ငါဖတ်နေတယ်။ ခုလေးတွင် ပြီးသွားတယ်။ သိပ်ကောင်းတာပဲဟာ နင်နားလည်ရင် သိပ်ဟန်ကျမှာပဲ"

လျူဘာ၏အသံက ကြည်နူးခြင်းတစ်ဝက် စိတ်မကောင်းခြင်းတစ်ဝက် ဖြစ်နေသည့် အသံမျိုးဖြစ်သည်။

"နင် ဒီလောက်တောင် ညွှန်းပုံထောက်တော့ စာအုပ်က တော်တော့ကို ကောင်းပုံရတယ်"

ဖိုးမာက ရယ်သည်။

"ငါ မနေ့ညက တစ်ညလုံး ဖတ်ပစ်လိုက်တယ်။ တစ်ရေးမှ မအိပ်ဘူး၊ ဒီလို စာအုပ်မျိုး ဖတ်လိုက်ရတာ ရင်ထဲကို လင်းသွားတာပဲ။ ကမ္ဘာသစ်ကြီးတစ်ခု ရောက်သွားသလိုတောင် ထင်မိတယ်။ လူတွေကလည်း ထူးခြားနေတယ်။ သူတို့ပြောတဲ့ စကားတွေကလည်း ထူးခြားနေတယ်။ အို ... အကုန်လုံးထူးခြားနေတယ်။ တကယ်တော့ လူ့ဘဝဟာလည်း ထူးခြားတာပဲ မဟုတ်ဘူးလား ဖိုးမာ"

"ငါတော့ နင်ဖတ်တဲ့စာအုပ်မျိုးတွေကို မကြိုက်ဘူး။ ကြံဖန်ရေးထားတာ၊ စာဖတ်သူတွေကို အရူးလုပ်နေတာ၊ ဇာတ်ပွဲများလိုပေါ့၊ မဟုတ်တာကို အဟုတ်ထင်အောင် လုပ်ထားတာ၊ ကုန်သည်ပွဲစားတွေကို ဦးနှောက်မရှိတဲ့ လူတွေအဖြစ် ရေးထားတာ၊ ကုန်သည်ပွဲစားတွေဟာ

သူတို့ပြောသလိုကော တကယ် ဟုတ်သလား၊ မဟုတ်ပါဘူး။ မယုံရင် နင့်အဖေကိုပဲ ကြည့်ပေါ့”

“ဇာတ်ပွဲဆိုတာ ကျောင်းတစ်ကျောင်းနဲ့ အတူတူပါပဲ ဖိုးမာ၊ အဲဒီလို ကုန်သည်ပွဲစားတွေ တစ်ခါက ရှိခဲ့ဖူးလို့ သရုပ်ပါအောင် လုပ်နိုင်တာပေါ့၊ စာအုပ်တစ်အုပ်က နင့်ကိုတော့ အရူးဖြစ်အောင် မလုပ်ပါဘူးဟယ်”

“စာအုပ်ကလဲ ဒဏ္ဍာရီပုံပြင်တွေလိုပေါ့ဟ၊ တကယ်မှ မဟုတ်တာ”

“နင်မှ စာအုပ်တွေ မဖတ်ဖူးတာ အရမ်းမပြောပါနဲ့။ စာအုပ်ထဲ ရေးထားတာတွေကမှ တကယ့်ဟာတွေ၊ လူတွေ ဘယ်လိုနေထိုင်ရမယ် ဆိုတာကို စာအုပ်တွေက သင်ပေးနေတာ”

ဖိုးမာက လက်ကို ဝှေ့ယမ်းလိုက်သည်။

“နင့် စာအုပ်တွေကြောင်း တော်စမ်းပါ၊ တကယ်တော့ ဒီစာအုပ်တွေဟာ ဘာကိုမှ သင်ပေးနိုင်တာ မဟုတ်ပါဘူး။ နင့်အဖေ ကြည့်ပါလား။ ဘယ်မှာ စာအုပ်တွေ ဖတ်ဖူးလို့လဲ၊ ဒါပေမဲ့ ဘယ်လောက် လာဘ်မြင်သလဲ။ ဘယ်လောက် ဉာဏ်ရှိသလဲ။ ဒီနေ့ သူ့မြင်ရတာ ငါတောင် မနာလို ဖြစ်မိသေးတယ်။ လူတွေနဲ့ ဆက်ဆံတဲ့နေရာမှာလည်း ချောလို့၊ ဘယ်နေရာရောက်ရောက် ဝင်ဆံ့တာပဲ။ ဘယ်နေရာမှာ ဘာစကားပြောရမယ်ဆိုတာ သိတယ်။ ဘယ်နေရာမှာ ဘာလုပ်ရမယ်ဆိုတာ သိတယ်။ သူလိုချင်တဲ့အရာကို ရောက်ရအောင် လုပ်တတ်တယ်”

“သူက ဘာလိုချင်ရမှာလဲ၊ သူလိုချင်တာရှိရင် ပိုက်ဆံပဲ နေမှာပေါ့၊ တချို့လူတွေက ငြိမ်းချမ်းပျော်ရွှင်မှုကို လိုချင်ကြတယ်။ လူတွေအတွက် ပျော်ရွှင်မှုကို ရှာကြတယ်။ လောကကြီးရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအတွက် ဘာမဆိုလုပ်ကြတယ်။ ကိုယ်ကျိုးစွန့်ကြတယ်။ အသက်ကိုတောင် စွန့်ကြတယ်။ငါ့အဖေက ဒီလိုလူတွေနဲ့ ဘာဆိုင်သလဲ။ ဒီလိုလူမျိုးလို့ နင် ပြောချင်သလား၊ ဒီလိုလူမျိုးတွေနဲ့ မနှိုင်းပါနဲ့”

“နှိုင်းစရာမလိုပါဘူး။ ဒီလိုလူမျိုးတွေက တစ်မျိုး၊ နင့်အဖေက တစ်မျိုးပဲ၊ တူမှမတူတာ”

“ဒီလိုလူမျိုးတွေဟာ ဘာကိုမှ လက်မခံဘူး”

“ဘာပြောတာလဲ”

“ကမ္ဘာကြီးကို ပြောင်းပစ်ချင်ကြတယ်”

"အကြောင်းရှိလို့ နေမှာပေါ့၊ သူတို့လိုချင်တာ တစ်ခုခုတော့ ရှိမှာပေါ့"

ဖိုးမာက ဝိုးတိုးဝါးတားဖြင့် ပြောသည်။

"သူတို့လိုချင်တာက ပျော်ရွှင်မှု၊ ချမ်းမြေ့မှု"

လျှူဘာက အားရပါးရ ပြောလိုက်သည်။ ဖိုးမာက ခေါင်းယမ်းသည်။

"ဒါတော့ ငါညဏ်မမီဘူး။ ငါ့မှာ ပျော်ရွှင်မှု မရှိတော့၊ ဘယ်သူက အရေးလုပ်မှာလဲ၊ ဘယ်အရာဟာ ငါ့ကို ပျော်ရွှင်စေလဲဆိုတာ ငါကိုယ်တိုင်မှ မသိတာ၊ သူတို့ကကော ဘယ်နှယ့်လုပ် သိနိုင်မှာလဲ။ ဒီနေ့ည ညစာစားပွဲ လာတဲ့လူတွေကို ကြည့်ပါလား။ သူတို့ဖာသာ သူတို့ ပျော်နေကြတာပဲ"

"သူတို့က လူတွေမှ မဟုတ်ဘဲ"

လျှူဘာက ပြတ်ပြတ်သားသား ပြောချလိုက်သည်။

"ဒါတော့ နင်ကြိုက်သလို သတ်မှတ်ပေါ့၊ ဒါပေမဲ့ သူတို့က တော့ လောကကြီးမှာ သူတို့နေရာ သူတို့သိတယ်။ တင်းတိမ်တယ်၊ ရောင့်ရဲတယ်"

"တော်ပါတော့ ဖိုးမာ၊ နင် ဘာမှ နားမလည်ပါဘူး။ နင်လည်း ဒီပုတ်ထဲက ဒီပဲပါပဲ၊ နင့်ပြောရတာ သိပ်လက်ဝင်တာပဲ"

"ဘာလဲ နင့်လို အမြင်မှန်မရသေးဘူးပေါ့ ဟုတ်လား"

"နင့်ခေါင်းထဲမှာ ဘာမှ မရှိဘူး။ ဟာလာဟင်းလင်းပဲ"

လျှူဘာ စိတ်မရှည်တော့။

"ငါ့ခေါင်းထဲမှာ ဘာမှ မရှိဘူးဆိုတာ နင် ဘယ်လိုလုပ်သိ သလဲ၊ ငါ့အတွေးတွေကို နင်သိလို့လား"

"အို ... နင့်မှာ ဘာမှလည်း တွေးစရာ မရှိပါဘူး"

လျှူဘာက ပခုံးတွန့်သည်။

"ငါ့မှာလည်း ငါ့အတွေးနဲ့ငါပေါ့၊ ငါက လောကကြီးမှာ တစ်ကောင်ကြွက်၊ ဒါပေမဲ့ ငါရှေ့လျှောက် လူလုပ်ရဦးမယ်။ အသက်ရှင်ရဦးမယ်၊ ဒီအတိုင်း ငါ ရောင့်ရဲမနေနိုင်ဘူး။ ငါ လူရယ်စရာ သတ္တဝါတစ်ယောက်၊ လူအထင်သေးစရာ သတ္တဝါတစ်ယောက် အဖြစ်မခံနိုင်ဘူး။ လူတွေနဲ့ မဆက်ဆံတတ်သေးဘူး၊ မစဉ်းစားတတ်သေးဘူး"

ဖိုးမာက မရယ်ချင့်ရယ်ချင် ရယ်သည်။

"ဒါဖြင့် စာဖတ်ပေါ့၊ လေ့လာပေါ့"

လျှာဘာက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"ငါ့ရင်ထဲမှာ လှုပ်ရှားနေတာတစ်ခု ရှိတယ်။ ဒါပေမဲ့ ဘာရယ်လို့တော့ ငါလည်း မပြောတတ်ဘူး။ နင့်အဖေပြောတဲ့ စကားတွေဟာ ကောင်းတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ငါ စိတ်မဝင်စားဘူး။ ငါ စိတ်ဝင်စားတဲ့လူ တချို့တော့ရှိတယ်"

ဖိုးမာက တစ်ယောက်တည်း ပြောသလို ပြောသည်။

"ဘယ်သူတွေလဲ၊ မင်းစိုးရာဇာတွေလား"

"ဟုတ်တယ်"

"နင်က အဲဒီ အတန်းအစားထဲမှာ ဝင်ဆံ့ချင်နေတာကိုး၊ နင့်အစား ငါရှက်တယ်။ နင်က သူတို့ကို လူလိုသတ်မှတ်သလား၊ အသည်းနှလုံး ရှိတယ်လို့ ထင်သလား"

"သူတို့အကြောင်း နင်ဘယ်လောက်သိလို့လဲ၊ နင် ဘယ်မှာတွေ့ဖူးလို့လဲ"

"စာအုပ်တွေထဲမှာ ငါဖတ်ဖူးတယ်"

အစေခံမိန်းမက လက်ဖက်ရည်ယူလာသဖြင့် စကားပြတ်သွားသည်။ လျှာဘာက စကားမပြောတော့။ လက်ဖက်ရည် ကျိုနေသည်။ ဖိုးမာက လျှာဘာကို ကြည့်ရာက ဆွန်ယာကို အမှတ်ရနေသည်။ ဆွန်ယာနှင့် သည်လိုစကားပြောချင်သည်။

"လောကကြီးမှာ နေရထိုင်ရတာ တစ်နေ့ထက်တစ်နေ့ ငါ တော့ စိတ်ညစ်လာပြီ။ နင်ပဲ စဉ်းစားကြည့်လေ၊ ငါ ဘာလုပ်ရမလဲ၊ အချိန်တန်တော့ ယောကျ်ားယူရမှာပဲ။ ဘယ်သူ့ကို ယူရမလဲ၊ ငါ့လို ကုန်သည်ပွဲစားထဲကပဲ ယူရမှာပဲ။ အချိန်ရှိသရွေ့ လူတွေကို သွေးစုပ်၊ အရက်သောက်၊ ဖဲရိုက်နေတဲ့ ကုန်သည်ပွဲစားတစ်ယောက်ကို ယူရမှာပဲ။ ငါ မယူချင်ဘဲ သူ့လိုကိုယ့်လို အညတြ မဖြစ်ချင်ဘူး။ အဓိပ္ပာယ်ရှိနေချင်တယ်။ ဒီတော့ ငါ စာဆက်သင်မလား။ အဖေက သင်ခွင့်ပြုမှာ မဟုတ်ဘူး။ ထွက်ပြေးမလား၊ ထွက်ပြေးလောက်အောင်လည်း သတ္တိမကောင်းဘူး၊ ငါ ဘာလုပ်ရမလဲ"

လျှာဘာက လက်ပိုက်၍ ခေါင်းငုံ့နေသည်။

"လူတွေကို ငါမုန်းတယ်၊ စက်ဆုပ်တယ်၊ လူတွေကို ကြည့်ရတာ အသေကောင်တွေလိုပဲ၊ ရှင်သန်မှုမရှိဘူး။ အလင်းရောင် မရှိတော့ဘူး။ အမေဆုံးပြီးကတည်းက အဖေကလည်း အိမ်ကို လူတွေ အလာမခံ

တော့ဘူး။ တချို့ ငါ့သူငယ်ချင်းတွေ စာဆက်သင်ကြတယ်။ တချို့က ငါ့ကို စာဖတ်ဖို့ တိုက်တွန်းကြတယ်။ ငါလည်း ဖတ်တယ်။ ဒါပေမဲ့ စာအုပ်တွေထဲမှာ ငါသိချင်တာတွေ မပါဘူး။ သူတို့ပြောတဲ့ ဟာတွေကို လည်း ငါနားမလည်ဘူး။ ငါတော့ သိပ်ငြီးငွေ့တာပဲ၊ ငြီးငွေ့တိုင်း စာဖတ်ရတော့တာပဲ။ ငါက စကားပြောဖော် လိုချင်တယ်။ ဒါပေမဲ့ စကားပြောဖော် မရှိဘူး။ လူ့ဘဝဆိုတာ တစ်သက်ပဲနေရတာ၊ အဲဒီနေရတဲ့တစ်သက်မှာ စကားပြောချင်တယ်။ ဒါပေမဲ့ ပြောစရာ လူမရှိဘူး။ ဒီတော့ ငါအသက်ရှင်နေရတာ ဘာအဓိပ္ပာယ်ရှိသေးလို့လဲ၊ အကျဉ်းထောင်ကြီး တစ်ခုထဲ နေရတာနဲ့ အတူတူပဲ"

ဖိုးမာက သူ့လက်ချောင်းများကို ငုံ့ကြည့်နေသည်။ လျှူဘာ ဤမျှ ခံစားနေရခြင်းကို သူနားမလည်နိုင်။ လျှူဘာက သူ့ခံစားချက်များ ကို ဖွင့်ပြောပြသည့်တိုင် သူခွဲဝေမခံစားတတ်၊ လျှူဘာ၏စကားကို ချေပလိုစိတ်သာ ပေါ်လာသည်။

"ကြည့်၊ စာအုပ်တွေဟာ ဘာမှ အသုံးမကျဘူးဆိုတာ နင်ကိုယ်တိုင် ဝန်ခံထားပြီ မဟုတ်လား၊ ဒါနဲ့တောင် ငါ့ကို စာအုပ်တွေ အဖတ်ခိုင်းနေရသေးသလား"

လျှူဘာက သူ့မျက်နှာကို လှမ်းကြည့်သည်။ ဖိုးမာကို စိတ်တိုလာသည်။

"နင် ငါ့လိုခံစားကြည့်ပါ။ ငါ့လို ညည အိပ်မပျော်ဘဲ နေကြည့်ပါ။ ငါ့လို ငြီးငွေ့စရာကောင်းတဲ့ဘဝမှာ နေကြည့်ပါ။ အို ... နင်လည်း ဘာမှ ကိုယ်ချင်းစာတတ်မှာ မဟုတ်ပါဘူး။ ငါ မုန်းတယ်၊ လူတွေ အားလုံးကို မုန်းတယ်၊ နင့်ကိုလည်း မုန်းတယ်"

လျှူဘာ၏မျက်နှာသည် နီရဲနေသည်။ လျှူဘာ၏ စကားများကြောင့် ဖိုးမာ အံ့အားသင့်နေသည်။ သူ့ကို ဤမျှလောက် ပြင်းပြင်းထန်ထန် တစ်ခါမျှ မပြောဖူးခဲ့။

"ဘာဖြစ်တာလဲ လျှူဘာ"

"နင့်ကိုလည်း မုန်းတယ်။ နင်ဟာ ဘာမှ သိတဲ့ကောင် မဟုတ်ဘူး၊ နင်က လူတစ်လုံး သူတစ်လုံး လုပ်တော့မယ်ဆိုတော့ နင်က သူများကို ပေးစရာ ဘာများရှိလို့လဲ"

"ငါက ဘာပေးစရာလိုသလဲ၊ ကိုယ့်ဖာသာကိုယ် ရှာယူကြ ပေါ့၊ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ တဲ့"

ဖိုးမာ၏ စကားများသည် သူ့ဒေါသကို ဆွပေးသလို ဖြစ်နေသည်။

လျူဘာ၏ စကားများက ပြင်းထန်လွန်းသည်။ ဖိုးမာ နားမထောင်ဘဲမနေနိုင်။ လျူဘာ့ စကားများထဲတွင် အဓိပ္ပာယ်ရှိသည့်စကားများ ပါသည်ဟု သူထင်သည်။ ထို့ကြောင့် ကုလားထိုင်ကို ရှေ့တိုးကာ ဖိုးမာ စိတ်ဝင်တစား နားထောင်သည်။ သို့ရာတွင် လျူဘာက နောက်ထပ် မပြောတော့။

အပြင်တွင် အလင်းရောင် ဝိုးတဝါး ကျန်နေသေးသည်။ နေရောင်ခြည် အကြွင်းအကျန်များသည် ပြတင်းပေါက်အနီးက သံပရာပင်ကိုင်းများပေါ်တွင် လာနားခိုနေကြသည်။ အခန်းထဲတွင် အမှောင်သန်းစပြုနေပြီ။ အခန်းထဲတွင် တိုင်ကပ်နာရီ၏ တစ်ချက်ချက် မြည်သံသာ ကြီးစိုးနေသည်။

လျူဘာက မှန်အိမ်ကို ထွန်းသည်။ မီးရောင်တွင် လျူဘာ၏ မျက်နှာက ဖြူဖျော့နေသည်။ ချုံးကျနေသည်။

"နင်က ငါ့ကို တရားဦး ဟောပေမယ့် နင် ပြောတာတွေ ငါဘာမှ နားမလည်ဘူး"

"တော်ပြီ၊ နင်နဲ့ငါ စကားမပြောချင်ဘူး"

လျူဘာက စိတ်ကောက်သည်။

"အလို၊ နင့်ကို ငါဘာလုပ်လို့လဲ"

"ငါ့ဘဝကို နင်မမြင်ဘူးလား၊ ငါစိတ်ညစ်တယ်။ ငါ့ဘဝက အဖေ့အပေါ်မှာ မှီခိုနေရတဲ့ဘဝ၊ ငါ့ကို အိမ်ခေါင်းထဲမှာပဲ သွင်းထား တယ်။ နောက် ယောကျ်ားရတော့လည်း အိမ်ခေါင်းထဲမှာ နေရဦးမှာပဲ၊ ဒီလိုနဲ့ သေသွားရမှာပဲ"

"အဲဒါ ငါနဲ့ ဘာဆိုင်သလဲ" ဖိုးမာက မေးသည်။

"နင်လည်း ဒီပြင်လူတွေနဲ့ အတူတူပါပဲ"

"ငါ့ကို ဘာဖြစ်လို့ အပြစ်တင်နေရတာလဲ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"တကယ်က နင်ဟာ ဒီပြင်လူတွေထက် အမြင်ကျယ်ဖို့ ကောင်းတယ်"

အပြင်ဘက် တံခါးခေါင်းလောင်းသံ ပေါ်လာသည်။ လျူဘာက ကုလားထိုင်တွင် ပြန်ထိုင်ရင်း –

"အဖေ ပြန်လာပြီထင်တယ်"

"အဘိုးကြီးကလည်း အစောကြီး ပြန်လာတယ်။ ငါက နင်တရား ဦးဟောတာ နားထောင်ချင်သေးတာ"

မာယာခင်က အခန်းထဲသို့ ဝင်လာသည်။

"အမယ် ဘာတွေများ စကားကောင်းနေကြတာလဲ၊ လက်ဖက်ရည် သောက်ပြီးကြပလား။ အဖေ့လည်း တစ်ခွက်ပေးစမ်း"

မာယာခင်က ဖိုးမာ အနီးက ကုလားထိုင်တွင် ဝင်ထိုင်ပြီး လက်နှစ်ဖက်ကို ပွတ်နေသည်။

"ဆိုစမ်း၊ ဘာတွေများ တွတ်ထိုးနေကြတာလဲ"

မာယာခင်က ဖိုးမာကို မေးသည်။

"ဘာမှ မဟုတ်ပါဘူး အဖေ"

"နင့် မေးတာ မဟုတ်ပါဘူး။ ကိုယ်လုပ်စရာရှိတာ လုပ်၊ ဝင်ပြီး လျှာမရှည်နဲ့"

မာယာခင်က မျက်နှာထားဖြင့် ငေါက်သည်။

"ညစာ စားပွဲအကြောင်းကို ပြန်ပြောနေတာပါ ဦးလေး"

"အေး၊ ဒီလိုဆိုရင် ငါကလည်း ညစာစားပွဲအကြောင်းကိုပဲ ထပ်ပြောရဦးမယ်။ ညစာစားပွဲ တစ်ချိန်လုံး မင်းကို ငါစောင့်ကြည့်နေတယ် ဖိုးမာ၊ မင်း လုပ်ပုံ မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ ဦးလေး"

"မဟုတ်လို့ မဟုတ်ဘူး ပြောတာပေါ့၊ ခရိုင်ဝန်က မင်းကို လှမ်း စကားပြောတော့ တစ်လုံးမှ ပြန်မပြောဘူး။ ငုတ်တုတ်ကြီး ထိုင်နေတယ်။ ပါးစပ်မပါတဲ့ အတိုင်းပဲ"

"ပြောစရာမှမရှိဘဲ ဦးလေးရဲ့၊ သူက မင်းအဖေဆုံးတာ စိတ်မကောင်းစရာဘဲတဲ့၊ ဒါတော့သူပြောမှလား၊ ကျွန်တော် သိသားပဲ"

"သြော် ... အလိုက်အထိုက် ပြန်ပြောရတာပေါ့ကွ၊ ဒါဟာ ဘုရားအလိုတော်ကျပဲ ဘာပဲ စသဖြင့်ပေါ့၊ လူကြီးဆိုတာ တည်ငြိမ်တဲ့ လူမျိုးကိုမှ သဘောကျတာ"

"ဒီလိုဆို သူ့ကို ကျွန်တော် သိုးကလေးကို ငြိမ်ငြိမ်ကလေး ကြည့်နေရမှာလား"

ဖိုးမာက ရယ်သည်။

"ဒီလိုရယ်လို့လည်း မဟုတ်ပါဘူး။ သိုးနဲ့တူတာကတော့ ခုက တည်းက တူနေပါပြီ။ ငါ ပြောတာက သိုးလို နေရမယ်လို့လည်း ပြောတာ မဟုတ်ဘူး။ ဝံပုလွေကို ကျင့်ရမယ်လို့လည်း ပြောတာ မဟုတ်ဘူး။

‘ဦးကို အဖေအရင်းလို သဘောထားပါတယ်။ ကျွန်တော့်ကိုလည်း သား လို သဘောထားပါ’ စသဖြင့် ပြောရတယ်။ ဒါမျိုးဆို အရည်ပျော်ကျတာ ပေါ့”

“ဘာဖြစ်လို့ အရည်ပျော်ကျရမှာလဲ ဦးလေး”

“ဟ ... အရေးရှိတော့ အကူအညီ ရတာပေါ့၊ ခရိုင်ဝန် တစ်ယောက်လုံးနဲ့ သိကျွမ်းထားရင် ကိုယ့်အတွက် တစ်နေ့ အသုံးကျတာ ပေါ့”

“အဖေကလည်း ဘာတွေ သင်ပေးနေတာလဲ”

လျှာဘာက မကျေမနပ်ဖြင့် ပြောသည်။

“ဘာတွေများ သင်နေလို့လဲ”

“ဖော်လံဖားတတ်အောင် သင်ပေးနေတာပေါ့”

“ဟဲ့ ... ကောင်မ တိတ်တိတ်နေစမ်း၊ ဒါ ဖော်လံဖားတာ မဟုတ်ဘူး၊ နည်းပရိယာယ်လို့ ခေါ်တယ်။ ပေါင်းသင်းဆက်ဆံရေးမှာ အရေးကြီးတယ်၊ သွား ဝင်မရှုပ်စမ်းနဲ့၊ စားစရာ တစ်ခုခု လုပ်ချည်စမ်း”

လျှာဘာက ခပ်သုတ်သုတ် ထွက်သွားသည်။ မာယာခင်က လျှာဘာကို မျက်လုံးမှေး၍ ကြည့်ရင်း စားပွဲကို လက်ချောင်းများဖြင့် ခေါက်နေသည်။

“မင်းကို ဦးလေး သင်ခန်းစာတွေ ပေးနေတာ ဖိုးမာ၊ သင်ခန်း စာတွေ ပေးနေတာ၊ ငါ ပြောတာတွေဟာ ဘဝအဘိဓမ္မာတွေ၊ ဒါတွေကို လိုက်နာကျင့်သုံးရင် မမှားဘူး။ အကျိုးရှိတယ်”

ဖိုးမာက သူ့မွေးစားအဖေ့ နဖူးပြင်တွင် လှုပ်ရှားနေသည့် အရေတွန့်များကို ငေးကြည့်နေသည်။

“တစ်၊ မင်းဟာ လူ့လောကကြီးထဲမှာနေရင် မင်းပတ်ဝန်းကျင် ကို မင်း နားလည်ထားရမယ်။ ဒီလို သိမြင်ထားခြင်းအားဖြင့် ကိုယ်ဒုက္ခ မတွေ့နိုင်ဘူး။ သူများလည်း ဒုက္ခမဖြစ်နိုင်ဘူး။ မှတ်ထား၊ လူတစ် ယောက်မှာ အမြဲတမ်း ဘက်နှစ်ဘက်ရှိတယ်။ တစ်ဘက်က သူ့ရဲ့အပေါ် ယံ သဏ္ဍာန်၊ တစ်ဘက်က သူ့ရဲ့အတွင်းသန္တာန်၊ အပေါ်ယံသဏ္ဍာန်ကို လူ တိုင်းမြင်နိုင်တယ်။ ဒါပေမဲ့ အပေါ်ယံသဏ္ဍာန်ဟာ သူ့ရဲ့တကယ့် ဇာတိ မဟုတ်ဘူး။ အတွင်းသန္တာန်ကသာ သူ့ရဲ့ တကယ့်ဇာတိ။ ဒီတော့ လူတွေကို နားလည်ချင်ရင် လူ့အကြောင်းသိချင်ရင် လူတွေရဲ့ အတွင်း သန္တာန်ကို မြင်တတ်ရမယ်။ ကြည့်တတ်ရမယ်။ ဥပမာ တချို့လူချမ်းသာ တွေက လူအိုရုံတွေ ဆောက်နေကြတယ်၊ ဇရပ်တွေ ဆောက်တယ်၊

တခြား ပရဟိတ လုပ်ငန်းတွေ လုပ်နေကြတယ်။ ဒါတွေရဲ့ အဓိပ္ပာယ်က ဘာလဲ၊ မင်း သိသလား"

"ဘာ မသိစရာရှိသလဲ ဦးလေး၊ ကလေးက အစ သိတာပဲ။ ဒါတွေဟာ မရှိဆင်းရဲသားတွေအတွက်ပဲ မဟုတ်ဘူးလား"

ဖိုးမာက စိတ်ပျက်လက်ပျက် ပြောသည်။

"အေး၊ ဦးလေး ပြောချင်တာ ဒါပဲ၊ တစ်ခါတလေမှာ လူယုတ်မာ တစ်ယောက်ကိုပဲ လူတွေက ဘုရားဒကာကြီး၊ ကျောင်းဒကာကြီးလို့ ခေါ်နေကြတယ်။ အပေါ်ယံဆက်ဆံနေကြတယ်"

"ဦးလေး ဘာဆိုလိုချင်တာလဲ"

"ဒီအတိုင်းပဲ၊ လူအိုရုံတွေ၊ ဇရပ်တွေ၊ ပရဟိတလုပ်ငန်းတွေဟာ မရှိဆင်းရဲသားတွေ၊ သူတောင်းစားတွေအတွက်လို့ မင်းက ပြောသွားတယ်။ ဘုရားကြိုက်တဲ့ အလုပ်လို့ ပြောသွားတယ်။ ကောင်းပြီ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တို့ကို ကုသိုလ်ပြုအောင်၊ ဒါနပြုအောင်၊ ကတညုတ–ကတဝေဒီတရားတွေ ပွားများအောင် ဟောပြော တော်မူခဲ့တယ် မဟုတ်လား။ ခု လူချမ်းသာတွေက သူတောင်းစားတွေအတွက် လူအိုရုံတွေ၊ လူဆင်းရဲအသင်းရုံတွေ ဆောက်ပေးတော့ ဘာဖြစ်သလဲ၊ သူတောင်းစားတွေ မတောင်းရတော့ဘူး။ ခု ကြည့်၊ သူတောင်းစားတွေကို အတင်းဖမ်းပြီး သူဆင်းရဲအသင်းရုံတွေ ပို့တော့ လမ်းမပေါ်မှာ သူတောင်းစားတောင် မမြင်ရတော့ဘူး"

"ဒါမကောင်းဘူးလား"

ဖိုးမာက တအံ့တသြ မေးသည်။

"နေဦး၊ ငါပြောတာ ဆုံးအောင် နားထောင်ဦး၊ ခု သူတောင်းစားတွေကို ဖမ်းပြီး အသင်းရုံကိုပို့၊ ပို့ပြီးတော့ သူတို့ ထိန်းသိမ်းခတွေ စရိတ်ကျေအောင် အလုပ်လုပ်ခိုင်းဦးမယ်။ အပေါ်ယံကြည့်ရင်တော့ တို့တိုင်းပြည်မှာ သူတောင်းစား မရှိတော့ဘူး။ ဆင်းရဲတဲ့လူ မရှိတော့ဘူး။ တိုင်းသူပြည်သား အားလုံး ဝဝလင်လင် ပြည့်ပြည့်စုံစုံလို့ ထင်ရသပေါ့။ ဒါပေမဲ့ တကယ်ကျတော့ ဝလင်တာလည်း မဟုတ်ဘူး။ မပြည့်စုံလည်း မပြည့်စုံဘူး။ ဒီတော့ ခုပြောတဲ့ လူအိုရုံတွေ၊ သူဆင်းရဲအသင်းရုံတွေဟာ အမှန်တရားကို ဖုံးကွယ်ဖို့ လုပ်တာ မဟုတ်ဘူးလား"

ဖိုးမာ တွေသွားသည်။ သူ့မွေးစားအဖေ၏ စဉ်းစားပုံမှာ ယုတ္တိတန်သလို ဖြစ်နေသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့က ငွေအတွက် အလုပ်လုပ်နေကြတယ်။ ကျွန်တော်တို့မှာ ငွေတော့ရှိတယ် အာဏာမရှိဘူး ဆိုပါတော့"

"အဲဒါ သိပ်မှန်တာပေါ့၊ ဦးလေး ပြောနေတာ အဲဒါပေါ့" မာယာခင်က ပြောသည်။

"အဖေကော ဒါကို မသိဘူးလား၊ ဦးလေးကကော မပြောဘူးလား"

"အနှစ်နှစ်ဆယ်လုံးလုံး ပြောခဲ့တာပါဗျာ"

"အဖေက ဘာပြောသလဲ"

"အလကားပါကွာ၊ မင်းအဖေက ငါ့စကားကို နားဝင်တာမဟုတ်ပါဘူး။ မင်း အဖေက စိတ်သဘောထားတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ မစဉ်းစားဘူး။ ဒါကြောင့်မို့ ငွေတစ်သိန်း လှူခဲ့တာပေါ့။ ဘယ် လောက်နမြောစရာကောင်းသလဲ၊ နည်းတဲ့ငွေတွေ မဟုတ်ဘူး"

"ငွေက အရေးမကြီးဘူး ဦးလေး"

"ဟ ... ဘယ်နှယ့်ပြောပါလိမ့်၊ ကြီးပါသကော၊ ဒီငွေရဲ့ ဆယ်ပုံပုံတစ်ပုံလောက်ပဲ မင်းရှာကြည့်စမ်းပါဦး၊ အဲဒီတော့ အရေးကြီး မကြီး မင်း သိလာလိမ့်မယ်"

"အဖေတို့ စကားပြောပြီးရင် ထမင်းပွဲ ပြင်ပြီးပြီ"

လျှုဘာက တံခါးဝမှ လှမ်းပြောသည်။

လျှုဘာ ထမင်းပွဲပြင်သည်။ မာယာခင်က ဖိုးမာ ပခုံးကို ပုတ်၍ "ဦးလေး ပြောတာတွေကို စဉ်းစားပါဦး" ဟု ဆိုသည်။

ဖိုးမာက ပြုံး၍ခေါင်းညိတ်သည်။

သူ့မွေးစား အဖေသည် သူ့အဖေထက် စဉ်းစားဉာဏ်ရှိသည် ဟု ဖိုးမာ ထင်သည်။ သို့ရာတွင် အဖေ့လောက်တော့ မကောင်းဟု တစ် ဖက်က တွေးမိပြန်သည်။

***

(၅)

ဖိုးမာ စိတ်တွင် ဒွိဟ ဖြစ်နေသည်။

သူ့မွေးစားအဖေက သူ့အဖေထက် ဉာဏ်ရှိသည်။ သို့ရာတွင် သူ့အဖေလောက် မကောင်း။ ဤနှစ်ခုသည် သူ့ရင်ထဲတွင် ပဋိပက္ခ ဖြစ်နေသည်။

ဖိုးမာသည် သူ့မွေးစားအဖေ၏ ထင်မြင်ချက်များကို စိတ်ပါလက်ပါ နားထောင်သည်။ သို့ရာတွင် တစ်ခါ နားထောင်ပြီး မကြိုက်စရာ တစ်မျိုးပြီးတစ်မျိုး တိုးလာသည်။ တစ်ခါတစ်ရံတွင် သူ့မွေးစားအဖေကို ကြောက်လာသည်။ လူကိုပါ မုန်းလာသည်။ အထူးသဖြင့် သူ့မွေးစားအဖေ တစ်ခုခုကို ကျေနပ်လာသည့်အခါမျိုးတွင် သူ့မျက်နှာကြီးကိုပါ ရွံမုန်းလာသည်။ ရယ်သည့်အခါတွင် သူ့မျက်နှာပေါ်မှ အရေတွန့်များသည် ပို၍ အလုပ်လုပ်လာကြသည်။ အရေတွန့်တွေ လှုပ်ရှားလာ တိုင်း မျက်နှာထားကလည်း လိုက်ပြောင်းသည်။ သူ့နှုတ်ခမ်းတွေက ပါးသည်။ ခြောက်သွေ့နေသည်။ ရယ်လိုက်လျှင် သွားမည်းမည်းတွေ ပေါ်လာသည်။ မုတ်ဆိတ်မွေးတွေက မီးရောင်လို နီကျင်နေသည်။ ရယ် သံက သံချေးတက်နေသည့် ပတ္တာနှစ်ချပ်ကို ပွတ်သံနှင့်တူသည်။

တစ်ခါတစ်ရံ ဖိုးမာ စိတ်မထိန်းနိုင်။ သူ့မွေးစား အဖေကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမိသည်။ သို့ရာတွင် မာယာခင်က စိတ်မဆိုး။ ဖိုးမာ၏ ခြေလှမ်းတိုင်းကို စောင့်ကြည့်၍ သွန်သင်သည်။ သူ့ပွဲရုံလုပ်ငန်း

ကို လုံးဝပစ်ထားကာ ဖိုးမာ၏ သမ္မန်လုပ်ငန်း ကတ္တာူလုပ်ငန်းတို့ကို ဝင်၍ ကြီးကြပ်သည်။ ဖိုးမာပင် လုပ်စရာ မလိုတော့။

မာယာခင်က မြို့တွင် ဩဇာရှိသည်။ ဇော်လဂါမြစ်တရိုးတွင် အသိမိတ်ဆွေ ပေါသည်။ ထို့ကြောင့် ဖိုးမာ၏ လုပ်ငန်းသည် တရိပ်ရိပ် တက်လာသည်။ ဧကန္တ သူ့သမီးနှင့် ပေးစားဖို့ လုပ်နေခြင်းဖြစ်သည်ဟု ဖိုးမာ ထင်သည်။ ဤသို့ တွေးတောမိတိုင်း သူ့မွေးစား အဖေကို ဖိုးမာ မုန်းသထက် မုန်းလာသည်။

ဖိုးမာက လျူဘာကို သဘောကျသည်။ သို့ရာတွင် လျူဘာက ကြောက်စရာကောင်းသည်ဟု သူ ထင်သည်။ လျူဘာသည် အရင်ကလို တစ်ယောက်တည်းသာ နေတတ်သည်။ သူ့အဖေကလည်း အိမ်သို့ အပေါင်းအသင်း လာသည်ကို မကြိုက်ချင်။ ယခုအချိန်တွင် လျူဘာ၏ သူငယ်ချင်းတွေ အားလုံးလောက် အိမ်ထောင်ကျကုန်ကြပြီ။

လျူဘာ၏ စကားများကို နားထောင်ရသည်မှာ လန့်စရာ ကောင်းသည်။ သို့ရာတွင် ဖိုးမာ စိတ်ပါလက်ပါ နားထောင်သည်။ လျူဘာက သူ့အစ်ကို တာရာ၏အကြောင်းကို မကြာခဏ ပြောတတ်သည်။ တာရာ့အကြောင်းကို ကြားရတိုင်းလည်း သူ့သူငယ်ချင်း ယာဇော့ကို အမှတ်ရသည်။ ယာဇော့က စာမေးပွဲ အောင်ပြီးနောက် မော်စကို တက္ကသိုလ်သို့ တက်သည်။ သို့ရာတွင် ပညာဆုံးခန်းတိုင်အောင် မသင် လိုက်ရ။ အကြောင်းတစ်ခုကြောင့် တက္ကသိုလ်မှ ထွက်သွားရသည်။ မော်စကိုမှလည်း ထွက်သွားရသည်။

လျူဘာက ရိုးသည်။ သနားကြင်နာတတ်သည်။ လျူဘာ့ စကားက ဝမ်းနည်းစရာကောင်းသည်။ စင်စစ်၌ လျူဘာသည် အိပ်မက် မက်နေသူတစ်ဦးနှင့် တူနေသည်။

အဖေ့ ဆွမ်းသွတ်တွင် ဖိုးမာ လုပ်ပုံကို ကုန်သည်ပွဲစားတွေက ကဲ့ရဲ့မဆုံး ဖြစ်နေကြသည်။ သူတို့ကြားထဲတွင် ဖိုးမာ နာမည်ပျက်ရ သည်။ ပွဲရုံတန်းတွင် ကုန်သည်ပွဲစားများက သူ့ကို မလိုတမာ ကြည့်ကြ သည်။ ခပ်ရှောင်ရှောင် လုပ်ကြသည်။ မကြားတကြား စောင်းမြောင်း ပြောကြသည်။

ဖိုးမာ ဂရုမစိုက်။ ကုန်သည်ပွဲစား လူတန်းစား၊ ပစ္စည်းရှိ လူတန်းစားကို သူ မခင်တွယ်။ သူတို့နှင့် မဆက်ဆံချင်။ သူ ဝယ်လှောင် မည့် ကုန်များကို လု၍ဝယ်သွားသည့် အခါပေါင်းကလည်း များလှပြီ။ နောင်တွင်လည်း ဤသို့လုပ်ကြမည်မှာ သေချာသည်။ သူတို့က ငွေ

မျက်နှာလောက်ကိုသာ ကြည့်ကြသည်။ ငွေရဖို့ဆိုလျှင် ဘာပဲဖြစ်ဖြစ် လုပ်မည်။ အချင်းချင်း လည်လှီးဆိုလျှင်လည်း လှီးကြမည်။ ဤလူစားမျိုး တွေချည်းသာ ဖြစ်သည်။

ဖိုးမာက သူ့အမြင်ကို ပြောသည်။

"မင်းက ဘယ်လိုထင်လို့လဲ၊ ကုန်ကူးတယ်ဆိုတာ စစ်တိုက်တာနဲ့ အတူတူပဲ။ ရက်စက်ရတယ်။ ကုန်သည်ဆိုတာ အမြတ်အစွန်း အတွက် တိုက်နေတာပဲ မဟုတ်လား။ သူတို့အဖို့ အမြတ်ဟာ ဘုရားပဲ"

"ကျွန်တော်တော့ စိတ်ပျက်တယ်"

ဖိုးမာက ညည်းသည်။

"ငါလဲ စိတ်ပျက်တာတွေ မကြိုက်တာတွေ ရှိပါတယ်။ မလိမ်ချင်ဘဲ လိမ်ရတယ်၊ ညာရတယ်။ ကုန်ကူးတယ်ဆိုတာ ဥပုသ်စောင့်တာ မဟုတ်ဘူး။ ဒီတော့ ရိုးသားလို့ မရဘူး။ ဖြောင့်မှန်လို့ မရဘူး။ သစ္စာရှိလို့ မရဘူး။ နည်းပရိယာယ် ကြွယ်ရမယ်။ ကုန်အရောင်းအဝယ် စကားပြောရင် ဘယ်ဘက်လက်မှာ ငွေကို ကိုင်ပြီး ညာဘက်လက်မှာ ဓားကိုင်ထားရမယ်"

"စိတ်မချမ်းသာစရာကြီးပါ ဦးလေးရာ"

"စိတ်ချမ်းသာစရာလဲ ရှိပါတယ်။ ကိုယ်က မြတ်တဲ့အခါကျ တော့ ပျော်စရာကြီးပေါ့။ လူ့ဘဝရဲ့ စည်းကမ်းဥပဒေက ရှင်းရှင်းလေးပါ ဖိုးမာ။ ကိုယ်က ကိုက်သတ်နိုင်ရင် ကိုက်သတ်၊ ကိုက်မသတ်နိုင်ရင် လည်စင်းခံ၊ ဒါပဲ"

မာယာခင်က ပြုံးသည်။ သူ့သွားနက်နက်များကို ဖိုးမာ မြင်ရသည်။ ဤသွားနက်နက်များဖြင့် ဘယ်နှစ်ယောက် ကိုက်စားပစ်ခဲ့ပြီ နည်းဟု ဖိုးမာ တွေးသည်။

"ဒီ့ပြင်နည်းလမ်း မရှိတော့ဘူးလား"

"မရှိဘူး။ လူတိုင်း ကိုယ့်ဖို့ လုပ်ကြတာချည်းပဲ၊ ကိုယ့်ဖို့ဆိုတာ ဘာလဲ မင်းက မေးမယ်၊ သူများထက် ရှေ့က ရောက်အောင်၊ သူများထက် ထိပ်ကရောက်အောင် လုပ်တာလို့ ငါဖြေမယ်။ လူတိုင်းဟာ ပထမတန်း နေရာကို ရအောင် လုပ်တာချည်းပဲ။ နည်းကတော့ ကိုယ့်နည်းနဲ့ကိုယ်ပဲ။ လူတိုင်း တံခွန်တိုင်ကြီးလို မြင့်ချင်ကြတယ်။ လူတွေက သူ့ကို မော့်ကြည့် ရမယ့် အဖြစ်မျိုးကို ရောက်ချင်ကြတယ်။ လူဟာ လောကကြီးမှာ အထက်ကို မြင့်နိုင်သမျှ မြင့်မြင့်ရောက်အောင် တက်ဖို့ လူဖြစ်လာရတာ၊ ကလေးတွေ ကစားတာကို ကြည့်၊ တစ်ယောက်ကိုတစ်ယောက် အနိုင်ရ

အောင် ကစားကြတာမဟုတ်ဘူးလား၊ ဘယ်ကစားနည်းမျိုးမဆို တစ်ဖက်လူကို နိုင်အောင် ကစားကြတာချည်းပဲ၊ နားလည်တယ် မဟုတ် လား"

"ဟုတ်ကဲ့"

"ဒါပေမဲ့ နားလည်ရုံနဲ့ မပြီးဘူး။ ထိတွေ့ကြည့်ရမယ်၊ လောကမှာ သိရုံနဲ့ ကိစ္စမပြီးဘူး။ ထိကြည့်ရမယ်၊ လုပ်ကြည့်ရမယ်။ ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ကြံဆရမယ်။ လူကြံရင် ဘာမဆို ဖြစ်နိုင်တယ်။ တောင်ကြီးတွေကို တောင်ပို့ ဖြစ်အောင်လည်း လုပ်နိုင်တယ်။ ပင်လယ်သမုဒ္ဒရာကြီးတွေကို ရေအိုင်ကလေး ဖြစ်သွားအောင်လည်း လုပ်နိုင် တယ်။ မင်းအရွယ်တုန်းကဆိုရင် ဦးလေး သိပ်အလုပ်လုပ်လို့ ကောင်း တာပဲ။ ခုမင်းကတော့ စဉ်းစားတုန်း၊ တွေဝေတုန်း"

သူ့မွေးစားအဖေ မာယာခင်က ဖိုးမာကို ဤသို့ နားချသည်။ တစ်လုံးသွင်းနှစ်လုံးသွင်း ဖျောင်းဖျသည်။ မာယာခင် အချည်းအနှီး မဖြစ်။ နောက်ဆုံး ဖိုးမာ သူ့ဘက်ပါလာပြီ။ လောက၌ သူဘာလုပ်ရမည် ကို ဖိုးမာ နားလည်ပြီ။ သူများတွေ ထက်သာရမည်၊ တော်ရမည်၊ မြင့် ရမည်ကို ဖိုးမာ ယုံသွားပြီ။ မာယာခင် ကြဲပေးလိုက်သော စိတ်ဓာတ်မျိုးစေ့ သည် ဖိုးမာရင်ထဲတွင် အမြစ်တွယ် အညှောက်ပေါက်စပြုပြီ။ သို့ရာတွင် ဖိုးမာ အသည်းနှလုံး တစ်ခုလုံးကိုမူ ကြီးစိုးခြင်း မပြုနိုင်သေး။ ဖိုးမာနှလုံးသားတွင် သူ့မမ ဆွန်ယာအတွက် နေရာကျန်နေသေးသည်။

ဖိုးမာ သူ့မမဆွန်ယာ့ကို စွဲလန်းမိရက်သား ဖြစ်နေသည်။ သူ့မမကို မမြင်ရမနေနိုင်အောင် ဖြစ်လာသည်။ မမနှင့် တွေ့လိုက်သည်နှင့် ဖိုးမာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ အရှက်လည်း ပါသည်။ အကြောက်လည်း ပါသည်။ အမိုက်လည်း ပါသည်။ ဤသည်ကို သူ့ဖာသာသူ ကောင်းကောင်းသိသည်။ မမအတွက် ခံစားရသည်။ မမတို့အိမ်သို့ ဖိုးမာ မကြာခဏ ရောက်သည်။ သို့ရာတွင် မမအိမ်တွင် အမြဲတမ်း လူစည်နေတတ်သည်။ သူ့အနီးတွင် နောက်ပိုးတွေ၊ ကြာသမားတွေ အုံနေသည်။ ထန်းလျက်ခဲကို ယင်အုံသည်နှင့်တူသည်။ ဖိုးမာ သူတို့ကို ကြည့်ရင်း မုန်းလာသည်။ ရင်နာလာသည်။

ဖိုးမာက ထိုအထဲတွင် မရောဘဲ သားနားသော ဧည့်ခန်းဆောင်တွင် ထိုင်ကာ သူတို့ကို ကြည့်နေသည်။

မမက ကော်ဇောနုနုပေါ်တွင် ဖြတ်လျှောက်သွားရင်း ဖိုးမာကို မျက်လုံးထောင့်ကပ် ကြည့်သွားသည်။ ပြုံးပြသွားသည်။ ကုလားထိုင်

တွေ စားပွဲတွေ ကြားတွင် ရှူရှူကလေး လျှောက်သွားသည်။ ပန်းအိုးတွေ အလှပြပစ္စည်းတွေကို ကျွမ်းကျင်စွာ ကွေ့သွားတတ်သည်။ ဖိုးမာက ထိုပစ္စည်းများ ကြားထဲတွင် သူတို့လို မသွားတတ်။ ကော်ဇောခင်းထား သည့်တိုင် သူ့ခြေသံက ပြင်းသည်။ သူ့အင်္ကျီလက်များနှင့် တိုက်မိပြီး အလှပြပစ္စည်းတွေ လွင့်ကျကွဲကုန်တတ်သည်။

မမနှင့် နှစ်ယောက်တည်းရှိသည့်အခါများ၌လည်း ဖိုးမာ မနေ တတ်။ မမက ဖိုးမာကို သိမ်မွေ့သောအပြုံးဖြင့် ဆီးကြိုတတ်သည်။ စကားပြောတော့မည်ဆိုလျှင် ကြောင်မကလေးတစ်ကောင်လို ဆိုဖာပေါ် သို့ တက်ခွေကာ ပြာလဲ့သော မျက်လုံးများဖြင့် ဖိုးမာကို စိုက်ကြည့်နေ သေးသည်။ မျက်လုံးများက ဆာလောင် မွတ်သိပ်သော မျက်လုံးများဖြစ် သည်။

"မောင်လေးနဲ့ စကားပြောရတာ မမ သိပ်ကြည်နူးတာပဲ၊ ဒီ့ပြင် လူတွေနဲ့ စကားပြောရတာ ဘယ်လိုမှန်း မသိဘူး။ တစ်မျိုးကြီးပဲ၊ မောင် လေးကော"

မမက မျက်ခုံးချီချီ အသံနွဲ့နွဲ့ဖြင့် ပြောသည်။

"ကျွန်တော်လည်း ဒီလူတွေကို ကြည့်လို့မရဘူး"

"မမကိုကော"

ဖိုးမာက မျက်လုံးများကို တခြားသို့ လွှဲလိုက်သည်။

"မမကလည်း တစ်ခါလာ ဒါချည်းပဲ မေးနေတာပဲ"

"ဘာလဲ၊ မောင်လေးက မဖြေချင်ဘူးလား"

"မဖြေချင်လို့ မဟုတ်ပါဘူး။ ဘာလုပ်ဖို့ မေးနေတာလဲ"

"သိချင်လို့ပေါ့ တကတဲ"

"မမက ကျွန်တော့်ကို လှည့်စားနေတာပဲ"

ဖိုးမာက မကျေနပ်သံဖြင့် ပြောသည်။

"အလို၊ မမက လှည့်စားတယ်၊ မဟုတ်ရပါလား ရှင်ရယ်၊ ဆို စမ်းပါဦး၊ ဘယ်လိုများ မမက လှည့်စားလို့လဲ"

မမက မျက်လုံးလေးအဝိုင်းသားဖြင့် ဖိုးမာကို ကြည့်သည်။ မမ၏ မျက်နှာပေးက ပကတိ အပြစ်ကင်းနေသည်။ နတ်မယ်လျှ၏ မျက်နှာလို ရိုးသားသည်။ သည်မျက်နှာပေးကို မြင်ရတော့ ဖိုးမာ မမကို အထင်လွဲမိ လေခြင်းဟု စိတ်မကောင်း ဖြစ်သွားသည်။

"ချစ်တယ်၊ မမကို ကျွန်တော် သိပ်ချစ်တယ်၊ မမကို မချစ်ဘဲ နေလို့ မရဘူး"

ဖိုးမာက အားရပါးရ ပြောသည်။ ခဏကြာမှ ဝမ်းနည်းသံဖြင့်

"ဒါပေမဲ့ မမကတော့ ကျွန်တော့်ကို ဂရုတောင် စိုက်မှာ မဟုတ်ပါဘူး"

"ပိုလိုက်တာ တော်စမ်းပါ၊ ကိုပိုလေး ကိုကဲလေး၊ ကဲ ... ဒါဖြင့် မမ လက်ကို မနမ်းချင်ဘူးလား"

ဖိုးမာက စကားတစ်ခွန်းမျှ မပြော။ ဗြုန်းခနဲ ထကာ မမ၏ ဖြူဖွေးသေးသွယ်သော လက်ကလေးကို အကြာကြီး နမ်းနေသည်။ မမက ခပ်မိန့်မိန့် ပြုံးကာ သူ့လက်ကို ရုပ်လိုက်သည်။ ဖိုးမာ အငမ်းမရ နမ်းသည်ကို ဂရုမစိုက်သည့်ဟန်ပေါ်နေသည်။ ထို့နောက် ဖိုးမာကို အထူးအဆန်း သတ္တဝါတစ်ကောင်နှယ် စိုက်ကြည့်သည်။

"မောင်လေးက အစိမ်းအရိုင်း သက်သက်ကလေး၊ မောင်လေးတို့ ကုန်သည်ပွဲစားဆိုတဲ့ လူတန်းစားကလည်း ဒီလိုပါပဲလေ။ အစိမ်းသက်သက်၊ ခုမှ ပေါ်လာတဲ့ ခေတ်ပေါ် လူတန်းစား မဟုတ်လား၊ တက်ကြွတယ်၊ လုပ်ရည်ကိုင်ရည် ရှိတယ်၊ မောင်လေးကတော့ ကုန်သည်ပွဲစား အတန်းအစားထဲက တကယ့် ရတနာကလေး"

'မောင်လေးတို့' ဆိုသည့် စကားကို မမသုံးတိုင်း ဖိုးမာ ရင်ထဲတွင် တစ်မျိုးခံစားရသည်။ သူ့ကို အဝေးသို့ မောင်းပို့နေသလို ထင်မိသည်။ ရင်နာသည်။ ဝမ်းနည်းသည်။

ဖိုးမာက စကားတစ်လုံးမျှ မပြော။ သူ့မမကို ထိုင်ကြည့်နေသည်။ သူ့မမက သေးသွယ်သည်။ အပျိုမကလေးတစ်ယောက်လို ကြော့ရှင်းနေသည်။ ပန်းပွင့်တစ်ပွင့်လို မွှေးသည်။ အဆင်အပြင်ကလည်း ခေတ်ဆန်သည်။ တစ်ခါတလေတော့ ဖိုးမာ သူ့မမကို တအားဖျစ်ညှစ် နမ်းပစ်လိုက်ချင်သည်။ သို့ရာတွင် ဖိုးမာ မလုပ်ရဲ။ သူ ဖျစ်ညှစ်ပစ်လိုက်သဖြင့် ကြေမွသွားမည်ကို စိုးရိမ်သည်။

မမကလည်း ဖိုးမာ့စိတ်ကို အကဲခတ်မိပုံရသည်။ သို့ရာတွင် တအား ချစ်ပစ်လိုက်ချင်သည့်စိတ်မျိုးသည် ဖိုးမာ၏ ရင်ထဲတွင် တစ်ခါတလေမျှသာ ပေါ်တတ်သည်။ သူက မမအလှမှာ ယစ်မူးနေချင်သည်။ မမကို ထိုင်ကြည့်နေချင်သည်။ ယုယမြတ်နိုးနေချင်သည်။

ဖိုးမာနှင့် မမတို့ ဆက်ဆံရေးမှာ တဖြည်းဖြည်း ရင်းနှီးလာသည်။ နှစ်ကြိမ် သုံးကြိမ် တွေ့ပြီးသည့်နောက်၌မူ သူ့မမသည် ဖိုးမာ့ အသည်းနှလုံးတွင် ကြီးစိုးနေပြီ။ ဖိုးမာ ရင်ထဲတွင် ဗလောင်ဆူနေပြီ။ မမကလည်း ဖိုးမာလို အရိုင်းသက်သက် ကောင်လေး တစ်ယောက်

အပေါ်တွင် လွှမ်းမိုးရသည်ကို ကြည်နူးပုံရသည်။ မျက်လုံးတစ်ချက် ဝင့်လိုက်ရုံ၊ စကားတစ်ခွန်း ပြောလိုက်ရုံဖြင့် ဝပ်စင်းလာရသော သတ္တဝါတစ်ကောင်လို သဘောထားပုံရသည်။

မမ အိမ်မှပြန်လာသောအခါ ဖိုးမာ ရင်ထဲတွင် ဟာနေသည်။ သူ့ကိုယ်သူလည်း ဒေါသထွက်နေသည်။ ဖိုးမာ ကြာကြာမနေနိုင်။ နှစ်ရက်အကြာတွင် မမဆီသို့ တစ်ခေါက်သွားပြန်သည်။ မမထံ သွား၍ သူ့ဒုက္ခ သူရှာသည်။

"မမ မမမှာ ဟို ဟို ကလေးရဖူးသလား ဟင်"

တစ်နေ့တွင် ဖိုးမာက မေးသည်။

"ဟင့်အင်း"

"ကျွန်တော် ထင်တာ မှန်သားပဲ"

ဘာကြောင့်မှန်းမသိ ဖိုးမာ ဝမ်းသာနေသည်။ မမက ဖိုးမာကို ကလေးတစ်ယောက်ကို ကြည့်သလို ကြည့်ကာ–

"ဘာဖြစ်လို့ မေးတာလဲ၊ ဘာဖြစ်လို့ သိချင်တာလဲ"

ဖိုးမာက မျက်နှာနီရဲကာ မျက်လွှာကိုချသည်။

"ဟို ဟို မိန်းမများ ကလေးရဖူးရင် သူ့မျက်လုံးတွေဟာ မမမျက်လုံးတွေလို မလှတော့ဘူးလို့ ပြောသံကြားဖူးလို့ပါ"

"မမ မျက်လုံးတွေလို မလှတော့ဘူး ဟုတ်လား၊ ဒါဖြင့် ဘယ်လိုနေသတဲ့လဲ"

"ဟို ကလေးရဖူးတဲ့ မိန်းမရဲ့ မျက်လုံးတွေဟာ အရှက် အရှက်မရှိတော့ဘူးတဲ့"

မမက ငွေဆည်းလည်းသံဖြင့် ရယ်သည်။ ဖိုးမာကလည်း မမကို ကြည့်၍ ရောယောင်ရယ်သည်။

"ကျွန်တော့်စကားက ရိုင်းများသွားသလား မသိဘူး။ ရိုင်းသွားရင် ခွင့်လွှတ်နော် မမ"

"ဟင့်အင်း၊ မရိုင်းပါဘူး။ မောင်လေးက သန့်စင်တယ်၊ ချစ်စရာ ကောင်းတယ်။ ဒီလိုလူတစ်ယောက်ရဲ့ပါးစပ်က ရိုင်းစိုင်းတဲ့ စကားလုံး ဘယ်ထွက်နိုင်ပါ့မလဲ။ ဒါဖြင့် မမရဲ့မျက်လုံးတွေဟာ အရှက်မရှိတဲ့ မျက်လုံးတွေ မဟုတ်ဘူးပေါ့"

"မမရဲ့မျက်လုံးတွေက မိုးနတ်မယ်တွေရဲ့ မျက်လုံးမျိုး"

ဖိုးမာ ကြည်နူးနေသည်။ သူ့မျက်လုံးများကလည်း တောက်ပလာကြသည်။

မမက ပိုလှနေသလို ထင်ရသည်။ မမ အကြည့်ထဲတွင် မိခင်အကြည့်မျိုး စွက်နေသည်။ အသနားလည်း ပါသည်။ အချစ်လည်း ပါသည်။ အစိုးရိမ်လည်း ပါသည်။

"ကဲ ... မောင်လေး ပြန်တော့ကွယ်၊ မိုးချုပ်လှပြီ"

မမက မျက်လုံးကို လွဲ၍ ဘေးသို့ကြည့်သည်။ ဖိုးမာက ကျိုးနွံစွာ ထပြန်သည်။

ထို့နောက်တွင် မမသည် သူ့ကို ခပ်မှန်မှန် ဆက်ဆံသည်။ မောင်လို နှမလို ရိုးရိုးသားသား စကားပြောသည်။ သို့ရာတွင် မမ ဣန္ဒြေကြာကြာမထိန်းနိုင်။ ဖိုးမာကို လှည့်စားပြန်သည်။ ကြွက်ကို ကြောင်ကစားသလို ဖိုးမာကို ကစားသွားသည်။

ဖိုးမာက သူနှင့် သူ့ချစ်မမတို့၏ ဆက်ဆံရေးကို ဖုံးမထား၊ သူ့မွေးစားအဖေကို ဖြောင့်ပြောသည်။ တစ်နေ့တွင် သူ့မွေးစားအဖေက ဖိုးမာကို မချိုမချဉ် ကြည့်ပြောသည်။

"ဟေ့ ... ဖိုးမာ ခေါင်းရှိသေးရဲ့လား၊ ကိုယ့်ခေါင်းကို စမ်းထားနော်"

"ဘာကို ဆိုလိုတာလဲ ဦးလေး"

"အားအားရှိရင် ဟိုဟာမ အိမ်မှာပဲ အချိန်ကုန်နေတယ် မဟုတ်လား"

"ဒါ ဦးလေး အပူမဟုတ်ပါဘူး။ ဦးလေးက သူ့ကို ဟိုဟာမလို့ ဘာလို့ခေါ်ရတာလဲ"

ဖိုးမာ့ ပါးစပ်က ခပ်ရိုင်းရိုင်း ထွက်သွားသည်။

"ငါ့ အပူတော့ မဟုတ်ပါဘူး။ မင်းတစ်ကိုယ်လုံးကို မျိုသွားလည်း ငါ့အပူ မဟုတ်ပါဘူး။ ဟိုဟာမ ဆိုတာကတော့ လူတိုင်း ခေါ်နေကြတာပဲ၊ မြူစားနေတယ်ဆိုတာ လူတိုင်းသိတယ်"

"ဦးလေး ဒီလို မပြောပါနဲ့၊ မမဟာ ဒီလိုအစားထဲက မဟုတ်ဘူး။ ပညာတတ်၊ စာတတ်ပေတတ်"

"ဟုတ်ပါတယ်ဗျာ ပညာတတ်ပါ၊ မင်းကို ပညာတွေ ပေးပါလိမ့်မယ်။ သူ့အပေါင်းအသင်း ကြမ်းပိုးတွေကလည်း မင်းကို ပညာတွေ ပေးပါ လိမ့်မယ်"

"ဦးလေး ဒီလို မစွပ်စွဲပါနဲ့၊ ကြမ်းပိုးတွေ မဟုတ်ပါဘူး၊ လူကြီးလူကောင်းတွေပါ၊ ဟုတ်တယ် ကျွန်တော်ဟာ သူတို့ဆီက ပညာအများကြီးရမယ်။ ကျွန်တော်က ဘာမှ သိတဲ့ကောင်မဟုတ်ဘူး။ အရိပ်သုံးပါး

နားမလည်ဘူး၊ ဘာမှမသိဘူး၊ ကျွန်တော့်ကို ဘယ်သူကမှလည်း သင်မပေးဘူး၊ သူ့အိမ်မှာဆိုရင် သတင်းစုံကြားရတယ်။ ဦးလေး ကျွန်တော့်ကို မတားပါနဲ့”

ဖိုးမာ စိတ်တိုနေပြီ။

“ကျွတ် ကျွတ်၊ သနားစရာ ကောင်းလိုက်ပါဘိတော့ ဖိုးမာ လေး၊ သူတို့ဆီသွားပြီး ဗဟုသုတ ရှာမလို့တဲ့။ ဒီလိုဗဟုသုတမျိုး လိုချင်ရင် သူ့အိမ်သွားစရာ မလိုပါဘူးကွာ၊ ဘယ်အရက်ဆိုင် သွားသွား ဒီဗဟုသုတမျိုးလောက်တော့ ရပါတယ်။ အရက်ဆိုင်က လူကမှ မင်းဟာမအိမ်ကကောင်တွေထက် တော်လိမ့်ဦးမယ်။ လူရိပ်လူကဲခတ်တတ်အောင် လူ့အကြောင်းသိအောင် လေ့လာတယ်ဆိုတော့ မင်းဟာမကို မင်းဘယ်လို အကဲခတ်သလဲ၊ ဘာလဲ လောကကြီးကိုဖျက်မယ့် မြွေဟောက်မလား”

ဖိုးမာ သည်းမခံနိုင်တော့။ အံကြိတ်ကာ ချာခနဲ လှည့်ထွက်လာသည်။

မကြာမီ သူ့မွေးစားအဖေသည် သူ့ချစ်မမ အကြောင်းကို စကားစပ်လာပြန်သည်။ တစ်နေ့တွင် သူတို့နှစ်ယောက် လွန်းတင်ထားသော ကတ္တူကြီးများကို မြင်းလှည်းတစ်စီးဖြင့် သွားကြည့်ကြသည်။

ရာသီက နွေဦးပေါက် ဖြစ်သည်။ ရေခဲပျော်စပြုပြီဖြစ်၍ လမ်းတွင် ရွှံ့ဗွက်တွေထနေသည်။ ပြာလဲ့သော ကောင်းကင်တွင် နေရောင်ကဝင်းပသည်။

နှစ်ယောက်သား အလုပ်ကိစ္စကို စကားပြောလာကြရင်း သူ့မွေးစားအဖေက မေးသည်။

“အိမ်ရောက်တာနဲ့တစ်ပြိုင်နက် မင်းဟာမဆီကို ပြေးတော့မှာမဟုတ်လား”

“ဟုတ်တယ်”

“ဘာလဲ၊ မင်းသူ့ကို လက်ဆောင်ပဏ္ဏာတွေ မကြာမကြာ ဆက်ရသလား”

သူ့စကားက အတည်လိုလို နောက်သလိုလို။

“ဘာ လက်ဆောင်ပဏ္ဏာလဲ၊ ကျွန်တော်က ဘာလို့ ပေးရမှာ လဲ”

ဖိုးမာက တအံ့တသြမေးသည်။

“ဘာ လက်ဆောင်ရမှာလဲ၊ ပိုးကြေး ပန်းကြေးပေါ့၊ မင်းကို ချစ်လွန်းလို့များ လက်ခံနေတယ် ထင်သလား”

ဖိုးမာ၏ မျက်နှာသည် ရဲတက်လာသည်။ ရှက်လည်း ရှက်သည်။ ဒေါသလည်း ထွက်သည်။

"ဦးလေးက လူကြီးပါ။ လူကြီးစကားပြောပါ။ ကလေးကလား စကားတွေ မပြောတာ ကောင်းပါတယ်"

သူ့မွေးစားအဖေက နှုတ်ခမ်းများကို လျက်သည်။

"ဝက်မှန်သမျှ ဒီစားခွက်ကို မနှိုက်ဖူးတဲ့ ဝက် မရှိဘူးကွ၊ အဲဒီ စားအကြွင်းအကျန်ပဲ ရှိတော့တယ်။ ဘာမှ မရှိတော့ဘူး။ ခု အဲဒီ အကြွင်း အကျန်သာရှိတော့တဲ့ စားခွက်ထဲကို ဝက်တစ်ကောင် သွားနှိုက်နေပြန်ပြီ။ အဲဒီဝက်ကတော့ ဝက်တကာ့ဝက်တွေထဲမှာ အမိုက်ဆုံးဝက်၊ ဒီတော့ သိပ် အချိန်ကုန်ခံမနေနဲ့။ ဒီလောက်တောင်ဖြစ်နေရင် သူ့ဆီ မြန်မြန်သွား ပြီး ခင်ဗျားကို ကျုပ်ချစ်တယ်။ ကျုပ်ရှိတဲ့ စည်းစိမ် ကြိုက်သလို လုပ်ပါ တော့ဆိုပြီး သွားပုံအပ်ချည်"

"ဦးလေး၊ နောက်ထပ်မပြောပါနဲ့ တော်ပါ၊ ကိုယ့်မွေးစားအဖေ မို့ ကျွန်တော် ဒီလောက်သည်းခံနေတယ် မှတ်ပါ"

ဖိုးမာက ဒေါသတကြီး အော်သည်။

"မွေးစားအဖေမို့လို့ ပြောရတယ်ကွ ပြောရတယ်။ ခုတော့ မင်း ကို မင်းဟာမက နဖားကြိုး ထိုးထားပြီ မဟုတ်လား၊ နွားခေါင်းကလည်း ကြိုးထိုးလို့ကောင်းတဲ့ နွားခေါင်းမျိုး"

သူ့မွေးစားအဖေကလည်း ပြန်အော်သည်။ လက်လှုပ်ခြေလှုပ် ဖြင့် ဒေါသတကြီးဖြစ်နေသည်။ မွေးစားအဖေ ဖိုးမာကို စိတ်ဆိုးနေပြီ။ စိတ်ပျက်နေပြီ။ မျက်ရည်တွေပင် ဝဲလို့နေသေးသည်။ သူ့မွေးစားအဖေ ဤမျှစိတ်ထိခိုက်ပုံကို ဖိုးမာ တစ်ခါမှ မမြင်စဘူး။

"မင်း ပျက်စီးမယ်။ ဒီ မိန်းမကြောင့် မင်းပျက်မယ်"

"တော်လောက်ပြီထင်တယ် ဦးလေး"

ဖိုးမာက စိတ်ပျက်လက်ပျက်ဖြင့် တစ်ဘက်သို့ လှည့်သည်။

"မဖြစ်ဘူး။ မင်းကို မြန်မြန် မိန်းမပေးစားမှ ဖြစ်မယ်"

"တော်တော့ဗျာ"

မွေးစားအဖေက ဖိုးမာကို ကြည့်နေသည်။ ဘာမျှ မပြောတော့။ ဖိုးမာ၏မျက်နှာက ချုံးနေသည်။ သူ့ပါးစပ်က ဟနေသည်။ သူ့အကြည့် က ချောက်ချားနေသည်။ ထိုနှုတ်ခမ်းနှင့် ထိုအကြည့်က သူဘယ်မျှ စိတ် ထိခိုက်နေပုံကို ပြနေသည်။

လမ်းဘေး တစ်ဖက်တစ်ချက် လယ်ကွင်းများက စုတ်ပြတ်နေသည့် ဆောင်းဝတ်ရုံဟောင်းကို ခြုံထားကြသည်။ ကျီးအများက မြေကြီးပေါ်တွင် ခုန်ဆွခုန်ဆွပြေးနေကြသည်။ မြင်းလှည်းက ရွှံ့ရေစပ်စပ်ထဲတွင် တစွက်စွက်ဖြတ်သွားသည်။

"လူငယ်ဆိုတာ တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်ချင်ရာ စွတ်လုပ်တတ်တယ်။ တံလျှပ်ကို ရေထင်ချင်ထင်နေတာ"

"စကားပုံတွေ ဘာတွေနဲ့ မပြောစမ်းပါနဲ့ ဦးလေးရာ"

ဖိုးမာက မကျေနပ်သံနှင့် ပြောသည်။

"ပြောစရာရှိရင် ပြောရမှာပဲ၊ ဒီမှာ ဖိုးမာ မင်းမသေမချင်း မှတ်ထား၊ အပျိုဆိုတာ မလိုင်ခဲနဲ့တူတယ်။ အအိုဆိုတာ နို့ချဉ်နဲ့တူတယ်။ အအိုကို ဖမ်းရတာ လွယ်တယ်။ အပျိုက ဖမ်းလို့ မလွယ်ဘူး။ ချော်ထွက်တယ်။ မင်းဟာမကို မင်းမစွန့်နိုင်ရင် သူ့ဆီသွား ဖြောင်ပြော၊ နှုတ်ခမ်းကြီး စူမနေပါနဲ့ကွာ"

"ဦးလေး နားမလည်ပါဘူးဗျာ"

ဖိုးမာ လေသံက ပျော့သွားသည်။

"ဘာလို့ နားမလည်ရမှာလဲ၊ အကုန် နားလည်တယ်"

"နှလုံးသားရှိတယ်ဗျ၊ လူမှာ နှလုံးသားရှိတယ်"

"ဒါဖြင့် အဲဒီကောင်မှာ ဦးနှောက်မပါဘူးကွ သိရဲ့လား၊ ဦးနှောက်မပါဘူး"

သူ့မွေးစားအဖေက အော်သည်။

***

(၆)

အိမ်သို့ ပြန်ရောက်သောအခါ ဖိုးမာ ရင်နာသည်။ ဒေါသထွက်သည်။ သူ့အစ်မကို စိတ်လိုက်မာန်ပါ ပြောပစ်ချင်သည်။ အရှက်ခွဲပစ်ချင်သည်။

သူ့အိမ်ကြီးထဲတွင် နာရီပေါင်းများစွာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ မျက်မှောင်ကုတ်လိုက်၊ အံကြိတ်လိုက်ဖြင့် ဂနာ မငြိမ်ဖြစ်နေသည်။ ဒေါသတွေ ဆူပွက်နေသည်။ တစ်ခါတစ်ရံတွင် ရင်ပွင့်သွားတော့မည်လားဟုပင် ထင်ရသည်။ ကြမ်းပေါ်သို့ တဒိုင်းဒိုင်း နင်းနေသော သူ့ခြေသံများသည် သူ့ဒေါသကို ပံ့လောင်းပေးနေသည့် တူနှက်သံများဟုပင် ထင်ရသည်။

"အပြစ်ကင်းချင်ယောင် ဆောင်နေတဲ့ မိန်းမကြီး" ဟု ကျိန်ဆဲသည်။ တစ်ခါတစ်ရံ၌လည်း သူ့မမကို မလိုတမာ ဝိုင်း၍ ပြောနေသလောဟု သံသယဖြစ်သည်။

သို့ရာတွင် သူ့မွေးစားအဖေ၏ စကားများကို နားထဲတွင် ကြားယောင်နေသည်။ သူ့စကားကို အမှတ်ရတိုင်း ဖိုးမာ အံကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သူ့မွေးစားအဖေ ပြောလိုက်သော စကားများကြောင့် ဖိုးမာ ခေါင်းထဲတွင် စဉ်းစားစရာတွေ ပေါ်လာသည်။ သူ့မမကို သူသံသယတွေ ဝင်လာသည်။ ဖိုးမာသည် ရက်ပေါင်းများစွာ အလုပ်ကို ဖိလုပ်

သည်။ ကတ္တာူများ ထွက်မည့်ကိစ္စတွင် အာရုံရောက်နေသည်။ အလုပ်တွင် ဝင်စားနေသဖြင့် ဖိုးမာ သွေးအေးစပြုလာသည်။ ဖိုးမာ အထင်က သူ့မမသည် ဘုံကြိုးပြတ်သည့် နတ်မိမယ် မဟုတ်။ အလှမ်းဝေးသည့် အရာတစ်ခု မဟုတ်။ လက်လှမ်းမီသည့် အရာဖြစ်သည်ဟု ဖိုးမာ သဘောပေါက်လာသည်။ သည်လို သဘောပေါက်လာသည်နှင့်အမျှ သူ့မမကို သူအထင်မကြီးတော့။ သို့ရာတွင် သူ့မမကို သူတွေ့ချင်သေးသည်။ ထို့ကြောင့် သူ့မမကို သူသွားတွေ့မည်။ ပွင့်ပွင့်လင်းလင်း ပြောမည်ဟု ဖိုးမာ ဆုံးဖြတ်လိုက်သည်။

သူ့မမအိမ်တွင် သူ့မမကို မတွေ့ရ။ အစေခံမိန်းမကိုသာ တွေ့ရသည်။

သူ့မမအိမ်သို့ ရောက်သည်နှင့် ဖိုးမာ စိတ်တွေ လျော့ကျသွားသည်။ သို့ရာတွင် နံရံက မှန်ကြီးထဲတွင် သူ့ကိုယ်သူ ပြန်ကြည့်ရင်းရင်ကော့ကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

ဧည့်ခန်းဆောင်ဘက်ဆီမှ သီချင်းသံ ခပ်အုပ်အုပ်ကို ဖိုးမာ ကြားရသည်။ ဖိုးမာက ဂီတကို နားမလည်။ မကြိုက်။ ဂီတသံကို ကြားလျှင် စိတ်ညစ်သည်။ တစ်ခါက အရက်ဆိုင်တစ်ဆိုင်တွင် ဓာတ်စက်ဖွင့်သံကို သူ ကြားဖူးသည်။ စိတ်ညစ်လာသဖြင့် ဓာတ်စက်ကို အပိတ်ခိုင်းပစ်ရသည်။ ယခုလည်း သီချင်းသံကို ကြားရပြန်ပြီ။

သီချင်းသံကိုကြားရတော့ ဖိုးမာ ဧည့်ခန်းထဲမဝင်။ အခန်းဝတွင် ရပ်သည်။

ခန်းဆီးက ပုတီးစေ့ ရောင်စုံခန်းဆီးဖြစ်၍ ပန်းပွင့်ပုံဖော်ထားသည်။ လေတိုက်လျှင် ပန်းပွင့်များကလည်း လှုပ်သွားကြသည်။ ပန်းပွင့်များက ကြည့်မကောင်း။ ငရဲပန်းတွေဟု ဖိုးမာ ထင်သည်။ ပုတီးစေ့ရောင်စုံ ခန်းဆီးကြားမှ ဧည့်ခန်းထဲသို့ လှမ်းမြင်ရသည်။ သူ့မမက ထိုင်နေကျ ဆိုဖာတွင်ထိုင်၍ ဗျပ်စောင်းတီးနေသည်။ မီးပွင့်ကို ပိုးထီးတစ်လက် အုပ်ထားသည်။ ပိုးထီးအောက်က မီးရောင်သည် မမကို မီးမောင်းထိုးပေးသလို ဖြစ်နေသည်။ ဗျပ်စောင်းသံက ခပ်ညင်းညင်း ပေါ်လာ သည်။ မမက ဗျပ်စောင်းကို ဒူးပေါ်တင်ကာ ခပ်ဖွဖွကလေး တီးရင်း အဝေးသို့ ငေးနေသည်။

လူတောတွင် မြင်ရလျှင် မမက ပိုလှသည် ထင်ရသည်။ ယခုလို တစ်ယောက်တည်းရှိလျှင် မမသည် လူတွေထဲမှာလောက် မလှ တော့။ ပို၍အိုစာသည်ဟု ထင်ရသည်။ မမကို ကြည့်ရသည်မှာ အားကုန် နေသလို

ပျော့ခွေနေသည်။ မျက်လုံးများက လောကကြီးကို ငြီးငွေ့နေ သယောင် ထင်ရသည်။

ဖိုးမာက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ မမ"

ဖိုးမာက ပုတီးစေ့ရောင်စုံခန်းဆီးကို ဆွဲလိုက်သည်။

"ကြည့်စမ်း ခြေသံတောင် မကြားရဘူး။ ဘယ်အချိန်က ရောက်နေတာလဲ၊ မပေါ်လာတာ ကြာပြီ"

မမက သူ့ဘေးက ကုလားထိုင်တစ်လုံးတွင် အထိုင်ခိုင်းသည်။ သူ့မျက်လုံးများက ဝင်းလက်လာကြသည်။

"ကတ္တူတွေ လွန်းတင်တာကို သွားကြည့်နေလို့ မမရဲ့"

ဖိုးမာက ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြောသည်။

"နှင်းတွေ ပျော်ပြီ မဟုတ်လား"

"ပျော်ကုန်ပြီ၊ လမ်းတွေက သိပ်ဆိုးတာပဲ"

ဖိုးမာက မမကိုကြည့်၍ ပြုံးပြသည်။ သူ့အပြုံးက ဆန်းနေသည်။ မျက်လုံးချင်းအဆုံတွင် မမက မျက်လွှာချလိုက်သည်။

"နှင်းခဲတွေ တော်တော်ပျော်ကုန်ပြီနော်"

မမက သူ့လက်က လက်စွပ်ကလေးကို ငုံ့ကြည့်ရင်း မေး သည်။

"ပျော်ကုန်ပြီ၊ လမ်းမှာ ဗွက်တွေ ချည်းပဲ"

ဖိုးမာက သူ့ဖိနပ်များကို ငုံ့ကြည့်သည်။

"နွေရောက်တော့မှာပေါ့"

"ဟုတ်တယ်"

"ဟုတ်တယ်၊ နွေရောက်တော့မယ်။ နွေ ရောက်တော့မယ်၊ နွေ နွေ" မမက တစ်လုံးချင်း တိုးတိုးရွတ်နေသည်။

"သမီးရည်းစားတွေ သိပ်ပျော်ကြမှာပေါ့၊ ချစ်ကြ ခင်ကြ ကြင်နာကြ"

ဖိုးမာက လက်နှစ်ဖက်ပွတ်ရင်း ရယ်၍ ပြောသည်။

"မောင်လေးကော"

"ကျွန်တော်က ချစ်ခဲ့ဖူးပြီပဲ မမရဲ့၊ ကျွန်တော့်ဘဝမှာ တစ်သက်လုံး ချစ်ခဲ့တာပဲ"

မမက ဖိုးမာကို လှမ်းကြည့်သည်။

"မောင်လေး သိပ်ကံကောင်းတာပဲနော်၊ အချိန်ရှိတုန်း အရွယ်ကောင်းတုန်း နှလုံးသားကလည်း ဖြူစင်တုန်း"

"မမ"

မမက ဖိုးမာကို လက်ကာပြသည်။

"နေဦး၊ ဒီနေ့ မမ မောင်လေးကို ပြောစရာ တစ်ခုရှိတယ်။ ဝမ်းသာစရာပါ။ အသက်ကြီးပြီး ဘဝအတွေ့အကြုံရှိတဲ့ လူတွေမှာ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ကြည့်မိတဲ့အခါမျိုးတွေ ရှိတတ်တယ်။ အဲဒီအခါမှာ သူ ရှိလိမ့်မယ်လို့ မထင်တဲ့အရာတွေ၊ သူမေ့နေတဲ့ အရာတွေကို သွားတွေ့တတ်တယ်။ ဒီအရာဟာ နှလုံးသားထဲမှာ အချိန်အတော်ကြာ ပျောက်ကွယ်ပုန်းအောင်းနေပေမဲ့ နှပျိုလန်းဆန်းနေသေးတယ်။ အဲဒီအရာကို ပြန်တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် ဒီလူဟာ ပြန်ပြီး နုပျိုလာတယ်။ မနက်ခင်း လေပြည်ကို တစ်ဝကြီး ရှူလိုက်ရသလို လန်းဆန်းလာတယ်။ ဘဝရဲ့ နံနက်ဆည်းဆာကို ပြန်တွေ့ပြီ ဆိုပါစို့ကွယ်"

မမက စောင်းကြိုးများကို ခပ်ဖွဖွ တီးလိုက်သည်။ စောင်းသံက မမ၏ ခံစားချက်၊ မမ၏အသံကို လေးနက်စေသည်။ ဖိုးမာ နားထောင်နေရသော်လည်း မမ စကားများကို တစ်လုံးမျှ နားမလည်။

မမ ရင်ဖွင့်ပါ။ ပြောချင်သမျှပြောပါ။ သို့ရာတွင် မမ စကားကို သူ မယုံ။ မမ၏ သစ္စာစကားဆိုသည်မှာ မုသားသာ ဖြစ်လိမ့်မည်။ ဖိုးမာက စိတ်ထဲတွင် တင်းခံထားသည်။ သို့ရာတွင် မမကို ဤသို့ မယုံ မရဲ ဖြစ်မိသည့်အတွက်လည်း ဖိုးမာ ဝမ်းနည်းသည်။

"လူ့ဘဝကြီးမှာ ဘယ်လိုနေမယ်လို့ မင်း စိတ်ကူးထားသလဲ။ စိတ်ကော ကူးမိရဲ့လား"

"တစ်ခါတလေတော့ တွေးမိပါတယ်။ ဒါပေမဲ့ ကြာကြာ မတွေးနိုင်ပါဘူး မမရယ်၊ ဒါတွေ တွေးဖို့ အချိန်မရှိပါဘူး။ တကယ်တော့လည်း ထွေထွေထူးထူး ဘာတွေးစရာရှိလို့လဲ၊ လောကကြီးမှာ သူများတွေ ဘယ်လိုနေကြသလဲ၊ သူတို့လို နေသွားရုံပေါ့"

ဖိုးမာက ရယ်သည်။

"ဒီလိုလည်း မဟုတ်သေးဘူးကွယ်၊ ကိုယ့်ကိုယ်ကို သိမှပေါ့၊ မောင်လေးက လူရိုးလူကောင်းကလေး၊ သူများတွေနဲ့ မတူဘူး၊ ဘာမတူသလဲဆိုတာတော့ မမလည်း မပြောတတ်ဘူး၊ မတူဘူးဆိုတာပဲ သိတယ်။ မမတော့ မောင်လေးအတွက် စိုးရိမ်တယ်။ သူများတွေလို မဖြစ်စေချင်ဘူး။ ငွေတွေ စည်းစိမ်ဥစ္စာတွေ နောက်လိုက်ရင်း အချိန်မကုန်စေ

ချင်ဘူး။ မောင်လေးအဖို့ ဒါတွေထက် အရေးကြီးတဲ့ အရာတစ်ခု လိုနေတယ်လို့ မမ ထင်တယ်”

မမ၏မျက်လုံးတွင် စိုးရိမ်သည့် အရိပ်အယောင် သန်းနေ သည်။ သူ့မမစကားတွေကို ဖိုးမာ နားမလည်။

မမက ရုတ်ခနဲထကာ ဖိုးမာ အနားသို့ တိုးလာရင်း မျက်နှာကို စေ့စေ့ကြည့်သည်။

“မောင်လေးက ငယ်လည်းငယ်တယ်။ နုလည်းနုပျိုတယ်။ စိတ်သဘောလည်း ကောင်းတယ်။ မောင်လေးဘဝကို မောင်လေး ပြင်စမ်းပါဦး”

“ကျွန်တော်က သူများတွေအပေါ်မှာ ကောင်းရင် သူများတွေကလည်း ကျွန်တော့်အပေါ်မှာ ကောင်းရမှာပေါ့”

ဖိုးမာက ပြောသည်။

“လောကမှာ ကိုယ်က ကောင်းပေမယ့် ကိုယ့်အပေါ်မှာ ပြန်မကောင်းကြဘူး”

မမအသံက လှိုက်လှဲနေသည်။ စောင်းကြိုးများကို စမ်းသံပေါ်လာသည်။ သူပြောစရာရှိသမျှကို ပြောတော့သည်။ ယခုမှ မပြောလျှင် နောင်ပြောစရာ အခွင့်သာတော့မည် မဟုတ်ဟု ဖိုးမာ ထင်သည်။

“ဒါတွေ မပြောပါနဲ့တော့ မမ၊ မမကို ကျွန်တော် ပြောစရာတွေရှိတယ်။ ဒါကြောင့်လာခဲ့တာ၊ မမ ကျွန်တော့်ကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဖြေပါ။ အစတုန်းက မမဟာ ကျွန်တော့်ကို ချစ်ဟန်ဆောင်ခဲ့တယ်။ မြူခဲ့တယ်။ နောက်ကျတော့ မမကျွန်တော့်ကို ခပ်တန်းတန်းလုပ်လာတယ်။ ကျွန်တော့်ကို ရှောင်သလိုလို လုပ်လာတယ်။ မမကို ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် ခပ်အအရယ်၊ ခုလောက်ဆို ကျွန်တော် ဘာကြောင့် လာတယ်ဆိုတာ မမသိလောက်ရောပေါ့”

ဖိုးမာ၏ မျက်လုံးများသည် တောက်ပလာကြသည်။ အသံက ကျယ်လာသည်။

“နေပါဦးလေ၊ မမပြောတာ နားထောင်ပါဦး”

“ကျွန်တော် ဆုံးအောင်ပြောဦးမယ် မမ”

“မင်းပြောမယ့် စကားကို မမသိပါတယ်”

ဖိုးမာက ထရပ်လိုက်သည်။

"ကျွန်တော်ပြောမယ့် စကားတွေကို မမအကုန်မသိပါဘူး။ ဒါပေမဲ့ မမပြောမယ့် စကားတွေကို ကျွန်တော် အကုန်သိတယ်။ မမအကြောင်းကိုလည်း ကျွန်တော် အားလုံး သိတယ်"

"မမထက်တောင် ပိုသိသေးတယ်ပေါ့ ဟုတ်လား"

မမက ထသွားရန်ပြင်သည်။ သို့ရာတွင် ခဏကြာ တွေသွားပြီး ပြန်ထိုင်သည်။ မျက်နှာကမှုန်နေသည်။ နှုတ်ခမ်းများက တင်းတင်းစေ့နေကြ၏။ မျက်လွှာချထားသဖြင့် မျက်လုံးများမှအရောင်ကို ဖိုးမာ မမြင်ရ။

သည်လောက် ပြောလိုက်လျှင် သူ့မမသည် ရှက်လာလိမ့်မည်။ သူ့ကို လှည့်စားခဲ့သည့်အတွက် တောင်းပန်လိမ့်မည်ဟု ဖိုးမာ ထင်ခဲ့သည်။ သို့ဆိုလျှင် မမကို ပွေ့ကာ ခွင့်လွှတ်မည်ဟု စိတ်ကူးယဉ်ခဲ့သည်။ သို့ရာတွင် သူထင်သည့်အတိုင်း ဖြစ်မလာ။ သူထင်ထားသလို မမက လှုပ်လှုပ်ရှားရှား ဖြစ်မလာ။ လှုပ်ရှားသူမှာ သူသာ ဖြစ်နေသည်။

"မမအကြောင်းကို မမထက်တောင် ပိုသိတယ်ပေါ့၊ ဟုတ်ပါတယ်၊ မောင်လေးဟာ မမကို မကောင်းထင်နေတယ်ဆိုတာ မမ သိပါတယ်။ မမကလည်း ဒီလို ထင်လိမ့်မယ်လို့ မျှော်လင့်ပြီးသားပါ။ မမက မောင်လေးကို လှည့်စားခဲ့မိတာကိုး၊ မမအပြစ်နဲ့မမ ခံပါမယ်။ မမ ဆင်ခြေမပေးပါဘူး"

မမက ခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ဆံထိုးများကို ပြင်ထိုးနေသည်။

ဖိုးမာ သက်ပြင်းကြီးချသည်။

"အရင်တုန်းက မမရဲ့အလှကို ကျွန်တော် ကိုးကွယ်ခဲ့တယ်။ မမဟာ ကြင်နာတတ်တယ်၊ သနားတတ်တယ်၊ ချိုးကလေးလို လှတယ်။ ဒါပေမဲ့ မမက ကျွန်တော့်ကို ညာတယ်။ လှည့်စားတယ်"

ဖိုးမာက ရပ်လိုက်သည်။

"မောင်လေး၊ ရှူးရှူးမိုက်မိုက်ကလေး"

မမက အပြုံးဖြင့် ညည်းသည်။

မမ၏ အပြုံးနှင့်အညည်းကြောင့် ဖိုးမာ ပျော့သွားသည်။ သူ့ရင်ထဲက အစိုင်အခဲကြီးသည် မမမျက်လုံးများမှ ပူနွေးသည့် အရောင်များထဲတွင် အရည်ပျော်ကျသွားသည်။ ခုလိုကြည့်တော့ မမသည် ကလေးငယ်လေးလို အပြစ်ကင်းနေသည်။ သနားစရာ ကောင်းနေသည်။ အကွယ်အကာ မဲ့နေသည်။ မမက လေသံကလေးဖြင့် ဆက်ပြောသည်။ သို့ရာတွင် ဖိုးမာက နားမထောင်။

"လာတုန်းကတော့ မမကို ကျွန်တော် ရက်ရက်စက်စက် ပြောပစ်မလို့ပဲ၊ ဒါပေမဲ့ ဒီရောက်တော့ ကျွန်တော် မပြောရဲတော့ဘူး။ မပြောရက်တော့ဘူး။ ပြောလည်း မပြောချင်တော့ဘူး။ မမက ကျွန်တော့်ကို ညှို့ ထားတယ်။ အစကတည်းက မမနဲ့ မတွေ့ခဲ့မိရင်လည်း အကောင်းသား၊ ကဲ … ကျွန်တော် သွားမယ်မမ၊ သွားတာ ကောင်းတယ်လို့ ထင်တယ်"

မမက သူ့လက်ကို လှမ်းဆွဲသည်။

"နေပါဦး မောင်လေးရယ်၊ ဒီလောက်စိတ်မတိုပါနဲ့၊ မမတောင်းပန်ပါတယ်။ တကယ်တော့ မမဟာ မောင်လေးနဲ့ မတန်ပါဘူး။ မောင်လေးအဖို့ ရိုးသားအပြစ်ကင်းတဲ့ မိန်းကလေးမျိုးနဲ့သာ တန်ပါတယ်။ ငယ်ငယ်ရွယ်ရွယ် သတ္တိကောင်းတဲ့ မိန်းကလေးနဲ့သာ တန်ပါတယ်။ မမက အသက်ကြီးပြီ၊ ထိုင်ပြီး ငေးဖို့ ငိုင်ဖို့ပဲ ရှိတော့တယ်။ မမဘဝက ငြီးငွေ့စရာကြီး၊ ဟာလာဟင်းလင်းကြီးပါ၊ ပျော်ပျော်နေချင်တဲ့ လူတစ်ယောက်အဖို့ ပျော်စရာ ရှာမတွေ့တာလောက် စိတ်ဆင်းရဲရတာ ဘာမှမရှိဘူး။ ဘဝက သူ့ကို ရယ်မောနေပြီ၊ သူက မရယ်နိုင်တော့ဘူး။ မမစကားကို အမေ့စကားလို နားထောင်ပါကွယ်၊ လူတွေရဲ့ အကြံဉာဏ်တွေ၊ ထင်မြင်ချက်တွေကို နားမထောင်နဲ့၊ နှလုံးသားရဲ့ ထင်မြင်ချက်ကို နားထောင်၊ လူတွေ လုပ်စေချင်တာကို မလုပ်နဲ့၊ ကိုယ့်နှလုံးသားက စေခိုင်းတာကိုလုပ်"

မမက ဖိုးမာနားလည်အောင် တစ်လုံးချင်းပြောပြနေသည်။ သူ့နှုတ်ခမ်းပေါ်တွင် အပြုံးကလေးတစ်ခု ရစ်ဝဲနေသည်။

"ဘဝဆိုတာ သိပ်ကြမ်းတမ်းခက်ထန်လွန်းပါတယ်။ လူတွေကို ရုပ်သေးရုပ်ကလေးတွေလို သူလိုချင်တဲ့ဇာတ်ကို အကခိုင်းတတ် တယ်၊ စိတ်ခိုင်တဲ့လူတွေသာ ဘဝဇာတ်ဆရာကို အာခံရဲတယ်။ လူရယ်လို့ဖြစ်လာရင် အတ္တရဲ့စေစားရာကို လိုက်နာကြရတယ်။ အတ္တကိုပဲ ကြောက်နေကြရတယ်။ လူဟာ တစ်ပြိုင်နက်တည်းပဲ တရားသူကြီးနဲ့လည်း တူတယ်။ ရာဇဝတ်ကောင်နဲ့လည်း တူတယ်။ သူ့ကိုယ်သူ ပြန်စွဲချက်တင်ပြီး သူ့ဖာသာသူ ပြန်လျှောက်လဲနေရတယ်။ လောကမှာ တစ်ယောက်တည်းလည်း နေလို့မဖြစ်တော့ သူမုန်းပါတယ်၊ စက်ဆုပ်ပါတယ်ဆိုတဲ့ လူတွေနဲ့ပဲ ပေါင်းဖော်နေရတယ်"

ဖိုးမာက မမကို တအံ့တဩ ကြည့်လိုက်သည်။

"မမ ဒီစကားတွေကို ဘာကြောင့် ပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး၊ မမပြောတာတွေက လျူဘာ ပြောတာတွေနဲ့သိပ်တူတာပဲ"

"လျူဘာဆိုတာ ဘယ်သူလဲ၊ သူကကော ဘာတွေ ပြောလို့လဲ"

"ကျွန်တော့် မွေးစားအဖေရဲ့သမီးပါ၊ လျူဘာလဲ ဒီလိုပဲ၊ လူ့ဘဝကြီးက ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ လူ့ဘဝကြီးမှာ မနေချင်တော့ဘူးနဲ့ ညည်းညူနေတာပဲ"

"ဒီလိုပြောရမှာ စိတ်ချမ်းသာလို့ နေမှာပေါ့ကွယ်"

"ညည်းရ ညူရတာ ဘာစိတ်ချမ်းသာစရာရှိလို့လဲ"

"သူပြောတာ နားထောင်၊ ညည်းညူတာတွေထဲမှာ မှတ်သားစရာတွေ၊ သိစရာတွေ ပါတယ်။ သိပ်သိရင် သိပ်စိတ်မချမ်းမသာ ဖြစ်ရတယ်"

ဖိုးမာက နားထောင်ရင်း အခန်းပတ်လည်ကို ေးကြည့်မိ သည်။ မမ၏ ဧည့်ခန်းသည် ယနေ့တစ်မျိုး ထူးခြားနေသည်။ ဧည့်ခန်း ထဲက မီးရောင်သည်ပင် ယနေ့ တောက်ပခြင်း မရှိ။ မှုန်မှိုင်းနေသည်ဟု ထင်ရသည်။ ဖိုးမာ သူ့မမအတွက် စိတ်မကောင်း။

"မမပြောတာတွေ ကြားရဲ့လား၊ မင်းကို မမ မောင်လေး သားလေး တော်ချင်တယ်၊ မမ ခုလို တစ်ခါမှ မငြီးငွေ့ဖူးဘူး။ ဒါတောင် မောင်လေးက မမကို မသနားဘူးနော်၊ မောင်လေး မမကို ယုံရဲ့လား ဟင်"

"ဟင့်အင်း၊ ကျွန်တော် မသိဘူး။ အရင်တုန်းကတော့ ယုံတယ်"

"ခုကော"

"ခုတော့ ဒါတွေ မပြောချင်ဘူး မမ၊ ကျွန်တော် ပြန်တာ ကောင်းမယ် ထင်တယ်။ ကျွန်တော် ဘာမှ နားမလည်ဘူး၊ ကျွန်တော့်ကိုယ်ကိုလည်း ကျွန်တော် နားမလည်ဘူး။ လာတုန်းကတော့ ပြောစရာစကားတွေ ရင်ထဲမှာ အပြည့်ပဲ၊ ဒါပေမဲ့ ဒီလဲရောက်ရော ဘာပြောရမှန်း မသိတော့ဘူး၊ မမ မျက်နှာမြင်လိုက်ရတော့ ကျွန်တော့် စိတ်တွေ တစ်မျိုး ဖြစ်သွားတယ်။ ခုတော့ မမက သားလေးလို ချစ်ချင်တယ်လို့ ပြောပြီး ကျွန်တော့်ကို အမှည့်ခွေ ခွေလိုက်ပြီပေါ့"

"မောင်လေးအတွက် မမ စိတ်မကောင်းဘူးလို့ ပြောတယ် မဟုတ်လား"

မမက ခပ်တိုးတိုး ပြောသည်။

ဖိုးမာက စိတ်ပျက်လာသည်။ ပြောရင်း ဆိုရင်း သူ့အသံက လှောင်သံပါလာသည်။

"ဘာ စိတ်မကောင်းတာလဲ၊ ကျွန်တော့်အတွက် ဘာမှ စိတ်မကောင်းစရာ မလိုပါဘူး။ ကြက်မကြီးက ကြက်ကလေး လှည့်စားသလို လှည့်စား၊ အရုပ်ကလေးလို ဆော့ကစားပြီးမှ သနားတယ်တဲ့၊ ရယ်ချင်တယ်"

"မမ မောင်လေးနဲ့ နေချင်ပါတယ်ကွယ်၊ ဒါပေမဲ့"

ဖိုးမာက စကားဖြတ်ပြောသည်။

"မမဟာ ကျွန်တော့်ကို လှည့်စားပြီး ကျွန်တော် သိသွားတဲ့အခါကျတော့ သနားချင်ယောင် ဆောင်တယ်။ ကံကို အပြစ်ဆိုတယ်။ ဘဝဟာ ဘာဖြစ်တယ်၊ လောကကြီးက ဘာဖြစ်တယ်ဆိုပြီး ထမင်းရေပူလျှာလွှဲ လုပ်တယ်။ ဘဝကို အပြစ်ဆိုစရာ ဘာမှမရှိဘူး။ ဘဝဆိုတာ လူတွေပဲ။ လူတွေ မရှိတဲ့ နေရာမှာ ဘဝမရှိဘူး။ မမက ဘဝကို တစ္ဆေရုပ်ကြီးဖြစ်အောင် လုပ်ပြပြီး ကျွန်တော့်ကို ခြောက်နေတယ်။ ဒါက ဘာလဲ၊ ကိုယ့်အပြစ်ကို ဖုံးချင်လို့၊ လူတွေကို လိမ်ချင်လို့ မဟုတ်လား။ မမတို့ဟာ အားရအောင် ပျော်ကြ၊ အားရအောင် ဇိမ်ခံကြပြီးတော့ ဘဝဟာ ဘာဖြစ်တယ်၊ လောကကြီးဟာ ဘာဖြစ်တယ်ဆိုပြီး ညည်းညူနေကြတာနဲ့ အချိန်ကုန်တာပဲ။ ဘဝဟာ ရက်စက်တယ်၊ ဆိုးတယ်လို့ မမတို့က ပြောတယ်။ ဘယ်သူက ဆိုးအောင်လုပ်တာလဲ၊ မမတို့ပဲ လုပ်ကြတာ မဟုတ်ဘူးလား၊ ခုတော့ မမတို့က ကိုယ့်အပြစ်ကိုဖုံးပြီး ဘဝကို လုံးလုံးအပြစ်ဖို့ကြတယ်။ မမ ပျင်းတာနဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ အပျော်ကစားရသလဲ၊ မမ ဒုက္ခရောက်သလို ကျွန်တော် ဒုက္ခရောက်အောင် လုပ်တာလား၊ မမဟာ လှသလောက် ရက်စက်တယ်၊ ချောသလောက် ယုတ်မာတယ်၊ တကယ်ပဲ"

ဖိုးမာ ပါးစပ်က စကားတွေ အစီအရီ ထွက်လာကြသည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။

မမက သူ့ကို မျက်လုံး အဝိုင်းသားဖြင့် မော့ကြည့်နေသည်။ နှုတ်ခမ်းများက တွန့်နေသည်။ နှုတ်ခမ်းတစ်ဝိုက်တွင် အရေတွန့်များ ထင်လာကြသည်။

"လှတဲ့ မိန်းမဟာ လှလှကလေး နေရတယ်ဗျ၊ ခုတော့ ကျွန်တော် မပြောလိုက်ချင်ဘူး၊ သွားမယ်"

ဖိုးမာ ချာခနဲ လှည့်ထွက်လာသည်။ တံခါးဝ အရောက်တွင် သူ့မမကို သနားလာသဖြင့် လှည့်ကြည့်သည်။ မမက အခန်းထဲတွင် ခေါင်းငိုက်စိုက်ကျကာ အရုပ်ကြိုးပြတ်လို ရပ်နေသည်။

ဖိုးမာ သနားသွားသည်။ ဖြေသိမ့်စရာ စကားကလေး တစ်ခွန်းလောက်တော့ ပြောခဲ့ချင်သေးသည်။

"မမ စိတ်ဆိုးသွားသလား၊ ကျွန်တော် တောင်းပန်ပါတယ်။ မမကို ကျွန် ကျွန်တော် ချစ်တယ်"

ဖိုးမာက သက်ပြင်းချသည်။ မမက ခပ်ဆန်းဆန်း ရယ်သည်။

"စိတ်မဆိုးပါဘူးတဲ့ ရှင်၊ မဆိုးပါဘူးတဲ့"

"ဒါဖြင့် ကျွန်တော် သွားတော့မယ် မမ"

ဖိုးမာက ရောင်စုံပုတီးစေ့ ခန်းဆီးကို တိုးထွက်လိုက်သည်။ ပုတီးစေ့များက သူ့ပါးကို လာထိကြသည်။ ပိုက်ကွန် တစ်ခုထဲ ရောက်သွားသလို ဖိုးမာ လန့်သွားသည်။

အပြင်တွင် မှောင်စပြုနေပြီ။ လရောင်က မှုန်မှိုင်းနေသည်။ လမ်းဘေးက အိမ်များသည် မည်းမှောင်နေကြသည်။ လရောင်က သစ်ရွက်များကြားမှ ထိုးကျနေသဖြင့် အရိပ်များသည် အဆန်းတကြယ် ဖြစ်နေကြသည်။ လက်ချောင်းသေးသေးကလေးများဖြင့် မြေကြီးကို တွယ်ဖက်နေသည်နှင့် တူသည်။

သည်အချိန်တွင် မမ ဘာလုပ်နေမည်နည်း။ သူထွက်လာတော့ မမတစ်ယောက်တည်း အခန်းထဲတွင် အရုပ်ကြိုးပြတ်ကျန်ရစ်ခဲ့သည်။ အကောင်းဆုံးက မမကို မေ့ရမည်။ ထို့ကြောင့် မေ့ပစ်ရန် ကြိုးစားကြည့်သည်။

သို့ရာတွင် မေ့၍မရ။ မေ့ဖို့ကြိုးစားခါမှ မမက သူ့ရင်တွင် ကြီးစိုးလာသည်။ မမကို သနားလည်းသနားသည်။ စိတ်လည်း ဆိုး သည်။ သူ့ရင်ထဲတွင် မမကြီးစိုးနေပုံမှာ ဆိုဖွယ်မရှိတော့။ မမခန္ဓာကိုယ် တစ်ခုလုံး သူ့ရင်ထဲတွင် ပုန်းလိုက်လာသလောဟုပင် ထင်ရသည်။

သူ့အနီးမှ မြင်းရထားတစ်စီး ဖြတ်သွားသည်။ ခရီးသည်တစ်ယောက် ပါသွားသည်ကို ဖိုးမာ မြင်လိုက်သည်။ ရထားစီးနှင့် ရထားသမား၏ ခန္ဓာကိုယ်များသည် ယိမ်းထိုးနေကြသည်။ သူတို့သွားနေ သည့် ခရီးကို သူတို့သိပါလေစဟု ဖိုးမာ တွေးမိသည်။ တကယ်၌ သူ သွားနေသည့် ခရီးကိုလည်း သူမသိ။

ဖိုးမာ၏ စိတ်သည် သူ့အိမ်ကို ရောက်သွားသည်။ အရီးကို အမှတ်ရသည်။ အရီးက သီလရှင်ကျောင်းတွင် အချိန်ကုန်သည်။ သီလရှင်ကျောင်းတွင်ပင် ခေါင်းချတော့မည်လော မပြောတတ်။ အိမ်တွင် ဒရဝမ်၊ ထမင်းချက်နှင့် ခွေးတစ်ကောင်သာ ရှိတော့သည်။ ဒရဝမ်ကလည်း အိုပြီ။ ထမင်းချက် မိန်းမကြီးကလည်း အိုပြီ။ ခွေးကလည်း အိုလှပြီ။

မိန်းမယူရလျှင် ကောင်းမည်လောဟု ဖိုးမာ တွေးသည်။ မိန်းမယူမည့်အကြောင်း သူ့မွေးစားအဖေကို မနက်ဖြန် ဖွင့်ပြောမည်။ သည်လိုဆိုလျှင် သူ့ဘဝသည် စိုပြည်လာတော့မည်။ သူ့အိမ်တွင် မိန်းမသားတစ်ဦး တိုးလာတော့မည်။ သူ့အနားတွင် အဖော်တစ်ဦး ရတော့မည်။ အတူ လမ်းလျှောက်ကြမည်။ အတူ ထမင်းမြိန် စားကြမည်။ သူ့မိန်းမက သူ့အလိုကျ လုပ်ပေးလိမ့်မည်။

သူနှင့်သိသည့် မိန်းကလေးများကို ဖိုးမာ စဉ်းစားကြည့်သည်။ အချောအလှတွေ ပါသည်။ သူက လက်ထပ်လိုသည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ လက်ခံမည့်သူတွေ တစ်ပုံကြီးရှိသည်။ သို့ရာတွင် သူတို့အထဲက တစ်ယောက်ကိုမျှ ဖိုးမာ အကြိုက်မတွေ့။

လင်မယားဖြစ်၍ အိပ်ရာထဲရောက်လျှင် ဘာတွေ ပြောမည်နည်းဟု ဖိုးမာ စဉ်းစားကြည့်သည်။ သူ့အဖို့ ပြောစရာစကားရှာမတွေ့။ ဖိုးမာ ကိုယ့်အတွေးကိုယ်သဘောကျ၍ ရယ်သည်။ လျူဘာနှင့်ဆိုလျှင် လျူဘာက စကားတတွတ်တွတ် ပြောလိမ့်မည်။ သို့ရာတွင် လျူဘာ့စကားလုံးတွေက စာအုပ်ထဲက စကားလုံးတွေ ဖြစ်သည်။ ကိုယ်ပိုင်စကားမဟုတ်။ အငှားစကားတွေ ဖြစ်သည်။ စကားမျှမက အတွေးများကလည်း သူများဆီက ငှားထားသည့် အတွေးများဖြစ်သည်။ သည်အရွယ်တွင် သည်စကားမျိုးတွေ ပြောသည်ကို ဖိုးမာ ဘဝင်မကျချင်။

လျူဘာ့အကြောင်းကို တွေးရင်း လျူဘာ့စကားတွေကို အမှတ်ရလာသည်။ ရင်းရင်းနှီးနှီး လူတော်တော်များများကို ဖိုးမာတွေ့ဖူးပြီ။ သူတို့အားလုံး ဘဝအကြောင်းကို တဖွဖွ ပြောကြသည်။ အဖေကလည်း ဘဝအကြောင်းကို ပြောသည်။ အရီးကလည်း ပြောသည်။ မွေးစားအဖေကလည်း ပြောသည်။ လျူဘာကလည်း ပြောသည်။ မမကလည်း ပြောသည်။ သူတို့ အားလုံး ဘဝကို ညည်းကြသည်။ ဘဝကို နားလည်အောင် ကြိုးစားဖို့ သူ့ကို သင်ကြသည်။

"လူ့ဘဝဆိုတာ ဘာလဲ၊ လူတွေဟာ ဘဝမဟုတ်ဘူးလား၊ လူတွေကိုမှ ဘဝလို့မခေါ်ရင် ဘာကိုသွားခေါ်ရမှာလဲ၊ ဒါပေမဲ့ လူတွေ

ပြောနေပုံကတော့ ဘဝဆိုတာ သူတို့နဲ့တခြားစီရှိနေတဲ့အရာလို့ ပြောနေကြတယ်”

ဟု ဖိုးမာ ကိုယ့်ကိုယ်ကို မေးမိသည်။ ဖိုးမာ ကြက်သီးတွေ ထလာသည်။ သူ့ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။ လမ်းမကြီး တစ်ခုလုံး တိတ်ဆိတ်နေသည်။ အိမ်ပြတင်းပေါက်မည်းမည်းကြီးများ က လမ်းမကို ပြူးကြည့်နေကြသည်။ ဖိုးမာ၏ အရိပ်သည် ဝင်းထရံများ ခြံစည်းရိုးများပေါ်တွင် ရိပ်ခနဲ ကပ်ပါလာကြသည်။

ဖိုးမာက ခြေလှမ်းခပ်သွက်သွက် လျှောက်လာကာ ရထားတစ်စီးကို လှမ်းခေါ်သည်။ သူ့အရိပ်သည် သူ့နောက်က တိတ်တဆိတ် ကပ်လိုက်လာသည်။

***

(၇)

မမနှင့် နောက်ဆုံးတွေ့ခဲ့သည်မှာ တစ်ပတ်ကြာသွားပြီ။ မမ ရုပ်သွင်ကို ဖျောက်၍မရ။ မမကို သွားတွေ့ချင်သည်။ မမအနားမှာ နေချင်သည်။ သို့ရာတွင် အားတင်းကာ အလုပ်ကို ဖိလုပ်သည်။

ယခုတစ်ခေါက် သွားတွေ့လျှင် မမသည် တစ်မူပြောင်းနေမည်လား မပြောတတ်။ အရင်ကလိုမှ ဆက်ဆံပါတော့မည်လော မပြောနိုင်။ အရင်ကလို အပြုံးမျိုးဖြင့် ဆီးကြိုမှ ဆီးကြိုပါတော့မည်လော မသိ။ ထို့ကြောင့် မမဆီကို မသွားဖြစ်အောင် အားတင်းသည်။

"ဟော့ ဖိုးမာ၊ ရှူးရှေ့ ပွဲစားတန်းကဆိုင်ကို လာသွားတယ်။ မင်းနဲ့ တွေ့ချင်လို့တဲ့"

တစ်နေ့နံနက်တွင် မွေးစားအဖေ မာယာခင်က ပြောသည်။

"ညကျရင် သွားတွေ့လိုက်ပေါ့ကွာ၊ သူပြောတာ နားထောင်ခဲ့၊ ကိုယ်ကတော့ ဘာမှ မပြောခဲ့နဲ့၊ မင်းအလုပ်အကြောင်းကို မေးလိမ့်မယ် ထင်တယ်။ အဘိုးကြီးက လူလိမ်လူကောက်ကြီး၊ မျက်လုံးက ကောင်းကင်ကို မော့ကြည့်ချင်ဟန်ဆောင်ပြီး မင်းအိတ်ထဲက ပိုက်ဆံအိတ်ကို နှိုက်သွားမယ့်ပုံမျိုး"

"ကျွန်တော်တို့ သူ့ကို ပိုက်ဆံပေးစရာရှိသေးသလား"

"ကတ္တူတစ်စင်းဖိုးရယ်၊ ထင်းတစ်သောင်းရယ် ပေးစရာရှိ တယ်။ ပိုက်ဆံတောင်းရင် ချက်ချင်းမပေးခဲ့နဲ့။ ပိုက်ဆံဆိုတာ အလွန် ကပ်စေးနဲတဲ့ ပစ္စည်း၊ လက်ထဲကို မြဲမြဲဆုပ်ထားလေ တိုးလေပဲ"

"သူကတောင်းရင် ဘယ်ငြင်းလို့ကောင်းမလဲ ဦးလေးရ"

"တောင်းတောင်းကွာ၊ မပေးခဲ့နဲ့"

ရှူးရှော့က လူချမ်းသာ သစ်ကုန်သည်ကြီးတစ်ဦး ဖြစ်သည်။ သစ်စက်ကြီးတစ်လုံး ပိုင်သည်။ စက်လှေများစပ်သည်။ သစ်ဖောင်မျှော သည်။ ရှူးရှော့က ဖိုးမာ့အဖေနှင့် အဆက်အဆံ ရှိခဲ့ဖူးသည်။ သူ့ကို ဖိုးမာငယ်ငယ်က မကြာခဏ မြင်ဖူးနေသည်။ ထောင်ထောင်မောင်း မောင်း၊ လက်တံရှည်ရှည်နှင့် ဖြစ်သည်။ မုတ်ဆိတ်တွေ ဖြူနေပြီ။ ဥပဓိ ရုပ် ကောင်းကောင်း၊ အရပ်ထောင်ထောင် မောင်းမောင်းနှင့်ဖြစ်၍ ဖိုးမာက သူ့ကို သဘောကျသည်၊ လေးစားသည်။ တချို့ကမူ ရိုးရိုးသားသား ကြီးပွားလာခြင်းမဟုတ်ဟု ပြောကြသည်။ တောတွင်သွား၍ ဘာတွေ လုပ်နေမှန်း မသိဟု ဆိုကြသည်။

ရှူးရှော့ အကြောင်းကို အဖေပြောပြဖူး၍ ဖိုးမာ သိနေသည်။ ရှူးရှော့ ငယ်ငယ်တုန်းက လယ်ကူလီဖြစ်သည်။ ထောင်ပြေးတစ် ယောက်ကို အိမ်တွင် တိတ်တိတ်လက်ခံကာ ထောင်ပြေးနှင့်ပေါင်း၍ ငွေစက္ကူတုလုပ်သည်။ ဤနည်းဖြင့် ချမ်းသာလာခြင်းဖြစ်သည်။ တစ်နေ့ သူ့အိမ်က အခန်းကလေးကို မီးလောင်သည်နှင့် ငွေစက္ကူတုလုပ်သည့် အခန်းထဲမှ မီးကျွမ်းနေသော အလောင်းတစ်လောင်းနှင့် ခေါင်းခွံတစ်ခု တွေ့ရသည်။ ရှူးရှော့က သတ်၍အလောင်းကို မီးနှင့်ရှို့သည်ဟု ရွာက သမုတ်ကြသည်။ မြို့က လူချမ်းသာများကိုလည်း ထိုအတိုင်း သမုတ်ကြ သည်။ လူချမ်းသာ ဟူသမျှသည် လူသတ်ခြင်း၊ ခိုးဝှက်ခြင်း၊ ငွေတုလုပ် ခြင်း စသည့်နည်းများဖြင့် သန်းချီချမ်းသာလာကြသလောဟု ထင်ရ သည်။ လူချမ်းသာများ၏ အကြောင်းကို ဖိုးမာ ငယ်ငယ်ကတည်းက ကြားခဲ့ဖူးသည်။ ကြားသည့်အတိုင်း ဟုတ်မဟုတ်ကို ဖိုးမာ အမြဲတမ်း စဉ်းစားသည်။ ယခုတိုင် အဖြေမပေါ်သေး။

ရှူးရှော့တွင် မယားနှစ်ယောက် ရှိခဲ့ဖူးသည်ဟု ဖိုးမာ ကြားဖူး သည်။ ပထမတစ်ယောက်မှာ လက်ထပ်ပြီးသည့်ည သူ့ရင်ခွင်ထဲမှာပင် သေသွားသည်။ နောက်မယားမှာ သူ့သားမိန်းမကို ကောက်ယူခြင်း ဖြစ် သည်။ သူ့သားက စိတ်ညစ်ညစ်ဖြင့် အရက်သောက်ပြီးနောက် တောရ ကျောင်း တစ်ကျောင်းတွင် ဘုန်းကြီးဝတ်သွားသည်။ ထိုမိန်းမသေပြီး နောက် ရှူးရှော့သည် စန္ဒာလန္ဓယ်ထဲက စကားမပြောတတ်သည့် မိန်း ကလေးတစ်ယောက်ကို တိတ်တိတ်ပုန်း ခေါ်တော်တင်ထားသည်။ သူနှင့် ကလေးတစ်ယောက် မွေးသည်။

ဖိုးမာသည် ထိုညက ရှူးရှော့ဆီသွားရင်း လမ်းတွင် သူကြားဖူးသည့် ရှူးရှော့၏ အကြောင်းကို တွေးလာသည်။

ရှူးရှော့က တည်းခိုရိပ်သာတစ်ခုတွင် တည်းနေသည်။ ဖိုးမာရောက်သွားသည့်အခါတွင် ရှူးရှော့က ခုတင်တစ်လုံးပေါ်တွင် ထိုင်နေသည်။ သူ့မုတ်ဆိတ်မွေးဖြူဖြူများက ဒူးပေါ်သို့ ဝဲကျနေသည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ ဦးကြီး၊ နေကောင်းတယ်နော်"

ရှူးရှော့က သူ့ဘက်လှည့်ကာ မျက်လုံးများကို မှေးကြည့်သည်။

"ဂေါ်ဒီယက်ရဲ့သားလား"

"ဟုတ်ပါတယ် ခင်ဗျ"

"ထိုင် ထိုင်၊ လက်ဖက်ရည် သောက်မလား"

ရှူးရှော့က လက်ဖက်ရည် မှာလိုက်ပြီးနောက် မုတ်ဆိတ်ကို လက်ဖြင့်ကိုင်၍ ဖိုးမာကို တိတ်ဆိတ်စွာ ကြည့်နေသည်။ ဖိုးမာကလည်း စိုက်ကြည့်နေသည်။

ရှူးရှော့က အသက်ကြီးလှပြီ။ သူ့နဖူးကျယ်ကြီးတွင် အရေတွေ တွန့်နေပြီ။ ဖြူဖွေးသည့် ဆံပင်များက ခွေလိပ်ကျကာ နားထင်ပေါ်တွင် ဝဲနေကြသည်။ မျက်လုံးများက မှုန်ငေးကာ အမြော်အမြင်ကြီးခြင်းကို ဖော်ပြသကဲ့သို့ ရှိသည်။ မြင့်မြတ်ခြင်းကို ဖော်ပြနေသည်ဟု ထင်ရသည်။ နှုတ်ခမ်းများက ထူ၍ နီရဲသည်။ နှာယောင်က အဖျားတွင် ကောက်သွားကာ မုတ်ဆိတ်ဖြူဖြူထဲတွင် ပျောက်သွားသည်။ သူ့နှုတ်ခမ်းများကို ကြည့်၍ လူတွေ ပြောသည့်အတိုင်း ဟုတ်လိမ့်မည်ဟု ဖိုးမာ ဆုံးဖြတ်သည်။

"ငယ်ငယ်တုန်းကတော့ မင်း အဖေနဲ့ သိပ်တူတာပဲ။ မင်း အဖေ့ရုပ်ကို မှတ်မိသေးရဲ့လား၊ အေး … ကောင်းရာသုဂတိ ရောက်အောင် ဆုတောင်း အမျှအတန်း ဝေပေါ့ကွယ် ကြားလား၊ ခမြာမှာ အကုသိုလ်တွေ များသွားရှာတယ်။ ကုသိုလ်ပြုဖို့တောင် အချိန်မရလိုက်ဘူး။ ရုတ်တရက် သေသွားရှာတယ်။ ဒုစရိုက်တွေ အကုသိုလ်တွေ ငမိုက်သားတွေ"

"အဖေဟာ သူများတကာတွေထက် အကုသိုလ် ပိုများသလား ဦးကြီး"

"သူများတွေ ဆိုတာက"

"တခြားလူတွေပေါ့ ဦးကြီးရယ်"

"လောကမှာ မင်းအဖေထက် အကုသိုလ်များတဲ့ လူကတော့ တစ်ယောက်ပဲရှိတယ်။ အဲဒီလူကတော့ မင်းမွေးစားအဖေ မာယာခင်ပဲ"

"တကယ်လား ဦးကြီး"

"ငါ သိတာပေါ့ကွာ၊ ဦးကြီးတို့လည်း ငယ်ငယ်တုန်းကတော့ အကုသိုလ်တွေ လုပ်ခဲ့တာပဲ၊ ငယ်တုန်းကိုး၊ လောဘတွေ ဒေါသတွေ မောဟတွေ သက္ကာယဒိဋ္ဌိတွေ ဖိစီးတုန်း၊ ဒါပေမဲ့ မင်းမွေးစားအဖေကတော့ ဒီအသက်အရွယ်ထိ ရောက်တော့လည်း အကုသိုလ်တွေ များတုန်းပဲ၊ ဘုရားတရားကိုလည်း မယုံဘူး။ အင်း တစ်နေ့တော့ ဘေးတွေ့လိမ့်မယ်"

"တကယ်"

"တကယ်ပေါ့၊ ဘာလဲ မင်းက ဦးကြီး ပြောတာကို မယုံဘူး လား၊ ဦးကြီးက ပရောဟိတ်မဟုတ်ဘဲနဲ့ ရှေ့ဖြစ် ဟောနေတယ် ထင် သလား၊ ဦးကြီးလို အကုသိုလ် ဒုစရိုက်တွေ ကျူးလွန်ခဲ့ဖူးတဲ့ လူတွေဟာ လောကကြီးအကြောင်းကို နောကျေနေပြီ။ ကြည့်တတ်ရင် အကုသိုလ်ဆိုတာ ဆရာပဲ၊ ဒါကြောင့် မာယာခင်ဟာ ရှစ်စပ်က လည်နေတာပေါ့"

တည်းခိုခန်းစောင့်က လက်ဖက်ရည် လာပို့သည်။ ရှူးရှော့က ဖိုးမာကို မကြည့်ဘဲ–

"မင်းက မာနကြီးလွန်းတယ်။ လူတွေကို အထင် သေးလွန်းတယ်၊ ဟိုတုန်းကတော့ လူတွေကလည်း ရိုးသားကြတယ်။ အလုပ်အကိုင်တွေကလည်း ရိုးသားကြတယ်။ အကုသိုလ် ဆိုတာကလည်း ရိုးရိုးသားသား အကုသိုလ်တွေပဲ၊ ခုခေတ်လို ပွေလီဆန်းပြားတာတွေ မရှိဘူး"

ရှူးရှော့က လက်ဖက်ရည်ငုံ့ကာ ဖိုးမာဘက်သို့ လှည့်သည်။

"မင်း အရွယ်တုန်းကဆိုရင် မင်းအဖေဟာ လေ့ထိုးသား၊ အလွန် ရိုးတယ်။ တစ်ခါတွေ့ရုံနဲ့ ဘယ်လိုလူလဲဆိုတာ အကဲခတ်လို့ ရတယ်။ ဒါပေမဲ့ ခု မင်းကျတော့ ဦးကြီးတစ်ခါမြင်ရုံနဲ့ အကဲခတ်လို့ မရတော့ဘူး။ မင်းကိုယ်မင်းလည်း သိပုံမရဘူး။ လူဟာ ကိုယ့်ကိုယ်ကို သိရမယ်။ မသိရင် ပျက်စီးလိမ့်မယ်။ ခုခေတ်လူတွေ ပျက်စီးကြတယ်ဆိုတာ ကိုယ့်ကိုယ်ကို မသိလို့ပဲ။ လူ့ဘဝဆိုတာ မှော်ရုံတောကြီးနဲ့ တူတယ်။ လမ်းရှာတတ်ရမယ်။ မရှာတတ်လို့ လမ်းပျောက်သွားရင် ကျားစာဖြစ်လိမ့်မယ်။ ဒါထက် နေပါဦး၊ မင်းမှာ အိမ်ထောင်ကော ရှိပလား"

"မရှိသေးဘူး ခင်ဗျ"

"ဩော် ... အိမ်ထောင်မကျသေးဘဲကိုး၊ ခုခေတ် လူငယ်ဆို တော့ စုံတော့ စုံရော့ပေါ့နော်၊ အလုပ်အကိုင်ကိုကော ဂရုစိုက်ရဲ့လား"

"စိုက်ပါတယ်။ ခု မွေးစားအဖေနဲ့ တွဲလုပ်နေပါတယ်"

အဘိုးကြီးက ခေါင်းကို ဖြည်းလေးစွာ ယမ်းသည်။

"ခုခေတ် အလုပ်ဆိုတာကလည်း တစ်မျိုးပါကွယ်၊ ဟိုခေတ် တုန်းကတော့ ကုန်သည်ဆိုတာ မြင်းတစ်စီးနဲ့ တောရွာတွေအနှံ့သွားရ တယ်။ မိုးထဲလေထဲ သွားရတဲ့အခါလည်း ရှိရဲ့၊ တစ်ခါတလေလည်း ဓားပြသတ်တာ ခံရတာပဲ၊ ခုခေတ်တော့ မီးရထားတွေနဲ့ သွား၊ ကုန်တိုက် ခွဲတွေ ဖွင့်၊ ကိုယ်စားလှယ်တွေ ခန့်နဲ့ အတော်ပြောင်းလဲသွားပြီ၊ ခုဆိုရင် တစ်မြို့နဲ့ တစ်မြို့ ကြေးနန်းကြိုးနဲ့ လှမ်းစကားပြောနိုင်ကြပြီ၊ ဟိုတုန်းက ကုန်သည်တွေလို နင်လားငါလား မလုပ်ရတော့ဘူး၊ စားပွဲနဲ့ ကုလား ထိုင်နဲ့ထိုင်ပြီး ဇိမ်နဲ့လုပ်ရုံပဲ၊ စက်တွေကလည်း ပေါ်လာတော့ လူလုပ် စရာ ဘာမှ မရှိတော့ဘူး။ အဲ ... လူဟာ အလုပ်မရှိရင်၊ ပျက်စီးတော့ တာပဲ။ အလုပ်လုပ်စရာ မရှိတော့ စိတ်က မကောင်းတဲ့ဘက်ကိုချည်း ရောက်နေတော့တာပဲ။ သူကတော့ စက်တွေက ငါ့အလုပ် လုပ်ပေးနေ ပြီဟဲ့ ဘာဟဲ့နဲ့ ကျေနပ်နေတာပေါ့။ ဒါပေမဲ့ စက်ဆိုတာ မကောင်းဆိုးဝါး ကောင်၊ မာရ်နတ်ရဲ့ လက်နက်၊ လူဟာ အလုပ်လုပ်နေရင် မကောင်းမှု လုပ်ဖို့ အချိန်မရှိဘူး။ ခု သူ့အတွက် စက်တွေက အလုပ်လုပ်ပေးတော့ မကောင်းမှု လုပ်စရာအချိန်တွေ ရသွားတာပေါ့၊ လူဟာ အချုပ်အနှောင် မရှိ လွတ်လပ်လာရင် ပျက်စီးတော့တာပဲ"

အဘိုးကြီးက တစ်လုံးချင်းပြောရင်း စားပွဲကို လက်ချောင်းဖြင့် ခေါက်နေသည်။ သူ့မျက်နှာက ဝင်းထိန်နေသည်။ သူ့ရင်ထဲက နိမ့်ချည် မြင့်ချည် ဖြစ်နေသည်။

သူ့စကားများကို နားထောင်ရင်း ဖိုးမာ ကျောစိမ့်သည်။

"ခု မင်းတို့ခေတ်မှာ လူတွေဟာ လွတ်လပ်မှုကြောင့် ပျက်စီး ကုန်ကြပြီ၊ မင်းတို့ ခွန်အားတွေကို မာရ်နတ်က လုသွားပြီ၊ လက်ထဲမှာ စက်ယန္တရားတွေ ထည့်ပေးခဲ့ပြီးပြီ၊ ဒါကြောင့် ခုခေတ် လူငယ်တွေဟာ သူတို့အဖေတွေ ခေတ်ကလို မဟုတ်တော့ဘူး။ ပျက်စီးကုန်ကြပြီ။ လွတ် လပ်လွန်းတော့ အရက်သောက် မိန်းမလိုက်နဲ့ အချိန်ကုန်နေကြတယ်"

"ဟိုတုန်းကလည်း ဒီလို အရက်သောက်ကြတာပဲ မဟုတ်ဘူး လား ဦးကြီး"

"အဲဒီတုန်းက လူတွေက လူသန်တွေကွ၊ မင်းတို့ ခေတ်လို

လူပျော့တွေ မဟုတ်ဘူး။ ကိုယ် ခွန်အားရှိသလောက် ပျော်ကြ ပါးကြတာ၊ ဒီတော့ ငါ့တူလည်း ကြီးပြီ၊ လောကကြီးမှာ ဘယ်လိုနေရထိုင်ရမယ် ဆိုတာကို စဉ်းစား၊ မင်းတို့က ရှေ့လျှောက်လူလုပ်ရဦးမယ်၊ ဦးကြီးတို့က တော့ ကြီးပြီ"

တစ်ခန်းလုံး တိတ်နေသည်။ လမ်းမမှ ရထား ဖြတ်သွားသံ၊ စကားပြောသံများကို ကြားရသည်။ အဘိုးအိုက လက်ဖက်ရည် ပန်းကန်ကို ငုံ့ကြည့်ရင်း မုတ်ဆိတ်မွေးများကို ပွတ်နေသည်။

"မင်း အဖေမရှိတော့ အားမငယ်ဘူးလား"

"ကျွန်တော် ခု နေတတ်သွားပါပြီ ဦးကြီး"

"အေး ... မင်းလည်း လူချမ်းသာပဲ၊ မင်း မွေးစားအဖေ ဆုံးရင် ပိုပြီး ချမ်းသာလာမှာပေါ့။ သူ့မှာ သမီးတစ်ယောက်ရှိတယ် မဟုတ်လား၊ သူ့သမီးကို ယူလိုက်ရင် ရှိတဲ့ဥစ္စာ ကိုယ်ရတာပေါ့၊ ခုထိ မင်း ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ၊ ပွေလို့ကောင်းတုန်းလား"

"မဟုတ်ပါဘူး ဦးကြီး"

"သစ်ခုတ်သမား တစ်ယောက်က ပြောဖူးတယ်။ ဟုတ်တာ မဟုတ်တာတော့ အပထားပေါ့။ ခွေးတွေဟာ အရင်တုန်းက ဝံပုလွေဘဝ က လာတာတဲ့။ နောင်ကျမှ ခွေးဖြစ်လာတာတဲ့။ ခုလည်း ဒီလိုပဲ။ တို့ကုန် သည်ပွဲစား လူတန်းစားဟာ တဖြည်းဖြည်း ဇီဝိန်ချုပ်နေပြီ။ တဖြည်း ဖြည်း ခွေးဖြစ်နေပြီဆိုပါတော့၊ ခုဆိုရင် ကုန်သည်ပွဲစား သားသမီးတွေ ပညာသင်ကုန်ကြပြီ။ အဝတ်အစားကလည်း ခေတ်ဆန်ကုန်ကြပြီ၊ ကုန် သည်ပွဲစား သားသမီးနဲ့ အရာရှိ အရာခံသားသမီး ခွဲခြားလို့ မရတော့ဘူး။ ခုခေတ်က သားသမီးကို ကျောင်းပို့ကုန်ကြပြီ။ ကျောင်းသားတွေ အားလုံး အဝတ်ဆင်တူဝတ်ကုန်ကြပြီ။ ကုန်သည်သားသမီး၊ အရာရှိသားသမီး၊ လက်လုပ်လက်စား သားသမီး မခွဲခြားတော့ဘူး။ ရောထွေးကုန်ကြပြီ။ ကလေးတွေကို အရောင်တစ်ရောင်တည်း ခြယ်ကြမယ်ပေါ့လေ၊ လူတွေ ကို သစ်ပင်စိုက်သလို မွေးယူကြမယ်ပေါ့။ ဘာရည်ရွယ်ချက်နဲ့ လုပ်နေ ကြတာလဲဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူး။ ဦးကြီးတို့ ခေတ်က ကုန်ပြီ၊ ပြန်မလာတော့ဘူး။ နောင် အနှစ်ငါးဆယ်လောက်ဆိုရင် ရှူးရှော့ ဆိုတဲ့ သစ်ကုန်သည်တစ်ယောက်ကို ဘယ်သူကမှသိကြတော့မှာ မဟုတ် ဘူး။ ဦးကြီး ငယ်ငယ်တုန်းက လယ်သမား၊ မြေလေး နှစ်ဧကလောက်ပဲ ရှိတယ်။ ခုကျတော့ ဦးကြီးမှာ မြေဧက ထောင်နဲ့ချီ ရှိနေပြီ၊ ငွေဆိုတာ လည်း သန်းနဲ့ချီရှိနေပြီ"

"လူတွေဟာ တစ်ခါလာလည်း ငွေအကြောင်းကိုပဲ ပြောနေကြတယ်။ ငွေက ဘယ်လောက်များ ချမ်းသာသုခကို ပေးနိုင်လို့လဲ ဦးကြီး"

ဖိုးမာက စိတ်တိုတိုဖြင့် မေးသည်။

"ငွေမှာ တန်ခိုးအာဏာရှိတယ်။ ငွေမှာ ဘယ်လောက်တန်ခိုးအာဏာရှိတယ် ဆိုတာကို မသိရင် မင်း ပြာပုံ ဝပ်သွားရမှာပေါ့"

"ဒါကို ဘယ်သူသိသလဲ"

"ငါ သိတယ်၊ စဉ်းစားဉာဏ်ရှိသူတိုင်း သိတယ်။ မင်း မွေးစားအဖေ မာယာခင်လည်း သိတယ်။ ငွေဆိုတာ ဘာလဲ၊ ငွေဆိုတာ အရာရာကို ပြီးမြောက်စေတဲ့ အရာဖြစ်တယ်။ ငွေထုပ်ကြီးကို မင်းလက်ထဲ ကိုင်ထားပြီး ရပ်ကြည့်ပါလား၊ အဲဒီအခါမှာ ငွေဟာ ဘယ်လောက် တန်ခိုးရှိတယ်၊ ဘယ်လောက် အာဏာရှိတယ်ဆိုတာ မင်းသိလာလိမ့်မယ်။ ငွေဟာ လူတွေရဲ့ ဦးနှောက်ဆိုရင်လည်း ဟုတ်တယ်။ သွေးတွေဆိုရင်လည်း မှန်တယ်။ မင်း လက်ထဲမှာ ရှိတဲ့ငွေတွေအတွက် လူတွေ ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရတယ်။ မင်း သတ္တိရှိရင် မင်းမှာ ရှိတဲ့ ငွေစက္ကူတွေကို မီးပုံထဲ ပစ်ထည့်ပြီး မီးရှို့ကြည့်စမ်းပါလား၊ အဲဒီအခါကျတော့ မင်းမှာ အာဏာရှိသေးလား မရှိတော့ဘူးလားဆိုတာ သိလာလိမ့်မယ်"

"ဒီလိုတော့ ဘယ်သူက အမိုက်ခံလုပ်မလဲ ဦးကြီး"

"ဟုတ်တယ်၊ ငွေဟာ လူမိုက်ရဲ့လက်ထဲမှာ ဘယ်တော့မှ ကြာကြာမနေဘူး၊ ငွေရှိမှ လူတွေကို ခိုင်းလို့ရတယ်။ လူတွေဟာ နေ့စဉ်ထမင်းအတွက် အလုပ်လုပ်ကြရတယ်။ အဲဒီအခါမှာ မင်းဟာ အဲဒီလူတွေရဲ့ အရှင်သခင်ဖြစ်လာမယ်။ ဘုရားသခင်ဟာ အစတုန်းက သူတစ်ဦးတည်းပဲ၊ ဒါပေမဲ့ နောက်တော့ လူတွေကို ဘာကြောင့် ဖန်ဆင်းခဲ့သလဲ၊ လူတွေအပေါ်မှာ တန်းခိုးအာဏာ လွှမ်းထားချင်လို့ ဖန်ဆင်းခဲ့တာကွ၊ သူ့ကို ကိုးကွယ်သူတွေ ရှိလာအောင် ဖန်ဆင်းခဲ့တာ၊ ဒါကြောင့် ချုပ်ပြောရရင် ဘုရားသခင်ကိုယ်တိုင်ဟာလည်း တန်ခိုးအာဏာကို လိုချင်တာပဲ။ ဒီတော့ ဘုရားသခင်က ဖန်ဆင်းခဲ့တဲ့ လူကကော ဘာသားမို့လို့ အာဏာကို မမက်မောရမှာလဲ၊ အာဏာကို မလိုချင်ရမှာလဲ၊ ဒီတော့ လူဟာ အာဏာကို လိုချင်တယ်။ မက်မောတယ်။ အာဏာကို ဘယ်သူက ပေးသလဲ၊ ငွေကပေးတယ်။ ဒါကြောင့် လူဟာ ငွေကို မက်မောတယ်။ ငွေဟာ အာဏာ၊ အာဏာဟာ ငွေ၊ ကဲ ... ရှင်းပလား။ ဩော် ... ဒါထက် မင်းကို မေးရဦးမယ်။ ဦးကြီးကို ပေးစရာ ရှိတဲ့ ငွေကလေးတွေကော ယူခဲ့ပလား"

"မပါလာသေးဘူး ခင်ဗျ"

အဘိုးကြီး၏ စကားများကို ဖိုးမာ နားထောင်ရင်း စိတ်ရှုပ်နေပြီ။ ထို့ကြောင့် အလုပ်ကိစ္စအကြောင်း စကားပြောလာသည့်အခါတွင် စိတ်သက်သာရာ ရသွားသည်။

"ဘာလို့ မယူလာခဲ့တာလဲ၊ ပေးရမယ့်ရက် စေ့နေပြီနော်"

"မနက်ဖြန်ဆိုရင် တစ်ဝက်ပေးပါ့မယ်"

"တစ်ဝက်တော့ မဖြစ်ဘူးထင်တယ်။ ဦးကြီးက အကုန်လိုချင်တယ်"

"ခုတလော ကျွန်တော်တို့မှာ နည်းနည်းကြပ်နေလို့ပါ ဦးကြီး"

"အေး၊ ငါ့မှာလည်း အသုံးလိုနေတယ်"

"နည်းနည်းတော့ စောင့်ပါ ဦးကြီးရယ်"

"ခက်တယ်ကွာ၊ မင်းအဖေဆိုရင်တော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ မင်းတို့ခုခေတ် လူငယ်တွေကိုတော့ ဦးကြီးတို့က သိပ်စိတ်ချလက်ချ မဆက်ဆံရဲဘူး။ ဦးကြီးက ရှင်းရှင်းပဲ ပြောတတ်တယ်။ မင်းတို့ ခေတ်လူငယ်တွေက ဒီနေ့ အလုပ်ကြီးအကိုင်ကြီး လုပ်နေပေမယ့် နောက်တစ်လလောက်ကြာရင် အခြေအနေ တစ်မျိုး ဖြစ်ချင်ဖြစ်သွားတာ၊ ဒီတော့ ဦးကြီးတို့က ကြားထဲက အချောင် အဆုံးမခံနိုင်ဘူး။ မနက်ဖြန်မှာ အကျေမပေးနိုင်ရင်တော့ ဥပဒေနဲ့ စကားပြောရလိမ့်မယ်"

အဘိုးကြီးကိုကြည့်၍ ဖိုးမာ အံ့ဩသွားသည်။ စောစောက ထိုအဘိုးကြီးသည် ပုရောဟိတ်တစ်ပါးသဖွယ် မာရ်နတ်အကြောင်းကို ပြောခဲ့သေးသည်။ ထိုစဉ်က သူ့မျက်နှာသည် တည်ငြိမ်သည်။ မျက်လုံးအကြည့်က စူးရှလေးနက်သည်။ ယခု သူ့အကြည့်က တင်းမာသည်။ ခက်ထန်သည်။ နှာခေါင်းဘေးမှ အသားစိုင်များသည် ဣန္ဒြေမဆည်နိုင်အောင် တရွရွ လှုပ်နေကြသည်။ ကတိအတိုင်းမပေးပါက ရှူးရှေ့သည် သူတို့ပွဲရုံကို တရားစွဲရန် ဝန်လေးမည့်သူမဟုတ်။

"ဦးကြီးလည်း ဒီစကားမျိုး သိပ်မပြောချင်ဘူး။ နေစမ်းပါဦး၊ မင့်စီးပွားရေး အခြေအနေက ဆိုးနေလို့လား၊ မင်းအဖေ ထားခဲ့တဲ့ အမွေတွေ ကုန်ပလား"

ဖိုးမာက အဘိုးကြီးစိတ်ကို စမ်းချင်သေးသည်။

"စီးပွားရေး အခြေအနေ မကောင်းဘူး ဦးကြီး၊ ကုန်အမှာစာတွေလည်း သိပ်မရောက်ဘူး။ စရံတွေလည်း မရဘူး။ ဒီတော့ ကျွန်တော်တို့မှာ ငွေ အတော်ကြပ်နေတယ်"

“ဒါဖြင့် မင်းတို့ကို ကူညီစေချင်တယ် ဆိုပါတော့”

“ဟုတ်ပါတယ်၊ နောက်ထပ် နည်းနည်းအချိန်တိုးပေးမယ်ဆိုရင်”

ဖိုးမာက မျက်လွှာကို ချသည်။

“အေးလေ၊ မင်းအဖေ မျက်နှာထောက်ပြီး ရက်တိုးတန်တိုးရတော့မှာပေါ့”

“နောက်ထပ် ဘယ်လောက်ဆိုင်းနိုင်မလဲ ဦးကြီး”

“ခြောက်လ”

“ကျေးဇူးတင်ပါတယ် ဦးကြီး”

“ကိစ္စမရှိပါဘူး။ မင်းတို့က ဦးကြီးကို တစ်သောင်း တစ်ထောင့်ခြောက်ရာ ပေးစရာရှိတယ်။ ဒီတော့ ခု စာချုပ် ပြင်ရေးမယ်။ စာချုပ်ထဲမှာ သောင်းငါးထောင်လို့ ရေးလိုက်၊ အဲဒီ သောင်းငါးထောင်ရဲ့ အတိုးကို ခုချက်ချင်းပေးထား၊ ပြီးတော့ မင်းတို့ ကတ္တူကြီးနှစ်စင်းကိုလည်း အပေါင်ပစ္စည်းအဖြစ်ထား”

ဖိုးမာ ဖြုန်းခနဲ ထသည်။ တမင်လုပ်၍ ရယ်သည်။

“ဒီမှာ ဦးကြီး၊ ကျွန်တော်တို့ လက်မှတ်ထိုးထားတဲ့ စာချုပ်ကို မနက်ဖြန်ပို့လိုက်ပါ၊ ဦးကြီး ငွေအားလုံးကို မနက်ဖြန်မှာ ပေးမယ်”

အဘိုးကြီးက ဖိုးမာ၏ လျောင်ပြောင်သော မျက်လုံးများကို စိုက်ကြည့်နေသည်။ ခဏကြာမှ ဖြည်းညင်းစွာ မတ်တပ်ထကာ –

“အေး၊ ဒီလိုဆို ပိုကောင်းတာပေါ့”

“ကျွန်တော်တို့အပေါ်မှာ ခုလို အကြင်နာတရားတွေ ထားတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်”

“ငါက ကြင်နာချင်ပါတယ်။ မင်းတို့က အကြင်နာမခံတာတော့ မတတ်နိုင်ဘူး” အဘိုးကြီးက ပြုံးသည်။

“ဦးကြီးလက်ခုပ်ထဲ ရောက်တဲ့လူတွေကို ဘုရားမပါစေလို့ လည်း ကျွန်တော် ဆုတောင်းတယ်”

“ငါက ဘာလုပ်လို့လဲ၊ မျှမျှတတလုပ်သားပဲ”

“မျှတပါတယ်၊ အလွန်မျှတပါတယ်”

“ဟော့ ... သူငယ် တော်လောက်ပြီကွယ်၊ ခုကိစ္စက နှစ်ဦးနှစ်ဖက် သဘောတူ လုပ်ကြတဲ့ကိစ္စ၊ မင်းတို့က လိုလို့ယူတယ်။ ငါက အတိုးရလို့ ပေးတယ်။ မနက်ဖြန်ကျရင်သာ ငွေအဆင်သင့်လုပ်ထား”

အဘိုးကြီးက ခပ်တင်းတင်းပြောသည်။

"ရပါတယ်၊ အဆင်သင့်ပါပဲ"

ဖိုးမာက တံခါးကို ဖွင့်ထွက်လာသည်။ အခန်းထဲမှ ဘုရားရှိခိုးသံ ပေါ်လာသည်။

ဖိုးမာ၏ရင်တွင် ဒွိဟဖြစ်နေသည်။ အဘိုးကြီးတွင် သဘောကျစရာလည်း ရှိသည်။ စက်ဆုပ်စရာလည်း ရှိသည်။ သူ့ဘဝ အတွေ့အကြုံကို လေးစားသည်။ သူ့ကို အရေခွာဖို့ လုပ်သည်ကို တွေးမိသည့်အခါတွင် အဘိုးကြီးကို မုန်းသည်။ သူ့ရင်ထဲက ပဋိပက္ခကို တွေး၍ ဖိုးမာရယ်ချင်သည်။

"ကျွန်တော် ဦးကြီး ရှူးရှော့နဲ့ တွေ့ခဲ့ပြီးပြီ"

မာယာခင်အိမ်သို့ အရောက်တွင် ဖိုးမာက ပြောပြသည်။

"ပြောစမ်းပါဦး ဘာတွေထူးခဲ့သလဲ၊ သမီးရေ ဖိုးမာဖို့ လက်ဖက်ရည်တစ်ခွက် ယူခဲ့ဟေ့"

မာယာခင်က သားရေ ကုလားထိုင်ကြီးပေါ်တွင် ထိုင်ရင်းမေးသည်။

စာချုပ်ပြင်ချုပ်ဖို့ ရှူးရှော့က ပြောသည့်အကြောင်းကို ဖိုးမာက ရယ်ရယ်မောမောဖြင့် ပြောပြသည်။

"သေလိုက်ပါတော့ ဖိုးမာရယ်၊ အရောင်းအဝယ်လုပ်တယ်ဆို တာ မခံချင်စိတ်နဲ့လုပ်လို့ မရဘူးကွ၊ ငါကိုယ်တိုင် သွားလိုက်ရင် အကောင်းသား၊ ငါပြောရင် ဆိုင်းထားမှာ"

"မရဘူးထင်တယ် ဦးလေး၊ သူက စကားတစ်ခွန်းပြောမိရင် မပြင်ဘူးတဲ့၊ သူ့စိတ်က ရှားနှစ်လို မာသတဲ့"

"သူက ရှားနှစ်ဆိုရင် ငါကလည်း လွှပါပဲကွ၊ မင့် ရှားနှစ်လွှနဲ့တိုက်ရင် ဘာခံနိုင်မှာလဲ"

"ကျွန်တော်တို့က ပေးစရာရှိနေတာပဲ၊ ခုမပေးရလည်း နောင် ကျပေးရမှာပဲ"

"စဉ်းစားဉာဏ်ရှိတဲ့လူဆိုတာ အလျင်စလို ဘယ်တော့မှမလုပ်ရဘူးကွ၊ ခုတော့ မင်းက ငွေကို ငွေလိုသဘောမထားဘူး။ ဟင်း တော်လည်း တော်တဲ့ ကုန်သည်"

မာယာခင် ဖိုးမာကို စိတ်ပျက်နေသည်။ နဖူးကို ရှုံ့၍ လက်ဖက်ရည်ငှဲ့ပေးနေသည့် သမီးဘက်သို့ လှည့်မာန်သည်။

"ဟဲ့ ကောင်မလေး သကြားခွက်ပေးစမ်း၊ ဖအေ မမီတာကို လှမ်းမပေးဘူး။ ဒီအတိုင်းကြည့်နေတယ်"

လျှိုဘာ့မျက်နှာက ဖြူရော်နေသည်။ မျက်လုံးများက မှုန်မှိုင်းနေသည်။ လှုပ်ရှားပုံကလည်း နှေးကွေး လေးကန်သည်။

"ဒီ့ပြင်ကော ဘာတွေ ပြောလိုက်သေးသလဲ"

"အကုသိုလ်ကို ရှောင်ဖို့တို့၊ ဘာတို့"

"အင်း … လူတစ်ယောက်မှာ အကြိုက်ဆုံး စကားတစ်ခွန်းစီတော့ ရှိကြတာပဲ၊ အကုသိုလ်ဆိုတဲ့ စကားကတော့ ရှုးရှော့ အကြိုက်ဆုံးစကားပဲ၊ တကယ်က ဒီအဘိုးကြီး ထောင်ကျဖို့ကောင်းတာကြာလှပြီ"

"သူပြောတဲ့ စကားတွေက အဓိပ္ပာယ်တော့ ရှိတယ် ဦးလေး"

ဖိုးမာ လက်ဖက်ရည်မွှေရင်း ပြောသည်။

"ငါ့အကြောင်းကိုကောကွ၊ ပြောလိုက်သေးသလား"

မာယာခင်က ကောက်ကျစ်စွာ ပြုံးသည်။

"ပြောတာပေါ့"

"မင်းကကော ဘာတွေပြောသလဲ"

"ကျွန်တော်က နားထောင်ရုံပါ"

ဘာကြောင့်မသိ။ သူ့မွေးစားအဖေက ရှုးရှော့အား ရွတ်ချပြစ်တင်သည်ကို ဖိုးမာ မကြိုက်နိုင်။

"ဦးလေးကိုတော့ သိပ်သဘောကျပုံ မရဘူး"

"ငါ့ကိုတော့ ဘယ်သူကမှ သဘောမကျပါဘူးကွ၊ အေးလေ ငါကအပျိုလေးမှ မဟုတ်ဘဲ၊ သူ သဘောမကျတာလည်း မဆန်းပါဘူး။ ဒါပေမဲ့ လေးတော့ လေးစားကြပါတယ်"

"သူပြောတဲ့ စကားတွေထဲမှာ စဉ်းစားစရာတွေ ပါတယ်။ သူက ကုန်သည်ပွဲစားလူတန်းစားဟာ တိမ်ကောနေပြီတဲ့၊ လူတွေဟာ အတူတူဖြစ်ကုန်ပြီတဲ့၊ နောက်ကျရင် ကုန်သည်နဲ့အရာရှိ၊ အရာရှိနဲ့ လက်လုပ်လက်စား ခွဲခြားလို့ရတော့မှာ မဟုတ်တော့ဘူးတဲ့"

"ဒါကို သူက မကြိုက်ဘူးပေါ့"

"ဦးလေးကော ကြိုက်သလား"

ဖိုးမာက မာယာခင်ကို အကဲခတ်နေသည်။

"လူအမျိုးမျိုးကို စုပြီး တစ်နေရာထဲမှာ ပညာသင်ကြားပေးတာ တစ်စိတ်ထဲ တစ်သဘောထဲ ဖြစ်အောင်လုပ်ပေးတာဟာ ကောင်းပါတယ်။ အစိုးရအနေနဲ့ကြည့်ရင် ဒီလိုပဲ လုပ်ရမှာပဲ။ အစိုးရအနေနဲ့ကြည့်ရင် လူတွေဟာ အုတ်ချပ်ကလေးတွေပဲ၊ ဒီအုတ်ချပ်တွေနဲ့ တိုင်းပြည်ကို တည်ဆောက်ရမယ်။ ဒီအုတ်ချပ်ကလေးတွေဟာ တစ်ခုနဲ့တစ်ခု အရွယ်

အစား တူရမယ်။ ဒီလို အရွယ်အစားတူလာရင် မင်း ဆောက်ချင်တဲ့ အဆောက်အအုံကို ဆောက်လို့ရမယ်”

“ဦးလေးကော၊ ဒီလိုအုတ်ချပ်ကလေးတစ်ချပ် ဖြစ်ရတာ ဘယ် ကောင်းမလဲ”

“ကောင်းတော့ မကောင်းဘူးပေါ့။ ဒါပေမယ့် ဒီအတိုင်းပဲ ဖြစ်ရမှာပဲ၊ အိုးကောင်းကောင်းလိုချင်ရင် နာနာရိုက်ပေးရမယ်။ တချို့အိုးတွေက ရိုက်ရင်းကွဲသွားချင် ကွဲသွားလိမ့်မယ်။ မတတ်နိုင်ဘူး၊ အရိုက်မခံနိုင်ရင် ကွဲပေတော့”

“ပြီးတော့ သူက အလုပ်လုပ်ဖို့ အကြောင်းလည်း ပြောလိုက်သေးတယ်။ ခုခေတ်မှာ စက်တွေပေါ်လာတော့ လူတွေ ပျက်စီးကုန်ပြီတဲ့၊ လူတွေ အလုပ်မလုပ်တော့ဘူးတဲ့၊ စက်တွေကိုပဲ ခိုင်းနေပြီတဲ့”

မာယာခင်က မလိုတမာ ရယ်သည်။

“အလကား လူကြီး၊ စက်အကြောင်း ဘာမှမသိဘဲ လျှောက်ပြောနေတယ်။ စက်တွေပေါ်လာလို့ လူတွေ အလုပ်သက်သာတယ်။ ပြီးတာနဲ့တစ်ပြိုင်နက် ခလုတ်ကလေးပိတ်ပြီး ရပ်လိုက်ရုံပဲ။ ဘယ်လောက်သက်သာသလဲ၊ အလုပ်သမားထက် စက်က သစ္စာရှိတယ်။ အလုပ် သမားခိုင်းရတာက ပြဿနာရှုပ်တယ်။ အမြဲတမ်းစိတ်ကို အမြဲတမ်း မကျေမနပ်ဖြစ်၊ အမြဲတမ်း ညည်းညူ၊ အမြဲတမ်း အရက်သောက်နေတာနဲ့ အချိန်ကုန်တာပဲ၊ ကဲ ... ငါလည်း သွားစရာ ရှိသေးတယ်”

မာယာခင်က အဝတ်အစားလဲရန် အိမ်ပေါ်သို့ တက်သွားသည်။

“လူတွေကလည်း တစ်ယောက်တစ်မျိုးပြောနေကြတာပဲနော်။ တစ်ယောက်ကတော့ စက်က ကောင်းသတဲ့၊ တစ်ယောက်ကတော့ စက်ဆိုတာ မကောင်းဆိုးဝါးတဲ့၊ ဘယ်ဟာကို ယုံရမှာလဲ”

ဖိုးမာက မာယာခင်ကို လှမ်းကြည့်ရင်း ပြောသည်။

“စာအုပ်တွေထဲမှာလည်း ဒီအတိုင်းပဲ၊ တစ်အုပ်တစ်မျိုး ရေးနေကြတာပဲ”

လျူဘာက ခပ်တိုးတိုးပြောသည်။

ဖိုးမာက လျူဘာကို ကြည့်၍ ပြုံးနေသည်။ လျူဘာက မပြုံးချင် ပြုံးချင် ပြန်ပြုံးသည်။ သူ့မျက်လုံးများက ပင်ပန်းနွမ်းနယ်နေပုံရသည်။

“စာတွေ ဖတ်တုန်းပဲလား”

"အင်း"

"ပြီးတော့ တွေးတုန်း ငေးတုန်းပဲပေါ့"

"ဒါပေါ့၊ ငါ့မှာ ဘာလုပ်စရာရှိတာ မှတ်လို့၊ စကားပြောဖော် လည်း မရှိ"

"နင့်ကြည့်ရတာ စိတ်ပျက်စရာကြီး"

လျှူဘာက ဘာမျှမပြော။ ခေါင်းငုံ့ကာ ပဝါဇာမြိတ်များကို လက်ဖြင့် ဖွနေသည်။

"ယောက်ျားယူရင်လည်း ယူပါလား ဟ"

ဖိုးမာ စိတ်ရင်းစေတနာဖြင့် ပြောခြင်းဖြစ်သည်။

"တော်စမ်းပါ ဟယ်"

"ဘာတော်ရမှာလဲ၊ ခု မယူရင်လည်း တစ်နေ့တော့ ယူမှာပဲ မဟုတ်လား"

လျှူဘာက သက်ပြင်းချသည်။

"တစ်နေ့တော့ ယူချင်လည်း ယူဖြစ်မှာပေါ့၊ ယူလည်း ယူသင့် တာပါပဲ၊ ဒါပေမဲ့ ငါ ဒီပြင်လူတွေနဲ့မတူဘူး။ ငါနဲ့ ဒီပြင်လူတွေကြားမှာ တံတိုင် ကြီး ခြားနေတယ်လို့ ငါထင်တယ်"

"တံတိုင်းကြီး မဟုတ်ပါဘူး။ စာအုပ်ပုံကြီး ခြားနေတာပါ"

"ငါတော့ ခုစိတ်ရှုပ်နေပြီ၊ မြင်သမျှ တွေ့သမျှတွေဟာ ငါ့ မျက်စိထဲမှာ အားလုံး ကပြောင်းကပြန်ဖြစ်နေတယ်။ ဘာကြောင့် ဒီလို ဖြစ်နေသလဲဆိုတာတော့ ငါလည်း မပြောတတ်ဘူး"

"အဲဒါ စာအုပ်တွေကြောင့်ပေါ့၊ နင့်စာအုပ်တွေကို လွှင့်ပစ်လိုက် စမ်းပါ၊ ဘာဖြစ်လို့ ဒီလောက် ဖတ်နေရတာလဲ"

ဖိုးမာက ခပ်လျောင်လျောင် ပြောသည်။

"နင် ဘယ်လို ပြောလိုက်တာလဲ ဖိုးမာ၊ စာအုပ်တွေထဲမှာ အတွေးအခေါ်တွေ ဘယ်လောက်ပါတယ်ဆိုတာ သိရဲ့လား"

"ဘာတွေ ပြောနေကြတာလဲ ဟေ့"

တံခါးဝမှ မာယာခင်၏အသံ ပေါ်လာသည်။ မာယာခင်က အပြင်သို့ ထွက်ရန် အဝတ်အစား လဲထားသည်။

"စာအုပ်အကြောင်း ပြောနေကြတာပါ ဦးလေး"

ဖိုးမာက ဖြေသည်။

"ဘာစာအုပ်တွေ အကြောင်းလဲကွ"

"သူ ဖတ်နေတဲ့ စာအုပ်တွေ အကြောင်းလေ ဦးလေးရဲ့၊ စာအုပ်တစ်အုပ်ထဲမှာဆိုရင် ကမ္ဘာလောကကြီးပေါ်က အရာကိစ္စတိုင်းမှာ အကြောင်းတရားတွေ ရှိတယ်လို့ ပြောထားသတဲ့"

"ဒီတော့"

"ဒီတော့ ကျွန်တော်က အလကား ဖြီးနေတာပါလို့ ပြောတာပေါ့"

"ဘာစာအုပ်လဲ"

မာယာခင်က သူ့သမီးကို လှမ်း၍မေးသည်။

"စာအုပ် ဝါတာတာကလေးထဲမှာ"

လျှူဘာက မပွင့်တပွင့် ဖြေသည်။

"အဲဒီစာအုပ်ကို အဖေ့စားပွဲပေါ် တင်ထားလိုက်စမ်း၊ အဖေ ဖတ်ကြည့်စမ်းမယ်။ ကဲ ... ဖိုးမာ ဦးလေး သွားမယ်ဟေ့၊ မင်း နေရစ်ခဲ့ဦးမလား"

"ကျွန်တော် ခဏနေခဲ့မယ် ဦးလေး"

ဖိုးမာနှင့် လျှူဘာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသည်။

"ငါ ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်နေသလဲ ဆိုတာ အဖေ မသိဘူး" လျှူဘာက ပြောသည်။

"ငါလည်း မသိဘူး။ နင့်ဖာသာနင် ပေါက်ပေါက်ရှာရှာတွေ တွေးပြီး စိတ်မချမ်းမသာ ဖြစ်နေတာ"

"ငါက ဘာတွေးလို့လဲ"

"အို အများကြီးပဲ၊ နင် တွေးတာတွေက နင့်ကိုယ်ပိုင် အတွေးတွေ မဟုတ်ဘူး။ သူများတွေရဲ့ အတွေးတွေ ဖြစ်နေတယ်"

လျှူဘာက ပြန်ပြောမည်ပြုပြီးမှ တိတ်တိတ်နေလိုက်သည်။

ဖိုးမာက လျှူဘာကို သူ့မမနှင့် နှိုင်းယှဉ်ကြည့်သည်။ လူတွေ တစ်ယောက်နှင့်တစ်ယောက် မတူကြ။ မိန်းမတွေကလည်း တစ်ယောက်နှင့် တစ်ယောက် ကွာခြားကြသည်။

အပြင်တွင် မှောင်စပြုနေပြီ၊ သံပရာပင်များသည် လေတိုး သဖြင့် ယိမ်းထိုးနေကြသည်။ သံပရာကိုင်းများက အိမ်နံရံကို လာပုတ်နေကြသည်။ ချမ်းလွန်း၍ အိမ်ထဲသို့ ဝင်ခွင့်တောင်းနေကြသလား မဆိုနိုင်။

"လျှူဘာ"

ဖိုးမာက ခပ်တိုးတိုးခေါ်သည်။ လျှူဘာက သူ့ကို မော်ကြည့်နေသည်။

"ငါနဲ့ ငါ့မမ စကားများလာတာကို နင် သိသလား"

"ဘာဖြစ်လို့လဲ"

"အထွေအထူးတော့ မဟုတ်ပါဘူး။ ငါ့ကို လှည့်စားတယ် ထင်လို့"

"ကောင်းတာပေါ့၊ ဒီမိန်းမက နင့်ကို အမိဖမ်းနေတာ၊ ပြီးတော့ ဟိုလူနဲ့ပလူး၊ ဒီလူနဲ့ပလူး၊ သူ့အကြောင်းကို ငါ အကုန်သိတယ်"

"ဒီလောက်တော့လည်း မဟုတ်ပါဘူး ဟာ၊ သက်သက်မဲ့ ပြော နေကြတာပါ"

"အိုး ... ဟုတ်သမှ ဆယ်ဘူတာတောင် လွန်သေး"

"ဒီမှာ လျူဘာ၊ သူ့အကြောင်း မကောင်းမပြောပါနဲ့၊ ငါ အကုန် သိပါတယ်။ သူက ငါ့ကို အကုန်ဖွင့်ပြောပြီးသားပါ"

"သူက ပြောသလား၊ ဘာတွေ ပြောသလဲ"

လျူဘာက အံ့သြနေသည်။

"သူက သူ့မှာ အပြစ်တွေ ရှိပါတယ်တဲ့"

ဖိုးမာက ခပ်ပြုံးပြုံးဖြင့် ပြောသည်။

"ဒါပဲလား"

"ဘာလဲ ဒီထက် ဘာပိုပြောရဦးမှာလဲ"

"နင် သူ့ကို တကယ်ချစ်သလား"

ဖိုးမာက မဖြေ။ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေ သည်။ အတန်ကြာမှ–

"ငါ မဖြေတတ်ဘူး။ တစ်ခါတစ်လေတော့လည်း အရင်က ထက်တောင် သူ့ကို ချစ်လာတယ် ထင်သေးတယ်"

"ဒီလို မိန်းမမျိုးကို နင်ဘယ်လိုလုပ်ပြီး ချစ်လာရတယ်ဆိုတာ ငါ နားမလည်ဘူး"

"ဘာ နားမလည်စရာရှိသလဲ၊ ရှင်းရှင်းကလေးပါ"

"ဟင့်အင်း ... ငါတော့ နားမလည်ဘူး။ ဒီထက်သာတဲ့ မိန်းမ ကို မမြင်ဖူးလို့ဘဲ ဖြစ်ရမှာပဲ"

ဖိုးမာက ဝန်ခံသည်။

"ဟုတ်တယ်၊ သူ့ထက်သာတဲ့ မိန်းမကို ငါမမြင်ဖူးသေးဘူး၊ သူ့ထက်သာတဲ့ မိန်းမလည်း ရှိမယ် မထင်ဘူး။ ငါ သူ့ကို ချစ်တယ်။ သူ့ကို လိုတယ်။ ငါ သူ့ကို ကြောက်တယ်။ ဆိုလိုတာက ငါ့ကို သူက မကောင်းထင်သွားမှာ၊ အထင်သေးမှာကို ငါ စိုးရိမ်တယ်။ တစ်ခါတလေ

ကျတော့ ဒီအကြောင်းတွေကို တွေးရင်း စိတ်ညစ်တယ်။ အရက်ကို မူးအောင် သောက်ပစ်လိုက်ချင်တယ်။ သူ့အကြောင်း တွေးလိုက်ရင် ငါ သတ္တိတွေ နည်းလာတယ်"

လျူဘာက ငေးနေသည်။

"ဒါဖြင့် နင် တကယ်ချစ်တာပေါ့၊ ဟုတ်မှာပါလေ၊ ငါလည်း ချစ်မိရင် နင့်လိုပဲ နေမှာပါ၊ သူ့အကြောင်းကို တွေးပြီး သူပြောတဲ့ စကားကိုပဲ ကြားနေမှာပါ"

"သူက သူများထက် ထူးခြားတယ်။ စကားပြောတဲ့ နေရာမှာလည်း သူများတွေနဲ့ မတူဘူး။ ထူးနေတယ်။ ရုပ်ကလည်း ချောတယ်"

"ဒါဖြင့် နင်တို့ ဘာဖြစ်လို့ စိတ်ကောက်လာကြတာလဲ"

ဖိုးမာက ကုလားထိုင်ကို ရှေ့သို့တိုးလာကာ သူနှင့် သူ့မမတို့ စိတ်ကောက်ခဲ့ပုံကို ပြန်ပြောသည်။

"ခင်ဗျား ကျွန်တော့်ကို လှည့်စားတဲ့ မိန်းမ၊ အရှက်မရှိတဲ့ မိန်းမ ဆိုပြီး ငါတော့ တော်တော် ပြောပစ်ခဲ့တယ်"

လျူဘာက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ဒီတော့ သူက ဘာမှ မပြောဘူးလား"

"ပြောတော့ ပြောတာပေါ့၊ ဒါပေမဲ့ အလကားပါ"

ဖိုးမာက ပခုံးတွန့်၍ဖြေသည်။ နောက်ထပ် ဘာမျှမပြောတော့။ လျူဘာကလည်း ကျစ်ဆံမြီးကို လိမ်နေသည်။ အခန်းထဲတွင် အတော်မှောင်စပြုနေပြီ။

"မီးထွန်းဟာ"

"တို့နှစ်ယောက်စလုံးရဲ့ ဘ၀က စိတ်မချမ်းသာ စရာကြီးနော်"

လျူဘာက သက်ပြင်းချသည်။ ဖိုးမာက မညည်းချင်။ သက်ပြင်းမချချင်။

"ငါကတော့ စိတ်မချမ်းမသာ မဖြစ်ပါဘူး။ လူ့ဘ၀ရဲ့ အတွေ့အကြုံကို မရသေးလို့ဘဲလို့ သဘောထားတယ်"

"လူတစ်ယောက်ရှိတယ်။ ဒီလူဟာ မနက်ဖြန်မှာ ကိုယ် ဘာလုပ်မယ်ဆိုတာ မသိဘူးဆိုရင် ဒီလူဟာ စိတ်မချမ်းမသာ ဖြစ်နေလို့ပေါ့။ ကဲ ... နင် မနက်ဖြန် ဘာလုပ်မလဲ သိသလား၊ မသိဘူး။ ငါလည်း မသိဘူး။ ခက်တယ် ဖိုးမာ၊ ငါ့ရင်ထဲမှာ ဗလောင်ဆူနေတယ်။ ဘာလိုနေမှန်း မသိဘူး။ တစ်ခုခု လိုနေသလိုပဲ"

"ငါလည်း ဒီလိုပါပဲ၊ ကဲ ... ငါ ကလပ်ကို သွားဦးမယ်ဟာ"

"မသွားပါနဲ့ဟယ်"

"လူတစ်ယောက်နဲ့ ချိန်းထားတယ်ဟ"

ဖိုးမာက နှုတ်ဆက်၍ ထွက်လာသည်။ လျူဘာက စိတ်မကောင်း။

"နင် မအိပ်သေးဘူးလား"

"စာနည်းနည်းဖတ်ဦးမယ်"

"နင့်မလည်း အရက်သမား အရက်ကြိုက်သလို ဖြစ်နေပါပကောလား"

ဖိုးမာက မနှစ်သက်ဟန်ဖြင့် ပြောသည်။

"စာမဖတ်ရင် ငါ့မှာ ဘာလုပ်စရာရှိလို့လဲ"

လမ်းမပေါ်အရောက်တွင် ဖိုးမာ မော့ကြည့်မိသည်။ ပြတင်းဝမှ ငေးကြည့်နေသော လျူဘာကို မြင်ရသည်။ ဖိုးမာက ခေါင်းညိတ်ပြပြီး ဆက်လျှောက်လာခဲ့သည်။

ကလပ်က အရက်ကောင်တာတွင် ဦးတီရှက်ကို တွေ့ရသည်။ ဦးတီရှက်က နှုတ်ခမ်းမွေးနှင့် ခပ်ဝဝ လူတစ်ယောက်နှင့် စကားပြောနေသည်။

"ဟော သူဌေးလူရိုးလေး လာပြီဗျို့"

ဦးတီရှက်က ခပ်ပျော်ပျော်နေတတ်သည်။ ထို့ကြောင့် သူနှင့်တွေ့ရလျှင် ဖိုးမာ ပျော်သည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို လူရိုးလို့ ပြောတာလဲ"

"လူတစ်ယောက်ဟာ ချမ်းသာတယ်ဗျာ၊ ဒါပေမဲ့ အရက်လည်း မသောက်ဘူး။ ဖဲလည်း မရိုက်ဘူး၊ မိန်းမလည်း မလိုက်ဘူး၊ ဘုန်းကြီးလို နေတယ်ဆိုရင် သူဟာ ရိုးလို့ပေါ့၊ ဒါထက် ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး မနက်ဖြန် နိုင်ငံခြားသွားမယ်ဆိုတာ ကြားပြီးပလား"

"ဘယ်သူလဲ၊ ဆွန်ယာလား"

ဖိုးမာက မေးသည်။

"ဟုတ်တယ်။ ကျွန်တော့်ဘဝရဲ့ နေမင်းကြီး၊ (ခင်ဗျားဘဝရဲ့ နေမင်းကြီးဆိုလည်း ဟုတ်တာပေါ့ဗျာ) ခု နေဝင်တော့မယ်ဗျ"

ဦးတီရှက်က မချိုမချဉ် ပြုံးကာ ဖိုးမာကို လှမ်းကြည့်လိုက် သည်။ ဖိုးမာ ငိုင်နေသည်။ အတန်ကြာမှ –

"ကောင်းတာပေါ့၊ ဝမ်းသာစရာကြီး"

"အလို ဘာဖြစ်လို့ ဝမ်းသာရတာလဲ"

ဦတီရှက်က တအံ့တသြ မေးသည်။

ဖိုးမာက အူကြောင်ကြောင်ပြုံးပြကာ အနားက နှုတ်ခမ်းမွေးနှင့် လူကို လှမ်းကြည့်သည်။

"ကျွန်တော်တို့မြို့မှာ ပိုင်းလုံးတစ်ယောက် ရှော့သွားတာပေါ့ ဗျာ"

ထိုလူက ပြောသည်။

ဖိုးမာက ဆတ်ခနဲ သူ့ကို လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံး များက ဝင်းဝင်းတောက်နေကြသည်။

"ဘာဖြစ်လို့ ပိုင်းလုံးမလို့ ခင်ဗျားက ပြောရတာလဲ"

"ကျုပ်က ပိုင်းလုံးမကို မပြောရပေါင်ဗျာ၊ ပိုင်းလုံးလို့ ပြောတာ ပါ"

ထိုလူက ဖြေ၍ လှည့်ထွက်သွားသည်။

"အမျိုးသမီးတစ်ယောက်ကို ဒီလို"

ဦတီရှက်က ပြောသည်။ ဖိုးမာက ကြားဖြတ်ကာ–

"နေစမ်းပါဦး၊ ဒီလူကို ကျုပ်မေးချင်တယ်။ ဒီလူ စကားက ဘာအဓိပ္ပာယ်လဲ"

ဖိုးမာက ရင်ကော့ကာ လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲသို့ နှိုက် လိုက်သည်။ သူ့အမူအရာက တင်းသည်။ နှုတ်ခမ်းမွေးနှင့် လူက ဖိုးမာ ကို ခပ်လှမ်းလှမ်းမှ ကြည့်၍ ပြုံးနေသည်။ သူ့အပြုံးက လှောင်ပြုံး။

"ကျုပ်ပြောတာက ပိုင်းလုံးလို့ ပြောတာဗျ။ ကိုယ့်လူ နား မလည်ဘူးဆိုရင် ကျုပ် ရှင်းပြနိုင်တယ်"

ထိုလူက တစ်လုံးချင်း ပီပီသသကြီး ပြောသည်။

"ရှင်းပြစမ်းပါဦး"

ဖိုးမာက ထိုလူကို စိုက်ကြည့်ရင်း သွားကြိုးစေ့၍ ပြောလိုက် သည်။ ဦးတီရှက်က ခပ်လှမ်းလှမ်းသို့ ရှောင်ထွက်သွားသည်။

"ဒီမှာ ကိုယ့်လူ၊ ပိုင်းလုံးဆိုတာ မိန်းမပျက်ကို ခေါ်တာ သိ ပလား၊ မသိရင် မှတ်ထား"

ထိုလူက သူ့မျက်နှာပြဲပြဲကြီးကို ဖိုးမာ မျက်နှာ အနီးသို့ ကပ်၍ ပြောသည်။

ဖိုးမာထံမှ အသံတစ်သံ ထွက်လာသည်။ စက္ကန့်အနည်းငယ် အတွင်း ဖိုးမာသည် ထိုလူ၏ဆံပင်ကို ဆွဲကာ တစ်ကိုယ်လုံးကို ကိုင်လှုပ် နေသည်ကို မြင်ရသည်။

"သူများတွေ ကွယ်ရာမှာ ဒီလိုမပြောရဘူးကွ၊ သတ္တိရှိရင် မျက်နှာချင်းဆိုင်ပြီး သွားပြောရတယ်။ သိပလား ဟင် သိပလား"

ဖိုးမာ၏ သန်မာသော လက်ထဲတွင် ထိုလူ အစင်းသား မိနေသည်။ လက်က ကို့ရို့ကားယား ဒူးက ညွတ်ကျကာ ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ ကျသွားသည်။ အိတ်ဆောင် ရွှေနာရီသည် အိတ်ထဲမှ ထွက်ကျလာကာ သူ့ဗိုက်ကြီးပေါ်တွင် တွဲလောင်းကျနေသည်။

ဖိုးမာ ကျေနပ်သွားသည်။ သူ့ခွန်အားကို သူသဘောကျသွားသည်။ လက်စားချေလိုက်ရသဖြင့် ပျော်နေသည်။ ကြမ်းပြင်ပေါ်တွင် လဲကျနေသည့် ထိုလူကို ရှေ့တိုးနောက်ငင် ဆွဲယမ်းလှုပ်နေရသဖြင့် အပျော်ကြီး ပျော်နေသည်။ ခုတလောတွင် သူ့ရင်ထဲမှာ လေးနေသည်။ စိတ်ညစ်နေသည်။ ယခု လူတစ်ယောက်ကို လက်စားချေလိုက်ရသည့်အခါတွင် စိတ်ညစ်ပျောက်သွားပြီ။ ရင်လေးပျောက်သွားပြီ။ ဘေးကလူတွေက ဝင်ဆွဲကြသည်။ တစ်ယောက်က ဖိုးမာ ခြေထောက်ကို တက်နင်းမိ သည်။ သို့ရာတွင် ဖိုးမာ ဘာမျှ သတိမပြုမိ။ သူ့လက်ထဲတွင် ညည်းတွား ရှန်းကန်တွန့်လိမ်နေသည့် မည်းမည်းသတ္တဝါကိုသာ အာရုံစိုက်နေ သည်။ လူတွေက သူ့ကို ဆွဲခေါ်လာသည့်တိုင် သူဘာကိုမျှ မမြင်။ သူ ကိုင်ဆောင့်ထားသဖြင့် ကြမ်းပြင်တွင် လဲနေသည့်လူကိုသာ ခပ်ရေးရေးမြင်ရသည်။ ထိုလူက ကြမ်းပြင်တွင်ထ၍ မတ်တပ်ရပ်ရန် ကြိုးစားသည်။ သူ့အဝတ်အစားတွေက ဖရိုဖရဲဖြစ်နေသည်။ သူ့လက်နှစ်ဖက်က အရုပ်ကြိုးပြတ်သလို တွဲလောင်းကြီး ကျနေသည်။ ငိုကြီးချက်မဖြင့် ဖိုးမာကို လှမ်းအော်နေသည်။ လူနှစ်ယောက်က သူ့ကို ဆွဲထားသည်။

"မဆွဲကြပါနဲ့ဗျ ဖယ်ပါ၊ လွှတ်ပေးစမ်းပါ။ ဟေ့ ကြမ်းပိုး၊ ငါက ဘုရင့်မွေးနေ့မှာ ဘွဲ့ထူး ဂုဏ်ထူး ရထားတဲ့လူကွ သိရဲ့လား၊ ငါ လူကြီးလူကောင်းကွ၊ မင်းလို တေလေကြမ်းပိုး မဟုတ်ဘူး။ သတ္တိရှိရင်လာကွ"

"လာပါဗျာ၊ သွားရအောင်ပါ" ဦးတီရှက်က ဖိုးမာကို ခေါ်သည်။

"လာစမ်းပါစေ၊ မျက်ခွက်ကို စုတ်ပြတ်သွားအောင် ဆော်လိုက်ဦးမယ်"

ဖိုးမာကလည်း အသင့်စောင့်နေသည်။ သို့ရာတွင် ဖိုးမာကို မိတ်ဆွေများက ဆွဲခေါ်သွားကြသည်။ သူ့ခေါင်းထဲတွင် မူးနောက်နေသည်။ နှလုံးက ပြင်းထန်စွာ ခုန်နေသည်။ သို့ရာတွင် ကိစ္စမရှိ။ ဖိုးမာ ပျော်သည်။ ကျေနပ်သည်။

ကလပ် အပြင်ဘက်သို့ ရောက်လျှင် လတ်ဆတ်သန့်ရှင်းသော လေကို ဖိုးမာ တအား ရှူလိုက်သည်။

"ငနဲတော့ မှတ်လောက်သားလောက် ရှိသွားပြီ"

ဖိုးမာက အားရကျေနပ်စွာ ပြန်၍ပြောသည်။

"ခင်ဗျားက တော်တော် ဒေါသကြီးတဲ့လူပဲ။ ကျုပ်တော့ ဒီငနဲ ဒီလိုဖြစ်တာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"ကျွန်တော်လွန်သလားဗျာ၊ သူက စော်ကားချင်တိုင်း စော်ကား နေတာပဲ၊ အမျိုးသမီးတစ်ယောက်ကို ဒီလိုပြောလို့ ဘယ်ကောင်းမလဲ၊ သူ့နှမ ကိုယ့်နှမ စာနာမှပေါ့။ သတ္တိရှိရင် ရှေ့သွားပြောတာ မဟုတ်ဘူး။ နေပါဦး ဒီငနဲက ဘယ်ကငနဲလဲ"

ဦးတီရှက်က ဖိုးမာကို နားမလည်သလို ကြည့်နေသည်။

"ခင်ဗျား မသိဘူးလား၊ ဆွန်ယာကို ပြောလို့ သူ့ကို ထိုးတာဆို တာကော တကယ်လား"

"ဒါပေါ့ဗျ"

"ဒီမှာ ဖိုးမာ၊ ခင်ဗျားတော့ သိပ်မလွယ်ဘူး"

"သူ အလွန်ဆုံးလုပ်ရင် တရားစွဲရုံအပြင် မရှိပါဘူးဗျာ"

"ဒါလောက်ဆို တော်သေးတာပေါ့၊ သူက ဒုတိယခရိုင်ဝန်ရဲ့ သမက်ဗျ"

"ဘာ"

ဖိုးမာ ပါးစပ်မှ ရုတ်တရက် အသံထွက်သွားသည်။ မျက်နှာ လည်း ပျက်သွားသည်။

"ဟုတ်တယ်၊ ဒုတိယခရိုင်ဝန်ရဲ့သမက်"

"ရှင်းရှင်းပြောရရင်တော့ ငနဲက လူလိမ် လူရှုပ်တစ်ယောက်ပဲ၊ အထိုးခံရတာ နည်းတောင် နည်းသေးတယ်။ ဒါပေမဲ့ ခင်ဗျား အကာ အကွယ်ပေးတဲ့ အမျိုးသမီးကလည်း"

ဖိုးမာက ဦးတီရှက်၏ ပခုံးကို အသာပုတ်လိုက်သည်။

"ဒီမှာ သူငယ်ချင်း၊ ခင်ဗျားကို ကျွန်တော် ခင်ပါတယ်။ ခင်ဗျား စေတနာကိုလည်း ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဒီအမျိုး သမီး မကောင်းကြောင်းနဲ့ ပတ်သက်လို့တော့ ကျွန်တော် မပြောစေချင် ဘူး။ ဒီအမျိုးသမီးဟာ ခင်ဗျားတို့အမြင်မှာ ဘယ်လိုပဲဖြစ်နေဖြစ်နေ ကျွန် တော့် အဖို့တော့ အပြစ်မရှိတဲ့ မိန်းမတစ်ယောက်ပဲ၊ လောကကြီးမှာ သူ့ လောက် အပြစ်ကင်းတဲ့မိန်းမ တစ်ယောက်မှ မရှိဘူးလို့ ကျွန်တော် ထင်

တယ်။ ဒီတော့ ခင်ဗျားကိုလည်း ကျွန်တော် တောင်းပန်ပါရစေ၊ ကျွန်တော်နဲ့ လိုက်လာရင် သူ့အကြောင်းကို မပြောပါနဲ့၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော်ကံ ရှိပါစေ"

ဖိုးမာက လှိုက်လှိုက်လှဲလှဲ ပြောသည်။ ဦတီရှက်က သူ့ကို တအံ့တသြ ကြည့်နေသည်။

"အင်း ... ခင်ဗျားဟာ လူတစ်မျိုးပဲ"

"လူတစ်မျိုး မဟုတ်ပါဘူး။ သူ့လိုကိုယ့်လိုကောင်တစ်ယောက်ပါ။ ကျွန်တော်ဟာ ရိုင်းချင်ရိုင်းမယ်။ ဒီကောင်ကို ကြမ်းပြင်မှာ ဒရွတ်ဆွဲဆောင့်ပစ်ခဲ့ရတဲ့အတွက် ကျွန်တော် ဝမ်းသာတယ်။ လုပ်ချင်တာ လုပ်စမ်းပါစေ၊ ဂရုမစိုက်ပါဘူး"

"ပြဿနာက သိပ်တော့မသေးဘူးနော်၊ ရှင်းရှင်းပြောရရင် ခင်ဗျားနဲ့ ပေါင်းရတာ လန့်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး။ ခင်ဗျားကို ကျွန်တော် ခင်တယ်။ နောင်တော့ သိပ်မရမ်းပါနဲ့ဗျာ"

"ခင်ဗျားကလည်းဗျာ၊ ကျွန်တော် ဒီလောက် မရမ်းပါဘူး။ ကျွန်တော့် တစ်သက်မှာ ဒီလိုဖြစ်တာ ဒီတစ်ခါပဲ ရှိပေါ်သေးတယ်"

"လူဆိုတာ တစ်ခါရန်ဖြစ်ဖူးရင် ဖြစ်ချင်တတ်တယ်။ တကယ်ကတော့ ရန်ဖြစ်တယ်ဆိုတာ ရှက်စရာကောင်းပါတယ်။ အောက်တန်းလည်း ကျပါတယ်။ ဒီတစ်ချီကတော့ ထားပါတော့၊ ငနဲကလည်း လူရှုပ်လူပွေ"

"ဒါကြောင့် ကျွန်တော်က ဆုံးမလိုက်ရတာပေါ့"

"ဟုတ်ပါတယ်၊ ထိုက်သင့်သလောက်တော့ သူလည်း ခံသွားရတာပေါ့၊ ဒါပေမဲ့ ကျုပ်ပြောမယ် ဖိုးမာ၊ လောကမှာ လူရှုပ်လူပွေတွေ၊ လူသောင်းကျန်းတွေဟာ သူတစ်ယောက်တည်း မဟုတ်ဘူး၊ သူတစ်ယောက်ထဲကို ဆုံးမရုံနဲ့လည်း ကိစ္စမပြီးဘူး။ လူရှုပ်လူပွေတွေ အများကြီးပဲ၊ ဒီကောင်တွေအားလုံးကို ခင်ဗျား လိုက်ပြီး မဆုံးမနိုင်ဘူး။ တကယ်က သူတို့လည်းပဲ လူ့အဖွဲ့အစည်းထဲက လူတွေ ဖြစ်နေတယ်။ တရားဥပဒေရဲ့ အောက်မှာ ရှိနေတယ်။ တရားဥပဒေဘောင်အတွင်းမှ သူတို့လုပ်ချင်တိုင်း လုပ်၊ တရားဥပဒေကို မကျူးလွန်သေးသမျှ ခင်ဗျား လက်ဖျားနဲ့မှ မတို့နိုင်ဘူး။ ခင်ဗျားတွင်မကဘူး၊ ကျုပ်တို့ တရားသူကြီးတွေလည်း ဘာမှ မတတ်နိုင်ဘူး။ ဒီတော့ တတ်နိုင်သမျှ သည်းခံပေတော့၊ ကျုပ်က တရားရုံး စာရေးမို့လို့ ဥပဒေစကား ပြောတယ်လို့တော့ မအောက်မေ့နဲ့"

"ဒါဖြင့် သူတို့ ဒီလိုသောင်းကျန်းနေတာကို ခင်ဗျားတို့ ဥပဒေကလည်း ဘာမှ အရေးမယူနိုင်ဘူးပေါ့"

ဖိုးမာက နားမလည်သဖြင့် မေးသည်။

"အဲဒါ ပြောနေတာပေါ့၊ တရားဥပဒေကို အတိအလင်း မချိုးဖောက်ရင် ဘာလုပ်နိုင်မှာလဲ၊ သူလည်း ခင်ဗျားတို့ ကျုပ်တို့လို နိုင်ငံသားကောင်းတစ်ယောက်ပဲပေါ့"

နှစ်ယောက်သား လမ်းလျှောက်လာရင်း ဖိုးမာက တုံ့ခနဲ ရပ်လိုက်သည်။

"အမှန်ကတော့ ဆွန်ယာ့အကြောင်းကို ခင်ဗျား စ ပြောတာဗျ။ နိုင်ငံခြားသွားမယ်လို့ စ ပြောလို့"

"ဟုတ်တယ်၊ ကျုပ် စ ပြောတာ"

"ကျွန်တော် ဒီမိန်းမ မရှိရင် မနေနိုင်ဘူးဗျာ၊ အို ... မဟုတ်ပါဘူးလေ၊ နေနိုင်တယ်၊ နေနိုင်ရမယ်"

ဖိုးမာက တစ်ယောက်တည်း ပြောသလို ပြောသည်။ ဦးတီရှက်က ဖိုးမာကို လှည့်ကြည့်သည်။

"ကျုပ် အကြံတစ်ခု ပေးချင်တယ် ဖိုးမာ၊ လူဆိုတာ ကိုယ့်ဖာသာကိုယ် မသိလို့ မသိဖာသာပဲ နေတာ ကောင်းတယ်။ ခင်ဗျား စိတ်ဓာတ်က သူရဲကောင်းစိတ်ဓာတ်မျိုး ဖြစ်နေတယ်။ စိတ်ကူးယဉ် ဝါဒကို ကိုင်စွဲလို့ မဖြစ်ဘူး၊ ခင်ဗျားရဲ့ ပုံစံမျိုး မဟုတ်ဘူး"

"ဒီမှာ သူငယ်ချင်း၊ ကျွန်တော့်ကို စကားပြောရင် လွယ်လွယ်ရှင်းရှင်း ပြောစမ်းပါ။ ကျွန်တော်က စကားကြီး စကားကျယ်တွေကို သိပ်နားလည်တဲ့ ကောင်မျိုး မဟုတ်ဘူး"

"ရှင်းရှင်းပြောမယ်။ ခင်ဗျား ဒီအမျိုးသမီးနဲ့ အဆက်ဖြတ်ပါ။ ဒီအမျိုးသမီးဟာ ခင်ဗျားအတွက် အဆိပ်ဖြစ်လိမ့်မယ်"

"သူကလည်း ဒီအတိုင်းပဲ ပြောတာပဲ"

"ဟုတ်လား၊ ဆာတယ်ဗျာ၊ တစ်ခုခု သွားစားကြရအောင်"

"သွားလေ၊ ကျွန်တော် ဒကာခံပါ့မယ်။ အောင်ပွဲ အထိမ်းအမှတ်ပေါ့ဗျာ။ ဒီကောင်ကို ထိုးခဲ့ရလို့ ကျွန်တော် ဝမ်းသာလွန်းလို့ပါ။ ကျွန်တော် ဒကာခံပါရစေ"

"အောင်ပွဲတွေ ဘာတွေ လုပ်မနေပါနဲ့ဗျာ၊ ရိုးရိုးစားကြတာပေါ့"

ဖိုးမာက ဦးတီရှက်၏ ပခုံးကို လှမ်းပုတ်ရင်း–

"ကျွန်တော် ခင်ဗျားကို တစ်ခုမေးချင်တယ်။ ကျွန်တော်ဟာ သူများတွေထက် ဆိုးသလား ဟင်၊ သူများတွေ ကြည့်ရတာ လူ့ဘဝကြီးမှာ သိပ်ပျော် သိပ်ကျေနပ်နေကြတဲ့ပုံပဲ။ ညည်းညူတယ်ဆိုရင်လည်း အကျင့်ပါလို့ ညည်းညူနေတာ၊ ဟန်ဆောင်ပြီး ညည်းညူနေတာလို့ပဲ ကျွန်တော် ထင်နေတယ်။ ကျွန်တော့်အဖို့တော့ လောကကြီးမှာ ဘာမှ ပျော်စရာ မရှိဘူး။ ကျေနပ်စရာ မရှိဘူး။ ကျွန်တော်က လူအ၊ ဟန်မဆောင်တတ်ဘူး။ ဘာမှလည်း မတွေးတတ်ဘူး။ စဉ်းလည်း မစဉ်းစားတတ်ဘူး။ တစ်ယောက်တစ်မျိုး ပြောကြတာတွေကို ဘယ်ဟာ ယုံရမလဲ လို့လည်း မသိဘူး။ သူကဆိုရင် ကျွန်တော့်ကို အကုန်ဖွင့်ပြောတယ်။ ကျွန်တော် သူ့အပေါ်မှာ မျှော်လင့်ချက်ထားတယ်။ ဘာကို မျှော်လင့်သလဲလို့ မေးရင် ကျွန်တော်လည်း မဖြေတတ်ဘူး"

ဖိုးမာ၏ စကားများက အဆက်အစပ် မရှိ။

ဦတီရှက်က ဖိုးမာ၏ မျက်နှာထားကို အကဲခတ်နေသည်။ ဖိုးမာက ငယ်ရွယ်သည်။ သန်မာတောင့်တင်းသည်။ ရိုင်းသည်။ လမ်းလျှောက်ပုံကိုက ခြေလှမ်းကျဲကြီးဖြင့် မြဲမြံသည်။ သို့ရာတွင် သူ့အတွေးများက မတည်ငြိမ်၊ မရင့်ကျက်။

ဦတီရှက်က ဖိုးမာ ခြေလှမ်းကျဲကြီးများကိုမီရန် မနည်းလိုက်ယူရသည်။ ဖိုးမာကို သူစိတ်ဝင်စားသည်။ ဖိုးမာလို သူဌေးလေးတစ်ယောက်က သူ့ကို စိတ်ထဲရှိသမျှ ဖွင့်ပြောသည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူသည်။ ဘဝင်မြင့်သည်။

"ဒီမှာ ဖိုးမာ၊ ခင်ဗျား ငယ်ငယ်လေးရှိသေးတယ်။ ဒီလောက်လည်း အတွေးခေါင်မနေပါနဲ့၊ လူ့ဘဝမှာ ပျော်ပျော်နေပေါ့။ ဘာတွေစိတ်ညစ်ရမှာလဲ။ ကိုယ်လည်း ကိုယ်ပျော်သလိုနေ၊ သူလည်း သူ ပျော်သလိုနေပေါ့။ ဒါ ကျုပ် အဘိဓမ္မာပဲ၊ ဒီမိန်းမတစ်ယောက် မရှိတာနဲ့ ခင်ဗျား ဘဝ နေဝင် သွားပြီဆိုတာ မဖြစ်နိုင်ပါဘူး။ လောကမှာ မိန်းမတွေ တစ်ပုံကြီး၊ ရိုက် သတ်လို့တောင် မကုန်ဘူး။ ခင်ဗျားဒီလောက်တောင် ဖြစ်နေရင်လဲ ကျုပ် နဲ့လိုက်ခဲ့၊ မိန်းမတစ်ယောက်ဆီ ခေါ်သွားမယ်။ သူ့မြင်လိုက်ရင် ခင်ဗျား စိတ်ညစ်တာတွေ အကုန်ပျောက်သွားရမယ်။ မိန်းမက ချောတယ် လှတယ်။ ခင်ဗျားလို စိတ်ကူးယဉ်တယ်။ ရမ်းတယ်။ အဆိပ်ရှိတယ်။ ခု ခင်ဗျား အဆိပ်မိနေပြီ၊ အဆိပ်ကို အဆိပ်နဲ့ဖြေရမယ်။ မဟုတ်ဘူးလား"

"ကျွန်တော်က လူတစ်မျိုး၊ သစ္စာရှိချင်တယ်။ စောင့်ထိန်းချင်တယ်။ ကျွန်တော့် မမ အသက်ရှင်နေသရွေ့ တခြား မိန်းမတစ်ယောက်ကို စိတ်မဝင်စားဘူး။ စေ့စေ့တောင် မကြည့်ချင်ဘူး"

"ဘာ ခင်ဗျားလို သန့်သန့်မာမာ ငယ်ငယ်ရွယ်ရွယ် လူငယ်ကလေးတစ်ယောက်က ဒီစကားမျိုးပြောတယ် ဟုတ်လား"

ဦးတီရှက်က သဘောကျ၍ ရယ်သည်။

"ဒီမှာ ကိုယ့်လူ၊ သိပ်စဉ်းစားမနေနဲ့၊ ကျုပ် ပြောသလိုသာ လုပ်။ ခင်ဗျားက ခင်ဗျား အမျိုးသမီးအပေါ်မှာ သစ္စာမရှိရာ ကျမယ်။ မစောင့်ထိန်းရာ ကျမယ်လို့ ပြောတယ်။ ဒီတစ်ခါတော့ ခင်ဗျား မှားသွားပြီ၊ တခြားမိန်းမတစ်ယောက်ကို စိတ်မကူးချင်ဘူးလို့ ပြောတာက ခင်ဗျား အမျိုးသမီးအပေါ်မှာ သစ္စာရှိလွန်းလို့ ပြောတာ မဟုတ်ပါဘူး။ ခင်ဗျား တခြားမိန်းမတွေနဲ့ ဆက်ဆံရမှာ ရှက်နေလို့ပါ။ ခင်ဗျားက လူတွေနဲ့ မရောဖူးဘူး၊ မိန်းမတွေနဲ့ သိပ်မရောဖူးဘူး၊ ဒီတော့ သူတို့ရှေ့ရောက်ရင် မလုံမလဲ ဖြစ်နေတယ်။ ရှက်နေတယ်၊ မဟုတ်ဘူးလား၊ ဒါကို ခင်ဗျား ဖာသာကဲ ဝိုးတိုးဝါးတား သိမယ်။ ဒါပေမဲ့ အဲဒါကို ခင်ဗျားက သစ္စာစောင့်တယ်လို့ ထင်နေတယ်။ ဒီမှာ ကိုယ့်လူ၊ မိန်းမတစ်ယောက်ကို ပိုးပန်းတဲ့ကိစ္စဟာ ရှက်စရာ မဟုတ်ဘူး။ သစ္စာမစောင့်တာ မဟုတ်ဘူး။ ယောကျ်ားရဲ့ အခွင့်အရေး၊ ယောကျ်ားရဲ့ လိုအပ်ချက် သိရဲ့လား"

ဖိုးမာက ရှေ့တူရူကို ကြည့်၍ လျှောက်လာသည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် အိမ်ကြီးများက ပိတ်ဆီးနေကြသည်။ လမ်းမ သည် မှောင်မိုက်သော ကျင်းကြီးတစ်ကျင်းနှင့် တူနေသည်။

ဦးတီရှက်က ဖိုးမာအား သူ့တရားရေအေးကို တစ်လမ်းလုံး တိုက်ကျွေးလာသည်။

သူ့အနီးတွင် လူတစ်ယောက် ပါလာသော်လည်း စိတ်ထဲတွင် အထီးတည်း ခံစားနေရသည်။ တစ်စုံတစ်ယောက်က တစ်နေရာသို့ မျှားခေါ်နေသလို သူထင်သည်။ သူ့တွင် ခုခံအား မရှိတော့။

ဦးတီရှက်ကို ပြန်၍ မချေပလိုတော့။ ချေပ၍ကော ဘာအကျိုး ထူးဦးမည်နည်း။

"ကျုပ်တို့ဟာ တစ်သက်မှာ တစ်ခါပဲ နေကြရတာဗျ။ ဒီတော့ ဘာဖြစ်လို့ အလဟဿ အချိန်ဖြုန်းနေမလဲ၊ ဘာဖြစ်လို့ စကားတွေ ပြောနေမလဲ။ ကျုပ် ခေါ်တဲ့အိမ်ကို လိုက်ခဲ့၊ အဲဒီမှာ ညီအစ်မ နှစ်ယောက်ရှိတယ်"

## (၈)

သုံးရက်ကြာသွားသည်။

မြို့ပြင်ဘက် သစ်စက်တစ်ခုထဲတွင် ဖိုးမာ ရောက်နေသည်။ သူနှင့်အတူ ဦးတီရှက်လည်း ပါသည်။ သစ်စက်ပိုင်ရှင်သား ဘဆက်လည်းပါသည်။ နှုတ်ခမ်းမွေးရေးရေးနှင့် ဘဂျမ်းဆိုသူလည်း ပါသည်။ သူတို့လေးယောက်နှင့်အတူ မိန်းမ လေးယောက်ခေါ်လာသည်။

ဘဂျမ်း ကောင်မလေးက အရပ်မြင့်မြင့် ရင်မို့မို့နှင့် ကြည့်၍ကောင်းသည်။ ဦးတီရှက်၏အဆက်က ဗီရာဟုခေါ်သည်။ မျက်လုံးပြာပြာ အရပ်မြင့်မြင့်နှင့် ဖြစ်သည်။ ဖိုးမာ အဆက်က မျက်လုံးနက်နက်၊ ဆံပင်နက်နက်နှင့် ဖြစ်သည်။ တစ်ကိုယ်လုံး အနက်ဖြစ်သည်။ သူတို့အထဲတွင် အချောဆုံးဖြစ်သည်။ မာနလည်း ကြီးပုံရသည်။

သူတို့လေးတွဲ မြစ်ပြင်ထဲတွင် ရွှဲသပ်ထားသည့် သစ်ဖောင် တစ်ခုပေါ်တွင် စခန်းချကြသည်။ သစ်ဖောင်သမား၏ တဲကလေးထဲတွင် စားပွဲတစ်လုံးရှိသည်။ ပုလင်းခွံများ၊ လိမ္မော်ခွံများ၊ စက္ကူစုတ်များ၊ စားစရာများ ပြန့်ကျဲနေသည်။

ရေကြီးချိန်ဖြစ်၍ မြစ်ပြင်ကြီးက ကျယ်နေသည်။ တစ်ဘက်ကမ်းမှ တောင်တန်းကြီးများသည် နှင်းမှုန်ထဲတွင် ပြာမှိုင်းနေကြသည်။ တစ်ဘက်ကမ်းမှ တဘုတ်ဘုတ် မြည်သော မော်တော်စက်သံများကို

ကြား ရသည်။ သစ်ဖောင်များ၊ သမ္ဗန်များ လူးလာခတ်နေကြသည်။ သူတို့ ဘက်ကမ်းတွင်မူ တိတ်ဆိတ်နေသည်။

"လှေကလေးကို လှော်မည်။ ဘေးမသန်းဘဲ အေးချမ်းတော့ သည်။ မြစ်ကမ်းခြေရေနဒီ စိမ်းလဲ့လဲ့ကြည်"

ဦတီရှက်၏အဆက်က သီချင်းတစ်ပုဒ်ကို ညည်းသည်။

ဖိုးမာ၏အဆက်က လှမ်းကြည့်ပြီး မဲ့သည်။

"ပျင်းစရာ ကောင်းရတဲ့အထဲ သူက သီချင်းဆိုလိုက်သေး တယ်"

"ဆိုပါစေဟာ၊ နားထောင်ရတာပေါ့"

သို့ဖြင့် တစ်ယောက်တစ်ပေါက် သီချင်းဆိုကြသည်။ နောက် ဆုံးတော့ ဖိုးမာ၏ အဆက်ကလည်း လိုက်ဆိုသည်။

ဖိုးမာက စားပွဲပေါ်တွင် တတောင်ဆစ်မှီ၍ထောက်ရင်း သီချင်း ဆိုနေသည့် သူ့အဆက်ကို ကြည့်နေသည်။ အမျိုးသမီးက မျက်လုံးများ ကို မှိတ်၍ စိတ်ပါလက်ပါ ဆိုနေသည်။

ဦတီရှက်က သူ့အဆက်ကိုမှီ၍ နားထောင်သည်။ ဘဆက်နှင့် ဘဂျမ်းက အရက်သောက်ရင်း စကားပြောနေကြသည်။ ကျန် မိန်း ကလေးနှစ်ယောက်က တခစ်ခစ်ရယ်နေကြသည်။

ဖိုးမာအဆက်က သီချင်းဆိုပြီးနောက် ဖိုးမာအနီးတွင် လာထိုင် သည်။ နောက် ဖိုးမာကိုဖက်၍ ရွှတ်ခနဲ နမ်းလိုက်သည်။

"ကျွန်မ သီချင်းဆိုတာ ကောင်းရဲ့လား"

"သိပ်ကောင်း"

ဖိုးမာက ပြုံး၍ကြည့်သည်။

"ကဲ ... သီချင်းဆိုကောင်းရင် ဘာဆုချမလဲ ပြော"

အမျိုးသမီးက ဖိုးမာကို ဖက်၍ ချွဲသည်။

"ဆုချမှာပေါ့"

"ဘာလဲ၊ ပြောလေ"

"နင် ကြိုက်တာပြော"

"မြို့ထဲ ရောက်တော့ ပြောမယ်။ ဒါပဲနော် အစ်ကို၊ တကယ်ဆု ချရမှာ၊ ဟွန်း ... ဒီကဖြင့် ချစ်လိုက်ရတာ တကတည်း၊ တုန်နေတာပဲ"

ဖိုးမာက ရယ်နေသည်။

"တကယ်ပြောတာလား"

"နှစ်ကယ်၊ နှစ်ကယ်"

နေဝင်စပြုနေပြီ။ နေရောင်သည် လှိုင်းတွန့်များပေါ်သို့ ဖြာကျနေသည်။ တချို့နေရာက ရွှေရောင်တောက်၍ တချို့နေရာက ပန်းနုရောင်သွေး ပြေးနေသည်။

ဖိုးမာက ဖောင်ပေါ်မှနေ၍ မြစ်ပြင်ကို ငေးကြည့်နေသည်။ သူ့အမျိုးသမီးက ဖိုးမာပခုံးပေါ်တွင် ခေါင်းတင်ကာ စကား တတွတ်တွတ် ပြောနေသည်။

"ဟေ့ … ဖိုးမာ၊ ဘာတွေ တွ တ်ထိုးနေတာလဲဗျ"

ဦးတီရုက်က လှမ်းမေးသည်။

ဖိုးမာက ပြုံး၍–

"သီချင်း ဆိုခိုင်းနေတာပါဗျ"

"မလိုချင်ဘူး။ သီချင်းမကြားချင်ဘူး"

ဦးတီရုက် အော်သည်။ တော်တော်မူးနေပုံရသည်။

"မကြားချင် နားပိတ်ထား၊ နားပိတ်မထားချင်ရင် ရေထဲ ဆင်းသေလိုက်"

ဖိုးမာ့အမျိုးသမီးက လှမ်း၍ ရန်တွေ့သည်။ ဖိုးမာ့ အဆက်က ကျန်သုံးယောက်ကို မျက်မုန်းကျိုးနေသည်။

"ရေက အေးတုန်းဟ၊ တော်ကြာ အလောင်းကြီး ပုပ်နေလို့ မြစ်ရေတွေ ပုပ်သွားလိမ့်မယ်"

"အမယ်လေး၊ ရေတွေက အများကြီး ကမ်းလုံးပြည့်၊ ရှင့်အလောင်းတစ်ကောင် ပုပ်ရုံနဲ့ တစ်မြစ်လုံး မပုပ်ဘူး"

"အလိုလေး ကြောက်စရာချည်းပါလား၊ ပိုင်းလုံးမက အလာချည်းပါလား"

တစ်ယောက်က မကြားတကြား ပြောသည်။

ဖိုးမာ့အဆက်က သူတို့ကိုဂရုမစိုက် သီချင်းတစ်ပုဒ်ကို ကောက်ဆိုသည်။ သီချင်းက လွမ်းစရာကောင်းသည်။ သီချင်းသံကို နားထောင်ရင်း ဖိုးမာ အာခေါင်တွေ ခြောက်လာသည်။ သူ့အဆက်အသံကလည်း ဆွေးသံပါသည်။

"ကောင်းရဲ့လား အစ်ကို"

"သိပ်ကောင်းတာပဲ"

ဖိုးမာက လှိုက်လှဲစွာ ပြောသည်။

"ဟေ့ … ပြန်မယ်ဟေ့။ ဒီလာတာ ပျော်ဖို့ပါးဖို့ လာတာကွ၊ မသာသီချင်း နားထောင်ဖို့ လာတာ မဟုတ်ဘူး။ ပြန်မယ်"

ဘဆက်၏အသံ ဖြစ်သည်။

ပစ္စည်းများကို သိမ်းပြီး ပြန်ရန်ပြင်ကြသည်။

ယခုအချိန်၌ တော်တော်မှုးနေကြပြီ။ ဦတီရှက်၊ ဘဆက်နှင့် ဘဂျမ်းတို့ သုံးတွဲစလုံး ယိုင်နေကြပြီ၊ ယောကျ်ားတွေက ပိုမှုးသည်။

သူတို့ကိုကြည့်၍ ဖိုးမာ စိတ်ပျက်နေသည်။ ထို့ကြောင့် မစောင့်တော့ဘဲ ဖောင်တစ်ဖောင်မှ တစ်ဖောင်သို့ကူးကာ ကမ်းဘက်သို့ လာခဲ့သည်။

ဖောင်များက မြစ်လယ်ရောက်အောင် ထိုးထွက်နေသည်။ ကမ်းသို့ ရောက်အောင် တစ်ဖောင်ပြီးတစ်ဖောင် ကူးပြန်ရမည်။ လှိုင်းပုတ်နေသဖြင့် သစ်လုံးများက လှုပ်နေကြသည်။ တစ်ဖောင်နှင့်တစ်ဖောင် တွဲထားသည့်နေရာက ကျဲသည်။ ထို့ကြောင့် ဖောင်တစ်ဖောင်မှတစ်ဖောင် မနည်းသတိထား ကူးနေရသည်။

ဖောင်သမားတစ်ယောက် သစ်လုံးတစ်လုံးပေါ်တွင် ထိုင်၍ သီချင်းဆိုနေသည်။

ဘဆက်က ဖောင်သမား အနီးမှ ဖြတ်လာကာ တခြားဖောင်သို့ ကူးမည်ပြုသည်။

"ဟေ့ကောင် ဖယ်စမ်း၊ လာတာ မမြင်ဖူးလား"

ဘဆက်က ဖောင်သမားကို တစ်ချက် ပိတ်ကန်လိုက်သည်။ သစ်စက်ပိုင်ရှင်သားပီပီ အနိုင်ကျင့်လွန်းသည်ဟု ဖိုးမာ ထင်သည်။

ဘဆက် ကန်လိုက်သဖြင့် ဖောင်သမား သစ်လုံးပေါ်သို့ ကျသွားသည်။ ဘဆက်က ကျေနပ်ဟန်မတူသေး၊ ခွေလဲနေသော ဖောင်သမားကို နောက်တစ်ချီ ကန်ရန်ပြင်သည်။

"ဟေ့လူ ရပ်လိုက်"

ဖိုးမာက ဘဆက်ကို လှမ်းအော်လိုက်သည်။

"ဘာ"

"ဘာဖြစ်လို့ အနိုင်ကျင့်ချင်ရတာလဲ"

ဖိုးမာက ခွေလဲနေသည့် သစ်ဖောင်သမားကို သွားထူသည်။ သည်တုန်း အကြံတစ်ခုရလာသဖြင့် သစ်ဖောင်သမားကို တိုးတိုးပြောသည်။

"ဖောင်ကြိုးက ဒီတစ်နေရာထဲ ချည်ထားတာလား"

"ဟုတ်တယ်"

"ခင်ဗျား အနားက ဓားနဲ့ ကြိုးတွေ ဖြတ်လိုက်ဗျာ"

"ဖောင်ပေါ်မှာ လူတွေရှိတယ် ဆရာလေး"

"ဖြတ်မှာ ဖြတ်စမ်းပါ"

"ကျွန် … ကျွန်တော်"

"ဖြတ်လိုက်စမ်းပါလို့ ပြောနေတယ်"

ဖောင်သမားက ဓားဖြင့် ဖောင်ကြိုးကို ဖြတ်လိုက်သည်။

"ကျွန်တော် ဒုက္ခရောက်လိမ့်မယ် ဆရာလေး"

"အသာနေစမ်းပါ၊ မကြောက်စမ်းပါနဲ့"

"ဖောင်မျောသွားပြီ ဆရာလေး"

သစ်ဖောင်သမားက လန့်နေသည်။ ဖိုးမာက သဘောကျ၍ ရယ်သည်။ အနိုင်ကျင့်သူများကို လက်စားချေရသဖြင့် သူ ပျော်သည်။

"ဆရာလေး သစ်ဖောင်ကြီး သမ္ဗန်တွေနဲ့ ဝင်တိုက်လိမ့်မယ် ထင်တယ်၊ ဝင်တိုက်ရင် အကုန်သေကုန်မှာ"

"သေသေဗျာ၊ ခင်ဗျား ကယ်ချင်ရင်ကယ်၊ ကျုပ်တော့ လိုက် မကယ်ဘူး"

သစ်ဖောင်သမားသည် ဖောင်များပေါ်တွင် ခုန်ကျော်ပြေးကာ ကမ်းသို့တက်ပြေးသည်။ ကမ်းစပ်မှ လှေတစ်စင်းနှင့် လိုက်ဆယ်ရန် ဖြစ်သည်။

ဖိုးမာက အောက်သို့မျောသွားသော သစ်ဖောင်ကိုကြည့်၍ ပီတိ ဖြစ်သည်။ ကာလအတန်ကြာ သူ့ရင်ထဲတွင် ပြည့်သိပ်နေသော မကျေ နပ်ချက်များသည် သစ်ဖောင်ကြီးနှင့်အတူ မျောပါသွားပြီဟု ဖိုးမာ ထင် သည်။

ဖိုးမာ ရင်ကော့ကာ လတ်ဆတ်သောလေကို အားပါးတရ ရှူ လိုက်သည်။ သူ့ခေါင်းက ကြည်လင်နေသည်။ သစ်ဖောင်ပေါ်တွင် သူ့ အဆက်လည်း ပါသွားသည်။ အဝေးကနေ ကြည့်လျှင် သူ့အဆက် သည် မမနှင့်တူသည်ဟု ဖိုးမာ ထင်သည်။

"သွားကြဟေ့၊ ပျော်ပျော်ကြီး သွားကြ"

ဖိုးမာက ဝမ်းသာအားရ အော်သည်။

ဖောင်ပေါ်က လူသိုက်က ဖောင်ကြိုးပြတ်၍ မျောသွားသည်ကို သိကြပြီ။ ထို့ကြောင့် ဖိုးမာ ရပ်နေရာ ဖောင်ဘက်သို့ စုပြုံပြေးလာကြ သည်။ ဖိုးမာ၏ ဖောင်နှင့် သူတို့ဖောင်ကြားက ဆယ်လံလောက် ဝေးနေ ပြီ။

ဖောင်ပေါ်မှ ကြောက်လန့်တကြား အော်သံများ၊ ငိုသံများကို ကြားရသည်။ ထိုအထဲတွင် ကယ်ပါယူပါ အော်နေသော ဘဆက် အသံက အကျယ်ဆုံးဖြစ်သည်။

"လူတွေကို ရေနှစ်သတ်နေပါပြီဗျို့၊ လာ ... လာကြပါဦးဗျို့"

အော်သံတစ်ခုက ပေါ်လာပြန်သည်။ သည်အသံက နှုတ်ခမ်းမွေး ရေးရေးနှင့် လူငယ်၏အော်သံနှင့်တူသည်။

"ဟေ့ ... မင်းတို့က လူတွေ မဟုတ်ဘူးကွ၊ တိရစ္ဆာန်တွေ တိရစ္ဆာန်တွေ သိရဲ့လား"

ဖိုးမာက ပြန်အော်သည်။

ဖောင်ပေါ်တွင် ပြေးကြလွှားကြနှင့် ယောက်ယက်ခတ်နေပြီ။ ဖောင်ကလည်း လှုပ်နေပြီ။ လှိုင်းလုံးများက ဖောင်ပေါ်သို့ တက်ရိုက်နေကြသည်။ သစ်လုံးများက တကျွိကျွိ မြည်နေသည်။

"ငါးစာကျွေးတာကွ သိပလား၊ ငါးစာကျွေးတာ"

ဖောင်က တဖြည်းဖြည်း မျောပါသွားသည်။ ဖောင်က ကမ်းစပ်နှင့် ဝေးသွားသည်နှင့်အမျှ ဖိုးမာ ရင်ထဲတွင် ပေါ့ပါး ရွှင်လန်းနေ သည်။

"ဗျို့ ဖိုးမာ၊ ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ခင်ဗျား ဒုက္ခ ရောက်ချင်သလား၊ တရားစွဲမယ်ကွ သိလား တရားစွဲမယ်" ဟု ဦတီရှက်က အော်သည်။

"သေတော့မှ တရားစွဲကွ၊ သေတော့မှ တရားစွဲ"

ဖိုးမာက အော်သည်။ ရယ်လည်း ရယ်သည်။

"လူသတ်နေပါတယ်ဗျို့"

ဘဆက် အော်သည်။ ခဏကြာတော့ ရေထဲက ဂုန်းခနဲ အသံတစ်သံ ကြားလိုက်ရသည်။ ဖိုးမာ လန့်သွားကာ ကြက်သေသေနေ သည်။ မိန်းမတွေက ငိုကြသည်။ ယောကျ်ားတွေက ကြောက်လန့် တကြား အော်ကြသည်။ မည်းမည်းအရာတစ်ခု သူ့ဖောင်ဆီသို့ ရွေ့လာ သည်ကို မြင်လိုက်ရသည်။ ဖိုးမာက လက်ကို ဆန့်ပေးလိုက်သည်။ အေးစက်စိုရွှဲနေသည့် အရာတစ်ခုက သူ့လက်ကို ဖမ်းဆွဲသည်။ ရေထဲက မျက်နှာတစ်ခုကို မြင်ရသည်။

ဖိုးမာက လှမ်းဆွဲလိုက်သောအခါ သူ့အဆက် ဖြစ်နေသည်။ ဖိုးမာက သူ့အဆက်ကို ဖက်ထားလိုက်သည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။

"ချမ်းလိုက်တာ အစ်ကိုရယ်"

အမျိုးသမီးက ပြောသည်။

ဖိုးမာသည် အမျိုးသမီးကို ပွေ့ကာ ဖောင်များပေါ်မှ ခုန်ကျော်ကာ ကမ်းစပ်သို့ တက်လာခဲ့သည်။ သူ့လက်ထဲက မိန်းမပျို၏ ကိုယ်က စိုရွှဲနေသည်။ အေးနေသည်။ သို့ရာတွင် သူ့ထွက်သက်က နွေးသည်။

"အစ်ကိုက ညီမကို ရေနှစ်သတ်မလို့လား"

"ညီမက သတ္တိကောင်းသားပဲ၊ ရေထဲခုန်ချပြီး ကူးလာတယ်။ ဖောင်ပေါ်က ဟာတွေတော့ အော်ကြတုန်း၊ အော်စမ်းပစေ၊ သေစမ်းပစေ၊ သူတို့သေသွားရင် အစ်ကိုရယ် ညီမရယ် တစ်ကျွန်းကို အတူတူသွား မယ်"

မြစ်ထဲမှ အော်သံများကို ကြားနေရဆဲ။ ဖောင်က မြစ်လယ်သို့ မျောသွားပြီ။ ကမ်းစပ်နှင့် ဝေးသည်ထက် ဝေးသွားပြီ။

မှောင်စပြုနေပြီ။

***

(၉)

တနင်္ဂနွေ နေ့လယ်ဖြစ်သည်။

မာယာခင်က ခြံထဲရှိ သစ်ပင်ရိပ်တွင် လက်ဖက်ရည် သောက်နေသည်။ သူ့ခေါင်းပေါ်တွင် ချယ်ရီကိုင်းများ ငိုက်ကျနေသည်။ မျက်နှာက ချွေးတွေကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း–

"စိတ်နောက်ကိုယ်ပါ လုပ်တဲ့လူဟာ အရူးရင်လည်း ဖြစ်ရမယ်။ လူမိုက်ရင်လည်း ဖြစ်ရမယ်"

မာယာခင်၏မျက်လုံးများက ဒေါသကြောင့် အရောင်ထွက်နေသည်။ မျက်နှာက ရှုံ့မဲ့နေသည်။

"ဖိုးမာသာ ငါ့သားအရင်းဆိုရင် ဟင်း"

လျူဘာက သစ်ကိုင်စကလေးတစ်ခုဖြင့် မြေကြီးကို ခြစ်ရင်း သူ့အဖေကို ကြည့်နေသည်။ ဘာမျှတော့ မပြော။ ပြောလည်း မပြောချင်။ သူပြောလျှင် သူ့အဖေက အော်ငေါက်ပစ်မည်။ စိတ်ဆိုးမည်။ ထို့ကြောင့် လျူဘာ ဘာမျှမပြောချင်။ မပြောရဲ။

"ကြည့်စမ်းပါဦး၊ သတင်းစာတွေထဲမှာ ဟိုးလေးတကျော် ဖြစ်ကုန်ပြီ။ သူ့အဖေသာရှိရင် သတ်ပစ်မှာ။ ဘယ်လောက် ရှက်စရာ ကောင်းသလဲ"

"ဒါကတော့ သူ့ထိုက်နဲ့ သူကံပေါ့ အဖေရယ်"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ သတင်းထောက် ရေးထားပုံက သိပ်ရှက်စရာကောင်းတာပဲ၊ ဧကန္တ ဒီသတင်းထောက်ဟာ သူကိုယ်တိုင် မြင်လို့ ရေးတာနေမှာပဲ"

"ကိုယ်တိုင် မမြင်ပါဘူးအဖေ၊ ဖိုးမာနဲ့ စကားတောင် မပြောဖူးပါဘူး"

လျူဘာက ခေါင်းကို ငုံ့ထားလိုက်သည်။

"ဘာ ၊ သတင်းထောက်က ညည်းအသိထဲကလား၊ ကောင်းပေ့ကွာ၊ ကဲ ... ပြောစမ်း၊ ဘယ်သူလဲ"

လျူဘာက မပြောချင်။ သို့ရာတွင် သူ့အဖေက သတင်းမေးနေသည်။

"အဖေ သူ့ကို အန္တရာယ် မပြုရဘူးနော်"

"ငါက ဘာလုပ်နိုင်မှာမို့လဲဟဲ့။ ငါက ခရိုင်ဝန်လား၊ ပြောမှာပြောစမ်း၊ ဘယ်သူရေးတာလဲ"

"ယာဇော့လေ အဖေ၊ ကျောင်းတုန်းက ကျွန်မအိမ် ခဏခဏလာတတ်တယ်။ ဆံပင်နက်နက်နဲ့"

ဘာ၊ ယာဇော့ ဟုတ်လား၊ ကြည့်စမ်း၊ ခွေးတိရစ္ဆာန်၊ ဒီကောင်ဟာ ဟိုတုန်းကလည်း ကောင်းကျိုးမပေးဘူး။ ခုလည်း ကောင်းကျိုးမပေးဘူး။ ဒီကောင်ကို လူကောင်း သူကောင်းတစ်ယောက်ဖြစ်လာအောင် အဖေ ဆုံးမရမယ်"

လျူဘာက ပခုံးကို တွန့်သည်။

"လူကောင်းတွေပါ အဖေရဲ့၊ သတင်းထောက်တွေဟာ လူကောင်းတွေပါ"

မာယာခင်က ရုတ်တရက် မပြော။ စားပွဲကို လက်ချောင်းများဖြင့် ခေါက်နေသည်။

"လူကောင်းတွေ မဟုတ်ဘူး။ လူတွေ မဟုတ်ဘူး။ သတင်းထောက်တို့၊ သတင်းစာဆရာတို့၊ စာရေးဆရာတို့ ဆိုတဲ့ ကောင်တွေဟာ ကြမ်းပိုးသူခိုးချည်းပဲ၊ ဒီကောင်တွေကြောင့် တိုင်းပြည်ကြီး ပျက်နေတာ၊ ဒီကောင်တွေဟာ တိုင်းပြည် ဖျက်နေတဲ့ကောင်တွေ"

"ကျွန်မကတော့ ဒီလိုမထင်ဘူး အဖေ"

လျူဘာက ဆိုသည်။

"စာရေးဆရာတွေဟာ ကမ္ဘာပေါ်မှာ ကိုယ်ကျိုးမငဲ့ဆုံး လူတွေလို့ ထင်တယ်။ သူတို့အကျိုးကို သူတို့မကြည့်ဘူး။ အမှန်တရားအတွက်ပဲ ကြည့်တယ်။ ဒါကြောင့်မို့ ကမ္ဘာပေါ်မှာ လေးစားခံရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတာပေါ့၊ တကယ်တော့"

"တိတ်၊ စာအုပ်တွေ နင်းဖတ်ပြီး ရူးနေတဲ့ ကောင်မ၊ စာရေးဆရာဆိုတာ ဘာကောင်လဲ၊ ဘယ်သူကမှ ဒီလိုကောင်တွေကို ဆေးဖော်ကြောဖက် မလုပ်ဘူး။ ယာဇ္ဇေ့ဆိုတဲ့ကောင်ကကော ဘာကောင်လဲ၊ ဟေ့ ... မှတ်ထား၊ ကိုယ်ကျိုး မကြည့်တဲ့လူဆိုလို့ လောကမှာ တစ်ယောက်မှ မရှိဘူး။ သူများအတွက် လုပ်ပေးတဲ့လူဆိုလို့ တစ်ယောက်မှ မရှိဘူး၊ ရှိတယ်ဆိုရင် အဲဒီကောင်ဟာ ရူးလို့ပဲ ဖြစ်ရမယ်။ ဘာ အမှန်တရားလဲ၊ အမှန်တရားဆိုတာလဲ မရှိဘူး"

"ဒါပေမဲ့ အဖေရယ်၊ စာအုပ်တွေ၊ သတင်းစာတွေဟာ အများကောင်းကျိုး၊ လူတိုင်းကောင်းကျိုးအတွက် ရေးနေကြတာပဲ မဟုတ်လား"

လျှူဘာက လေပျော့ကလေးဖြင့် ပြောသည်။

"ဘာ လူတိုင်းကောင်းကျိုးလဲ၊ ညည်းကောင်းကျိုးအတွက် ဘာများ ရေးပေးလို့လဲ၊ ညည်း ယောကျ်ားလိုချင်တာကို ညည်းသတင်းစာက ရေးပေးဖော်ရလို့လား၊ ဘယ်သူ့အကျိုးတွက်မှ မရေးဘူး၊ ကိုယ့်အကျိုးစီးပွားကို ကိုယ်ပဲသိတယ်။ ဘယ်သူက သိမှာပဲ"

"မဟုတ်သေးဘူး အဖေ"

"ဟုတ်တယ်၊ ခု ရုရှားပြည်ကြီး ပျက်နေပြီ၊ တည်တံ့တာ၊ ခိုင်မြဲတာ ဆိုလို့ ဘာမှမရှိတော့ဘူး။ လူတွေကလည်း တစ်ယောက်ကို တစ်ယောက် လိမ်၊ တစ်ယောက်ကို တစ်ယောက် ညစ်ပတ်၊ ဘယ်သူ့ ဘယ်သူမှ မငဲ့ကြတော့ဘူး။ တိုင်းပြည်ကြီးကို ဘယ်လို ထူထောင်သင့်တယ် ဘာတယ်နဲ့ တစ်ယောက်တစ်မျိုး ပြောချင်ရာ ပြောနေကြတာ၊ တကယ်က ဘယ်သူ ဘာမှသိတာ မဟုတ်ဘူး။ ရမ်းပြောနေကြတာ၊ မှောင်ကြီးကျပြီး မမြင်မကန်းနဲ့ ရမ်းသွားနေကြတာ၊ ဒါကြောင့် တိုင်းပြည်ကြီး ဒီလိုဖြစ်နေတာပေါ့၊ လွတ်လွတ်လပ်လပ် စဉ်းစားခွင့်လုပ်ခွင့်ပေးရင် ဘယ်မှာ ဒီလို ဖြစ်မလဲ။ ခုတော့ လူတွေမှာ ဘာမှလုပ်ခွင့်မရှိဘူး။ လူ့ဘဝကြီးမှာ အသက်ရှင်နေရတာနဲ့ မတူဘူး၊ ဂူကြီးထဲမှာ မွန်းကြပ်ပုပ် သိုးနေရတာနဲ့ အတူတူပဲ"

"ဒီတော့ အဖေက ဘာလုပ်မှာလဲ" လျှူဘာက မေးသည်။

"လုပ်စရာတွေ အများကြီးရှိတယ်။ လူတိုင်း ကိုယ်လုပ်နိုင်တာကို လုပ်ရမှာပဲ။ ဒါပေမဲ့ ပထမဆုံး လူတွေကို လွတ်လပ်ခွင့် ပေးရမယ်။ ပါးစပ်ထဲခွံ့ထားတဲ့ ဇက်ကြိုးကို ဖြုတ်ပေးရမယ်။ အရည်အချင်းမရှိတဲ့ လူတွေက လူတွင်ကျယ် တက်လုပ်ချင်လုပ်မယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ သူတို့ကိုယ်သူတို့ ထင်တစ်လုံးနဲ့ လုပ်ကြည့်ချင် လုပ်ကြည့်ကြပေါ့။ ဒီလိုကောင်တွေ လုပ်လို့ ဘာဖြစ်မှာလဲ၊ လူရယ်စရာဖြစ်သွားမှာပေါ့။ ဇက်ကြိုးကို ဖြုတ်လိုက်တဲ့ ခဏတော့ မြင့်မြင့်ခုန်ပြချင် ပြလိမ့်မယ်။ ဟိုပြေးဒီပြေး ပြေးပြလိမ့်မယ်။ ဒါပေမဲ့ ဒီကောင် ပြေးနိုင်ခုန်နိုင်ရင် ခဏပေါ့"

မာယာခင်က ခေတ္တရပ်သည်။

"ဒါပေမဲ့ ဒီကောင်မျိုးမှာ ဘာအရည်အချင်းမှ မရှိတော့ ကြာကြာ မခုန်နိုင်ပါဘူး။ ခဏကြာတော့ ဒီကောင် မြေကြီးပေါ် ပြန်ကျမှာပဲ၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ပေါ့၊ အဲဒီအခါကျတော့ တကယ်အရည်အချင်းရှိတဲ့လူတွေ လာလိမ့်မယ်။ သူတို့က တိုင်းပြည်ကြီးကို ကောင်းအောင်လုပ်ပေးလိမ့်မယ်။ တိုင်းပြည်ကို ဓားနဲ့ကလောင်နဲ့ အုပ်ချုပ်သူတွေ ကျဆုံးပြီး စိတ်ဓာတ်နဲ့ ဦးနှောက်နဲ့လူတွေ အုပ်ချုပ်လာလိမ့်မယ်"

မာယာခင်က စကားသွက်နေသည်။ အရေတွန့်များက လှုပ်ရှားနေကြသည်။ သူ့စိတ်ကူးနှင့်သူ ပီတိဖြစ်နေသည်။

"အဲဒီအခါမှာ အရည်အချင်းရှိတဲ့ လူတွေက ပဲ့ကိုင်ပြီး နည်းမှန်လမ်းမှန်နဲ့ အုပ်ချုပ်သွားလိမ့်မယ်။ အဲဒီအခါကျတော့ တိုင်းပြည်လည်း ဗရုတ်ဗရက် မဖြစ်တော့ဘူး။ သာယာလာလိမ့်မယ်။ အေးလေ ... ပြောလို့သာ ပြောရတာပါ။ ဒီခေတ်ကို ငါလည်း မီမှာ မဟုတ်ပါဘူး"

သူ့အဖေ မာယာခင်၏ စကားများက လျူဘာကို ပိုက်ကွန်ကြီးလို အုပ်ထားသည်။ လျူဘာ ရှန်းထွက်ကြည့်သည်။ မရ။ တချို့စကားများက စာအုပ်တွေထဲတွင် ဖတ်ဖူးသည့်အချက်များနှင့်တူသည်။ သို့ရာတွင် အဖေ့ကို လျူဘာ မယုံရဲ။ အဖေ၏စကားများသည် သူ့ကို လမ်းမှန်ပေါ်မှ ဆွဲချနေသည်ဟု သူထင်သည်။

"အဖေ အစ်ကိုတာရာကကော ဘယ်လိုလူလဲ ဟင်"

မာယာခင် လန့်သွားသည်။ တာရာ့အမည်ကို ကြားတော့ မျက်ခုံးကြီးတွေ တွန့်သွားသည်။ နောက် သူ့သမီးကို စိုက်ကြည့်သည်။

"ဘာဖြစ်လို့ မေးတာလဲ"

"ကိုယ့်အစ်ကိုပဲ အဖေရဲ့၊ သိချင်တာပေါ့"

"ဒီကောင့်အကြောင်းကို ငါမပြောချင်ဘူး။ ညည်းလည်း မပြောနဲ့၊ ဒီကောင်ဟာ တေလေကြမ်းပိုး၊ ညည်းတို့ လူငယ်တွေဟာ အကောင်းအဆိုးကို မခွဲခြားတတ်သေးဘူး။ မဟုတ်တာလိုက်ပြီး အတုမြင် အတတ်သင် ကြတယ်။ ခုဆို ဒီကောင် အသက်သုံးဆယ်ပြည့်တော့မယ်။ ငါ့အဖို့တော့ ဒီကောင် မရှိတော့ဘူး၊ သေပြီလို့ သဘောထားတယ်"

"အစ်ကိုက ဘာတွေလုပ်လို့လဲ အဖေ"

လျှူဘာက စိတ်ဝင်တစား မေးသည်။

"ဘယ်သိမလဲ၊ သူ့ဖာသာသူတောင် သူဘာလုပ်တယ်ဆိုတာ သိမှာမဟုတ်ဘူး။ အဖေက သူ့ကို ကောင်းကောင်း ကျွေးမွေးထားတယ်။ ဒါပေမဲ့ ကောင်းကောင်းမနေချင်ဘူး။ နိုင်ငံရေးသမားတွေနဲ့ ပေါင်းတယ်။ ဒီကောင်လည်း အလကားကောင်ပဲ၊ ဖိုးမာလို ကောင်မျိုးတွေ၊ အလို ဟိုမှာ လာနေတာ ဘယ်သူလဲ"

လျှူဘာ လှမ်းကြည့်လိုက်သောအခါ ကတ္တူပွဲနင်းကြီး ယီဖင်ကို တွေ့ရသည်။ သူ့မျက်နှာမကောင်း။

"ဘာကိစ္စလဲဟေ့ ယီဖင်"

မာယာခင်က မေးသည်။

"ကိစ္စလေး တစ်ခု ရှိလို့ ခင်ဗျ"

ယီဖင်က ဦးညွတ်နူတ်ဆက်၍ ပြောသည်။

"ကိစ္စရှိမှန်းတော့ သိတာပေါ့ကွ၊ ဘာလဲလို့မေးတာ၊ သမ္ဗန် ကော ဘယ်မှာဆိုက်ထားသလဲ"

"ဟိုမှာ ခင်ဗျ"

ယီဖင်က လက်ကိုဝှေ့၍ မရေမရာ ပြသည်။

"ဟိုမှာဆိုတာ ဘယ်မှာလဲကွ၊ ဘာဖြစ်သလဲ ပြောမှာပြောစမ်းပါ"

မာယာခင် စိတ်တိုလာသည်။ ယီဖင်က မောနေသဖြင့် မပြောခင် အသက်ကို ဝအောင် ရှူနေရသေးသည်။

"သစ်ဖောင်နံပါတ် ၉ က ပျက်သွားတယ်ခင်ဗျ၊ လူတစ်ယောက်ထိပြီး နောက်လူတစ်ယောက် ပျောက်နေတယ်။ ရေနစ်သွားတယ်"

"အေး ကိုယ့်တာဝန် ကိုယ်ယူပေါ့ကွာ"

မာယာခင်က ပွဲနင်းကြီးယီဖင်ကို ဒေါသဖြင့် ကြည့်နေသည်။

"ကျွန်တော်ကြောင့် မဟုတ်ဘူးခင်ဗျ"

"မင်းကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်လဲ"

"ဆရာလေး ခင်ဗျ"

"ဖိုးမာကြောင့်လား၊ မင်းက ဘယ်ရောက်နေလို့လဲ"

"ကျွန်တော်က ဇရာဝမ်းထဲမှာ လဲနေတယ်ခင်ဗျ"

"လဲနေတယ်၊ ဟုတ်လား"

"ကျွန်တော့်ကို ကြိုးနဲ့တုပ်ထားတယ် ခင်ဗျ"

"ဘာ"

အဘိုးကြီး အော်သည်။

"ဒီနေ့ ဆရာလေး အရက်တွေ သိပ်မူးလာပြီး ကျွန်တော့်ကို ပွဲစင်က နှင်ထုတ်တယ်။ သူ ပွဲကိုင်မယ်တဲ့၊ ကျွန်တော်က မဖြစ်ဘူးထင်တယ်လို့ ပြောတော့။ ကျုပ် ပိုင်ရှင် ကျုပ်ပွဲနှင်းလို့ ပြောပြီး ကျွန်တော့်ကို ကြိုးနဲ့အတုပ်ခိုင်းတယ်။ ဒါနဲ့ ကျွန်တော့်ကို ကြိုးနဲ့တုပ်ပြီး ဇရာဝမ်းထဲ ထည့်ထားတယ်။ ဒီတုန်းမှာ သမ္ဗန်တစ်စင်းက သစ်ဖောင်ခြောက်ဖောင်ကိုဆွဲပြီး စုန်လာတယ်။ ဟိုက ဥသြဆွဲတယ် မရဘူးခင်ဗျ။ အရက်မူးမူးနဲ့ နောက်သလိုလိုနဲ့ ဟိုသမ္ဗန်ကြီးကို ဝင်တိုက်ပစ်တယ်"

"ဒီတော့"

"ဒီတော့ ဟိုသမ္ဗန်ကလည်း ရှောင်လို့မရတော့ဘူး၊ ရှေ့က သစ်ဖောင်နှစ်တွဲက ကျွန်တော်တို့ သမ္ဗန်နဲ့ ဝင်တိုက်မိပြီး ကျွန်တော်တို့ သမ္ဗန်ကွဲသွားတယ်။ ဟိုသမ္ဗန်လည်း နည်းနည်း ကွဲသွားတယ်"

မာယာခင်က ကုလားထိုင်မှ ခုန်၍ထကာ ကြောက်စရာအသံ ဖြင့်အော်သည်။ ယီဖင့်ဇက်သည် ပုဝင်သွားသည်။

"ဆရာလေးက မူးရင် သိပ်ရမ်းတယ် ခင်ဗျ။ အရက်မသောက်ရင်တော့ စကားတောင် လေးလုံးကွဲအောင် မပြောဘူး။ မူးပြီဆိုရင်တော့ ဘယ်သူမှ ထိန်းမရတော့ဘူး ခင်ဗျ။ ဒီတော့ ကျွန်တော်လည်း ပွဲနှင်းမလုပ်ပါရစေနဲ့တော့၊ အလုပ်က ထွက်ပါရစေ၊ ကျွန်တော် တာဝန်ကြီးပါတယ်။ ကြောက်လွန်းလို့ပါ"

"တော်ကွာ၊ ခု ဒီကောင် ဘယ်မလဲ"

မာယာခင်က အော်သည်။

"ခု မြစ်လယ် သမ္ဗန်ချင်းတိုက်မိတဲ့ နေရာမှာ ခင်ဗျ။ သမ္ဗန်ချင်းတိုက်တော့မှ သတိရပြီး အလုပ်သမားတွေ ခေါ်ပြီး သမ္ဗန်ကို ဆွဲတင်ဖို့ လုပ်နေကြတယ်။ ခုလောက်ဆို ဆွဲနေကြလောက်ပြီ"

"သူတစ်ယောက်တည်းလား"

ယီဖင်က လျူဘာကို လှမ်းကြည့်လိုက်သည်။

"မ မဟုတ်ဘူး ခင်ဗျ။ အဲ ဟိုဒင်း၊ သူနဲ့ မိန်းကလေးငယ်ငယ် တစ်ယောက်ပါတယ်၊ ဆံပင်နက်နက်နဲ့၊ သီချင်းဆိုလည်း သိပ်ကောင်းတယ် ခင်ဗျ။ သူသီချင်းဆိုရင်"

"ဟော့ကောင် ငါ ဒါကို မေးနေတာ မဟုတ်ဘူး"

မာယာခင်က အော်လိုက်သည်။ လျူဘာသည် သူ့အဖေမျက်နှာကိုကြည့်၍ လန့်လာသည်။ သူ့အဖေ မျက်နှာက ငိုတော့မလို ဖြစ်နေသည်။

"ဖြည်းဖြည်းသက်သာလည်း ပြောပါ အဖေရယ်၊ တန်ဖိုးက သိပ်များမယ် မထင်ပါဘူး"

လျူဘာက ဝင်ပြောသည်။

"ဘာမများရမှာလဲ၊ နင် ဘာသိလို့လဲ၊ ဖောင်ပျက်သွားရုံဆိုကိစ္စမရှိဘူး။ ခု လူတစ်ယောက်သေပြီဗျ၊ နားလည်ရဲ့လား"

မာယာခင် ခြေဆောင့်၍ အိမ်ဘက်သို့ ထွက်သွားသည်။

*

ထိုအချိန်တွင် ဖိုးမာက ဗော်လဂါမြစ်ကမ်းက လယ်တဲကလေးတစ်ခုတွင် ရောက်နေပြီ။

အိပ်ရာက နိုးစ ကောက်ရိုးပေါ်တွင် ပက်လက်လှန်ရင်းကောင်းကင်က တိမ်မျှင်စများကို ငေးကြည့်နေသည်။ အရက်ရှိန်ကြောင့်သူ့ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်နေသည်။ သူ့ရင်သည်လည်း တိမ်လှိုင်းတွေ ထသလို အလိပ်လိပ် ခုန်ထနေသည်ဟု ထင်ရသည်။ သူ့ရင်ထဲတွင် တိမ်တွေ လွင့်သလို လွင့်နေသည်။ လွန်ခဲ့သော လ အနည်းငယ်အတွင်းက အဖြစ်အပျက်များသည် မစဉ်းစားရဘဲ သူ့ရင်ထဲတွင် အလိုလို ပေါ်လာကြသည်။

သူ့ခန္ဓာကိုယ်သည် ပူနွေးညစ်ပတ်သည့်ရေစီးထဲတွင် မျောပါနေသလို ထင်ရသည်။ သူတွင်မက အခြားသူများသည်လည်း ရေစီးကြီးထဲတွင် မျောနေကြသည်။ တချို့က အရက်မူးနေကြသည်။ တချို့က ရန်ဖြစ်နေကြသည်။ တချို့က လောဘရမ္မက်နောက်သို့ လိုက်နေကြသည်။ တချို့က အော်ဟစ်နေကြသည်။ တချို့က ငိုကြွေးနေကြသည်။ တချို့က ကျိန်ဆဲနေကြသည်။ တချို့က သတ်ပုတ်နေကြသည်။ တချို့က ဖိုးမာ အနီးသို့ မျောလာကြသည်။ ဖိုးမာက အနားသို့ အကပ်မခံ။ လက်နှင့် ပုတ်ထုတ်လိုက်သည်။

သူတို့အားလုံးသည် သူ့လိုပင် ညစ်ပတ်မည်းမှောင်သော ရေစီးကြီးထဲတွင် မျောနေကြသည်။ အညစ်အကြေးတွေလို မျောနေကြသည်။ ဘယ်ဆီ ဘယ်ကမ်းရောက်မည်ကို မည်သူမျှ ခေါင်းထောင် မကြည့်ရဲကြ။ တချို့က ကြောက်ကြောက်ဖြင့် အရက်ကို ဖိသောက်ကြသည်။ တချို့က အော်ကြသည်။ ကယောင်ကတမ်း ကကြသည်။ ခုန်ကြသည်။ ထိုအထဲတွင် သူလည်း ပါသည်။ စင်စစ် ဤသို့ ပြုမူနေခြင်းမှာ လူ့ဘဝ တစ်သက်တာကလေးကို မြန်မြန် မကုန် ကုန်အောင်လုပ်နေကြခြင်းဖြစ်သည်ဟု ဖိုးမာ သဘောပေါက်လာသည်။

ဤဝဲဂယက်ထဲတွင် တည်ငြိမ်သူဆိုလို့ သူ့အဆက် ဆံပင်နက်နက်နှင့် 'အရှည်မ'တစ်ယောက်သာရှိသည်။ ဖိုးမာ သူ့အဆက်ကို 'အရှည်မ' ဟု ချစ်စနိုးခေါ်တတ်သည်။ အရှည်မက အရက်လည်း မမူးတတ်။ စကား ပြော ပြတ်သားသည်။ ပိုင်နိုင်သည်။ သူ့လှုပ်ရှားဟန်သေချာသည်။ မြဲမြံသည်။ ခိုင်မာသည်။ အရှည်မကို ဖိုးမာ အထင်ကြီးသည်။ သူ့ပတ်ဝန်းကျင်တွင် အရှည်မသည် ပညာအရှိဆုံး အသိဆုံး အတတ်ဆုံးဟု သူထင်သည်။ အရှည်မက ဖိုးမာ ပထမဆုံး စတွေ့သည့် ပေလဂေယထက် ငယ်သည်။ ချောသည်။ အရှည်မကို ကြည့်ရသည်မှာ သူ့ရင်ထဲတွင် တစ်စုံတစ်ခုကို ဝှက်ထားသလို ထင်ရသည်။ မည်သူ့ကိုမျှလည်း တကယ်ချစ်ပုံမရ။ မည်သူ့ကိုမျှလည်း ယုံဟန်မတူ။ ထို့ကြောင့်ပင် ဖိုးမာ အရှည်မကို ပိုချစ်ရသည်။ ပိုအထင်ကြီးသည်။ ပိုစွဲလန်းရသည်။

"အစ်ကိုနဲ့ ညီမ ဖြုန်းခဲ့တဲ့ ပိုက်ဆံတွေ မနည်းတော့ဘူးနော်"

တစ်ခါတွင် ဖိုးမာက ပြောဖူးသည်။

"ပိုက်ဆံကို မဖြုန်းရင် ဘာလုပ်ရမှာတုန်း" ဟု အရှည်မက မေးသည်။ ဟုတ်သည်။ အရှည်မ၏အဖြေက ရှင်းသည်။ လွယ်သည်။ ယုတ္တိတန်သည်ဟု ဖိုးမာ ထင်သည်။

"ညီမဟာ ဘယ်သူလဲ"

ဟု တစ်ခါက မေးဖူးသည်။

"ဘာလဲ အစ်ကို ညီမနာမည် မေ့နေပလား"

"မမေ့ပါဘူး"

"မမေ့ရင် ဘာဖြစ်လို့ မေးတာလဲ"

"ဩော် ... ညီမက ဘယ်သူလဲ၊ ဘယ်ကလဲ စတဲ့ မျိုးရိုးဇာတိကို ပြောတာပါ"

"အမယ်လေး ဒါများ အဆန်းလုပ်လို့၊ အရှေ့မက ယာရိစလာ ခရိုင်က၊ အရင်တုန်းက ဇာတ်ပွဲထဲ လိုက်ဖူးတယ်။ ခု အစ်ကိုနဲ့ လိုက်နေပြီ၊ ကဲ … ဒါပဲလား၊ သိပလား၊ ဘာသိချင်သေးလဲ"

ဖိုးမာ ရယ်သည်။

"ဒီထက်တော့ ပိုမပြောတတ်တော့ဘူး။ အစ်ကို့လို အမေက မွေးလာတဲ့ အရှည်မလို့ပဲ ပြောတတ်တော့တယ်။ တကယ်တော့ မျိုးရိုးတွေ ဇာတိတွေက အရေးမကြီးပါဘူး အစ်ကိုရယ်။ ဒီထက် အရေးကြီးတာတွေကို ပြောရအောင်ပါ။ ဒီနေ့ ဘယ်ကို သွားမလဲ၊ ဘယ်လို အချိန်ဖြုန်းမလဲ၊ ဆိုစမ်း"

ထိုနေ့က သူတို့ နှစ်ယောက်သား မူးအောင်သောက်ကြသည်။ မူးတော့ အရှည်မက သီချင်းဆိုသည်။ အရှည်မက ဇာတ်ထဲတုန်းကလို ကပြမည်ဆိုကာ ဖိုးမာကို ကပြသည်။ ဖိုးမာကလည်း မကတတ် က တတ်ဖြင့် ကသည်။ ရေထဲ လိမ့်ကျသည်တွင် ကံကောင်း၍ ရေမနစ်ခြင်းဖြစ်သည်။

ဖိုးမာသည် တဲထဲက ကောက်ရိုးပုံပေါ်တွင် ပက်လက် လှန်ရင်း အဖြစ်အပျက်များကို ပြန်တွေးသည်။ ပြန်တွေးမိတော့ သူ့ကိုယ် သူ ရှက်သည်။ အရှည်မကို မကျေမနပ် ဖြစ်သည်။

ဖိုးမာသည် သူ့ဘေးတွင် အိပ်ပျော်နေသည့် ချစ်စဖွယ် အရှည်မ၏ကိုယ်လုံးကို ကြည့်သည်။ မှန်မှန် အသက်ရှူနေသော အရှည်မ၏ အသက်ရှူသံကို နားထောင်သည်။ စင်စစ် အရှည်မကို သူ မချစ်။ သူ့အတွက် အရှည်မ မလို။

သူ ဘာဖြစ်နေပြီနည်း။ ဘာတွေလုပ်နေသနည်း။ ဘယ်ဘဝ ရောက်နေသနည်း။ ဖိုးမာ ပြန်တွေးကြည့်သည်။

သူလုပ်ခဲ့သမျှကို တွေး၍ လန့်လာသည်။ အခြားသူများလို အဘယ်ကြောင့် အေးအေးသက်သာ မနေနိုင်သနည်း။ သူ့ဘဝကိုသူ ဘာကြောင့် မကျေမနပ် ဖြစ်နေရသနည်း။ ဤသည်ကို တွေးမိတိုင်း ဖိုးမာရှက်သည်။ ဖိုးမာက ဘေးသို့စောင်းကာ အရှည်မကို လှုပ်နှိုးသည်။

"သတိထားလေ ဆရာကြီး"

အရှည်မက အိပ်ချင်မူးတူးဖြင့် ပြောသည်။

"အရှည်မ ထစမ်း"

"ဘာလုပ်မလို့လဲ၊ အိပ်ချင်တယ်"

"ထစမ်းပါလို့ ဆိုနေ"

အရှည်မက သူ့ဘက်ကို ကျောပေး၍ အိပ်ကာ သမ်းနေသည်။ အတန်ကြာမှ အိပ်ချင်မူးတူးအသံဖြင့်–

"အရှည်မ အိပ်မက်တစ်ခုမက်တယ်။ ဇာတ်ထဲ ပြန်လိုက်နေသတဲ့။ တစ်ပင်တိုင် ထွက်ကတော့ ခွေးကြီးတစ်ကောင် ပေါ်လာတယ်။ အရှည်မ အကရပ်ရင် ကိုက်စားလို့ သွားကြီးတွေကို ဖြဲပြီးစောင့်နေသတဲ့။ သီချင်းဆို ရပ်သွားရင်၊ ကတာ ရပ်သွားရင် ကိုက်စားမှာစိုးဖို့ ကြောက်ကြောက်နဲ့ သီချင်းတွေဆိုပြီး ကလိုက်တာလေ၊ ကြာတော့ အသံတွေ ဝင်သွားပြီး သီချင်းဆိုလို့ မရတော့ဘူး။ ကိုက်စားတော့မှာပဲဆိုပြီး အသံထွက်အောင် အော်ဆိုလေ အသံက ဝင်သွားလေတဲ့၊ ဒီတွင် ကိုက်စားတော့မှာပဲဆိုပြီး ကြောက်ကြောက်နဲ့ အသံထွက်အောင် အော်နေတုန်း နိုးလာတာပဲ၊ အိပ်မက်က ဘာအဓိပ္ပာယ်လဲ အစ်ကို"

"နေစမ်းပါဦး၊ အစ်ကို့အကြောင်းကို အရှည်မ ဘာသိသလဲ"

ဖိုးမာက သူ့အတွေးဖြင့် သူမေးသည်။

"ဘာသိရမှာလဲ၊ ခွေးကြီးကိုက်မယ့်လုပ်တုန်းမှာ အစ်ကိုက အရှည်မကို နှိုးတာပေါ့"

အရှည်မကလည်း သူ့အတွေးဖြင့် သူပြောသည်။

"ဟုတ်တယ်၊ အစ်ကိုဟာ အရှည်မကို အိပ်မက်ဆိုးကြီးထဲမှာ လှုပ်နှိုးခဲ့တယ်၊ ဒါကြောင့်မို့ အစ်ကို့ကို ဘယ်လိုလူစားထင်သလဲလို့ မေးတာပေါ့"

"အစ်ကို အမူးမပြေသေးဘူး ထင်တယ်"

အရှည်မက ပြောင်စပ်စပ် ပြောသည်။

"မနောက်စမ်းပါနဲ့ကွယ်။ အစ်ကို အတည်ပြောနေတာပါ။ အစ်ကို့ကို ဘယ်လို လူစားထင်သလဲ၊ ပြောစမ်း"

"ဘယ်လိုလူစားလို့မှ မထင်ဘူး။ အစ်ကို့အကြောင်းကို တွေးတောင် မတွေးမိဘူး"

ဖိုးမာက သက်ပြင်းကြီး ချမိသည်။ ဘာမျှ မမေးတော့။ အတန်ကြာ တိတ်ဆိတ်နေကြသည်။

"ကံကြီးစည်ရာ အစ်ကိုရယ်၊ သူများတွေအကြောင်း လိုက်တွေးပြီး အချိန်ဖြုန်းမနေနိုင်ပါဘူး။ အရှည်မမှာ ကိုယ့်အကြောင်း ကိုယ်တွေးဖို့တောင် အချိန်မရဘူး။ တွေးလည်း မတွေးချင်ဘူး"

ဖိုးမာက မရယ်ချင့်ရယ်ချင် ရယ်သည်။

"အစ်ကိုလည်း အရှည်မလို မတွေးတတ်ရင် ကောင်းမှာ"

အရှည်မက ခေါင်းထောင်၍ ဖိုးမာကို ကြည့်သည်။

"အစ်ကိုဟာ တော်တော်အတွေးခေါင်တယ်။ ဘာတွေ တွေးရမှာလဲ၊ တွေးတော့ကော ဘာအကျိုးရှိမှာလဲ၊ အစ်ကို ဘယ်လိုလူလဲဆိုတာကိုတော့ အရှည်မ မသိဘူး။ အရှည်မ သိတာ တစ်ခုတော့ရှိတယ်၊ အစ်ကိုက ဒီပြင်ယောကျ်ားတွေထက် သာတယ်။ ဒါပဲ သိတယ်"

"ဘာ သာတာလဲ"

"ဟင့်အင်း၊ ဘာ သာတာလဲတော့ အရှည်မ မသိဘူး။ အရှည်မ သီချင်းဆိုရင် အစ်ကိုက အရသာခံတတ်တယ်။ လူဆိုးတစ်ယောက်တွေ့ရင် အစ်ကိုက လက်သီးနဲ့ ထိုးတတ်တယ်။ မိန်းမတွေနဲ့ ဆက်ဆံရာမှာ ဣန္ဒြေရတယ်။ အခွင့်အရေး မယူဘူး။ သူရဲကောင်းသေလို့ ဝင်စားသလားတော့ မသိဘူး"

အရှည်မက အတည်ပြောလာပြီးမှ အပြောင်အပြက် လုပ်ပစ်လိုက်သည်။ ဖိုးမာက သူ့အဖြေကို မကျေနပ်။

"အစ်ကို့လို နင် နားမလည်ပါဘူး"

ဖိုးမာက ညည်းသည်။

"အလိုတော်၊ ရှင့်ဦးနှောက်ထဲမှာ ဘာတွေရှိတယ်ဆိုတာ အရှည်မက ဘယ်နှယ့်လုပ် သိနိုင်ပါ့မလဲ။ အရှည်မက အကြားအမြင်လည်း မရ၊ နတ်မျက်စိလည်း မရှိ၊ ဟောတော့ ကြည့်စမ်း၊ ခုလောက်ဆို သူတို့ သမ္ဗန်ကြီးကို ဖော်ပြီးကြရော့မယ်။ အရှည်မတို့ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ"

"တစ်နေရာရာကို သွားကြဦးစို့လေ"

"ဘာလုပ်ဖို့လဲ"

"လျှောက်လည်မယ်၊ ပျော်မယ်"

"တော်ပြီ၊ မပျော်ချင်တော့ဘူး"

နှစ်ယောက်သား အတန်ကြာ စကားမပြောဘဲ ငြိမ်နေကြသည်။

"အစ်ကိုဟာ တော်တော် နားလည်ရခက်တဲ့လူ"

"တော်ပြီ။ နောက်ထပ် ငါ အရက်မသောက်တော့ဘူး"

"ယုံရမှာလား အစ်ကို၊ ရွှေကျီးညို၊ ရွှေကျီးညို"

အရှည်မက သီချင်းတစ်ပုဒ်ကို ခပ်ပြက်ပြက်ဆို၍ စသည်။

"တကယ်ပြောတာ၊ တို့ ဒီလိုချည်းပဲနေလို့မဖြစ်ဘူး။ မကောင်းဘူး"

"ဒါကတော့ အချိန်က ပြောမှာပေါ့"

"ကဲ … ပြောစမ်း၊ ခုလိုနေတာ ကောင်းသလား"

"ဘယ်လိုနေတာကများ ကောင်းလို့လဲ"

ဖိုးမာ စိတ်တိုလာသည်။ သူက ကောင်းကောင်း ပြောသမျှ အရှည်မက ပြက်ချော်ချော် လုပ်ပစ်သည်။ သူက အလေးအနက် တွေးသမျှ အရှည်မက ရယ်စရာလုပ်ပစ်သည်။ ဖိုးမာက အရှည်မကို လှမ်းကြည့်ရင်း–

"နင်နဲ့ စကားပြောရတာ သိပ်လက်ဝင်တာပဲ"

"ဩော် … အစ်ကိုရယ်၊ အရှည်မ စကားပြောတာကို ရွှေဘောတော် မကျပြန်ဘူးလား"

အရှည်မက ရယ်နေသည်။

"လူတွေက နင့်ကို သဘောကျကြတယ်။ နင့်လို နေတာကို အားကျကြတယ်။ ရှေ့ရေးကို ဘာမှမစဉ်းစားဘူး။ နေချင်သလိုနေ၊ လုပ်ချင်တာလုပ်၊ ဘယ်ရောက်လို့ ဘယ်ရောက်မယ် ဆိုတာလည်း မစဉ်းစားဘူး။ ပက်ကျိတောင်မှ သူဘယ်သွားနေသလဲဆိုတာကို သူ့ဖာသာ သူသိတယ်။ နင့်ကို ငါတစ်ခု မေးမယ်။ နင် ခု ဘယ်သွားနေသလဲ၊ ပြောစမ်း"

"အို … ဒါအစ်ကို့အလုပ် မဟုတ်ပါဘူး။ အရှည်မ အလုပ်ပါ။ အရှည်မဆီက အစ်ကို ဘာလိုချင်သလဲ။ သူများစိတ်ထဲကို ဝင်မကြည့်ချင်စမ်းပါနဲ့၊ သူများ ဝိညာဉ်ကို မလိုချင်စမ်းပါနဲ့"

သည်တစ်ခါတော့ အရှည်မ မျက်နှာက တည်သည်။

"ဘာ၊ ဝိညာဉ်ဟုတ်လား၊ နင့်မှာ ဝိညာဉ်ဆိုတာကော ရှိလို့လား"

ဖိုးမာက လှောင်သည်။

အရှည်မက ထထိုင်ကာ တွန့်ကြေနေသည့် အဝတ်အစားများကို ပြင်နေသည်။ ဖိုးမာက အရှည်မကို လူဆန်စေချင်သည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတို့ ရှိစေချင်သည်။ သို့ရာတွင် အရှည်မ၏ မျက်နှာက မထီမဲ့ မြင်ဟန် ပေါ်မြဲပေါ်နေသည်။

"ဝိညာဉ်ရှိတဲ့ လူတစ်ယောက်က ဒီလိုဘဝမျိုးကို နေနိုင်တယ်ဆိုတာ ငါဖြင့် အံ့သြလို့ မဆုံးဘူး"

အရှည်မက ခေါင်းက ဆံပင်ကို ပြန်စည်းရင်း ဖိုးမာကို စိုက်ကြည့်နေသည်။

"ဘာ ကြည့်နေတာလဲ"

"အရှည်မကို ဒီစကားမျိုး မပြောပါနဲ့၊ မကြိုက်ဘူး"

သူ့အသံက တင်းမာသည်။ ခြိမ်းခြောက်သံ ပါသည်။ ဖိုးမာပင် လျှင် လန့်၍သွားသည်။

"လူကလေးက သဘောကောင်းချင်ရက်သားနဲ့"

"ဘာ သဘောကောင်းတာလဲ"

"မသိဘူး မသိဘူး၊ အဖေနှစ်ယောက်စပ်ပြီး မွေးလာတဲ့ အတိုင်း ပဲ"

အရှည်မ စကားက ရင့်သီးသည်။

"ဘာ"

"လူဆိုတာ လုပ်ရဲရင် ခံရဲရတယ်။ ကိုယ်လုပ်တာကို ကိုယ်မခံရဲ ရင် လူကြောက်၊ သူများကိုလည်း ကြောက်၊ ကိုယ့်ကိုယ်ကိုလည်း ကြောက်တဲ့လူ"

"ဘာလဲ၊ ငါ့ကို ပြောနေတာလား"

အရှည်မက ပဝါကို ခေါင်းတွင်စည်းကာ မတ်တပ်ရပ်၍ ကြည့် သည်။ ဖိုးမာသည် သူ့ခြေရင်းတွင် ရောက်နေသည်။

"အရှည်မရဲ့စိတ်က ဘာဖြစ်တယ်၊ စာရိတ္တက ဘာဖြစ်တယ်ဆို တာမျိုး အရှည်မကို မပြောပါနဲ့၊ ဒါ အစ်ကို့ ကိစ္စ မဟုတ်ပါဘူး။ အရှည်မ ကိစ္စ၊ ကိုယ့်အကြောင်း ကိုယ်သိတယ်။ ကိုယ့်ကိစ္စကို ကိုယ်ပဲ ပြောခွင့်ရှိတယ်။ ဒီ့ပြင်လူ ပြောစရာ မလိုပါဘူး။ အရှည်မ ပြောချင်တဲ့ အခါမှာ ပြောမယ်။ မပြောချင်တဲ့အခါမှာ မပြောဘူး"

အရှည်မ၏ ဆံပင်များသည် ပြေကျကာ ကုပ်ပေါ်သို့ ဝဲကျလာ ကြသည်။ မျက်နှာတစ်ခြမ်းကို ဆံပင်တွေ ဖုံးနေသည်။

"အရှည်မဟာ မိန်းမပျက်၊ ဒါပေမဲ့ မိန်းမပျက်မို့လို့ အထင်တော့ မသေးလိုက်ပါနဲ့၊ လူနေစုတ်ပေမယ့် စိတ်နေမယုတ်ပါဘူး။ ပိုးတွေ ဖဲတွေ စိန်တွေ ရွှေတွေဝတ်ပြီး စိတ်နေယုတ်တဲ့ လူတွေထက် အများကြီးသာ တယ်။ ငါ့မှာ ငွေရှိလို့ ငွေနဲ့ပေါက်ရင် ဒီကောင်မမျိုး ရိုက်သတ်လို့ မကုန် ဘူးလို့တော့ မထင်လိုက်လေနဲ့၊ ငွေရှိတဲ့လူဆိုရင် ဒီက သိပ်မုန်းတာ။ အသွေးထဲ အသားထဲက မုန်းတယ်။ ဒါကြောင့် ဒီက ငွေရှိတဲ့လူဆိုရင် စကားဟဟ မပြောဘူး။ စကားဟဟ ပြောမိရင် အမုန်းစကားတွေ ပြောမိ မယ်။ အမုန်းစကားပြောရင် ..."

အရှည်မကို ဖိုးမာ သဘောကျသွားပြီ။ အရှည်မ စိတ်က သူ့ စိတ်နှင့် တူသည်။ ဖိုးမာ သဘောကျ၍ ရယ်သည်။

“ဟုတ်တယ်၊ အစ်ကိုလည်း စကားဟဟ မပြောဘူး။ မုန်း တယ်၊ ပြောမိရင် ကိုယ်အလွန်ဖြစ်မယ်”

“ဘယ်သူ့ကို မုန်းတာလဲ၊ ဘယ်သူ့ကို မပြောချင်တာလဲ”

“လူတိုင်းကို မုန်းတယ်။ အတုအယောင်မှန်သမျှကို မုန်းတယ်၊ ဟန်ဆောင်မှန်သမျှကို မုန်းတယ်”

အရှည်မက တဲပြင်သို့ ထွက်သွားသည်။

အပြင်တွင် လေတဟူးဟူး တိုက်နေသည်။ လေက မြစ်ရိုး အတိုင်း စွတ်တိုက်လာသည်။ မြစ်ပြင်က ဒေါသကြီးသလို လှိုင်းလုံးတွေ ကြွနေသည်။ လွန်ခဲ့သည့် ရက်များက အဖြစ်အပျက်များသည် မျက်စိထဲ တွင် တရေးရေး ပေါ်နေသည်။

ကမ်းပြားမြင့်မြင့်ကြီးနားတွင် သမ္ဗန်ကြီးနှစ်စင်း ကျောက်ချ ထားသည်။ ရွက်တိုင်များက သမ္ဗန်လှုပ်တိုင်း ယိမ်းနေကြသည်။ သမ္ဗန် ပေါ်တွင် ငြမ်းများ ဆင်ထားသည်။ ရွက်ကြိုးတွေ၊ စက်သီးတွေ၊ သံကြိုး တွေ ရှုပ်ယှက်ခတ်နေသည်။ သမ္ဗန်ပေါ်တွင် အလုပ်သမားတွေ အလုပ် လုပ်နေကြသည်။ သစ်သားယက်မကြီးတစ်ချောင်းကို ငြသံပေး၍ ဆွဲနေ ကြသည်။

ဖိုးမာ အရက်မူးမူးနှင့် တိုက်ပစ်သည့် သမ္ဗန်ကြီးကို ဆယ်၍နေ ကြခြင်းဖြစ်သည်။ ယခု အရက်မူးပြေနေပြီ။

ဖိုးမာသည် ငြသံပေး၍ အလုပ်လုပ်နေကြသော အလုပ်သမား များကို ကြည့်၍ ငိုချင်လာသည်။ သူတို့လို အလုပ်လုပ်ချင်သည်။ သစ် ရွေးချင်သည်။ ဝင်ထမ်းချင်သည်။ သူ့လက်မောင်းက အကြောတွေသည် ပြိုင်းပြိုင်းထအောင် အလုပ် လုပ်သည်ကို လူတွေ ထိုင်ကြည့်စေချင် သည်။ ဖိုးမာက သန်မာသည်။ ဖျတ်လတ်သည်။ အားရှိသည်။ သို့ရာ တွင် ဖိုးမာ သူ့ကိုယ်သူ ချုပ်တည်းကာ အလုပ်လုပ်နေကြသူများကို ငေးကြည့်နေသည်။ သူက အလုပ်ရှင် သူဌေးဖြစ်သည်။ သူဌေးက အလုပ် သမားတွေနှင့် ဒိုးတူပေါင်ဘက် ဝင်လုပ်သည်ဆိုလျှင် သူလုပ်ချင်၍ လုပ် သည်ဟု မည်သူကမျှ အကောင်းမြင်ကြမည် မဟုတ်။ နှမြောတွန့်တို၍ လုပ်သည်ဟု ထင်ကြလိမ့်မည်။ အလုပ်သမားတွေ အလုပ်လုပ်အောင် ရှေ့က လုပ်ပြသည်ဟု ထင်ကြလိမ့်မည်။

သူတို့အားလုံးက အားကြိုးမာန်တက် အလုပ်လုပ်နေကြသည်။ သူက မိန်းမတစ်ယောက်နှင့် အရက်မူးကာ သမ္ဗန်ကို နှစ်ပစ်ခဲ့သည်။ အမူးပြေတော့လည်း ယောင်တိယောင်နဖြင့် ငူငူကြီး ရပ်ကြည့်နေသည်။

ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ သူသည် လှုပ်ရှားမှု ကြိုးပမ်းမှု အားထုတ်မှု အပြင်ဘက်သို့ ရောက်နေသည်။

သူမရှိလျှင်လည်း ဤသမ္ဘန်ကြီးသည် ဆယ်ပြီးသား ဖြစ်လိမ့်မည်။ ဤလူများက သူ့အတွက် အလုပ်လုပ် ပေးရပြီး သူက ဘာမျှမလုပ်ဘဲ ဘေးရောက်နေသည်။ လူပိုဖြစ်နေသည်။

အလုပ်သမားများက သမ္ဘန်ကြီးကို စဆယ်ကြသည်။ ငြာသံပေးကြသည်။

စက်သီးများက တကျွီကျွီမြည်လာကြသည်။ သံကြိုးများက တချွင်ချွင် မြည်ကြသည်။ ရေပြင်က သမ္ဘန်ကြီးကို မပေးချင်သလို ဝဲထကာ ဆွဲစုပ်ထားသည်။ မြစ်ပြင်တစ်ခုလုံး ငြာသံတွေ ပွဲ့တင်ထပ်နေသည်။

"ယောက်ျားဘာသားကွ၊ ယောက်ျားဘာသားကွ"

ဖိုးမာ စိတ်တွေ လှုပ်ရှားလာသည်။ သူ့ပါးစပ်က လိုက်၍ ငြာသံပေးသည်။ ဤလူအုပ်ကြီးနှင့် သီးခြားဖြစ်မနေချင်။ ဤလူအုပ်ကြီးထဲတွင် ပေါင်းစပ်သွားချင်သည်။ ငြာသံတွေ ကြားထဲတွင် သူ့အသံလည်းပါချင်သည်။ ဖိုးမာ မနေနိုင်တော့။ အင်္ကျီကိုချွတ်ကာ ဦးပိုင်းသို့ ပြေးလာကာ အလုပ်သမားများ ဆွဲထားသည့် သံကြိုးကြီးကို ဝင်ဆွဲသည်။ သူ့ရင်ထဲတွင် ခွန်အားတွေ တိုးလာသည်။ ပျော်လာသည်။ သံကြိုးကြီးကို လူအများဆွဲနေသည် မထင်။ သူတစ်ယောက်တည်း ဆွဲရစ်နေသည်ဟု ထင်လာသည်။

သံကြိုးကြီးကို ဖိုးမာ ဆွဲနေပုံမှာ ကျွဲရိုင်းကြီးတစ်ကောင် ဆွဲနေပုံနှင့်တူသည်။ ချွေးတွေ စီးကျလာသည်။ ခေါင်းတွေ မူးလာသည်။ မျက်လုံးတွေ ဝါးလာသည်။ ဘာကိုမျှ မသိ။ ဘာကိုမျှ မမြင်။ သမ္ဘန်ကြီး ပေါ်လာသည်ကို သိသည်။ မိမိတို့က အနိုင်ရနေပြီကိုသာ သိသည်။ ဤသမ္ဘန်ကြီး ပေါ်လာသည်နှင့် သူတို့ အနိုင်ရတော့မည်။ အောင်ပွဲခံတော့မည်။ ပျော်ရတော့မည်။

အလုပ်တစ်ခုကို စိတ်ပါလက်ပါ လုပ်ဖူးသည်မှာ သူ့ဘဝတွင် ထိုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ ရည်ရွယ်ချက်ထားဖူးသည်မှာ ဤအကြိမ်သည် ပထဆုံးအကြိမ် ဖြစ်သည်။

သို့ဖြင့် တန်များစွာလေးသော သမ္ဘန်ကြီးသည် ရေပေါ်သို့ ပေါ်လာသည်။ မုန်လာဥကြီးတစ်ဥကို အမြစ်မှ ဆွဲနှုတ်လိုက်သလို ပါလာသည်။

ဖိုးမာသည် သံကြိုးခွေပေါ်တွင် ထိုင်ရင်း သမ္ဗန်ကြီးကို ကြည့်သည်။ သဘော်ဆေးတွေ ရေနံတွေ မရှိတော့၊ ရွှံ့နှစ်တွေဖုံးနေပြီ။ သံကြိုးတွေ ရစ်ပတ်နေပြီ။ ရောဂါရသော သတ္တဝါကြီးတစ်ကောင်လို ရေနစ် သည့် သမ္ဗန်ကြီးကို ဘေးက သမ္ဗန်ကြီးနှစ်စင်းက တွဲထားသည်။

ဖိုးမာသည် ပုံပန်းပျက်နေသည့် သမ္ဗန်ကြီးကို ငေးကြည့်နေသည်။ သူ ပျော်နေခြင်းမှာ ပျက်စီးကွဲအက်နေသော ဤသမ္ဗန်ကြီးကို ဆယ်ရသဖြင့် ပျော်နေခြင်းလောဟု သူတွေးသည်။

"ပြင်လို့ရပါဦးမလား" ဖိုးမာက ကန်ထရိုက်ကို မေးသည်။

"လက်သမား သုံးလေးဆယ်လောက်နဲ့ ပြင်ရမှာပေါ့၊ ရပါ တယ်။ ပြန်ကောင်းသွားမှာပါ၊ မောလိုက်တာဗျာ"

ကန်ထရိုက်က ညည်းသည်။

"ကျွန်တော်တော့ မမောဘူး။ စိတ်ပါ လက်ပါ လုပ်ရရင် ဘာလုပ်ရလုပ်ရ မမောဘူး"

အလုပ်သမားများက မောမောနှင့် အရက်သောက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အသောက်ပြိုင်ကြသည်။ တချို့က တော်တော် မူးနေကြပြီ။ အလုပ်သမားတစ်ယောက်က သူ့ကို အရက်သောက်ရန် ခေါ်သည်။ ဖိုးမာ သူ့ကို ပိုးစိုးပက်စက် ပြောလိုက်မည်။ စိတ်ကူးသေးသည်။ သို့ရာတွင် စကားလုံး ရှာမတွေ့။

အလုပ် ပင်ပင်ပန်းပန်းလုပ်ပြီး အရက်ဖြင့် အပန်းဖြေနေကြ သော အလုပ်သမားများကိုကြည့်၍ ဖိုးမာ စိတ်ပျက်သည်။

"ခင်ဗျားတို့ဟာ အရက်သောက်ဖို့လောက်ပဲ စိတ်ကူးနေကြတယ်။ ဒီပြင် ဘာမှမစဉ်းစားဘူး။ အလုပ်တစ်ခုကိုလုပ်ရင် ငါ ဘာလုပ်သလဲ၊ ဘာကြောင့် လုပ်သလဲဆိုတာကို နည်းနည်းလေးမှ မစဉ်းစားဘူး"

ဖိုးမာ၏ပေါက်ကွဲသံကြောင့် အားလုံး အံ့အားသင့်နေကြသည်။

"လူတစ်ယောက်ဟာ အလုပ်တစ်ခုကို လုပ်ရင် ဘာကြောင့် လုပ်တယ်ဆိုတာ ကိုယ့်ဖာသာကိုယ် သိရမယ်။ နားလည်ရမယ်။ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုဟာ ကမ္ဘာတည်သရွေ့ ကျန်ရစ်အောင် လုပ်ရမယ်"

ဖိုးမာက အလုပ်သမားတွေ စိတ်ဓာတ်တစ်ခါတည်း ပြောင်းသွားမည့် စကားမျိုးကို ပြောချင်သည်။

"ခု ခင်ဗျားတို့ဟာ နဖူးက ချွေးပေါက်ပေါက် ကျအောင် လုပ်ကြရတယ်။ ပြီးတော့ အရက်မူးတယ်၊ အိပ်တယ်၊ နောက် အလုပ်လုပ်တယ်၊ မူးတယ်၊ အိပ်တယ်၊ ဒီလိုနဲ့ အချိန်ကုန်ကြတော့မှာလား၊ ဘာ့

အတွက် အလုပ်လုပ်နေကြတာလဲ ဆိုတာကို မစဉ်းစားကြတော့ဘူးလား။ ဘာ့အတွက် အသက်ရှိနေကြတာကို မတွေးကြတော့ဘူးလား၊ နောင်နှစ်ပေါင်းတစ်ထောင်တည်မယ့် အလုပ်မျိုးကိုလုပ်ဖို့ စိတ်မကူးကြတော့ဘူးလား"

"ဘယ်လိုအလုပ်မျိုး လုပ်ရမှာလဲဗျ။ ဗော်လဂါမြစ်ရေတွေ ခန်းအောင် သောက်ရမှာလား၊ ဒါတော့ မဖြစ်ဘူးဗျို့"

မူးမူးဖြင့် တစ်ယောက်က အော်သည်။

"ဟုတ်တယ်ဗျို့၊ ဗော်လဂါ မြစ်ရေတွေကို ကုန်အောင်သောက်ပြီး တောင်ကြီးကို ဖွဲ့ကိုက်စားတော့ကော နောက်ဆုံးကျရင် သေပြီး လူတွေက မေ့သွားမှာပဲ။ ဘာလုပ်ဖို့လဲ၊ သောက်မယ်၊ မူးမယ်၊ အိပ်မယ်၊ ဟား ဟား ဟား"

နောက်တစ်ယောက် အော်သည်။

ဖိုးမာ စိတ်ပျက်ပြီ။ ထို့ကြောင့် ကမ်းပေါ်သို့ ပြန်တက်လာခဲ့သည်။ အရှည်မက ကမ်းပေါ်တွင် စောင့်နေသည်။

"ငါ စိတ်ကုန်တယ်"

ဖိုးမာက အရှည်မကို အကျိုးအကြောင်း ပြန်ပြော၍ ညည်း သည်။

"စိတ်ကုန်ရင် စိတ်ပြောင်းအောင် တစ်ခုခုလုပ်ပေါ့၊ ဘာလုပ်ချင်သလဲ၊ ပြောစမ်း"

"ဟင့်အင်း၊ မသိဘူး"

"စဉ်းစားပါဦး"

"ဟင့်အင်း၊ မစဉ်းစားတတ်ဘူး"

"ဩော် ... ခက်လိုက်ပါဘိတော့ အစ်ကိုရယ်၊ တကယ့်ကလေးလေး ကျနေပါလား"

အရှည်မက စုတ်သပ်သည်။ သနားစရာ ဖိုးမာလေး။

"တစ်ခါတလေကျရင် ငါတစ်ညလုံး တစ်မေးမှ အိပ်မပျော်ဘူး။ အတွေးတွေ စုံနေတာပဲ။ တွေးရင်း တစ်ခါတလေကျတော့ ဘာမှ ဆုပ်လို့ကိုင်လို့ မရတော့ဘူး။ မွန်းလာတယ်။ ငါ့ရင်ထဲမှာ ကြပ်နေတယ်။ ဂူကြီးတစ်ခုထဲမှာ နေရသလို မှောင်နေတယ်"

"ငိုချက်ရက်နဲ့ ဓာတ်ကွက်ကိုက ရယ်လိုက်ရတယ်"

အရှည်မက သူ့ကို စွေကြည့်ပြီး သီချင်းတစ်ပုဒ်ကို ညည်းသည်။

"ငါ့ဘဝကြီးကို ငါငြီးငွေ့တယ်။ တစ်ခါတလေလည်း ဒီလူတွေနဲ့ တွေ့၊ အရက်သောက်၊ ဟေးလား ဝါးလားနဲ့နေပြီး အချိန်ကုန်နေရတယ်။ ငါ ဒီလူတွေကို မုန်းတယ်။ လူတွေဟာ ဘာအတွက် အသက်ရှင်နေသလဲဆိုတာ ငါ စဉ်းစားလို့ မရဘူး"

"တစ်ခါတစ်ရံဝယ် ချစ်သူကိုလည်း မုန်းဟန်ပြုရတယ်၊ တစ်ခါတစ်ရံဝယ် မုန်းသူကိုလည်း ချစ်ဟန်ပြုရတယ်"

အရှည်မက သီချင်းကို ဆက်ညည်းနေသည်။

"ဒါပေမဲ့ သူတို့ကတော့ စဉ်းစားပုံမရဘူး။ ပျော်နေတာပဲ။ မပျော်ဘဲနေတဲ့လူဆိုလို့ ငါတစ်ယောက်တည်း ရှိတယ်။ ငါ့အမေရဲ့သွေးများ ပါသလားမသိဘူး။ ငါ့မွေးစားအဖေကတော့ ငါ့အမေဟာ ခံစားချက်မရှိဘူးတဲ့၊ သွေးအေးတယ်တဲ့၊ ခု ငါလည်း ဒီလိုဖြစ်နေတယ်။ တစ်ခါတလေကျတော့ ကျွန်တော့်ကို ကယ်ကြပါ။ ကျွန်တော့်ကို ဒီအတိုင်း ပစ်မထားကြပါနဲ့၊ ကျွန်တော့် ဒီဘဝမှာ မနေနိုင်တော့ဘူး။ ကယ်ကြပါလို့ လူတွေကို တောင်းပန်ချင်တယ်။ ဒါပေမယ့် ဘယ်သူ့ကို ပြောရမှန်းမသိဘူး။ ဘယ်သူ ကမှလည်း ကယ်နိုင်မှာ မဟုတ်ဘူး"

သမွန်ပေါ်မှ အလုပ်သမားများ၏ သီချင်းသံ ပေါ်လာသည်။

"အစ်ကိုကလည်းကွယ်၊ စိတ်ညစ်စရာတွေချည်း ပြောနေတာပဲ၊ အရှည်မတောင် စိတ်ညစ်ချင်လာပြီ။ ဒါလောက်တောင် ဖြစ်နေရင်လည်း သူတို့လို သွားအလုပ်လုပ်၊ သီချင်းဆို ပျော်ပျော်နေပါလား။ ဒါမှမဟုတ်ရင်လည်း ကိုယ့်အရောင်းအဝယ် လုပ်ငန်းကို ကိုယ်ပြန် ဦးစီးလုပ်ပါလား"

အရှေမက သူ့ဆံပင်များကို ပွတ်သပ်ပေးသည်။

"ဘာ အရောင်းအဝယ်လုပ်ငန်းလဲ၊ အရောင်းအဝယ် လုပ်ငန်းဆိုတာ အလကား အချိန်ဖြုန်းနေတဲ့ အလုပ်၊ ဒါကို သူတို့က အလုပ်ကြီးအကိုင်ကြီး ထင်နေကြတယ်။ အရောင်းအဝယ်လုပ်ငန်းအလုပ်ဟာ ပိုက်ဆံရဖို့ လုပ်တာ။ အစ်ကိုလုပ်စရာ မလိုဘူး။ အစ်ကို့မှာ ပိုက်ဆံတွေ အများကြီးရှိတယ်။ အစ်ကို့ငွေစက္ကူတွေက အရှည်မကို မီးသဂြိုဟ်လို့ရတယ်။ ဖို့ပစ်လို့ရတယ်။ ဘာဖြစ်လို့ နောက်ထပ် ပိုက်ဆံရှာနေရဦးမှာလဲ၊ အရောင်းအဝယ်လုပ်ငန်းဆိုတာ သူများကို လိမ်တဲ့အလုပ်။ ကုန်သည်တွေ အရောင်းအဝယ်သမားတွေကို အစ်ကို တွေ့ခဲ့ပေါင်း များလှပြီ၊ တကယ်တော့ သူတို့ဇာတိရုပ်ကို ဖုံးချင်လို့ အရောင်းအဝယ်လုပ်ငန်း လုပ်ချင်ယောင် ဆောင်နေကြတာ၊ ငှက်ကုလားအုပ်များလို ကြောက်လို့ ခေါင်းကို

သဲထဲဝှက်ထားကြတာ၊ ဒီနေ့ သူတို့ အရောင်းအဝယ်လုပ်ငန်းကို ရပ်ပစ်လိုက်ကြစမ်းပါလား၊ သူတို့ ဘာလုပ်ရမှန်း သိတော့မှာ မဟုတ်ဘူး။ ဟိုတိုး ဒီတိုးနဲ့ အကန်း လမ်းလျှောက်သလို ဖြစ်ကုန်ကြမှာပဲ၊ အရောင်းအဝယ်လုပ်ငန်းလုပ်လို့ လူတစ်ယောက်ဟာ စိတ်ပျော်ရွှင်မှုကို ရလိမ့်မယ်လို့ နင်ထင်သလား၊ အလကားပဲ၊ လောကကြီးမှာ အရာရာဟာ တစ်ခုခုအတွက်တော့ အသုံးဝင်နေတာပဲ။ မြစ်ဟာ အသုံးကျတယ်။ လူတွေ လှေနဲ့ ရွက်လွှင့်သွားနိုင်တယ်။ သစ်ပင်ဟာ လူတွေကို ထင်းပေးတယ်။ ခွေးကောင်းဆို ဟောင်တတ်တယ်။ အိမ်ကို စောင့်ဖော်ရတယ်။ ဒါပေမဲ့ လူကတော့ ဘာမှ အသုံးမဝင်ဘူး။ ကျန်တဲ့ အရာဝတ္ထုတွေက သူ့အတွက် အသုံးကျအောင်၊ အကျိုးရှိအောင် လုပ်ပေးနေရပြီ။ လူကတော့ တခြားအရာဝတ္ထုတွေအတွက် ဘာမှ အသုံးကျဘူး”

ဖိုးမာ သူ့ကိုယ်သူ ကျေနပ်သွားသည်။ သူများတွေကို စိတ်ထိခိုက်အောင် ပြောစရာစကားလုံး ရသွားသဖြင့် ရယ်သည်။

“အစ်ကို့ စကားတွေ နားထောင်ရတာ ခေါင်းကိုက်လိုက်တာ”

အရှည်မက မြစ်ပြင်ကို ငေးကြည့်သည်။

“အေး နင်က ခေါင်းကိုက်ရုံကိုက်တာ၊ ငါက နှလုံးသားထဲမှာ တောင် ကိုက်နေတယ်၊ ငါ ဘယ်လိုပျော်အောင်နေရမယ်။ ဘာအဓိပ္ပာယ်နဲ့ အသက်ရှင်နေသလဲ ဆိုတာ တွေးတိုင်း ငါရင်နာတယ်။ ငါ့မွေးစားအဖေကတော့ ကိုယ့်ဘဝကို ကိုယ်ဖြစ်ချင်သလို ဖန်တီးယူတဲ့၊ ပြောတော့ လွယ်လိုက်ကြတာ၊ ဒါပေမဲ့ ငါက ဘဝကို မဖန်တီးနိုင်ဘူး။ ဘဝကသာ ငါ့ကို ဖန်တီးနေတယ်”

“အရှည်မကိုသာ အကြံတောင်းရင် မြန်မြန် မိန်းမ အယူခိုင်းမှာပဲ”

“ဘာလုပ်ဖို့လဲ”

ဖိုးမာက ပခုံးတွန့်သည်။

“အစ်ကို ခြေငြိမ်သွားအောင်ပေါ့”

”ဩ၊ မိန်းမယူတော့ ငြိမ်သတဲ့လား၊ ခု ငါ နင်နဲ့ နေတာ မဟုတ်ဘူးလား၊ ဘယ်မှာ ငြိမ်လို့လဲ၊ နင်တို့ မိန်းမတွေလည်း အတူတူပါပဲ။ တစ်ယောက်နဲ့တစ်ယောက် အတူတူပါပဲ။ နင်နဲ့မတွေ့ခင် အရင်တုန်းကလည်း နင့်လို မိန်းမတစ်ယောက်နဲ့ နေခဲ့ဖူးတယ်။ မထူးပါဘူး။ ဒါပေမဲ့ ငါ တကယ်ကြိုက်တဲ့ အရာရှိကတော်တစ်ယောက်တော့ ရှိခဲ့ဖူးတယ်။ အရပ်ကတော့ ပိုင်းလုံးမတဲ့၊ မျက်နှာများသတဲ့ ပြောကြတာပဲ၊ ငါ သူ့ကို

တော့ စွဲတယ်။ ခုတော့ ငါ သူ့ကိုလည်း အရက်ထဲမှာ မျှောပစ်လိုက်ပြီ၊ မေ့ပစ်လိုက်ပြီ”

ဖိုးမာ ငြိမ်ကျသွားသည်။ အရှည်မက သူ့အနီးသို့ လျှောက်လာသည်။ နှုတ်ခမ်းကို ကိုက်ထားသည်။

“ဒီမှာ အစ်ကို၊ အရှည်မ ပြန်ချင်ပြီ၊ အစ်ကိုနဲ့ မနေချင်တော့ဘူး”

“ဘယ်ပြန်မှာလဲ”

“မသိသေးပါဘူး၊ ဒါက အရေးမကြီးပါဘူး။ တစ်နေရာကို တော့ ရောက်မှာပေါ့၊ အစ်ကိုနဲ့နေရတာ ငြီးငွေ့တယ်။ အစ်ကိုက စကားပြောလွန်းတယ်”

“တကယ် သွားတော့မလား”

“သွားမယ်၊ လမ်းမခွဲခင် အစ်ကိုနဲ့ အရှည်မ မြို့တွေလျှောက်လည်မယ်၊ ပျော်မယ်၊ အစ်ကို့ရဲ့အဆွေးတွေကို အရက်နဲ့ ဆေးမယ်”

“အရှည်မကို တစ်ခုမေးမယ်၊ စိတ်ဆိုးမလား”

“နှစ်ခုမေး၊ နှစ်ခု”

အရှည်မက လက်နှစ်ချောင်းထောင်ပြသည်။

“နင်တို့လို မိန်းမတွေဟာ ငွေမက်တယ်၊ ဖြစ်နိုင်ရင် ခိုးတောင် ခိုးတယ်လို့ ပြောကြတယ်”

“ပြောကြပေါ့၊ ဘာဖြစ်သလဲ”

အရှည်မက အရေးမစိုက်ဟန်ဖြင့် ဆိုသည်။

“ခု နင်ကတော့ ငွေမမက်ဘူး။ ငါ့လို ချမ်းသာတဲ့ ကောင်တစ်ယောက်ကို တွယ်ကပ်ထားရင် ငွေတွင်းကြီးတစ်တွင်း ရတာပဲ။ ဒါပေမဲ့ နင်က တွယ်ကပ်မထားဘူး။ လမ်းခွဲချင်တယ်ဆိုတော့ ငါ အံ့ဩတယ်”

အရှည်မက တမင်လုပ်၍ ရယ်သည်။

“ဒီမှာ အစ်ကို၊ အရှည်မ ငွေမက်သလား မမက်ဘူးလား ဆိုတာ ကိုယ့်ဖာသာကိုယ်မို့ မပြောတတ်ဘူး။ ဒါပေမဲ့ အစ်ကို မှတ်ထားပါ။ အရှည်မဟာ ကြေးစားမပေမယ့် ဒီလောက် အောက်တန်းမကျပါဘူး။ အစ်ကိုက စိတ်ဆိုးသလား မေးလို့ ပြောတော့ ပြောလိုက်ရဦးမယ်။ လူတွေ ဘာပြောပြော အရှည်မ ဂရုမစိုက်ပါဘူး။ လူဆိုတာ ဒီလိုပဲ ပြောစရာမရှိ ကြံဖန်ပြောကြတာပဲ၊ သူတို့ပါးစပ်က ထွက်လာတဲ့ စကားလုံးတွေဟာ တန်ဖိုးရှိသလား မရှိဘူးလား ဆိုတာလောက်တော့ အရှည်မ ခွဲခြားတတ်ပါတယ်။ ကဲပါ ... အစ်ကိုရာ ဒါတွေ မပြောစမ်းပါနဲ့၊ ထမင်းစားကြမယ်”

နောက်တစ်နေ့နံနက်တွင် ဖိုးမာနှင့် အရှည်မတို့နှစ်ယောက် တူစသာရီတွင် ဆိုက်သည့် သင်္ဘောတစ်စင်းပေါ်တွင် ရောက်နေကြသည်။ လူတွေက ရုပ်ချောချော အရှေမကို ငေးကြည့်ကြသည်။ ဖိုးမာပင်လျှင် လူတွေ၏အကြည့်ကို မခံနိုင်ဘဲ ရှက်သလိုလို ဖြစ်မိသေးသည်။ အရှည်မကတော့ ခပ်ပြုံးပြုံး။ ဘယ်သူ့ကိုမှ မှုပန်မတူ။ လူအုပ်ကြားထဲမှ ဖိုးမာ သိသည့် မျက်နှာတစ်ခုကို ဖိုးမာ မြင်လိုက်သည်။ မျက်လုံးက ဖိုးမာကို အကဲခတ်နေသည်။

"သင်္ဘောဦးခန်းထဲ သွားရအောင်ကွာ"

ဖိုးမာက ပြောသည်။

"ဘာလဲ အစ်ကိုက အရှည်မနဲ့ တွဲလာရတာ ရှက်လို့လား"

ဖိုးမာက လူအုပ်ထဲသို့ လှမ်းကြည့်နေသည်။ သူ့မျက်နှာထားရုတ်တရက် ပြောင်းသွားသည်။

"ငါ့ မွေးစားအဖေရယ်"

ဖိုးမာက ခပ်တိုးတိုးပြောသည်။

ကမ်းစပ် ကုန်းဘောင်ထိပ်တွင် သူ့မွေးစားအဖေ မာယာခင်က ရပ်၍ သူ့ကို ဦးထုပ်ချွတ် မြှောက်ပြနေသည်။ သူ့အမူအရာက ဖိုးမာကို မကျေမနပ် ဖြစ်နေသည့်ဟန် ပေါ်သည်။

ဖိုးမာက လက်မြှောက်ပြသည်။

"ငါ့မွေးစားသားလေး ဘယ်က ဟာမနဲ့ တွဲခုတ်လာသလဲ မသိဘူးပေါ့လေ"

အရှည်မက ဖိုးမာကို လှမ်းပြောသည်။

သင်္ဘောကမ်းကပ်၍ ကုန်းဘောင်ထိုးသည်နှင့် ခရီးသည်များ စုပြုံဆင်းကြသည်။ ဘေးက လူအုပ်ကြီးက တစ်ယောက်တစ်ယောက် တိုးဝှေ့နေကြသည်။ ဖိုးမာသည် လူအုပ်ကြီးထဲ ညပ်ပါလာရင်း နောက်ဆုံး ကုန်းဘောင်ထိပ်က သူ့မွေးစားအဖေ အနား ရောက်သွားသည်။

"ဘယ်ကို ရွှေစက်တော် ဖြန့်ဦးမလို့လဲ"

မာယာခင်က မေးသည်။

"ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတစ်ခုရှိလို့ ဦးလေး"

ဖိုးမာက ခပ်တည်တည် ဖြေသည်။

"မင်းနဲ့ ပါလာတာက ဘယ်ကဟာမလဲ"

"ကျွန်တော့် အမျိုးသမီးပါ"

အရှည်မက သူ့နောက်တွင် ရပ်နေသည်။ ဖိုးမာထက် ခေါင်းတစ်လုံး နိမ့်နေသော သူ့မွေးစားအဖေကို ကြည့်နေသည်။

"မင်းနဲ့ စကားတစ်ခွန်းလောက် ပြောချင်တယ် ဖိုးမာ၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင် သွားရအောင်"

"သွားလေ၊ ဒါပေမဲ့ သိပ်တော့ကြာလို့မဖြစ်ဘူး ဦးလေး"

"ဘာလဲ အချိန်မရဘူးလား၊ နောက်ထပ် ဘယ်က သမွန်သွားပြီး နှစ်ပစ်ဦးမလို့လဲ"

"ဒါကတော့ လူသင်္ခါရ ပစ္စည်းသင်္ခါရပဲ ဦးလေး"

"အေး ... မင်းကိုယ်တိုင် ဝယ်ရတာ မဟုတ်တော့ တန်ဖိုးရှိ တယ် မရှိဘူးဆိုတာ ဘယ်သိမလဲ၊ မင်း ဟာမ ပါလို့တော့ မဖြစ်ဘူး။ တစ်နေရာရာ ခဏထားပစ်ခဲ့"

မာယာခင်က နားနားသို့ ကပ်ပြောသည်။

"အရှည်မ မြို့ထဲက 'မဲဇာ' တည်းခိုခန်းမှာ သွားစောင့်နေ၊ ခဏနေတော့ ပြန်လာမယ်၊ ခု ခဏ လိုက်သွားဦးမယ်"

သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ လာခဲ့ကြသည်။ စကားတစ်ခွန်းမျှ မပြောကြ။ အဘိုးကြီးက လက်ဖက်ရည်မှာပြီး ဖိုးမာ အရက်တစ်ပိုင်း မှာသည်။

"ဒီလိုပေါ့ကွာ၊ ဖဲဆိုးပြီဆိုရင် ပုံလောင်းကြစမြဲပေါ့"

မာယာခင်က ဖိုးမာကို ကြည့်၍ ရယ်သည်။ ဖိုးမာ မီးကုန်ယမ်းကုန် လုပ်နေခြင်းကို ရည်ရွယ်ပြောခြင်း ဖြစ်သည်။

"ဒါ ကျွန်တော့် ကစားနည်းပဲ ဦးလေး"

"လူတိုင်း ဒီလိုပါပဲ၊ ဖဲဆိုးပြီဆိုရင် ဖြစ်ချင်ရာဖြစ် လုပ်ကြတာပါပဲ"

"ကျွန်တော်ဟာ မကစားရင် နေရော ကစားရင် သွေးမနည်းတတ်ဘူး၊ နိုင်ရင်လည်း တစ်ဝိုင်းလုံးနိုင်မှာ ရှုံးရင်လည်း အင်္ကျီချွတ်ပေါင်ပြီး ကစားမှာ"

"မင်း မနေ့ညက အရက်မူး မပြေသေးဘူးထင်တယ်"

မာယာခင်က ခပ်ပြုံးပြုံး မေးသည်။ ဖိုးမာက ကုလားထိုင်တွင် ဝင်ထိုင်ရင်း–

"ဦးလေးဟာ အရောင်းအဝယ်မှာ ကျွန်တော့်ထက် လာဘ်မြင်ပါတယ်။ ဦးလေးရဲ့ ဦးနှောက်ကို ကျွန်တော် လေးစားပါတယ်။ ဒါပေမဲ့"

"ကျေးဇူးတင်တယ် ဖိုးမာ"

"ဒါပေမဲ့ ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ အသက်နှစ်ဆယ်ကျော်ပြီ ဦးလေး၊ ကလေးလေး တစ်ယောက် မဟုတ်တော့ဘူး"

"ဟုတ်ပါတယ်၊ မင်း အရွယ်ရောက်ပြီဆိုတာ ဦးလေး လက်ခံပါတယ်။ ခြင်ကောင်လေးတစ်ကောင်သာ မင်း အသက်လောက်ရှိပြီဆိုရင် ကြက်ပေါက်စကလေးလောက် ရှိရောမယ်"

"ကျွန်တော် တကယ်ပြောနေတာ ဦးလေး၊ ဦးလေး ဒီကို ဘာကိစ္စနဲ့ လာတာလဲ၊ ကျွန်တော့်ဆီ လိုက်လာတာလား"

ဖိုးမာ မျက်နှာထားက တင်းသည်။ မာယာခင်ပင် အံ့အားသင့်သွားသည်။

"မင်း လျှောက်ရမ်းနေတယ်။ ငါ့မှာ တာဝန်ရှိတယ်။ ငါဟာ မင်းရဲ့ မွေးစားအဖေ၊ မင်းမှာ ဆွေမျိုးနီးစပ်လို့ ပြောစရာ ငါတစ်ယောက်ပဲ ရှိတယ်"

မပူပါနဲ့ ဦးလေး၊ လမ်းနှစ်လမ်းပဲရှိတယ်။ တစ်လမ်းက ကျွန်တော့်ကို ဦးလေး လိုက်မနှောင့်ယှက်ပါနဲ့၊ နောက်တစ်လမ်းက ကျွန်တော့် အရောင်းအဝယ်ကိစ္စတွေကို ဦးလေး အကုန်လွှဲယူလိုက်၊ ကျွန်တော့်ကို တစ်ပြားမှ မပေးနဲ့"

မာယာခင် အံ့အားသင့်သွားသည်။ ဖိုးမာလည်း သူ့ကိုယ်သူ အံ့အားသင့်နေသည်။ စင်စစ်သည် အတွေးမျိုး သူ့ခေါင်းထဲတွင် တစ်ခါမျှ မရှိ။ သို့ရာတွင် ပါးစပ်က ရုတ်တရက် ထွက်လာတော့ သူ့ကိုယ်သူလည်း မယုံနိုင်အောင် ဖြစ်နေသည်။ ဤသို့ပြောလိုက်လျှင် သူ့မွေးစားအဖေသည် သူ့ပစ္စည်းများကို လွှဲယူလိုက်လိမ့်မည်။ ထိုအခါတွင် သူ သည် မည်သူ၏အချုပ်အနှောင်၊ မည်သည့်ပစ္စည်း၏ အနှောင်အဖွဲ့ကိုမျှ မခံရတော့ဘဲ လူလွတ်တစ်ယောက် ဖြစ်လာလိမ့်မည်။ သူလုပ်ချင်ရာလုပ်နိုင်သည့် လူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ဖိုးမာ ထင်သည်။

သူ့ဘဝသည် အချုပ်အနှောင်ခံနေရသည့် ဘဝဟု ဖိုးမာ ထင်သည်။ သူ့ကို ချုပ်နှောင်ထားသည့် အရာသည် မည်သည့်အရာဖြစ်သည်ကို သူမသိ။ ယခု သူ့ကို ချုပ်နှောင်ထားသည့်အရာကို သူတွေ့ပြီ။ ထိုဝန်ထုပ်ကို သူအလွယ်တကူ သက်သက်သာသာ ပစ်ချလိုက်ရပြီ။ ထို့ကြောင့် ဖိုးမာ ဝမ်းသာနေသည်။

"ဒါအကောင်းဆုံးပဲ၊ ကျွန်တော့် အရောင်းအဝယ်လုပ်ငန်းတွေ ကို ဦးလေးအားလုံး လွှဲယူလိုက်၊ ကျွန်တော်ကတော့ ခြေဦးတည့်ရာ လျှောက်သွားမှာပဲ။ ကျွန်တော် ဒီလိုကြာကြာမနေနိုင်ဘူး။ ဒီလိုနေရတာ

သံခြေချင်း အခတ်ခံထားရတာနဲ့ အတူတူပဲ။ ဒီတော့ ကျွန်တော် လွတ်လပ်ချင်တယ်။ ဘဝကို ကိုယ့်ဖာသာကိုယ် လျှောက်ချင်တယ်။ ခုတော့ ကျွန်တော်ဟာ အကျဉ်းသမား ဖြစ်နေတယ်။ ဥစ္စာပစ္စည်းတွေရဲ့ အချုပ်အနှောင်ကို ခံနေရတယ်။ အသိုက်အဝိုင်းရဲ့ အချုပ်အနှောင်ကို ခံနေရတယ်။ ကျွန်တော်လို ကောင်က ကုန်သည်ပွဲစားလည်း မလုပ်ချင်ဘူး။ လုပ်ရင်လည်း ဖြစ်မှာ မဟုတ်ဘူး။ ဒါတွေကို ဦးလေး လွှဲယူလိုက်ရင် တစ်နေရာသွားပြီး ကျွန်တော့်ဖာသာ အလုပ်ရှာမယ်။ ခုလို အရက်သောက်ချင်တဲ့အခါ သောက်မယ်။ ခု မိန်းမနဲ့ ကျွန်တော်နေမယ်၊ ဒါပဲ”

မာယာခင်၏ မျက်နှာသည် တင်းမာနေသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် စကားသံတွေ ဆူနေသည်။

“မင်း တော်တော်ခက်တဲ့ကောင်ပဲ၊ ဒီလို မင်းထင်ရာ မင်းစွတ်လုပ်နေလို့ ဘယ်ဖြစ်မလဲ၊ ခု မင်းပြောနေတာဟာ အရက်က ပြောနေတာလား၊ တာဝန်မဲ့စိတ်က ပြောနေတာလား”

“ဒီမှာဦးလေး၊ ဒါမဆန်းပါဘူး။ ဒီလိုပဲ စည်းစိမ်ဥစ္စာတွေ စွန့်တဲ့လူတွေ ကမ္ဘာမှာ ဒုနဲ့ဒေး”

“ဘယ်မှာလဲ၊ ပြောစမ်းပါဦး”

“အို ... အများကြီးပဲ၊ စည်းစိမ်ဥစ္စာတွေ စွန့်ပြီး တောထွက်တဲ့လူတွေ အများကြီး”

“ဒီမှာ ဖိုးမာ၊ တံငါဟာ ကွန်ပစ်ရတယ်။ မုဆိုးဟာ တောလိုက်ရတယ်။ လယ်သမားဟာ လယ်စိုက်ရတယ်။ လူအမျိုးမျိုးဟာ ဘဝအမျိုးမျိုးမှာ ကျင်လည်နေကြရတယ်။ နွားဟာ ကျားလို အော်လို့မရဘူး။ နွားလိုပဲ အော်ရမှာပဲ၊ ခု မင်းထိုက်နဲ့ မင်းကံ အလျှောက် ကုန်သည်ပွဲစားသားဖြစ်တယ်။ မင်း ဘာလုပ်မလဲ၊ ကုန်သည်ပွဲစားပဲ လုပ်ရမှာပဲ၊ သူများခြံထဲက သရက်သီးကို သွားအားကျနေလို့ မရဘူး။ ကိုယ့်လမ်း ကိုယ်သွားရမယ်”

အဘိုးကြီး၏စကားများကို နားထောင်သော်လည်း ဖိုးမာ နားမဝင်။ သူ့စကားများသည် အဝေးကြီးက ပြောနေသလို ဝိုးတဝါး ဖြစ်နေသည်။

“လူငယ်ဆိုတာ တဇောက်ကန်း လုပ်တတ်တယ်။ မစဉ်းစားတတ်သေးဘူး။ ဒီတော့ လူငယ်ပီပီ ထင်ရာတွေ စွတ်ပြောပြီး စွတ်လုပ်မနေနဲ့၊ ကဲ ... ငါမေးမယ်။ ဒီဥစ္စာတွေ စွန့်ပြီး မင်းက ဘာလုပ်မှာလဲ၊ တောထွက်မှာလား”

ဖိုးမာက မဖြေ။ လက်ဖက်ရည်ဆိုင်က စောစောကလောက် မဆူတော့။ လူပါးသွားပြီ။

"ငါ နားလည်ပါတယ်။ မင်းဟာ အလုပ်မှာ မပျော်ဘူး။ စိတ်ညစ်တယ်။ ဒါကြောင့် ပျော်စရာကို ရှာတယ်။ ဒါပေမဲ့ ပျော်စရာဆိုတာ လွယ်လွယ်နဲ့ ရှာတွေ့တဲ့အရာမျိုး မဟုတ်ဘူး။ တောထဲမှာ မှိုရှာသလိုပဲ။ မှိုကောင်းထင်လို့ ကြိုးစား ပမ်းစား နှုတ်ပြီးမှ ခွေးချေးမှို ဖြစ်ချင်ဖြစ်နေတတ်တယ်"

"ကဲ ... ဦးလေး၊ ကျွန်တော်စိတ်နဲ့ ကျွန်တော့်ကိုယ် လွတ်လွတ်လပ်လပ် မနေရတော့ဘူးလား၊ အသက်ကလေးမှ ဝဝရှူခွင့် မပေးတော့ဘူးလား၊ ဒီအတိုင်းနေသွားရရင် ကျွန်တော် စိတ်ညစ်ညစ်နဲ့ အရက်သောက်ပြီး သေမှာပဲ"

ဖိုးမာက ခပ်ပြတ်ပြတ် ပြောသည်။ သူ့မျက်လုံးများက ဝင်းဝင်းတောက်နေသည်။

"တော်ကွာ၊ အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့"

မာယာခင်က အော်သည်။

"ကျွန်တော် စကားကုန်ပြီ၊ ဦးလေး ယူချင်ယူ၊ မယူချင်နေ၊ ကျွန်တော်ကတော့ ပြတ်ပြီ၊ နောက်ထပ် ပြောစရာမရှိတော့ဘူး။ ဦးလေးနဲ့ ကျွန်တော်လည်း ဒီက လမ်းခွဲကြတာ ကောင်းတယ်"

ဖိုးမာအသံက တည်ငြိမ်သည်။ သူ့ဆုံးဖြတ်ချက်ကို မည်သည့်အရာကမျှ ပြောင်းနိုင်မည် မဟုတ်။

"ငါ မင်းကို အရေးယူနိုင်တယ်။ သိရဲ့လား"

မာယာခင်၏ အသံကလည်း တည်ငြိမ်သည်။

"ဘယ်လိုယူမှာလဲ"

"ငါ ပြန်မယ်၊ မြို့ပြန်ရောက်ရင် မင်းကို ရူးတယ်လို့ ကြေညာပြီး အရူးထောင်ထဲ ထည့်ထားမယ်"

"ဦးလေးလုပ်တိုင်း ဖြစ်ရော့လား"

"ဖြစ်တယ်၊ ဖြစ်အောင်လုပ်နိုင်တယ်။ မင်းထင်ရာ လျှောက်လုပ်နေရင် ငါက တားရလိမ့်မယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့ အထိ စောင့်ရှောက်ပါ့မယ်လို့ မင်းအဖေကို ငါ ကတိရှိခဲ့တယ်။ ခု မင်းဟာ မင်း အရက်သောက်တယ်၊ မိန်းမပွေတယ်၊ ထားတော့ ဒါကို ငါ သိပ်မပြောလိုဘူး။ ဒါပေမဲ့ မင်းအဖေထားခဲ့တဲ့ ပစ္စည်းတွေကို အရမ်းကာရော လုပ်နေတာကိုတော့ ငါပြောရလိမ့်မယ်"

"ဦးလေး ကျွန်တော့်ကို မချုပ်ချယ်ပါနဲ့"

"ချုပ်ချယ်ရလိမ့်မယ်။ ငါ့မှာ တာဝန်ရှိတယ်။ ငါပြတဲ့ လမ်းအတိုင်း သွားရလိမ့်မယ်။ အဲဒီလမ်းအတိုင်းသွားရင် နေရာမှန်ကို ရောက်လိမ့်မယ်"

မာယာခင်၏ မျက်လုံးအောက်က အရေတွန့်များသည် လှုပ်ရှားလာကြသည်။ သူ့မျက်နှာထားက တင်းမာသည်။

"ဦးလေးက ဘယ်လောက်များ လမ်းမှန်အောင်ပြနိုင်လို့လဲ၊ ဦးလေးသားကိုတောင် ဦးလေးပြနိုင်ရဲ့လား၊ ခု သူဘယ်ရောက်နေပလဲ၊ ဦးလေး ဘယ်မှာပြနိုင်သလဲ၊ ဦးလေးသမီးကိုကော ဦးလေး လမ်းမှန်ရောက်အောင် ပြနိုင်ခဲ့ရဲ့လား၊ ကိုယ့်သားသမီးကိုတောင် ပုံမသွင်းနိုင်တဲ့လူက သူများကို ပုံသွင်းပေးမယ်ဆိုတော့ ကျွန်တော် ရယ်ချင်တယ်။ ဒီပြင်လူတွေ မပြောပါနဲ့၊ ဦးလေးဖာသာကော ဦးလေး ပုံသွင်းလို့ ရရဲ့လား၊ လမ်းမှန်ရောက်အောင် သွားနိုင်ရဲ့လား၊ ကျွန်တော် မေးမယ်။ ဦးလေး ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေသလဲ၊ ဦးလေး ကိုယ် ဦးလေး မသေတော့ဘူး ထင်နေသလား၊ မသေခင် ဦးလေး မှတ်မှတ်ရရ ဘာများလုပ်ခဲ့ပလဲ၊ ပြောစမှတ်ရလောက်အောင် ဦးလေး ဘာများလုပ်ပစ်ခဲ့သလဲ"

"ဟေ့ကောင် တိတ်"

မာယာခင်က အော်သည်။

ဖိုးမာက ထိုင်ရာမှထသည်။ နောက် အဘိုးကြီးကို ငုံ့ကြည့် သည်။

"သွားမယ်။ ကျွန်တော်ကတော့ အရက်သောက်မယ်၊ ကျွန်တော့်ရှိသမျှ ပစ္စည်းတွေ ဖြုန်းမယ်၊ ကိုယ့်စိတ်နဲ့ ကိုယ့်သဘောပဲ"

လက်ဖက်ရည်ဆိုင်ထဲတွင် မာယာခင်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ လက်ဖက်ရည်စားပွဲပေါ်တွင် ဖိတ်ကျနေသည့် ရေစက်ဖြင့် ဂဏန်းများ ခြစ်နေသည်။

***

## (၁၀)

သူ့မွေးစားအဖေ မာယာခင်နှင့် စကားမများခင်တုန်းက ဖိုးမာ အရက်သောက်သည်။ သည်တုန်းက သောက်ခြင်းမှာ သူ့ဘဝကို သူငြီး ငွေ့သောကြောင့်ဖြစ်သည်။ ယခု မာယာခင်နှင့် လမ်းခွဲတော့လည်း ဖိုးမာ သောက်သည်။ ယခုသောက်ခြင်းမှာ လက်စားချေချင်သောကြောင့် ဖြစ် သည်။ မကျေနပ်သောကြောင့် ဖြစ်သည်။ အရွဲ့တိုက်ချင်သောကြောင့် ဖြစ်သည်။ သူအရွဲ့တိုက်ပုံကို ကြည့်၍ ကိုယ့်ဖာသာကိုယ်ပင် ဖိုးမာ လန့် မိသေးသည်။

အရက်မသောက်တတ်သူတိုင်းကို လူမိုက်တွေဟု သူထင် သည်။ ကံဆိုးသူတွေဟု ထင်သည်။ အရက်သောက်သူကမှ ပိုမိုက်၍ ပိုစက်ဆုပ်စရာ ကောင်းသည်ဟု ထင်သည်။ သူ့အပေါင်းအဖော်များကို လည်း ဖိုးမာ စိတ်မဝင်စား။ အသိမိတ်ဆွေသစ် တွေ့၍လည်း နာမည် ကလေးကိုပင် မမေးဖြစ်။ ဘယ်နေရာတွင် တွေ့၍ ဘယ်တုန်းက အသိ မိတ်ဆွေ ဖြစ်ခဲ့သည်ကိုလည်း သူမမှတ်မိ။ လူစိမ်းတွေ့လျှင် သရော် စော်ကား စကားမျိုးကို ပြောချင်နေသည်။

ဟိုတယ်များ၊ ပျော်ပွဲစားရုံများသို့ ဖိုးမာ သွားသည်။ သူ့အနီး တွင် အရက်ကပ်သောက်သူတွေ ဝိုင်းဝိုင်းလည်နေသည်။ အဆိုတော် လည်း ပါသည်။ ဇာတ်မင်းသားလည်း ပါသည်။ တောသူဌေးလည်း ပါသည်။ အစတုန်းကတော့ ဖိုးမာကို ချာတိတ်ကလေး တစ်ယောက်၊

မနူးမနပ်ကလေး တစ်ယောက်လို သဘောထားကြသည်။ ဆရာလုပ်ကြသည်။ ဘယ်အရက်က ဘယ်လောက်ကောင်းကြောင်း ဖိုးမာကို ကြွားကြသည်။ နောက်တော့ ဖိုးမာက သူတို့ထက်သာသွားပြီ။ သူတို့ လိုက်မမီတော့။ ထိုအခါတွင် သူ့ကို ဆရာတင်ကြသည်။ သူ့ထံ ပိုက်ဆံချေးကြသည်။ တစ်ခါတစ်ရံတွင် ဖိုးမာသည် အပေါစား အရက်ဆိုင်များသို့သွားသည်။ ဆံပင်ညှပ်သမား၊ စာရေး၊ အငြိမ့်လူပျက်၊ တာလီစာရေး၊ နဲသမား စသည်တို့နှင့် တွေ့ရသည်။ ဤအသိုက်အဝန်းကို ဖိုးမာ ပိုသဘောကျသည်။ သူတို့က ပေါင်းရသင်းရလွယ်သည်။ ရိုးသည်၊ အကျင့်သိက္ခာ ရှိသည်။ တစ်ခါတစ်ရံတွင် ရန်ဖြစ်ချင် ဖြစ်လိုက်ကြသည်။ ရယ်လျှင် အားရပါးရ ရယ်ကြသည်။ လူဆံသည်။ သို့ရာတွင် ငွေမက်ရာ၌ကား အထက်တန်းစားတွေနှင့် အတူတူပင် ဖြစ်သည်။

ဖိုးမာသည် မိန်းမတန်းသို့လည်း သွားသည်။ ဖိုးမာသည် ကျန်းမာသန်စွမ်းသည့် လူငယ်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် မိန်းမများကို ခေါ်၍ပျော်ပါးသည်။ အပေါစားလည်း တွေ့ဖူးသည်။ ကြေးကြီးလည်း တွေ့ဖူးသည်။ ရုပ်ချောချောနှင့်လည်း အိပ်ဖူးသည်။ အရုပ်ဆိုးအကျည်းတန်နှင့်လည်း တွေ့ဖူးသည်။ သူနှင့်တွေ့လျှင် ဖိုးမာက ရက်ရက်ရောရောကြီး ပေးကမ်းသည်။ မိန်းမများကိုမူ ယောကျ်ားများထက် ဖိုးမာလေးစားသည်။ သူတို့ကို စသည်။ ပက်ပက်စက်စက် ပြောသည့်အခါလည်း ပြောပစ်သည်။ သို့ရာတွင် အရက် ဘယ်လောက်မူးမူး မိန်းမမြင်လျှင် ရက်တတ်သည့် အကျင့်ကမူ မပျောက်သေး။ သူတို့အထဲက အရုက်အနည်းဆုံး၊ အစွာဆုံး မိန်းမပင်လျှင် တကယ့်အရေးကျတော့ ကလေးတစ်ယောက်လို အားနွဲ့သူဖြစ်နေတတ်ပုံကို ဖိုးမာ သတိပြုမိသည်။

ဖိုးမာသည် ယောကျ်ားချင်းဆိုလျှင် ခဏခဏ ရန်ဖြစ်တတ်သည်။ သို့ရာတွင် မိန်းမတစ်ယောက်ကိုမူကား ဖိုးမာ လက်နှင့်မျှမရွယ်။ အလွန်စိတ်ဆိုးလျှင် ပြစ်ပြစ်နှစ်နှစ် ဆဲရုံသာဆဲသည်။ မိန်းမတစ်ယောက်ထက် ခွန်အားကြီး၍ အများကြီး ကံကောင်းသည်ဟု သူ့ကိုယ်သူ ထင်သည်။ ခပ်စွာစွာ ရမ္မက်ကြီးသည့် မိန်းမမျိုးနှင့်တွေ့လျှင် ဖိုးမာ သူ့အစားရှက်သည်။ တစ်နေ့တွင် ခပ်စွာစွာ မိန်းမတစ်ယောက်က ဒေါပွကာ ဖိုးမာ့ပါးကို ရိုက်သည်။ ထိုစဉ်က မိန်းမက မူးနေသည်။ ဖိုးမာကလည်း ခပ်ထွေထွေ ဖြစ်နေသည်။ ဖိုးမာ့ မျက်နှာသည် ဖြူရော်သွားသည်။ ဖိုးမာက ဘာမျှ ပြန်မလုပ်။ အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်ကို နှိုက်၍ မတ်တပ်ရပ်ရင်း မိန်းမကို စိန်းစိန်းကြီး ကြည့်သည်။

"ထွက်သွား၊ ဒီပြင်လူဆိုရင် နင့်ခေါင်းကို ရိုက်ခွဲမှာ၊ ငါမို့လို့ သည်းခံတာ၊ သွား"

ဖိုးမာက အသံတုန်တုန်နှင့် အော်သည်။

သူနှင့် အရှည်မတို့ နှစ်ယောက် ကာဇန်မြို့ကို ရောက်တော့ အရှည်မက လမ်းခွဲသွားကာ အရက်ချက်ရုံ ပိုင်ရှင်၏ သားတစ်ယောက်နှင့် သွားနေသည်။

အရှည်မက သူ နောက်လူနှင့် လိုက်ခါနီးတွင် ဖိုးမာကို နှုတ်ဆက်သည်။

"ကဲ ... ခွဲကြဦးစို့ အစ်ကိုရေ့၊ ရေစက်မကုန်ကြသေးရင် ပြန်တွေ့ကြသေးတာပေါ့၊ အစ်ကိုနဲ့ အရှည်မဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ မဟုတ်လား အစ်ကိုရဲ့၊ အစ်ကို ပေလို့ တေလို့ အားမရသေးဘူးလား၊ အားမရသေးရင် ဆက်လုပ်ဆက်လုပ်၊ နောက်ပြန်မကြည့်နဲ့၊ ထမင်းပန်းကန်ထဲမှာ နောက်ထပ် စားစရာ မရှိတော့ဘူးဆိုရင် ဒီထမင်းပန်းကန်ကြီး ဘာလုပ်ဖို့ ထားဦးမှာလဲ အစ်ကိုရဲ့ ရိုက်ခွဲပစ်လိုက်ပေါ့၊ မဟုတ်ဘူးလား အစ်ကို နော် နော်"

အရှည်မက ဖိုးမာကို အားပါးတရ နမ်းပြီး နှုတ်ဆက်သွားသည်။

သူ ခွဲသည်ကို ဖိုးမာကလည်း ကျေးဇူးတင်သည်။ ဝမ်းသာသည်။ ဖိုးမာ သူ့ကို ငြီးငွေ့သွားပြီ။ သည်ထမင်းပန်းကန်တွင် ဘာမျှ စားစရာ မကျန်တော့ပြီ။ ရိုက်ခွဲပစ်ရုံသာ ရှိတော့သည်။

"သူနဲ့ အဆင်မပြေလို့ ငါ့ဆီ ပြန်လာချင်ရင်လည်း လာခဲ့ပေါ့"

ဘာကြောင့်မှန်း မသိ၊ ဖိုးမာ ပါးစပ်က ရုတ်တရက် ထွက်သွားသည်။ မခွဲနိုင်သေး၍လော၊ သနား၍လော၊ ဘာကြောင့်ဟု ဖိုးမာ မပြောတတ်။

သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါတွင် ဖိုးမာ လူ့ဘဝမှ ကင်းလွတ်ရာ တစ်နေရာသို့ ထွက်ပြေးချင်နေသည်။ ဘုံအနှမ်းမှ လွတ်ရာသို့ သွားချင်သည်။ ညဆိုလျှင် အိပ်မပျော်။ မှိတ်ထားသည့် မျက်လုံးများထဲတွင် တိုးဝှေ့နေကြသည့် လူအုပ်ကြီးကို မြင်နေသည်။ လူအုပ်ကြီးက ဖုန်လုံးကြီးထဲတွင် ပြေးလွှားနေကြသည်။ ဒလိမ့်တုံးကြီးများက ထိုလူအုပ်ကြီးကို ကြိတ်သွားကြသည်။ တချို့က အကြိတ်ခံသွားကြရပြီး တချို့က ဒလိမ့်တုံးကြီးကို စီး၍ လိုက်သွားကြသည်။

ထိုလူအုပ်ထဲတွင် သူ့အဖေလည်း ပါသည်။ သူ့အဖေသည် ပြေးလွှားနေရင်းက လူအုပ်ကြီးကြားထဲ လဲကျကာ ဒလိမ့်တုံးကြီးအောက် ရောက်သွားသည်။ သူ့မွေစားအဖေ မာယာခင်က တွန့်လိမ်ကာ လူတွေ ခေါင်းပေါ် တက်နင်းနေသည်။ လျူဘာက အော်ဟစ်ရင်း လဲကျသွား လိုက်၊ ထလာလိုက်ဖြင့် သူ့အဖေနောက်သို့ အမီလိုက်နေသည်။ ပေလ ဂေယက တစ်နေရာသို့ လွင့်ပါသွားသည်။ သူ့မမက လူအုပ်ကြီးအလယ် ခေါင်တွင် အရုပ်ကြိုးပြတ်ပမာ ရပ်နေသည်။ အရှည်မ မည်သူ့ကိုမှ ဂရုမစိုက်။ ကသောင်းကနင်း ဖြစ်နေသည့် လူအုပ်ကြီးကို ဂရုမစိုက်သည့် ပမာ ခေါင်းမော့၍ မျက်နှာတင်းတင်းဖြင့် လျှောက်နေသည်။ လူအုပ်ကြီး ထဲမှ ရယ်သံ၊ ငိုသံ၊ မူးသံ၊ ရန်ဖြစ်သံ၊ တေးဆိုသံတို့ဖြင့် ဆူညံနေသည်။

ဖိုးမာ ဤရှုခင်းကို မမြင်ချင်။ ဤရှုခင်းကို ကြည့်၍ ဖိုးမာ ကြောက်သည်။ ဒေါသထွက်သည်။ သနားသည်။ စိတ်ဆိုးသည်။ ဤ ခံစားချက်များသည် မြစ်ရေတွင် ချောင်းငယ်တို့ပေါင်းသလို သူ့ရင်ထဲ တွင် ရောယှက်ပေါင်းဆုံကြသည်။ လူတွေ ငြိမ်ကျသွားအောင် ကျားလို ဟိန်းပစ်လိုက်ချင်သည်။ ဝံပုလွေလို အူပစ်လိုက်ချင်သည်။ ရုတ်ရုတ် သဲသဲ ဖြစ်နေသည်ကို ရပ်သွားစေချင်သည်။ တစ်ယောက်ကိုတစ် ယောက် တွန်းထိုးမနေကြဘဲ တစ်နေရာတည်းကို ညီညီညာညာသွား အောင် အမိန့်ပေးချင်သည်။

သို့ရာတွင် ဖိုးမာတွင် ဘာမျှမရှိ။ အာဏာမရှိ။ စွမ်းအားမရှိ။ ဆန္ဒသာရှိသည်။ ဤသို့ အဓိပ္ပာယ်မရှိ နေရခြင်းကို မရှက်ကြသလောဟု သံကုန်ဟစ်၍ မေးချင်သည်။ သို့ရာတွင် သူမေး၍ ဤသို့မနေလျှင် မည်သို့နေရမည်နည်းဟု လူတွေက ပြန်မေးလျှင် သူလည်း မဖြေတတ်။ ထိုအခါတွင် လူတွေက သူ့ကို အရူးဟုဆိုကာ နင်းသတ်ကြလိမ့်မည်။ ရယ်ကြလိမ့်မည်။

အရက်သောက်လွန်းသဖြင့် စိတ်ကယောင်ချောက်ချားများ ဖြစ်နေပြီလောဟု တစ်ခါတစ်ရံ ဖိုးမာ တွေးမိသည်။ ထို့ကြောင့် သူ့မျက် စိထဲတွင်ပေါ်လာသည့် အနိဋ္ဌာန်ရုံတွေကို ဖိုးမာ ကြိုးစားဖျောက်သည်။ အရက်မသောက်သည့်အခါများတွင်လည်း ထိုမြင်ကွင်းများသည် ပေါ် လာမြဲ ပေါ်လာကြသည်။ ဤအနှောင်အဖွဲ့များမှ လွတ်မြောက်လိုသည်။ သို့ရာတွင် သူ့ဥစ္စာ၊ သူ့ပစ္စည်း၊ သူ့စည်းစိမ်တို့၏ အနှောင်အဖွဲ့မှ ဖိုးမာ ရုန်းမထွက်နိုင်။

အရောင်းအဝယ် လုပ်ငန်းအားလုံးကို မာယာခင်အား တရားဝင် လွှဲပေးခဲ့ပြီးပြီ။ သို့ရာတွင် မာယာခင်က ယခုတိုင် ဖိုးမာကို ကိစ္စဝိစ္စတွေ ထဲ ဆွဲသွင်းနေဆဲဖြစ်သည်။ စာချုပ်စာတမ်းများ ချုပ်စရာရှိလျှင် သူ့ ကုန်တိုက်စာရေးတွေ လွှတ်သည်။ ကန်ထရိုက်တွေ လွှတ်သည်။ ထို အခါတွင် ဖိုးမာကို အရက်ဆိုင်တကာ လိုက်ရှာရသည်။ ဤသည်မှာ မာယာခင် လက်ချက်ဟု ဖိုးမာ သိသည်။ သူ့မွေးစားအဖေ မာယာခင် သည် ဖိုးမာကို ပုံသွင်းရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးစားတုန်း ဖြစ် သည်ဟု ဖိုးမာ ထင်သည်။ ဤသို့ တွေးမိတိုင်း သူ့မွေးစားအဖေကို ဖိုးမာ စက်ဆုပ်သည်ထက် စက်ဆုပ်လာသည်။ မုန်းသည်ထက် မုန်းလာ သည်။ ဖိုးမာက စိတ်ညစ်ညစ်ဖြင့် ငွေကို ရေလို သုံးပစ်သည်။ အရက် ဆိုင်ပေါက်စေ့၊ ပြည့်တန်ဆာအိမ်ပေါက်စေ့ လျှောက်သွားသည်။ သူ့ မွေးစားအဖေက ဖိုးမာ၏ဘဏ်စာရင်းကို ပိတ်ပစ်လိုက်သည်။ ကြာတော့ ဖိုးမာ ပိုက်ဆံချေး၍မရတော့။ လိုလိုချင်ချင် ချေးငှားခဲ့သူများကပင် ဖိုးမာ ကို ရှောင်ကြသည်။ ဤတွင် ဖိုးမာ၏မာနသည် ခေါင်းထောင်လာသည်။ မခံချင်ဖြစ်လာသည်။ ထို့ထက် ဖိုးမာ ခံပြင်းသည့် အချက်တစ်ချက် ရှိ သေးသည်။ ယင်းမှာ သူ့မွေးစားအဖေက သူ့ကိုစိတ်မနှံ့တော့ဟု သတင်း လွှင့်လာခြင်းဖြစ်သည်။ ဖိုးမာအတွက် တရားဝင်အုပ်ထိန်းသူတစ်ယောက် ထားရန် စီမံလာခြင်းဖြစ်သည်။ သူ့မွေးစားအဖေသည် ကုန်သည်ပွဲစား လောကတွင် အရေးပါသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် အသိုက်အဝန်းနှင့် ဖိကာ ဖိုးမာကို အကြပ်ကိုင်လာသည်။ ပထမတော့ သူ့မွေးစားအဖေ အကြပ်ကိုင်လာသည့်အတွက် ဖိုးမာ နည်းနည်းနောက် တွန့်သွားသည်။ သို့ရာတွင် မကြာ။ ဖိုးမာ ပုံမှန်အတိုင်း ပေမြဲပေသည်။ တေမြဲတေသည်။

ဤသို့ဖြင့် ဖိုးမာသည် သူ့ကိုစုပ်ယူမည့် နွံဗွက်ကြီးထဲသို့ တဖြည်းဖြည်း ဆင်းနေသည်။ သူ့မွေးစားအဖေက သူ့ကို ညောင်ပင်ကြီး မိုးသလို မိုးထားသည်။

*

ဖိုးမာနှင့် စကားများပြီးသည့်နောက် မာယာခင် အိမ်သို့ ပြန်လာ သည်။ စကားလည်း မပြော။ မျက်နှာထားကလည်း သုန်သုန်မှုန်မှုန်။

သူ့ခန္ဓာကိုယ်က ကြိုးတစ်ချောင်းလို တင်းနေသည်။ အရေ တွန့်များက ပိုနက်လာကြသည်။ မျက်နှာက မည်းပုပ်၍ ချုံးကျနေသည်။ သူ့အဖေမျက်နှာကို လျူဘာ မြင်သည့်အခါတွင် သူ့အဖေ နေမကောင်း ဖြစ်လာသည်ဟု လျူဘာ ထင်မိသေးသည်။

မာယာခင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ ပါးစပ်က တံတွေးတပျစ်ပျစ်ထွေးသည်။ လျူဘာက မေးတော့ အော်ငေါက်တတ်သည်။

“အဖေဟာ သမီးကို ဘယ်တော့မှ စကားကောင်းကောင်း မပြောဘူး”

လျူဘာက နာကြည်းသံဖြင့် ပြောသည်။ သည်တော့ မာယာခင် စိတ်ထိခိုက်သွားဟန်တူသည်။

“သမီးက အသက်သာကြီးပေမယ့် ဘာမှ နားမလည်ဘူး။ ဒီ တော့ အဖေစိတ်တိုတာပေါ့၊ ကဲ … လာ လာ၊ အဖေနဲ့ ထမင်းစားကြ မယ်”

သမီးနှင့်အဖေ ထမင်းဝိုင်းတွင် ထိုင်ကြသည်။

“သမီးဟာ တစ်ဦးတည်းသောသမီးပါ အဖေ၊ သမီးမှာ အားကိုးစရာဆိုလို့ အဖေပဲရှိပါတယ်။ ဒါပေမဲ့ အဖေဟာ သမီးကို အမြဲတမ်း ဆူပူကြိမ်းမောင်းနေတာပဲ”

အဖေက သက်ပြင်းချသည်။

“ခက်တယ် သမီး၊ သားယောကျ်ားလေးဆိုရင်လည်း အဖေအား ကိုးအားထားပြုရရဲ့၊ သမီးသာ သားယောကျ်ားလေးဆိုရင် အဖေလောက မှာ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ဖိုးမာဆိုတဲ့ ကောင်ကိုလည်း ဂရုမစိုက်ဘူး”

“ဖိုးမာက ဘာဖြစ်လို့လဲ အဖေ”

“ကျွန်တော့် ရှိသမျှပစ္စည်းတွေ လုပ်ချင်သလိုလုပ်ပါတော့လို့ အဖေ့ကိုလွှဲပြီး ထွက်သွားပြီလေ။ အလုပ်လုပ်ရတာ ကျဉ်းကြပ်လှချည်ရဲ့ ဆိုပြီး အရက်ဆိုင်ထဲမှာ လွတ်မြောက်ရေး ရှာနေတယ်လေ”

မာယာခင်က မရယ်ချင့်ရယ်ချင် ရယ်သည်။

“ဘာစိတ်ကူးများ ပေါက်သွားလို့ပါလိမ့်”

“ဘာစိတ်ကူး ပေါက်ရမှာလဲ၊ နဂိုကတည်းက သူ့အမေက စိတ္တဇဝေဒနာသည်၊ သားကျတော့လည်း ဒီအတိုင်းပေါ့၊ ဒီအထဲ အရက် တွေ နင်းသောက်တော့ ကယောင်ချောက်ချား ပိုဖြစ်တာပေါ့။ ရှိသမျှ ပစ္စည်းတွေကုန်အောင် အရက်သောက်ပစ်မယ်တဲ့၊ သူ့အဖေကြီးဟာ ဒီ ပစ္စည်းတွေကို အနှစ်လေးဆယ်လုံးလုံး ရှာခဲ့တယ်။ သူက တစ်ထိုင် တည်းနဲ့ ဖြုန်းပစ်တယ်။ အဖေတို့ ကုန်သည်ပွဲစားတွေဟာ တိုင်းပြည်ကြီး ကို ဒီအခြေရောက်အောင် ကြိုးစားခဲ့ကြရတယ်။ တိုင်းပြည်ကြီးကို စီးပွား ရေး တောင့်တင်းအောင် အဖေတို့ ကုန်သည်တွေ လုပ်ခဲ့ကြတယ်။

တကယ်တော့ အုတ်မြစ်ချရုံ ချရသေးတယ်။ ရှေ့လျှောက်ပြီး တစ်ထပ်ပြီး တစ်ထပ် ဆောက်ရဦးမယ်။ ဒါကို ဖိုးမာ မမြင်ဘူး။ အဖေ သေရင် သူဟာ အဖေနဲ့ သူ့အဖေ ပစ္စည်းတွေကို ပေါင်းပြီး ရှေ့ဆက်လုပ်ရမယ်။ ဒါပေမဲ့ သူ ဘာလုပ်သလဲ၊ ပြာပုံဝပ်တယ်၊ ဖင်ဒရွတ်ဆွဲပြီး အူတယ်။ ခွေးသား သိကြရောပေါ့ကွာ ဟင်း”

မာယာခင် ဒေါသထွက်နေပြီ။ သူ့အသံသည် ဆို့နစ်နေသည်။ လျူဘာကို ဖိုးမာများ မှတ်နေသလော မပြောတတ်။ အားပါးတရ အော်နေသည်။ လျူဘာပင် လန့်လာသည်။

“ခု အဖေတို့ အနှစ်လေးငါးဆယ် အလုပ်လုပ်ခဲ့ကြရတယ်။ ဘယ်သူ့အတွက်လဲ၊ တိုင်းပြည်အတွက်၊ နောင်လာနောင်သားတွေ အတွက်၊ သားသမီးအတွက်။ ဒါပေမဲ့ ခု ဒီသားသမီးတွေ ဘယ်ရောက်ကုန်ပလဲ၊ တစ်ကောင်တမြီးမှ မရှိတော့ဘူး။ သားတစ်ယောက်က ပျောက်နေပြီ၊ ဘယ်ရောက်နေမှန်း မသိတော့ဘူး။ မွေးစားသားက ယစ်ထုပ်ဖြစ်နေပြီ။ ကျန်တာက သမီး၊ ငါ့မှာ သမက်ကောင်းကောင်း ရှိရင်လည်း တော်သေးရဲ့၊ ဖိုးမာက လိမ္မာရင်လည်း ဖိုးမာကို သမီးနဲ့လက်ထပ်ပေးရရဲ့၊ ခု ဒီကောင်က မလိမ္မာဘူး။ ငါ့စကားလည်း နားထောင်မှာ မဟုတ်ဘူး။ ခေတ်ကြီးလည်း ဘယ်လိုဖြစ်မှန်း မသိတော့ဘူး”

အဖေက သမီးကိုကြည့်သည်။ သမီးက ဘာမျှမပြော။

“သမီးကို အဖေတစ်ခုမေးမယ်။ လောကကြီးမှာ သမီးဘာ လိုချင်သလဲ၊ လူတွေ ဘယ်လို သဘောရသလဲ၊ သမီးကတော့ စာတွေ အများကြီးဖတ်ဖူးလို့ သိမလား မပြောတတ်ဘူး”

အဖေက ဖြုန်းစားကြီးမေးသည်။ လျူဘာက အတန်ကြာ စဉ်းစားသည်။ အဖေ့မေးခွန်းကို သူမဖြေရဲ၊ အဖြေမှားလျှင် အဆော်ခံရဦး မည်။

“သမီးကတော့ လူတိုင်းပျော်စေချင်တယ်။ ကိုယ့်ဘဝကို ကျေနပ် ရောင့်ရဲစေချင်တယ်။ လူတိုင်း တန်းတူညီမျှ ဖြစ်စေချင်တယ်။ လူတိုင်း လွတ်လွတ်လပ်လပ် နေခွင့် ရှိစေချင်တယ်။ ပြီးတော့”

“ထို့၊ ငါ ထင်တဲ့အတိုင်း ဖြေတာပဲ”

အဖေ အော်သဖြင့် လျူဘာခေါင်းငိုက်စိုက် ကျသွားသည်။ သို့ရာတွင် ချက်ချင်းအားတင်းကာ–

“လွတ်လပ်ခွင့် ရှိသင့်တယ်လို့ အဖေပဲ ပြောခဲ့တယ် မဟုတ်လား”

"တိတ်၊ အဓိပ္ပာယ်မရှိတာ မပြောနဲ့၊ သူ့ထက်ငါ မသာ သာ အောင် ပြိုင်နေကြတဲ့ ခေတ်ကြီးမှာ ဘယ်နှယ့်လုပ်ပြီး တန်းတူညီမျှ ဖြစ် နိုင်မလဲ၊ သူတောင်းစားတောင် သူများထက် ပိုက်ဆံ ပိုရချင်တယ်။ ကလေးတောင် ကစားရာမှာ ကိုယ်အနိုင်ရချင်တယ်။ ဒီတော့ ဘယ်သူက အနာခံမလဲ၊ တန်းတူညီမျှ ဖြစ်ရင် ဘယ်သူက ကျေနပ်မှာလဲ၊ စာတွေ နင်းကန်ဖတ်ပြီး မဟုတ်တဲ့ အတွေးအခေါ်တွေ ခေါင်းထဲရောက်၊ ထွီ"

အဖေက ကုလားထိုင်ကို ကျွီခနဲနေအောင် တွန်းပစ်ကာ မတ် တတ်ရပ်သည်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ခေါင်းရမ်း သည်။ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်သည်။

"ခက်တယ်၊ ငါ့ကို ဘယ်သူမှ အကူအညီမရကြဘူး။ သိပ်ခက် တယ်"

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့ အဖေ၊ ပြီးတော့ အစ်ကို တာရာလည်း မသေသေးပါဘူး။ တစ်နေ့နေ့တော့ ပြန်လာမှာပါ"

မာယာခင် လျှပ်စစ်ဖြင့် တို့လိုက်သလို တွန့်သွားသည်။

"သစ်ပင်တစ်ပင်ဟာ ငယ်ငယ်ကတည်းက အညွန့်ကျိုးသွား ရင် ကြီးလာတော့ လေဒဏ်ကို ဘယ်ခံနိုင်တော့မလဲ၊ တာရာနဲ့စာရင် ဖိုးမာကမှ အားကိုးရလိမ့်ဦးမယ်။ ဖိုးမာက သူ့အဖေ့ သွေးပါတယ်။ သူ စိတ်ပါရင် ဘာဖြစ်ဖြစ်လုပ်ရဲတယ်။ လုပ်နိုင်တယ်။ တာရာဆိုတဲ့ ကောင် ကတော့"

လှောင်အိမ်ထဲတွင် ပိတ်မိနေသည့် ကြွက်တစ်ကောင်လို မာ ယာခင် အခန်းထဲတွင် လျှောက်နေသည်။ နောက် ကုလားထိုင်ကို သေ သေချာချာ ရွှေ့၍ပြန်ထိုင်ရင်း "အင်း၊ ဒီကောင်အကြောင်းလဲ စုံစမ်းရဦး မယ်။ အဖေ့ မိတ်ဆွေ ကုန်သည်တွေကပြောတော့ ဦးဆွိယိမှာ ရောက်နေ တယ်တဲ့၊ ကျောက်မိုင်း တစ်ခုမှာ အလုပ်လုပ်နေသတဲ့"

အဖေ့ မျက်နှာ သိပ်မကောင်း။

"အစ်ကို့ဆီကို သမီးစာရေးလိုက်ရမလား ဟင်"

လျူဘာက မရဲတရဲ မေးသည်။ အဖေက ခဏ စဉ်းစားနေ သည်။

"အင်း၊ သမီးရေးရင် ကောင်းတာပေါ့။ သူဘာလုပ်နေသလဲ၊ အိမ်ထောင်ကျပလား၊ သူ့အယူအဆတွေ ပြောင်းပလား ဆိုတာတွေ မေး ကြည့်စမ်း၊ အေးလေ စာရေးခါနီးတော့ အဖေ့ပြော ဘာတွေ ရေးရမလဲ ဆိုတာ အဖေပြောမယ်"

"မြန်မြန်ရေးလိုက်မယ်လေ"

"ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက သမီး အိမ်ထောင်ပြုဖို့ အရေးကြီးတယ်။ အဖေ သူငယ်တစ်ယောက် မြင်ထားတယ်။ ပညာကလည်း မဆိုးဘူး။ အလုပ်အကိုင်ကလည်း တော်တယ်"

"စမိုလင်ကို ပြောတာ မဟုတ်လား အဖေ"

"ဟုတ်တယ်၊ သမီး သူ့အကြောင်း ဘာသိသလဲ"

အဖေက အလုပ်ကိစ္စတစ်ခုကို စုံစမ်းသလို စုံစမ်းသည်။

"မသိဘူး အဖေ"

"အေး ... နောက်တော့ သိလာမှာပေါ့၊ ဖိုးမာကို မျှော်လင့်နေလို့ မဖြစ်တော့ဘူး။ ဖိုးမာ ဒီလိုဖြစ်သွားရတာဟာ သမီးအပြစ်လည်း ပါသင့်သလောက်ပါတယ်။ သမီးတို့နှစ်ယောက် စကားပြောနေတာ တွေ့တွေ့နေတော့ ဟန်ကျနေပြီအောက်မေ့တာ၊ ခုတော့ အဖေ့အထင်နဲ့ တခြားစီ ဖြစ်နေပြီ"

လျူဘာက တွေးနေသည်။ လျူဘာက ကျန်းမာသန်စွမ်းသော မိန်းမပျိုတစ်ဦးဖြစ်သည်။ ခုတလောတွင် အိမ်ထောင်ရေးကို တွေးမိ သည်။ အထီးကျန်ဘဝက လွတ်မြောက်ရန်အတွက် တခြားနည်းလမ်း မရှိ။ ယခင်က အိမ်မှ ထွက်ကာ ပညာသင်ရန်၊ အလုပ်လုပ်ရန် စိတ်ကူးခဲ့ဖူးသည်။ စာတွေ အများကြီး ဖတ်ခဲ့ဖူးသည်။ စာအုပ်တွေဖတ်ခါမှ မကျေနပ်စရာတွေ ပိုများလာသည်။ အဖေ့ဩဇာအောက်က ရုန်းထွက်ချင် သည်။ ရွယ်တူကလေးအမေတွေကို မြင်တော့ အားကျသည်။ မနာလို ဖြစ်မိသည်။ ဝမ်းနည်းသည်။

ယခု အဖေ့စကားကို ကြားတော့ စမိုလင်ကို သူမြင်ယောင်လာသည်။ ကျောင်းတုန်းက စမိုလင်ကို မြင်ဖူးသည်။ သည်တုန်းက စမိုလင်က သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ သို့ရာတွင် ကွဲသွားကြသည်မှာ ကြာလှပြီ။ စမိုလင်က နိုင်ငံခြားသို့ ပညာတော်သင် ထွက်သွားသည်။ ထိုနိုင်ငံခြားပြန် စမိုလင် မည်သို့ရှိမည်ကို လျူဘာ မသိ။

စမိုလင်အကြောင်းကိုတွေးရင်း သူ့အစ်ကို တာရာကို လျူဘာ အမှတ်ရလာပြန်သည်။ သူ့အစ်ကို တာရာသည် အဖေ့ထက်လည်း ကောင်း၊ စမိုလင့်ထက်လည်းကောင်း အရေးကြီးသူတစ်ဦးဖြစ်သည်ဟု လျူဘာ ထင်သည်။ အစ်ကိုတာရာနှင့် တွေ့ပြီးမှ သူယောကျ်ားယူမည် ဟု လျူဘာ စိတ်ကူးရသည်။

"ဘာတွေ ငိုင်နေတာလဲ" အဖေက အော်သည်။

“အပြောင်းအလဲ မြန်ပုံတွေကို တွေးနေတာပါ”

“ဘာတွေ အပြောင်းအလဲ မြန်တာလဲ”

“အကုန်လုံးပဲ အဖေ၊ ဟိုတုန်းကတော့ အစ်ကို့အကြောင်းကို မပြောရဖူးလို့ အဖေ ပြောခဲ့တယ်၊ ခုတော့”

“ခု ပြောစရာလိုလာလို့ ပြောတာပေါ့၊ မလိုရင် မပြောဘူး။ လိုအပ်လာရင် ပြောရမယ်။ လိုအပ်လာရင် သံမဏိချောင်းကြီးကို ပျော့အောင် လုပ်ရမယ်။ ခု ညည်းအစ်ကို သံမဏိကြီးတာရာကို အဖေပျော့အောင် လုပ်မယ်။ လူဆိုတာ ဘဝကို ကြံ့ကြံ့ခံနိုင်မှ တန်ဖိုးရှိတယ်။ ဘဝက ကိုယ့်ကိုဖန်တီးတာ မခံဘဲ ဘဝကို ကိုယ်က ဖန်တီးယူတဲ့ လူ တိုင်းကို အဖေ အထင်ကြီးတယ်။ လေးစားတယ်၊ ခု အဖေက အသက် ကြီးပြီ။ ဘဝကို အဖေ ဖန်တီးချင်တိုင်း ဖန်တီးလို့ မရတော့ဘူး”

အဖေက လက်နှစ်ဖက်ကို ပွတ်၍ နှုတ်ခမ်းများကို လျက်နေသည်။

“အဖေတို့ ငယ်ငယ်တုန်းက ဒီလိုဘယ်ဟုတ်မလဲ၊ ခု ညည်းတို့ ခေတ်ကျတော့ လူငယ်တွေဟာ သွေးမရှိဘူး။ သတ္တိမရှိဘူး။ မမှည့်ခင် ကတည်းက ပုပ်သိုးကုန်ကြပြီ။ ခု အဖေ လူဖြစ်လာတာ ၇၆ နှစ်ရှိပြီ၊ ညည်းတို့ခေတ်လို ခေတ်ကောင်းမရှိခဲ့ဘူး။ ညည်းတို့ခေတ်က အဖေတို့ ခေတ်ထက် အများကြီးသာတယ်။ တိုက်ကြီးတွေ သင်္ဘောကြီးတွေ ရှိလာပြီ၊ ဒါပေမဲ့ ခေတ်ကသာ တိုးတက်လာတာ အဖေတို့ ကုန်သည်ပွဲစား သားသမီးတွေ ကျတော့ အလကားပဲ၊ ပျက်စီးကုန်ပြီ၊ ဆင်းရဲသား သားသမီးလောက်တောင် အရည်အချင်းမရှိတော့ဘူး။ ယာဇော့ကို ကြည့်ပါလား။ သူ့အဖေအမေတွေက ဘယ်လောက်ဆင်းရဲသလဲ၊ ဒါပေမဲ့ ခု နိုင်ငံကျော်စာရေးဆရာကြီး ဖြစ်နေပြီ။ အစတုန်းက အခြေမဲ့ အနေမဲ့၊ ခုတော့ လူတစ်လုံး သူတစ်လုံးဖြစ်နေပြီ၊ တစ်ခါတလေကျတော့ ဒါတွေတွေးပြီး ညည်းတို့ကို အဖေ အရှင်လတ်လတ် အရေခွာပြီး ဆားဖြူးပစ်ချင်တယ်”

အဖေက သူ့သမီးကို မာန်သည်။ အဖေ၏ခန္ဓာကိုယ်က သေးကွေးနေပြီ။ အရေများက ရှုံ့တွနေပြီ။ သို့ရာတွင် အဖေသည် သူ့လုပ်ငန်းတွင်တော့ ပြတ်သားသည်။ ပိုင်းဖြတ်မှုရှိသည်။ ဇွဲရှိသည်။ သည်လိုကြည့်လျှင် အဖေသည် လေးစားစရာကောင်းနေပြန်သည်။

*

ဖိုးမာ အိပ်ရာမှနိုးလာ၍ ကြည့်လိုက်တော့ အခန်းကျဉ်းကလေး တစ်ခန်းထဲတွင် ရောက်နေသည်။ ပြတင်းပေါက် နှစ်ပေါက်က ပွင့်နေ

သည်။ ပြတင်းအပြင်ဘက်က တွန့်လိမ်ဖုထစ်နေသော သစ်ပင်ကြီးတစ်ပင်ကို ဖိုးမာ မြင်ရသည်။

အပြင်တွင် မိုးက တဖွဲဖွဲ ရွာနေသည်။ မိုးပေါက်များ တဖြောက်ဖြောက် မြည်သံကို ဖိုးမာ ကြားရသည်။ သူ ဘယ်ရောက်နေသနည်း။

ဖိုးမာ ခေါင်းထောင်၍ ကြည့်သည်။ ပြတင်းဝ စားပွဲတစ်လုံးတွင် အသားညိုညို လူခပ်သေးသေးတစ်ယောက် စာထိုင်ရေးနေသည်။ တဖျစ်ဖျစ်မြည်နေသော ကလောင်သွားသံကို ဖိုးမာ တစ်ခါတစ်ခါ ကြားရသည်။ ထိုလူက စာရေးနေရာမှ ဖိုးမာကို လှမ်းကြည့်သည်။ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းပါးပါး၊ နှုတ်ခမ်းမွေး ရေးရေးနှင့် ဖြစ်သည်။ သူ့မျက်နှာက ဝါထိန်ရှို့တွနေသည်။

ဖိုးမာက ထိုလူကိုကြည့်ပြီး အခန်းပတ်လည်ကို ကြည့်သည်။ နံရံတွင် သတင်းစာစက္ကူတွေ ကပ်ထားသည်။ သတင်းစာစက္ကူများက ဝါကျင့်နေပြီ။ တချို့နေရာတွင် စုတ်ပြတ်လန်ကျနေကြသည်။ ကြမ်းပြင်ပေါ်တွင် စာအုပ်များ၊ အဝတ်အညစ်များ၊ စက္ကူစများ ပြန့်ကြဲနေသည်။

လူခပ်ညှက်ညှက်က ကလောင်တံကို ချလိုက်သည်။

"ကျုပ် ရေသောက်ချင်တယ်"

ဖိုးမာက ပြောသည်။

"အား ရမယ် ရမယ်၊ အရက်ကော"

"ရရင် ကောင်းတာပေါ့"

"ဟေ့ကောင် ဖိုးမာ၊ မင်း ငါ့ကို မမှတ်မိဘူးလား"

"မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာမှန်းတော့ မသိဘူး"

"ယာဇော့လေကွာ"

"ဟေ ယာဇော့၊ ကြည့်စမ်း မမှတ်မိဘူး။ နေစမ်းပါဦး၊ မင်း အသက် ဘယ်လောက်ရှိပလဲ၊ မင်း သိပ်ကျသွားပါလား"

"သုံးဆယ်ရှိပြီ သူငယ်ချင်း"

"ငါးဆယ်လောက် ထင်ရတယ်ကွာ၊ ကြည့်စမ်း အသားတွေက ဝါထိန်ပြီး လူလည်း ပိန်ခြောက်လို့၊ ဘယ်လိုလဲ သူငယ်ချင်း အဆင်မပြေဘူးလား"

ယာဇော့က ကျောင်းတုန်းက အလွန်ပျော်တတ်သူဖြစ်သည်။ ယခု သူ့သူငယ်ချင်းကို မြင်လိုက်ရတော့ ဖိုးမာ စိတ်မကောင်း၊ ယာဇော့ က အရက်ပုလင်းကို ဖွင့်နေသည်။ ဖော့ပိတ်ကို မနည်းဆွဲဖွင့်နေရဟန်တူသည်။

“လောကကြီးက မင်းကိုယ်ထဲက အဆီအသားတွေကို စုပ်ယူလိုက်ပြီထင်တယ် ဟုတ်လား၊ နေစမ်းပါဦး သူငယ်ချင်း၊ မင်း ဟိုတုန်းက ပညာသင်တယ် မဟုတ်လား”

ယာဇော့က ဖိုးမာကို အရက်ငှဲ့ပေးပြီး သူ့အနားတွင် လာထိုင်သည်။

“ပညာသင်တဲ့အကြောင်း မပြောစမ်းပါနဲ့ကွာ၊ ပညာဆိုတာ နတ်သုဒ္ဓါရည်ပဲ၊ ဒါပေမဲ့ တောအရက်များလို ရေမရောဘဲ သောက်လို့ကောင်းတာမျိုး မဟုတ်ဘူး။ တို့တစ်တွေ ပညာတွေ သင်ခဲ့ပေမယ့်လည်း ဘာထူးသလဲ၊ ဘာများ ပျော်ရွှင်မှုရသလဲ၊ အဆုံးတော့ ပညာတွေ တတ်တာဟာ စိတ်ညစ်ရတာပဲ အဖတ်တင်တယ်။ ခု တို့ ကြည့်ပါလား၊ နေစမ်းပါဦး၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် သောက်နေရတာလဲ”

“မသောက်ရင် ဘာလုပ်မလဲကွ”

ဖိုးမာက ရယ်သည်။ ယာဇော့က သူ့ကို မျက်လုံးမှေး၍ကြည့်သည်။

“မင်း ဒီနေ့မနက် ဒီစကားပြောတာရယ်၊ မနေ့ညက မူးမူးနဲ့ ပြောတဲ့စကားတွေရယ်၊ ဒါတွေကို ထောက်ရင် မင်းဘဝလည်း အဆင်ပြေပုံမရဘူး”

ဖိုးမာက သက်ပြင်းကြီးတစ်ချက်ချကာ အိပ်ရာမှ ထသည်။

“လူ့ဘဝတဲ့၊ ဒီမှာ သူငယ်ချင်း၊ လူ့ဘဝဟာ အရူးထောင်တစ်မျိုးလို့ ငါထင်တယ်။ လူ့ဘဝအကြောင်းကို ငါစဉ်းစားတိုင်း တစ်နေရာကို ထွက်ပြေးချင်တယ်။ ဘယ်သူမှမရှိတဲ့တစ်နေရာမှာ သွားနေချင်တယ်”

“မင်း ပါးစပ်က ဒီစကားမျိုး ကြားရတော့ ငါသိပ်အံ့သြတယ် ဖိုးမာ၊ အင်း … လက်စသပ်တော့ မကျေနပ်ချက်တွေဟာ မင်းတို့ကုန်သည်ပွဲစား လူတန်းစားရဲ့ ဧည့်ခန်းဆောင်ထဲ အထိ၊ စည်းစိမ်ဥစ္စာတွေထဲမှာ နစ်မွန်းနေတဲ့ မင်းတို့ကုန်သည်လူတန်းစားတွေရဲ့ အရက်ဖန်ခွက်ထဲအထိ ရောက်နေပြီ။ ကဲ … မင်းအဖြစ်အပျက်ကို နည်းနည်း နည်းနည်း ပြောပြကွာ၊ ငါ ဝတ္ထုတစ်ပုဒ် ရေးမယ်”

ယာဇော့က စာရေးဆရာ လေသံဖြင့် ပြောသည်။

“နေစမ်းပါဦး၊ ငါ့အကြောင်း မင်း သတင်းစာထဲမှာ ဆောင်းပါး ရေးတယ်ဆို”

ဖိုးမာက သူ့သူငယ်ချင်း မျက်နှာကို ကြည့်သည်။ ယာဇော့လို လူမျိုးက စာတွေရေးသည်ဆိုတော့ အံ့သြနေသည်။

“ဟုတ်တယ်၊ မင်း ဖတ်ရသလား”

“ဟင့်အင်း၊ မဖတ်လိုက်ရပါဘူး။ သူများပြောတာ”

“ဘာတွေ ပြောသလဲ”

“ငါ့မကောင်းကြောင်း ရေးထားတယ် ပြောတာပဲ”

“မင်း ဖတ်သလား”

ယာဇော့က ဖိုးမာကို ကြည့်၍ မေးသည်။

“ကိုယ့်အကြောင်း ရေးထားတော့ ဘာတွေများ ရေးထားသလဲ သိရအောင် ဖတ်ရတာပေါ့ကွာ” ဖိုးမာက ပြုံး၍ပြောသည်။

သူ့သူငယ်ချင်းနှင့် ပြန်တွေ့ရသည့်အတွက် ဖိုးမာ စိတ်ချမ်းသာသလို ရှိသည်။ ငယ်ငယ်တုန်းက အကြောင်းများကို ပြန်၍ အမှတ်ရ သည်။

ယာဇော့က စားပွဲပေါ်မှ လက်ဖက်ရည်ကရားကို ယူကာ မည်းနက်နေသည့် လက်ဖက်ရည်ကို ငှဲ့သည်။

“လာကွာ၊ လက်ဖက်ရည်သောက်၊ မင်းအကြောင်းလည်း ပြောပြပါ”

“ပြောစရာ အထူးမရှိပါဘူး။ ငါ့ဘဝက ကွက်လပ်ကြီး ဖြစ်နေတဲ့ ဘဝပဲ၊ မင်းက ငါ့ထက် အတွေ့အကြုံများတော့ မင်းဆီကသာ ငါ နားထောင်ရမှာပါ”

ယာဇော့က ခေါင်းကို တဆတ်ဆတ် ချိုးကာ ငြိမ်နေသည်။ သူ့မျက်နှာက အသားစိုင်များကသာ လှုပ်ရှားနေကြသည်။ သူ့မျက်လုံးများက ပိုတောက်လာသည်။

“အင်း၊ ငါ့မှာ အတွေ့အကြုံတွေတော့ ရှိပါရဲ့၊ ဒါပေမဲ့ သူငယ်ချင်း၊ အတွေ့အကြုံဆိုတာ များလွန်းတော့လည်း မကောင်းဘူးကွာ၊ ကိုယ့်အတွက် အကျိုးယုတ်တယ်၊ ဒဏ်ပိတယ်၊ လူတစ်ယောက်ဟာ နည်းနည်းသိပြန်ရင်လည်း မကောင်းဘူး။ များများသိထားပြန်ရင်လည်း မကောင်းဘူး။ တော်ရုံတန်ရုံ သိတာပဲ ကောင်းတယ်။ မင်းသိချင်တယ်ဆိုရင်တော့ ငါကြိုးစားပြီးပြောမယ်လေ၊ ငါ ဘယ်သူ့ကိုမှတော့ ပြောမပြဖူးသေးဘူး။ ငါ့အကြောင်းကို စိတ်ဝင်စားတဲ့လူမှ မရှိဘဲ၊ ဒီတော့ ငါ ဘာပြောစရာ လိုသလဲ၊ လောကကြီးမှာ ကိုယ့်ကို စိတ်ဝင်စားတဲ့လူတစ်ယောက်မှ မရှိရင် နေရတာ အလကားပဲ”

“မင်းမျက်နှာကို ကြည့်ရုံနဲ့ မင်းဘဝဟာလည်း အဆင်မပြေဘူးဆိုတာ ငါရိပ်မိပါတယ်”

ယာဇော့က လက်ဖက်ရည်ကို တကျိုက်ကျိုက် မော့သောက်နေသည်။

"ကျောင်းမှာတုန်းက ငါက စာတော်တော့ ငါ့ဆရာပြောတဲ့ စကားတစ်ခုကို ငါမှတ်မိနေသေးတယ်။ မင်းစာတော်တာ ကောင်းပါတယ်တဲ့၊ မင်းတို့လို ငါတို့လို ဆင်းရဲတဲ့ကောင်တွေဟာ လူ့ဘဝကြီးကို နောက်ဖေးပေါက်က ဝင်လာရတာတဲ့။ ဒီ့ထက်အိမ်ဦးခန်း ရောက်ချင်ရင် သူများထက် ကြိုးစားရမယ်တဲ့၊ တိုင်းပြည်မှာ လူတော်လူကောင်းတွေ လိုနေတယ်တဲ့၊ လူတော်လူကောင်းဖြစ်အောင် ကြိုးစားနိုင်ရင် တိုင်းပြည်အတွက်လည်း အကျိုးရှိ၊ ကိုယ့်အတွက်လဲ အကျိုးရှိမယ်တဲ့၊ ဒီစကား ငါ့ကိုပြောခဲ့တာ အနှစ်နှစ်ဆယ်ရှိသွားပြီ။ အစတုန်းကတော့ ငါလည်း အဟုတ် ထင်ခဲ့တာပေါ့၊ စာတွေ ကြိုးစားလိုက်ရတာ၊ ကျက်လိုက်ရတာ၊ ဒါပေမဲ့ ခုကျတော့ ငါဘာဖြစ်သလဲ၊ တိုင်းပြည်ကြီးကလည်း ဒီအတိုင်း ဒီအတိုင်းပဲ၊ ငါဆိုတဲ့ကောင်ကလည်း တိုင်းပြည်ကြီးအတွက် ဘာမှလုပ်မပေးနိုင်၊ ဘာမှ အသုံးမကျ၊ ငါတို့တိုင်းပြည်ကြီးမှာ ဟိုတုန်းက ပိုလျှံမှုအကြပ်အတည်းကြီး တစ်ခုဆိုက်ခဲ့တယ်။ ဘာတွေ ပိုလျှံနေသလဲ သိရဲ့လား သူငယ်ချင်း၊ လူ့ဖွံ့တောင်းတွေ၊ လူလိမ်လူညာတွေ ပိုလျှံနေတယ်။ ရိုက်သတ်ပစ်လို့ မကုန်ဘူး၊ ခု ငါတို့ကြီးလာတော့ ငါတို့လည်း ဒီအထဲရောက်သွားတာပဲ၊ ငါအထင်ကြီးတဲ့ ဆရာဟာလည်း လက်စသတ်တော့ လူညာပဲ။ သူ ရာထူးတိုးအောင် ကပ်ဖားပြီး သူ့ကိုယ်ကျိုး သူလုပ်သွားတာပဲ၊ ဒီတော့ ငါဘာဖြစ် ကျန်ရစ်ခဲ့သလဲ၊ စာရေးဆရာယောင်ယောင်၊ ဘာယောင်ယောင်နဲ့ လူပြက်ဖြစ်ကျန်ရစ်ခဲ့တယ်။ စာရေးဆရာကြီးဆိုပြီး ငါ့ကို အထင်မကြီးလိုက်နဲ့ဦး ဖိုးမာ၊ ခု ငါတို့တိုင်းပြည်ဖြစ်နေပုံက စာရေးဆရာဆိုတဲ့ ကောင်ဟာလည်း လူပြက်ဖြစ်နေတယ်။ တိုင်းပြည်အတွက် အများအတွက် ရေးဟ ရေးဟ ဆိုပြီး ကိုယ့်ကိုယ်ကို အားတင်းပြီး ရေးတာပါပဲ၊ ဒါပေမဲ့ ဘယ်သူ့ကမှ ဂရုမစိုက်ဘူး။ ငါမြို့ကတောင် ငါ့ကို ဂရုမစိုက်ဘူး။ ဒီတော့ ငါ့မှာ ဘာအဖတ်တင် ကျန်ရစ်ခဲ့သလဲ၊ ယာဇော့ဆိုတဲ့ ကောင်ဟာ တော်တော် အသံကျယ်အောင် ဟောင်တတ်တဲ့ကောင်ဆိုတဲ့ နာမည်တစ်လုံးပဲ ကျန်ရစ်ခဲ့တယ်။ အေးလေ ဒါနဲ့ တစ်မျိုးနာမည်ကြီးတာပဲလို့ ယူရင်တော့ ရသပေါ့"

ယာဇော့က အသံမထွက်အောင် ရယ်သည်။ သူရယ်ပုံက နာကြည်းဟန် ပေါက်သည်။

"ဒါဖြင့် လမ်းခုလတ်မှာ ကျဆုံးသွားတယ်ဆိုပါတော့"

ဖိုးမာက တစ်စုံတစ်ခု ပြောဖို့လိုသည်ထင်သဖြင့် ဝင်ပြောသည်။

"ဟုတ်တယ်၊ ငါကျဆုံးသွားပြီ၊ အစတုန်းကတော့ ငါဟာ အရေးပါတဲ့လူတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်လို့ မျှော်လင့်ချက်ထားခဲ့တာပဲ၊ လူတစ်ယောက်ဟာ ကြီးပွားချင်ရင် ကိုယ့်ကိုယ်ကို အန္တရာယ်ကင်းအောင် နေတတ်ရမယ်။ ကြံရည်ဖန်ရည်ရှိရမယ်။ အပေါင်းအသင်း ဆုံရမယ်။ အားမာန်ရှိရမယ်။ ဒါပေမဲ့ ငါ့မှာ အားကုန်သွားပြီ၊ အားပြတ်သွားပြီ၊ ဘာမှ မသုံးမဝင်တဲ့ ပညာတွေ သင်နေရတာနဲ့ ငါ့အချိန်တွေ ငါ့အားတွေ အလဟဿ ဖြစ်ခဲ့ရတယ်။ ပညာဆိုတာ ရွှေအိုးကြီးတဲ့၊ ခု ငယ်တုန်း ငယ်ခိုက်မှာ ရွှေအိုးကြီးကို စုဆောင်းသိမ်းဆည်းပြီး မြှုပ်ထားမဟဲ့၊ ကြီးလာတော့မှ ဒီရွှေအိုးကြီးကို ဖော်စားမဟဲ့ ဆိုတဲ့ မျှော်လင့်ချက်နဲ့ တို့တစ်တွေ ပညာသင်ခဲ့ကြတယ်၊ မအိပ်မနေ ကြိုးစားခဲ့ကြတယ်။ လူရုပ်တောင် မပီတော့တဲ့အထိ လုပ်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီရွှေအိုးကြီးလည်း အလကားပဲ၊ သုံးမရတော့ဘူး။ ပညာသင်စရိတ်ကလေးရအောင် တစ်ဖက်က ငါတတ်တဲ့ပညာလေးနဲ့ ကျောင်းဆရာ လုပ်တယ်။ နလပိန်းတုံးကလေးတွေကို စာသင်ပေးတယ်။ ဒါပေမဲ့ ဘာဖြစ်သလဲ၊ နလပိန်းတုံးကလေးတွေ နလပိန်းတုံးကြီးတွေ ဖြစ်လာတယ်။ သူတို့မိဘတွေက ကျူရှင်ခပေးပြီး ငါ့ကိုစော်ကားချင်တိုင်း စော်ကားကြတယ်။ တကယ်တော့ ငါရတာ ကျောင်းလခ မဟုတ်ပါဘူး၊ အစော်ကားခံရလို့ရတဲ့ နစ်နာကြေးပါ။ ကျောင်းသားမိဘတွေက ပိုက်ဆံပေးပြီး ငါ့ကိုစော်ကား၊ ငါကလည်း ပိုက်ဆံယူပြီး အစော်ကားခံတယ်။ အသက်နဲ့ ကိုယ်အိုးစားမကွဲအောင် ပိုက်ဆံယူပြီး အစော်ကားခံရတာပေါ့ကွာ၊ အစော်ကားခံရလို့ ထမင်းတစ်လုပ်တော့ စားရပါရဲ့၊ ဒါပေမဲ့ အဝတ်အစားဝယ် မဝတ်လောက်ဖူး။ ဒီတော့ ငါ ပရဟိတ အသင်းတစ်သင်းဆီသွားပြီး ပိုက်ဆံချေးရတယ်။ ပရဟိတ အသင်းတွေဟာ စေတနာကြီးတွေတစ်ခွဲသားနဲ့ပါပဲ၊ ဝေနေယျသတ္တဝါတွေ အသက်မသေအောင် ထောက်ပံ့ကြတယ်။ ငွေချေးကြတယ်။ ဒါပေမဲ့ သူတို့အသက်မသေအောင်ထောက်ပံ့လို့ ဒီလူဟာ သက်ဆိုးရှည်ပြီး ဒီဘဝမှာ ဘယ်လောက်ဝဋ်ခံရမယ် ဆိုတာကိုတော့ စဉ်းစားမိကြပုံမရဘူး။ ပရဟိတ အသင်းတွေဟာ လူ့ရဲ့ အသက်တစ်ချောင်းကို မသေအောင် ကယ်ပေမယ့် စိတ်ကိုတော့ ညှဉ်းသတ်နေတာနဲ့ အတူတူပဲ၊ လောကမှာ ပေးကမ်းစွန့်ကြဲတဲ့လူ လောက်မုန်းစရာကောင်းတဲ့လူ မရှိဘူး။ ပေးကမ်းစွန့်ကြဲသမျှကို လက်ဖြန့်ခံယူတဲ့လူလောက် ရှက်စရာကောင်းတဲ့လူလည်း မရှိဘူး။ တကယ်ပဲ"

ယာဇော့၏ရင်ထဲက ချွဲသံပါလာသည်။ ချွဲသံက ဆီမထည့်သည့် ပတ္တာလို မြည်နေသည်။

"ခု ငါ့မှာ ပရဟိတအသင်းတွေက သနားသဖြင့် ငွေချေးလို့ရနေသေးလို့ အသက်ရှင်နေသေးတယ်။ တကယ်တော့ သူတို့ ကရုဏာ ဟာ ငါ့အဖို့ အဆိပ်ဖြစ်နေတယ်။ ရည်မှန်းချက်ကတော့ ကြီးပါရဲ့၊ ဒါပေ မဲ့ လူက စားစရာမရှိဘူး။ ခုတော့ ရည်မှန်းချက်ကြီးတဲ့လူဟာ ဒီလို အဆင်းရဲခံရတာပဲတဲ့၊ အထုအထောင်းခံရတာပဲတဲ့ အားတင်းရင်း တင်းရင်းနဲ့ ငါအားကုန်ပြီ၊ နောက်ထပ် တင်းစရာ အားမရှိတော့ဘူး။ လောကမှာ ဒို့ပြင် ရောဂါကြောင့် သေရတဲ့လူထက် စိတ်ပျက်တဲ့ ရောဂါကြောင့် သေရတဲ့လူက ပိုများလိမ့်မယ် ထင်တယ်"

"ကဲ ... ဒါတွေ ထားစမ်းပါကွာ၊ မင်းဘဝအကြောင်းသာ ပြောပြစမ်းပါ"

ဖိုးမာက လက်ကို ယမ်းပြလိုက်သည်။

"ဟ၊ အဲဒါ ငါ့ဘဝပေါ့ကွ၊ ငါပြောတတ်သလောက် ပြောပြီးပြီပဲ၊ ခုတော့ ငါ စာရေးစားတဲ့ ကောင်တစ်ယောက် ဖြစ်နေပြီ၊ တကယ်ကတော့ စာရေးဆရာ မဟုတ်ပါဘူး။ ပြည်သူ့လူပြက်ပါ။ ဒီထက် ငါ မတတ်နိုင်တော့ဘူး"

"မင်းကို ငါ တစ်ခုတော့ မေးချင်တယ်။ လူတစ်ယောက်ဟာ အေးအေးချမ်းချမ်းနေနိုင်အောင် ဘာလုပ်ရမလဲ၊ ကိုယ့်ကိုယ်ကို တင်းတိမ် ကျေနပ်အောင် ဘယ်လိုနေရမလဲ"

"အေးအေးချမ်းချမ်းဖြစ်ချင်ရင် အေးအေးချမ်းချမ်း မနေနဲ့၊ ကိုယ့် ကိုယ်ကို ကျေနပ်ရောင့်ရဲချင်ရင် မကျေနပ် မရောင့်ရဲနဲ့၊ လောကကြီးက ဒီလိုပြောင်းပြန်လုပ်မှ တော်ရုံကျတာ"

ဖိုးမာက သူ့စကားများကို နားမလည်။ သူ့အဖို့ ဘာမျှ မထူးခြား။

"ဒီမှာ သူငယ်ချင်း၊ ကိုယ့်ကိုယ်ကို ကျေနပ်ရောင့်ရဲနေတဲ့လူဟာ လူ့လောကကြီးအဖို့ ရင်ပတ်မှာ တက်ပေါက်နေတဲ့ ကင်ဆာပဲ၊ သူ့ဟာလေး သူအဟုတ်ထင်၊ သူ့အသိကလေး တစ်ပဲသားလောက်ကို ကျေနပ်၊ တကယ်တော့ ဒီလူဟာ ကပ်စေးနဲတဲ့ အိမ်ရှင်မတစ်ယောက် သိမ်းထားတဲ့ အမှိုက်ခြင်းလိုပဲ၊ ခြင်းထဲမှာ နို့ဆီခွက်ရော၊ ဖော့ဆို့ရော၊ အစုတ်အပဲ့ တွေချည်းပဲ ဘယ်သူအဖို့မှ အသုံးမဝင်ဘူး။ ဒါပေမဲ့ လောကကြီးက ဒီလိုလူတွေကိုပဲ စိတ်ဓာတ်ကြံ့ခိုင်သူတွေ၊ ယုံကြည်ချက်ရှိသူတွေ၊ မှုကို

လက်ကိုင်ထားတဲ့ လူတွေလို့ ခေါ်နေကြတယ်။ ဘာယုံကြည်ချက်လဲ၊ ဘာမူလဲ၊ သူတို့အားနည်းချက်၊ သူတို့အတ္တ၊ သူတို့မိုက်မဲမှုတွေကို သူတို့ ယုံကြည်ချက်လို့ဆိုတဲ့ စကားလုံးတွေနဲ့ ဖုံးထားကြတာ၊ သူတို့ နဖူးကို တို့ကြည့်ရင် 'စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ တည်ကြည်ခြင်း' ဆိုတဲ့ စကားလုံး ကြီးတွေက ထင်းလို့၊ ဒါပေမဲ့ ဒီစာလုံးတွေကို လက်နဲ့ နာနာဖိဖျက်လိုက် ရင် ဘာတွေ့ရမလဲ၊ စိတ်သဘောထား ကျဉ်းကျပ်မှု၊ မိုက်မဲမှု ဆိုတဲ့ စာလုံးတွေ ပေါ်လာလိမ့်မယ်"

ယာဇော့က ရပ်လိုက်သည်။

"ဒီလိုလူ တော်တော်များများကို ငါတွေ့ခဲ့ဖူးပြီ သူငယ်ချင်း၊ ဒီလိုလူတွေဟာ ကုန်ခြောက်ဆိုင်လိုပဲ၊ ငါးပိလည်း ရောင်းတယ်၊ ကြိုး လည်း ရောင်းတယ်၊ ကတ္တရာစေးလည်း ရောင်းတယ်၊ ငရုပ်သီး ကြက် သွန်လည်း ရောင်းတယ်၊ သကြားလုံးလည်း ရောင်းတယ်၊ ပိုးဟပ်လည်း ရှိတယ်၊ ကြွက်လည်း ရှိတယ်၊ တစ်ဆိုင်လုံး နံစော်နေတာပဲ၊ လတ်လတ် ဆတ်ဆတ်ဆိုလို့ ဘာမှ မရှိဘူး။ သူတို့ခေါင်းထဲမှာ ဒီအတိုင်းပဲ၊ စုံစီနဖာ တွေ ပြည့်နေတာပဲ၊ ဒါပေမဲ့ ဘာမှ မလတ်ဆတ်ဘူး၊ ကိုယ်ပိုင်မရှိဘူး၊ စာအုပ်တွေထဲက စကားတွေပြောပြီး ပုပ်သိုးနေတဲ့ အကြံဉာဏ်တွေ ပေး လိမ့်မယ်"

"ဒီလိုလူတွေဟာလည်း လောကမှာ ဆန်ကုန်မြေလေးတွေ၊ ကြမ်းပိုးတွေပေါ့"

ယာဇော့က သူ့ရှေ့လာရပ်ကာ ပြုံး၍ ငုံ့ကြည့်သည်။

"မပိုပါဘူး၊ လောကမှာ ဒီလိုလူတွေလည်း လိုပါတယ်။ ဒီလို လူမျိုးတွေ မဖြစ်အောင် ရှောင်ဖို့ လူငယ်တွေကို သင်ခန်းစာ ပေးရမယ်။ သင်ခန်းစာပေးတဲ့ နေရာမှာ ဒီလူတွေဟာ စံနမူနာတွေအဖြစ် ထားရမှာ ပေါ့၊ လူငယ်တွေကို သင်ခန်းစာပေးပြီး ဒီလူတွေ သေသွားတဲ့အခါကျ တော့ ပြတိုက်မှာ ထားရမယ်။ ဒီမှာ သူငယ်ချင်း၊ လောကမှာ ပိုနေတဲ့အရာ ရယ်လို့ တစ်ခုမှ မရှိဘူး။ ငါ့လိုကောင်ကိုတောင် လူပိုလို့ မပြောနိုင်သေး ဘူး"

ထိုနေ့တစ်နေ့လုံး ယာဇော့က သူ့ရင်ကိုဖွင့်သည်။ လောကကြီး ကို ကျိန်ဆဲသည်။ ဖိုးမာပင်လျှင် သူ့ဓာတ်ကူးကာ လောကကြီးကို ပို၍ စိတ်နာလာသည်။

"မင်း၊ ဒါတွေကို လူတွေရှေ့မှာ ဘာလို့သွားမပြောတာလဲ"

ဖိုးမာက မေးသည်။

"ပြောတာပေါ့၊ တနင်္ဂနွေနေ့တိုင်း သတင်းစာထဲမှာ ငါ့ဆောင်းပါးတွေ ရေးတယ်။ ဆောင်းပါးနဲ့ ပြောတယ်"

ယာဇော့က နံရံသံချောင်းတစ်ခုတွင် ချိတ်ထားသည့် သတင်းစာဖြတ်ပိုင်းများကို ဆွဲဖြုတ်၍ ဖတ်ပြသည်။ သူ့ဆောင်းပါးများမှာ ဒေါသသံပါနေသည်။ လှောင်ပြောင်သရော်သံ ပါနေသည်။ မကျေနပ်သံပါနေသည်။

"ငါ့အကြောင်းရေးတာကိုကော ဖတ်ပြစမ်းပါဦး"

ဖိုးမာက ဆိုသည်။

ယာဇော့က စက္ကူပုံကြီးတစ်ပုံကို မွှေနှောက်ရှာလာကာ လေယူလေသိမ်းမှန်မှန်ဖြင့် ဖတ်ပြသည်။ ဖိုးမာက ကုလားထိုင်စုတ်ပေါ်တွင် ထိုင်၍ နားထောင်သည်။

ယာဇော့၏ဆောင်းပါး၌ ဖိုးမာ ဖောင်ပေါ်တွင် အရက်မူးပုံ၊ အရက်မူး၍ သမ္မန်ကို ဝင်တိုက်ပစ်ပုံတို့ကို အသေးစိတ်ရေးထားသည်။ ယာဇော့၏စကားလုံးများသည် ပျားတုပ်သလို ဖိုးမာကို အခံရခက်စေသည်။

"မင်း ငါ့ကို ဒီထက်သိက္ခာကျအောင် မရေးနိုင်တော့ဘူးလားကွာ၊ လူတွေကို သိက္ခာလိုက်ချနေလို့ မင်းမှာ ကုသိုလ်လည်း မရပါဘူး"

ယာဇော့က လက်ကာပြကာ သူ့ဆောင်းပါးကို ဆက်ဖတ် သည်။

မူးယစ်သောက်စား၍ အကျင့်စာရိတ္တပျက်ရာတွင် ကုန်သည်လူတန်းစားသည် ထိပ်ဆုံးက လိုက်သည်ဟု ယာဇော့က သူ့ဆောင်းပါးတွင် ရေးသည်။

"ဘာကြောင့် အကျင့်စာရိတ္တ ပျက်ရသလဲ၊ ဘာကြောင့် ဒီလောက် သောင်းကျန်းရသလဲ သိလား၊ နားထောင် ငါဆက်ဖတ်ပြမယ်"

ယာဇော့က သူ့ဆောင်းပါးထဲက အဖြေကို ဆက်ဖတ်သည်။

"ကုန်သည်လူတန်းစားသည် အများအားဖြင့် ပညာမတတ်၊ ဆိုင်ထဲတွင် အချိန်အားရသည်။ ငွေရှိသည်။ ဤသို့ဖြင့် ကုန်သည် လူတန်းစားသည် အပျော်အပါး အသောက်အစားတွင် အချိန်ကုန်သည်။ သူတို့တွင် အခြားအလုပ် ဘာမျှမရှိကြ။

'ကုန်သည်၏ခွန်အားစိုက်အလုပ်သည် ဘာမျှ မပြောပ လောက်၊ ပွဲရုံနှင့် ကုန်တိုက်များတွင် ဈေးဆစ်၍ အရောင်းအဝယ်လုပ်ကြ သည့် ပါးစပ်အလုပ်သာ ရှိသည်'

"မဟုတ်ဘူးလား၊ ဘယ်နှယ့်လဲ"

ယာဇော့က မေးသည်။

ဖိုးမာက သူ့အမြင်များကို ပြန်ပြောသည်။ သူစိတ်ပျက်နေသည့် အကြောင်းကို ဝန်ခံသည်။

"ဒါ ကောင်းတာပေါ့ကွ၊ နေစမ်းပါဦး၊ ဟို စာအုပ်တွေကော ဖတ်သလား"

"ဟင့်အင်း ... မဖတ်ချင်ဘူး၊ ဘယ်တုန်းကမှလည်း မဖတ်ခဲ့ဘူး"

"အေးလေ၊ ဖတ်စမှ မရှိတာ ဘယ်မှာ ဖတ်ချင်ပါ့မလဲ"

"ငါ စာဖတ်ရမှာ ကြောက်တယ်၊ စာတွေ အများကြီးဖတ်လို့ ဒုက္ခရောက်သွားတဲ့ မိန်းမကလေးတစ်ယောက်ကို ငါတွေ့ဖူးတယ်။ ငါ့အထင်တော့ ဒီမိန်းကလေးအဖို့ စာဖတ်တာဟာ အရက်သောက်တာထက်တောင် ဆိုးလိမ့်မယ် ထင်တယ်။ စာဖတ်လို့ကော ဘာထူးမှာလဲ၊ စာအုပ်ထဲကဟာတွေဟာ ကြံဖန်ရေးထားတာတွေ မဟုတ်လား၊ ပျင်းလို့ အပျင်းပြေအောင် ဖတ်တယ်ဆိုရင်တော့ ငါ ဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ စာအုပ်ထဲက အသိပညာတွေ ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဖတ်တယ်ဆိုရင်တော့ ဒါဟာ သက်သက်ရူးတာပဲ။ စာအုပ်ဆိုတာ ဘုရားဟောမှ မဟုတ်ဘဲကွ၊ လူတွေ ရေးတာပဲ၊ လူအချင်းချင်း သူက ဘာဖြစ်လို့ တစ်မူးပိုရှုရမှာပဲ၊ သူကကော ဘာလို့ အမှန်တရားတွေကို ရေးနိုင်မှာလဲ"

ယာဇော့ သူ့စကားကို စိတ်ဝင်တစား နားထောင်၍ ဖိုးမာ ဝမ်းသာသည်။ သူ့ရင်ထဲက ခံစားချက်တွေကို စိတ်ချလက်ချ ထုတ်ပြောနိုင်သဖြင့်လည်း သူ ဝမ်းသာသည်။

"မင်းဟာ တော်တော်တော့ ဆန်းတယ် ဖိုးမာ၊ စကား သိပ်မပြောပေမယ့် သတ္တိရှိတယ်။ မင်းမှာ ဒီထက်သာ ဗဟုသုတတွေရှိရင် မင်းမှာ ပြောစရာ စကားတွေ ဒီထက်များမှာပဲ"

ဖိုးမာက သက်ပြင်းချသည်။

"စကားပြောနေရုံနဲ့တော့ တို့ဘဝဟာ ဒီထက်ပိုပြီး ထူးမလာပါဘူးကွာ။ စကားသာ ပြောပြီး အလုပ်မလုပ်တဲ့လူတွေကို စိတ်ပျက်တယ်လို့ မင်း တစ်ခါက ပြောဖူးတယ် မဟုတ်လား၊ ငါလည်း ဒီလိုပဲ၊ စကားဖောင်လောက်အောင် ပြောပြီး အလုပ်မလုပ်တဲ့လူဆိုရင် သိပ်မုန်းတယ်။ ငါ့မွေး စားအဖေဟာ ဒီလိုလူမျိုးပဲ"

"ဒီလို အတွေးတွေနဲ့ မင်း ဘယ်လိုလုပ်ပြီး အသက်ရှင်နေနိုင်သလဲဆိုတာ ငါမစဉ်းစားတတ်ဘူး"

ယာဇော့က ပြောသည်။

စင်စစ် ယာဇော့ကလည်း ဘာမျှ ထူးသည်မဟုတ်။ သူလည်း အရက်အိုးတွင် ခေါင်းစိုက်နေသည်သာ မဟုတ်လော။ သူလည်း ဘဝ၏ အထုအထောင်းကို ဖွတ်ဖွတ်ကြေအောင် ခံခဲ့ရပြီ မဟုတ်လော။ နံနက်လင်းလျှင် ယာဇော့က နေ့စဉ်ထုတ်သတင်းစာများကို ဖတ်၍ ဝတ္ထုရေးစရာ အချက်အလက် ရှာသည်။ ရေးစရာတွေ့လျှင် စားပွဲအိုကလေးတွင် ထိုင်ရေးသည်။ ထို့နောက် သတင်းစာတိုက်သို့ သွားထိုင်ပြီး ဆောင်းပါးအတိုအထွာကလေး ရေးပေးသည်။ သောကြာနေ့များတွင် တနင်္ဂနွေ ထုတ်သတင်းစာအတွက် ဝတ္ထုတိုကလေးများ ရေးသည်။ ရေးခအတွက် တစ်လလျှင် နှစ်ရာကျော်လောက်ရသည်။ ကျန်အချိန်များတွင် 'ဘဝကို လေ့လာ' သည်။ ယာဇော့၏ အဘိဓာန်၌ 'ဘဝကို လေ့လာခြင်း' ဟူသည် အခြားမဟုတ်၊ ဖိုးမာနှင့်အတူ အရက်ဆိုင်များ၊ ပျော်ပွဲစားရုံများ၊ ကလပ်များသို့ ညလုံးပေါက်လျှောက်သွားခြင်း ဖြစ်သည်။ ထိုနေရာများတွင် 'ကုန်ကြမ်း' ရှာသည်။

ယာဇော့၏ အခန်းကျဉ်းကလေးသို့ လူစုံလာကြသည်။ ငြင်းကြခုံကြသည်။ ဖိုးမာက သူတို့ ငြင်းခုံနေသည်ကို တိတ်ဆိတ်စွာ နားထောင်သည်။ သူတို့လူသိုက်က ပွင့်လင်းသည်။ ပြောချင်ရာ ပြောသည်။ အထူးသဖြင့် ယာဇော့၏ အခန်းကျဉ်းကလေးထဲသို့ ရောက်လျှင် ရင်ဖွင့်ကြသည်။

***

(၁၁)

"သမီးရေ ညနေကျရင် ဧည့်သည်တစ်ယောက် လာလိမ့်မယ်ဟေ့၊ ထမင်းလည်း ကျွေးမယ်။ ငွေဇွန်းတွေ၊ ပန်းကန်သစ်တွေ ဘာတွေထုတ်ထား၊ ထမင်းစားခန်းလည်း ကျကျနန ပြင်ထား"

ပွဲရုံမှ ပြန်အလာတွင် မာယာခင်က ပြောလိုက်ခြင်း ဖြစ်သည်။ လျူဘာက ပြတင်းဝတွင်ထိုင်ကာ အဖေ့ခြေအိတ်ပေါက်များကို ဖာနေသည်။

"အဖေ့ဧည့်သည်က ဘယ်လောက်များ အရေးကြီးတဲ့ ဧည့်သည်မို့လို့လဲ အဖေ"

လျူဘာက မေးသည်။

"စကားများမနေနဲ့၊ သမီးတစ်ယောက်ကို ပွဲထုတ်ရတာ မြင်းရောင်းရသလို ပြီးစလွယ် လုပ်လို့မရဘူး"

လျူဘာ သဘောပေါက်ပြီ။ လက်စသတ်တော့ အဖေက သူ့ ကို ယောကျ်ားပေးစားရန် စီစဉ်နေခြင်းဖြစ်သည်။

လျူဘာက ထိုးလက်စ ခြေအိတ်ကို ဘေးသို့ချကာ အဖေ့ကို လှမ်းကြည့်သည်။ သူ့မျက်နှာက ရဲနေသည်။ အဖေက ကြီးကျယ်လေးနက်သည့် ပြဿနာကြီးတစ်ရပ်ကို စဉ်းစားဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ တစ်ခါတစ်ခါတွင် သူ့မုတ်ဆိတ်မွေးတွေကို ပွတ်နေသည်။

ယခု အဖေက သူ့ကို စမိုလင်နှင့် ပေးစားတော့မည်။

သူလိုချင်သည့် ယောက်ျားမျိုးက သူနှင့် နှစ်ယောက်သား အတူစာဖတ်၍ ဆွေးနွေးနိုင်မည့် ယောက်ျားမျိုး ဖြစ်သည်။ ယခု အဖေ ရည်ရွယ်ထားသည့် စမိုလင်က သူ့စိတ်ကူးထဲက စံပြယောက်ျားနှင့် တောင်နှင့်မြောက် ဆန့်ကျင်နေသည်။ လျူဘာက သူ့ကိုယ်သူ သာမန် ကုန်သည်ပွဲစားသမီးမျိုး မဖြစ်ချင်။ အလှအပ အဝတ်အစားလောက်ကို သာ စိတ်ကူးထည့်ပြီး မိဘပေးစားသည့် ယောက်ျားတစ်ယောက်ကို ကောက်ယူလိုက်သည့် မိန်းမစားမျိုး အဖြစ်မခံနိုင်။

ယခု သူလည်း ဤသို့ဖြစ်ရတော့မည်။ အရွယ်လည်း ရောက် ပြီ။ အဖေကလည်း အလုပ်ကိုဦးစီးလုပ်မည့် သမက်တစ်ယောက်ကို လိုချင်နေပြီ။ သူ့အဖေသည် သမီး၏ရုပ်ရည်ဖြင့် သမက်တစ်ယောက်ကို လွယ်လွယ်မဖမ်းနိုင်ဟု သဘောပေါက်ပုံရသည်။ ထို့ကြောင့် စိန်တွေ ရွှေတွေ အရောင်ပြ၍ သမက်ဖမ်းချင်ပုံရသည်။

လျူဘာ မခံချင်။ အလုပ်ကို ဖြောင့်ဖြောင့် မလုပ်နိုင်တော့။ လက်ကိုပင် အပ်ထိုးမိသေးသည်။ သို့ရာတွင် ဘာမျှမပြောတော့။ ပြော၍လည်း သူ့အဖေက လက်ခံမည် မဟုတ်။

"အဖေ"

ခဏကြာတော့ လျူဘာ မနေနိုင်။

"ဘာတုန်း"

"အဖေ သူ့ကို သဘောကျသလား ဟင်"

"ဘယ်သူ့ကိုလဲ"

"စမိုလင်ကို"

"ကျလို့ပေါ့၊ ညည်းက ဘာငြင်းစရာရှိသေးသလဲ၊ ကောင်လေး က အလုပ်အကိုင်လည်း တော်တယ်။ ကဲ ... ငါသွားစရာရှိသေးတယ်။ ပစ္စည်းလေးတွေ ဘာလေးတွေလည်း ထုတ်ထား"

အဖေက အပြင်သို့ ထွက်သွားသည်။

လျူဘာက အလုပ်ကို ဘေးချကာ ကုလားထိုင်ပေါ်တွင် ခြေပစ် လက်ပစ် ထိုင်သည်။ မျက်လုံးများကို မှိတ်ထားရင်း သူ့ဘဝကိုသူ တွေး ၍ နာကြည်းသည်။ သူ့အဖို့ အဖေ့ တစ်သြဇာသာ ရှိသည်။ သူ့စိတ်နှင့် သူ ဘာကိုမျှ မဆုံးဖြတ်နိုင်။ မလုပ်နိုင်။ ဖွင့်၍ တိုင်ပင်ဖော်တိုင်ပင်ဖက် ဆို၍လည်း တစ်ယောက်မျှ မရှိ။ သူ့အစ်ကို တာရာရှိလျှင် တော်သေး သည်။

သူ့အစ်ကိုအကြောင်းကို တွေးမိတော့ လျူဘာ ပို၍ဝမ်းနည်းသည်။ သူ့အစ်ကိုထံ စာရှည်ကြီးတစ်စောင် ရေးခဲ့ဖူးသည်။ အိမ်မြန်မြန်ပြန်လာစေလိုကြောင်း၊ သားအမိ သားအဖ သုံးယောက် စည်းစည်းလုံးလုံးနေလိုကြောင်း၊ ယခုအချိန်တွင် အဖေလည်း စိတ်ပြေလောက်ပြီ ဖြစ်ကြောင်း၊ အဖေသည် အသက်ကြီးပြီဖြစ်သည့်တိုင် အလုပ်လုပ်နေသေးကြောင်း၊ အစ်ကို ပြန်လာလျှင် အဖေ သက်သာမည်ဖြစ်ကြောင်းဖြင့် စာထဲတွင် ရေးလိုက်သည်။

အစ်ကို့ဆီမှစာကို လျူဘာ မျှော်သည်။ စာရောက်လာတော့ လျူဘာ ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ စာက ခပ်တိုတိုဖြစ်သည်။ ရှေ့လလောက်တွင် အလုပ်ကိစ္စတစ်ခုဖြင့် ဗော်လဂါမြစ်ဖက်သို့ လာမည်။ အဖေက လက်ခံလျှင် ခဏတဖြုတ် ဝင်မည်။

စာက ဝတ်ကျေတမ်းကျေ သဘောလောက်သာ ဖြစ်သည်။ စာကိုဖတ်၍ လျူဘာ ငိုမိသည်။ စာရွက်ကို လက်ထဲတွင် လုံးချေပစ်မိသည်။

အဖေက သူ့သားထံက စာလာတော့ အံ့သြသွားသည်။ နှစ်ခေါက် သုံးခေါက် ပြန်ဖတ်သည်။

"ကောင်းတယ်၊ တိုတိုနဲ့ လိုရင်းပဲ၊ အပိုမပါဘူး၊ နောက်စာတစ်စောင် ထပ်ရေးလိုက်ဦး၊ အဖေက ဘာမှ လက်မခံစရာ အကြောင်း မရှိပါဘူးလို့"

လျူဘာက ဒုတိယစာတစ်စောင်ရေးသည်။ အဖေ့ အမိန့်အရ စာကို တိုတိုရေးရသည်။ လျူဘာလည်း သူ့အစ်ကိုကို ချစ်သည်။ သူ့ယုံကြည်ချက်ကို သူ စိုက်လိုက်မတ်တတ်လုပ်သည့်အတွက် လေးစားသည်။ သို့ရာတွင် တစ်ခုတော့ စိုးရိမ်သည်။ သူ့အစ်ကိုက ငယ်ငယ်နှင့် တစ်ကျွန်း အပို့ခံရသည်။ ထို့ကြောင့် သူ့အစ်ကိုသည် ပြင်းထန်ခါးသီး လာလေမည်လော၊ လောကကြီးကို အရွဲ့တိုက်လိုစိတ်တွေ ပို၍ ပြင်းထန်လာမည်လောဟု တွေး စိုးရိမ်မိသည်။

မည်မျှကြာအောင် ငိုင်နေသည်မသိ။ ညနေစောင်းပြီ။

သည်တော့မှ လျူဘာထကာ ထမင်းစားခန်းကို ပြင်ရသည်။ ကိုယ်လက်သန့်စင်ကာ အလုပြင်သည်။ မှန်တင်ခုံရှေ့တွင် ထိုင်ကာ စိန်ခြယ်မြနားကပ်ကြီးကို ဆင်သည်။ မှန်ထဲတွင် သူ့မျက်နှာက တုန်လှုပ်သည့် အသွင်ကို ဆောင်နေသည်။ မျက်နှာက ဖြူရော်ပြီး နှုတ်ခမ်းများက ရဲနေသည်။ မျက်ကွင်းများက ညိုနေသည်။ ထို့ကြောင့် ညိုသော မျက်

ကွင်းများကို ပေါင်ဒါဖို့သည်။ ပြင်ဆင်ဖြီးလိမ်းပြီးနောက် ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့သည်။

အဖေနှင့် စမိုလင်က ထမင်းစားခန်းထဲသို့ ရောက်နေကြပြီ။

တံခါးအရောက်တွင် လျူဘာ ခြေလှမ်း တုံ့သွားသည်။ မျက်လုံးကိုစင်းကာ အခန်းထဲသို့ လှမ်းကြည့်သည်။ စမိုလင်က သူ့ကို ထ၍ နှုတ်ဆက်သည်။

"မှတ်မိတယ် မဟုတ်လား၊ ကျောင်းတုန်းက တစ်တန်းထဲလေ"

စမိုလင်က မေးသည်။

လျူဘာက ခေါင်းညိတ်ပြသည်။

"ကဲ ... နောက်မှ စကားပြောကြပေါ့၊ သမီးက ထမင်းစားဖို့ အဆင်သင့်ပြင်ထား၊ အဖေ စမိုလင်နဲ့ စကားပြောဦးမယ်"

အဖေက လှမ်း၍ ပြောသည်။ နောက် စမိုလင်ဘက်သို့ လှည့်သည်။

"ဦးတို့သားရေတွေက နိုင်ငံခြားမှာ သိပ်ဈေးကွက်မကောင်းဘူးကွ၊ ဦး စုံစမ်းပြီးပြီ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်တုန်းကတော့ နိုင်ငံခြားမှာ ဈေးသိပ်ကောင်းတာပဲ။ ခုတော့ ဈေးကျနေတယ်။ ဝယ်မယ့်လူကလည်း သိပ်မရှိဘူး။ အေးလေ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့၊ ဦးတို့သားရေကုန်သည်တွေက အရင်းအနှီးလည်း နည်း၊ သားရေအကြောင်းလည်း သိပ်မကျွမ်းကျင်ကြဘူး မဟုတ်လား။ ခုခေတ်က နိုင်ငံခြားဈေးကွက်မှာ သားရေကို အပြိုင်ရောင်းနိုင်မှ၊ အမျိုးအစားလည်း ကောင်းမှ၊ ဈေးလည်း သူများထက် သက်သာအောင်လုပ်နိုင်မှ ရောင်းလို့ စွံမှာ၊ ဦးတို့သားရေတွေက အမျိုးအစားညံ့တယ်။ ဈေးလည်း ကြီးတယ်ဆိုတော့ သိပ်မကြိုက်ကြဘူးပေါ့။ ဟိုတုန်းကဆိုရင် ဦးတို့တိုင်းပြည်ဟာ သားရေအမျိုးအစားမှာ ပထမတန်းပဲ။ ဦးတို့သားရေဟာ ကမ္ဘာ့ဈေးကွက်မှာ နာမည်ပျက်နေ တယ်။ ခုခေတ်က စက်မှုလုပ်ငန်းကလည်း တိုးတက်လာတယ်။ ဒီတော့ ဦးတို့သားရေဟာ ခေတ်နဲ့အမီ လိုက်နိုင်မှ ကမ္ဘာ့ဈေးကွက်ရှိမှာ"

အဖေသည် ကိစ္စနှစ်ခုကို တစ်ပြိုင်တည်း လုပ်သည်။ တစ်ချိန်တည်းတွင် သမီးကိုလည်းအစွံ ထုတ်သည်။ အရောင်းအဝယ်အကြောင်းကိုလည်း ပြောမိအောင် ပြောလိုက်သေးသည်။ သူ့မျက်လုံးတစ်ဖက်က စမိုလင်ကို လှမ်းကြည့်ပြီး အခြားတစ်ဖက်က သမီးကို ကြည့်သည်။

"ဒီတော့ ဒီအချိန်မှာ သားရေလုပ်ငန်းကို ကြီးကြီးကျယ်ကျယ် လုပ်ဖို့ မသင့်သေးဘူးလို့ ဦးထင်တယ်။ ခု မင်းတည်မယ့် သားရေစက်ရုံက နည်းတဲ့စက်ရုံကြီး မဟုတ်ဘူး"

"ကျွန်တော် စိတ်ကူးကတော့ ကျွန်တော်တို့ တိုင်းပြည်က သားရေဟာ ကမ္ဘာ့ဈေးကွက်မှာ နာမည်ပျက်နေတယ်။ ဒါကြောင့် ခေတ်မီနည်းတွေ၊ ခေတ်မီစက်ကိရိယာတွေသုံးပြီး စံပြသားရေစက်ရုံတစ်ခု တည်ချင်တယ် ခင်ဗျ။ ဈေးကွက်မှာလည်း စံပြသားရေဖြစ်အောင် လုပ်ချင်တယ်။ တိုင်းပြည်ရဲ့သိက္ခာကိုလည်း ဆယ်ရာရောက်တာပေါ့ ခင်ဗျာ"

"ငွေရင်း ဘယ်လောက်လောက် ကျမလဲ"

အဖေက စဉ်းစားရင်း မေးသည်။

"သုံးသိန်းလောက်တော့ ကျမယ် ခင်ဗျ"

အဖေသည် သူ့အတွက် ဤမျှလောက် အကုန်ခံ၍ အရင်းစိုက်မည် မဟုတ်ဟု လျူဘာ တွေးသည်။

"ကျွန်တော့် စက်ရုံက ဖိနပ်တို့၊ လက်ကိုင်အိတ်တို့၊ သေတ္တာတို့၊ သားရေကြိုးတို့ပါ ထုတ်မယ်၊ အချောစားတွေပေါ့လေ"

"အကျိုးအမြတ်ကကော"

"ထိုက်သင့်သလောက်တော့ ရှိမှာပါဦး၊ ကုန်ထုတ်လုပ်ငန်းရင်ဆိုတာ စက်ကိရိယာတစ်ခုကို ထွင်နေတဲ့ မက္ကင်းနစ်တစ်ယောက်လို လက်တွေ့ကျကျ စဉ်းစားရပါတယ်ဦး၊ အလုပ်ကြီး အကိုင်ကြီးတစ်ခု လုပ်တော့မယ်ဆိုရင် အသေးစိတ်က စတွက်ရပါမယ်။ ခွေးသွားစိတ်ကလေးတစ်ခုက ဘယ်လောက်အသုံးခံတယ်။ ပွတ်တိုက်အားကြောင့် ဘယ်လောက် ပျက်စီးနိုင်တယ် စသဖြင့်ပေါ့လေ၊ ခုဆိုရင် ကျွန်တော်က ကျွန်တော်တို့ တိုင်းပြည်ရဲ့ ကျွဲနွားမွေးမြူနှုန်း၊ အသေအပျောက်နှုန်း၊ အသားဈေးနှုန်းက စပြီး တွက်ချက်ထားပါတယ်။ ဦး ကြည့်ချင်တယ်ဆိုရင် ကျွန်တော် ပြပါ့မယ်"

"အေး ... မင်းနိုင်ငံခြားသွားပညာသင်တာ အများကြီး အကျိုးရှိတာပေါ့ကွယ်၊ ကောင်းပါလေ့၊ ကဲ ... ထမင်းစားကြဦးစို့"

အဖေ သူ့သမက်လောင်း ဇွဲစပ်သေချာပုံကို သဘောကျသွားသည်။ သမက်လောင်း အသေးစိတ် တွက်ချက်ထားပုံကို ကြည့်၍ ပီတိဖြစ်နေသည်။

"လျူဘာကော နေကောင်းတယ်နော်"

စမိုလင်က စားပွဲတွင် ထိုင်လိုက်သည်။

"အိမ်မှာ သူပဲ ဦးစီးနေရတာပေါ့ကွာ၊ အပြင်ထွက်ချိန်တောင် မရဘူး"

အဖေက သမီးအစား ဖြေသည်။

"သာရေးနာရေး ကိစ္စတောင် မသွားအားပါဘူး"

လျှူဘာကလည်း ဖြေသည်။

"ဇာတ်ပွဲတို့ ဘာတို့ကော မကြည့်ဘူးလား"

"မကြည့်ဖြစ်ပါဘူး၊ အဖော်မရှိ ဘာမရှိနဲ့"

"ဘာလုပ်အောင် ကြည့်မလဲကွာ၊ ဇာတ်ပွဲတွေ ကြည့်တိုင်း ငါ ဒေါသထွက်ရတယ်။ ပွဲထဲမှာ ကုန်သည်တို့ သူဌေးတို့ဆိုရင် လူကြမ်းတွေချည်း ဖြစ်နေတယ်။ ကုန်သည်တို့ သူဌေးတို့ကို ဘီလူးသဘက်ကြီးတွေ ဖြစ်အောင် ပြထားတယ်။ တကယ်တော့ ရပ်ရေးရွာရေး လုပ်စရာရှိရင် ကုန်သည်ပွဲစားတွေပဲ ကမကထ လုပ်တာ မဟုတ်ဘူးလား။ ငွေထည့်စရာရှိရင်လည်း ကုန်သည်ပွဲစားတွေပဲ ရှေ့ဆုံးက အများဆုံးထည့်တာပဲ မဟုတ်ဘူးလား။ ခုတော့ ကုန်သည်ပွဲစားတို့ သူဌေးတို့ကို လူကြမ်းတွေချည်းပဲ လုပ်ပြထားတယ်။ ဒါကြောင့် ငါဇာတ်ပွဲတွေကို မကြည့်တော့ဘူး၊ သိပ်မုန်းတယ်၊ အရှိကို အရှိအတိုင်းမှ မပြကြပဲ။ မဟုတ်တာကို အဟုတ် လုပ်ပြနေကြတာ"

အဖေ့မျက်နှာက ရှုံ့မဲ့နေသည်။

"ကုန်သည်ပွဲစားဆိုတာ အများအားဖြင့် စာမတတ် ပေမတတ် မဟုတ်လား အဖေ၊ ဒီတော့ သူတို့ကလည်း ပြကြမှာပေါ့"

"ဒါတော့ ဟုတ်တယ် ဦးရဲ့၊ နေစမ်းပါဦး၊ လျှူဘာကော အမျိုးသမီးအဖွဲ့တို့ ကလေးစောင့်ရှောက်ရေးအသင်းတို့ ဘာတို့ မဝင်ဘူးလား"

"မဝင်ဖြစ်ပါဘူး"

"အိမ်ကိစ္စတွေကလည်း အများသား မဟုတ်လားကွ၊ အိမ်မှာ ပစ္စည်းတွေက များတော့ ဒါတွေကို စနစ်တကျ သိမ်းရဆည်းရတာနဲ့ အချိန်ကုန်နေတာပေါ့"

အဖေက ခမ်းနားသော အိမ်ခန်းပတ်ပတ်လည်ကို ကြည့်၍ပြော သည်။

ထမင်းစားခန်းထဲတွင် ဗီရိုကြီးများရှိသည်။ မှန်ဘီရိုကြီးများထဲ တွင် ပန်းကန်ခွက်ယောက်များ၊ ငွေထည်ပစ္စည်းများဖြင့် ပြည့်နေသည်။ အလှပြင်ဆိုင်ခန်းတစ်ခုနှင့်ပင် တူနေသည်။

"တကယ်ကတော့ ကျွန်တော်တို့မြို့က ဒီလောက် ပျင်းစရာ မကောင်းပါဘူး။ မြို့အနေအထားလည်း လှတယ်။ အလုပ်လုပ်လို့လည်း ကောင်းတယ်။ ပညာတတ်တွေလည်း ပေါတယ်။ ခုဆို သတင်းစာတွေ ဘာတွေလည်း ထုတ်နိုင်ပြီ၊ ဩော် ... စကားစပ်မိလို့ ပြောရဦးမယ်၊ အဲဒီ သတင်းစာတိုက်ကို ကျွန်တော်တို့ ဝယ်ကြမလို့"

"ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ"

အဖေက မေးသည်။

"ကျွန်တော်ရယ်၊ ဦးအောင်ဘန်းရယ်၊ ကိုရှူခင်ရယ်"

"အေး၊ ကောင်းတယ် ကောင်းတယ်၊ သတင်းစာထဲမှာ ရေးနေတဲ့ ကောင်တွေရဲ့ပါးစပ်ကို ပိတ်ချင်နေတာ ကြာပြီ၊ ယာဖော့ဆိုတဲ့ကောင်က ပိုဆိုးသေးတယ်။ ဒီကောင်က အသံကျယ်တယ်၊ ဒီကောင့်ပါးစပ်ကို ပိတ်ရမယ်"

စမိုလင်က လျူဘာကို ပြုံးကြည့်သည်။

"သူသတင်းစာ ဝယ်တာက လူတွေကိုလိုက်ပြီး ပါးစပ်ပိတ်ဖို့ မဟုတ်ဘူး ထင်တယ် အဖေ"

လျူဘာက ဝင်ပြောသည်။

"ဒါဖြင့် ဘာလုပ်ဖို့ဝယ်မလဲ၊ အခိပ္ပာယ်မရှိ သွားဝယ်ရင် အလလား ငွေရင်းတွေ မြုပ်နေမှာပေါ့၊ ဆောင်းပါးတွေ ဘာတွေကို ကုန် သည်တွေကိုယ်တိုင် ရေးရရင်တော့ ကောင်းတာပေါ့"

"သတင်းစာတစ်စောင် ထုတ်တာဟာ စီးပွားရေးမျက်စိနဲ့ ကြည့် ရင်လည်း သိပ်မဆိုးလှပါဘူး ဦး။ ပြီးတော့ သတင်းစာတစ်စောင် ကိုယ့် လက်ထဲမှာ ရှိနေရင် အရေးကြီးတဲ့ အလုပ်တွေကိုလည်း လုပ်နိုင်တာပေါ့၊ ဥပမာ ကုန်သည်တွေရဲ့အကျိုးကို ကာကွယ်ပေးနိုင်တယ်။ ကုန်သွယ်ရေး နဲ့ စက်မှုလုပ်ငန်းရဲ့ အကျိုးစီးပွားကို ကာကွယ်နိုင်တယ်"

"အေး ... ဦးက အဲဒါပြောနေတာပေါ့၊ သတင်းစာကို ကုန် သည်ပွဲစားတွေ ဦးစီးနိုင်ရင် အကျိုးရှိတာပေါ့"

လျူဘာက သာမန်ကုန်သည်ပွဲစား သမီးမဟုတ်၊ အလှအပနှင့် အဝတ်အစားလောက်ကိုသာ စိတ်ဝင်စားနေသူ မဟုတ်၊ ယခု စမိုလင်ကို လျူဘာ အထင်ကြီးသွားပြီ။ နိုင်ငံခြားသို့ ထွက်၍ လေ့လာသည့် ကုန် သည်မျိုးကို သူတစ်ယောက်မျှ မတွေ့ဖူးသေး။ အဝတ်အစား သပ်သပ် ရပ်ရပ် စကားပြော ကောင်းကောင်းလူမျိုးကို ကုန်သည်ပွဲစားများထဲတွင် မတွေ့ဖူးသေး။

"အဖေကလည်း စကားတွေချည်း ပြောနေတာပဲ။ ဧည့်သည်ကို ထမင်း ဖြောင့်ဖြောင့်စားပါစေဦး၊ ဝိုင်ကော"

"အံမယ်၊ အိမ်သည်က ကျုပ် မဟုတ်ဘူးဗျ၊ ခင်ဗျား ခင်ဗျား"

"ကိစ္စမရှိပါဘူး လျူဘာ၊ ရပါတယ်၊ ပြီးတော့ ကျွန်တော်က အရက်မသောက်တတ်ပါဘူး"

"အရက်မသောက်ရင် ဒီ့ပြင်ကော"

အဖေက မေးသည်။

"စာအုပ်တို့၊ ဂီတတို့၊ ဇာတ်ပွဲတို့ပေါ့ ဦးရယ်"

စမိုလင်ကို လျူဘာ အထင်ကြီးသွားပြန်ပြီ။ စမိုလင်တွင် အထင်ကြီးစရာတွေ တစ်ခုပြီးတစ်ခု တွေ့နေရသည်။

"အင်း ခေတ်ကြီးက ပြောင်းနေပြီ"

အဖေက ညည်းသလိုလို ပြောသည်။

"နောက် တစ်နှစ်ကျော်ကျော်လောက်ဆိုရင် ကျွန်တော့် သားရေစက်ရုံက ထွက်တဲ့ပစ္စည်းတွေဟာ ကမ္ဘာ့ဈေးကွက်တွေကို ရောက်တော့မှာပဲ"

"အေး ... လုပ်စရာရှိရင်လည်း မြန်မြန် လုပ်ကွယ်၊ ဦးကလည်း သင်္ချိုင်းကို ခြေတစ်ဖက်လှမ်းနေပြီ၊ သားရေစက်ရုံဟာ ဦးနဲ့မင်းပဲ ပိုင်ရမယ်။ တခြား ဘယ်သူမှ အပါမခံနိုင်ဘူး။ ရှယ်ယာတွေ ဘာတွေ ခေါ် မနေနဲ့၊ ကဲ ... ကဲ မင်းတို့မောင်နှမ စကားပြောရစ်ခဲ့ကြဦး"

အဖေက ထွက်သွားသည်။ စမိုလင်က သူ့အဓိပ္ပာယ်နှင့် သူ ရယ်သည်။ အဘိုးကြီး တစ်ချက်လိုမ့်လိုက်ရသည်။ သူ့ကို ကျနေပြီ။

သူတို့နှစ်ယောက်ထဲ ကျန်ရစ်ခဲ့ကြသည့်အခါတွင် နှစ်ယောက်သား စကားမပြောမိကြ။ ပြောဖို့ စကားရှာသော်လည်း ရှာမတွေ့။

လျူဘာက လိမ္မော်သီးတစ်လုံးကို ကောက်နွာနေသည်။ စမိုလင်က မျက်လွှာကိုချရင်း သူ့နှာသီးဖျားကို သူငုံ့ကြည့်သည်။ သူ့နှုတ်ခမ်းမွေးကို ငုံ့ကြည့်သည်။ နောက် လက်ဖြင့် ပွတ်နေသည်။

"အင်း ... လျူဘာလည်း အဖေကြီးနဲ့ နေရတာ ပျင်းမှာပဲနော်၊ ရှေးလူကြီး မဟုတ်လား၊ ပြောစရာရှိရင်လည်း ဘွင်းဘွင်းကြီး"

လျူဘာက သူ့ကို မော့ကြည့်သည်။

"ပျင်းတော့ပျင်းတာပေါ့၊ ဒါပေမဲ့ ကြာတော့လည်း နေသားကျသွားပါပြီ"

"နေသားကျပေမယ့် နေရတာ ဘယ်ပျော်စရာကောင်းမလဲ၊ လျှာဘာက ငယ်လည်းငယ်သေးတယ်၊ စာတတ်ပေတတ် ဆိုတော့"

စမိုလင်၏အပြုံးက ကြင်နာသော အပြုံးဖြစ်သည်။ သူ့အသံက တိုးတိတ် ညင်သာသည်။ အေးစက်တင်းမာသော သူ့နှလုံးသားသည် ပူနွေးပျော့ပျောင်းလာသည်ဟု ထင်ရသည်။ သူ့ဘဝသည် အလင်းဘက်သို့ ရောက်လာစပြုပြီ။

***

(၁၂)

ယာဇော့ မြို့ထဲက သူကြားခဲ့ရသည့်သတင်းများကို ပြောပြသည်။ ဖိုးမာက ကုလားထိုင်တွင် ထိုင်ရင်း ရှေ့စားပွဲပေါ်က သတင်းစာအပုံကြီးကို ငေးကြည့်နေသည်။

"မြူနီစီပယ်ရွေးကောက်ပွဲ လုပ်တော့မယ်တဲ့၊ မင်းမွေးစားအဖေက ကုန်သည်ပွဲစား ကိုယ်စားလှယ်အဖြစ် အရွေးခံမလို့တဲ့။ ဒီအဘိုးကြီးဟာ တော်တော်နဲ့ မသေနိုင်ဘူးကွာ၊ အလုပ်လည်း လုပ်နိုင်တယ်၊ ကုန်သည်လောကကို သူပဲ လွှမ်းမိုးထားတာပဲ၊ လာဘ်ကလည်း တကယ်မြင်တယ်။ သူ့သမီးကို စမိုလင်နဲ့ ပေးစားဦးမလို့တဲ့၊ စမိုလင်လေ တို့နဲ့အတန်းတူ ဆံပင်နီနီနဲ့ကောင်၊ ခု ဒီကောင်က ကြီးပွားနေတယ်။ နိုင်ငံခြားကလည်းပြန် ကုန်သည်ဆိုပေမယ့် ရေးကုန်သည်ကြီးတွေလို မဟုတ်ဘဲ ခေတ်အမြင်ကလေးကလည်း ရှိဆိုတော့ ဒီကောင် ရှေ့ဆက်ကြီးပွားဦးမှာပဲ၊ အဘိုးကြီးကလည်း ဒါကိုသိတော့ သမီးကို ဗန်းပြပြီး၊ အိတ်ထဲ ကောက်ထည့်လိုက်တယ်။ ခုလည်း ရွေးကောက်ပွဲဝင်ဦးမယ်၊ စမိုလင် ဆိုတဲ့ကောင်ကလည်း"

"အသာနေစမ်းပါ၊ ဒီကောင့်အကြောင်း ပြောမနေစမ်းပါနဲ့၊ ပါးစပ်သနားတယ်၊ နေပါဦး မင်းကော ခါတိုင်းလို အရက်တွေ နင်းသောက်တုန်းပဲလား"

"ဘာဖြစ်လို့ မသောက်ရမှာလဲ"

ယာဇော့က အပေါ်ပိုင်း အင်္ကျီမပါ။ ဆံပင်တွေက ဖရိုဖရဲ ဖြစ်နေသည်။ သည်းသည်းမည်းမည်း ခွပ်နေရာက ကောက်ယူလာခဲ့သော တိုက်ကြက်ဖတစ်ကောင်နှင့်တူသည်။

“ဟုတ်တယ်၊ ငါ အရက်သောက်တယ်။ ဘာဖြစ်လို့ သောက်သလဲ၊ ငါ့ရင်ထဲမှာ တောက်နေတဲ့ မီးတွေကို အရက်နဲ့ငြိမ်းတယ်။ မင်းကော ခုထက်ထိ တွေဝေတုန်း ငေးတုန်း ငိုင်တုန်းပဲလား”

“အဘိုးကြီးကို သွားတွေ့ရမလားလို့”

“အဘိုးကြီးကို ပတ်တီးရိုက်ပစ်ခဲ့ပေါ့”

“ငါ မလုပ်ချင်ဘူး ယာဇော့”

“မလုပ်ချင်လည်း မလုပ်နဲ့ပေါ့ကွ”

“ဒါပေမဲ့ အဲဒီလို လုပ်ဖို့သင့်တာတော့ အမှန်ပဲ”

“လုပ်သင့်ရင် လုပ်ပေါ့ကွာ”

“မနောက်ပါနဲ့ သူငယ်ချင်းရာ၊ ငါ တကယ် ပြောနေတာပါ”

“ငါလည်း တကယ် ပြောနေတာ”

“သွားမယ်ကွာ၊ အဘိုးကြီးနဲ့ သွားတွေ့ဦးမယ်”

ဖိုးမာ ယာဇော့ကို နှုတ်ဆက်၍ ထွက်လာသည်။

သူ့မွေးစားအဖေအိမ်တွင် လျူဘာကို တွေ့ရသည်။ လျူဘာကို ကြည့်ရသည်မှာ တစ်မူထူးနေသည်။

“ဟင် ဖိုးမာ၊ နင်လည်း ပိန်လို့ပါလား၊ ဟောတော့၊ အဖေ တောင် ပြန်လာပြီထင်တယ်။ အိမ်ရှေ့က ခေါင်းလောင်းသံကြားတယ်”

လျူဘာက တစ်ဆက်တည်း ပြောလိုက်သည်။ အဖေက တံခါးဝတွင် ရပ်ကာ ဖိုးမာကို စိန်းစိန်းကြီးကြည့်နေသည်။

“ဘယ်လိုလဲ၊ တစ္ဆေလာချောက်တာလားကွ၊ ကြည့်စမ်းပါဦး၊ လူလဲ ပိန်လို့ပါလား၊ လူရုပ်တောင်မပေါ်ဘူး”

ဖိုးမာက တစ်စုံတစ်ရာ ပြန်ပြောမည်အပြုတွင် အဘိုးကြီးက ရုတ်တရက် လှုပ်ရှားသွားသည်။ ယိုင်လဲသွားတော့မည်ပြုသဖြင့် တံခါးလက်ကိုင်ကို ဖမ်းကိုင်ထားလိုက်သည်။ ဖိုးမာက အဘိုးကြီးကို ကြည့်၍ အထိတ်တလန့်ဖြစ်ကာ ဝင်တွဲမည်ပြုသည်။ အဘိုးကြီးက သူ့ကို လက်ကာပြသည်။

“နေ နေ၊ ကိစ္စမရှိဘူး”

ဖိုးမာ နောက်သို့ဆုတ်လိုက်သည်။ သူ့ဘေးတွင် အရပ်ပုပု၊ ဂင်တိုတို လူတစ်ယောက် ရောက်နေသည်ကို သတိထားလိုက်မိသည်။

"အဖေ နေကောင်းတယ်နော်"

"သား"

အဘိုးကြီးက လွတ်ခနဲ ခေါ်လိုက်သည်။ လဲကျသွားမည်စိုးသဖြင့် တံခါးလက်ကိုင်ကို ကိုင်ထားသည်။ ဖိုးမာက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ သားအဖကို ငေးကြည့်နေသည်။

အဘိုးကြီး၏ ပိန်လှီသော ကိုယ်ခန္ဓာသည် တဆတ်ဆတ်တုန်နေသည်။ သားကို မျက်လုံးကြီးအပြူးသားဖြင့် ကြည့်နေသည်။ စကားတစ်ခွန်းမျှ မပြော။ သူ့သား တာရာကလည်း အဘိုးကြီးကို စိုက်ကြည့်နေသည်။ နက်မှောင်သော မျက်လုံးပေါ်က မျက်ခုံးမည်းမည်းကြီးများက တွန့်နေသည်။ ရုပ်က သူ့ဖအေနှင့် တူသည်။ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းမွေး ရေးရေး။

လျူဘာက သူ့အစ်ကို တာရာ့နောက်တွင် ရပ်နေသည်။ မျက်နှာက ဖြူရော်နေသည်။ မျက်နှာတွင် ပျော်ရွှင်သော အရိပ်အယောင်နှင့် စိုးရိမ်ပူပန်သည့် အရိပ်အယောင် ရောထွေးနေသည်။ အဖေ့ကို တောင်းပန် တိုးလျှိုးသည့် မျက်နှာမျိုးဖြင့် ငေးကြည့်နေသည်။ သူတို့သုံးယောက်စလုံး ကျောက်ရုပ်ကြီးတွေလို ငြိမ်နေသည်။ စကားလည်း မပြောမိကြ။

အတန်ကြာမှ အဖေ့ပါးစပ်က အသံတစ်သံထွက်လာသည်။

"မင်း တော်တော် ကျသွားတယ်နော်"

တာရာက သူ့အဖေကို ကြည့်၍ ခပ်အုပ်အုပ် ရယ်သည်။ အဖေက တံခါးလက်ကိုင်ကို လွှတ်ကာ သူ့သားကို ဖက်သည်။

"မင်းတို့ ငါ့ကို တော်တော်ဒုက္ခပေးတယ်။ ဟဲ့ သမီး စားစရာတစ်ခုခုလုပ်စမ်း"

အဖေက သမီးဘက်သို့ လှည့်ပြောသည်။

"ကဲ ... ဆိုစမ်းပါဦး၊ တစ်ကျွန်းမှာ ဘယ်လောက်ကြာခဲ့သလဲ၊ ဘာတွေ လုပ်ခဲ့သလဲ၊ မင်း သူ့ကို မသိဘူးလား၊ ငါ့မွေးစားသားလေ၊ နာမည် ဖိုးမာတဲ့၊ ဂေါ်ဒီယက်ရဲ့သား၊ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် အဖေ"

"အိမ်ထောင်ကော ကျပလား"

"ဆုံးသွားပြီ အဖေ"

"ကလေးတွေကော"

"နှစ်ယောက်ရှိတယ်၊ သူတို့လည်း မရှိတော့ပါဘူး"

"အင်း ... ငါ့မှာ မြေးလိုချင်တာ၊ မြေးတောင် မရှိတော့ဘူးပေါ့"

"အဖေကတော့ သိပ်မကျပါဘူး။ ဘာမှလည်း မပြောင်းလဲပါဘူး၊ အရင်တုန်းကလိုပါပဲ"

တာရာက ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်သောက်သည်။

"ငါ့ကို ပြောင်းလဲသွားအောင် ဘယ်သူမှ မလုပ်နိုင်ပါဘူး၊ မှတ်ထား၊ ကိုယ့်တန်ဖိုးကို ကိုယ်နားလည်တဲ့ လူတစ်ယောက်ဟာ ဘယ် တော့မှ မပြောင်းလဲနိုင်ဘူး"

တာရာက ပြုံးသည်။

"အဖေဟာ အရင်ကလို မာနကြီးတုန်းပဲ"

"သားတူတာကိုးကွ၊ သားက ဘယ်လောက်တောင် မာနကြီးသလဲဆိုရင် ဖအေ တစ်ယောက်လုံးကိုတောင် ၁၇ နှစ်လုံးလုံး စာကလေးတစ်စောင် ရေးဖော်မရဘူး"

"ဒါကတော့ အဖေကလည်း သားအကြောင်း မကြားချင်ဘူးလို့ ဆိုတာကိုး အဖေရဲ့"

"တော် တော်၊ ဒါတွေကို ငါ ပြန်မပြောချင်ဘူး။ ဘယ်သူဆိုးသလဲဆိုတာ ဘုရား သိတယ်၊ ကဲ ... ဒါတွေ ထားစမ်းပါဦး၊ မင်း ဘာလုပ်သလဲ၊ ကျောက်မိုင်းတစ်ခုမှာ လုပ်နေတယ်ဆို"

တာရာက မီးခိုးများကို မှုတ်ထုတ်၍ သက်ပြင်းချသည်။

"ပြောရင်တော့ အရှည်ကြီးပဲ အဖေရေ့၊ ထောင်က လွတ်တော့ ကျွန်တော် ရွှေကျင်မြေမှာ သွား အလုပ်လုပ်တယ်။ ဦးအောင်ဇံတို့ ပိုင်တဲ့ ရွှေကျင် စခန်းတွေလေ"

"ငါသိပါတယ်၊ အစက ဒီကောင်တွေဟာ ရွှေကျင်သမားတွေ ပါ၊ နောင်တော့မှ ရွှေကြောတွေ့ပြီး ကြီးပွားသွားတာ၊ ညီအစ်ကိုသုံး ယောက်"

"ဟုတ်တယ် အဖေ၊ သူတို့ ရွှေကျင်စခန်းမှာ ကျွန်တော် နှစ်နှစ် လောက်လုပ်ခဲ့တယ်။ အလုပ်လုပ်ရင်း ဦးအောင်ဇံ သမီးနဲ့ ရတယ်"

"ဟေ"

တာရာက တွေးနေသည်။ အဖေက သားမျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသည်။

"ဒါဖြင့် မင်းမိန်းမဆုံးတာ ဘယ်လောက်ကြာပြီလဲ"

"၂ နှစ်လောက်ရှိပြီ"

"ကျောက်မိုင်းကိုကော ဘယ်လိုရောက်သွားတာလဲ"

"ကျောက်မိုင်းကလည်း ကျွန်တော့်ယောက္ခမဟာ အဖေရဲ့"

"မင်းကို လခ ဘယ်လောက်ပေးသလဲ"

"တစ်လ ငါးရာပေးတယ် အဖေ"

"အင်း ... သိပ်တော့ မနည်းပါဘူး။ ထောင်ကျတဲ့ အကျိုးတွေပေါ့ မဟုတ်လား"

"ကျွန်တော် ထောင်ကျတယ်ဆိုတာ အဖေတို့ ဘယ်လိုလုပ်ပြီး သိသလဲ"

"အို ... မင်းကို တစ်ကျွန်းပို့တယ်ဆိုတာ ကြားနေရတာပဲကွ"

"ကျွန်တော် မော်စကိုထောင်မှာ ကိုးလနေခဲ့ရတယ်။ တစ်ကျွန်းမှာ ခြောက်နှစ်နေခဲ့ရတယ်"

"ဘာဖြစ်လို့ ဖမ်းတာတဲ့လဲ"

အဖေက သူ့သားကို နားမလည်နိုင်။

"အလကားပါ အဖေရယ်၊ ကောလာဟလတွေကြောင့် ဖမ်းတာပါ"

"ဟုတ်တယ်၊ အလကား ကောလာဟလတွေ ဘာမှ အခြေ အမြစ်မရှိဘူး"

"အဲဒီ အလကား ကောလာဟလတွေပဲ ကျွန်တော့်ကို ဒုက္ခပေးခဲ့တာလေ"

ဖိုးမာက ခပ်ကုပ်ကုပ်ထိုင်ရင်း သားအဖနှစ်ယောက် စကားပြောနေကြသည်ကို နားထောင်သည်။ လျူဘာက သူ့အစ်ကိုသည် တော်လှန်ရေးသမားကြီးဟု ပြောခဲ့သည်။ ထိုစဉ်က ဖိုးမာ သူ့အစ်ကိုတာရာကို အထင်ကြီးသည်။ သူများထက် ထူးခြားသည့် လူစွမ်းကြီးတစ်ယောက်ဟု ထင်ခဲ့သည်။ သူပြောသည့် စကားများက ထူးခြားလိမ့်မည်။ သူ့အမူအရာများက အတုယူဖွယ် ဖြစ်လိမ့်မည်ဟု ဖိုးမာ မျှော်လင့်ခဲ့သည်။

ယခုတော့ ဘာမျှမထူးခြား။ စကားကလည်း ထူး၍မှတ်သား စရာမပါ။ အမူအရာကလည်း ဘာမျှ အတုယူစရာမရှိ။ လာပြန်ပြီ။ ကုန်သည်ပေါက်စ တစ်ယောက်။

ယခုပင် သူတို့ကျောက်မိုင်း မည်မျှ အမြတ်ထွက်ကြောင်းကို အာဘောင်အာရင်း သန်သန်ဖြင့် ပြောနေပြီ မဟုတ်လော။

လျူဘာက အလုပ်များနေသည်။ သူ့မျက်နှာက ဝင်းကြည်နေသည်။ သူ့မျက်လုံးများက သူ့အစ်ကိုထံမှ မခွာတော့။ ဖိုးမာက လျူဘာကို ကြည့်သည်။ သို့ရာတွင် လျူဘာက ဖိုးမာကို သတိထားမိဟန်

မတူ။ စားစရာတွေယူလာလိုက်၊ ပြန်ထွက်သွားလိုက်ဖြင့် အလုပ်များနေသည်။ သူ့အစ်ကိုက တစ်ကျွန်းအကြောင်း ပြောနေသောအခါတွင် လျူဘာသည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။ ဖိုးမာက တာရာအကြောင်းနှင့် အခန်းထဲတွင် ငူငူကြီးထိုင်နေရသော သူ့အဖြစ်ကိုတွေးရင်း ငိုင်နေသည်။ သူတို့စကားများကို ကောင်းကောင်း မကြား။

သူ့ပခုံးကို တစ်ယောက်က လာကိုင်တော့မှ အိပ်ရာမှ လန့်နိုးလာသူကို ကိုယ်ကို ဆတ်ခနဲ တွန့်လိုက်သည်။

"အဲဒါ ငါ့သားကြီး တာရာပဲကွ၊ ကြည့်စမ်း ဖိုးမာ၊ ဒီလောက်အခက်အခဲတွေတွေ့၊ တစ်ကျွန်းပို့ခံရတဲ့ကြားထဲက ကြီးပွားအောင် လုပ်လာခဲ့တယ်။ ဘယ်သူ့အကူအညီမှမပါဘဲ ကိုယ့်ဒူးကိုယ်ချွန် ကြီးပွားလာခဲ့တယ်။ အဲဒါမှ ငါ့သားကွ၊ ဒါမျိုးမှ ငါက သဘောကျတာ၊ မာယာခင်မျိုးဟာ လောကကို အရှုံးမပေးဘူး၊ ဘဝကို အနိုင်မခံဘူး။ ကံကြမ္မာကို ကိုယ့်အလိုကျ ဖြစ်အောင် ဖန်တီးယူတယ်။ မြင်တယ် မဟုတ်လား၊ မင်းသူ့ဆီက သင်ခန်းစာယူတတ်ရမယ်။ မ, တစ်ထောင် တစ်ကောင်ဘွားဆိုတာ အဲဒါမျိုးကိုမှ ခေါ်တာကွ၊ မာယာခင့် သားတစ်ယောက်ဟာ လူချွန်ဖြစ်ရမယ်။ ဘယ်လို အခက်အခဲတွေ့တွေ့ ရင်ဆိုင်ပြီး ကိုယ့်ကြီးပွားလမ်းကို ရှာတတ်ရမယ်"

ဖိုးမာ ဘာပြန်ပြောရမှန်းမသိ။ ပါးစပ် အဟောင်းသားနှင့် ဖြစ်နေသည်။ တာရာက ခေါင်းကို မော့ကာ ဆေးပြင်းလိပ်ကို ဖွာနေသည်။ ခပ်မိန့်မိန့်ပြုံး၍ဂုဏ်ယူသည့်ဟန်၊ ကျေနပ်သည့်ဟန်၊ ဝင့်ကြွားသည့်ဟန်။

"ငါ့သားဟာ ငါနဲ့အနေဝေးခဲ့လို့ ငါ့သွေး၊ ငါ့စိတ်ဓာတ်မျိုးကျန်တော့မှာ မဟုတ်ဘူးလို့ ငါထင်နေခဲ့တယ်။ ခု မဟုတ်ဘူး၊ ငါ့သွေးမျိုး၊ ငါ့စိတ်ဓာတ်မျိုး ခုထက်ထိ မပျောက်ဘူး၊ နောင်လည်း သေသည်အထိ ပျောက်မှာ မဟုတ်ဘူး"

အဖေ စိတ်လှုပ်ရှားနေသည်။ ဝမ်းသာနေသည်။ သူ့သားအတွက် ဂုဏ်ယူနေသည်။ တာရာက သူ့အဖေကို အထိုင်ခိုင်းသည်။

"သွေးက စကားပြောတယ်ဆိုတာ တကယ်ပဲ။ လူတစ်ယောက်ဟာ သွေးရှိမှ သတ္တိကောင်းတယ်ဆိုတာ တကယ်ပဲ။ ငါ့အမျိုးရဲ့သွေးဟာ မိန်းမနဲ့ ဖြားယောင်းလို့လဲ လျော့မသွားဘူး။ ဓားနဲ့ ချောက်လို့လည်း ကြောက်မသွားဘူး"

အဖေက သူ့သားမျက်နှာကို တစိမ့်စိမ့်ကြည့်သည်။ သူ့သား

စကားကို နားထောင်ကာ ပီတိဖြစ်နေသည်။ ဖိုးမာတစ်ယောက်တည်း ချောင်ထဲတွင် ကုပ်လျက်။

"ခု ကျွန်တော်တို့ ရွှေတွင်းတွေက တော်တော် အထွက်များ တယ်။ ဒါပေမဲ့ စွန့်စားရတယ်။ အရင်းအနှီး လိုတယ်။ ပြီးတော့ အဲဒီ နယ်က လူမျိုးစုတွေနဲ့ အရောင်းအဝယ် လုပ်တာကလည်း ဟန်ကျတယ်။ ဘယ်လိုလုပ်လုပ် အမြတ်ကတော့ မလိုချင်အောင် ရတာပဲ အဖေရ"

လျူဘာက ထမင်းစားဖို့ လာခေါ်သည်။ သားအဖနှစ်ယောက် ရှေ့က ထွက်သွားကြသည်။ အခန်းထဲတွင် ဖိုးမာနှင့် လျူဘာ နှစ်ယောက် တည်း ကျန်ခဲ့သည်။ ဖိုးမာက လျူဘာ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက် သည်။

"နင် ဘာလုပ်တာလဲ"

"ဘာမှ မလုပ်ပါဘူး၊ နင် သိပ်ပျော်နေသလား"

ဖိုးမာက ခပ်ပြုံးပြုံး။

"ပျော်တာပေါ့"

"ဘာဖြစ်လို့ ပျော်တာလဲ"

"နင်ပဲ ကိုယ်ချင်းစာကြည့်ပေါ့၊ မမြင်ဘူးလား"

ဖိုးမာက မျက်နှာကို ရှုံ့မဲ့ပြလိုက်သည်။

"ဘာလဲ၊ နင့်အဖေမှာ အနာဂတ်ရှိသေးတယ် ထင်သလား၊ နင်တို့ ကုန်သည်ပွဲစား လူတန်းစားမှာကော အလားအလာ ရှိသေးတယ် ထင်သလား၊ ဝေးသေးတယ်၊ နင်တို့မှာ အနာဂတ် မရှိဘူး။ နင် ငါ့ကို လိမ်တယ်၊ အစတုန်းက နင့်အစ်ကို တာရာပာ တော်လှန်ရေးသမားကြီး လေး ဘာလေးနဲ့ ငါ့ကို လိမ်ပြောခဲ့တယ်။ ခုတော့ ဘယ်မှာလဲ တော်လှန် ရေးသမားကြီး၊ လက်စသတ်တော့ နင့်အစ်ကိုလည်း ကုန်သည်ပွဲစားပဲ၊ လူလိမ်ပဲ၊ ဗိုက်ကြီးကိုက အံခွအောင် စားထားတဲ့ ကုန်သည်ပွဲစား ဗိုက် မျိုးကြီး၊ ဟင်း"

လျူဘာ၏ မျက်နှာက ရဲတက်လာသည်။ နှုတ်ခမ်းတွေ ဖြူ သွားကာ တဆတ်ဆတ် တုန်လာသည်။ လျူဘာ စိတ်ဆိုးသည်ကို ကြည့်၍ ဖိုးမာ ဝမ်းသာသည်။ ရင်ထဲတွင် တလိပ်လိပ်တက်လာအောင် ဝမ်းသာသည်။

"နင် နင် ဘာစော်ကားတာလဲ၊ ဟင်း လူပါးဝလို့"

ဒေါသထွက်လွန်းသဖြင့် လျူဘာ စကားထစ်နေသည်။ အသံ တွေ တုန်နေသည်။

"အလကား ကောင်၊ လူတွေကို ဝန်တိုမိစ္ဆာ အားကြီးပြီး ရမ်းနေတယ်"

လျူဘာက ခြေဆောင့်ကာ အခန်းထဲသို့ ဝင်သွားသည်။

ဖိုးမာက အသံထွက်အောင် အားရပါးရ ရယ်လိုက်သည်။ ခွက်ထိုးခွက်လန် ရယ်သည်။ အပျော်ကြီး ပျော်နေကြသည့် သူတို့ သားအဖသုံးယောက်နှင့် ဖိုးမာ စားပွဲမထိုင်လိုတော့ပြီ။ အခန်းထဲမှ မြူးပျော်နေသည့် အသံများ၊ ကျေနပ်ကြည်နူးနေသည့် ရယ်သံများ၊ ဇွန်းသံ၊ ပန်းကန်သံများကို ဖိုးမာ ကြားရသည်။ သူ့လိုလူမျိုးအတွက် ထိုအခန်းထဲတွင် နေရာမရှိ။ သူ့အတွက် ဘာမှာမှ နေရာမရှိ။

ဖိုးမာသည် အရယ်ရပ်ကာ အခန်းထဲတွင် ငူငူကြီး ရပ်နေသည်။ အောင်ပွဲခံကာ အပျော်ကြီး ပျော်နေကြသည့် ထိုအိမ်ကြီးမှ ဖိုးမာ ထွက်သွားမှ ဖြစ်မည်။ မသွား၍ မဖြစ်။

အိမ်ပြင်သို့ ရောက်သောအခါမှ သူ့ကို သက်ရှိ သတ္တဝါတစ်ကောင်မျှလောက်ပင် သဘောထားပုံမရကြသော သားအဖ သုံးယောက်ကို ဖိုးမာ စိတ်နာလာသည်။ မျက်လုံးပြူးပြူး၊ ပါးရေတွေ တွန့်နေသည့် သူ့မွေးစားအဖေ၏ မျက်နှာကြီးကို မြင်ယောင်လာသည်။

ခြေဦးတည့်ရာ လျှောက်သွားနေသည်မှာ မည်မျှ ကြာသည် မသိ၊ သတိရ၍ ကြည့်လိုက်တော့ ကမ်းနားသို့ ရောက်နေသည်။

သင်္ဘောကြီးများ ကုန်တင်ကုန်ချလုပ်ချိန်ဖြစ်သည်။ အလုပ်သမားများအသံက ဆူညံနေသည်။ မြင်းလှည်းများက ကမ်းနားတွင် ပြည့်ကျပ်နေသည်။ အော်သံ၊ ဆူသံပူသံ၊ ဆဲသံများကို ဖိုးမာ ကြားရ သည်။ လမ်းကျဉ်းကျဉ်းကလေးတွင် အလုပ်သမားတွေ၊ လှည်းသမား တွေ၊ ဈေးသည်တွေ ပြည့်ကျပ်နေသည်။ အလုပ် မြန်မြန်ပြီးချင်ဇော ကြောင့် ဤမျှ ဒရောသောပါး လုပ်နေကြသလော။ သူတို့ကိုယ်ပေါ်က ဝန်ထုပ်ဝန်ပိုးတွေကို အမြန်ချကာ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးချင်သဖြင့် ဤမျှ အပြေးအလွှား လုပ်နေကြသလောဟုပင် ဖိုးမာ တွေးမိ သည်။ မြစ်ထဲတွင် သင်္ဘောအချို့က ကမ်းမှ ခွာစပြုနေကြသည်။ အချို့သင်္ဘောများက ဥသြသံပေးကာ ကမ်းသို့ ကပ်လာကြသည်။ မြစ်ပြင်ကြီးကပင်လျှင် ငြိမ်သက်မနေ။ နောက်ကျိသော မြစ်ရေများက ကမ်းစပ်ကို တဖျပ်ဖျပ် လာပုတ်နေကြသည်။ မောလွန်း၍ ခဏ အပန်းဖြေရန် တောင်းပန်နေသည်လော မပြောတတ်။

ဖိုးမာ ပတ်ဝန်းကျင်တွင် အားလုံး လှုပ်ရှားနေကြသည်။ မလှုပ်မရှား ငြိမ်နေသူဆို၍ သူတစ်ယောက်တည်းသာ ရှိသည်။

ဖိုးမာသည် ကုန်းဘောင်ပေါ်မှ လျှောက်၍ ဆိပ်ခံသမ္ဗန်ပေါ် သို့ တက်လာခဲ့သည်။ အလုပ်သမားများက စည်ကြီးများကို သင်္ဘော ဝမ်းခေါင်းထဲသို့ လှိမ့်ချနေကြသည်။ သူတို့တွင် အင်္ကျီမပါ။ ကြီးမား ကျယ်ပြန့်သော ကျောပြင်တွင် ချွေးတွေ စိုရွှဲနေသည်။ သူတို့ခန္ဓာကိုယ် များသည် မှုန်ရီရီ မီးရောင်ထဲတွင် ချွေးများကြောင့် ပြောင်လက်နေသည်။ လက်မောင်းသားကြီးများက အကြောပြိုင်းပြိုင်း ထနေကြသည်။

ဆိပ်ခံသမ္ဗန်အစွန်းမှ မင်ဒိုလင်သံနှင့် သီချင်းသံ ပေါ်လာသည်။

"ခနရှင်တွေမှာတော့ စိတ်လက်ချမ်းသာနေတယ်။ လူမွဲတွေ တော့ လုပ်ကိုင် စားသောက်ခါရယ် မသေရုံတစ်မယ် ညှဉ်းပန်းနှိပ်စက် တယ်။ လူဆင်းရဲတို့ အပေါ်ဝယ် သနားမညှာ မထောက်ထားတယ်၊ တကယ်ပင် ကိုယ်ချင်းမစာကြတယ်"

သီချင်းသံက ဆွတ်ပျံ့ဖွယ်လည်း ကောင်းသည်။ နာကြည်း စရာလည်း ကောင်းသည်။ အလုပ်သမားတို့၏ဘဝကို နာကြည်းသံဖြင့် တိုင်တည်နေသည်။

အလုပ်သမားများ၏ လှုပ်ရှားမှုသည် သီချင်းနှင့် အံကျနေ သည်။ ဖိုးမာက အလုပ်သမားများကို ငေးကြည့်နေသည်။ သူတို့မျက်နှာ တွင် ချွေးသန်တွေ စိုရွှဲကာ ဖုန်တွေ အလိမ်းလိမ်းကပ်နေသည့်တိုင် ချွေး တွေကြားထဲက ပြုံးနေကြသည်။ ဖုန်မှုန့်တွေ ကြားထဲက ပြုံးနေကြသည်။ သည်လို အလုပ်သမားတွေနှင့် နင်လား ငါလား အလုပ်လုပ်ရလျှင် ဘယ် လောက် ပျော်စရာကောင်းမည်နည်းဟု ဖိုးမာ တွေးသည်။ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်မည်။ မောလျှင် အရက်ကလေး တစ်ခွက်လောက် မော့မည်။ ငရုတ်သီးစပ်စပ် ချက်ထားသည့် ကြက်ခြေထောက်ဟင်း တစ် ခွက်ဖြင့် ထမင်းစားမည်။

"မြန်မြန်ပြီးအောင် လုပ်ကြဟေ့၊ အချိန်မရှိတော့ဘူး"

နောက်က အသံအက်အက် တစ်သံကို ဖိုးမာ ကြားရသဖြင့် ဖိုးမာ လှည့်ကြည့်သည်။ ဗိုက်ရွှဲရွှဲနှင့် လူတစ်ယောက် လက်ထဲတွင် တုတ် တစ်ချောင်းကိုင်၍ အော်နေသည်။ သူ့မျက်နှာနှင့်ကုပ်တွင် ချွေးတွေ ရွှဲ နေသည်။ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သပ်ချနေသည်။ တောင် ထိပ်သို့ တက်လာရသူလို အသက်ပြင်းပြင်း ရှူနေသည်။

ဖိုးမာ သူ့ကို မကျေမနပ်ဖြင့် လှမ်းကြည့်သည်။ အခြားသူများ က ပင်ပင်ပန်းပန်း လုပ်နေချိန်တွင် ထိုလူက ဘာမျှ မလုပ်။ အလကားနေ ရင်း ချွေးထွက်ဖို့လောက်သာ တတ်သည်။ သို့ရာတွင် သူကကော။ သူက ချွေးပင် မထွက်တတ်။ ဖိုးမာ သူ့ကိုယ်သူ ရှက်လာသည်။ လောကတွင် သူသည် ဘာမျှတန်ဖိုးမရှိသူဟု ထင်သည်။ တွေးတိုင်း သူ့အဖို့ စိတ် မသက်သာစရာတွေ ကို တွေးနေမိသည်။ သူ့ရင်ပတ်ပေါ်တွင် ကျောက်ခဲ ကြီး တင်ထားသလို လေးနေသည်။

ထိုညက ဖိုးမာ သူ့မွေးစားအဖေအိမ်သို့ နောက်တစ်ခေါက် ပြန်ရောက်လာသည်။ သူ့မွေးစားအဖေက အိမ်တွင်မရှိ။ အပြင်ထွက်နေ သည်။ အိမ်တွင် လျှူဘာတို့ မောင်နှမ နှစ်ယောက် လက်ဖက်ရည် သောက်နေကြသည်။ အခန်းထဲသို့ ဝင်မည်အပြုတွင် စကားပြောသံ ကြောင့် ခြေလှမ်းတုံ့သွားသည်။

"အဖေက ဒီကောင့်အတွက် ဘာစိတ်ညစ်နေရတာလဲ"

တာရာ၏အသံ ဖြစ်သည်။ ဖိုးမာကို မြင်တော့ စကားစဖြတ် ကာ ရှုတင်းတင်းဖြင့်ကြည့်နေသည်။ လျှူဘာက အမ်းတမ်းတမ်း ဖြစ်နေ သည်။

"ဘယ်သူများလဲလို့"

လျှူဘာက အိုးတိုးအမ်းတမ်းဖြင့် ပြောသည်။

သူ့အကြောင်း ပြောနေကြခြင်းဖြစ်မည်ဟု ဖိုးမာ ထင်သည်။

တာရာက မျက်နှာကိုလွှဲလိုက်ကာ ကုလားထိုင်တွင် ကိုယ်ကို ဆန့်၍ ပြင်ထိုင်သည်။ သုံးယောက်သား အတန်ကြာ စကား မပြောကြ။ ဖိုးမာက ဤသို့ တိတ်ဆိတ်နေခြင်းကိုပင် သဘောကျနေသည်။

"နင် ထမင်းစားပွဲ မသွားဘူးလား"

လျှူဘာက တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်။ စကားမရှိ စကား ရှာ၍ မေးသည်။

"ဘယ်ထမင်းစားပွဲလဲ"

"နင် မသိဘူးလား၊ ဦးနောက သမ္မန်တစ်စင်း ရေချမလို့၊ ရေချ ပွဲ အခမ်းအနားလုပ်ပြီး ထမင်းလည်း ကျွေးမယ်။ မြစ်ညာကို သင်္ဘောနဲ့ ပျော်ပွဲစားထွက်မယ်"

"ငါ့မှ မဖိတ်ဘဲ" ဖိုးမာက ပြောသည်။

"ဘယ်သူ့မှ သီးခြား မဖိတ်ပါဘူး။ မနက်က ပွဲစားတန်းမှာ အားလုံးလာကြပါလို့ လိုက်ပြောထားတယ်"

"ငါ မသွားချင်ပါဘူး"

"အမယ် သိပ်လည်း အပြောမကြီးနဲ့၊ အရက် အဝ တိုက်မှာတဲ့"

လျူဘာက မျက်စောင်းထိုးသည်။

"အိုး … သောက်ချင်ရင် ကိုယ့်ပိုက်ဆံနဲ့ကိုယ် သောက်မှာပေါ့၊ ငါ့မှာ ပိုက်ဆံမရှိတာ မှတ်လို့"

လျူဘာက နောင်တစ်ခါ မျက်စောင်း လှမ်းထိုးပြန်သည်။ တာရာက ဗွန်းတစ်ချောင်းကို ကိုင်လှည့်ရင်း သူတို့နှစ်ယောက်ကို ကြည့်နေသည်။

"ဦးလေးကော"

"ဘဏ်တိုက်ကို သွားတယ်။ ဘဏ်ဒါရိုက်တာလူကြီး ရွေးကောက်ပွဲ လုပ်မှာမို့လို့တဲ့"

"ဦးလေးကော အရွေးခံဦးမှာပေါ့"

"ခံမှာပေါ့"

အတန်ကြာ တိတ်ဆိတ်နေပြန်သည်။ တာရာက လက်ဖက်ရည်ကို တစ်ကျိုက်ချင်းသောက်သည်။ နောက် ခွက်ကို လျူဘာရှေ့သို့ ရွှေ့ပေးလိုက်ရင်း ပြုံးပြသည်။ လျူဘာကလည်း ပြန်ပြုံးသည်။

"ကဲပါ … အစ်ကိုပြောတဲ့စကားကို ဆက်ပြောစမ်းပါဦး၊ အစ်ကို ပြောတာကို ညီမ ကောင်းကောင်း နားမလည်ဘူး။ သိပ်တွေးမနေနဲ့လို့ အစ်ကိုက ပြောတယ်။ မတွေးရင် ဘာလုပ်ရမှာလဲ၊ လူ့ဘဝကြီးကို မကျေနပ်တဲ့လူဟာ တွေးနေ စဉ်းစားနေမှာပဲ။ ဒီလို မလုပ်ရင် ဘာလုပ်မလဲ"

လျူဘာက ဖိုးမာကို ဂရုမစိုက်ဟန်ဖြင့် သူ့အစ်ကိုကို လှမ်းပြောသည်။ သူ့အစ်ကိုထံမှ လေးနက် အဓိပ္ပာယ်ရှိသော စကားများ ထွက်လာလိမ့်မည်ဟု လျူဘာ ထင်သည်။ တာရာက ကုလားထိုင်ကို ရွှေ့ရင်း လျူဘာကို လှမ်းကြည့်သည်။ အတန်ကြာမှ လေးနက်တည်ငြိမ်သော အသံဖြင့် တစ်လုံးချင်း ပြောနေသည်။

"လူ့ဘဝကို မကျေနပ်ဖူးဆိုတာ အကြောင်းမဲ့ မဟုတ်ဘူး။ အကြောင်းရှိရမယ်၊ ဘာဖြစ်လို့ ဘဝကို မကျေမနပ် ဖြစ်နေရတာလဲ၊ အလုပ်လုပ်နိုင်တဲ့ အရည်အချင်းမရှိလို့လား၊ ဒါမှမဟုတ် အလုပ်ကို မရှိသေတဲ့ စိတ်ဓာတ်၊ အလုပ်ကို အထင်သေးတဲ့ စိတ်ဓာတ်ကြောင့်လား၊ ဒါမှမဟုတ် ကိုယ့်အရည်အချင်းကို ကိုယ်ကိုယ်တိုင် မသိသေးလို့လား၊ ဒီအကြောင်းတွေအနက် တစ်ကြောင်းကြောင်းတော့ ဖြစ်ရမယ်။ ဒါကြောင့် လူတွေဟာ ဘဝကို မကျေနပ်နေကြတာ ဖြစ်တယ်။ အများအား

ဖြင့် လူတွေဟာ ကိုယ့်မှာရှိတဲ့ အရည်အချင်းကို ရှိတာထက် ပိုတွက် တတ်ကြတယ်၊ တကယ်တော့ လူတစ်ယောက်ဟာ ကိုယ်လုပ်နိုင်တဲ့ အလုပ်ကို ရွေးချယ်တတ်ရမယ်။ အတတ်နိုင်ဆုံး ကြိုးစားလုပ်ရမယ်။ ဒီ့ပြင် အရည်အချင်းတွေ ရှိဖို့မလိုပါဘူး။ လူဟာ ကိုယ်လုပ်တဲ့ အလုပ်ကို မြတ်နိုးရမယ်၊ တွယ်တာရမယ်၊ ဒီလို မြတ်နိုးရင် ဘယ်လောက်ပဲ ကြမ်း တမ်းပင်ပန်းတဲ့ အလုပ်ဖြစ်ပစေ၊ လှလာမှာပဲ၊ စိတ်ပါလက်ပါလုပ်တဲ့ လက်သမားတစ်ယောက်ရဲ့ ကုလားထိုင်ဟာ ကောင်းတယ်၊ လှတယ်၊ ခိုင်တယ်၊ ဒီလိုပဲ တကယ်သာ စိတ်ပါလက်ပါလုပ်ရင် ဘယ်အလုပ်မဆို ကောင်းတယ်၊ လှတယ်၊ အင်္ဂလိပ်တွေကို ကြည့်ပါလား၊ အလွန်အလုပ် ကြိုးစားတယ်၊ ဒါကြောင့်သူတို့ဟာ ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှု လုပ်ငန်းမှာ အောင်မြင်နေကြတယ်။ ထိပ်ဆုံးက ရောက်နေကြတယ်၊ သူတို့ဟာ အလုပ်ကို ရိုသေတယ်၊ လေးစားတယ်၊ အလုပ်ဟာ သူတို့အဖို့ ကိုးကွယ်ရာ ဆည်းကပ်ရာ ဘာသာတရားတစ်ခု ဖြစ်နေတယ်။ လူမျိုး တစ်မျိုးရဲ့ ယဉ်ကျေးမှုအဆင့်အတန်း ဘယ်လောက် မြင့်မမြင့်ဆိုတာ အဲဒီလူမျိုး အလုပ်ကို ဘယ်လောက်မြတ်နိုးသလဲ မမြတ်နိုးဘူးလဲဆိုတဲ့ အချက်က ဆုံးဖြတ်တယ်။ လူမျိုးတစ်မျိုးဟာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်လာရင် လိုအင်ဆန္ဒတွေဟာလည်း ပြည့်ဝလာတာပဲ၊ ပျော်ရွှင်မှု ဆို တာဟာလည်း လူတစ်ယောက်ရဲ့ဆန္ဒ၊ လူတစ်ယောက်ရဲ့ လိုအင်ပြည့်ဝ တာဟာ ပျော်ရွှင်မှုပဲ၊ ဒါကြောင့် လူတစ်ယောက်ရဲ့ ပျော်ရွှင်မှုဟာ သူ ဘယ်လောက် အလုပ်လုပ်သလဲ၊ မလုပ်ဘူးလဲဆိုတဲ့ အချက်ပေါ်မှာ မူ တည်နေတယ်”

တာရာက စကားအရှည်ကြီး ပြောလိုက်ရသဖြင့် မောသွားဟန် တူသည်။ လျူဘာက သူ့အစ်ကိုပြောသည့် စကားများကို နားထောင်၍ အားရဟန်မတူသေး။ သူ့မျက်လုံးများက တောက်ပနေကြသည်။

“လူတစ်ယောက်ဟာ လောကကြီးမှာ မြင်မြင်သမျှကို စက်ဆုပ် နေတယ်ဆိုရင်ကော ဘယ်လိုပြောမလဲ” ဖိုးမာက ဝင်မေးသည်။

“ဘာကို စက်ဆုပ်တာလဲ”

“အားလုံးကို စက်ဆုပ်တယ်၊ အရောင်းအဝယ် လုပ်ငန်းကို လည်း စက်ဆုပ်တယ်၊ အလုပ်လုပ်ရမှာကိုလည်း စက်ဆုပ်တယ်၊ လူတွေ ကိုလည်း စက်ဆုပ်တယ် ဆိုပါတော့၊ သူ့မျက်စိထဲမှာ မြင်မြင်သမျှဟာ ဟန်ဆောင်နေကြတယ်လို့ ထင်နေတယ်။ အပေါ်ယံတွေ၊ အတုအယောင် တွေလို့ ထင်နေတယ်။ သူလုပ်တာတွေဟာ တကယ့်အလုပ်လို့ မထင်

ဘူး။ စိတ်ငြီးငွေ့မှုကို ပျောက်အောင် ရမယ်ရှာလုပ်နေတာလို့ သူထင် တယ်။ တချို့လူတွေဟာ အလုပ်လုပ်ကြတယ်။ တချို့လူတွေက ကုလား ထိုင်နဲ့ ဖိမ်နဲ့ထိုင်ပြီး အမိန့်ပေးတယ်။ အလုပ်လုပ်တဲ့လူက ထမင်းကို မဝတဝ စားရ ပြီး အမိန့်ပေးတဲ့လူက အမြတ်တွေ အများကြီးရနေတယ်။ ဒါကို ခင်ဗျား ဘယ်လို ပြောမလဲ”

လျူဘာက ဖိုးမာကို မျက်မှောင်ကုတ်ကြည့်သည်။ ထို့ကြောင့် ဖိုးမာ တန့်သွားသည်။

“ကျုပ် ခင်ဗျားပြောတာ နားမလည်ဘူး”

ဖိုးမာက ခပ်လှောင်လှောင် လှမ်းကြည့်သည်။

“ဩ … နားမလည်ဘူးလား၊ ဒီလိုဆို နားလည်အောင် ကျုပ် ထပ်ပြောပြဦးမယ်၊ လူတစ်ယောက်ဟာ လှေတစ်စင်းနဲ့ မြစ်လယ်ကို ထွက်သွားတယ်၊ လှေကတော့ အခိုင်အခံ့ပဲ၊ ဒါပေမဲ့ ရေက သိပ်နက် တော့ လှေဘယ်လောက်ပဲကောင်းကောင်း လှေပေါ်က လူဟာ ရေအနက် ကြီးကို ကြည့်ပြီး ကြောက်လာတယ်။ သူ့ကိုယ်သူ လုံခြုံတယ်လို့ မထင် တော့ဘူး၊ အဲဒါပဲ”

တာရာက ဖိုးမာစကားကို ဂရုမစိုက်ဟန်ဖြင့် ကြည့်နေသည်။ စကားတစ်ခွန်းမျှ မပြော။ စားပွဲခွန်းကို လက်ချောင်းကလေးများဖြင့် အသာခေါက်နေသည်။ လျူဘာက ကုလားထိုင်ပေါ်တွင် ဂနာမငြိမ် ဖြစ် နေသည်။ တိုင်ကပ်နာရီကြီးက တစ်ချက်ချက်မြည်နေသည်။ ဖိုးမာ၏ နှလုံးကလည်း တိုင်ကပ်နာရီ ချိန်သီးကြီးလို လေးလေးကြီး ခုန်နေသည်။ ထိုအိမ်ကြီးထဲတွင် သူ့ကို အကြင်နာစကားဆိုမည့်သူဟူ၍ တစ်ယောက် မျှမရှိ။ နှစ်သိမ့်စကားဆိုမည့်သူဟူ၍ တစ်ယောက်မျှမရှိ၊ မရှိ။

ဖိုးမာက တစ်ယောက်တည်း စကားပြောသလို ဆက်ပြောသည်။

“လောကကြီးမှာ အလုပ်လုပ်နေရုံနဲ့ စိတ်ချမ်းသာတာ မဟုတ် ဘူး။ အလုပ်လုပ်တိုင်း ကောင်းတာ မဟုတ်ဘူး။ တချို့လူတွေဟာ အလုပ်ဆိုလို့ လက်ကြောတင်းအောင် တစ်ခါမှလုပ်ဖူးဘူး၊ လက်ချောင်း ကလေး တစ်ချောင်းတောင် မလှုပ်ဖူးဘူး။ ဒါပေမဲ့ ဒီလူတွေဟာ အလုပ် ကို ခါးကျိုးမတတ် လုပ်နေရသူတွေထက် ကောင်းကောင်းနေရတယ်။ ကောင်းကောင်းစားရတယ်၊ ဒါကိုတော့ ခင်ဗျား ဘာပြောမလဲ၊ ခင်ဗျား ကျောက်မိုင်းက အလုပ်သမားတွေလောက် ပင်ပင်ပန်းပန်း အလုပ်လုပ်ရ တဲ့လူ ရှိဦးမလား၊ ဒါပေမဲ့ ဒီအလုပ်သမားတွေ ပျော်နေကြသလား၊ စိတ် ချမ်းသာနေကြသလား။ မပျော်ဘူး၊ မချမ်းသာဘူး၊ တိရစ္ဆာန်တွေလို ရုန်း

ပြီး တိရစ္ဆာန်တွေလို နေကြရတယ်။ နွားတွေလို အမောင်းခံနေကြရတယ်။ ဒါပေမဲ့ သူတို့ကတော့ ကံကြောင့်လို့ ပြောကြမှာပဲ၊ လူ့ဘဝမှာ ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေသလဲလို့ သွားမေးရင် တို့ ဒါတွေ စဉ်းစားချိန်မရဘူး။ တစ်သက်လုံး အလုပ်လုပ်နေတာနဲ့ မစဉ်းစားအားဘူးလို့ ဖြေမှာပဲ ကောင်းပြီ၊ သူတို့မှာ စဉ်းစားချိန်မရဘူး။ စဉ်းစားချိန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တကယ့်ရုပ်က သူတို့ဟာ လူ့ဘဝမှာ အလုပ်လုပ်ဖို့ ကုန်းရုန်းပေးဖို့ အသက်ရှင်နေကြရတယ်။ ကျုပ်တို့ ခင်ဗျားတို့ကော ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေကြသလဲ၊ ဘာမှ အလုပ်မလုပ်ဘဲ သူများကို အမိန့်ပေးရုံပေးနေတဲ့ လူတွေဟာ ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေကြသလဲ၊ ကျုပ်တို့ဟာ လူ့ဘဝမှာ ဘယ်လိုရည်ချက်တွေနဲ့ အသက်ရှင်နေကြသလဲဆိုတာ သိရမယ်၊ သိသင့်တယ်"

ဖိုးမာက ရပ်၍ ခေါင်းမော့ကြည့်သည်။

"လူတစ်ယောက်ဟာ ဘာကိစ္စနဲ့ လူ့ဘဝကြီးကို ရောက်လာတာလဲ၊ အလုပ်လုပ်၊ ပိုက်ဆံရှာ၊ အိမ်ကလေးတစ်ဆောင် ဆောက်၊ မိန်းမယူ၊ ကလေးမွေးပြီး သေသွား ဒါပဲလား၊ လူတစ်ယောက်ဟာ ဒီကိစ္စကလေးတွေလောက်ကို လုပ်ဖို့တွင် မွေးလာတာလား မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျုပ် လက်မခံဘူး၊ လူ့ဘဝမှာ တခြားအဓိပ္ပာယ်တွေ ရှိရဦးမယ်။ လူဟာ မွေးလာတယ်၊ အလုပ်လုပ်တယ်။ ပြီးတော့ သေသွားရတယ်။ ဒီလောက်နဲ့သာ ကိစ္စပြီးနေရင် ဒီလူ့ဘဝကြီးဟာ ဘာအဓိပ္ပာယ်ရှိသလဲ၊ ဘာအသုံးကျသလဲ၊ ကျုပ်တို့ဟာ ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေကြသလဲဆိုတာ သိအောင်လုပ်ရမယ်။ ခု ကျုပ်တို့ဟာ အဓိပ္ပာယ်မရှိ အသက်ရှင်နေကြတယ်။ ကျုပ်တို့ဘဝဟာ အဓိပ္ပာယ်မရှိ ဖြစ်နေတယ်။ ဆင်းရဲတဲ့လူက သိပ်ဆင်းရဲ၊ ချမ်းသာတဲ့လူက သိပ်ချမ်းသာပြီး မညီမမျှဖြစ်နေကြတယ်။ တချို့လူတွေက သိပ်ချမ်းသာပြီး လူတစ်သောင်းတစ်သက်စားလို့မကုန်အောင် ပိုက်ဆံရှိပေမယ့် တချို့လူတွေမှာ တစ်သက်လုံး ချွေးပေါက်ပေါက်ကျအောင် လုပ်ရသည့်တိုင် တစ်ပြားမှ မရှိဘဲ ဖြစ်နေကြရတယ်။ ဒါပေမဲ့ အလုပ်မလုပ်တဲ့လူနဲ့ အလုပ်လုပ်တဲ့လူဟာ ဘာမှ မကွာခြားသလို ဖြစ်နေတယ်။ ကျောပေါ်မှာ ဘာမှမရှိတဲ့လူက ပိုးအင်္ကျီဝတ်ထားတဲ့လူထက် အသိဉာဏ် ပိုရှိနေတယ်"

ဖိုးမာစကားက တစ်နေကုန်အောင် ပြောလျှင်ပင် ဆုံးနိုင်မည်မထင်။ တာရာက ကုလားထိုင်ကို ကျွီခနဲ မြည်အောင် ဆောင့်တွန်းလိုက်သည်။

"ကျုပ် နားလည်တယ်ဗျာ၊ ဒီလောက်ဆို တော်လောက်ပြီ"

ဖိုးမာက ပခုံးကိုတွန့်၍ လျှူဘာကို ခပ်လှောင်လှောင် ပြုံးကြည့်သည်။

"နင် ဒီလို အဘိဓမ္မာမျိုးကို ဘယ်က ရလာတာလဲ"

"အဘိဓမ္မာ မဟုတ်ပါဘူး။ ငါ့မှာ ကျိန်စာထိနေတာပါ။ ဒီ အမြင်မျိုးရဖို့ကလည်း သိပ်မခက်ပါဘူး။ မျက်လုံးကိုဖွင့်ပြီး ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် ဒီအသိက အလိုလို ခေါင်းထဲပေါ်လာမှာပါ"

"ခင်ဗျားဟာ ဘဝကို အဆိုးမြင်တတ်တဲ့လူပဲ။ ဒီလောက် အဆိုးမြင်နေရင် စာအုပ်တွေကို များများဖတ်ပေးရင် ကောင်းမယ်၊ စာ ကော ဖတ်ရဲ့လား"

"မဖတ်ဘူး၊ ကျုပ်က စာအုပ်ဆိုရင် သိပ်မုန်းတယ်"

ဖိုးမာက ခပ်ပြတ်ပြတ် ဖြေသည်။

"စာဖတ်တော့ ခင်ဗျားအဖို့ အထောက်အကူ ဖြစ်တာပေါ့"

တာရာက ပြုံးသည်။

"ကျုပ်ကို လူတွေ ပြင်တာတောင်မှ မရဘဲ၊ စာအုပ်တွေက ဘာ တတ်နိုင်မှာလဲ"

ဖိုးမာ သူတို့နှင့် စကားပြောရသည်ကို စိတ်ပျက်လှပြီ။ ဤအိမ်က ထွက်သွားချင်လှပြီ။ သို့ရာတွင် မသွားခင် သူ့အစ်ကိုနှင့် ပတ်သက်၍ လျှူဘာ နာကြည်းအောင် ခပ်စပ်စပ်ကလေးတော့ ပြောခဲ့ချင်သေးသည်။ ထို့ကြောင့် အခန်းထဲမှ တာရာထွက်သွားမည်လောဟု စောင့်နေသည်။

တာရာက အခန်းထဲတွင် လမ်းလျှောက်နေရာမှ ငွေထည် ပစ္စည်းတွေ ပြည့်သိပ်နေသည့် အလှပြဗီရိုကြီး ရှေ့တွင် ရပ်ကြည့်နေ သည်။ လျှူဘာက ဖိုးမာကို မကြာခဏ လှမ်းကြည့်သည်။ ဖိုးမာ မြန်မြန် ပြန်စေလိုသည့် သဘော ဖြစ်သည်။

"ဒီနေ့ည ငါဒီမှာ အိပ်မယ်။ ဦးလေးနဲ့ စကား ပြောစရာရှိတယ်၊ အိမ်ကျတော့လည်း ငါတစ်ယောက်တည်းရယ်၊ ဘာမှ လုပ်စရာ မရှိဘူး"

"နင် အိပ်နေကျအခန်းကို အပြင်ခိုင်းချည်ပေါ့"

လျှူဘာက ပြောသည်။

ဖိုးမာက သူ့အိပ်ခန်းကို အပြင်ခိုင်းရန် အစေခံ မိန်းမကြီးကို ထွက်ခေါ်သည်။ အခန်းပြင်သို့အထွက် တာရာ စကားပြောသံကို ခပ်တိုးတိုး ကြားရသည်။

သူ့အကြောင်း ပြောနေကြသလော။ သူ့အကြောင်းကို ပြော လျှင် သူသိသင့်သည် မဟုတ်လော။ သူကြားသင့်သည် မဟုတ်လော။

ဖိုးမာ ကပ်လျက် အခန်းတစ်ခန်းထဲသို့ ဝင်၍ ချောင်းနားထောင်သည်။ ကပ်လျက်အခန်းထဲတွင် မှောင်နေသည်။ ထမင်းစားခန်းဘက်မှ မီးရောင်က တံခါးကြားမှ တိုးဝင်လာသည်။ ဖိုးမာက တံခါးကြားတွင် ရပ်၍ နားထောင်သည်။ အသက်ကိုပင် ပြင်းပြင်းမရှူရဲ။

"တော်တော် အပေါင်းရ အသင်းရ ခက်မယ့် သတ္တဝါ"

တာရာ့ အသံဖြစ်သည်။

"သိပ်သောင်းကျန်းတာပဲ၊ စိတ်ရူးပေါက်ရာ လျှောက်လုပ်နေတာပဲ၊ လုပ်ပုံလည်း ကြည့်ဦးလေ၊ ဒုတိယခရိုင်ဝန်ရဲ့ သမက်ကို မူးမူးနဲ့ ဆွဲထိုးတယ်၊ ကျော်မကောင်း ကြားမကောင်း ဖြစ်မှာစိုးလို့ အဖေ့မှာဖြင့် ဖုံးလိုက် ဖိလိုက်ရတာ၊ တောင်းပန်လိုက်ရတာ၊ ဟိုလူကို လူဆိုးလို့ တစ်မြို့လုံးက သိနေလို့ တော်သေးတာပေ့ါ၊ ဒါတောင် အဖေ့မှာ အဲဒီကိစ္စအတွက် ငွေငါးထောင် ကုန်လိုက်ရသေးတယ်။ အဖေက ဒီကိစ္စကို ဖုံးဖုံးဖိဖိ လိုက်လုပ်နေတုန်း အပျက်မတွေခေါ်ပြီး မြစ်လယ်မှာ သမ္ဗန်ကို မှောက်ပစ်လိုက်သေးတယ်လေ"

လျှူဘာက ခပ်တိုးတိုး ပြောနေသည်။

"တကယ့် သတ္တဝါပဲ၊ သူပြောသလို လူ့ဘဝ အဓိပ္ပာယ်ကို လိုက်ရှာနေသလားမှ မသိတာ"

တာရာက လှောင်သည်။

"တစ်ခါလည်း ဒီလိုပဲ၊ မြစ်လယ်မှာ သူငယ်ချင်းတွေနဲ့ အရက်မူးပြီး လူတွေကို ရေထဲပစ်ပစ်ချလို့၊ တိုင်းပြည်မှာ မင်းတို့လို လူပိုတွေရှိလို့ ဒုက္ခရောက်နေတာကွ၊ မင်းတို့ကို ရေထဲမျှောပစ်မယ်လို့ ပြောသတဲ့"

"တော်တော် ရယ်ရတဲ့ သတ္တဝါ"

"လျှူဘာဖြင့် ကြောက်လွန်းလို့၊ လူကလည်း ကြမ်းကြမ်း၊ စိတ်ကလည်း ကြမ်းကြမ်း၊ လုပ်လိုက်ရင်လည်း ကျော်မကောင်း ကြား မကောင်း၊ သုံးလိုက်တဲ့ ပိုက်ဆံကလည်း အရမ်းပဲ"

"ငါမသိလို့ မေးစမ်းပါရစေဦး၊ အဖေက သူ့အရောင်းအဝယ်ကိစ္စတွေကို ဦးစီးလုပ်ပေးနေတာ ဘာသဘောလဲ၊ ဘယ်လို ကတိတွေ ရှိသတဲ့လဲ"

"ဟင့်အင်း … လျှူဘာလည်း မသိဘူး။ အဖေက ရှေ့နေရှေ့ရပ်နဲ့ ဥပဒေအရ လုပ်တာပါ၊ ဘာဖြစ်လို့လဲ"

“ငါနားမလည်လို့ပါ၊ သူ့လုပ်ငန်းက တော်တော်ကောင်းတဲ့ လုပ်ငန်းပဲ၊ ဒီလောက် ပစ္စလက်ခတ် လုပ်တာတောင် ငွေက သဲ့ယူသလို ရတာပဲ၊ တို့လို စနစ်တကျ ဦးစီးလိုက်ရရင်”

“ဖိုးမာကတော့ ဘာမှ ပြန်မကြည့်ဘူး။ အဖေပဲ အကုန်လုပ်နေရတာပဲ”

“ဟုတ်လား”

“တစ်ခါတလေတော့ သူဒီလို ရမ်းနေတာ၊ ဒီလိုစကားတွေပြောနေတာဟာ ရိုးရိုးသားသား ပြောတာပဲလို့ အထင်မိသား၊ ဆုံးမသွန်သင်မယ့်လူ ရှိရင် လူကောင်းတစ်ယောက် ဖြစ်လာမှာပဲ၊ ဒါပေမဲ့ လျူဘာတော့ သူသောင်းကျန်းတာ၊ သူစကားပြောရမ်းတာကို ကြောက်လွန်းလို့”

“ဘာလို့ သွန်သင်ဆုံးမနေဦးမှာလဲ၊ လူက ပျင်းတယ်၊ အတွေးအခေါ် မရှိဘူး။ သူပျင်းတာ ဖျင်းတာကို ဝန်မခံဘဲ လောကကြီးကို စိတ်နာတယ်ဆိုတဲ့ စကားတွေနဲ့ ဖုံးနေတာပါ”

“တစ်ခါတလေကျတော့လည်း ကလေးဆိုးကြီးလိုပဲ”

“ဒါကြောင့် အတွေးအခေါ် မရှိဘူး ပြောတာပေါ့၊ ဒီသတ္တဝါက နလပိန်းတုံး၊ အရိုင်းအစိုင်းဘဝနဲ့ နေသွားချင်တဲ့ သတ္တဝါ၊ နလပိန်းတုံး အရိုင်းအစိုင်းဖြစ်ချင်တဲ့ နလပိန်းတုံး အရိုင်းအစိုင်းအကောင် အကြောင်းကို တွေးနေလို့ အပိုပဲ၊ ဦးနှောက်ချောက်တယ်၊ ပြောလိုက်ရင် စကားကြီးစကားကျယ်တွေချည်းပဲ။ သူမရှိရင်ဘဲ ကမ္ဘာကြီးတစ်ခုလုံး ဒုက္ခရောက်တော့မလိုလို”

“ဒီလောက်တော့လဲ မပြောပါနဲ့ အစ်ကိုရယ်”

“ပြောရမယ်၊ သူ့လို သတ္တဝါမျိုးက ဒီလိုပြောမှ တော်ရုံကျတယ်။ တို့လူမျိုးဟာ ပေါးလားဝါးလားနဲ့ အချိန်ကုန်တတ်တဲ့ လူမျိုး၊ ဒီလောက် ဆင်းဆင်းရဲရဲ အလုပ်လုပ်ရတဲ့ ကြားထဲကတောင် ပေါးလားဝါးလား နေဖြစ်အောင် နေလိုက်သေးတယ်။ ဖိမ်နဲ့များနေရရင် ဘယ်လောက်အထိ သောင်းကျန်းမလဲ မသိဘူး။ ဖိုးမာတို့လို စိတ်ကူးဉာဏ်မဲ့တဲ့ လူတွေအဖို့တော့ စိတ်ကူးယဉ်ချင်ယဉ်ကြပေါ့၊ စဉ်းစားဉာဏ်ရှိတဲ့ လူကတော့ စဉ်းစားဉာဏ်ရှိတဲ့ အလုပ်မျိုးကို လုပ်ရမှာပဲ”

“တစ်ခါတလေတော့လည်း လျူဘာ သူ့အတွက် စိတ်မကောင်းဘူး၊ ရှေ့လျှောက် ဘယ်လိုများ ဖြစ်မယ်မသိဘူး”

လျူဘာက စိတ်မကောင်းဟန်ဖြင့် ပြောသည်။

"ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲ သေသွားမှာပေါ့၊ ရှိသမျှ ပိုက်ဆံ ဖြုန်းမယ်၊ နောက်ဆုံးသူတောင်းစားဖြစ်မယ်။ ဟိုကဗျာလိုပေါ့၊ ခွက်လက်စွဲကာ၊ တောင်းစားပါ၍၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေလင်းတ၊ ကျ၏တည်းတဲ့၊ ကဲ … ဒီသတ္တဝါအကြောင်း မကြေးချင်ဘူး။ ပြောလည်း မပြောချင်ဘူး။ သနတယ်။ ဒီလိုသတ္တဝါမျိုးအတွက် နေရာမရှိဘူး၊ အနာ ဂတ်မရှိဘူး၊ တို့ကုန်သည်ပွဲစား လူတန်းစားဟာ ပညာကို လိုက်စားရမှန်း သိလာပြီ၊ နင့် ဖိုးမာဆိုတဲ့ သတ္တဝါတစ်ကောင်သာ ကောင်သေလင်းတ ကျ၏တည်းဆိုတဲ့ အဖြစ်မျိုး ရောက်မှာ"

"ဟုတ်တယ်၊ ကိုယ့်လူပြောတာ မှန်တယ်၊ ကျုပ် လင်းတကျတော့မှာ၊ လင်းတ မြန်မြန်ကျပါစေလို့ ဆုတောင်းနေတာ ကြာလှပြီ၊ မြန်မြန်ကျလေ၊ မြန်မြန်ကောင်းလေပဲ"

ဖိုးမာက တံခါးဝတွင် ဘွားခနဲ ပေါ်လာသည်။ သူ့မျက်နှာက ဖြူနေသည်။ မျက်နှာက မှုန်နေသည်။ နှုတ်ခမ်းက မဲ့နေသည်။ သူ့မျက်လုံးများက တာရာကို စားတော့ဝါးတော့ မတတ် ကြည့်နေသည်။

"ပြောဦးလေ၊ လင်းတကျတော့ ဘာဖြစ်သလဲ၊ မြန်မြန်ကျရင် မြန်မြန် ကောင်းတယ်၊ ကိုယ့်လူအပူ တစ်ပြားသား ရှိသလား"

"ဖိုးမာ"

လျှူဘာက လန့်ဖျပ်ကာ တာရာဆီသို့ ပြေးသည်။ တာရာက လက်နှစ်ဖက်ကို အိတ်ထဲသို့နှိုက်၍ ရပ်နေသည်။

"ဖိုးမာ နင်ဘာဖြစ်လို့ ချောင်းနားထောင်ရတာလဲ ဟင်း … မရှက်ဘူးလား" လျှူဘာက အော်သည်။

"တိတ်၊ မပြောနဲ့"

"ဒီလို ချောင်းနားထောင်တာ ဘယ်ကောင်းမလဲ"

တာရာက အထင်သေးဟန်ဖြင့် မဲ့ပြသည်။

"ချောင်းနားထောင်တော့ ဘာဖြစ်သလဲ၊ ဘာရှက်ရမှာလဲ၊ ချောင်းနားထောင်မှ အမှန်ကို သိမယ်ဆိုရင် ချောင်းနားထောင်ရမှာပဲ၊ ရှက်စရာ မလိုဘူး"

"ဖိုးမာ နင်ပြန်ရင် ကောင်းမယ်"

လျှူဘာက သူ့အစ်ကိုကို ဆွဲထားရင်း လှမ်းပြောသည်။

"ဒီမှာ ကိုယ့်လူ၊ ခင်ဗျား နောက်ထပ် ကျုပ်ကို ဘာပြောချင်သေးသလဲ၊ ဒါပဲလား"

တာရာ၏ အမူအရာက တည်ငြိမ်သည်။ အေးဆေးသည်။

"ဘာပြောစရာ ရှိသလဲ၊ ဟုတ်လား၊ မလိုပါဘူး။ ဘာမှ ပြောစရာ မရှိဘူး။ ခင်ဗျားက လူတော်လူကောင်းကြီး၊ လူ့အဖိုးတန်ကြီး ဘာမှ ပြောစရာမရှိဘူး"

"ဒါပဲလား"

"ဟုတ်တယ်၊ ဒါပဲ"

"ကျေးဇူးတင်တယ်၊ အဖေ ပြန်လာချိန်နီးပလား လျူဘာ"

တာရာက တစ်ဆက်တည်း မေးလိုက်သည်။

ဖိုးမာက တာရာကို တစ်ချက် စိုက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်လာသည်။ ဘာမျှမပြောတော့၊ မပြောလိုတော့။

သူ အိမ်သို့မပြန်ချင်သေး။ အိမ်ကြီးတွင် သူတစ်ယောက်တည်းသာရှိသည်။ အိမ်ထဲတွင် သူ့ခြေသံ ပဲ့တင်ထပ်နေသံကို သူမကြားချင်။ ထို့ကြောင့် ခြေဦးတည့်ရာ လျှောက်လာသည်။

နွေနှောင်း ဆည်းဆာက နှင်းတမှုန်မှုန်။

သူ့စိတ်ထဲတွင် တာရာ့အကြောင်းကို တွေးလာသည်။ တာရာ သွေးအေးသည်။ သူ့အဖေလို ငွေမက်သည်။ ငွေမျက်နှာကိုသာ ကြည့်သည်။ လျူဘာက သူ့အစ်ကိုကို တော်လှန်ရေးသမားဟု ထင်သည်။ သူရဲကောင်းဟု ထင်သည်။ တော်လှန်ရေးသမား မဟုတ်။ သူရဲကောင်း မဟုတ်။ အရေခြုံဖြစ်သည်။ ကြောင်သူတော် ဖြစ်သည်။ လူကြောက် ဖြစ်သည်။

လမ်းတွင် သူ့မွေးစားအဖေ၏ မြင်းရထားကို တွေ့လိုက်သည်။ အမြိုင့်သားပါသွားသည်။ လမ်းမီးတွေ ထွန်းကုန်ကြပြီ။ မီးထွန်းသူက လမ်းမီးတိုင် တစ်တိုင်ပြီးတစ်တိုင် လှေကားထောင်၍ မီးထွန်းသွားသည်။ မိန်းကလေး တစ်ယောက်က သူ့ကို ဝင်တိုးသွားသည်။

ဖိုးမာက မိန်းမပျိုကို လှည့်ကြည့်သည်။ မိုးဖွဲဖွဲကျလာသဖြင့် လမ်းမီးအိမ်များသည် မှုန်ဝါးနေကြသည်။

ယောဇော့အိမ်သွားရမည်လော။ ယာဇော့နှင့် အရက်သောက်မည် သူ့အိမ်တွင် အရက်သောက်မည်။ သူ့သူငယ်ချင်းကို တွေ့ချင်၍ မဟုတ်။ အရက်သောက်ချင်၍ မဟုတ်။ ဘယ်ကိုမှ သွားစရာ မရှိသောကြောင့် ဖြစ်သည်။

ယာဇော့၏အိမ်တွင် လူစိမ်းတစ်ယောက်ကို တွေ့ရသည်။ အဝတ်အစားက ခပ်စုတ်စုတ်၊ မျက်နှာက ငါးကျီးခြောက် ကြပ်တင်လို ခပ်မည်းမည်း၊ နှုတ်ခမ်းထူထူ။

လူစိမ်းက ကုလားထိုင်ပေါ်တွင် ခြေနှစ်ချောင်း တင်ထိုင်သည်။ ယာဇော့က ပက်လက်ကုလားထိုင်တွင် အခံ့သား ထိုင်ကာ ခြေနှစ်ချောင်းကို လက်တင်ပေါ်သို့ တင်ထားသည်။ စားပွဲပေါ်က စာအုပ်ပုံတွေ၊ သတင်းစာပုံတွေ ကြားထဲတွင် အရက်တစ်ပုလင်း ထောင်ထားသည်။ တစ်ခန်းလုံး ငပိနံ့ ထွက်နေသည်။

"ဆိုစမ်း၊ ဘယ်က လှည့်လာသလဲ၊ ဖိုးမာလေး"

ယာဇော့က ဖိုးမာကိုနှုတ်ဆက်ရင်း လူစိမ်းကို လှည့်ပြောသည်။

"ငါ ဒီမှာ အိပ်မလို့"

ဖိုးမာက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

ဧည့်သည်က နှုတ်ဆက်ပြန်သွားသည်။

"အိပ်ပေါ့၊ ဒါထက် နေစမ်းပါဦးကွ၊ မင်းမွေးစားအဖေရဲ့ သား အိမ်ပြန်ရောက်လာပြီဆို ဟုတ်လား"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ပြောစရာရှိရင် ပြောပါ၊ မင်းမျက်နှာက တစ်ခုခုပြောချင်လာတဲ့ပုံပဲ"

"ဒီငနဲကို ငါသိပါတယ်။ သူ့အကြောင်း ကြားဖူးသားပဲ၊ သူ့အဖေနဲ့ တူသလား"

"နည်းနည်းပိုဝတယ်။ ပိုပြီးငြိမ်တယ်၊ ဒါပေမဲ့ သူ့အဖေလိုပဲ ငွေမက်တယ်၊ လောဘကြီးတယ်"

"သတိထားနော် သူငယ်ချင်း၊ မကြာခင် မင်းလိုကောင်ကို မျို သွားလိမ့်မယ်။ ဒီငနဲက သူ့ယောက္ခမကိုတောင် ကျအောင်ချလာခဲ့တဲ့ ငနဲ"

"မျိုစမ်းပါစေဗျာ၊ မျိုသွားလည်း ကောင်းတာပေါ့"

"လာပြန်ပလား ဒီစကားမျိုး၊ မင်းပဲ လွတ်လွတ်လပ်လပ် နေချင်တယ်ဆို၊ ကိုယ့်စိတ်နဲ့ကိုယ် သဘောကျနေချင်တယ်ဆို၊ မင်းဟာ တော်တော်ခက်တဲ့ကောင်၊ ငါ့လိုကောင် ဆိုရင်တော့ ဒီလို အလျှော့မပေးဘူး ဆရာ"

ယာဇော့က ထိုင်ရာမှထကာ ဖိုးမာ ရှေ့တွင် ရပ်သည်။

"ငါ့မှာ ခု အရက်ကလေး တစ်ပုလင်းသောက်ဖို့၊ ထမင်း ကလေး တစ်လုပ်စားဖို့ တကုပ်ကုပ် ရေးနေရတယ်။ မင်းလိုသာ စားရေး သောက်ရေးမပူပင်ရဘူး ဆိုရင် ငါတော့ အဲဒီကုန်သည်ပွဲစားတွေ၊ ပညာ

တတ်တွေကို ကလော်တုတ်နေမှာပဲ။ ဒီအကောင်တွေဟာ ငါတို့ တိုင်းပြည် တိုးတက်ရေးမှာ အတားအဆီးတွေ၊ ကပ်ဖားတွေ၊ ပြည်သူတွေရဲ့ အရိုးတွေကို ရာဇပလ္လင်လုပ်ပြီး ပြည်သူတွေရဲ့ ချွေးတွေ မျက်ရည်တွေနဲ့ ဘိသိက်သွန်းချင်တဲ့လူတွေ၊ ပြည်သူတွေဆီကရသမျှယူပြီး ပြည်သူတွေကိုတော့ ဘာမှပြန်မပေးတဲ့လူတွေ၊ ပြည်သူတွေရဲ့ဘဝကို ပိုကောင်းလာအောင် ဘာမှလုပ်မပေးခဲ့ဘဲ ပြည်သူတွေရဲ့ မျက်ရည်တွေကို ပုလဲကုံးလုပ်ပြီး ဆွဲချင်တဲ့လူတွေ၊ တို့ ရယ်လိုက်လို့ ရွှလုံးတွေထွက်လာလို့ ဆင်မြန်းချင်တာတွေပြည်သူတွေရဲ့ ကောင်းကျိုးဆိုလို့ သူတို့ ဘာများလုပ်ခဲ့လို့လဲ၊ သူတို့ခေတ်ဟာ ကုန်ပြီ၊ နေဝင်ချိန်ရောက်ပြီ"

ယာဇော့က အားရပါးရ ပြောနေသည်။ သူ့မျက်လုံးများက ဝင်းဝင်းတောက်နေကြသည်။

"ဟုတ်တယ်၊ သူတို့ခေတ်ကုန်တော့မယ်၊ သူတို့မှာ ဦးနှောက်မရှိဘူး။ ခွန်အားမရှိဘူး။ သတ္တိမရှိဘူး၊ တိုင်းပြည်ကြီးအတွက် သူတို့ပဲ အနစ်နာခံရတယ်။ ကိုယ်ကျိုးစွန့်တယ်လို့ အော်နေကြတယ်။ ဒီမှာ သူငယ်ချင်း၊ အဲဒါတွေဟာ အလကား လူကြားကောင်းအောင် အော်နေတာကွ၊ လိမ်နေတာ၊ တကယ် ကိုယ်ကျိုးစွန့်တဲ့လူဟာ သူ့ကိုယ်သူ ထုတ်မပြောဘူး၊ တကယ့်ခံစားချက်ဆိုတာ အသံမပြည်ဘူး။ ရင်ထဲမှာ တိတ်တိတ်ကလေး ကြိတ်ခံတယ်။ တကယ်ပဲ။ ဖြစ်နိုင်ရင် ငါ့နှလုံးသွေးတွေကို လက်ညှိုးနဲ့တို့ပြီး သူတို့နဖူးပေါ်မှာ လူလိမ်လူညာတွေလို့ ကမ္ပည်းထိုးလိုက်ချင်တယ်"

ယာဇော့ တော်တော်မောသွားပြီ၊ အကြာကြီး ချောင်းဆိုးနေသည်။ အရူးတစ်ယောက်လို အခန်းထဲတွင် လမ်းလျှောက်သည်။ သူ့မျက်နှာက ဖြူ၍ မျက်လုံးများက ရဲနေသည်။ နှုတ်ခမ်းများမှာ တရှုရှုတုန်ကာ အသက်ရှူသံပြင်းနေသည်။ ကုန်းပေါ်ပစ်တင်ထားသည့် ငါးရူ တစ်ကောင်နှင့်တူနေသည်။

ဖိုးမာက ယာဇော့၏ ပြင်းထန်သည့်စွဲချက်ကို နားထောင်သည်။ မည့်သူကို စွဲချက်တင်နေမှန်း ဖိုးမာ သတိမပြုမိ။ ဒေါသတကြီး ဖြစ်နေသည်ကိုသာ သူသတိပြုမိသည်။

ယာဇော့က ဆက်ပြောသည်။

"ငါ့ကိုယ်ငါ နားလည်ပါတယ်။ ငါက လမ်းပေါ်ကလူ၊ ထမင်းလေးတစ်လုပ်အတွက် စာရေးစားနေတဲ့အကောင်၊ ငါရေးသင့်တယ် ထင်တာကို ငါရေးတယ်။ ငါ့တာဝန် ငါသိတယ်။ ဒါပေမဲ့ သူတို့က ငါ့ပါးစပ်

ကို ပိတ်ပစ်ကြတယ်။ ဆင်ပေါ်က ထိုင်လိုက်လာပြီး ဆင်အောက်ကလူကို ခွေးမောင်းသလို မောင်းပစ်ကြတယ်။ ဟုတ်တယ်၊ ငါဟာ ဆင်ပေါ်ကလူ မဟုတ်ဘူး၊ ဆင်အောက်ကလူ။ သူတို့သင်တာကို လိုက်ရွတ်တတ်တဲ့ ကြက်တူရွေး မဟုတ်ဘူး၊ တောကျီးကန်း။ သူတို့ ကြိုးဆွဲရာကတဲ့ မင်းသားရုပ် မဟုတ်ဘူး၊ လူပြက်။ သူတို့အမြင်မှာ ငါဟာ ဘာမှ တန်ဖိုးမရှိတဲ့ကောင်၊ ဒီတော့ ငါ့ကို အော်ငေါက်ပစ်ရင် ပစ်ပါစေ၊ ခွေးမောင်းသလို မောင်းရင်လည်း မောင်းပါစေ၊ ပါးရိုက်ရင်လည်း ငါခံမယ်။ ကိစ္စမရှိဘူး။ သူတို့ ဘယ်လိုလုပ်လုပ် ငါ့နှလုံးဟာ အခုန်မရပ်ပါဘူး။ ဒါပေမဲ့ သူတို့ ကို ငါတစ်ခုတော့ ပြောချင်တယ်။ ဟုတ်တယ် ကျုပ်ဟာ လူပြက်ပဲ၊ ဒါပေမဲ့ ကျုပ်က လူကို တန်ဖိုးထားတယ်။ အဲဒီတစ်ချက်တော့ ခင်ဗျားတို့ထက် အများကြီးသာတယ်လို့ ပြောလိုက်ချင်တယ်။ ခင်ဗျားတို့လို တိုင်းပြည်အတွက် အနစ်နာခံတယ်လို့ ကျုပ် မပြောဘူး။ သွေးမစုပ်ဘူး၊ မလိမ်ဘူး၊ ခင်ဗျားတို့ ဒီလိုသာ ကြပ်ကြပ်လုပ်၊ တစ်နေ့မှာ မိုးနဲ့မြေကို မှောက်လှန်ပစ်မယ့် မုန်တိုင်းကြီး တိုက်လာလိမ့်မယ်။ အဲဒီအခါမှာ မိုးရေထဲမှာ အမှိုက်သရိုက်တွေ မျောသွားသလို ခင်ဗျားတို့လည်း ကမ္ဘာမြေကြီးပေါ်က ပျောက်သွားလိမ့်မယ်။ အဲဒီအခါမှာ လူတွေတောင့်တပြီး လူတွေ မြတ်နိုးကြတဲ့ လွတ်လပ်မှုဆိုတဲ့ နေမင်းကြီး ထွန်းလင်းလာလိမ့်မယ်။ အဲဒါ ခင်ဗျားတို့ မြဲမြဲမှတ်ထားကြလို့ ပြောလိုက်ချင်တယ်"

"ဟုတ်တယ် သူငယ်ချင်း၊ ငါပြောချင်နေတာ ဒီစကားတွေပဲ၊ ဒါပေမဲ့ ငါမပြောတတ်ဘူး။ မင်း ကြိုးစားမှုတွေ အချည်းနှီးဖြစ်ရတဲ့အတွက်လည်း ငါလည်း စိတ်မကောင်းဘူး"

ဖိုးမာက ထခုန်ကာ ယာဇော့ပခုံးကို ဆွဲလှုပ်နေသည်။ သူ့မျက်လုံးများက တောက်ပနေသည်။ သူ့အသံက လှိုက်လှဲသည်။

"ဘာလို့ အချည်းနှီးဖြစ်ရမှာလဲ၊ မဖြစ်ဘူး၊ အချည်းနှီး မဖြစ်ဘူး"

ယာဇော့က အော်သည်။

ထိုအခိုက် တံခါးပွင့်လာကာ အပေါက်ဝတွင် မိန်းမတစ် ယောက်ရပ်နေသည်။ ဒေါ်သထွက်နေပုံရသည်။

"ဒီမှာ ယာဇော့၊ ရှင်တို့ဟာ နည်းနည်းတော့ လွန်လွန်းပြီ ထင်တယ်၊ အိမ်မှာ လူစိမ်းသူစိမ်းတွေ ခဏခဏလာပြီး ငြင်းကြခုံကြနဲ့ လာလုပ်ကြတာလဲ၊ ပြောစရာရှိရင်လဲ တိုးတိုးသက်သာ ပြောကြပါလား၊ ခုတော့ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ရှင်တို့ ဆူကြပူကြတာတွေကို ကျွန်မ

အောင့်အီးသည်းခံခဲ့တယ်။ ဒါပေမဲ့ ခု သည်းမခံနိုင်တော့ဘူး။ ရှင်တစ်ယောက်တည်း သဲကန္တာရကြီးထဲမှာ နေတာ မဟုတ်ဘူး။ လူတွေနဲ့နေတာ၊ အေးအေးချမ်းချမ်း နေချင်တယ်၊ ကျွန်မလည်း သိပ်နေကောင်းတာ မဟုတ်ဘူး။ သွားကိုက်လို့ မနေနိုင်ရတဲ့အထဲ ရှင်တို့က တဆူဆူနဲ့ ဒီတော့ မနက်ဖြန် ပြောင်းပေးပါ။ ဒါပဲ”

အမျိုးသမီးက မျက်နှာတစ်ခြမ်းကို လက်ကိုင်ပဝါနဲ့ စည်းထားသည်။ သွားကိုက်သဖြင့် စည်းထားခြင်း ဖြစ်သည်။ ဖိုးမာက ကုလားထိုင်တွင် ဝင်ထိုင်သည်။ ယာဇော့က ဘာမျှ မပြော။

“မနက်ဖြန် ပြောင်းပါ၊ ဒါပဲ”

အမျိုးသမီးက တံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်ပြီး အပြင်ဘက်မှ အော်သွားသေးသည်။

ယာဇော့က ကျိန်ဆဲကာ အရက်တစ်ခွက်ကို ငှဲ့၍ တစ်ကျိုက်ကျိုက် မော့ချလိုက်ပြီး ကုလားထိုင်ပေါ်သို့ ပစ်ထိုင်သည်။ အတန်ကြာ စကားမပြောမိကြ။

“စွာလိုက်တဲ့ မိန်းမကြီး”

ဖိုးမာက ပြောသည်။

“ဟေ့ကောင် စကားမပြောနဲ့ ရှုပ်တယ်၊ မင်းလည်း အိပ်တော့၊ ငါထပ်သောက်ဦးမယ်”

ယာဇော့က တစ်ယောက်တည်း သောက်နေသည်။ ဖိုးမာ တော်တော်နှင့် အိပ်မပျော်။ ယာဇော့ကို လှမ်းကြည့်သည်။ ယာဇော့က ပါးစပ်က တဖွဖွရွတ်ရင်း ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ယာဇော့ အားလုံးကို စိတ်တိုနေသည်။ ဤအထဲတွင် သူပါ အဆစ်ပါနေသည်။

စာရေးဆရာက လောကကြီးကို ကျိန်ဆဲနေသည်။ အံသွားတွေ ကြိတ်သည်။ လက်သီးဆုပ်သည့်အခါ ဆုပ်သည်။

“ဟေ့ကောင် သောက်မှာဖြင့် အပြင်ထွက်ပြီး သောက်မယ်ကွာ၊ ဆိုင်တွေ မပိတ်သေးဘူး”

ဖိုးမာက ခေါင်းထောင်ထသည်။

“လာ သွားမယ်၊ အခု သွားမယ်”

စာရေးဆရာက မူးသံဖြင့်ပြောရင်း တံတွေးကို ပျစ်ခနဲ ထွေးလိုက်သည်။

***

(၁၃)

ဦးနော က သဘော်ဦးမှရပ်၍ ပရိသတ်ကို ကြည့်သည်။ သူ့မျက်နှာက ရွှင်နေသည်။ သွေးရောင် လျှမ်းနေသည်။ မျက်လုံးများက တောက်ပနေသည်။ ဖိတ်ထားသည့် ဧည့်ပရိသတ် စုံလောက်ပြီ။ မင်္ဂလာ အချိန်လည်း ရောက်ပြီ။

"ကျောက်ကြိုး နှုတ်တော့ဟေ့"

စက်နှိုးလိုက်သဖြင့် သဘော်က တုန်ခါသွားသည်။ သဘော်ဦးတွင် 'မင်္ဂလာ'ဆိုသည့် စာလုံးကြီးများ ထင်းနေသည်။ 'မင်္ဂလာ' သည် မီးခိုးတလူလူဖြင့် ဥဩသံတစ်ညံညံဖြင့် ကမ်းမှခွာစပြုသည်။ ငွေငန်းတစ်ကောင်လို ကျက်သရေရှိသည်။

"သဘော်ကတော့ တကယ့်ကို လှတာပဲဗျို့၊ ရေပြင်ပေါ် ရုပ်တိုက်ခုတ်သွားပုံက အပျိုတော်ကလို ငြိမ့်နေတာပဲ"

ပွဲစား ဦးဖိုးနီက မှတ်ချက်ချသည်။

ထိုနေ့က မိုးအုံ့နေသည်။ ကောင်းကင်တွင် မိုးရိပ်တို့ ဆင်နေသည်။ မိုးတိမ်ရိပ်များသည် မှန်သားလို ငြိမ်နေသည့် မြစ်ပြင်တွင် အလှကြည့်နေကြသည်။ မှိုင်းအုံ့သော ကောင်းကင်နှင့် မြစ်ပြင်ကြောင့် သဘော်ဆေးသုတ်ထားသည့် 'မင်္ဂလာ' သည် ပိုလှနေသည်။ ပို၍ အရောင်တောက်နေသည်ဟု ထင်ရသည်။ သဘော်ကြီးက အဖြူသုတ်ထားပြီး ဇရာအနားပတ်ကို အနီမျဉ်းရစ်ထားသည်။ ဘောင်တွင် ဆေးနီသုတ်ထားသည့် ဇရာဝမ်းပေါက်များက မျက်လုံးများလို လက်နေကြသည်။

'မင်္ဂလာ'ကို မနေ့ကတစ်နေ့လုံး အပြီးသတ်ပြင်ဆင်ပြီးနောက် သဘော်ာပေါ်တွင် ဘုန်းကြီး ဆွမ်းကျွေးသည်။ ပရိတ်ရွတ်သည်။

ယနေ့တွင် လက်ရွေးစင် ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် အတူ မြစ်ညာသို့ ပျော်ပွဲစားထွက်မည်။ သဘော်ာပေါ်တွင် အရက်ဝိုင်းပါသည်။ ဖဲဝိုင်းပါသည်။ တီးဝိုင်းနှင့် အငြိမ့်လည်း ပါသည်။ 'မင်္ဂလာ' သဘော်ာပိုင်ရှင် ဦးနောက သဘော်ာလမ်း ဖွင့်သည့် အထိမ်းအမှတ် ကျင်းပခြင်း ဖြစ်သည်။

"ကဲ ... မိတ်ဆွေများ ခင်ဗျား၊ ထုံးတမ်းစဉ်လာအရ ပရိတ်တရားတော်များလည်း နာပြီးပါပြီ၊ ခုပွဲကတော့ မိတ်ဆွေများအတွက် သီးသန့်ကျင်းပခြင်းပါ၊ လွတ်လွတ်လပ်လပ် ပျော်နိုင်ပါတယ်။ စားနိုင်သောက်နိုင် ကစားနိုင်ပါတယ်။ သုံးဆောင်တော်မူကြပါ၊ ပျော်တော်မူကြပါ"

ဦးနောက အားလုံးကြားလောက်အောင် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ သို့ရာတွင် သူ့အသံသည် အုတ်အုတ်ကျက်ကျက် စကားသံတွေကြားထဲတွင် မြုပ်သွားသည်။ တချို့ ကောင်းကောင်း မကြားရ။ သို့ရာတွင် သူ မပြောခင်ကတည်းက ပျော်သူက ပျော်နေကြပြီ။ သောက်သူက သောက်နေကြပြီ။ မူးသူက မူးနေကြပြီ။

"ဟေ့ တီးဝိုင်းက တီးကွာ၊ 'အတိုင်းမသိ' ကို တီးစမ်း"

ပရိသတ်က ဘာမျှမပြောမိ ဦးနောက တီးဝိုင်းကို အမိန့်ပေးသည်။ စင်စစ် ဦးနော တေးဂီတကို ဘာမျှနားမလည်။ 'အတိုင်းမသိ' ဆိုသည့်သီချင်းသည် ဘာသီချင်းမှန်းလည်း သူမသိ။ သို့ရာတွင် မင်္ဂလာဆောင်များတွင် တီးသည့် သီချင်းဟု သူကြားဖူးသည်။ နားထောင်ဖူးသည်။ မင်္ဂလာဆောင်တွင် တီးလျှင် မင်္ဂလာရှိသော သီချင်းဖြစ်ရမည်ဟု သူနားလည်သည်။ ယခု သူ့'မင်္ဂလာ' သည် မင်္ဂလာခရီးထွက်နေပြီ။ ထို့ကြောင့် မင်္ဂလာရှိသော သီချင်းကို တီးရမည်။ ဆိုရမည်။ ဤအတွေးဖြင့် 'အတိုင်းမသိ' ကို တီးခိုင်းခြင်း ဖြစ်သည်။

မြို့မ တီးဝိုင်းက ဦးနော၏အမိန့်အတိုင်း 'အတိုင်းမသိ'ကို တီးသည်။

ကုန်သည်ပွဲစားအသင်းဥက္ကဋ္ဌ ဦးအာကာသည် သီချင်းလိုက်ဆိုနေသည်။ ဗိုက်ပူပူကြီးပေါ်တွင် လက်တင်ကာ လက်ချောင်းကလေးများဖြင့် ဗိုက်ကိုပုတ်ရင်း စည်းလိုက်သည်။ သို့ရာတွင် အသံက သံစဉ်မကိုက်။ စည်းချက်ကလည်း မညီ။

"ကဲ ... မိတ်ဆွေတို့ ထမင်းမသုံးဆောင်မီ အဖျော်ယမကာကလေး သုံးဆောင်ကြပါ။ ကြိုက်ရာ သောက်နိုင်ပါတယ်။ ရမ်ကြိုက်တဲ့လူက ရမ်၊ ဘီယာကြိုက်တဲ့လူက ဘီယာ၊ ထန်းရည်ကြိုက်တဲ့လူက ထန်းရည် သုံးဆောင်ကြပါ၊ သောက်ကြပါ"

ဦးနေဝက ဧည့်သည်တွေ ကြားတွင် လျှောက်သွားကာ တတွတ်တွတ် ပြောသည်။

ဧည့်ပရိသတ်က သိပ်မများလှ၊ တစ်ရာလောက်သာ ရှိသည်။ ရွေးကောက် ဖိတ်ထားခြင်းဖြစ်သည်။ အားလုံး မြို့မျက်နှာဖုံးများ၊ ထိပ်သီးကုန်သည်ပွဲစားများသာ ဖြစ်သည်။ ရှေးခေတ်အစဉ်အဆက်က လုပ်လာသည့် ကုန်သည်ပွဲစားကြီးများလည်း ပါသည်။ ဆံပင်တွေဖြူခေါင်းတွေ ပြောင်ကုန်ကြပြီ။ သူတို့က ရှေးဆန်ဆန် ဝတ်ထားကြသည်။ နောက်ပေါက်ကုန်သည်ပွဲစားများလည်း ပါသည်။ သူတို့က လူလတ်ပိုင်းလူငယ်ပိုင်းဖြစ်သည်။ ခေတ်နှင့်အညီ ဝတ်စားထားကြသည်။

သဘော်ာထွက်စတုန်းက ဦးပိုင်းတွင် စုနေကြသော်လည်း ဦးနေဝ၏ ဖိတ်ကြားချက်ကြောင့် ပထမတန်း အခန်းထဲသို့ ရောက်လာကြသည်။ ပထမတန်းခန်းတွင် စားပွဲတွေ ပြင်ပြီးပြီ။

လက်ဟောင်းပွဲစားကြီး ဦးလူဖေက မာယာခင်ကို လက်မောင်းကိုင်ရင်း ခပ်တိုးတိုး စကားပြောလာသည်။ သူ့စကားကြောင့် မာယာခင်က ပြုံးနေသည်။ ပျော်ပွဲစားသို့ ဖိုးမာလည်း ပါလာသည်။ သူ့မွေးစားအဖေ မာယာခင် ခေါ်၍လိုက်လာခြင်းဖြစ်သည်။ သို့ရာတွင် သူစက်ဆုပ်သည့် ဤလူအုပ်ထဲတွင် စကားပြောဘက်ဆို၍ ဖိုးမာအဖို့ တစ်ယောက်မျှရှာမတွေ့။ မျက်နှာဖြူရော်ကာ မှုန်ကုပ်နေသည်။

လွန်ခဲ့သည့် နှစ်ရက်လုံးလုံး ယာဇော့နှင့်အတူ အရက်ကို မိုးမလင်း သောက်ခဲ့သည်။ နှစ်ရက်ဆက်တိုက် သောက်ခဲ့သည့်အရှိန် ကြောင့် ကွဲထွက်တော့မတတ် ခေါင်းကိုက်နေသည်။ တီးဝိုင်းမှ တီးမှုတ် သံ၊ စကားပြောသံ၊ သဘော်ာစက်သံများကြောင့် ပြတ်ထွက်တော့မတတ် အာရုံကြောတွေ တင်းနေသည်။ ကုန်သည်ပွဲစား အထက်တန်းစား အသိုက်အဝန်းထဲ၌ ဖိုးမာသည် ဥဒေါင်းတို့အလယ်တွင် ရောက်နေသည့် ကျီးတစ်ကောင် ဖြစ်နေသည်။

ဖိုးမာ ဘာကိုမျှ စိတ်မဝင်စား။ လူမှန်းမသိအောင် အရက်မူးပစ်လိုက်ချင်စိတ်သာ ရှိသည်။ သူ့မွေးစားအဖေသည် ယနေ့ သူ့အပေါ်တွင် ဘာကြောင့် ဤမျှသဘောကောင်းနေရသနည်း။ ကြည်သာ နေရ

သနည်း။ ဘာကြောင့် သူ့ကို ဤပျော်ပွဲစားသို့ မရအရ ခေါ်လာခဲ့ရသနည်း။ ဦးနော၏ သင်္ဘော ရေလမ်းဖွင့်သည့် အခမ်းအနားသို့ သူ့ကို ဘာကြောင့် တောင်းတောင်းပန်ပန် ပင့်ဖိတ်လာရသနည်း။ ဤအချက်ကို ဖိုးမာ နားမလည်နိုင်။ လုံးဝ နားမလည်နိုင်။

ပရိတ်တရားနာတုန်းက သူ့တို့အလယ်တွင် ဖိုးမာ ရောက်နေသည်။ သူတို့ မျက်နှာများက တကယ့်ဥပသကာ မျက်နှာမျိုးဖြစ်သည်။ လေးနက်တည်ငြိမ်သော အသံများဖြင့် သာဓုအနုမောဒနာ ပြုကြသည်။ ငါးပါးသီလ ခံကြသည်။ သူ့ဘေးပတ်ဝန်းကျင်က လူတွေ လုပ်နေပုံနှင့် သူတို့ဘဝကို စဉ်းစားရင်း ဖိုးမာ ရယ်ချင်သည်။ ဟားတိုက်ရယ်ချင်သည်။

ဥပမာ ဦးလူဖေ။

ဦးလူဖေ့ အကြောင်းကို ဖိုးမာ သိသည်။ တစ်မြို့လုံးလည်း သိသည်။ အစတုန်းက ဦးလူဖေက ဘုံဆိုင် ကန်ထရိုက် ဖြစ်သည်။ တိတ်တိတ်ပုန်း ဘိန်းခန်းရှိသည်။ ပျော်ပါးသည့် တောကုန်သည်တစ်ယောက်ကို အဆိပ်ခတ်သတ်ခဲ့သည့် ကိစ္စတွင် သူ့လက်ချက်မကင်းဟု အရပ်က ပြောကြသည်။ သူ့တပည့်တချို့ ထောင်ကျကြသည်။ သို့ရာတွင် ဦးလူဖေက ဘာမှ မဖြစ်။ မြို့မျက်နှာဖုံး ဖြစ်လာသည်။ လူချမ်းသာတစ်ဦး ဖြစ်လာသည်။

နောက်တစ်ယောက်က ဦးတုတ်ပေါ။

ဦးတုတ်ပေါက အစတုန်းက ဝါပွဲစားကလေး ဖြစ်သည်။ နောက်တော့ ဝါပွဲစားကြီး ဖြစ်လာသည်။ တောင်သူများ၏ ဝါများကို ပင်ထောင်ပေး ပေး၍ ဈေးနှိမ်ဝယ်သည်။ ဝါတွေ လှောင်ထားခိုက် ဈေးကျနှင့်မိသဖြင့် နှစ်ကြိမ် စီးပွားပျက်ဖူးသည်။ သို့ရာတွင် သိပ်မကြာ။ စီးပွားပြန်တက်လာသည်။ မည်သို့မည်ပုံ စီးပွား ပြန်တက်သည်ကို မည်သူမျှမသိ။ တချို့ကတော့ ဘိန်းကုန်ကူးသဖြင့် စီးပွားအတက်မြန်သည်ဟု ပြောကြသည်။ သူများမယားကို ကြာခိုခဲ့ဖူးသည်။ တစ်ယောက် တည်းမဟုတ်။ နှစ်ယောက် သုံးယောက်လောက် ရှိသွားပြီ။

နောက်တစ်ယောက်က 'မင်္ဂလာ' ပိုင်ရှင် ဦးနော။

မီးအာမခံထားသော ပစ္စည်းကို မီးရှို့၍ အာမခံကြေးတောင်းသဖြင့် တရားစွဲခံရဖူးသည်။ ငယ်ငယ်တုန်းက အိမ်တက်မှုဖြင့် ထောင်ကျဖူးသည်ဟုလည်း ပြောကြသည်။ မကြာခင်က အစေခံမကလေး တစ်ဦးကို ခြေတော်တင်ရာတွင် ဗိုက်ပေါ်လာသဖြင့် တရားစွဲခံနေရသည်။ ယခုတိုင် အမှုမပြီးသေး။

နောက်တစ်ယောက်က ဦးကျော်ဖေ။

သူလည်း အစေခံကို ခြေတော်တင်မှုဖြင့် နှစ်ခါ တရားစွဲခံရဖူးသည်။ အစေခံမကလေး တစ်ယောက်ကို မယားစရိတ်နှင့် သားစရိတ် ပေးနေရသေးသည်။

ဖိုးမာ သိသလောက်ပြောရလျှင် သူတို့အားလုံးလောက် နီးနီး ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြဖူးသူများ ဖြစ်သည်။

သူတို့အားလုံး ဦးနောကို မနာလိုဝန်တို ဖြစ်နေကြသည်။ ဦးနောက လာဘ်မြင်သည်။ ခြေလှမ်းကျယ်သည်။ နှစ်တိုင်း နှစ်တိုင်း သင်္ဘောသစ်တစ်စီး ထပ်ဝယ်ကာ သင်္ဘောလမ်းသစ်တစ်ခု ဖွင့်နိုင်သည်။ 'မင်္ဂလာ' က ဦးနော၏ တစ်ဒါဇင်မြောက် သင်္ဘောဖြစ်သည်။ သူတို့ အချင်းချင်း ကြားတွင် ဂုဏ်ပြိုင်စရာတွေ ရှိနေသည်။ အရောင်းအဝယ် လုပ်ငန်းသည် သူတို့အဖို့ စစ်တလင်းကြီးတစ်ခု ဖြစ်သည်။ ထိုစစ်တလင်းပေါ်၌ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တိုက်ကြ ခိုက်ကြသည်။ ပစ်ကြ ခတ်ကြသည်။ တစ်ယောက်အကြောင်းကိုတစ်ယောက် ချေးခါးအူမကျန် သိကြသည်။ တစ်ယောက်စာရိတ္တကို တစ်ယောက် သိကြသည်။ မွေ့မွေ့ချင်း ခြေမြင်ကြသည်။

သို့ရာတွင် ယခု ဦးနော၏ 'မင်္ဂလာ' သင်္ဘောပေါ်၌ကား သူတို့ အားလုံး တစ်ပေါင်းတစ်စည်းတည်း ဖြစ်နေကြသည်။ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်နေကြသည်။ တစ်လေတည်း တစ်သံတည်း ထွက်နေကြသည်။ အစိုင်အခဲကြီးတစ်ခု အဖြစ် ဖွဲ့စည်းထားသည်။ ထိုအစိုင်အခဲကြီးကို ကြည့်၍ ဖိုးမာ စက်ဆုပ်သည်။ ရွံမုန်းသည်။ ရှက်သည်။

သူ့ဘေးတွင် ကုန်သည်ကြီးများ၊ ပွဲစားကြီးများ၊ တရားနာနေကြသည်။ ကျယ်ကျယ်လောင်လောင် သာဓုခေါ်နေကြသည်။ ဒုစရိုက် အများဆုံးလုပ်သူ၏ သာဓုသံသည် အကျယ်လောင်ဆုံး ဖြစ်သည်ဟု ဖိုးမာ ထင်သည်။ မျက်နှာကတော့ ဥပသကာ။ ဝမ်းထဲက လူယုတ်မာ။

"ကြောင်သူတော်ကြီးတွေ"

ကိုယ့်ကိုယ်ကို အားတင်းသည့်အနေဖြင့် ဖိုးမာ ပါးစပ်က ရွတ်သည်။ သူ့အသံသည် သာဓုသံတွေ ကြားထဲတွင် ပျောက်သွားသည်။

ဦးဖိုးရှင်း မေတ္တာသုတ်ကို ရွတ်နေသည်။ ဖိုးမာ မကြားချင် တော့။ မကြားတော့။ မျက်လုံးတစ်ဖက် လပ်သဖြင့် ကျောက်မျက်လုံး တပ်ထားသည့် ဦးဖိုးရှင်း၏ မျက်နှာကို သေသေချာချာ ကြည့်၍ ခွေး ပါးစပ်က နတ်စကားထွက်သည်ဟု မိုက်မိုက်ရိုင်းရိုင်း ပြောပစ်လိုက်ချင်

သည်။ သူက မည်သူ့ကိုများ မေတ္တာထား၍ မေတ္တာသုတ်ကို ရွတ်ပိုင်ခွင့်ရှိသနည်း။ မေတ္တာသုတ်ကို မေတ္တာထားသူတို့ ရွတ်ပိုင်ခွင့်မရှိဟု ဘုရားရှင်က ပညတ်တော်မူခဲ့လျှင် ကောင်းလေစွဟု ဖိုးမာ တောင့်တမိသေးသည်။ စိတ်မနှံ့သည့် ညီအရင်းခေါက်ခေါက်က မွေးသည့် ကလေးများ သူတောင်းစား မဖြစ်ရုံတစ်မယ် ဖြစ်နေသည်ကို လက်ပိုက်ကြည့်နေနိုင်သည့် ဦးဖိုးရှင်း။ ဥာတကာ နဥ္စသင်္ဂဟောလောက်ကိုမျှ မလုပ်နိုင်သည့် ဦးဖိုးရှင်း။ ယခုတွင် ဦးဖိုးရှင်းက မေတ္တာသုတ်ကို ရွတ်သည်ဆိုတော့ ဖိုးမာ ဒေါသထွက်သည်။ အရွဲ့တိုက်၍ နားနားကပ်ကပ် ရယ်ပစ်လိုက်ချင်သည်။ ကျောက်မျက်လုံးကြီးကို ကြည့်၍ "မေတ္တာသုတ်ဆိုတာ လောဘ ဒေါသ မောဟတွေ လောင်မြိုက်နေတဲ့ ခင်ဗျားလိုလူမျိုးရဲ့ နှလုံးသားက ထွက်မလာနိုင်ဘူးဗျ။ အေးမြတဲ့ မေတ္တာဓာတ်ရှိတဲ့ ရင် ကသာ ထွက်လာနိုင်တယ်။ မေတ္တာသုတ်ကို ခင်ဗျား ရွတ်ခွင့်မရှိဘူး"
ဟု ပြောလိုက်ချင်သည်။

"လူလိမ်ကြီးတွေ၊ လူကောက်ကြီးတွေ"

ဖိုးမာ တတွတ်တွတ် ရွတ်နေသည်။ လူဆိုးများအား ကျိန်ဆဲခြင်းကို မေတ္တာပို့သည်ဟု ခေါ်၍ရလျှင် ထိုနေ့က ဖိုးမာ ကုသိုလ်တွေ အများကြီး ရလိမ့်မည်။

လောကသည် တော်တော်ဆန်းသည်။ ဘုရားစကား၊ တရားစကားတွေ ဉာဏ်မှူ ပြောနိုင်လျက်နှင့်လည်း အကြင်နာတရား ခေါင်းပါးကြသည်။ အကြင်နာတရား ခေါင်းပါးကြလျက်နှင့်လည်း ဘုရားစကား တရားစကားကို မှင်နှင့်မောင်းနှင့် ခပ်တည်တည် ပြောနိုင်ကြသည်။ လောက ပရိယာယ်သည် ရိုးရိုးကလေးနှင့် နားမလည်နိုင်လောက်အောင် ဆန်းသည်။

သူတို့ကိုကြည့်တော့ ဟန်မပျက်။ တစ်သက်တွင် မကောင်းမှုဆို၍ မြူမျှမလုပ်ခဲ့ဖူးသည့် ဥပသကာ ပုံမျိုးတွေ ဖြစ်သည်။ မျက်နှာကြီးတွေ အဆီတွေ အစ်နေသည်။ ဗိုက်ကြီးတွေက ရွဲနေသည်။ ရယ်သံတွေက ထမင်းဝဝစားရသူ (အရက်ဝဝ သောက်ရသူဟုလည်း ဆိုနိုင်သည်) တို့၏ ရယ်သံ ဖြစ်သည်။

တီးဝိုင်းမှ နောက်သီချင်းတစ်ပုဒ်ကို တီးနေသည်။ ထိုင်ဆိုအငြိမ့်မင်းသမီးက အသံကောင်းသည်။ ရုပ်ချောသည်။

အရက်ဝိုင်းတွင် မင်းပရိသတ် စည်စပြုပြီ။

ပထမတော့ ဣန္ဒြေနှင့် သောက်ကြသည်။ အားနာပါးနာ ဝတ်

ကျောတမ်းကျောဟန်ဖြင့် သောက်ကြသည်။ နှစ်ခွက်သုံးခွက်လောက် ဝင်တော့ ဟန်တွေ ဣန္ဒြေတွေ မရှိတော့။ ကျယ်ကျယ်လောင်လောင် ရယ်သူက ရယ်သည်။ မဆိုတတ် ဆိုတတ်ဖြင့် လိုက်ဆိုသူက ဆိုကြသည်။ အငြိမ့်မင်းသမီးနှင့် တွဲကမည်ဟု အော်သူက အော်သည်။

စားပွဲပေါ်သို့ ကြက်ကြော်များနှင့် ပုစွန်တုပ်ကြော်များ ရောက်လာသည်။

"သဘော်ကြီးကတော့ နည်းတဲ့ သဘော်ကြီး မဟုတ်ဘူးဗျ။ အစိုးရ သဘော်ကို ပြိုင်ဆွဲနိုင်တယ်" ဦးတုတ်ပေါက ကြက်ကြော်ကို လှမ်းဖဲ့ရင်း သစ်စက်ပိုင်ရှင် ဦးနီတာကို လှမ်းပြောသည်။

ဦးနီတာက သူ့စကားကို ဂရုမစိုက်။ သူအကြိုက်ဆုံး ငါးသလောက် ဥကြော် ပန်းကန်က သူနှင့်မမီတမီဖြစ်နေသည်။ ရှေ့တွင် အရက်ပုလင်းတွေ ထောင်ထားသဖြင့် ပုလင်းတွေ ခိုက်မိကာ လဲကျကုန်မည်လည်း စိုးရသေးသည်။ ငါးသလောက်ဥကြော် ပန်းကန်ကို သတိကြီးစွာ လှမ်းနှိုက်နေရသဖြင့် သူ့ကို စကားပြန် မပြောနိုင်။

ဦးနော၏ နောက် ခပ်လှမ်းလှမ်းတွင် အရက်စည်ပိုင်းကြီး ရှိသည်။ ရမ်၊ တောအရက်၊ ဝီစကီ၊ ဘီယာတို့ ရောစပ်ထားသည်။ သံပုရာသီးတွေကို ပါးပါးလှီးထည့်ထားသည်။ ပူစီနံရွက်တွကိုလည်း စင်းခပ်ထားသည်။ အရက်နံ့၊ သံပုရာနံ့၊ ပူစီနံနံ့တို့ မွှေးနေသည်။ အရက်ခပ်ရန် စည်ပိုင်းတွင် ငွေဖလားကြီးတစ်လုံး ထည့်ထားသည်။ ငွေဖလားပေါ်တွင် ဘုရားဟော ဇာတ်တော်များကို ပန်းကွဲရုပ် ထုထားသည်။

"သုံးဆောင်ကြဗျနော် အားမနာနဲ့၊ အလုံအလောက် ပါတယ်။ အမြည်းလည်း အစုံပါတယ်။ ဝက်မစားတဲ့လူ ဆိတ်သားနဲ့ ကြက်သားပါတယ်"

"သဘော်ကြီးကတော့ အိမ်ကြီးတစ်ဆောင်ပါပဲဗျာ၊ အမှန်က အိမ်တက် ပရိတ်နာလိုက်ဖို့ပဲ ကောင်းတော့တယ်။ ဗျို့ ... ဦးမာခင် ဘာသောက်မလဲ ဘီယာလား"

ဦးတုတ်ပေါက မာယာခင်ကို လှမ်းမေးသည်။

"ဟဲ ... ဟဲ ကျုပ်က ဘီယာနဲ့ မရဘူးဗျ၊ ချဉ်ချဉ်မူးမူးကလေးမှ"

မာယာခင် လှမ်းကြည့်သည်။ စားပွဲထိပ်တွင် ခပ်ကုပ်ကုပ် ထိုင်နေသည့် ဖိုးမာနှင့် မျက်လုံးချင်း ဆုံမိသည်။

"ခိုသားကြော်ပေးပါ ခိုသားကြော် ကျုပ်က အရက်မြည်းရင် ခိုသားကြော်နဲ့မှ"

တစ်ယောက် အော်သည်။

"တီးဝိုင်းက ဘာလုပ်နေတာလဲ၊ ဘုန်းမိုးသွန်းလောင်းတီးပါ"

"မလိုချင်ဘူး။ ရှေးသီချင်းတွေ မလိုချင်ဘူး။ အိစက်ညက်ညော တယ် ဖဲမွေ့ယာပေါ်ဝယ် လုပ်ဟေ့"

တီးဝိုင်းက သီချင်းတစ်ပုဒ်ကို ကောက်တီးသည်။ ဘာသီချင်း မှန်း မသိ၊ သူတို့ပြောသည့် သီချင်းတော့ မဟုတ်။

စက်သံများက တဂျုန်းဂျုန်း မြည်နေသည်။ ရေယက်ကြီးများ ကလည်း မြည်နေသည်။ ဂီတသံကလည်း ဆူညံနေသည်။ နှဲသံ၊ ပတ္တ လားသံ၊ ခြောက်လုံးပတ်သံ၊ ဝါးသံ၊ စည်းသံ အစုံပါသည်။ ထိုအသံများ သည် လေပွေကြီးတစ်ခုလို သင်္ဘောနောက်တွင် လွင့်ပျံကျန်ရစ်ခဲ့သည်။

"ကျုပ်ဆီက ချေးသွားတဲ့ငွေတွေ ပြန်မပေးတာ ခင်ဗျားကို ကျုပ် မကျေနပ်ဘူး မှတ်ထား"

တစ်ယောက် ဒေါသတကြီး ပြောနေသည်။

"ဗျို့လူ၊ ဒီစကားမျိုး ပြောစရာ နေရာမဟုတ်ဘူးဗျ။ ပွဲရုံမှာ အရောင်းအဝယ်လုပ်နေတာ မဟုတ်ဘူး။ ပျော်ပွဲစား ထွက်နေတာ"

"မိန့်ခွန်းပြောပါဗျို့၊ မိန့်ခွန်း မိန့်ခွန်း"

"ဟေ့ တီးဝိုင်းက ဆူတယ်ကွ ရပ်"

"ခင်ဗျား ပိုက်ဆံလိုချင် မနက်ဖြန် ပွဲရုံလာခဲ့"

စောစောက အကြွေးကိစ္စ ပြောနေသည့် ဝိုင်းမှ အသံဖြစ်သည်။

"မင်းသမီး သီချင်းဆိုဟေ့၊ ခြင်ထောင်ထဲမှာ နားထောင်ရင် တော်တော် နားထောင်ကောင်းမယ့် အသံပဲ"

"မိန့်ခွန်းပြောပါ၊ မိန့်ခွန်းပြောပါ"

"ကြက်ဥကြော် ရဦးမလား"

"ဗျို့ ဦးမာခင်၊ မိန့်ခွန်းပြောပါဗျို့"

"ကျုပ် အခန်းထဲဝင်သွားတော့ ကောင်မလေးက အိပ်ပျော်နေ တယ်ဗျ။ အဝတ်အစား မကပ်ဘူး၊ ကိုယ်တုံးလုံးချည်း ဟီး … ဟီး"

"ကိုအီဆာက စိန်တုတွေ လာပေါင်လို့ဆို"

"ဦးမာခင် စကားပြောပါဗျို့"

"လူကြီးမင်းများ ခင်ဗျား တစ်ဆိတ်ငြိမ်ကြပါ၊ စကားမပြောကြ ပါနဲ့၊ ဦးမာခင်က မိန့်ခွန်းပြောပါလိမ့်မယ်"

ရုတ်တရက် ငြိမ်သွားသည်။

"ကောင်မက တွယ်ချိတ်နဲ့ ထိုးတယ်ဗျ၊ နာလိုက်တာဗျာ"

ပြောတုန်းကတော့ တိုးတိုးဖြစ်သည်။ သို့ရာတွင် ရတ်တရက် ငြိမ်ကျသွားသဖြင့် ထိုအသံ ဇက်မသတ်နိုင်ဘဲ တန်းလန်းကျန်နေရစ် သည်။

မာယာခင်က စားပွဲထိပ်တွင် မတ်တပ်ရပ်ပြီး ချွဲရှင်းသည်။ ခေါင်းပြောင်ကြီးကို လက်ဖြင့်ပွတ်ရင်း ပရိသတ်ကို ကြည့်သည်။

"တစ်ဆိတ် နားထောင်ကြပါ ခင်ဗျား၊ ဦးမာယာခင် မိန့်ခွန်း ပြောပါလိမ့်မယ်"

သဘော်ာပိုင်ရှင် ဦးနေဒကာ ပြောသည်။

"မိတ်ဆွေများ ခင်ဗျား"

မာယာခင်က စ၍ မိန့်ခွန်းပြောသည်။ သူ့မိန့်ခွန်းက 'မင်္ဂလာ' သဘော်ာနှင့် ဦးနေဒကာကို အမွှန်းတင်သည်။ တိုင်းရင်းသားတွေ ဖောင်သမား ဘဝက သမ္ဗန်သမား သမ္ဗန်ပိုင်ရှင်ဘဝ၊ သမ္ဗန်ပိုင်ရှင်ဘဝက သဘော်ာပိုင် ရှင်ဘဝသို့ တိုးတက်လာပုံကို ရာဇဝင် ခင်းသည်။

"ကျုပ်တို့ အဘိုး အဘေးတွေ လက်ထက်က ကျုပ်တို့ လူမျိုး တွေထဲမှာ သဘော်ာပိုင်ဆိုလို့ ရှိဖူးသလား။ ဖောင်စီးလိုက်ရတယ်။ လှေ ထိုးသား လုပ်ခဲ့ကြရတယ်။ ကျုပ်တို့ အဖေတွေ လက်ထက်ကျတော့ သမ္ဗာန်ပိုင်ရှင်တွေ ဖြစ်လာပြီ။ ခု ကျုပ်တို့လက်ထက်ကျတော့ သဘော်ာ ပိုင်ရှင်တွေ ဖြစ်လာတယ်။ ကျုပ်တို့ကုန်သည်ပွဲစားတွေဟာ အစိုးရ သဘော်ာတွေနဲ့ ပြိုင်ရမယ်။ နိုင်ငံခြား ကုမ္ပဏီပိုင် သဘော်ာတွေနဲ့လည်း ပြိုင်ရမယ်။ သူက တစ်ကျပ်ယူရင် ကိုယ်က သုံးမတ်ယူ မယ်။ ခရီးသည် တွေ သက်သာချောင်ချိရေးကို ဂရုစိုက်ရမယ်။ သဘော်ာစက်တွေ မပျက် အောင် သဘော်ာသန့်ရှင်းနေအောင် အမြဲဂရုစိုက်ရမယ်။ ဒါမှ ကျုပ်တို့ဟာ အစိုးရသဘော်ာနဲ့ လူမျိုးခြား ကုမ္ပဏီပိုင် သဘော်ာတွေကို အနိုင်ရမယ်"

မာယာခင်က ပရိသတ်ကို အကဲခတ်သည်။ ငြိမ်နေပုံကို ထောက်လျှင် ပရိသတ် သူ့စကားကို စိတ်ဝင်စားနေပြီ။

"ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့ စကားရှိတယ်။ အလုပ်တစ်ခုလုပ်ရင် ကံရှိရမယ်။ ဉာဏ်ရှိရမယ်။ ဝီရိယရှိရမယ်ဆိုတဲ့ သဘောပဲ။ ကျုပ် ကတော့ ကံ၊ ဉာဏ်၊ ဝီရိယ၊ ငွေလို့ ပြောချင်တယ်။ ကံ၊ ဉာဏ်၊ ဝီရိယ ရှိပြီး ငွေမရှိရင် ကျုပ်တို့ သဘော်ာမတည်နိုင်ဘူး။ ကံလည်းရှိ၊ ဉာဏ်လည်း ရှိ၊ ဝီရိယလည်းရှိ၊ ငွေလည်းရှိရင် ကျုပ်တို့ဟာ သဘော်ာတည်ရုံမကဘူး တိုင်းပြည်ကြီးပါ တည်နိုင်တယ်။ သဘော်ာဝယ်ရုံမကဘူး တိုင်းပြည်ကြီး ပါ ဝယ်နိုင်တယ် မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ တိုင်းပြည်ကြီးကို ဝယ်ယူမယ်၊ ဟား ဟား "

ပရိသတ်က အော်သည်။

"ဟုတ်တယ်၊ တိုင်းပြည်ကြီးကို ကျုပ်တို့ဘာလို့ မဝယ်နိုင်ရ မလဲ၊ ကျုပ်တို့ ကုန်သည်ပွဲစားဆိုတာ သိပ်စာပေတွေ၊ ခေတ်ပညာတွေ တတ်ကြတာ မဟုတ်ဘူး။ ဘယ်တတ်ကြမလဲ။ ကျုပ်တို့ အဖေတွေ၊ အဖိုးတွေဟာ ဖောင်သမားတွေ၊ သမ္ဗန်သမားတွေ မဟုတ်လား၊ ဒါပေမဲ့ ကျုပ်တို့ ဘာဖြစ်လို့ ဒီအခြေ ရောက်လာရသလဲ၊ ကံ၊ ဉာဏ်၊ ဝီရိယ၊ ငွေ ဆိုတဲ့အကြောင်းလေးပါးကြောင့် ဒီအခြေ ရောက်လာကြရတာ၊ ကျုပ် အဖိုးဟာ ဖောင်သမား၊ ကျုပ်လက်ထက်ကျတော့ ကျုပ်လည်း သင်္ဘော ဝယ်နိုင်ပြီ၊ နောင်ဆိုရင် ကျုပ်တို့တိုင်းပြည်ကို ဝယ်ယူမယ်။ ကျုပ်တို့ လက်ထက်မှာ မဝယ်နိုင်တောင် ကျုပ်တို့ သားသမီးတွေ လက်ထက်မှာ ဝယ်နိုင်အောင်လုပ်ရမယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ကြီးပွားလာကြရတာ မဟုတ်ဘူးလား"

မာယာခင်က အရက်ခွက်ကို ကောက်၍ တစ်ကျိုက်မော့သည်။

"ကျုပ် အင်္ဂလိပ်စာ ကောင်းကောင်း မတတ်ပါဘူး။ ဒါပေမဲ့ ခေတ်ပညာတတ်တွေ ပြောပြောနေတဲ့ အင်္ဂလိပ်စကားတစ်လုံးတော့ ကျုပ် ကြားဖူးတယ်။ အဲဒီ အင်္ဂလိပ်စကားလုံးက 'ကာလတီဗေးရှင်း' တဲ့၊ ဒီတော့ ခေတ်ပညာမတတ်တဲ့ ကျုပ်က ဒီနေ့ အဲဒီ 'ကာလတီဗေးရှင်း' ဆိုတဲ့ စကားလုံးအကြောင်းကို နည်းနည်းပြောချင်တယ်။ ဒါဟာ ကျုပ် ခုနက ပြောခဲ့တဲ့ တိုင်းပြည်ကို ဝယ်မယ်ဆိုတဲ့ စကားနဲ့ ဆက်နေတယ်"

မာယာခင်က နှုတ်ခမ်းကို တပျပ်ပျပ်မြည်အောင် လျှက်သည်။ ပရိသတ်က အရက်သောက်ရင်း နားထောင်သည်။

"သတင်းစာတွေက ရေးကြတယ်၊ ကျုပ်တို့ ကုန်သည်ပွဲစား တွေမှာ 'ကာလတီဗေးရှင်း' မရှိဘူးတဲ့၊ ကျုပ်တို့ဟာ ဘာမှ နားမလည်ဘူး တဲ့၊ နားလည်ချင်တဲ့ ဆန္ဒလည်း မရှိဘူးတဲ့၊ ကျုပ်တို့ဟာ စာမတတ် ပေမတတ်တွေတဲ့။ မယဉ်ကျေးတဲ့ သူတွေတဲ့။ ကျုပ်တို့က ရှေးလူ၊ တော သား၊ ဒီတော့ ကျုပ် မခံချင်ဘူး။ 'ကာလတီဗေးရှင်း' မရှိဘူး မရှိဘူးလို့ ပြောတာ ဘာလဲ၊ ငါ့ကို နှိမ်တာ ဖြစ်မှာပဲဆိုပြီး ခံပြင်းလာတယ်။ ဒါနဲ့ တစ်နေ့တော့ ကျုပ် အဘိဓာန်ဘုတ်အုပ် ထူထူကြီးကို လှန်ပြီး ဒီစကားရဲ့ အဓိပ္ပာယ်ကို ရှာကြည့်တယ်၊ ဒီဘုတ်အုပ်ကြီးမျိုးကို ဒီတစ်ခါပဲ ကိုင်ဖူးပါ တယ်၊ ဘုရားစူးပါစေ့။

"ဘုတ်အုပ်ကြီး မကိုင်ဖူးတော့ ဘာဖြစ်သလဲ၊ ဘုတ်အုပ်ကိုင်နေလို့ သဘော်ဝယ်လို့ရသလား၊ တိုင်းပြည်ဝယ်လို့ ရသလား။

"မရဘူး၊ အဲဒါကို ကျုပ်ပြောမလို့ဘဲ၊ ဒါနဲ့ အဘိဓာန် ဘုတ်အုပ်ထဲကြည့်တော့ 'ကာလတီဗေးရှင်း' ဆိုတာ မူလအဓိပ္ပာယ်က လယ်မြေကိုထွန်ယက်စိုက်ပျိုးတာတဲ့၊ နောက်တစ်ဆင့် အဓိပ္ပာယ်က လူ စိတ်ဓာတ်အပြုအမူကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်တာတဲ့၊ နောက်တစ်ဆင့်အဓိပ္ပာယ်က စည်းကမ်းသေဝပ်မှု၊ ပြည့်စုံမှုတိုးတက်ကောင်းမွန်မှုကိုလိုလားတာ၊ အဲဒါတွေကို ချစ်မြတ်နိုးတာ၊ အဲဒါတွေကိုရအောင်တဖြည်းဖြည်း တဖြည်းဖြည်း ကြိုးစားအားထုတ်တာတဲ့၊ ဒီတော့ ကျုပ်ဖာသာကျုပ် အဓိပ္ပာယ် ပြန်ကြည့်တယ်။ လက်စသတ်တော့ 'ကာလတီဗေးရှင်း' ဆိုတဲ့ စကားဟာ အပင်ကလေး တစ်ခုကို စိုက်၊ အဲဒီ အပင်ကလေးကို မြေတောင်မြှောက်၊ ရေလောင်း၊ မြေဩဇာကျွေး၊ အသီးအပွင့်တွေဝေလာအောင် လုပ်တာမျိုးပါလားလို့ သဘောပေါက်တယ်၊ လယ်သမားစကားနဲ့ ပြောရရင် ပြုစုပျိုးထောင်တာပေါ့ဗျာ"

ပရိသတ်က ခေါင်းညိတ်သည်။

"ဒီတော့ 'ကာလတီဗေးရှင်း' ရှိတဲ့လူဆိုတာ ပြုစုပျိုးထောင်တတ်တဲ့လူ၊ စနစ်တကျရှိမှုနဲ့ တိုးတက်မှုကို ချစ်မြတ်နိုးတဲ့လူ၊ အဲဒါတွေကို ဖြစ်အောင် လုပ်တဲ့လူ၊ လူ့ဘဝကို ချစ်ပြီးတော့ လူ့ဘဝရဲ့ တန်ဖိုးကိုနားလည်တဲ့လူ၊ ကိုယ့်တိုင်းပြည်ကို ချစ်ပြီး ကိုယ့်တန်ဖိုးကို နားလည်တဲ့လူလို့ ကိုယ့်ဖာသာကိုယ် ဘာသာပြန်ကြည့်တယ်။ ကျုပ်တို့က တောသားဆိုတော့ ဘာသာပြန် မှားရင်လည်း မှားမပေါ့ဗျာ"

မာယာခင်က ခေတ်လူငယ် ကုန်သည်ပွဲစားများ ဘက်သို့လှည့်ပြောသည်။

"ဒီတော့ 'ကာလတီဗေးရှင်း' ဆိုတဲ့ စကားဟာ ကျုပ် ဘာသာပြန်တဲ့အတိုင်း အဓိပ္ပာယ်ထွက်ရင် (ဒီအတိုင်းပဲ ထွက်ရမှာပဲဗျ။) ကျုပ်တို့ကို 'ကာလတီဗေးရှင်း' မရှိဘူးလို့ ဆဲရေးတိုင်းထွာနေတဲ့ ခေတ်ပညာတတ်တွေဟာ စကားလုံးလေးကိုသာ ချစ်နေကြပြီး အဓိပ္ပာယ်ကို မချစ်တဲ့လူတွေ ဖြစ်နေတယ်။ အဲဒီလို ဘာသာပြန်ရင် ကျုပ်တို့သာလျှင် အဲဒီစကားလုံးရဲ့ တကယ့်အရင်းအမြစ်၊ အနှစ်သာရ တကယ့် သဘောဓမ္မစစ်ကို တကယ်သဘောပေါက်ပြီး ကျုပ်တို့ဟာ တကယ်နားလည်တဲ့ လူတွေ ဖြစ်တယ်။ သူတို့ နားမလည်ဘူး၊ ကျုပ်တို့က အလုပ်ကို ချစ်မြတ်နိုးတယ်။ အလုပ်ရဲ့ဂုဏ်ကို လေးစားတယ်။ တိုင်းပြည်ကြီးကို ချစ်တယ်။

ဘဝကို တန်ဖိုးထားကိုးကွယ်တယ်။ သူတို့က အလုပ်ကို မချစ်ဘူး။ တိုင်းပြည်ကို မချစ်ဘူး၊ ဘဝကို တန်ဖိုးမထားဘူး၊ သူတို့က စကားပဲ ပြောတတ်တယ်။ ကျုပ်တို့က တကယ်အလုပ်လုပ်တယ်၊ ဘယ်သူငြင်းမလဲ"

မာယာခင်အသံက စူးသွားသည်။ နဖူးကြောတွေ၊ လည်ပင်းကြောတွေ ထောင်လာသည်။ မျက်နှာက ရဲတက်လာသည်။

" ကာလတီဗေးရှင်း ဆိုတဲ့ စကားလုံးကို ဘယ်အဓိပ္ပာယ်နဲ့ပဲ ဘာသာပြန်ပြန်၊ ကျုပ်တို့နဲ့ အံကိုက်နေတယ်။ ပြေးမလွတ်ဘူး။ ထွန်ယက်စိုက်ပျိုးတာလို့ ဘာသာပြန်မလား၊ ကျုပ် လယ်သမားသား၊ တောသား၊ ကျုပ်အဖေနဲ့ လယ်ထွန်ခဲ့ဖူးတယ်။ ပေါင်းသင်းခဲ့ဖူးတယ်။ လူ၊ စိတ်ဓာတ်၊ အပြုအမူကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်တာလို့ ဘာသာပြန်မလား၊ ကျုပ်တို့ ငွေတွေနဲ့ စာသင်ကျောင်းတွေ ဖွင့်တယ်။ ခုခေတ်လူငယ်တွေ ခေတ်ပညာတတ်အောင် ကျုပ်တို့ဆီကရတဲ့ အခွန်တွေနဲ့ လုပ်ခဲ့ရတာ မဟုတ်ဘူးလား၊ တိုင်းပြည်ကို ချစ်တာ၊ တန်ဖိုးထားတာ၊ လူ့ဘဝကိုချစ်တာ တန်ဖိုးထားတာလို့ အဓိပ္ပာယ် ပြန်ဦးမလား၊ မှန်တာပဲ၊ တိုင်းပြည်ကြီး ဒီအခြေအနေရောက်အောင် ကျုပ်တို့ တိုင်းသူပြည်သားတွေရဲ့ ဘဝ သာယာအောင်၊ တိုင်းသူပြည်သားတွေ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့ဟာတွေ၊ ကုန်ကုန်ပြောလိုက်မယ်၊ တိုင်းပြည် ကာကွယ်ဖို့ စစ်တပ်ကြီး ဒီအခြေရောက်လာအောင် ကျုပ်တို့လုပ်ခဲ့တာ၊ ကျုပ်တို့ ခွန်အားတွေ ငွေတွေနဲ့ လုပ်ခဲ့တာ၊ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

မူးမူးဖြင့် အော်ကြသည်။

"ဟုတ်တယ်၊ လူ့ဘဝကြီးကို တိုးတက်အောင် လုပ်ခဲ့တာ၊ စက်မှုလုပ်ငန်း စီးပွားရေးလုပ်ငန်း တိုးတက်အောင် လုပ်ခဲ့တာတွေဟာ ကျုပ်တို့ ကုန်သည်ပွဲစား လူတန်းစားပဲ၊ ကုန်သည်လူတန်းစားဟာ 'ကာလတီဗေးရှင်း' ဆိုတဲ့ တိုးတက်ဖွံ့ဖြိုးခြင်းရဲ့ (ကြိုက်တဲ့ အဓိပ္ပာယ်နဲ့ ဘာသာပြန်ချင်ရင်ပြန်ပါ) အမှတ်လက္ခဏာ ဖြစ်တယ်။ ပြုစုပျိုးထောင်သူ ဖြစ်တယ်။ တိုးတက်ကောင်းမွန်ခြင်းရဲ့ မဏ္ဍိုင်ဖြစ်တယ်။ ကုန်သည်ပွဲစားလူတန်းစား မရှိရင် တိုင်းပြည်မှာ ဘာမှဖြစ်မှာမဟုတ်ဘူး။ တိုင်းပြည်ကြီးပျက်မယ်။ ကုန်သည်ပွဲစား လူတန်းစားရှိရင် တိုင်းပြည် တိုးတက်မယ်။ လူ့ဘဝကြီး သာယာစိုပြေမယ်၊ ကြည့်"

မာယာခင်က တသွင်သွင်စီးဆင်းနေသော ဖော်လဂါမြစ်ကြီးကို လက်ညှိုးထိုးပြသည်။

"ဟောဒီ ကျုပ်တို့ချစ်တဲ့ ဇော်လဂါမြစ်ကြီးကို ကျုပ် တိုင်တည်မယ်၊ သက်သေထားမယ်၊ ဇော်လဂါမြစ်ကြီးက ကျုပ်တို့ဘက်က သက်သေလိုက်လိမ့်မယ်၊ သူတို့ရဲ့ မဟုတ်မတရား စွပ်စွဲချက်တွေကို ဇော်လဂါမြစ်ကြီးရဲ့ ရေစက်တိုင်းက ပြန်ပြီး ချေပပေးလိမ့်မယ်။ ကျုပ်တို့ တိုင်းပြည်မှာ ပထမဆုံး မီးသင်္ဘောကို ပီတာဘုရင်ကြီး ရေချခဲ့တာ အနှစ်တစ်ရာရှိသွားပြီ၊ ဒီနေ့ ကြည့်စမ်း၊ ဇော်လဂါမြစ်တရိုးမှာ မီးသင်္ဘောတွေ ထောင်ချီသွားနေပြီ၊ ဒီမီးသင်္ဘောတွေကို ဘယ်သူဆောက်သလဲ၊ စာဆိုလို့ သေစာရှင်စာလောက်သာ တတ်တဲ့ တောသား လယ်သမားဗျ။ ဒီမီးသင်္ဘောတွေနဲ့ သမ္ဗန်တွေကိုကော ဘယ်သူပိုင်သလဲ၊ ကျုပ်တို့လို တောသားဗျ။ ထွန်တုံးပေါ်က ဆင်းပြီး ပွဲရုံကို ရောက်လာတဲ့ ကုန်သည်ပွဲစားဗျ၊ ဒီစိတ်ကူးကိုကော ဘယ်သူရသလဲ ကျုပ်တို့ပဲ၊ ဒီခေတ်ဟာ ကျုပ်တို့ခေတ်၊ အရာရာကို ကျုပ်တို့ပိုင်တယ်။ ကျုပ်တို့ စိတ်ကူး၊ ကျုပ်တို့သတ္တိ၊ ကျုပ်တို့ အလုပ်ကြောင့် ဒါတွေဖြစ်လာတာဖြစ်တယ်။ ဘယ်အကောင်ကမှ ကျုပ်တို့ကို ကူညီဖော်ရတာ မဟုတ်ဘူး။ ဟိုတုန်းက ဟောဒီမြစ်တရိုးမှာ တိုက်လိုက်တဲ့ ဓားပြ၊ ဘယ်သမ္ဗန် ဘယ်လှေမှ မလွတ်ဘူး။ အဲဒီဓားပြတွေကို ကျုပ်တို့ဖာသာ နှိမ်ခဲ့တယ်။ ကျုပ်တို့ပိုက်ဆံနဲ့ ကျုပ်တို့လက်နက်ဝယ် လူရှာပြီး ဓားပြဂိုဏ်းတွေကို ရှင်းခဲ့တယ်။ မိုင် ထောင်ပေါင်းများစွာ ရှည်တဲ့ ဇော်လဂါမြစ်တစ်ရိုးမှာ ထောင်ပေါင်းများစွာ ရှိတဲ့ သင်္ဘောတွေ၊ သမ္ဗန်တွေ ဘေးမသီ ရန်မခ သွားနိုင်အောင် ကျုပ်တို့ပဲ လုပ်ခဲ့တယ်။ ဇော်လဂါမြစ်ပေါ်မှာ ဘယ်မြို့တွေဟာ အလှဆုံး အသာယာ ဆုံးမြို့တွေလဲလို့ သိချင်သေးသလား၊ ကုန်သည် ပွဲစားတွေ အများဆုံး ရှိတဲ့မြို့တွေဗျ။ မြို့ထဲမှာကော ဘယ်အိမ်တွေဟာ အကောင်းဆုံး အဖိုးတန်ဆုံးလို့ သိချင်သေးသလား၊ ကုန်သည်ပွဲစားရဲ့ အိမ်တွေဗျ။ ဆင်းရဲသားတွေကို အများဆုံး ပေးကမ်းစွန့်ကြဲတာကော ကျုပ်တို့ ကုန်သည်တွေ မဟုတ်ဘူးလားဗျ၊ သာရေး နာရေး အသင်းတွေကို ကျုပ်တို့ပဲ အလှူငွေ အများဆုံးထည့်ခဲ့တယ်။ ကျောင်းကန်ဘုရားတွေ ဆောက်တဲ့နေရာမှာလည်း ကျုပ်တို့ပဲ အများဆုံး လှူခဲ့တယ်။ အစိုးရ ဘဏ္ဍာတော်ထဲကို အများဆုံး ထည့်ဝင်လာတာ ဘယ်သူလဲ၊ ကျုပ်တို့ပဲ၊ ကျုပ်တို့ ဒါတွေ လုပ်တာဟာ ကိုယ်ကျိုးကို မျှော်ကိုးလို့ မဟုတ်ဘူး။ ဘယာကြောင့်လုပ်တာ မဟုတ်ဘူး။ စေတနာ သဒ္ဓါ အပြည့်နဲ့ လုပ်တာ၊ တိုင်းပြည်နဲ့ လူမျိုးအပေါ် စေတနာထားတဲ့ နေရာမှာ ကျုပ်တို့ကို ဘယ်သူမှ လိုက်မမီဘူး မှတ်ထားပါ၊ ကျုပ်တို့သာလျှင် ပြည်သူကို အချစ်ဆုံး၊ ကျုပ်

တို့သာလျှင် လူ့ဘဝကို တန်ဖိုးအထားဆုံး၊ ကျုပ်တို့သာလျှင် တိုးတက်ကောင်းမွန်ရေးကို အလုပ်နိုင်ဆုံးဆိုတာ ဟောဒီ ဖော်လဂါမြစ်ကြီးကို ကျုပ်တိုင်တည်ပြီး ပြောတယ်။ ဒါပေမဲ့"

ပရိသတ်က လက်ခုပ်တီးသည်။ မာယာခင်က နှုတ်ခမ်းများကို လျှက်လိုက်ပြန်သည်။

"ဒါပေမဲ့ ကျုပ်တို့ကို ဒီမအေ ... တွေ ဘာပြောသလဲ၊ တစ်ခွန်းမှ အကောင်းမပြောဘူး၊ ပြောချင်ရာ ပြောကြပါစေ၊ ကျုပ်တို့ ဂရုစိုက်စရာမလိုပါဘူး။ လေတိုက်ရင် လေစကြာဟာ မြည်မှာပဲ၊ လေအတိုက်ရပ်သွားရင် လေစကြာ မမြည်နိုင်တော့ဘူး။ လေစကြာဆိုတာ သိတယ်မဟုတ်လား၊ တုတ်တံမှာ စက္ကူကလေးတွေ ချွေပြီး ကလေးတွေ ဆော့တဲ့ကစားစရာ ပစ္စည်း၊ ဘာမှ အသုံးမကျဘူး။ လေစကြာစုတ်ရင် တံမြက်စည်း လုပ်ဖို့တောင် အသုံးမဝင်ဘူး။ လေတိုက်ရင် လည်ပြီး တရှီးရှီးအသံမြည်ဖို့လောက်ပဲ တတ်တယ်။ ခု ကျုပ်တို့ကို မလိုတမာ ပြောနေတဲ့ကောင်တွေဟာ စကားသာများပြီး ဘာမှမလုပ်တဲ့ကောင်တွေ၊ လေစကြာတွေ၊ သူတို့လုပ်လို့ ဘာများ ဖြစ်ခဲ့ဖူးသလဲ။ ပြနိုင်ရင် ပြကြစမ်းပါ၊ ကျုပ်တို့လုပ်ခဲ့တာတွေကို ကျုပ်တို့ပြနိုင်တယ်။ လက်ညှိုးထိုးလို့ မလွဲ ဘူး၊ မိတ်ဆွေကုန်သည်ပွဲစားများ ခင်ဗျား၊ ကျုပ်တို့ဟာ ကမ္ဘာမြေကြီးရဲ့အဆီအနှစ် ဖြစ်တယ်ဆိုတာ ကျုပ်ပြောချင်တယ်။ ကျုပ်တို့လောက် အပင်ပန်းခံပြီး အလုပ်လုပ်နိုင်တဲ့လူ၊ ကျုပ်တို့လောက် ခွန်အားပြည့်တဲ့ လူရယ်လို့ လောကမှာ တစ်ယောက်မှ မရှိဘူး။ ကျုပ်တို့ တိုင်းပြည်မှာ တည်ဆောက်ပြီးသမျှ အရာတွေဟာ ကျုပ်တို့ တည်ဆောက်ခဲ့တာတွေ ဖြစ်တယ်။ ရှေ့မှာလည်း ကျုပ်တို့လုပ်နိုင်သေးတယ်။ ကျုပ်တို့လုပ်ရဦးမယ်။ 'ကာလတီဖေးရှင်း' ဆိုတဲ့ စကားနဲ့ညီအောင် တိုင်းပြည်ကြီးကို တိုးတက်အောင်လုပ်ရဦးမယ်။ လူ့ဘဝကြီးကို ပိုပြီး သာယာအောင် ဖန်တီးရဦးမယ်။ ကျုပ်တို့ သားသမီးတွေကို ပြုစုပျိုးထောင်ရဦးမယ်။ သဘော်ဝယ်နိုင်ရုံလောက်နဲ့ တင်းတိမ်မနေသေးဘဲ တိုင်းပြည်ကြီးကို ဝယ်နိုင်အောင်ကြိုးစားရမယ်။ အတိတ်ကို ကျုပ်တို့ ပိုင်တယ်။ ပစ္စုပ္ပန်ကိုလဲ ကျုပ်တို့ပိုင်တယ်၊ အနာဂတ်ကိုလဲ ကျုပ်တို့ ပိုင်ရမယ်။ ဒါကြောင့် ကျုပ် ဆုတောင်းပြီး အရက်သောက်မယ်။ သောက်ကြပါ၊ ရဲရင့်တဲ့ ခွန်အားရှိတဲ့အလုပ်ကြိုးစားတဲ့ ကုန်သည်လူတန်းစား အခွန့်ရှည်ပါစေ၊ ကြီးပွားပါစေ၊ တိုင်းပြည်အတွက် ဆတက်ထမ်းပိုး ပိုလုပ်နိုင်ပါစေ၊ ဟူးရား"

"ဟူးရား"

အားလုံးက ဝိုင်းအော်၍ အရက် သောက်ကြသည်။ အဆီအသားတွေ အစ်နေသည့် တောဝက်ရိုင်းကြီးတစ်ကောင် ထလာကာ ပက်တော့မည့်ဟန် မာန်ဖီနေသည့်ဟန်တူသည်။ ကုလားထိုင်တွေ စားပွဲတွေ မှောက်လှန်ကုန်သည်။ သူတို့ပတ်ဝန်းကျင်တစ်ခုလုံးသည် တုန်ဟီးလှုပ်ခါနေသည်ဟု ထင်ရသည်။

"ဒါမှ ဦးမာခင်ကွ"

"တီးဝိုင်းက တီးစမ်းဟေ့"

"ဖေယျတု သဗ္ဗမင်္ဂလံဆိုတဲ့ သီချင်းကို တီးဟေ့"

"ဂီတတွေ ဘာတွေ မလိုဘူးကွ၊ ဦးမာခင်ရဲ့ မိန့်ခွန်းက ငါတို့ဂီတပဲ"

"လူကသာ သေးသေးညှက်ညှက်ကလေးရယ်၊ စိတ်ဓာတ်ကတော့ ရှာမှရှားထဲကပဲ"

"ဦးမာခင် အသက်ကြီးသွားတာ နှမြောလိုက်လေဗျာ၊ သူမရှိရင် ကျုပ်တို့တောင် ခပ်ခက်ခက်ပဲ"

"ဒီမှာ ကျုပ်တို့ဘာကြောင့် ကမ္ဘာမြေကြီးရဲ့ မြေဆီ မြေနှစ်ဖြစ်ရသလဲ၊ တိုင်းပြည်ကို တကယ်စိုးပိုင်တဲ့လူ ဖြစ်ရသလဲ၊ သိကြရဲ့လား၊ ကျုပ်တို့ ကိုယ်ထဲမှာ လယ်သမား တောသားတွေရဲ့ သွေးတွေ ရှိနေလို့ဗျ၊ လယ်သမားသွေး ရှိနေလို့"

မာယာခင်က ပြောသည်။

ကုန်သည်ပွဲစားများက မာယာခင် အနားတွင် စုပြုံနေကြသည်။ တက်ကြွနေကြသည်။ အားရှိနေကြသည်။ စကားပြောသံ၊ သဘော်ာ စက်ခုတ်သံ၊ ရေယက်မြည်သံတို့ ဆူညံနေသည်။

"အငြိမ့်မင်းသမီး က ဟေ့"

မာယာခင်က လက်ကာပြလိုက်ပြီး မြစ်ပြင်ကို လက်ညှိုးထိုးပြသည်။

"ဒီမှာ မိတ်ဆွေတို့၊ ဟောဒီမြစ်ပြင်ကြီးကို ကြည့်စမ်း၊ ကျုပ်တို့ကြောင့် စီးနေတာ၊ ဒီရေစီးကို ရပ်အောင် ဘယ်သူလုပ်နိုင်တယ် ထင်သလဲ၊ ကျုပ်တို့ လုပ်နိုင်တယ်။ ဘာမဆို ကျုပ်တို့လုပ်နိုင်တယ်။ ဒီမြစ်ကြီးဟာ ကျုပ်တို့မြစ်၊ ဒီတိုင်းပြည်ဟာ ကျုပ်တို့တိုင်းပြည်၊ ဒီမြစ်ကြီးကို စီးအောင်လုပ်တာလည်း ကျုပ်တို့ပဲ၊ တိုင်းပြည်ကြီး ဒီအခြေရောက်အောင် လုပ်တာလည်း ကျုပ်တို့ပဲ။ လောကကြီးနဲ့ လူ့ဘဝကြီး ဒီအခြေရောက်လာအောင် လုပ်တာလည်း ကျုပ်တို့"

"သြ … ခင်ဗျားတို့လား၊ ဟား ဟား ဟား ဟား"

မာယာခင် စကားဆုံးအောင် မပြောလိုက်ရ၊ အသံတစ်သံ ထွက်လာကာ စက်သံ၊ စကားပြောသံတွေကို ဖုံးသွားသည်။ အသံက မြည်ဟိန်းသည်။ ရယ်သံက မိုးကြိုးထစ်ချုန်းသံလို ကျယ်သည်။ ထိုအသံကို အားလုံးကြားလိုက်ကြရသည်။ အားလုံး ငြိမ်ကျသွားရာက အသံကြားရာသို့ ကြည့်ကြသည်။ သဘော်စက်သံမှ အပ အားလုံး တိတ်နေသည်။

အသံရှင်ကို ရုတ်တရက် ရှာမတွေ့။ ကုန်သည်ပွဲစားများ၏ မျက်နှာတွင် စိုးရိမ်ခြင်း၊ အံ့သြခြင်း၊ ကဲ့ရဲ့ခြင်း၊ စူးစမ်းခြင်း စသည့် သင်္ကေတန်များပေါ်နေသည်။ မာယာခင်လည်း အံ့အားသင့်နေသည်။ အသံရှင်ကို လှမ်းကြည့်သည်။

မျက်လုံးများသည် မာယာခင်ကြည့်ရာဘက်သို့ ရောက်သွားကြသည်။

အသံရှင်က အခြားသူ မဟုတ်။ ဖိုးမာ။

ဖိုးမာက စားပွဲပေါ်တွင် မတ်တတ်ရပ်ကာ တဟားဟား ခွက်ထိုးခွက်လန် ရယ်နေသည်။ မျက်လုံးကြီးများက ပြူးနေသည်။ သွားများက အဖွေးသား ပေါ်နေသည်။ တစ်ကိုယ်လုံး လှုပ်ရမ်းနေသည်။ ရယ်ချင်၍ ရယ်ပုံမျိုးမဟုတ်။ မရယ်လျှင် မဖြစ်တော့သည့်အတွက် တမင် ဖျစ်ညှစ်ရယ်ပုံမျိုး ဖြစ်သည်။ ရင်ထဲက ခံစားချက်တစ်ခု ပေါက်ကွဲထွက်လာမည်စိုးသဖြင့် ထိုခံစားချက်ကို လမ်းပြောင်းပေးရန် တမင် ရယ်ပုံမျိုး ဖြစ်သည်။

"မူးနေတယ် ထင်တယ်"

ဦးဘိုလေးက ခေါင်းရမ်းရင်း ပြောသည်။

"ဒီကောင့်ကို ဘယ်သူဖိတ်သလဲ" ဦးရာဇက မေးသည်။

"ဟေ့ ဖိုးမာ၊ သတိထားလေကွာ၊ သိပ်မူးနေရင်လဲ အောက်ထပ်က အခန်းတစ်ခန်းထဲမှာ သွားအိပ်နေချည်၊ သွား သွား လူလေး"

ဦးနော‌က ဖိုးမာအနီးသို့ ကပ်သွားကာ ပခုံးကိုဖက်သည်။ ဖိုးမာက ဦးနောလက်ကို ပုတ်ချလိုက်သည်။

"ကျုပ်တို့ မကိုင်ပါနဲ့၊ တွဲစရာ မလိုပါဘူး။ ခင်ဗျားတို့သာ အကုန်မူးနေကြတာ၊ ကျုပ်မမူးဘူး။ တစ်စက်မှ မသောက်ဖူး"

ဖိုးမာ၏စကားကြောင့် ဦးနော မျက်နှာတွေ နီလာသည်။ လူရှေ့သူရှေ့တွင် အစော်ကားခံလိုက်ရသဖြင့် ရှက်လည်း ရှက်သည်။

"နေစမ်းပါဦး သူငယ်၊ မင်းကို ဘယ်သူဖိတ်သလဲ"

"ကျုပ်ဖိတ်လာတာပါ"

မာယာခင်က ဝင်ပြောသည်။

"ဩော် ဒီလိုလား၊ ကဲ ... ဒီလိုဆို အေးအေးဆေးဆေး နေပါကွာ၊ ဦးမာခင် ခင်ဗျား ဖိတ်လာတဲ့လူ ခင်ဗျားပဲ ကြည့်ထိန်းပေတော့၊ အရုပ်ဆိုးကုန်လိမ့်မယ်"

ဖိုးမာ မရယ်တော့။ သူတို့ကို စိုက်ကြည့်နေသည်။

"ငါ့ကို သေခါနီးအထိ လိုက် ဒုက္ခပေးနေတုန်းပဲလား ဖိုးမာ"

"ဒီမှာ ဦးလေး၊ ဦးလေးဟာ ကျွန်တော့် မွေးစားအဖေ၊ ကျွန် တော် ခုထိဘာမှ မလုပ်ရသေးဘူး။ ဘာမှ မလုပ်ရသေးဘဲနဲ့ ကျွန်တော့် ကို မပြောပါနဲ့၊ ကျွန်တော် မမူးဘူး။ အရက်ဆိုလို့ တစ်စက်မှတောင် မသောက်ဘူး၊ ထိုင်ပြီး နားထောင်နေတာ၊ မိတ်ဆွေများ ခင်ဗျား၊ ကျွန် တော် စကားနည်းနည်း ပြောပါရစေ၊ ကျွန်တော့်မွေးစားအဖေ စကား ပြောတာကို ကြားနာလို့ပြီးပါပြီ၊ ခု သူ့မွေးစားသား ပြောတာကို နား ထောင်စေလိုပါတယ်"

"ဘာစကားတွေလဲကွ၊ စကားပြောတာတွေ မလိုချင်ဘူး၊ တို့ ဒီကိုလာတာ မိန့်ခွန်းတွေ နားထောင်ဖို့ လာတာ မဟုတ်ဘူး၊ ပျော်ဖို့ ပါးဖို့ လာတာ၊ သောက်ဖို့ စားဖို့ လာတာ"

ဦးရာဇက အော်သည်။

"ဒါတွေ နောက်မှပြော ဖိုးမာရာ"

"ဟော့ ... ဖိုးမာ လာ သောက်လှဲ့ကွာ"

"ဖိုးမာကြီး လာသောက်ဟော့၊ မင်းအဖေကတော့ တကယ့်ရှာမှ ရှားထဲကပဲ ဟော့"

ကုန်သည်များက သူ့အဖေကို ချီးကျူးကြသည်။ ဖိုးမာကို ချော့ ကြသည်။ ဖိုးမာ နားမဝင်။ မျက်မှောင်ကြီးကြုတ်၍ သူတို့ကို ကြည့်နေ သည်။ ကုန်သည်များထဲတွင် သူက အငယ်ဆုံးဖြစ်သည်။ ဗိုက်ရွှဲရွှဲ ကုပ် တိုတို ပုံပျက်ပန်းပျက်ကြီးတွေ ကြားထဲတွင် ဖြောင့်စင်း တောင်းတင်း သော သူ့ခန္ဓာကိုယ်သည် အထင်းသား ပေါ်နေသည်။ သူတို့မျက်နှာတွေ လို ဖောင်းပွပွကြီးတွေ မဟုတ်။ မျက်နှာကျလှသည်။ မျက်လုံးများက စူးရှ တောက်ပသည်။

ဖိုးမာက ရင်ကိုကော့၍ အသက်ပြင်းပြင်းရှူသည်။ နောက် သူ့အင်္ကျီ ရင်ပတ်ကို ဆွဲဖြုတ်လိုက်သည်။ ကြယ်သီးများသည် တဖြုတ် ဖြုတ် ပြုတ်ထွက်ကုန်သည်။ ဖိုးမာ လက်သီးဆုပ်သည်။ အံကြိတ်သည်။

"ကျုပ် ပြောချင်နေတယ် ပြောမယ်၊ ပြောရလိမ့်မယ်၊ စကားလှလှကလေးတွေသုံးပြီး ကျုပ် ပါးစပ်ကို ပိတ်မယ် မကြံကြနဲ့၊ မရဘူး၊ ခင်ဗျားတို့ နားထောင်ချင်ရင် နားထောင်နိုင်တယ်။ နားမထောင်ချင်ရင် နေနိုင်တယ်။ ကျုပ်ကတော့ ပြောရမှာပဲ၊ မကျေနပ်ရင် ကျုပ်ကို ရေထဲပစ်ချချင် ပစ်ချ၊ အဲ ပစ်မချခင် တစ်ခုတော့ ပြောလိုက်မယ်။ ကျုပ်ကို လက်ဖျားနဲ့တောင် မထိနဲ့၊ ကျုပ်ကို ထိရင် ထိတဲ့လူ အသတ်ပဲ"

ဖိုးမာက သွားကြီးတွေစေ့၍ တစ်လုံးချင်းပြောသည်။ အားလုံး လှုပ်လှုပ်ရှရှ ဖြစ်နေသည်။ အချင်းချင်း တီးတိုးပြောနေကြသည်။ ဘာတွေမှန်းတော့ ဖိုးမာ မသိ။ မကြား။

"လူ့လောကကြီး ကောင်းအောင် တိုင်းပြည်ကြီး ကောင်းအောင် ခင်ဗျားတို့ လုပ်ခဲ့တာတဲ့၊ ကောင်းတာတွေ မွန်မြတ်တာတွေ မှန်သမျှ ခင်ဗျားတို့ လုပ်ခဲ့တာတဲ့၊ ဟုတ်လား"

ဖိုးမာ အသံက ဟိန်းသည်။ မျက်လုံးပြူးကြီးများဖြင့် ကုန်သည်ပွဲစားများကို လှမ်းကြည့်သည်။ သူ့မျက်လုံးက ဒေါသကြောင့် ဝင်းဝင်းတောက်နေသည်။ ကုန်သည်ပွဲစားများက အချင်းချင်း စုသွားကြသည်။ ဘာမျှ မပြောကြ။

"ဟေ့ ဘာတွေ ပြောနေတာလဲကွ၊ ဘုရားစာ ရွတ်နေတာလား"

နောက်ထဲမှ တစ်ယောက်က အော်သည်။ ဖိုးမာက ဂရုမစိုက်။

"ခင်ဗျားတို့ လုပ်တယ်လို့ပြောရအောင် ခင်ဗျားတို့ ဘာတွေများ လုပ်ခဲ့လို့လဲ၊ ပြောတော့ လောကကြီးကို ကောင်းအောင် သူတို့လုပ်ခဲ့ သတဲ့၊ တိုင်းပြည်ကြီး တိုးတက်အောင် သူတို့လုပ်ခဲ့သတဲ့၊ လူတွေ စည်းကမ်းသေဝပ်အောင် သူတို့လုပ်ခဲ့သတဲ့၊ ဟင်း ... ရယ်ချင်တယ်၊ ဘာကောင်းတာလဲ၊ ဘာ တိုးတက်တာလဲ။ ဘာစည်းကမ်းသေဝပ်တာလဲ၊ ခင်ဗျားတို့ဟာ လောကကြီးကို ကောင်းအောင်လုပ်မယ့်အစား လောကကြီးကို လူသတ်ကုန်းကြီးဖြစ်အောင် လုပ်ခဲ့ကြတယ်၊ တိုင်းပြည်ကြီးကို တိုးတက်အောင် လုပ်မယ့်အစား အကျဉ်းထောင်ကြီးဖြစ်အောင် လုပ်ခဲ့ကြတယ်။ လူတွေ စည်းကမ်းရှိအောင် လုပ်မယ့်အစား ကြိုးနဲ့တုပ်ခဲ့ကြတယ်။ လက်ထိပ်ခတ်ခဲ့ကြတယ်။ ဒါကောင်းတာတွေလား၊ တိုးတက်တာတွေ လား၊ ဒီမှာ ခင်ဗျားတို့ လုပ်သမျှ ဟုတ်လှပြီ အောက်မေ့မနေကြပါနဲ့၊ စိတ်ကောင်းရှိတဲ့လူတိုင်း စိတ်ညစ်နေကြရတယ်။ ဖြစ်နိုင်ရင် ခင်ဗျားတို့နဲ့ တစ်မြေတည်း မနေချင်ဘူး၊ တစ်ရေတည်း မသောက်ချင်ဘူး။ တလေတည်းတောင် မရှူချင်ဘူး မှတ်ထား၊ ခင်ဗျားတို့ကိုယ်ကို ကယ်တင်ရှင်

ကြီးတွေ ထင်မနေကြနဲ့၊ ခင်ဗျားတို့ဟာ လူသတ်သမားတွေ၊ လူတွေဟာ ခံစားရချက်ပြင်းလွန်းလို့ ချိနဲ့နေကြလွန်းလို့ ဘာမှမတတ်နိုင်ကြလွန်းလို့ ခင်ဗျားတို့ ဒီလောက် အသက်ရှည်နေတာ၊ အဲဒါ မြဲမြဲမှတ်ထားကြ"

"ဟေ့ကောင် စော်ကားလှချည်လား ဟင်၊ တော်ပြီ ကျုပ် နား မထောင်ချင်ဘူး သွားမယ်"

ဦးရာဇက အော်သည်။ သူ့တစ်ကိုယ်လုံး တုန်နေသည်။

"ဖိုးမာ သတိထားပြော၊ မင်း ပြောတဲ့စကားတွေက မင်းကို ပြန်ဒုက္ခပေးမယ့် စကားတွေ သိရဲ့လား"

ဦးဘိုလေး၏အသံ။

"ဟေ့ကောင် မင်း ဒုက္ခရောက်ချင်သလား၊ ဘာမှတ်သလဲ"

ဦးတုတ်ပေါ၏ အသံ။

ဖိုးမာ မျက်လုံးတွေ ရဲတက်လာသည်။

"ဘာလဲ၊ အမှန်ကိုပြောတော့ မခံနိုင်ဘူးလား၊ မခံနိုင်လည်း သေကြ"

ဖိုးမာက ပြန်အော်သည်။

"ဒီမှာ မိတ်ဆွေများ ခင်ဗျာ ပြောပါရစေ၊ ကျွန်တော် တောင်းပန်ပါတယ်။ စိတ်ကျေနပ်အောင် ပြောပါရစေ၊ မနာကြပါနဲ့"

"မနာလို့ ဖြစ်မလားဗျ"

ဦးရာဇက ဟောက်သည်။ စမိုလင်က ဖိုးမာအနားသို့ ကပ်သွားကာ လေသံကလေးဖြင့်–

"ဟေ့ ဖိုးမာ၊ မင်း ဘာတွေပြောနေတာလဲ၊ သတိထားလေကွာ"

"ဟေ့ကောင် မင်း ငါ့နားမကပ်နဲ့။ သွား မင်းယောက္ခမရဲ့လက်ကို သွားလျှက်ချည်၊ မင်းကို ထန်းလျက်ခဲကလေးတစ်ဖဲ့ ကျွေးလိမ့်မယ်။ ငါ့ဆီမှာ ဘာမှ မရှိဘူး"

စမိုလင် ရှက်ရှက်ဖြင့် နောင်သို့ ဆုတ်သွားသည်။ ပရိသတ်များက တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြသည်။ ထို့ကြောင့် ဖိုးမာပို၍ ဒေါသထွက်လာသည်။ သူတို့ကို သူ့စကားလုံးများဖြင့် တုပ်နှောင်ထားချင်သည်။ သို့ရာတွင် တုပ်နှောင်ရလောက်အောင် ခိုင်မာအားကောင်းသည့် စကားလုံးမျိုး သူ ရှာမတွေ့။

"ဟင်း … သူတို့ကြောင့် လောကကြီး သာယာနေတာတဲ့ တိုင်းပြည်ကြီး တိုးတက်နေတာတဲ့။ တိုးတက်အောင် ခင်ဗျားတို့က ဘာတွေ မို့လို့လဲ၊ သူခိုးတွေ ဓားပြတွေ လူလိမ်တွေ"

ဘာကြောင့်မှန်းမသိ။ တချို့က ပြန်လှည့်လာကြသည်။ သူတို့ နာမည်ကို ဖိုးမာက လှမ်းခေါ်လိုက်သလို ခံစားလိုက်မိသည်။

"ဗျို့ ဦးနော၊ ခင်ဗျား အိမ်က ကောင်မလေးကို ခြေတော်တင်ခဲ့တာ မေ့သွားပလား၊ ခင်ဗျားက မေ့ပေမယ့် တရားက မမေ့ဘူးဗျ မှတ်ထား၊ ဟောဒီ ခင်ဗျားတည်တဲ့ သဘော်ကြီးနဲ့တစ်ကျွန်းကို သွားရမယ် သိလား"

ဦးနော ကုလားထိုင်ပေါ်သို့ ဖင်ထိုင်ကျသွားသည်။ မျက်နှာနီရဲကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

"ငါ့ကို စော်ကားတာ၊ ငါ့ကို စော်ကားတာ"

ဖိုးမာ သူတို့ကို လှမ်းကြည့်သည်။ မျက်နှာကြီးတွေရှုံမဲ့နေကြသည်။ သူတို့ ဆတ်ဆတ်ခါနာမည့် စကားလုံးများ ပါးစပ်တွင် အလိုလိုရောက်လာကြသည်။

"လောကကြီးကို ကောင်းအောင်လုပ်တဲ့ သူတွေတဲ့၊ တိုင်းပြည်ကြီးကို ကယ်တင်တဲ့ ကယ်တင်ရှင်ကြီးတွေတဲ့။ ဒီမှာ ဦးဖိုးရှင်း၊ တိုင်းပြည်ကြီးကို နောက်မှကယ်တင်ပါ၊ တိုင်းပြည်ကြီးကို မကယ်တင်ခင်မှာ လမ်းမမှာ သူတောင်းစား ဖြစ်တော့မယ့် ခင်ဗျား တူလေးတွေ၊ တူမလေးတွေ အရင်ကယ်တင်ပါ၊ ကုသိုလ် ရပါတယ်။ တစ်နေ့ကို တစ်ပြားပဲ စွန့်ကြပါ။ ခင်ဗျား ခိုးထားတဲ့ ပိုက်ဆံတွေနဲ့ တစ်နေ့တစ်ပြားတော့ စွန့်ကြလောက်ပါတယ်။ ဦးဘိုနီ ခင်ဗျားကော ခင်ဗျား မယားငယ်ကို ပစ္စည်းခိုးတယ်လို့ စွပ်စွဲပြီး ခိုးမှုနဲ့ ထောင်ထဲထည့်ထားတာ မေ့ပလား၊ မေ့ရောပေါ့ ခင်ဗျား အဆီအသားတွေကို အကုန်စုပ်ယူပြီးပြီကိုး၊ ဒါပေမဲ့ ဒီလောက် လုပ်တာကတော့ မကောင်းပါဘူး။ ဒီမယားငယ်ကိုငြီးငွေ့ရင် ခင်ဗျား သားကို အမွေပေးခဲ့ပေါ့၊ ပစ္စည်းကို အမွေပေးရင် မယားငယ်ကိုလည်း အမွေအဖြစ်ပေးခဲ့ပေါ့။ ဒါက ထောင်ထဲထည့်တာထက်တော့ ကောင်းပါတယ်။ ဦးလူဖေကော၊ ခင်ဗျား ပြည့်တန်ဆာတန်းကို ဘာလို့ပြန်မဖွင့်သလဲ။ ပြန်ဖွင့်ပါ။ ခင်ဗျားမိတ်ဆွေ လူကြီးလူကောင်းတွေဆီက ငွေတွေကို နွားနို့ ညှစ်သလို ညှစ်ယူပေါ့၊ ညှစ်ယူလို့မရရင် အဆိတ်ခတ်သတ်ပေါ့၊ လွယ်လွယ်ကလေးပဲ ဟား ဟား၊ တော်တော် သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ လူကြီးလူကောင်းတွေ၊ မဟာကရုဏာရှင်ကြီးတဲ့ ကယ်တင်ရှင်ကြီးတွေ၊ ဥပမိရပ်က ဥပသကာ သူတော်ကောင်းကြီးရပ်မျိုးဆိုတော့ လူသတ်မှုကိုရှောင်လို့ လွယ်တာပေါ့"

ဖိုးမာက ပြောရင်း ရယ်သည်။ ရယ်ရင်း ပြောသည်။ ယခုအချိန်တွင် ဖိုးမာ သရဲမရဲစီးနေပြီ။ လောကကြီးကို မုန်းသော အမုန်းသရဲ၊ ကုန်သည်လူတန်းစားကို မုန်းသော အမုန်းသရဲ။

သူထင်သည့်အတိုင်း သူ့စကားများသည် သူတို့အဖို့ အနာပေါ် တုတ်ကျ ဖြစ်နေသည်။ တီကိုဆားဖြူးသလို ဖြစ်နေသည်။

စောစောတုန်းကတော့ သူတို့အားလုံးကို ခြုံပြောခြင်း ဖြစ်သည်။ သူ့ပြောသလို ကိုယ့်ပြောသလိုဖြစ်၍ ရှောင်သာတိမ်းသာ ရှိကြသည်။ ဂရုမစိုက်ဟန်ဖြင့် ထွက်သွားကြသည်။ တချို့က သူ့ကို အရူးပမာ ကြည့်၍ ပြုံးများပင် ပြုံးလိုက်ကြသေးသည်။ သူကသာ ဒေါသထွက်နေသည်။ သူတို့က ဣန္ဒြေမပျက်ကြသေး။ ဤတွင် ဖိုးမာ စိတ်တိုလာသည်။ သူ့စကားများသည် သဲထဲရေသွန်သလို ဖြစ်နေသည်။ အရာမထင် ဖြစ်နေသည်။ ယခု တစ်ယောက်ချင်းကို အမည်တပ်၍ပြောတော့ ပရိသတ်သည် ရုတ်တရက် မူပြောင်းသွားသည်။

ဖိုးမာ၏စကားကြောင့် ဦးနော ကုလားထိုင်ပေါ်သို့ ပစ်ကျသွားသောအခါ ဖိုးမာ အားတက်လာသည်။ သူတို့ ဆတ်ဆတ်ခါ နာမည့်နည်းကို တွေ့ပြီ။ တစ်ယောက်ချင်း နာမည်ထုတ်ပြောလျှင် သူတို့ ဘာသားနှင့်ထုထား၍ ခံနိုင်မည်နည်း။

ဤတွင် ဖိုးမာ မြင်သမျှလူကို စွဲချက်တင်သည်။သူ့စကားလုံးများ ထိချက်ကောင်းသဖြင့် ဝမ်းသာသည်။ ဝမ်းသာ၍ တစ်ကိုယ်လုံး တုန်နေသည်။ ပရိသတ်က စိတ်ဝင်စားလာသည်။ တချို့က မကြားရမည်စိုး၍ ရှေ့သို့ပင် တိုးလာကြသည်။

တချို့က ဆူကြပူကြသည်။ ကန့်ကွက်ကြသည်။ သို့ရာတွင် ဖိုးမာက နောက်တစ်ယောက်ကို အမည်ထုတ်၍ စွဲချက်တင်သည့်အခါ တွင် အအော်ရပ်သွားကာ နားစွင့်ထောင်ကြသည်။ စွပ်စွဲခံရသူကို လှမ်းကြည့်ကြသည်။

"ဗျို့ ... ဦးခင်လေး၊ ခင်ဗျား သက်သေနော်၊ ကျုပ် ဒီကောင်ကို အရေးယူမယ်၊ ဂါတ်တိုင်မယ်၊ တရားစွဲမယ်"

ဦးလူဖေက ပြောသည်။ ထို့နောက် လူတွေကို လှည့်ကြည့်၍ အော်သည်။

"ကြိုးနဲ့ချည်ဗျို့၊ ဒီကောင်ရူးနေပြီ၊ ကြိုးနဲ့ချည်"

ဖိုးမာက ရယ်သည်။

"ဒီမှာ ဦးလူဖေ၊ အမှန်တရားကို ကြိုးနဲ့တုပ်လို့ မရဘူးဗျ။ လက်ထိပ်ခတ်လို့ မရဘူး သိလား"

"ဗျို့ လူတို့၊ ခင်ဗျားတို့ အမြင်ပဲနော်၊ ဒီကောင် ရူးသွားပြီ၊ သည်းခံကြပါ။ သည်းခံကြပါ"

မာယာခင်က အော်သည်။

ကုန်သည်ပွဲစားတွေ ဖိုးမာအနီးသို့ ဝိုင်းအုံလာကြသည်။ တချို့က ဒေါသထွက်နေကြသည်။ တချို့က ထိတ်လန့်နေကြပုံရသည်။ တချို့က ဖိုးမာက အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ တချို့က ဝမ်းသာနေကြပုံရသည်။ ဖိုးမာ ရူးပြီအထင်ဖြင့် ဝမ်းသာသူလည်း ရှိသည်။ သူတို့ ပြိုင်ဘက်များ၏ မကောင်းမှုများကို ဖိုးမာက ထုတ်ဖော်ဖွင့်ဟသဖြင့် ဝမ်းသာသူလည်း ရှိသည်။

"ဦးဘိုလေး ခင်ဗျား ဘာသဘောကျလို့ ရယ်တာလဲ၊ ဘာလဲ ခင်ဗျားကော တစ်ကျွန်းပို့မခံရတော့ဘူး ထင်နေသလား"

"ဒီကောင်ကို ရေထဲပစ်ချ"

ဦးဘိုလေးက ထအော်သည်။

"ဟေ့၊ မြို့ဘက်ကို ပြန်မောင်းဟေ့၊ ဒီကောင်ကို ရာဇဝတ်ဝန်ဆီ ပို့ရမယ်။ မြို့ဘက်ကို ပြန်မောင်း"

ဦးနော်က သူ့သင်္ဘောမာလိန်ကို လှမ်းပြောသည်။

"ဒီကောင်ကို အရက်တိုက်ပြီး ဘယ်သူက မြှောက်ပေးသလဲမှ မသိတာ"

"ဒါ သက်သက် စော်ကားတာဗျ"

"ရှုပ်တယ်ဗျာ၊ ကြိုးနဲ့တုပ်"

ဖိုးမာက အရက်ပုလင်းတစ်လုံးကို ကောက်ကိုင်လိုက်သည်။

"ကျုပ်အနား တစ်ယောက်မှမကပ်နဲ့၊ အနားကပ်တဲ့လူ ခေါင်းအကွဲပဲ။ ကျုပ်ပြောတာ နားထောင်၊ ပြောစရာတွေ ရှိသေးတယ်။ ပြောလို့ မပြီးသေးဘူး"

ဖိုးမာ ဒေါသလည်း ထွက်နေသည်။ သူ့စကားများက သူတို့အဖို့ အနာပေါ်တုတ်ကျ ဖြစ်နေသဖြင့် ဝမ်းလည်းသာသည်။ ဖိုးမာက ပျစ်ပျစ်နှစ်နှစ်ဆဲကာ နာမည်တွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်ပြီး စွဲချက်တင်သည်။

"ဦးတုတ်ပေါ၊ ခင်ဗျားကြောင့် ခင်ဗျား အလုပ်သမားတွေ ဘယ်နှစ်ယောက် သူတောင်းစားဖြစ်ခဲ့ရပလဲ သိရဲ့လား၊ ခင်ဗျား ဖျက်ဆီး

လို့ အငြိမ့်မင်းသမီးတစ်ယောက် ကြိုးဆွဲချသေခဲ့ရတယ်၊ မှတ်မိသေးရဲ့လား။ အဲဒီ အငြိမ့်မင်းသမီးရဲ့တစ္ဆေက ခင်ဗျားကို အမြဲခြောက် နေလိမ့်မယ်။ ပြောတော့ မြို့မျက်နှာဖုံးကြီးတဲ့၊ ကျောင်းဒကာကြီးတဲ့၊ ဘုရားလူကြီးတဲ့၊ လုပ်တော့ သူခိုး၊ ဘုရားက ရွှေတွေခိုးတဲ့ သူခိုး၊ ရိုးရိုးသူခိုးက လူ့ပစ္စည်းလောက်ကို ခိုးတာ၊ မိရင် သူခိုးလို့ ဝန်ခံတယ်။ ရိုးသားတယ်၊ ခင်ဗျားက ဘုရားက ပစ္စည်းတောင် မချန်ဘူး။ သူခိုးလို့ ဝန်မခံဘူး။ လူကြီးလူကောင်းဟန် ဆောင်တယ် မဟုတ်ဘူးလား”

“ဟေ့ကောင် မင်း စော်ကားလှချည်လား ဟင်”

ဦးတုတ်ပေါ ချက်ကောင်းထိသွားသည်။ ဖိုးမာကို ထိုးမည် ကြိတ်မည် လုပ်သဖြင့် ဝိုင်းဆွဲထားရသည်။

ယခုအချိန်တွင် သဘော်ပေါ်တွင် ကသောင်းကနင်း ဖြစ်နေပြီ။ သူတို့တစ်တွေ ဆတ်ဆတ်ခါနာပုံကို မြင်တော့ ဖိုးမာ ဝမ်းသာသည်။ နဂါးကြီးကို အနိုင်သတ်ခဲ့သော ပုံပြင်ထဲက သူရဲကောင်းလို့ သူ့ကိုယ်သူ ထင်သည်။ ဖိုးမာအနားကို မည်သူမျှ မကပ်ရဲကြ။

“သဘော်သားတွေ ခေါ်ဗျာ၊ ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ကျုပ်တို့ကို ပျော်ပွဲစားဖိတ်ပြီး သက်သက် အရှက်ခွဲတာလား”

ဦးရာဇက ဦးနောကို လှမ်းပြောသည်။ ဦးတုတ်ပေါက ဖိုးမာကို ကျိန်ဆဲသည်။ ထိုအသံများကြားထဲမှ ဖိုးမာ၏အသံက မြည်ဟိန်းနေသည်။

“ခင်ဗျားတို့ဟာ တိုင်းပြည်ကြီးကို ကောင်းအောင် လုပ်ရမယ့် အစား အမှိုက်ပုံကြီးဖြစ်အောင် လုပ်နေတယ်။ ဟုတ်တယ်၊ ခင်ဗျားတို့ဟာ အလုပ်လုပ်တဲ့ လူတွေ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ လုပ်တဲ့ အလုပ်က ကောင်းတဲ့အလုပ် မဟုတ်ဘူး။ အမှိုက်တွေ အညစ်အကြေးတွေကို စုပုံပြီး တစ်လောကလုံး တစ်တိုင်းပြည်လုံး ပုပ်စော်နံအောင် လုပ်တဲ့အလုပ်မျိုး၊ ခင်ဗျားတို့မှာ ဘာသိက္ခာများရှိလို့လဲ၊ ဘယ်မှာ ဘုရား တရား ရှိလို့လဲ၊ ဟုတ်တယ်၊ ခင်ဗျားတို့ ဘုရားဟာ ရွှေ၊ ခင်ဗျားတို့ ဘုရားဟာ ပိုက်ဆံ၊ ခင်ဗျားတို့ဟာ ရွှေပုံကြီးနဲ့ ငွေစက္ကူထပ်တွေကို ကိုးကွယ်နေတဲ့ လူတွေ၊ ခင်ဗျားတို့မှာ ဘာအကျင့်သိက္ခာမှ မရှိတော့ဘူး။ ခင်ဗျားတို့ဟာ သူများနှာခေါင်းနဲ့ အသက်ရှူနေကြတဲ့ လူတွေ၊ သူများကို ခေါင်းပုံဖြတ် သွေးစုပ်ပြီး အသက်ရှင်နေတဲ့ လူတွေ၊ ခင်ဗျားတို့ရဲ့ ကြီးကျယ်တဲ့ လုပ်ငန်းကြီးတွေကြောင့် လူတွေမှာ မျက်ရည်ပေါက် ကြီးငယ်ကျခဲ့ရတယ်။ ခု ငိုစရာ မျက်ရည်မကျန်တော့ဘူး၊ မျက်ရည်တွေ ခမ်း

ကုန်ပြီ၊ မျက်ရည် ခမ်းပေမဲ့ ခင်ဗျားတို့ လူတွေကို မသနားဘူး၊ ဆက်ပြီး သွေးစုပ်တယ်။ ဆက်ပြီး ခေါင်းပုံဖြတ်တယ်၊ ခု လူတွေမှာ ငိုစရာ မျက်ရည်မရှိတော့ သွေးတွေနဲ့ ငိုကြရပြီ။ မျက်လုံးက မျက်ရည်ပေါက်တွေ မကျဘဲ သွေးပေါက်ပေါက် စီးကျရတဲ့အထိ ငိုခဲ့ရပြီ။ ဒါတွေကို ခင်ဗျားတို့ သိရဲ့လား ဟင်၊ လူယုတ်မာတွေ၊ ခင်ဗျားတို့ သေရင် အဝီစိနဲ့တောင် မတန်ဘူး။ အဝီစိငရဲက ခင်ဗျားတို့အတွက် သိပ်ကောင်းနေသေးတယ်။ အဝီစိငရဲက မီးတောက်တွေက ခင်ဗျားတို့ထက် သန့်ရှင်းတယ်။ ခင်ဗျားတို့ ကိုယ်ခန္ဓာတွေကို အဝီစိငရဲက မီးတောက်တွေကတောင် လောင်ချင်မှာ မဟုတ်ဘူး။ ဒီလောက် ညစ်ပတ်စုတ်ပွဲတဲ့ ခင်ဗျားတို့ ခန္ဓာကိုယ်တွေကို လောင်ရတဲ့အတွက် အဝီစိငရဲက မီးလျှံတွေကတောင် ငိုလိမ့်မယ် သိလား"

ဖိုးမာက သူ့ကျိန်စာကို ရွတ်ပြီးနောက် ခေါင်းမော့၊ ခါးထောက်၍ ဟက်ဟက်ပက်ပက် ရယ်သည်။ ထိုစဉ် သူ့အနားသို့ လူတစ်စု ဝိုင်းအုံလာကာ အချင်းချင်း မျက်စပစ်၍ အချက်ပြကြသည်။ ဝုန်းခနဲ အသံနှင့် အတူ ဖိုးမာကို ခုန်အုပ်ကြသည်။ ဖိုးမာနှင့် ထိုလူသိုက်တို့ လုံးထွေးရစ်ပတ်နေကြသည်။

"လက်ကို ချုပ်ထား ချုပ်ထား"

"ဟော့ကောင်တွေ ဖယ်ကြ၊ ငါ့ မထိကြနဲ့ ဖယ်"

ဖိုးမာက အော်သည်။ ရုန်းသည်။ မည်းမည်း သဏ္ဍာန်များသည် အထွေးကြီး ဖြစ်နေသည်။

"ရေထဲ ပစ်ချ"

"လက် ကိုင်ထားပါ၊ သိပ်သန်တယ်"

"ဟော့ကောင်တွေ ဖယ်ကြကွ၊ ငါ့မထိနဲ့"

လူတစ်သိုက် ဖိုးမာကို ဒရွတ်ဆွဲ ခေါ်သွားကြသည်။ ဖိုးမာ မရုန်းနိုင်တော့။ စိတ်အားလည်း ကုန်ပြီ။ ကိုယ်အားလည်း ကုန်ပြီ။ အော်လည်း မအော်တော့။ လည်ချောင်းတွေ ခြောက်ကာ အသံတွေ ဝင်နေပြီ။ အဝတ်အစားတွေ စုတ်ပြတ်ကာ မျက်နှာတွေကလည်း ဖူးယောင်နေပြီ။ တစ်ကိုယ်လုံး ပွဲရွဲ့ကုန်ပြီ။

သူတို့က ဖိုးမာ လက်နှင့် ခြေများကို ကြိုးများနှင့် ချည်ထားကြသည်။

ယခု သူတို့အလှည့် ရောက်ပြီ။

ဦးရာဇက သူ့အနီးသို့ ရောက်လာကာ ဖိုးမာ နံရိုးကို နှစ်ချက်သုံးချက် ဆင့်၍ ပိတ်ကန်လိုက်သည်။

"ဘယ်နှယ့်လဲကွ၊ အော်ပါဦးလား ပြောပါဦးလား ဟင်၊ ပရောဟိတ်ကြီး"

ဦးရာဇက လှောင်သည်။ လက်စားချေရသဖြင့် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေသည်။

"ခင်ဗျားတို့ နိုင်တုန်း လုပ်ကြပေါ့၊ လက်တွေ ခြေတွေကို ကြိုးနဲ့ တုပ်လို့ရပေမယ့် လျှာကို ကြိုးနဲ့ တုပ်လို့မရဘူး သိလား"

ဖိုးမာက ပြောသည်။ ပြောမည့်သာ ပြောရသည်။ သူဘာမျှမပြောနိုင်။ မလုပ်နိုင်တော့ပြီ။ ခြေလက်များ အတုပ်ခံထားရ၍ မဟုတ်။ သူ့ရင်ထဲမှာ တစ်စုံတစ်ရာ ချုပ်ငြိမ်းပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်သည်။ သူ့စိတ်ထဲတွင် ဟာလာဟင်းလင်း ဖြစ်ကာ မှောင်ကြီးကျနေသောကြောင့် ဖြစ်သည်။

ဦးဖိုးနီနှင့် ဦးတုတ်ပေါတို့လည်း အနားသို့ ရောက်လာကြ သည်။ ဦးဘိုလေးနှင့် ဦးနေဝတို့လည်း ရောက်လာကြသည်။ ဖိုးမာ၏ အကျိန်ဆဲခံခဲ့ရသူမှန်သမျှ အနီးသို့ ရောက်လာကြသည်။ သူ့မွေးစား အဖေ မာယာခင်က မာလိန်နားသို့ ကပ်၍ ပြောသည်။

သဘော်က စက်ကုန်ဖွင့်၍ မြို့ဘက်သို့ မောင်းနေသည်။ စက်သံ တုန်ခါသဖြင့် စားပွဲပေါ်က ပုလင်းတွေ လဲကျကုန်ကြသည်။ အချို့က ကြမ်းပြင်ပေါ်သို့ ကွဲကျကုန်သည်။

သူ့အနားတွင် လူတွေအုံကာ တစ်ယောက်တစ်ပေါက် ဝိုင်းပေါက်ကြသည်။ ခြေနှင့်ကန်သူက ကန်သည်။ သို့ရာတွင် ဖိုးမာ မနာ။ ထုံနေပြီ။ နာရမှန်း မသိတော့။

မှုန်မှိုင်းသော မျက်လုံးများဖြင့် သူတို့ကို ဖိုးမာ ကြည့်သည်။ သူတို့စကားလုံး၊ သူတို့ ရိုက်ချက် ကန်ချက်များကို ဖိုးမာ သိလည်း မသိ။ အမှုလည်း မထား။ ပြင်းထန် နာကြည်းသည့် ခံစားချက်တစ်မျိုး သည် ရင်ထဲတွင် မီးတောင်ကြီးပေါက်သလို ပေါက်ကွဲလာသည်။ မီး တောင်က ထွက်သည့် ချော်ရည်ချော်မြုပ်တို့သည် သူ့သွေးကြောထဲသို့ စီးဆင်းသွားသည်ဟု ထင်ရသည်။ မည်သည့်ခံစားချက်မျိုးဟု သူ မပြောတတ်။ နားမလည်။

"မင်းလိုကောင်ကို ခြေထောက်နဲ့ကန်ရတာ ခြေထောက်သနတယ်"

ဦးရာဇက ငုံ့ကြည့်၍ ပြောသည်။

"ကျုပ် ဘာလုပ်လို့လဲ၊ အမှန်တွေကို ပြောတာ"

ကုန်သည်ပွဲစားများသည် သူ့အနီးတွင် ဝိုင်းအုံနေသည်။ ခိုင်ခံ့သော အုတ်နံရံ မည်းမည်းကြီးတွေ သူ့ကို ကာထားသည်နှင့်တူသည်။

"မင်း ဘဝဆုံးပြီ၊ မင်းအတွက် နေရာ မရှိတော့ဘူး"

ဦးတုတ်ပေါက ပြောသည်။

"မင်းကို တို့အကြောင်း သိသွားအောင် လုပ်ရမယ်"

"ကျုပ်ကို ကြိုးဖြည်ပေးပါ"

"တစ်သက်လုံး မဖြည်ဘူး မှတ်ထား"

"ကျုပ် မွေးစားအဖေကို ခေါ်ပေး"

မာယာခင်က မခေါ်ရဘဲနှင့် အနားရောက်နေပြီ။ ဖိုးမာ ရှေ့သို့ရောက်လာကာ ကြမ်းပေါ်တွင် ပက်လက်လန်နေသည့် ဖိုးမာကို ငုံ့ကြည့်နေသည်။ သူ့မျက်နှာက ရှစ်ခေါက်ချိုး မျက်နှာ။

"ဘာပြောချင်သလဲ ဖိုးမာ"

"ကြိုးဖြည်ပေးပါ" ဖိုးမာ အသံက ပျော့သွားသည်။

"ဘာလဲ၊ နောက်တစ်ခါ သောင်းကျန်းဦးမလို့လား၊ မဖြည်ပေးနိုင်ဘူး၊ အဲဒီမှာပဲနေ"

"မပြောစေချင်ရင် မပြောဘူး။ ဖြည်ပေးပါ၊ ကြမ်းပြင်ပေါ် လှဲထားတာ ဘယ်ကောင်းမလဲ၊ ကျွန်တော် မမူးဘူး"

"ဒါဖြင့် ကောင်းကောင်းနေ"

ခြေထောက်က ကြိုးကို ဖြည်ပေးကြသည်။ လက်ပြန်ကြိုးကိုမူ မဖြုတ်။ ဖိုးမာက မတ်တပ်ရပ်သည်။ နောက် သူ့ဘေးက လူတွေမျက်နှာကို လိုက်ကြည့်သည်။

"ဒီတစ်ခါတော့ ခင်ဗျားတို့ နိုင်တာပေါ့"

"အမြဲတမ်း နိုင်တယ်ကွ၊ ဒီတစ်ခါတွင် မဟုတ်ဘူးကွ၊ မှတ်ထား"

မာယာခင်က ခပ်တင်းတင်းပြောသည်။ လှောင်၍ ရယ်သည်။

ဖိုးမာက လက်ပြန်ကြိုးအတုပ်ခံထားရလျက်ဖြင့် စားပွဲတစ်လုံးဆီသို့ ဒယီးဒယိုင် လျှောက်လာသည်။ စကားမပြော။ မည်သူ့ကိုမျှ မကြည့်။ ဖိုးမာ၏ ခန္ဓာကိုယ်သည် ကြုံ့ဝင်သွားသည်ဟု ထင်ရသည်။ အရပ်က ပုဝင်သွားသလို ဖြစ်နေသည်။ ဆံပင်များက နဖူးပေါ်သို့ ဖွာကျနေကြသည်။ အင်္ကျီများ စုတ်ပြတ်သတ်နေကာ ကော်လာတစ်ဖက်က

ပါးစပ်ကို ဖုံးနေသည်။ ဖိုးမာက ခေါင်းကို ယမ်း၍ ပါးစပ်က ကော်လာကို ဖယ်ချသည်။

မာယာခင် ရောက်လာသဖြင့် ဖိုးမာကို စောစောကလောက် မပြောကြတော့။ မာယာခင် ဘာလုပ်မည်နည်းဟုသာ စောင့်ကြည့်နေကြသည်။

"အရက်သောက်ချင်တယ် တစ်ခွက်ပေးပါ"

ဖိုးမာက စားပွဲတွင် ဝင်ထိုင်သည်။ သူ့ခေါင်းက ငိုက်စိုက်ကျနေသည်။ ရင်ပတ်ဖြင့် စားပွဲစွန်းကို မှီထားသည်။ အဝတ်စုတ် တစ်ပုံကို ပစ်တင်ထားသည်နှင့် တူသည်။ ပရိသတ်က ဖိုးမာကိုတစ်လှည့်၊ မာယာခင်ကို တစ်လှည့် ကြည့်နေကြသည်။ မာယာခင်က ဖိုးမာကို စိန်းစိန်းကြီး ကြည့်ရင်း အရက်ကို ခပ်ဖြည်းဖြည်း ငှဲ့၍ ဖိုးမာ ပါးစပ်သို့ တေ့ပေး သည်။ ဖိုးမာက စုပ်ယူလိုက်သလို ချက်ချင်းသောက်ပစ်လိုက်သည်။

"နောက်တစ်ခွက်"

"တော်လောက်ပြီ"

အားလုံး တိတ်ဆိတ်နေကြသည်။ တိတ်ဆိတ်ခြင်းသည် ခြောက်ခြားတုန်လှုပ်စေသည်။ အာရုံကြောများကို တင်းလာစေသည်။

"မင်းဘာတွေလုပ်ခဲ့သလဲဆိုတာ မင်းဖာသာ သိတယ် မဟုတ်လား"

မာယာခင်က တရားခံမေးသလို မေးသည်။

"သိတယ်"

"မင်းလုပ်ခဲ့တာတွေကို ခွင့်လွှတ်လိမ့်မယ်လို့ မထင်နဲ့၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"ကျွန်တော် မေ့သွားတယ်။ ခင်ဗျားအကြောင်းကို တစ်လုံးမှ မပြောရသေးဘူး"

ဖိုးမာက ခေါင်းထောင်၍ ပြောသည်။

"ကြည့်စမ်း၊ ဒါတောင် မလျှော့သေးဘူး"

ဆဲသံများ ထွက်လာသည်။

"ဒါပေမဲ့ ပြောလည်း အပိုပါပဲ၊ ခင်ဗျားတို့ အကြောင်းတွေ ဖွင့်ချနေလို့လည်း မထူးပါဘူး။ ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

"မင်း ဘာဖြစ်စေချင်သေးလို့လဲ"

မာယာခင်က ခပ်တင်းတင်းမေးသည်။

"ဘာဖြစ်စေချင်ရမလဲ၊ ကျုပ်က အမှန်တရား"

"ဟော့ ... အရက်မူး၊ တော်တော့"

"ကျုပ်မမူးဘူး၊ ခုမှ နှစ်ခွက်ပဲ သောက်သေးတယ်။ ကျုပ် ဘာမှ မဖြစ်ဘူး"

"ဦးမာခင်၊ ခင်ဗျားပြောတာ မှန်တယ်။ ဒီကောင် မမူးဘူး၊ ရူးနေတာ"

"ဘာ ကျုပ်ရူးတယ် ဟုတ်လား"

ဖိုးမာက အလန့်တကြားမေးသည်။ သူတို့က ဖိုးမာကို ဂရု မစိုက်။ မာယာခင်နှင့် တတွတ်တွတ် ပြောနေကြသည်။

"ကျုပ်မရူးဘူး၊ ကျုပ်သိတယ်။ ကျုပ်က အမှန်တွေကို ပြောနေတာ၊ အမှန်တွေကို လုပ်နေတာ၊ ခင်ဗျားတို့ မဟုတ်မတရား လုပ်တာတွေကို ဖွင့်ပြောနေတာ"

ဖိုးမာ ဒေါပွလာပြန်သည်။ ထို့ကြောင့် လက်ပြန်ကြိုး တုပ်ထားသည့် လက်ကို ရုန်းသည်။

"ချုပ်ထားကြ၊ ချုပ်ထားကြ"

"ဩ ... ကျုပ်ကို ချုပ်ထားမယ် ဟုတ်လား"

"ဟော့ကောင် ငြိမ်ငြိမ်ထိုင်"

မာယာခင်က အသံဆိုးကြီးဖြင့် ငေါက်သည်။

ဖိုးမာ ဘာမျှမပြော။ သူလုပ်သင့်သည်ကို လုပ်ခဲ့ပြီးပြီ။ လုပ်ချင်သည်ကို လုပ်ခဲ့ပြီးပြီ။ သူလုပ်ခဲ့သမျှသည် အရာမထင် ဖြစ်ခဲ့ရပြီ။ သူ့စကားများသည် ဤ ကုန်သည်ပွဲစားများကို ဘာမျှ တုန်လှုပ်အောင် မတတ်နိုင်။ သူ့ဘေးတွင် ဝိုင်းအုံနေသည်မှာ ကုန်သည်ပွဲစားအုပ်ကြီး ဖြစ်သော်လည်း လူတွေဟု သူမထင်။ တောင့်တင်းခိုင်ခံ့သည့် အုတ်တံတိုင်းကြီးဟု ထင်နေသည်။ သူတို့က ဖိုးမာကို အရူးတစ်ယောက်ကို ကြည့်သလို ဝိုင်းကြည့်ကြသည်။ ဤကောက်ကျစ်စဉ်းလဲသော လူတံတိုင်းကြီး ကြားတွင် ဖိုးမာ ညပ်နေသည်။ သူ့ကိုယ်သူ ဘာမှန်း ဖိုးမာ မသိ။ ဘာတွေလုပ်ခဲ့၍ ဘာကြောင့် လုပ်ခဲ့သည်ကို သူ မစဉ်းစားတတ်။ သူလုပ်သမျှတွေ အရာမထင်သည့်အတွက် ဖိုးမာ သူ့ကိုယ်သူ ဒေါပွ သည်။ ရှက်သည်။ မီးစထိုးထားသလို လည်ချောင်းထဲက ပူသည်။ မြေ ကြီးတွေ ဖို့ထားသလို သူ့နှလုံးက အားလျော့စွာ ခုန်နေသည်။

"ကျုပ် အမှန်တရားကို ပြောချင်တယ်"

"ဘာအမှန်တရားလဲ၊ အရူး၊ အရူးက ဘာအမှန်တရား ပြောမှာလဲ၊ ဘာနားလည်လို့လဲ"

"ကျုပ် ရင်ပွင့်ထွက်တော့မယ်၊ မတော်မတရားတွေချည်း မြင်ရလွန်း ခံစားရလွန်းလို့ ကျုပ်ရင်ထဲ ကျပ်နေပြီ"

"သေချာပါတယ်၊ ဒီကောင် ရူးနေပြီ၊ စကားတွေကလည်း မမှန်ဘူး၊ မျက်လုံးကလည်း တစ်မျိုးပဲ"

တစ်ယောက်က ထင်မြင်ချက်ပေးသည်။

"အမှန်တရားဆိုတာ မင်းလိုကောင်နဲ့ ဘာမှမဆိုင်ဘူး။ မင်းက ဘာသိလို့ခံစားရတာလဲ၊ ခံစားတတ်တိုင်း သိရောလား၊ နွားလည်း အမြီးလိမ်ချိုးရင် နာတာပဲ။ ခံစားတတ်တာပဲ၊ ဒါပေမဲ့ မသိဘူးကွ၊ နားမလည်ဘူးကွ၊ မစဉ်းစားတတ်ဘူးကွ"

မာယာခင်က ဖိုးမာကို ရှင်းပြမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် ဆက်မပြောတော့။ လောကတွင် အောင်နိုင်သူ စစ်သူကြီးက စစ်ရှုံးသူအား စစ်သေနင်္ဂဗျူဟာကို ရှင်းပြရိုး ထုံးစံမရှိ။ ဤသည်ကို မာယာခင် သဘောပေါက်သွားပုံ ရသည်။ ထို့ကြောင့် ဆက်မပြောတော့။

"သွားကြ၊ ကျုပ် အနား တစ်ယောက်မှ မနေကြနဲ့၊ ခု ခင်ဗျားတို့ အနိုင်ရပြီ မဟုတ်လား၊ နိုင်ရင် တော်ရော့ပေါ့"

ဖိုးမာက အော်ထုတ်သည်။ ဖိုးမာ ပါးစပ် ဟသည်ကို မြင်သဖြင့် အားလုံး လန့်သွားကြကာ လှုပ်ရှားသွားသည်။

"ခင်ဗျားတို့ မတော်မတရား လုပ်တာတွေ မြင်တော့ ကျုပ်သွေးတွေ ဆူလာတယ် ခု ဆူလို့ လျှံကျသွားပြီ၊ တော်ပြီ၊ ပြီးပြီ။ ကျုပ်မှာ အားမရှိတော့ဘူး၊ သွေးတွေ လျှံကျသွားပြီ"

ဖိုးမာက အိပ်မက်ထဲတွင် စကားပြောသလို ကယောင်ကတမ်း ပြောသည်။ မာယာခင်က ရယ်သည်။

"ဒီမှာ ဟေ့ကောင်၊ တောင်ကြီးကို ဖြိုချင်ရင် လျှာလေးနဲ့ လျှက်ဖြိုလို့ မရဘူးကွ၊ ကြမ်းပိုးတစ်ကောင်ရဲ့ ဒေါသမျိုးနဲ့ ဝက်ဝံကို ကိုက်ချင်လို့ ဘယ်ရမလဲ၊ ဟင်း … မင်းအဖေ စောစော သေသွားတာ သိပ်ကံကောင်းတယ်"

မာယာခင်က စကားလုံးပြောင်သည်။ ဖိုးမာကို ဆွပေးသလို ဖြစ်နေသည်။

"ဟုတ်တယ်၊ စောစောသေသွားတာ ကောင်းတယ်၊ ခင်ဗျားတို့ မတရားလုပ်တာတွေ၊ ကလိန်ကျတာတွေကို မြင်မသွားရဘူး။ ခင်ဗျားတို့ လူတွေကို အရှင်လတ်လတ် မြေမြှုပ်သတ်နေတာကို မြင်မသွားရဘူး။ သိပ်ကံကောင်းတယ်၊ ကျုပ်ပြောတဲ့အသံဟာ ကျယ်ချင်မှကျယ်မယ်။

တိုးချင်တိုးမယ်၊ ဒါပေမဲ့ ကျုပ် အမှန်တရားကို ပြောတယ်။ ရှုံးတာ ကျုပ် မဟုတ်ဘူး၊ ခင်ဗျားတို့၊ ခင်ဗျားတို့”

ဖိုးမာက လက်ကို ရုန်းထွက်သည်။

“ဖြည်ပေးပါဗျ”

ဖိုးမာက ကြောက်စရာအသံကြီးနှင့် အော်သည်။

ကုန်သည်ပွဲစားတွေက သူ့အနားသို့ ဝိုင်းလာကြပြန်သည်။ မျက်နှာထားတွေက တင်းသည်။ သတ်တော့မည့်ပုံမျိုး ဖြစ်သည်။

“ဟေ့ကောင်၊ သိပ်မအော်နဲ့ကွ၊ ကမ်းကပ်တော့မယ်။ အားလုံး အရှက်ကွဲကုန်လိမ့်မယ်။ ဘာလဲ၊ သင်္ဘောကနေ တန်းပြီး အရူးထောင်ကို သွားချင်သလား”

“ဩ ... ခင်ဗျားတို့က ကျုပ်ကို အရူးထောင် ပို့ကြမလို့ ဟုတ်လား”

မည်သူကမျှ မဖြေ။ သူတို့မျက်နှာတွေကို ဖိုးမာ လိုက်ကြည့်သည်။ နောက် ခေါင်းငိုက်စိုက် ကျသွားသည်။

“ကောင်းကောင်းနေရင် ဖြည်ပေးမယ်”

“မဖြည်ပါနဲ့၊ မလိုပါဘူး”

ဖိုးမာက ခေါင်းငိုက်စိုက်ချ၍ စဉ်းစားနေသည်။ အတန်ကြာ တော့ ခေါင်းထောင်လာသည်။ ကိုယ်မတ်လာသည်။ ငန်းဖမ်းနေသူလို တစ်ယောက်တည်း စကားတွေ ပြောသည်။ မည်သူ့ကိုမျှ မကြည့်။

“ဟုတ်တယ်။ ကျုပ်ရှုံးပြီ၊ ခင်ဗျားတို့နိုင်ပြီ၊ ဒါပေမဲ့ ခင်ဗျားတို့ တော်လို့၊ အားကောင်းလွန်းလို့ နိုင်တာ မဟုတ်ဘူး။ ကျုပ်ညံ့လွန်းလို့၊ ကျုပ်အားနည်းလို့ ခင်ဗျားတို့နိုင်တာ၊ ဒါပေမဲ့ အမှန်တရားက ကျုပ်ဘက်မှာ ရှိတယ်။ တရားက ခင်ဗျားတို့ကို ဒီအတိုင်းကြည့်မနေဘူး။ တစ်နေ့မှာ ခင်ဗျားတို့ကို တရားက ဒဏ်ခတ်လိမ့်မယ်။ ခု လောလောဆယ်မှာတော့ ကျုပ် ရှုံးတယ်။ ဘာကြောင့် ရှုံးသလဲ၊ ကျုပ်မျက်စိတွေ ကန်းနေလို့ ရှုံးတယ်။ ကျုပ်မြင်ရတာတွေက များလွန်းတော့ ကျုပ်မျက်စိကန်းသွားတယ်။ ဇီးကွက်လို မျက်စိမမြင်ရတော့ဘူး။ ကျုပ်ငယ်ငယ်တုန်းက ရိုးထဲမှာ လိုက်ဖမ်းတဲ့ ဇီးကွက်လိုဖြစ်သွားပြီ။ ဇီးကွက်ဟာ စွတ်ပျံပြီး ဟိုတိုး ဒီတိုး လျှောက်တိုးတယ်။ နေရောင်ကြောင့် ဘာမှ မမြင်ရတော့ဘူး၊ အတော်တွေ စုတ်၊ ခြေထောက်တွေ ကျိုး၊ သွေးတွေ ထွက်ပြီး နောက်ဆုံး ဇီးကွက်ဟာ သစ်ခေါင်းထဲမှာ ပုန်းနေရတယ်။ အဖေကတော့ လူတွေဟာ လဲ ဇီးကွက်လိုပဲတဲ့၊ လူဟာ ဆောက်တည်ရာမရ ပြေးလွှားနေပြီး ဟို

တိုကဒီတိုက် အကုန်လျှောက်တိုက်တယ်တဲ့၊ နောက်ဆုံး ဒဏ်ရာတွေရပြီး ကြံ့ရာ အခေါင်းကလေး တစ်ခေါင်းထဲမှာ ဝင်နားနေတယ်တဲ့၊ ဟုတ် တယ်၊ ကျုပ် ရှုံးတယ်။ ခင်ဗျားတို့ အလင်းရောင်တွေက စူးလွန်းတော့ ကျုပ်မျက်စိတွေ ကျိန်းသွားပြီ၊ ဘာမှ မမြင်ရတော့ဘူး၊ အကုန်လျှောက် တိုက်ပြီး ဒဏ်ရာရလာခဲ့တယ်၊ ကျုပ် ရှုံးတယ်၊ ဟေ့ လူတွေ ကျုပ်လက် ကို ဖြည်ပေး၊ ကျုပ် ရှုံးတယ်၊ ကျုပ် ရှုံးတယ်"

ဖိုးမာက တတွတ်တွတ်ပြောသည်။ မျက်လုံးများကို မှိတ်ထား သည်။ မျက်နှာက ဖြူရော်၍ ကိုယ်က တဆတ်ဆတ်တုန်နေသည်။ စုတ် ပြတ်နေသော အဝတ်အစားများဖြင့် ခန္ဓာကိုယ်ကို ရှေ့တိုးနောက်ငင် လှုပ် နေသည်။ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေသည်။ တကယ့် အရူး ကြီးနှင့် တူနေသည်။

ကုန်သည်များက အချင်းချင်း လှမ်းကြည့်ကြသည်။ တချို့က မေးငေါ့ပြကြသည်။ မာယာခင့် မျက်နှာက သပိတ်လိုမည်းနေသည်။

"ဖြည်ပေးလိုက်ရင် ဘယ်နှယ့်နေမလဲ"

ဦးဘိုလေးက ခပ်တိုးတိုးမေးသည်။

"သွားမလုပ်နဲ့၊ သောင်းကျန်းနေလိမ့်ဦးမယ်၊ ကမ်းကပ်ရင် အချုပ်ကားတစ်စီး အခေါ်လွှတ်၊ ပြီးတော့ အရူးထောင်ပို့"

မာယာခင်က မာလိန်အခန်းသို့ လျှောက်သွားသည်။ ဖိုးမာ ရေထဲ ခုန်ချမည်စိုးသဖြင့် စောင့်ကြည့်နေရန် မှာပစ်ခဲ့သည်။

"ဒီလိုဆိုတော့လဲ စိတ်မကောင်းစရာကြီး"

ဦးဘိုလေးက ပြောသည်။

"ဘယ်သူမပြု မိမိမှုတဲ့လေ၊ သူ့ထိုက်နဲ့သူ့ကံ ခံပေါ့"

ဦးရာဇက ဒေါသမပြေသေး။

"ကောင်လေး ပစ္စည်းတွေကိုတော့ ဦးမာခင်ကပဲ အုပ်ထိန်းသူ အဖြစ် ထိန်းထားရမှာပေါ့"

ဖိုးမာက သူတို့စကားကို မကြား၊ မှုန်ကုပ်ကုပ်ဖြင့် မြစ်ပြင်ကြီး ကို ငေးကြည့်နေသည်။

"ဦးမာခင့်သားလည်း ပြန်ရောက်နေပြီဆို" ဦးဘိုလေးက မေး သည်။

"ဟုတ်တယ်၊ ရောက်နေပြီတဲ့၊ ကျုပ် ပန်းမြို့ကို ရောက်တုန်းက တောင် တွေ့ခဲ့သေးတယ်"

"တာရာကကော တော်ရဲ့လား"

"တော်ပါတယ်၊ ဟိုမှာ ကျောက်မိုင်းတွေရော၊ ရွှေကျင်စခန်းတွေရော သူပဲ ဦးစီးလုပ်နေတာပဲ၊ သူ့ယောက္ခမဟာတွေလေ"

"ဒါဖြင့် ဦးမာခင်အဖို့ ဖိုးမာရှိဖို့ မလိုတော့ဘူးပေါ့၊ သားလည်းပြန်ရောက်ပြီ၊ သမက်လဲ ရပြီ။ အလို ဟိုကောင် ငိုနေတယ် ထင်တယ်ဗျို့၊ ကြည့်စမ်း"

ဖိုးမာက ကုလားထိုင်နောက်ကျောကို မှီထားသည်။ သူ့ခေါင်းက တစ်ဘက်သို့ စောင်းနေသည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ ထို့နောက်နှုတ်ခမ်းမွေးပေါ်မှ တစ်ဆင့် ရင်ပတ်ပေါ်သို့ ကျသွားကြသည်။ တုတ်တုတ်မျှမလှုပ်။ ရင်ညွန့်ကသာ ဖုတ်လှိုက်ဖုတ်လှိုက် လှုပ်နေသည်။ တစ်ကိုယ်လုံးတွင် လှုပ်သည့်နေရာဆို၍ ဤတစ်နေရာကလေးသာ ရှိသည်။

ကုန်သည်များက ဖိုးမာကို ကြည့်ကာ တဖြည်းဖြည်း ရှဲသွားကြသည်။ ဖိုးမာတစ်ယောက်တည်း လက်ပြန်ကြိုးတုပ်လျက် ကျန်ရစ်ခဲ့ သည်။ သူ့ရှေ့က စားပွဲပေါ်တွင် စားကြွင်း စားကျန်တွေ၊ ပန်းကန်ပြား တွေ ပြန့်ကျဲနေသည်။ ပုလင်းတွေက ဖရိုဖရဲ၊ တချို့က လဲလျက်၊ တချို့ က ကွဲလျက်၊ ပန်းကန်ပြားတွေကလည်း ဖရိုဖရဲ၊ ကွဲလျက်၊ ကျွမ်းထိုးမှောက်ခုန်ဖြစ်လျက်။

တစ်ချီတစ်ချီတွင် ယောင်အမ်း မို့မောက်နေသော မျက်ခွံကြီးများကို ဖိုးမာ ဖွင့်ကြည့်သည်။ သူ့မျက်လုံးက မျက်ရည်တွေကြောင့် မှုန်ဝါးနေသည်။

သူ့ရှေ့စားပွဲပေါ်တွင် အကောင်း ဘာမျှမရှိတော့။ အကွဲအစ၊ အပျက်အစီး၊ အကျိုးအပဲ့၊ အစုတ်အပြတ်။

*

သုံးနှစ်ကြာသွားသည်။

ဦးနော၏ သဘော်လမ်း ဖွင့်ပြီးနောက် ၂ နှစ်အကြာတွင် မာယာခင်ဆုံးသည်။ သေခါနီးအထိ မာယာခင်၏ ဦးနှောက်က ကြည်လင်သည်။ စိတ်က ငြိမ်သည်။

"သားရော သမီးရော သမက်ရော လာကြဦး၊ အဖေ ပြောမယ်၊ လောကကြီးမှာ လူဖြစ်လာရင် ကြီးပွားချမ်းသာအောင် လုပ်တတ်ရမယ်။ စည်းစိမ်ခံတတ်ရမယ်။ ချမ်းသာအောင်သာ လုပ်တတ်ပြီး စည်းစိမ်မခံတတ်ရင် အဓိပ္ပာယ်မရှိဘူး။ စည်းစိမ်သာခံချင်ပြီး ချမ်းသာအောင် မလုပ်တတ်ရင်လည်း အလကားပဲ၊ အဖေကတော့ ချမ်းသာအောင်လည်း လုပ်ခဲ့

ပြီးပြီ၊ စည်းစိမ်လည်း ခံစားပြီးပြီ၊ လူ့ဘဝဆိုတဲ့ သစ်သီးခြံကြီးထဲမှာ အဖေ သစ်သီးတွေကို အားရပါးရ စားခဲ့ပြီးပြီ။ ခု အဖေ ဒီခြံကြီးက ထွက်ရတော့မယ်၊ အဖေ မနေရတော့ဘူး၊ ဒါပေမဲ့ အဖေ သတိကောင်းပါတယ်။ လောကကြီးမှာ အဖေ တရားသဖြင့်လည်း လုပ်ခဲ့ဖူးတယ်။ မတော်မတရားလည်း လုပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ တရားတာတွေ လုပ်ခဲ့တဲ့အတွက် ဘုရား က အဖေကို မ, လိမ့်မယ်။ မတရားတာတွေ လုပ်ခဲ့တဲ့အတွက် ခွင့်လွှတ်လိမ့်မယ်။ ဒီဘဝကြီးမှာ အဖေ ချမ်းချမ်းသာသာ နေခဲ့ရတဲ့အတွက် ဘုရားတရားကျေးဇူးကို ကန်တော့တယ်။ ကဲ ... အဖေသွားရတော့မယ်၊ ချစ်ချင်ခင်ခင်နေကြ၊ ကြင်ကြင်နာနာ ရှိကြ၊ သိပ် မစဉ်းစားကြနဲ့၊ အတွေး မခေါင်ကြနဲ့၊ ကိုယ့်အပြစ်၊ ကိုယ့်ဒုစရိုက်ကို မရှက်ကြနဲ့၊ မဖုံးကွယ်ကြနဲ့၊ လောကမှာ မမှားတဲ့လူ၊ ဒုစရိုက်မရှိတဲ့လူရယ်လို့ ဘယ်သူမှ မရှိဘူး။ လောကမှာ အောင်မြင်ကြီးပွားချင်ရင် ဒုစရိုက်လုပ်ရမှာကို မကြောက်နဲ့၊ လုပ်ရင် ဘုရားက ခွင့်လွှတ်လိမ့်မယ်။ လူဆိုတာ မှားမှာပဲ၊ ဒါကို ဘုရားကိုယ်တော်မြတ်ကြီး သိတယ်၊ ကဲ ... အဖေ အဖေ"

မာယာခင် အသက်ထွက်ခါနီး ဇောကပ်ချိန်မှာသိပ်မကြာ။ သို့ရာတွင် သူဇောကပ်ပုံက ကြောက်စရာကောင်းသည်။ ခံရချက်ပြင်းသည်။

ဦးနော၏ သင်္ဘောပေါ်တွင် ထိုကိစ္စဖြစ်ပြီးနောက် ယာဇော့ လည်း တစ်ကျွန်းသို့ အပို့ခံရသည်။

မာယာခင်၏ ကုန်တိုက်နေရာတွင် 'တာရာနှင့် စမိုလင်' ဟူ သော ကုန်တိုက်ကြီးတစ်တိုက် ပေါ်လာသည်။

ထိုသုံးနှစ်လုံးလုံး ဖိုးမာတစ်ယောက် မြုပ်ချက်သား ကောင်းနေသည်။ အရှုးထောင်က ထွက်လာပြီးနောက်တွင် မာယာခင်က ဖိုးမာကို သူ့အမေ ဆွေမျိုးများရှိရာ တောင်တန်းဒေသသို့ ပို့လိုက်သည်ဟု တချို့က ပြောကြသည်။

သို့ရာတွင် သုံးနှစ်ကျော်တော့ ဖိုးမာပြန်ပေါ်လာပြီ။ ဆံပင်ဘုတ်သိုက်၊ အဝတ်အစား အစုတ်စုတ်အပြတ်ပြတ်။ တွေ့လျှင် အမြဲတမ်းလိုလို မူးနေသည်။ ယခုမှ တကယ့်အရူးကြီးနှင့် တူနေသည်။ တစ်မြို့လုံးအနှံ့ လျှောက်သွားသည်။ မျက်မှောင်ကြီးကုတ်၍ ခေါင်းက ငိုက်စိုက်ဖြစ်နေသည်။ သူ့ကို လူတွေက လက်ဖြင့် ထိမှာ စိုးရိမ်သည့်ပုံမျိုး ဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း သူ့ဖာသာ ပြုံးနေတတ်သည်။ လောကကြီးကို ကြောက်နေသူတစ်ယောက်၏ မဝံ့မရဲအပြုံးမျိုး၊ သနားစရာ့အပြုံး

www.burmeseclassic.com



မျိုး ဖြစ်သည်။ စိတ်ထသည့်အခါနှင့် ကြုံလျှင် ကြမ်းတတ်သည်။ သို့ရာတွင် ဖြစ်ခဲ့သည်။ လျူဘာက သနားသဖြင့် သူ့ကို သူတို့ခြံထဲက တဲစုတ်ကလေးတစ်လုံးတွင် နေခွင့်ပြုထားသည်။

ဖိုးမာကို မှတ်မိသည့် မြို့သူမြို့သားများ၊ ကုန်သည်ပွဲစားများက ဖိုးမာကို စ,ကြသည်။ ပြောင်ကြသည်။ လမ်းတွင် ဖိုးမာကိုတွေ့လျှင် "ဟေ့ ဖိုးမာ၊ ပုရောဟိတ်ကြီးလားကွ၊ ဘယ်သွားမလို့လဲ၊ လာပါဦး" ဟု ခေါ်ကြသည်။ အော်ကြသည်။

"ဗျို့ ပုရောဟိတ်ကြီး ဦးဖိုးမာ၊ ဂိဇ္ဈကုဋ်တောင်ကို မကြွခင် တရားဦးကလေး မဟောတော့ဘူးလား" ဟု ပြောင်ကြသည်။ လှောင်ကြသည်။

ဖိုးမာက လူတွေကို ရှောင်သည်။ သူတို့ခေါ်တိုင်း မသွား။ သူတို့မေးတိုင်း မပြော။ သည်လူတွေ ကြားထဲ၌ အမှန်တွေ ပြောနေလျှင်ကော ဘာအကျိုးထူးဦးမည်နည်း။

ထို့ကြောင့် ဖိုးမာ ဘာမျှမဖြေ။ မျက်မှောင်ကြီး ကုတ်၊ ခေါင်းကို ငုံ့၍၊ သူ့လမ်းကို သူ ဆက်လျှောက်သည်။ သူတို့နှင့် ဝေးရာသို့ ဆက်သွားသည်။ ဝေးသောနေရာ၊ ပို၍ဝေးသော နေရာ၊ ထို့ထက် ပို၍ဝေး သောနေရာ။

**မြသန်းတင့်**